
www.burmeseclassic.com

the house

WORKED FOR ME : In Life and Leadership

COLLIN POWELL WITH TONY KOLTZ



BURMESE CLASSIC .com

အမျိုးသားလုံခြုံရေး

အကြံပေးအရာရှိ

ပူးတွဲ စစ်ဦးစီးအပွဲ. ဥက္ကဋ္ဌ

အမေရိကန်နိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဟောင်း


ခေါင်းဆောင်မှုနှင့် ဘဝခရီး

ကိုးလင်းပါဝဲလ်

လှမင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

the bookhouse
၉၂ avenue ၁၀-ဇ၊
မဂ္ဂင်းသစ်မဲ ၁၄ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးမောင်မောင်မြင့်ဆွေး
(ဃာသီ ဂြဂ၄၉)
ကျွန်းကုပ္ပဒီပိုက်ဝ်၊
အမှတ် ၃၅၊ ၁၅၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၃၊ ဧပြီလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
ကန့်နှိုး - ၃၀၀၀ ကျပ်
ဖြန့်ဖိုရေး
the bookhouse
ဖုန်း ၅၅၀ ၈၇၂၇
ဖက္စ် ၅၅၀ ၈၇၅၅



the bookhouse
we bring you [illegible]
serial - 0087 (07-011)

လူမင်းသစ်
ကိုးလင်းပါဝဲလ် / လူမင်းသစ် ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၃
၂၆၄ စာ၊ ၁၅.၇၈ စင်တီ × ၁၇.၇၈ စင်တီ
(၁) ကိုးလင်းပါဝဲလ်

www.burmeseclassic.com

www.burmeseclassic.com

စုစည်းမှု

၁ စာအုပ်နှင့်မိတ်ဆက်
၂ စာရေးဆရာ၏ ကိုယ်ရေးအကျဉ်း
၄ စာဖတ်သူ၏မှတ်ချက်

အပိုင်း-၁ စည်းတမ်းချက်များ

၇ အခန်း-၁ ကျွန်ုပ်၏ညည်းကမ်းချက် (၁၃)ချက်

အပိုင်း-၂ သင်ကိုယ်ကို သင်သိပါ။ သင်ဖြစ်နေသလိုပင်နေပါ။

၃၂ အခန်း-၂ အတတ်နိုင်ဆုံး ကောင်းအောင်အမြဲလုပ်ပါ။
တစ်စုံတစ်ယောက်က သင့်ကို ဘော့်ကြည့်နေပါသည်
၃၈ အခန်း-၃ လမ်းတွင် ဆုံကံရသူးသူ
၄၈ အခန်း-၄ အလုပ်ရပ်သည်ဆိုသည့်သူများ
၄၅ အခန်း-၅ ကြင်နာမှုဖြင့် အလုပ်ပြစ်ပါသည်
၄၈ အခန်း-၆ ကျွန်ုပ်တက်သင်ခဲ့ပါဖြင့်
၅၁ အခန်း-၇ စစ်မှုပြင်ပ်၏ မည်သည့်နေရာတွင် ပြစ်ပါသလဲ
၅၇ အခန်း-၈ ကော်လိုးများနှင့် ပီရမစ် (သို့)ကယ်ဒ်ထူဒွန်
၆၂ အခန်း-၉ ပြန်ပိုင်သည့်အလုပ်အကောင်၊ ဆောင်ရွက်ချက်ပယ်ဖျက်သေးပါ

အပိုင်း-၃ တပ်ဖွဲ့ဝင်များကို ကျွန်ုပ်က်ပါ

၆၇ အခန်း-၁၀ သင်၏ပြည်သူများကို ယုံစားပါ
၇၂ အခန်း-၁၁ အပြန်အလှန်ပေးစားမှုခြင်း
၇၈ အခန်း-၁၂ ကျွန်ုပ်တို့သည် ဂိုကိုက်သတ္တုပါများဖြစ်ကြသည်
၈၆ အခန်း-၁၃ အကောအမှုင်းအရွေ့များ ထားခဲ့ပြီး ထွက်မသွားပါနှင့်
၈၈ အခန်း-၁၄ စစ်မြေပြင်မှမရှိသည့် လူများက မှန်သည်၊
သန်းပေါင်းများသည် မှားပါသည်
၉၁ အခန်း-၁၅ အရှိုးအစားအားလုံးရပါသည်

အပိုင်း-၄ ဒစ်ဂျစ်တယ်ကမ္ဘာသို့ မြန်ဆန်သော အရှိန်ကာလများ

၁၀၀ အခန်း-၁၆ ဦးနှောက်အထည်- Brainware
၁၀၈ အခန်း-၁၇ သင်သိတာကို ကျွန်ုပ်ထားမပြောပြပါ
၁၁၆ အခန်း-၁၈ ကျွန်ုပ်ကို စောင့်ပြောပြပါ
၁၁၉ အခန်း-၁၉ သတင်းဦး (First report) ကို သတိထားပါ
၁၂၄ အခန်း-၂၀ ပရိသတ် ဂုဏ်ပြု

အပိုင်း-၅ ၁၅၀ ရာနှုန်း ရရှိစေရန်

၁၃၂ အခန်း-၂၁ လက်ထောက်များအား ကျွန်ုတော်ပြောသည့် အကြောင်းအရာများ
၁၄၆ အခန်း-၂၂ အသင်းတစ်သင်း၊ တိုက်ပွဲတစ်ပွဲတည်း
၁၄၉ အခန်း-၂၃ အနိုင်ရဖို့ ယုံဉာဏ်ပြင်ပါ
၁၅၃ အခန်း-၂၄ အဆောင်အယောင် လက်ခွဲတုတ်များ
၁၅၅ အခန်း-၂၅ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ သူတို့က ဒီဘာကြောင့်လိမ့်မည်
၁၅၈ အခန်း-၂၆ စာရင်းပါပစ္စည်းများကို ရက် ၃၀နောက်ပိုင်းကျွင် သင်ပိုင်သည်၊ သင်နှင့်သာဆိုင်သည်
၁၆၀ အခန်း-၂၇ နံရံပေါ်က ကြည့်မှန်
၁၆၇ အခန်း-၂၈ ရှုခ်ကလေးများ
၁၇၄ အခန်း-၂၉ အစည်းအဝေးများ
၁၈၀ အခန်း-၃၀ မရှိမဖြစ်သောပုဂ္ဂိုလ်
၁၈၄ အခန်း-၃၁ ရုတ်ရုတ်ပေါ်မှ ဆင်းရဲမည့်အချိန်
၁၈၈ အခန်း-၃၂ ထွက်ခွာခြင်း

အပိုင်း-၆ ပြန်ပြောင်းသုံးသပ်ချက်များ

၁၉၂ အခန်း-၃၃ Powell ၏ သဘောတရား (အယူဝါဒ)
၂၀၁ အခန်း-၃၄ မြေအိုးရုံစည်းမျဉ်း (Pottery Barn Rule)
၂၀၇ အခန်း-၃၅ ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက် ကုလသမဂ္ဂ
၂၁၄ အခန်း-၃၆ Parsley ကျွန်း
၂၁၉ အခန်း-၃၇ ပီစာနှင့်ခွားနို့
၂၂၄ အခန်း-၃၈ ခိုင်ဆိုသူ ဝမ်းကွဲအစ်ကို
၂၂၈ အခန်း-၃၉ စကားပြောခြင်းသည် ကျွန်ုပ်၏အလုပ်ဖြစ်သည်
၂၃၆ အခန်း-၄၀ လမ်းပေါ်မှာ
၂၄၀ အခန်း-၄၁ အမှတ်တရလက်ဆောင်
၂၄၅ အခန်း-၄၂ အကောင်းဆုံးနှင့်အဆိုးဆုံး
၂၅၀ အခန်း-၄၃ ဖွတ်ခေါ်
၂၅၃ အခန်း-၄၄ အကောင်းခြင်းသည်းပုသောလမ်းတွင်
၂၆၁ ကျမ်းဆုံးစကား လူတွေအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်နှင့်မိတ်ဆက်

"ကျွန်ုပ်အတွက် အလုပ်ဖြစ်ပါတယ်"အမည်ရှိ စာအုပ်တွင် ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးနှင့် ယခင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကိုးလင်းပါဝဲလ်၏ အကျော်ဇောဖြစ်သော ပြည်သူ့ဝန်ထမ်းဘဝကို ပုံသွင်းခဲ့သည့် အတွေ့အကြုံများနှင့် သင်ခန်းစာများဖြင့် ပြည့်လျှမ်းနေပါသည်။ ၄င်းစာအုပ်၏ ဗဟိုချက်ကျသည့် အကြောင်းအရာမှာ ပါဝဲလ်၏ "စည်းကမ်းချက်(၁၃)ချက်"ပင်ဖြစ်သည်။ ၄င်းစည်းကမ်းချက်များမှာ ဘဝတစ်လျှောက်တွင် စုဆောင်းရရှိလာခဲ့သည့် သင်ခန်းစာများဖြစ်ပြီး ၄င်းက ကမ္ဘာအနှံ့တင်ပြခဲ့သည့် ခေါင်းဆောင်မှုအကြောင်း၏ အခြေခံအချက်များပင် ဖြစ်ပါသည်။

ပါဝဲလ်၏ တိုတောင်းသော်လည်း ချိုမြိန်လှသည့်စည်းကမ်းချက်များတွင် ပါဝင်သော "စိတ်ဆိုးပါ၊ ထို့နောက် ပြီးပျောက်ပါစေ"၊ "အောင်မြင်၍ ဂုဏ်ယူစရာဖြစ်လာလျှင် မျှဝေခံစားပါ"ဟူသည့် အကြောင်းအရာများကို ကိုယ်တွေ့ဇာတ်လမ်းများဖြင့် ဖော်ပြထားပြီး ထိရောက်သည့် ခေါင်းဆောင်မှုအကြောင်းနှင့် ဆက်စပ်၍ ဖော်ပြထားပါသည်။

၄င်းအပိုင်းတွင် ယုံကြည်ချက်၊ အလုပ်ကြိုးစားမှု၊ အခြားသူများအား လေးစားမှုဟူသည့် အခြေခံမူများကို ဆက်စပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ပါဝဲလ်က ရေးသားရာတွင် အလုပ်နှင့်ဘဝတို့၏ အကြောင်းရပ်များမှာ "ကျွန်ုပ်တို့က အခြားသူများကို မည်သို့ပြုမူသည်၊ အခြားသူများက ကျွန်ုပ်အပေါ် မည်သို့ပြုမူသည်ဆိုသည့် အကြောင်းရပ်များပင်ဖြစ်သည်"ဟု ဖော်ပြထားပါသည်။

၄င်းက အငယ်တန်းအရာရှိ နှစ်ဦးအား သမ္မတရှေ့မှောက်တွင် ရှင်းလင်းတင်

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com

ပြန်ခဲ့ဆုတ်ခေးခဲ့ရာတွင် အောင်မြင်ခဲ့သည်ကိုဖော်ပြလျက် "သင်၏ငယ်သားများ (လူများ)ကို ယုံကြည်အားထားပါ" ဟု အကြံပြုထားပါသည်။ အချို့ရည်ပုလင်းသွတ်သည့်စက်ရုံတွင် ငယ်စဉ်က အလုပ်လုပ်ခဲ့သည်ကို ပြန်ပြောင်းပြောပြလျက် ပါဝဲလ်က လူသစ်များအား "အကောင်းဆုံးလုပ်ဆောင်ပါ၊ တစ်စုံတစ်ယောက်က သင့်ကိုစောင့်ကြည့်နေသည်" ဟု တိုက်တွန်းထားပါသည်။

ပါဝဲလ်သည် စစ်ဘက်ထိပ်တန်းရာထူးနှင့် သမ္မတ၏အစိုးရလေးခုတွင် တာဝန်ထမ်းဆောင်စဉ်က ရရှိခဲ့သော ထိုးထွင်းသိမြင်မှုများကို တိုင်းတစ်ပါးမှလာရောက်သည့် မိသားစုတွင် ကြီးပြင်းလာမှု၊ ROTC တွင် သင်တန်းတက်ရောက်ခဲ့မှုနှင့် တပ်မတော်အရာရှိတစ်ဦးအဖြစ် ကြီးပြင်းလာမှုတို့မှ ရရှိခဲ့သည့် သင်ခန်းစာများနှင့် ပေါင်းစပ်ဖော်ပြထားပါသည်။ ယခု ရေးသားဖော်ပြချက်များ၏ အကျိုးရလဒ်အဖြစ် ခေါင်းဆောင်တစ်ဦး၏ အင်အားကောင်းသည့် ရုပ်ပုံလွှာတစ်ခု ပေါ်ထွက်လာပါသည်။ ၄င်းခေါင်းဆောင်မှာ နက်နက်နဲနဲတွေးတတ်သော၊ ခပ်လျှို့လျှို့နေတတ်သော၊ အခြားသူများက ပါဝင်အကျိုးပြုမှုကို ဂေျးဇူးတင်တတ်သော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပါသည်။

ကိုးလင်းပါဝဲလ်၏ "ကျွန်ုပ်အတွက် အလုပ်ဖြစ်ပါတယ်" စာအုပ်သည် ဖတ်ရှုသူများကို နိုးထစေမည်၊ တအံ့တသြဖြစ်စေမည်မှာ သေချာပါသည်။ အတွေးနယ်ချဲ့ပြီး ပင်ကိုသရုပ်ကိုပေါ်စေသည့် ၄င်းစာအုပ်သည် ခေါင်းဆောင်မှုအတွက် ကောင်းမွန်လှသည့် မူရင်းပန်ကာပုံ (အခြေခံ)ပင် ဖြစ်ပါသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ၏ ကိုယ်ရေးအကျဉ်း

ကိုးလင်းပါဝဲလ်

ကိုးလင်းပါဝဲလ်ကို ၁၉၃၇ ခုနှစ်တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ ၄င်းသည် အမေရိကန်ကြည်းတပ်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ပြီး စစ်ဘက်အရပ်ဘက်နှင့် နိုင်ငံခြားမှ ဂုဏ်ပြုဆုတံဆိပ်များစွာကို ရရှိခဲ့သည်။ အမေရိကန်အစိုးရလေးခုလက်ထက်တွင် အခန်းကဏ္ဍအမျိုးမျိုးမှ ပါဝင်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၄င်းသည် ဗာဂျီးနီးယားတွင် နေထိုင်လျက်ရှိပါသည်။

တိုနီကောလ်တ်

ဗိုလ်ချုပ်ကြီးများဖြစ်ကြသော Fred Feank၊ Chuch Hornen၊ Canl Stimenနှင့် Amthomy Zimmi တို့၏ ကိုယ်တွေ့မှတ်တမ်းများကို တိုနီကောလ်တ်က Tomn Clamcy နှင့် ပူးတွဲရေးသားခဲ့သည်။ နောက်ထပ်စာအုပ်များကိုလည်း ဗိုလ်ချုပ်ကြီး Zimmi နှင့်အတူ ပူးတွဲရေးသားခဲ့သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏မှတ်ချက်

ကျွန်ုပ်သည် ဇာတ်လမ်းများကို ချစ်မြတ်နိုးပြီး စုဆောင်းပါသည်။ ဇာတ်လမ်းအများစုသည် ကျွန်ုပ်၏စစ်သားဘဝဇာတ်ကြောင်းများ ဖြစ်ကြပါသည်။ ကျွန်ုပ်သည် အသက်(၁၇)နှစ်အရွယ် ROTC ဗိုလ်လောင်း (ကဒက်) သင်တန်းတက်သည့် အချိန်မှစ၍ အသက်(၅၆)နှစ်အရွယ် အနားယူသည်အထိ စစ်သားဘဝအဖြစ် နေခဲ့ပါသည်။ အခြားသောဇာတ်ကြောင်းများမှာ အမျိုးသားလုံခြုံရေးအကြံပေးဘဝနှင့် နိုင်ငံခြားရေးဝန်ကြီးဘဝတို့မှ ဇာတ်ကြောင်းများဖြစ်ကြပါသည်။ အချို့သော ဇာတ်ကြောင်းများမှာ ကျွန်ုပ်၏ဘဝတွင် သွားလာလှုပ်ရှားရင်း ရရှိခဲ့သောဇာတ်ကြောင်းများဖြစ်ပါသည်။ ယခုစာအုပ်တွင် ယင်းဇာတ်ကြောင်းတချို့ကို တင်ပြထားပါသည်။ ၄င်းဇာတ်လမ်းတိုင်း၌ ဘဝနှင့်ခေါင်းဆောင်မှုအပိုင်းတို့တွင် အရေးကြီးသည့်အချက်တချို့ကို စာဖတ်သူက မျှဝေခံစားနိုင်ရန် တင်ပြထားပါသည်။

အပိုင်း(၁)တွင် Parade မဂ္ဂဇင်း၌ ဖော်ပြခဲ့ဖူးသည့် စည်းကမ်းချက်(၁၃)ချက်ကိုလည်းကောင်း၊ အပိုင်း(၂)တွင် သင်သည် မည်သူမည်ဝါဖြစ်သည်ကို သိရန်နှင့် သိသည့်အတိုင်း ပြုမူရန် အရေးကြီးကြောင်းကိုလည်းကောင်း၊ အပိုင်း(၃)တွင် အခြားသူများကိုသိရန်နှင့် ဂရုပြုရန် အလေးထားဖော်ပြချက်ကိုလည်းကောင်း၊ အပိုင်း(၄)တွင် ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့၏ဘဝတို့ကို ပြန်လည်ပုံသွင်းသည့် တွင်ကျယ်လာသော ဒစ်ဂျစ်တယ်ကမ္ဘာမှ ရရှိသည့် အတွေ့အကြုံများကိုလည်းကောင်း၊ အပိုင်း(၅)တွင် ကြီးမြင့်သည့် မန်နေဂျာတစ်ဦးနှင့် ကြီးမြင့်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကိုလည်းကောင်း၊ အပိုင်း(၆)ဖြစ်သော ပြန်လည်သုံးသပ်ချက်အပိုင်းတွင် ကျွန်ုပ်၏ လေးနက်၍ပျော်ရွှင်စရာကောင်းသည့် ကဏ္ဍများကိုလည်းကောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြထားပါသည်။ ကျမ်းဆုံးစကား အခန်းတွင် စာအုပ်တစ်အုပ်လုံးပါကိစ္စများကို အနှစ်ချုပ်ဖော်ပြထားရာ လူတို့၏ ကြီးမြင့်မှု၊ ချစ်စရာကောင်းမှု၊ အဆင်မပြေမှု သို့မဟုတ် အရာမထင်ဖြစ်မှု ပုံစံအမျိုးမျိုးကို ဖော်ပြထားပါသည်။

စာရှူသူတွေ့ရမည်ဖြစ်သလိုပင် ယခုစာအုပ်တွင် နိဂုံးပိုင်း၊ ကောက်ချက်ဆွဲမှုအပိုင်း သို့မဟုတ် ထောက်ခံတင်ပြမှုအပိုင်းတို့ မပါဝင်ဘဲ ကျွန်ုပ် အကဲခတ်ရရှိသည့်အချက်များကိုသာ ဖော်ပြထားပါသည်။ အခန်းတစ်ခုစီသည် သီးခြားစီဖြစ်ရာ တစ်ခုပြီးတစ်ခု ဆက်၍ဖတ်နိုင်သလို ကျော်၍လည်းဖတ်နိုင်ပါသည်။ လူတိုင်းတွင် ဘဝဇာတ်ကြောင်းများ ရှိကြပါသည်။ ယခုတင်ပြသည်မှာ ကျွန်ုပ်၏ဇာတ်ကြောင်းများ ဖြစ်ကြပါသည်။ ကျွန်ုပ်ပြောနိုင်သည်မှာ ၄င်းတို့သည် ကျွန်ုပ်အတွက် အလုပ်ဖြစ်ခဲ့ကြပါသည်ဟူ၍ ဖြစ်ပါသည်။

Colin Powell

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

အပိုင်း-၁
စည်းကမ်းချက်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၁ ကျွန်ုပ်၏စည်းကမ်းချက် (၁၃)ချက်

၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်၌ သမ္မတ Ronald Reagan အား ဆက်ခံရန် သမ္မတ George H.W. Bush က ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်သည် ကျွန်ုပ်အနေဖြင့် "အမျိုးသားလုံခြုံရေး အကြံပေး" အဖြစ်မှ ရပ်စဲသည့်အချိန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အချိန်ကြာမြင့်စွာက လုပ်ဖော်ကိုင်ဖက်နှင့် ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ (ဆရာတစ်ဆူ)ဖြစ်သူ General Brent Scowcroft ထံသို့ တာဝန်လွှဲပေးခဲ့ပါသည်။

အိမ်ဖြူတော်မှ ထွက်ခွာပြီးနောက် ကျွန်ုပ်သည် ကြည်းတပ်သို့ပြန်ခဲ့ပါသည်။ ဗြိုလ်တွင် ကျွန်ုပ်သည် ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရပြီး ကြည်းတပ်များဌာနချုပ် (FORSCOM) တွင် ဦးစီးမှူးအဖြစ် တာဝန်ပေးခံရပါသည်။ ကြည်းတပ်အရန်တပ်ဖွဲ့များအပါအဝင် အမေရိကန်ကြည်းတပ်အားလုံးကို ဦးစီးရပြီး ကြည်းတပ်၏ အမျိုးသားအစောင့်တပ်ဖွဲ့အား သင်တန်းပေးမှုကိုလည်း ကြီးကြပ်ရပါသည်။ ကျွန်ုပ်သည် ကြယ်လေးပွင့်အဆင့် တပ်ဖွဲ့မှူးဖြစ်လာသည့် ပထမဦးဆုံးသော လူမည်းအရာရှိတစ်ဦးဖြစ်ပါသည်။

FORSCOM သို့ ကျွန်ုပ်ရောက်ရှိလာပြီး မကြာမီတွင်ပင် Parade မဂ္ဂဇင်း၏ တနင်္ဂနွေအချပ်ပိုတွင် ကျွန်ုပ်အကြောင်းကို မျက်နှာဖုံးဆောင်းပါးရေးရန် ပြောကြားလာပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ စည်းကမ်း (၁၃) ချက်ကို ၄င်းမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြပြီး (၂၃) နှစ်ကြာသည့်တိုင် စွဲဆောင်မှုရှိဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤနေရာတွင် ၄င်းစည်းကမ်း (၁၃) ချက်နှင့် ၄င်းစည်းကမ်းချက်များကို

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကျွန်ုပ်အနေဖြင့် အဘယ်ကြောင့် တွယ်ဖက်ထားဆဲဖြစ်သည်ကို ဖော်ပြလိုက်ပါသည်။

စည်းကမ်းချက် (၁) - သင်ထင်သလိုမဆိုးပါ။ နောက်တစ်နေ့နှက်ပိုင်းတွင် ပို၍ကောင်းလာပါလိမ့်မည်။

ဤစည်းကမ်းချက်က သဘောထားတစ်ရပ်ကိုသာ ဖော်ပြပါသည်။ ဟောကိန်းတစ်ရပ်တော့ မဟုတ်ပါ။ ညဘက်တွင် ကောင်းစွာအနားယူမှုကြောင့် စိတ်ထဲခံစားရမှုကို လျော့ပါးစေနိုင်ပါသည်။ ညဘက်တွင် အောင်နိုင်သည့် သဘောထားတစ်ရပ်ဖြင့် ရုံးခန်းမှထွက်လာခြင်းကြောင့် သင်တစ်ယောက်တည်းကိုသာ ခံစားရစေသည် မဟုတ်ဘဲ သင်၏နောက်လိုက်များကိုလည်း ခံစားရစေပါသည်။ ဤသည်က မည်သည့်ပြဿနာကိုမဆို ကျွန်ုပ်တို့ ဖြေရှင်းနိုင်သည်ဟူသော ၄င်းတို့၏ စိတ်ပိုင်းဖြတ်ထားမှုကို အားကောင်းစေပါသည်။

ခြေလျင်တပ်ဖွဲ့သင်တန်းကျောင်းတွင် "စိန်ခေါ်မှုဟူသည်မှာ ကျွန်ုပ်အတွက် ကြိုးမားသည့်ကိစ္စမဟုတ်" "ကျွန်ုပ်တို့ မကျော်လွှားနိုင်သည့် အခက်အခဲဆိုသည်မှာမရှိ" ဟု အမြဲပင် သင်တန်းပေးခံရပါသည်။ ဗြိတိန်ဝန်ကြီးချုပ် ချာချီကလည်း "ဗြိတိန်အနေဖြင့် ဘယ်တော့၊ ဘယ်တော့၊ ဘယ်တော့မှ လက်လျှော့မည်မဟုတ်" ဟု ပြောကြားခဲ့ဖူးပါသည်။

"အရာရာသည် ကောင်းလာလိမ့်မည်။ သင်က ၄င်းအရာများကို ကောင်းအောင်လုပ်ပါလိမ့်မည်။" ဤအချက်နှင့် ဆန့်ကျင်သည့် အထောက်အထားများ မကြာခဏတွေ့ခဲ့ရလင့်ကစား ကျွန်ုပ်တို့သည် ဤအချက်ကိုယုံကြည်ပြီး သင်တန်းပြီး မြောက်ခဲ့ကြပါသည်။

ဤဆိုလိုရင်း၏ မူဟန်ကွဲအပြားအဆများကိုလည်း ကျွန်ုပ်တို့၏ခေါင်းထဲသို့ ရိုက်သွင်းပေးပါသည်။ "ဗိုလ်ကြီး- သင်သည် ငတ်ပြတ်နေကောင်း ငတ်ပြတ်နေပါလိမ့်မည်။ သို့သော် ဆာလောင်ကြောင်းကို ဘယ်တော့မျှ မပြသရ။ သင်သည် စားသောက်ရာတွင် နောက်ဆုံးမှ အမြဲစားသောက်ပါ။ သင်သည် အေးခဲနေသည် သို့မဟုတ် အပူဓာတ်ကုန်ခန်းသည်အထိ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် သင့်အနေဖြင့် အေးသည်၊ ပူသည် ဆိုသည်ကို ဘယ်တော့မျှ မပြသရပါ။ သင်သည် ထိတ်လန့်တကြား ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် သင်သည် ကြောက်ရွံ့မှုကို ဘယ်တော့မှ မပြသရပါ။ သင်သည် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ တပ်ဖွဲ့ဝင်များက သင်၏စိတ်လှုပ်ရှားခံစားမှုကို ရောင်ပြန်ဟပ်ဖော်ပြကြပါလိမ့်မည်။ မကောင်းသည့် အရာများအနေဖြင့် မည်သို့ပင်ရှိသည်ဖြစ်စေ၊ သင့်အနေဖြင့် ၄င်းတို့ကိုကောင်းလာအောင် လုပ်နိုင်သည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ခေတ်ဟောင်း ရုပ်ရှင်ကားများကို သဘောကျချစ်မြတ်နိုးပြီး ကိုယ်ရေးဆိုင်ရာအားဖြည့်တင်းရေး အတွက် ၄င်းရုပ်ရှင်များထဲမှ သင်ခန်းစာများကို ရယူပါသည်။

စည်းကမ်းချက် (၂) - စိတ်ဆိုးပါ။ ထို့နောက် ပြီးပျောက်ပါစေ။

လူတိုင်းစိတ်ဆိုးတတ်ပါသည်။ ဤသည်မှာ သဘာဝကျ၍ ကောင်းမွန်သော စိတ်လှုပ်ရှားမှုတစ်ခုပင်ဖြစ်ပါသည်။ စိတ်ဆိုးမှုဖြစ်နေမည်ဆိုလျှင် အသုံးမဝင်ကြောင်းကို ကျွန်ုပ်အတွေ့အကြုံအရ သိရပါသည်။ ထိုအတွေ့အကြုံကို ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး **Dominique de Villapin** က လက်တွေ့ပြသခဲ့ပါသည်။ ၄င်းက ကျွန်ုပ်နှင့် အမေရိကန်အများစုတို့ကို **စိတ်ဆိုးစေခဲ့ပါသည်။ အလွန်ပင် စိတ်ဆိုးစေခဲ့ပါသည်။**

Dominique မှာ သဲတမန်လုပ်ငန်းဖြင့် အသက်မွေးလာခဲ့သူတစ်ဦးဖြစ်ပါသည်။ ၄င်းသည် ပြင်သစ်နိုင်ငံ၏ အကောင်းဆုံး တက္ကသိုလ်များမှ ဘွဲ့များရရှိခဲ့ပြီး၊ ထင်ရှားသည့် သမိုင်းပညာရှင်နှင့် ကဗျာဆရာတစ်ဦးဖြစ်ကာ ၄င်းအမျိုးက ပြင်သစ်သမ္မတ Chirac နှင့် အလွန်နီးစပ်သူလည်း ဖြစ်ပါသည်။

"ဒုတိယ ပင်လယ်ကွေ့စစ်ပွဲ"သို့ ရောရွေ့နေသည့်ကာလဖြစ်သည့် ၂၀၀၃ ခု ဧစောပိုင်းကာလတွင် ၄င်း ပြဿနာနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အကြိမ်ကြိမ် အပြန်အလှန် ငြင်းခုံမှုများ ပြုလုပ်ခဲ့ပါသည်။ လုံခြုံရေး ကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ပြောင်းလဲထမ်းဆောင်ရသည်ဖြစ်ရာ လာမည့်ဇန်နဝါရီလတွင် ပြင်သစ်က အလှည့်ကျသည်ဖြစ်သဖြင့် Dominique က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါသည်။ အီရတ်အား စစ်ရေးအရ အရေးယူမည်ကို ပြင်သစ်က ပြင်းထန်စွာ ဆန့်ကျင်ပြီး၊ ထိုသို့ ဆန့်ကျင်မှုပြုသည့် နိုင်ငံများအုပ်စုကို ဦးဆောင်ပါသည်။ ဂျာမန်၊ ရုရှားနှင့် အခြားနိုင်ငံများကလည်း ဆန့်ကျင်ကြရာ ကျွန်ုပ်တို့အား ကန့်ကွက်သူများက ထောက်ခံသူများထက် များဖွယ်ရာ ရှိပါသည်။

လုံခြုံရေးကောင်စီ ဥက္ကဋ္ဌများသည် မိမိတို့၏ သက်တမ်းကာလအတွင်း ဆွေးနွေးစရာအထူးခေါင်းစဉ်တစ်ခုကို တင်ပြလေ့ရှိရာ Dominique က ယခုလာမည့် လုံခြုံရေးကောင်စီ အစည်းအဝေးအတွက် အကြမ်းဖက်ဝါဒခေါင်းစဉ်ကို တင်ပြလာပါသည်။

၄င်းအစည်းအဝေးတွင် အကြမ်းဖက်ဝါဒ ခေါင်းစဉ်နှင့်ပင် ရှိနေမည်လော သို့မဟုတ် အီရတ်ကိစ္စအထိ ဆွဲယူသွားမည်လော ဆိုသည်ကို ကျွန်ုပ်နှင့် ဝါရှင်တန်ရှိ လုပ်ဖော်ကိုင်ဖက်များက စိုးရိမ်ကြပါသည်။ အီရတ်ကိစ္စကို ကုလသမဂ္ဂ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အစည်းအဝေးတွင် ပါမလာစေရန် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များက လိုလားကြပါသည်။ Dominique က အကြမ်းဖက် ဝါဒကိုသာ အာရုံစူးစိုက်မည်ဖြစ်ကြောင်း၊ အီရတ်ကိစ္စကို ဆွေးနွေးမည်မဟုတ်ကြောင်းကို ကျွန်ုပ်အား အာမခံခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်က ၄င်း၏ အာမခံမှုကို ယုံကြည်လက်ခံလိုက်ပါသည်။

Dominique က အစည်းအဝေးမှ ထွက်ခွာသွားသည့်အချိန်အထိ ချောချောမောမော ဖြစ်ခဲ့ပါသည်။ ထို့နောက် အသင့်စောင့်ဆိုင်းနေကြသည့် စာနယ်ဇင်းသမားများအား Dominique က စကားပြောရာတွင် အီရတ်နှင့်ပတ်သက်သည့် အမေရိကန်၏ ရပ်တည်ချက်ကို တိုက်ခိုက်ပြောကြားပြီး စစ်ဆင်ရေးအရ အရေးယူမည်ကို ဆန့်ကျင်ကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ နောက်တစ်နေ့တွင် မီဒီယာများ၌ ၄င်းသတင်းပါရှိလာရာ ကျွန်ုပ်မှာ များစွာအနေခက်ခဲ့ရပါသည်။ ၄င်းသတင်းကို အမေရိကန်နိုင်ငံအနှံ့တွင် ဒေါသဖြင့်တုံ့ပြန်ပါသည်။ အတိုဆုံးစကားဖြင့်ဆိုရလျှင် Dominique က ကျွန်ုပ်တို့အား ဝက်ဆူတင်းလိုက်ခြင်းဖြစ်ပါသည်။

Dominique သည် လူဆိုးတစ်ဦးတော့ မဟုတ်ပါ။ ၄င်းသည် အစိုးရ၏ရပ်တည်ချက်ကို ထင်ဟပ်ဖော်ပြနေခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်အား ဆန့်ကျင်သူများအတွက် ၄င်းသည် သူရဲကောင်းတစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ အီရတ်ပြဿနာတွင်ဆိုလျှင် သူသည် ကျွန်ုပ်၏ ဆန့်ကျင်ဘက်တစ်ဦး ဖြစ်ပါလိမ့်မည်။ သို့သော် သူ့အား ရန်သူတစ်ဦးအဖြစ် မဆက်ဆံနိုင်ကြောင်းကို ကျွန်ုပ်သိပါသည်။

ကုလသမဂ္ဂနှင့် အခြားနေရာများတွင် ဆန့်ကျင်မှုများရှိသော်လည်း သမ္မတ George W. Bush က စစ်ရေးအရ အရေးယူရန် ဆုံးဖြတ်ခဲ့ပြီး Saddam Hussein အား ဖြုတ်ချခဲ့ပါသည်။

Saddam Hussein ကျဆုံးပြီးနောက် အီရတ်တွင် ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များရှိရန် လိုအပ်ခဲ့ရာ ၄င်းဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြင်သစ်က (၆) ကြိမ်ဆက်တိုက် ကျွန်ုပ်တို့ဘက်က ထောက်ခံခဲ့ပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် Haiti တွင် အကျပ်အတည်းပေါ်ခဲ့ရာ ၄င်းနိုင်ငံ၏သမ္မတ Jean- Bertrand Arilide အားရာထူးမှ ဆင်းပေး၍ နိုင်ငံမှထွက်ခွာသွားရေးအတွက် အမေရိကန်က တိုက်တွန်းရန်ဖြစ်လာခဲ့ပါသည်။ သမ္မတအိမ်သို့ စည်းကမ်းမဲ့ လူအုပ်ကြီးက နီးကပ်လာသောအခါ ၄င်းသမ္မတနှင့်အဖွဲ့အား လေဆိပ်သို့ပို့ပေးနိုင်ခဲ့ပြီး မိမိအားလက်ခံမည်ဟုထင်ရသော တောင်အာဖရိကနိုင်ငံသို့ ထွက်ခွာမည့် အမေရိကန်လေယာဉ်ပေါ်သို့ တင်ပေးနိုင်ခဲ့သည်။ သို့သော် တောင်အာဖရိကနိုင်ငံက ၄င်းအားလက်မခံပါ။ ထို့ကြောင့် ကျွန်ုပ်သည် ညသန်းခေါင်အချိန်တွင် Dominique ထံ ဖုန်းဆက်ပြီး ပြင်သစ်စကားပြောနိုင်ငံတစ်နိုင်ငံတွင် လေယာဉ်ဆီမကုန်မီ ၄င်းသမ္မတအား ဆင်းသက်ခွင့်ပြုရန်

bookhouse

www.burmeseclassic.com

www.burmeseclassic.com

ဖျောင်းဖျပြောဆိုခဲ့ရာ နာရီဝက်ကြာသော် ဆင်းသက်မည့်နေရာကို ရရှိခဲ့ပါသည်။ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်နှင့် မိတ်ဆွေတစ်ဦးဖြစ်သူက ကျွန်ုပ်အား ကယ်တင်ခဲ့ပါသည်။

ထို့နောက် ကုလသမဂ္ဂတပ်ဖွဲ့များကို Haiti တွင်ထားရှိရန် မစုစည်းနိုင်မီအထိ အခြေအနေ တည်ငြိမ်စေရန် အမေရိကန်တပ်ဖွဲ့တစ်ခုကို စေလွှတ်ခဲ့ရာ ပြင်သစ်ခြေလျင်တပ်ရင်းတစ်ရင်း ပါဝင်ခဲ့သည်။ ထိုသို့ပါဝင်ရန် Dominique က ဆောင်ရွက်ခဲ့ပါသည်။ ဤအပြုအမူများမှာ ပြင်သစ်၏ အကျိုးစီးပွားအတွက် ဖြစ်ပါသည်။ သို့သော် အကယ်၍ ကျွန်ုပ်က သူ့အား မဟာမိတ်နှင့် မိတ်ဆွေတစ်ဦးအဖြစ်မဟုတ်ဘဲ ထာဝရန်သူအဖြစ် ပြုမူခဲ့မည်ဆိုပါက၊ ကျွန်ုပ်တို့ကို ပို၍ခက်ခဲအောင်ဖြစ်စေမည်သာ ဖြစ်ပါသည်။

အမေရိကန်တော်လှန်ရေးကာလအတွင်း ပြင်သစ်သည် ကျွန်ုပ်တို့ဘက်ကအတူ ရှိနေခဲ့သည်ဆိုသည်ကို ကျွန်ုပ်၏ လူများအား မကြာခဏ ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ပြင်သစ်နှင့်လက်ဆက် (ထိမ်းမြား) ခဲ့သည်မှာ နှစ်ပေါင်း (၂၃၀) မျှရှိခဲ့ပါပြီ။ ထိုသို့လက်ဆက်ပြီး နီးနောတိုင်ပင်ခဲ့သည်မှာလည်း နှစ်ပေါင်း (၂၃၀) တိုင်ပင်ကြာညောင်းခဲ့ပါသည်။ သို့သော် ၄င်းလက်ဆက်ထားမှုမှာ ဓမ္မက်မယွင်းရှိနေပါသေးသည်။

အကြောင်းမှာ လူ့အခွင့်အရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီတို့ကို အတူတူတန်ဖိုးထားပြီး ယုံကြည်ကြသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့ နှစ်နိုင်ငံအား ထုံးနောင်ထားသော နောင်ဖွဲ့မှုများသည် ကျွန်ုပ်တို့အား ခွဲခြားသည့် တစ်ခါတစ်ရံ ဖြစ်တတ်သော ဖိစီးမှုများထက် ပို၍ ခိုင်မာသောကြောင့်ပင်ဖြစ်ပါသည်။

နှစ်အနည်းငယ်က Kansas ပြည်နယ်၊ Leavenworth တွင် ဒုတိယစိုလ်ချုပ်ကြီး Jack Merritt လက်အောက်တွင် ကျွန်ုပ်သည် ဝိုလ်မှူးချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ အဆင့်ပေစွာပင် နှစ်ဦးသားဆောင်ရွက်နိုင်ခဲ့ပါသည်။ တစ်နေ့တွင် ၄င်းက ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ရာ ကျွန်ုပ်၏အမြင်တွင် ၄င်းဆုံးဖြတ်ချက်သည် အမြင်ကျဉ်းသည်၊ မျှတမှုမရှိ၊ လုံးဝလွဲမှားပါသည်။ ကျွန်ုပ်က တွေ့ခွင့်တောင်းပြီး ၄င်းကိစ္စကို ပြောကြားရာတွင် ၄င်းကထင်သာမြင်သာ စိတ်လှုပ်ရှားမှုမရှိဘဲ စိတ်ရှည်စွာ နားထောင်ပါသည်။

ကျွန်ုပ်စကားပြောပြီးသောအခါ ၄င်းက ကျွန်ုပ်နားသို့ထလာပြီး ကျွန်ုပ်၏ပခုံးပေါ်တွင် လက်ကိုတင်ကာ "Colin စိတ်ဆိုးစိတ်ပျက်ဖြစ်မှု၏ အကောင်းဆုံးသောအပိုင်းမှာ စိတ်ဆိုးပြေ၍ မေ့ပျောက်သည့်အပိုင်းပင်ဖြစ်သည်။ ယနေ့သည် နေကောင်းတစ်နေ့ဖြစ်ပါစေ" ဟု ပြောပါသည်။ သူပြောကြားသည့် အချက်မှာ မှန်ကန်ပါသည်။ ဒေါသကို အနုထုတ်လိုက်ပြီးနောက် ကျွန်ုပ်အနေဖြင့် ပို၍နေကောင်းလာပါသည်။ ကျွန်ုပ်အနေဖြင့် အမှန်ပင် ပြေပျောက်သွားခဲ့ပါသည်။

ကျွန်ုပ်အား ဤသင်ခန်းစာကို ပေးသူမှာ Jack Merritt သည် ပထမဆုံးသော ပုဂ္ဂိုလ်မဟုတ်ပါ။ ၄င်းကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းများစွာက ဂျာမနီတွင် ဒုဗိုလ်အဖြစ် တပ်ခွဲအုပ်ချုပ်ရေးအရာရှိတာဝန်ကို ထမ်းဆောင်စဉ်က ရရှိခဲ့ပါသည်။ တစ်နေ့တွင် အခြားအရာရှိတစ်ဦးနှင့် တယ်လီဖုန်းဖြင့် အပြန်အလှန် အော်ဟစ်ငြင်းခုံပြောဆိုမိပါသည်။ ကျွန်ုပ်၏ တပ်ခွဲမှူး ဗိုလ်ကြီး William Louisell က ကျွန်ုပ် တယ်လီဖုန်းချလိုက်သောအခါ "ကျုပ်ရဲ့ ရှေ့မှာပဲဖြစ်ဖြစ်၊ အခြားသူတွေရဲ့ ရှေ့မှာပဲဖြစ်ဖြစ် နောင်တွင် ယခုလို မပြုမူရန်" ပြောပါသည်။ သေချာသည်မှာ ၄င်းက ကျွန်ုပ်၏ စွမ်းရည်ပြ အစီရင်ခံစာထဲတွင် ရေးသားထားသည့် သင်ခန်းစာကို ရရှိလိုက်ပါသည်။ ၄င်းအစီရင်ခံစာတွင် "ငယ်ရွယ်သူ Powell သည် စိတ်ပြင်းထန်ကြမ်းတမ်းသူဖြစ်သည်။ ၄င်းစိတ်ကို ထိန်းချုပ်နိုင်ရန် ရင့်ကျက်သည့်အားထုတ်မှုကို ပြသပါသည်" ဟူ၍ ဖော်ပြထားပါသည်။ ၄င်းက ကျွန်ုပ်အား အပြစ်ကိုဖော်ပြသလို ဘဝအတွက် ထိန်းသိမ်းမှုကိုလည်း ပေးပါသည်။ ကျွန်ုပ်သည် နှစ်အတော်ကြာမျှ စိတ်ဆိုးလျှင် မြန်မြန်ပြေပျောက်အောင် ကြိုးပမ်းပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုမှ လွတ်မထွက်သွားစေရန် ကြိုးပမ်းပါသည်။

စည်းကမ်းချက် (၃) - မိမိရာထူးနေရာ ဆုံးရှုံးသဖြင့် မိမိ၏အတ္တဘဝ ဆုံးရှုံးရသည်အထိဖြစ်အောင် အတ္တဘဝကို မိမိ၏ ရာထူးနေရာနှင့် နီးစပ်ခြင်းမရှိအောင် ရှောင်ကြဉ်ပါ။

ဤစည်းကမ်းချက်ကို ရှေ့နေများထံမှ ကျွန်ုပ်က ရလိုက်ပါသည်။ ၁၉၇၈ ခုနှစ်၊ သမ္မတကာတာလက်ထက်တွင် ကာကွယ်ရေးဝန်ကြီး Harold Brown ၏ လက်အောက်တွင် လက်ထောက်တစ်ဦးအဖြစ် ကျွန်ုပ်တာဝန်ထမ်းဆောင်နေစဉ် ကိစ္စတစ်ခုတွင် ရှေ့နေများက အခြေအတင်ငြင်းခုံကြရာ ကျွန်ုပ်က ဒိုင်လူကြီးလုပ်ပေးရပါသည်။ လူအများရှေ့တွင် ကောင်းကွက်ဆိုးကွက်များကို တင်ပြပြီးသော်လည်း ဆက်လက်၍ အခြေအတင်ပြောဆိုနေဆဲဖြစ်ရာ ရှေ့နေတစ်ဦးက ပုဂ္ဂိုလ်ရေးဆန်သည်များကို ပြောဆိုလာသည်အထိပင်ဖြစ်သည်။ ကျွန်ုပ်သည် စိတ်မရှည်နိုင်တော့ဘဲ အခြေအတင်ပြောဆိုမှုကို ရုပ်ပစ်ကာ တင်ပြချက်များအပေါ် အခြေပြုလျက် တစ်ဖက်ရှေ့နေကို ကျွန်ုပ်က အနိုင်ပေးလိုက်ပါသည်။

ရှုံးသည့်ရှေ့နေသည် မကျေမနပ်ဖြစ်လေရာ အခန်းထဲရှိ လူအားလုံးအနေဖြင့် ကသိကအောက်ဖြစ်ရသည်အထိပင်ဖြစ်သည်။ နိုင်သည့်ရှေ့နေက ၄င်းအား... ကြည့်ပြီး "ခင်ဗျားရဲ့ အနေအထား (ရာထူး) ဆုံးရှုံးရလို့ ခင်ဗျားရဲ့ အတ္တဘဝဆုံးရှုံးရသည်အထိ ခင်ဗျားရဲ့ အတ္တဘဝကို ခင်ဗျားရဲ့ အနေအထား (ရာထူး) နှင့် မနီးကပ်ပါစေနဲ့" ဟု ပြောကြားလိုက်ပါသည်။ အတိုချုပ်၍ဆိုရလျှင် ခင်ဗျားရဲ့ရပ်တည်ချက် အနေအထားတွင် အမှားအယွင်းရှိသည်။ ခင်ဗျား၏ အတ္တဘဝတွင် အမှားအယွင်း မရှိဆိုသည်ကို လက်ခံပါဟူ၍ ဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဆိုခြင်းကြောင့် သင့်အနေဖြင့် ပြင်းပြင်းထန်ထန် မဆွေးနွေးရဟု မဆိုလိုပါ။ ဒုတိယကာကွယ်ရေးဝန်ကြီး Graham Claytor သည် မိမိတင်ပြလိုသည်ကို ထိပ်တိုက်တင်ပြတတ်ပြီး၊ ၄င်းတင်ပြချက် ရှုံးနိမ့်သွားပါကလည်း ကာကွယ်ရေးဝန်ကြီးက ဆုံးဖြတ်ထားချက်ကို မလျှော့တမ်း လိုက်နာဆောင်ရွက်ပါသည်။

ကျွန်ုပ်က ကျွန်ုပ်၏လက်အောက် တပ်မှူးများနှင့် ထိန်ထိမ်းများကို ကျွန်ုပ်နှင့် လွတ်လပ်စွာ စောဒကတက် ငြင်းခုံနိုင်ပါကြောင်း တိုက်တွန်းအားပေးပါသည်။ ထိုသို့ ပြုလုပ်ရန်လည်း ၄င်းတို့တွင် တာဝန်ရှိကြောင်း၊ ကျွန်ုပ်က ပြန်လည်ဆွေးနွေးလျှင် ကြောက်လန့်ခြင်း မရှိသင့်ကြောင်း စိတ်ဆိုးနိုင်ပါကြောင်း၊ ပြီးလျှင် ပြီးပြီးပျောက်ပျောက် ဖြစ်စေလိုကြောင်းတို့ကို ကျွန်ုပ်က ၄င်းတို့အား ပြောကြားပါသည်။

ဤလမ်းညွှန်ချက်ကို မရိုန်းတပ် ဗိုလ်မှူးကြီး Paul "Vinny" Kelly ထက်ပို၍ လိုက်နာသူဟူ၍ မရှိပါ။ သူ၏တာဝန်မှာ ကျွန်ုပ်က Capitol Hill တွင် သွားရောက်ရှင်းလင်း တင်ပြရသည့် ကိစ္စရပ်များကို ဆောင်ရွက်ရသည့် တာဝန်ဖြစ်ပါသည်။ ဤသို့ပြုလုပ်ရမည့် ကိစ္စသည် အရေးကြီးကြောင်းကို ကျွန်ုပ်သိပါသည်။

သို့သော် Vinny က ထိုကိစ္စတို့ကို ပို၍ ဆောင်ရွက်ရန် တိုက်တွန်းဖိအားပေးပါသည်။ ကျွန်ုပ်တက်ရောက်ရန် မလိုဟုယူဆသည့် ကွန်ဂရက်လွတ်တော်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်ရပ်ကို တက်ရောက်ရန်လည်း ၄င်းက ကျွန်ုပ်အား အတင်းအကျပ် တိုက်တွန်းပါသည်။

နောက်ဆုံးတွင် "Vinny ရေ ငရဲကျမလို မဖြစ်ပါစေနဲ့" ဟုပြောကြားရင်းသာ အခြေအတင် ဆွေးနွေးမှု ပြီးဆုံးသွားရမှုလည်း ရှိပါသည်။ စိတ်ပျက်လက်ပျက်ဖြင့် ၄င်းက ထွက်ခွာသွားသော်လည်း၊ ၄င်းက ကျွန်ုပ်ပြောသည်ကို လက်ခံပါသည်။

နောက်တစ်နေ့တွင် ၄င်းက ကျွန်ုပ်အနေဖြင့် အာယ်ကြောင့် Capitol သို့ သွားသင့်ကြောင်းကို ထောက်ခံသည့် အကြောင်းပြချက် အသစ်များဖြင့် ပြန်ပေါ်လာပြီး ကျွန်ုပ်အား သွေဖက်ပါသွားစေတတ်ပါသည်။ သူသည် ကျွန်ုပ်၏ ဆုံးဖြတ်ချက်များကို လက်ခံပါသည်။

တစ်ချိန်တည်းတွင် ကျွန်ုပ်အား အကာအကွယ်ပေးရန်မှာ သူ၏အလုပ် ဖြစ်သည်ဆိုသည်ကိုလည်း ၄င်းက သိပါသည်။ ထို့ကြောင့် ကျွန်ုပ်ကမှားပြီး သူကမှန်သည်ဟု ယူဆလျှင် အကြောင်းပြချက် အသစ်ဖြင့်တင်ပြပါသည်။ ၄င်းသည် "မနက်ဖြန်တွင် အခြေအနေကောင်းလာပါလိမ့်မည်" ဟူသည့် စည်းကမ်းချက် (၁)ကို သိသူလည်းဖြစ်ပါသည်။ ၄င်းသည် ရတနာတစ်ခုလိုပင် ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသောအခါ ၄င်းအား ဥပဒေရေးရာ ရာထူးဝေါဟာရနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ပေးခဲ့ပါသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

စည်းကမ်းချက် (၄) - ဤဟာကို လုပ်နိုင်ပါသည်။

အကျွမ်းတဝင်ဖြစ်သည့် အဆိုပါ ကောက်နုတ်ချက်စာလွှာကို လူရွှင်တော်ကြီး Art Buchwald က ကျွန်ုပ်အား လက်ဆောင်ပေးထားရာ ကျွန်ုပ်၏စားပွဲပေါ်တွင် တင်ထားပါသည်။ ဤကိစ္စမှာ တကယ့်ဖြစ်ရပ်မှန် ကိစ္စတစ်ရပ်အဖြစ် ထားရှိရမည့် သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ လုပ်ရှုမရသည်မှာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မဖြစ်နိုင်ဟူသည့် အချက်အလက်များ၊ လေ့လာချက်များ ပေါ်ထွက်လာခြင်း မရှိသည့်အချိန်အထိ သင့်အနေဖြင့် ဖြစ်နိုင်သည်ဟု ယုံကြည်ပြီး အခြေပင် လုပ်ငန်းစတင်ရပါမည်။ လုပ်ငန်းတာဝန်တိုင်းကို အပြုသဘောအရ စိတ်အားထက်သန်မှုဖြင့် ချဉ်းကပ်ပါ။ ချက်ချင်းဆိုသလိုပင် သင့်ကိုယ်သင် သံသယစိတ်များဖြင့် ဝိုင်းပတ်မထားပါနှင့်။ တစ်ချိန်တည်းတွင် သံသယရှိမှုကို လည်းကောင်း၊ ဆန့်ကျင်ဘက်အခြင်များကို သင့်အားပေးလာသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်းကောင်း တံခါးမပိတ်ထားရပါ။ "ဤဟာကို လုပ်နိုင်ပါသည်" ဆိုသည့်အချက်ကို မျက်စိစုံမှိတ်ပြီး "လုပ်နိုင်ပါသည်" ဆိုသည့် ချဉ်းကပ်နည်းအဖြစ် သဘောသဘာဝအလျောက်ပြောင်းလဲ မသွားစေသင့်ပါ။ ကျွန်တော့်အနေဖြင့် အကောင်းမြင်ဝါဒီတစ်ဦးဖြစ်ရန် ကြိုးပမ်းပါသည်။ သို့သော် မိုက်မဲသူတစ်ဦး မဖြစ်ရန်လည်း ကြိုးပမ်းပါသည်။

စည်းကမ်းချက် (၅) - သင့်အနေဖြင့် ရွေးချယ်မှုပြုရာတွင် သတိထားပါ။ ဤဟာကို သင်ရနိုင်ပါသည်။

ဤသည်မှာ မူလကျသည့် စည်းကမ်းချက်တစ်ရပ်တော့ မဟုတ်ပါ။ အလျင်စလို မလုပ်ပါနှင့်ဟူသည့် စည်းကမ်းချက်ဖြစ်ပါသည်။ သို့သော် အချိန်ကာလနှင့် အခြေအနေတို့အရ အလျင်စလို (အပြန်) ဆုံးဖြတ်ရသည့် အခါများလည်းရှိပါသည်။ ရွေးချယ်မှုများကို ပြုလုပ်ရာတွင် အများအားဖြင့် အချိန်ရတတ်ပါသည်။ အကောင်းအဆိုးကို အပြန်ပြန်အလှန်လှန် စစ်ဆေးပြီး ဖြစ်လာနိုင်သည့်အကျိုးဆက်များကို စဉ်းစားနိုင်ပါသည်။ သင်၏ရွေးချယ်မှုအတိုင်း သင်ကနေရပါလိမ့်မည်။ မကောင်းသည့် ရွေးချယ်မှုများကို ပြန်ပြင်ပြီး၊ အချို့ရွေးချယ်မှုများကို စွဲကိုင်ထားရပါလိမ့်မည်။

စည်းကမ်းချက် (၆) - ကောင်းမွန်သည့် ရွေးလမ်းပေါ်တွင် မကောင်းသည့်အချက်များ မရှိပါစေနှင့်။

သာလွန်သည့် ခေါင်းဆောင်မှုသည် အကောင်းဆုံးဖြစ်သည့် ပင်ကိုအသိစိတ် ကိစ္စရပ်ပင်ဖြစ်ပါသည်။ ခက်ခဲသည့် ဆုံးဖြတ်ချက်ချမှတ်ရန် အရေးကြုံလာလျှင် သင်၏ပင်ကိုယ်အသိစိတ် (သိရှိထားမှု)ကို အသိပေးမည့် သတင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်များကို စုဆောင်းရန် ရဒိုင်သမ္မာအချိန်ကို အသုံးပြုပါ။ အခြေအနေ၊ သင်၏ပြိုင်ဘက်၊ သင့်တွင်ရှိမည့် ပစ္စည်းပစ္စယ၊ သင်၏အင်အား၊ အားနည်းချက်၊ ခြိမ်းခြောက်မှုနှင့် အရေးနှိုင်းရမှုများ စသည်တို့နှင့် ပတ်သက်၍ လုပ်နိုင်သမျှ သတင်းစုဆောင်းပါ။ စုဆောင်းရရှိသည့် အချက်အလက်များကို မှန်မမှန်ကိုစစ်ပါ။ ထို့နောက် အကောင်းဆုံးသော ရွေးလမ်းကိုရွေးရပါမည်။ ဤသည်မှာ အဖြေမှန်ရရှိရေးအတွက် သင်၏ အသိစိတ် (သိထားမှု) တို့ကို အသုံးပြုရသည့် အချိန်ပင်ဖြစ်ပါသည်။ ဤသည်မှာ သတင်းရထားသည့် သိရှိမှုပင်ဖြစ်ပါသည်။ ရှည်ကြာသည့် အတွေ့အကြုံအရ မည်သည့်အချက်များသည် အရေးကြီးပြီး မည်သည့်အချက်ကို ဖယ်ထားရှိရသည်ဆိုသည်ကို သိသည့်အသိစိတ်ပင်ဖြစ်သည်။ "ကောင်းသည့် ဆုံးဖြတ်ချက်သည် အတွေ့အကြုံမှ ထွက်ပေါ်လာသည်။ ၄င်းအတွေ့အကြုံသည်လည်း မကောင်းသည့် ဆုံးဖြတ်ချက်မှ ထွက်ပေါ်လာသည်" ဟူသော ဆိုရိုးစကား တစ်ခုရှိပါသည်။

D- day (စစ်စတိုက်မည့်ရက်) အကြိုရက်တွင်၊ ဗိုလ်ချုပ်ကြီး Eisenhower သည် အခက်ခဲဆုံးသော ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ရန် ဖြစ်လာခဲ့သည်။ ရာသီဥတုမှာ မကောင်းသည့် အခြေအနေတွင်ရှိသည်။ ရာသီဥတု မကောင်းသည့် အချိန်တွင် ချင်းနှင်းဝင်ရောက်မှုကို ပြုလုပ်ပါက ပျက်သုဉ်းမည်သာဖြစ်သည်။ သို့သော် ၄င်း၏ မိုးလေဝသဆိုင်ရာ ပုဂ္ဂိုလ်များကမူ ၁၉၄၄ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ရာသီဥတုပွင့်လင်းနိုင်သည်ဟု ခန့်မှန်းပါသည်။ ၄င်းသည် ၄င်းစစ်ဆင်ရေးအတွက် လနှင့်ချိန်၍ သတင်းစုဆောင်းခြင်း၊ အစီအစဉ်ချမှတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ အခြေအနေကို သိရှိနေပါသည်။ ထို့နောက် ၄င်းက ဆုံးဖြတ်ချက်ချလိုက်ပြီး မအောင်မြင်ဖြစ်လာလျှင် မိမိက တာဝန်ယူကြောင်းကို ဖော်ပြသည့် ကြေညာချက်ကို ရေးချလိုက်ပါသည်။ ၄င်း၏ သတင်းစုံရထားသည့် အသိစိတ်က ၄င်းအား "ဆက်သွားပါ" ဟု ပြောဆိုပါသည်။ သူ၏ လုပ်ရပ်မှန်ကန်ခဲ့ပါသည်။

အမေရိကန် ပြည်တွင်းစစ်၏နောက်ဆုံး ရက်သတ္တပတ်များ ကာလအတွင်း ဗိုလ်ချုပ်ကြီး Grant ၏ ကြည်းတပ်က Petersburg မြို့ကိုဝိုင်းရံထားရာ တစ်ညတွင် ၄င်း၏ ရုံးအဖွဲ့အရာရှိတစ်ဦးက သူ့အား လာနှိုးပြီး၊ တစ်ဖက်ရန်သူဖြစ်သည့် ဗိုလ်ချုပ်ကြီး Lee ၏ ကြည်းတပ်က ကျွန်ုပ်တို့၏ စစ်တောင်ပံကို တိုက်ခိုက်လိမ့်မည်ဟု သတင်းရရှိကြောင်း တင်ပြရာ Grant က ခဏကလေး စဉ်းစားပြီးနောက် "ဒါ မဖြစ်နိုင်ဘူး" ဟု ကောက်ချက်ချလိုက်သည်။

၄င်းဗိုလ်ချုပ်ကြီး နှစ်ဦးတွင် Eisenhower သည် ကျွမ်းကျင်ပိုင်နိုင်သည့် ဝန်ထမ်းတစ်ဦးနှင့် ပါရမီရှိသည့် မန်နေဂျာတစ်ဦး ဖြစ်ခဲ့ပြီး မိမိ၏အသိစိတ်ကို မည်သည့်အချိန်တွင် အားထားရမည်ကို သိပါသည်။ Grant သည် လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ခဲ့သည်ကားမဟုတ်။ ၄င်းသည် Lee ကိုလည်းကောင်း၊ Lee တပ်ဖွဲ့၏ အင်အားနှင့် အားနည်းမှုများကိုလည်းကောင်း သိရှိထားရာ ၄င်း၏ အသိစိတ် (သိထားမှု) သည် သတင်းစုံလင်သည့် အသိစိတ်ဖြစ်ရာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

"မဖြစ်နိုင်" ဟူသည့် ဆုံးဖြတ်ချက်ကိုချမှတ်ရန် အချိန်အားဖြင့် တစ်မိနစ်မျှသာကြာပါသည်။ ဆန့်ကျင်ဘက် အခြင်း အရာတစ်ရပ်ရပ်ကြောင့် သင့်လမ်းကြောင်းကို ရပ်ပစ်သင့်သည့် အချိန်အနေကျိုးလည်း ရှိပါလိမ့်မည်။ ၄င်းကိစ္စကို ဆင်ခြင်သုံးသပ်ပြီးနောက် ဆိုးကျိုးထက် ကောင်းကျိုးကပိုများပါလျှင် ၄င်းကိစ္စကို ဆုံးဖြတ်၍ ဆက်လက်ဆောင်ရွက်ပါ။

ကျွန်ုပ်အနေဖြင့် ပူးတွဲကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက် လအနည်းငယ်ကြာကာလဖြစ်သည့် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက် ညဘက်တွင် ဖိလစ်ပိုင် သမ္မတ Corazon Aquino အားဆန့်ကျင်သည့် စစ်ဘက်မှ အာဏာသိမ်းရန်ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပေါ်လာခဲ့သည်။ သမ္မတ Aquino အနေဖြင့် လေတပ်က ၄င်းအာဏာသိမ်းမှုတွင် ပါဝင်ပြီး သမ္မတနန်းတော်အား ဗုံးကြဲလာမည်ကို စိုးရိမ်လျက်ရှိပါသည်။ ဤသို့ မဖြစ်ရေးအတွက် အနီးရှိ ဖိလစ်ပိုင် လေတပ်စခန်းအား ဗုံးကြဲတိုက်ခိုက်ရန် အိမ်ဖြူတော်အား ဆက်သွယ်ပြောကြားပါသည်။ ထိုလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် အိမ်ဖြူတော်မှ ကျွန်ုပ်အား ညွှန်ကြားသည်ကို လက်ခံရရှိပါသည်။ Clark လေတပ်စခန်းရှိ F- 4 လေယာဉ်များဖြင့် ဆောင်ရွက်ပါက လွယ်ကူသောကိစ္စဖြစ်သည်ကို ကျွန်ုပ်သိပါသည်။ အလားတူပင် ဗုံးကြဲလျှင်၊ ဖိလစ်ပိုင်လူမျိုးများ သေကျေဒဏ်ရာရပြီး ပစ္စည်းပစ္စယများ ပျက်စီးဆုံးရှုံးမည်ကိုလည်း ကျွန်ုပ်အတွေ့အကြုံအရ သိပါသည်။ အာဏာသိမ်းမှု အောင်မြင်သည်၊ မအောင်မြင်သည်ကို အသာထား၍ သေကျေကြပြီး ပစ္စည်းများဆုံးရှုံးရမှုအတွက် ဖိလစ်ပိုင်တို့ကာ ကျွန်ုပ်တို့အား ဝေဖန်ကြမည်မှာလည်း သေချာပါသည်။ သမ္မတနန်းတော် ဗုံးကြဲခံရမည့်အရေးမှ လွတ်ကင်းရန် တခြား နည်းလမ်းရှိနိုင်သေးသည်ဟုလည်း ကျွန်ုပ်၏ အသိစိတ်က ကျွန်ုပ်အားပြောပါသည်။ ဝါရှင်တန်သို့ ရောက်ရှိနေသည့် ပစိဖိတ်ရေတပ် တပ်မှူး Admiral Hunt Hardisty နှင့် ကျွန်ုပ်တို့သည် အခြားနည်းလမ်းတစ်ရပ်ကို ကြံဆခဲ့ရာ ၄င်းနည်းလမ်းမှာ F-4 လေယာဉ်များက "အလွန်အမင်း ရန်လိုသည့် ရည်ရွယ်ချက်ရှိသည်" ဟူသော ဟန်ဆောင်အယောကိုပြ၍ ၄င်းလေတပ်စခန်းအပေါ် အနိမ့်မှ ဖြတ်ကျော်ပျံသန်းစေရန်ဖြစ်သည်။ အကယ်၍ ဖိလစ်ပိုင် လေယာဉ်တစ်စင်းစင်းက ပြေးလမ်းပေါ်ရောက်လာလျှင် ၄င်းရှေ့နှောင့်နေရာကို ပစ်ခတ်ရန် သို့မဟုတ် ချိုင့်ခွက်ဖြစ်အောင် ပြုလုပ်ရန်ဖြစ်သည်။ အကယ်၍ ၄င်းလေယာဉ်တစ်စင်းစင်းက ပြေးလမ်းမှ ပျံတက်ပြီဆိုလျှင် ၄င်းလေယာဉ်ကို ပစ်ချရန်ဖြစ်ပါသည်။ ဖိလစ်ပိုင် လေယာဉ်များသည် မြေပြင်တွင်ပင် နေလျက်ရှိပါသည်။ နာရီအနည်းငယ်ကြာသောအခါ အာဏာသိမ်းမှုမှာလည်း ပြီးဆုံးသွားပါသည်။ ၄င်းအကျပ်အတည်း ကာလအတွင်း အဆက်အသွယ်မရခဲ့သော ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီး Fidel Ramos အား နောက်ပိုင်းတွင် အဆက်အသွယ်ရရှိပြီး ရှင်းပြခဲ့ရာ ဗုံးမကြဲခဲ့သည့်အတွက် များစွာကျေးဇူးတင်ခဲ့ပါသည်။

ကျွန်ုပ်က တစ်ခုခုကိုရွေးချယ်ရန် အဆက်အခဲကြုံတိုင်းတွင် ကျွန်ု၏ ချဉ်းကပ်နည်းမှာ အခြေအနေကို ခန့်မှန်း

the bookhouse
be where your future

www.burmeseclassic.com

www.burmeseclassic.com

တွက်ချက်ခြင်းပင်ဖြစ်သည်။ ငှင်းမှာ ကျွန်ုပ်နှင့် အကျွမ်းဝင်နေသည့် စစ်ရေးဆောင်ရွက်မှုဖြစ်စဉ် တစ်ရပ်ပင်ဖြစ်သည်။ အခြေအနေတစ်ရပ်ရပ်၊ လုပ်ငန်းတာဝန်၊ ရွေးလမ်းအမျိုးမျိုး၊ ငှင်းရွေးလမ်းတစ်ခုနှင့် တစ်ခုကိုနှိုင်းယှဉ်ချက်၊ ဆုံးဖြတ်သည့် လမ်းက အောင်မြင်ဖွယ်အရှိဆုံးနည်း စသဖြင့် ဆင်ခြင်သုံးသပ်ပြီးနောက် သင်၏သတင်းစုံသည့် အသိစိတ်(အသိတရား) အတိုင်း လိုက်နာပါ။ ဆုံးဖြတ်ပါ။ အားနှင့်အင်နှင့် ဆောင်ရွက်ပါ။ ထိုနောက် အသက်ပြင်းပြင်းရှူပြီး ငှင်းကိစ္စ အလုပ်ဖြစ်မည်ကို မျှော်လင့်ထားပါ။ ထိုသို့ ဆောင်ရွက်စဉ် "မျှော်လင့်ချက်ဆိုသည်မှာ မကောင်းသည့် (ဆိုးသည့်) ညလယ်စာတစ်ခုဖြစ်ပါသည်။ သို့သော် ငှင်းသည် ကောင်းသော နံနက်စာဖြစ်ပါသည်" ဆိုသည်ကို သတိရပါလေ။"hope is a bad supper, but makes a good breakfast."

စည်းကမ်းချက် (၇) - အခြားသူ၏ ရွေးလမ်းများကို ခင်ဗျားက မချမှတ်ပါနှင့်၊ ခင်ဗျားရဲ့ ရွေးလမ်းများကိုလည်း တခြားသူအား ချမှတ်ခွင့် မပြုပါနှင့်။

"သင်၏ တပ်ဖွဲ့က သို့မဟုတ် သင်က တစ်ခုခုပြုလုပ်မှု အတွက်လည်းကောင်း၊ ပြုလုပ်ရန် ပျက်ကွက်မှုအတွက် သော်လည်းကောင်း လုံးဝတာဝန်ယူရန် တပ်ထဲတွင် သင်ကြားပို့ချခဲ့ပါသည်။ အဆုံးတွင် တာဝန်ယူရသူမှာ သင်ပင်ဖြစ်သည့် အတွက် ရွေးချယ်မှုများလိုလည်း သင်၏ရွေးချယ်မှုပင် ဖြစ်ပါစေ။

ဤသို့ဆိုခြင်းကြောင့် ဆုံးဖြတ်ချက်ချရာတွင် အထီးတည်း (အထီးအကျန်) ဖြစ်ရမည်ဟု မဆိုလိုပါ။ အခြားသူများထံမှ အကြဲအဉာဏ်များကိုလည်းရယူပါ။ သို့သော် သင်၏ပတ်လည်ရှိ လူများတွင် အကြံပေးချက်များရှိပြီး ငှင်းတို့အတွက် အကြံပေးတတ်သည်ကိုလည်း သတိပြုရပါမည်။ သင်၏ သတင်းစုံသည့် ပင်ကိုစိတ် (အသိတရား)သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အခိုင်မာဆုံး အခြေခံပင်ဖြစ်သည်ဆိုသည်ကို မည်သည့်အခါမျှ မမေ့ပါနှင့်။

အမှန်စင်စစ်အားဖြင့် ရွေးချယ်မှုသည် သင်၏ ရွေးချယ်မှုအဖြစ် အမြဲတမ်းရှိသည်ကား မဟုတ်ပါ။ သာဓကအားဖြင့် တပ်ထဲတွင် တာဝန်အရလုပ်ဆောင်ရသည်များ ရှိတတ်ပါသည်။

၁၉၈၅ ခုနှစ်တွင် ကျာမနီ၌ ခြေလျင်တပ်မ၏ တပ်မှူးအဖြစ် အရွေးခံခဲ့ရပါသည်။ ငှင်းတာဝန်ကို ကျွန်ုပ်ကလည်း အပြင်းအထန်ပင်လိုလားခဲ့ပါသည်။ သို့သော် ကြည်းတပ်က ကျွန်ုပ်အနေဖြင့် ပင်တဂွန်တွင်ပင်ရှိနေပြီး ကာကွယ်ရေးဝန်ကြီး Caspar Weinberger ၏ အကြီးတန်းစစ်ဘက်လက်ထောက်အဖြစ် ခက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

တစ်နှစ်ကြာသောအခါ ကျွန်ုပ်သည် ပင်တဂွန်မှ ထွက်ခွာနိုင်ခဲ့ပြီး ကျာမနီရှိ တပ်ဖွဲ့၏တပ်မှူးတာဝန်ကို ယူနိုင်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ခဲ့ပါသည်။ ထိုနောက် ဒုတိယ အမျိုးသားလုံခြုံရေး အကြံဉာဏ်ပေးအဖြစ် တာဝန်ထမ်းဆောင်ရန် ဝါရှင်တန်သို့ ပြန်ခေါ်ခံရပြန်ပါသည်။ ဤသည်မှာ ကျွန်ုပ်၏ စစ်သားဘဝကို ဆုံးခန်းတိုင်စေမည်ဟု ကျွန်ုပ်ထင်မြင်ယူဆသဖြင့် ကျွန်ုပ်က ၄င်းကိစ္စတွင် တင်းခံခဲ့ပါသည်။ ကိစ္စက ထိုမျှအထိ အရေးကြီးသည်ဆိုပါလျှင် သမ္မတက ကျွန်ုပ်အား မခေါ်ယူသင့် ဘူးလားဟု ကျွန်ုပ်က မေးမြန်းပါသည်။ သမ္မတက ခေါ်ယူခဲ့ရာ ကျွန်ုပ်သည် တပ်ဖွဲ့မှ ထွက်ခွာခဲ့ပါသည်။ (၁၁) လ ကြာသောအခါ သမ္မတ Reagan ၏ ကျန်ရှိသော သမ္မတသက်တမ်းကာလအတွက် ကျွန်ုပ်သည် အမျိုးသား လုံခြုံရေး အကြံပေးဖြစ်လာပါသည်။

ကျွန်ုပ်အတွက် တပ်ကပြုလုပ်သည့် ရွေးချယ်မှုများကို အပြစ်တြောရန် ခက်ခဲပါသည်။ အများအားဖြင့် ၄င်း ရွေးချယ်မှုများမှာ ကောင်းမွန်ကြပါသည်။ သို့သော် ကျွန်ုပ်သည် တပ်ကထွက်ပြီးကတည်းက ကျွန်ုပ်၏ ပင်ကိုအသိစိတ် အတိုင်း ဆောင်ရွက်ရန် လွတ်လပ်မှုကို ပို၍ရရှိခဲ့ပါသည်။

အလုပ်ပေးခြင်းဖြင့် နှစ်သိမ့်ခံရသည်မှာ လွယ်ပါသည်။ ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အလုပ်ထွက် လာသောအခါ အများအားဖြင့် ငွေရေးကြေးရေးဌာနကြီးများဖြစ်ကြသည့် ကော်ပိုရေးရှင်းများတွင် ကျွန်ုပ်အား အလုပ်ခန့် ရန် ကမ်းလှမ်းလာကြပါသည်။ ငွေကြေးအရ ချီးမြှင့်ငွေများမှာလည်း အသက်ရှူမှားလောက်အောင်ပင်ဖြစ်ပြီး အလုပ်မှာ လည်း အားစိုက်ခွန်စိုက်လုပ်ရသည့် အလုပ်မျိုး မဟုတ်ပါ။ ကျွန်ုပ်အနေဖြင့် ဘဏ်လုပ်ငန်း၊ ငွေရေးကြေးရေးတို့ကို တတ်ရန်မလို၊ ကျွန်ုပ်အား အထောက်အကူပေးရန် ကျွမ်းကျင်သူများရှိနေလိမ့်မည်ဟု ထြောကြပါသည်။

၄င်းအလုပ်နေရာများသည် ဘဏ္ဍာရေးနှင့် လူမှုရေးအရ တန်ဖိုးရှိကြောင်းကို ကျွန်ုပ်များလည်ပါသည်။ သို့သော် ကျွန်ုပ်၏ပင်ကိုအသိစိတ်က ငြင်းပါသည်။ ၄င်းတို့အတွက် ကျွန်ုပ်လုပ်ပေးနိုင်သည့် အတိုင်းအတာကို ၄င်းတို့က လိုချင် ပါသလား။ သို့မဟုတ် ကျွန်ုပ်က ဆောင်ယူလာမည့် ကျော်ကြားမှုအတွက် ကျွန်ုပ်ကို ၄င်းတို့က လိုချင်ပါသလား။ ကျွန်ုပ်အနေဖြင့် အဖြစ်နိုင်ဆုံးက တံခါးဖွင့်ပေးသူနှင့် ညစာစားပွဲအတွက် အိမ်ရှင်တစ်ဦးအဖြစ်သာ ဖြစ်နိုင်လိမ့်မည်ဟု ကျွန်ုပ်၏အသိစိတ်က ထြောပါသည်။ အမှန်စင်စစ်အားဖြင့် ၄င်းလုပ်ငန်းများအတွက် ကျွန်ုပ်တွင် သက်ဆိုင်သည့်အတွေ့ အကြုံသော်လည်းကောင်း၊ ကျောထောက်နောက်ခံသော်လည်းကောင်း မရှိပါ။ အဆုံးတွင်မူ ကျွန်ုပ်သည် ညွှတ်လွယ် ထြောင်းလွယ်နေထိုင်မှုနှင့် လွတ်လပ်မှုကို ပို၍နှစ်သက်ပါသည်။ ၄င်းလုပ်ငန်းကြီးများက ကျွန်ုပ်အတွက် တစ်ခုခုကို ရွေးချယ်ပေးရန် ကြိုးစားကြပါသည်။ သို့သော် ကျွန်ုပ်က ကျွန်ုပ်၏ ကိုယ်ပိုင်ရွေးချယ်မှုကိုသာ ပြုလုပ်ပါသည်။

ကျွန်ုပ်၏သူငယ်ချင်းကောင်းများအနက် တစ်ဦးက ကျွန်ုပ်၏ အသိစိတ်ကို ပုံသွင်းရာ၌ ကျွန်ုပ်ကို ကူညီပါ သည်။ ကမ်းလှမ်းချက်များကို ၄င်းနှင့်တိုင်ပင်ရာ ၄င်းက "ခင်များက ဘာဖြစ်လို့ အခြားသူရဲ့တီရှပ်အင်္ကျီကို ကောက်ချင်ရတာ

www.burmeseclassic.com

www.burmeseclassic.com

လဲ၊ ခင်ဗျားကိုယ်တိုင်ဟာ ခင်ဗျားရဲ့ အမှတ်တံဆိပ်ပါပဲ။ ခင်ဗျားရဲ့ တီရှပ်အင်္ကျီကို ခင်ဗျားဝတ်ပါ"ဟု ပြန်ပြောခဲ့ပါသည်။

ဖြစ်လာခဲ့သလိုပင် ကျွန်ုပ်၏ ဝင်ကိုအသိစိတ်သည် ကျွန်ုပ်လောလောဆယ် ရွေးချယ်မှုနှင့်ပတ်သက်၍ မှန်ကန်သည် သာမက ကြိုတင်၍ အတက်ဟောနိုင်လာသလိုပင် ဖြစ်ခဲ့သည်။ ကျွန်ုပ်အား ကမ်းလှမ်းခဲ့သည့် ချီးမြှင့်ငွေဆိုသည်မှာ နှတ်သမီးပုံပြင်ထဲက ငွေကြေးလိုဖြစ်လာခဲ့သည်။ ကျွန်ုပ်အား ကမ်းလှမ်းခဲ့သော လုပ်ငန်းကြီးများသည် ၂၀၀၈ ခုနှစ် စီးပွားရေးအကျပ်အတည်းတွင် အရှိမှာ ကျဆုံးခဲ့ပြီး အရှိမှာ ကျဆုံးလုနီးပါးဖြစ်ခဲ့ပါသည်။ ဤသို့သော သေနတ်ကျည်ဆန်ကို ရှောင်တိမ်းနိုင်သည့်အတွက် ကျွန်ုပ်ဝမ်းမြောက်မိပါသည်။

ကျွန်ုပ် တပ်မတော်မှ အနားယူပြီး နှစ်နှစ်တာကြာမြင့်သော ၁၉၉၅ ခုနှစ်တွင်ကြုံရသော ရွေးချယ်ရမှုတစ်ခုနှင့် နှိုင်းဆလျှင် အထက်ပါ ဆွဲဆောင်မှုများမှာ အရေးမကြီးသလောက်ပင်ဖြစ်ပါသည်။ ၄င်းနှစ်နှစ်အတွင်း ကျွန်ုပ်သည် လူထုမျက်ကွယ်တွင် နေထိုင်၍ ကိုယ်ပိုင်ဘဝတွင် မွေ့လျော်နေခဲ့ပါသည်။ မှတ်တမ်းများကိုရေးပါသည်။ နိုင်ငံတစ်လျှောက် သွားလာရင်း စကားပြောဆိုပါသည်။ ကျွန်ုပ်၏စာအုပ်ကို ထုတ်ဝေလိုက်သောအခါ ကျွန်ုပ်သည် စာအုပ်ကိစ္စဖြင့် ရက်သတ္တပတ်ကြာ ခရီးထွက်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် ပြည်သူတို့နှင့် ပို၍ထိတွေ့လာသည်။ လူအုပ်ကြီးများမှာ သောင်းသောင်းဖြဖြပင်ဖြစ်သည်။ ဤကဲ့သို့ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ် မည်သည့်အခါမျှ မတွေးမိပါ။ ထိုသို့ တွေ့ဆုံတိုင်းတွင် နိုင်ငံရေးရာထူးအတွက် ရွေးကောက်ပွဲဝင်မည်လောဟူသည့်ကိစ္စ ပေါ်ခဲ့ပါသည်။ ပြည်သူတွေက ကျွန်ုပ်အား သမ္မတလောင်းတစ်ဦးကဲ့သို့ ပြောဆိုဆက်ဆံပါသည်။

ကျွန်ုပ်သည် မည်သည့်အခါကမျှ နိုင်ငံရေးရည်ရွယ်ချက်များကို မထားရှိခဲ့သော်လည်း ရွေးကောက်ပွဲဝင်ရေးကို စဉ်းစားရန်ဖြစ်လာခဲ့သည်။ သူငယ်ချင်းများ၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေးပြီးနောက် ကျွန်ုပ်အနေဖြင့် ရွေးကောက်ပွဲဝင်ရန် တာဝန်ရှိသည်ဟု ကျွန်ုပ် အသိစိတ်က ကျွန်ုပ်အားပြောပါသည်။ တစ်ချိန်တည်းတွင် သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရန် ရွေးချယ်မှုမှာ ခက်ခဲပြင်းထန်သော ရွေးလမ်းတစ်ခုဖြစ်ကြောင်းကို ကျွန်ုပ် အသိစိတ်က ပြောကြားလာပြန်ပါသည်။ ဆုံးဖြတ်ရမည့်ကိစ္စနှင့် ဤသို့ နပန်းလုံးနေရသည့် နှစ်လတာအချိန်ကာလမှာ ကျွန်ုပ်၏ဘဝတွင် အခက်ခဲဆုံးအချိန်အခါပင် ဖြစ်ကောင်းဖြစ်ပါမည်။ ကျွန်ုပ်စိတ်ထဲတွင် နှစ်ခွဖြစ်နေသည်။ ကိုယ်အလေးချိန်ကျဆင်းလာသည်။ အိပ်ရှဲ့မရဘဲ ဒုက္ခရောက်ရသည်။ မိသားစုအတွင်းတွင်လည်း သဘောကွဲကြသည်။

အရင်းနှီးဆုံးသူငယ်ချင်းများက ရွေးကောက်ပွဲမဝင်ရန် ပြောကြသည်။ အကယ်၍ ကျွန်ုပ်က ဝင်ရန်ဆုံးဖြတ်ပါက ထောင်း ၄င်းတို့က ကူညီကြမည်ဖြစ်သည်။ သူတို့က ကျွန်ုပ်အကြောင်းကို သိသလို ကျွန်ုပ်ကလည်း ကျွန်ုပ်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သိပြီး သမ္မတရွေးပွဲ မဲဆွယ်မှုသည် ကျွန်ုပ်အတွက် မသင့်တော်ဟု ကျွန်ုပ်ခံစားရပါသည်။

ကျွန်ုပ်ကိုယ်တိုင်က ဆုံးဖြတ်ချက်ချရပါမည်။ ကျွန်ုပ်သည် သမ္မတဖြစ်လိုမှုဆန္ဒဖြင့် အိပ်ရာမှ နိုးထလာခြင်း တစ်ရက်တလေမျှ မရှိတော့ပါ။ ၄င်းအချက်က ကျွန်ုပ်၏ဆုံးဖြတ်ချက်ချမှတ်မှုကို မောင်းနှင်ခဲ့ပါသည်။ ကျွန်ုပ်သည် နိုင်ငံရေးပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ ဤကဲ့သို့ ကျွန်ုပ်၏အသိစိတ်က ပြောလာသည်ကို ကျွန်ုပ်က လက်ခံလိုက်သောအခါ ရွေးချယ်မှုပြုရန်မှာ ရှင်းလင်းပါသည်။ ဆုံးဖြတ်ချက်ချရန် လွယ်ကူပါသည်။

ကျွန်ုပ်အနေဖြင့် နောင်တရမိပါသလားဟု ကိုယ့်ကိုယ်ကိုယ် နေ့တိုင်းမေးမိပါသည်။ အဖြေမှာ နောင်တမရမိပါဟူ၍ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်၏ရွေးချယ်မှု၊ ကျွန်ုပ်မိသားစု၏ ရွေးချယ်မှု၊ မှန်ကန်သော ရွေးချယ်မှုဝင်ဖြစ်သည်။ ကျွန်ုပ်သည် ဆက်လက်လှုပ်ရှားခဲ့ရာ ကျွန်ုပ်၏ လိုအင်ကို နှစ်သိမ့်စေရန်ဖြစ်သည့်အလုပ်များဖြင့် ကျွန်ုပ်၏ နိုင်ငံအား အလုပ်အကျွေးပြုရန် တာဝန်တို့ကို တွေ့ရှိရပါသည်။ ကျွန်ုပ်က ဤသို့ဆုံးဖြတ်သဖြင့် လူအများအပြားကို စိတ်ပျက်မိစေပါသည်။ သို့သော် အခြားသောလူအများအပြားကို ပျော်ရွှင်မိစေပါသည်။ ဤသည်မှာ ကျွန်ုပ်၏ ရွေးချယ်မှုပင်ဖြစ်ပါသည်။

စည်းကမ်းချက်(စ) – အသေးအဖွဲတို့ကို စိစစ်ပါ။

"သံတစ်ချောင်းလိုနေသည့်အတွက်..." ဟူသော စကားရှိပါသည်။ ထိုစကားက အသေးအဖွဲ အပြုအမူကြောင့် ကြီးမားသည့် အကျိုးဆက်ကိုဖြစ်စေနိုင်ကြောင်းကို သတိပေးပါသည်။

အောင်မြင်မှုသည် အဆုံးစွန်တွင် သေးငယ်သည့်ကိစ္စရပ်များပေါ်တွင် မူတည်ပါသည်။ သင်သည် ရာထူးကြီးလာလေလေ ခမ်းနားထည်ဝါမှုအရ ထိတွေ့မှုနည်းပါးလာလေလေဖြစ်ပြီး အပေါ်ဆုံးအထပ်တွင်နေသူက အောက်ဘက်ရှိ အထပ်(၆)ထပ်တွင် မည်သို့ဖြစ်နေသည်ကို သိရှိရန် ခက်ခဲလေလေဖြစ်လာသည်။

နည်းတစ်နည်းမှာ အပေါ်ဆုံးထပ်မှထွက်ခွာပြီး လက်တွေ့ဘဝထဲသို့ သွားရောက်ရန်ဖြစ်သည်။ သင့်အနေနှင့် အောက်ထပ်သို့ဆင်း၍ လေ့လာမည်ကိုမည်သူ့ကိုမျှ ကြိုမပြောပါနှင့်။ ကျွန်ုပ်ကမူ ကားထဲမှထွက်လာပြီး ဟိုဟိုဒီဒီ ကြည့်ရှုရန် ပို၍လိုလားပါသည်။ ညစ်ပေနေသည့် စက်ပြင်ဆရာများ၊ ပွစာကြိုနေသည့် စက်အစိတ်အပိုင်းများဝယ်ရာ စောင့်ကြည့်နေသည့် အကြီးတန်းအရာရှိများမရှိသော ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံတစ်ခုက ပုံစံကျ (၃)လပတ် အဓိရင်ခံစာထက် ပြုပြင်ထိန်းသိမ်းရေးအခြေအနေကို ပို၍ပြောပြပါသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

စစ်တန်းလျားများကို စစ်ဆေးတိုင်းတွင် အိပ်ဆောင်များ နှစ်ထပ်ခုတင်များ စသည်တို့ကို စစ်ဆေးပါသည်။ (ယခုအခါ နှစ်ထပ်ခုတင်၊ နံရံကပ်ခုတင်များမရှိတော့ဘဲ ကောလိပ်များရှိ ကျောင်းသူကျောင်းသားအဆောင်များကဲ့သို့ သော အဆောင်များတွင် တပ်ဖွဲ့ဝင်များကို ထားရှိပါသည်။) အိမ်သာများကိုလည်း လျှပ်တစ်ပြက်စစ်ဆေးပါသည်။ သန့်ရှင်းမှုရှိမရှိကိုကြည့်ရန်သာမဟုတ်ဘဲ အိမ်သာသုံးစက္ကူ ပြတ်လပ်နေသလား၊ ကြည့်မှန်များ ကွဲနေသလား၊ ရေချိုးခန်း ရေပန်းခေါင်းများ မရှိဘဲဖြစ်နေသလား စသည်တို့ကို စစ်ဆေးပါသည်။ ထိုသို့ စစ်ဆေးတွေ့ရှိမှုများက ကိစ္စရပ်အများ အပြားအနက် တစ်ခုခုကိုပြောပြပါသည်။ တပ်ဖွဲ့သည် ထိန်းသိမ်းရေးရန်ပုံငွေလိုနေသည်။ ၄င်းအရာများကို မည်သူကမျှ စစ်ဆေးခြင်းမရှိ၊ တပ်ဖွဲ့ကို ကောင်းစွာကြီးကြပ်ခြင်းမရှိ စသည်တို့ကို ပြောပြပါသည်။ ၄င်းတို့ကို ရှာဖွေဖော်ထုတ်ပြီး ဖြည့်စွက်ပေးပါ။

နောက်လိုက်ငယ်သားများ၊ တပ်ဖွဲ့ဝင်များသည် သေးငယ်သည့်အရာများရှိသည့် ကမ္ဘာထဲတွင် နေထိုင်ကြပါ သည်။ ခေါင်းဆောင်လုပ်သူသည် ပုံစံကျနည်းဖြင့်ဖြစ်စေ၊ ပုံစံမကျနည်းဖြင့်ဝင်ဖြစ်စေ၊ ၄င်းကမ္ဘာကို သိမြင်နိုင်သည့် နည်းလမ်းများကို ရှာကြံကြရပါမည်။ ထိုသို့ ကိုယ်တိုင် အမှတ်မထင် သွားရောက်စစ်ဆေးမှုအပြင် လက်ရှိစနစ်အရ ကျွန်ုပ် မသိနိုင်သည့်ကိစ္စကို ပြန်ပြောပြမည့် ကျွန်ုပ်နှင့် တိုက်ရိုက်ဆက်သွယ်သည့် အကဲခတ်သမားများကိုလည်း ထားရှိပါ သည်။

ကျွန်ုပ်၏ စစ်ဌာနချုပ်တွင်ဆိုလျှင် ၄င်းပုဂ္ဂိုလ်များမှာ တပ်တွင်းဘာသာရေးဆရာများ၊ အရာခံဗိုလ်နှင့် ၄င်း၏ ကွန်ရက်စစ်ဆေးရေးမှူးချုပ်နှင့် တံခါးဖွင့်သော ညတွင်ရောက်လာကြသော ဂျီအိုင်များဝင်ဖြစ်ကြပါသည်။ ကျွန်ုပ်သည် ပြင်ပမှမိတ်ဆွေများ၊ အဖွဲ့အတွင်းရှိ အေးဂျင့်များကို ယုံကြည်အားထားရာ ၄င်းတို့က အောက်ခြေသတင်းများကို ပေးကြပါ သည်။ ခေါင်းဆောင်လုပ်သူများသည် အောက်ခြေအထိ သိရှိရန်လိုအပ်ပါသည်။ အစီရင်ခံစာမှ အချက်အလက်များသက်သက် ကိုသာ မဟုတ်ဘဲ ထိုသို့ သိရှိရန် လိုအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နေ့တစ်နေ့၌ နေ့လယ်(၂)နာရီခန့်တွင် ဖြစ်ပါသည်။ ကျွန်ုပ်သည် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်းက အဆောက်အအုံမှ ထွက်ခွာသွားမည့် အမျိုးသမီးတစ်ဦးနှင့် တွေ့ပါသည်။ သူမက ကျွန်ုပ်အား သိရှိကြောင်း အမူအရာကိုမပြပါ။ အာယ်ကြောင့် အလုပ်မှ စောစောပြန်ကြောင်းကို သူမအား ကျွန်ုပ်က မေးပါသည်။

"ကျွန်မက အပြောင်းလဲလုပ်၍ရသည့် အလုပ်ချိန်ဖြင့် အလုပ်လုပ်ပါသည်။ ကျွန်မက နံနက်(၇)နာရီတွင် အလုပ်စပါသည်"ဟု ဖြေကြားပါသည်။ (စုစုပေါင်း အလုပ်ချိန်ကို မထိခိုက်စေဘဲ တစ်ဦးနှင့်တစ်ဦး အလုပ်ဝင်သည့် အလုပ်ချိန်နှင့် အလုပ်ဆင်းသည့် အလုပ်ချိန်တို့ကို မတူညီဘဲထားရှိသော စနစ်ဖြစ်ပါသည် flextime)။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကျွန်ုပ်သည် သိလိုစိတ်ဖြစ်လာပါသည်။ ၄င်းအလုပ်ချိန်စနစ်ကို ကျွန်တော် ကောင်းကောင်းမသိပါ။ သူမအား ဆက်လက်မေးမြန်းရာမှ ၄င်းအစီအစဉ်သည် ကောင်းသောအစီအစဉ်တစ်ခုဖြစ်ကြောင်း သိလာရပါသည်။ တိုးချဲ့ထိုက်သော အစီအစဉ်တစ်ခုပင်ဖြစ်သည်။ ယခုအထိ သူမသည် ကျွန်ုပ် မည်သူမည်ဝါဖြစ်သည်ကို မသိသေးဘဲရှိနေပါသည်။ ထို အလုပ်ချိန်ဖြင့် မည်သို့အလုပ်လုပ်ကြောင်းကို သူမအား ကျွန်ုပ်က မေးပါသည်။ သူမက "ရှင့်ရဲ့ အကြီးအကဲကို မေးကြည့်ပါ" ဟု ပြန်ဖြေပါသည်။

"Camp David အပန်းဖြေစခန်းမှ သူပြန်လာလျှင် တနလ်ာနေ့မှာ သူ့ကိုမေးပါမည်" ဟု ကျွန်ုပ်က ပြန်ပြောပါသည်။

သူမက ဣန္ဒြေမပျက်တဲ့ "ကောင်းတာပေါ့ ဒီလိုဖြစ်ပါစေလို့ မျှော်လင့်ပါတယ်" ဟု ပြန်ဖြေပါသည်။ ထို့နောက် သူမသည် ထွက်ခွာသွားခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် အပြောင်းအလဲလုပ်၍ရသည့် အလုပ်အချိန်နှင့် ပတ်သက်၍ များစွာ လေ့လာမိခဲ့ပါသည်။ ၄င်းအလုပ်ချိန်စနစ်မှာ ကျွန်ုပ်အတွက်ဆိုလျှင် အသေးအဖွဲကိစ္စဖြစ်သော်လည်း သူမနှင့်ကျွန်ုပ်၏ အလုပ်သမားများအတွက် ကြီးမားသည့်အရာတစ်ခု ဖြစ်ပါသည်။

စည်းကမ်းချက်အမှတ် (၉) - အောင်မြင်၍ ဂုဏ်ယူစရာဖြစ်လာလျှင် မျှဝေခံစားကြပါ။

ကိစ္စရပ်တစ်ခုသည် ကောင်းစွာအောင်မြင်ပြီဆိုလျှင် ၄င်းအောင်မြင်၍ ဂုဏ်ယူမှုကို အဖွဲ့အစည်းအတွင်းရှိ လူအားလုံးနှင့်အတူ ခွဲဝေခံစားစေရေးအတွက် သေချာအောင်ပြုလုပ်ပါ။ ထိုသို့ အောင်မြင်အောင်ပြုလုပ်သူမှာ အားလုံးသော အလုပ်သမားများပင်ဖြစ်ကြသည်ဆိုသည်ကို ၄င်းအလုပ်သမားများအနေဖြင့် ယုံကြည်မှုရှိပါစေ။ ၄င်းအောင်မြင်မှုအတွက် ပါဝင်သူများကို နှုံ့စပ်စွာပါဝင်စေရေးအတွက် ဖြစ်နိုင်သမျှ နည်းအားလုံးကို အသုံးပြုရပါမည်။ ၄င်းနည်းတို့တွင် ဆုချီးမြှင့်ခြင်း၊ တယ်လီဖုန်းဖြင့် ပြောကြားခြင်း၊ မှတ်ချက်ရေးသားခြင်း၊ စာရေးသားခြင်း၊ နောက်ကျောကိုပုတ်၍ ချီးကျူးခြင်း၊ ပြီးပြည်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်း စသည်တို့ဖြစ်ကြပါသည်။ လူတို့သည် စားစရာနှင့် ရေကိုလိုအပ်သကဲ့သို့ပင် အသိအမှတ်ပြုမှုကိုလည်းကောင်း ထိုက်တန်ကြောင်း ခံစားရမှုကိုလည်းကောင်း လိုအပ်ပါသည်။

စစ်တပ်ထဲတွင် တပ်မှူး အပြောင်းအလဲလုပ်သည့် အခမ်းအနားကို ကြီးကြီးကျယ်ကျယ်စီစဉ်၍ စည်ကားသော လုပ်ဆောင်ကြပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူ Hank "the Gunfighter" Emerson သည် ဤသို့သော အခမ်းအနားမျိုးကို ကြိုက်နှစ်သက်သူမဟုတ်ပါ။ ကိုရီးယားရှိ Camp Casey တွင် ကျွန်ုပ်က တပ်ရင်းမှူးဘဝနှင့်

www.burmeseclassic.com

bookhouse

www.burmeseclassic.com

ယူရသောအခါ ငှင်းသည် ကျွန်ုပ်၏ တပ်မမှူးဖြစ်ပါသည်။ ငှင်းတပ်မှူးအပြောင်းအလဲ အခမ်းအနားတွင် တပ်မှူးနှစ်ဦး ဝန်ထမ်းရုံးအဖွဲ့နှင့် တပ်ရင်းမှူးများက ကွင်းအလယ်တွင် ရှိနေပါသည်။ ငှင်းတို့နောက်နားတွင် အခြားတပ်ဖွဲ့ဝင်များ မရှိကြပါ။ ထို့နောက် တပ်ရင်းအလံများကို လွှဲပြောင်းကြပါသည်။ မိန့်ခွန်းပြောကြားမှုမရှိပါ။ ဤသည်ကို ကျွန်ုပ် သဘောကျပါသည်။

နှစ်အနည်းငယ်ကြာသောအခါ Fort Bragg ရှိ အမှတ် XVIII လေကြောင်းချီတပ်မှ Gunfighter မှာ စွန့်ခွာရမည့် အချိန်ရောက်လာသည်။ ငှင်းအချိန်က ကျွန်ုပ်သည် Kentucky ပြည်နယ် Fort Campbell ရှိ အမှတ်(၁၀၁) တပ်မတွင် တပ်မဟာမှူးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်တပ်များမှာ Gunfighter ၏ လက်အောက်ရှိ တပ်တစ်တပ်ဖြစ်ပါသည်။ ငှင်းတပ်မှူးအပြောင်းအလဲအခမ်းအနားကို စီစဉ်ရန် Gunfighter က ကျွန်ုပ်အား အပ်နှံပေးထားပါသည်။ ငှင်းက ကျွန်ုပ်အား စစ်ရေးပြစင်မြင့်သို့ခေါ်လိုက်ပြီး တန်းစီနေကြသော တပ်ဖွဲ့များမှ အရာရှိများအနေဖြင့် မိမိတပ်ဖွဲ့ကို အလေးပြုစေရန် ညွှန်ကြားခဲ့ပါသည်။ ငှင်းအခမ်းအနားကို ကျွန်ုပ်က ညွှန်ကြားဆောင်ရွက်ခဲ့ရာ အရာရှိများက မိမိတို့ တပ်သားများဘက်သို့လှည့်ပြီး အလေးပြုခဲ့ကြပါသည်။ ဤသည်မှာ အလွန်ပင် စိတ်လှုပ်ရှားစရာကောင်းသုပါသည်။ ငှင်းမှာ မိမိ၏ အောင်မြင်မှုကို မိမိလက်အောက်ရှိ တပ်ဖွဲ့ဝင်များကလည်း ပိုင်ဆိုင်ကြောင်းကိုပြသသည့် ဟန်ပန်အမူအရာ ပင်ဖြစ်ပါသည်။

အရေးပါသည်မှာ လူသားတို့၏ ဟန်အမူအရာပင်ဖြစ်ပါသည်။ ဆုတံဆိပ်၊ ပစ္စည်းပစ္စယ၊ ရာထူးတိုးပေးခြင်း၊ ဘော့နပ်ဆုပေးခြင်း၊ လစာတိုးမြှင့်ခြင်းတို့ကို ပြုလုပ်ပေးသည်မှာ ကောင်းပါသည်။ သို့သော် ပြည်သူထံသို့ အမှန်တကယ် ရောက်ရှိရန်အတွက် ငှင်းတို့နှင့် ထိတွေ့ရန်လိုအပ်ပါသည်။ ကြင်နာသောစကားတစ်ခွန်း၊ ကျောကုန်းကို ပုတ်ချီးကျူးခြင်း၊ လုပ်ဆောင်မှုကောင်းကြောင်း ပြောဆိုခြင်းကို တစ်ဦးပြီးတစ်ဦးအပေါ် လုပ်ဆောင်ခြင်းသည် အောင်မြင်မှုကို ခွဲဝေပေးသည့် နည်းလမ်းပင်ဖြစ်သည်။

အရာရာသည် မကောင်းဖြစ်လာသောအခါ ဤသည်မှာ သင်၏အမှားကြောင့်ပင်ဖြစ်ပြီး နောက်လိုက်များ၏ အမှားမဟုတ်ပါ။ သင့်တွင် တာဝန်ရှိပါသည်။ အဖြစ်အပျက် မည်သို့ဖြစ်သည်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာပါ။ ထို့နောက် လိုအပ်သည်များကို စီစဉ်ပြီး ရှေ့ဆက်ဆောင်ရွက်ပါ။ အားလုံးခြုံ၍ တစ်စုတစ်ဝေးတည်း အပြစ်ပေးခြင်းမျိုးကို မလုပ်ပါနှင့်။ လိုအပ်ပါလျှင် ဖြူတ်သင့်သူကိုဖြူတ်ပစ်ပါ။ ပို၍ပို၍ လေ့ကျင့်ပေးပါ။ တိုးမြှင့်၍ဆောင်ရွက်ရန် ထပ်ကာထပ်ကာ ပြောပါ။ ငှင်းတို့ကို ဆူပူကြိမ်းမောင်းချင် ကြိမ်းမောင်းပါ။ သို့သော် မအောင်မမြင်ဖြစ်ရခြင်းအတွက် သင့်တွင် တာဝန်ရှိသည်ဆိုသည်ကိုမူ ဘယ်တော့မျှ မမေ့ပါနှင့်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခြင်္ဂမ်ကို ခွဲဝေပေးပါ။ အပြစ်ကို တာဝန်ယူပါ။ လွဲမှားမှုများကိုရှာဖွေ၍ ပြန်ပြင်ပါ။ အပြင်းအထန် စိတ်ရောဂါခံစားနေရသူ လူငယ်များအတွက် ကျောင်းတစ်ကျောင်းကို ထောင်ထားသည့် စိတ်ရောဂါကုဆရာဝန်တစ်ဦးက စည်းကမ်းချက်တစ်ရပ်ကို ချမှတ်ထားပါသည်။ ၄င်းစည်းကမ်းချက်မှာ "သင်၏ပြုလုပ်မှုအတွက် သင်နှင့်မဆိုင်သည့် အကြောင်းပြချက်ကို သတ်မှတ်မည်ဆိုပါလျှင် ၄င်းသတ်မှတ်ချက်မှာ အကြောင်းပြချက်တစ်ရပ်မဟုတ်ဘဲ ရိုးမယ်ဖွဲ့မှု (ရမယ်ရှာမှု)တစ်ခုသာဖြစ်ပါသည်" ဟူ၍ ဖြစ်ပါသည်။ ၄င်းစည်းကမ်းချက်သည်လူတိုင်းအတွက် အလုပ်ဖြစ်ပါသည်။ အထူးသဖြင့် ခေါင်းဆောင်များအတွက် အလုပ်ဖြစ်ပါသည်။

စည်းကမ်းချက် (၁၀) - တည်ငြိမ်ပါ၊ ကြင်နာပါ။

ကသောင်းကနင်းဖြစ်နေသည့် အခြေအနေတွင် ကောင်းမွန်၍ တည်တံ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်မဟုတ်ပါ။ အချိန်အကန့်အသတ်ရှိသည့် ဆိုးဝါးသော အခြေအနေဖြစ်လေလေ တစ်ဦးတစ်ယောက်သည် ဝိုင်၍ စိတ်လှုပ်ရှားပြီး ဒယ်အိုးထဲကရေကဲ့သို့ ဟိုပြေးသည်ပြေးဖြစ်လေလေပင် ဖြစ်ပါသည်။

ထိုသို့သော အချိန်အခါမျိုးတွင် "တည်ငြိမ်စုန်" တစ်ခုကို ထူထောင်ရန် ကျွန်ုပ်ကြိုးပမ်းပါသည်။ သို့သော် အရေးပေါ်ကိစ္စဖြစ်ကြောင်း သတိရှိမှုကိုလည်း ထိန်းထားပါသည်။ အေးဆေးတည်ငြိမ်မှုက ငြိမ်ဝပ်ပိပြားမှုကို ကာကွယ်ပါသည်။ ဖြစ်နိုင်ခြေအားလုံးကို စဉ်းစားနိုင်ပါသည်။ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားသွားပါက ပြန်၍ထိန်းသိမ်းပေးပါသည်။ တစ်ဦးနှင့်တစ်ဦး အော်ဟစ်မှုကို ထိန်းထားပါသည်။

သင့်အနေဖြင့် မှန်တိုင်းစက်ကွင်းထဲသို့ရောက်နေပါပြီ။ မာလိန်မှူးသည် သင်္ဘောတည်ငြိမ်အောင် လုပ်ရပါမည်။ အတိုင်းအတာကိရိယာများကို စောင့်ကြည့်ရပါမည်။ ဌာနအကြီးအကဲများကပြောသည်ကို နားထောင်ရပါမည်။ ထို့နောက် ၄င်းမှန်တိုင်းကိုဖြတ်၍ မောင်းနှင်ရပါမည်။ အကယ်၍ ခေါင်းဆောင်က မစဉ်းစားနိုင်တော့ဘူးဆိုလျှင် ၄င်းအပေါ်ထား ရှိသည့် စိတ်ချယုံကြည်မှုမှာလည်း ဆုံးရှုံးရပါလိမ့်မည်။ ၄င်းအဖွဲ့အား အတူတကွရှိစေသည့် ထုံးဖွဲ့ထားမှုမှာလည်း စတင်၍ ကွဲထွက်လာပါလိမ့်မည်။ ထို့ကြောင့် အခြေအနေကို ခန့်မှန်းသုံးသပ်ပါ။ မြန်မြန်လှုပ်ရှားပါ။ ပြတ်သားပါ။ သို့သော် တည်ငြိမ်ပြီး ၄င်းတို့ကြောင့် သင့်အနေနှင့် ဘယ်တော့မျှ ချွေးမထွက်ပါစေနှင့်။

တည်ငြိမ်မှုဇုန်သည် စိတ်လှုပ်ရှားမှုနယ်ပယ်တစ်ကြောမှ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ၄င်းကိုထိန်းသိမ်းထား ရန် ကျွန်ုပ်က ဆောင်ရွက်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အခြေအနေကောင်းသည့် စိတ်လှုပ်ရှားမှုနှုန်တစ်ခုကိုထားရှိရန် ကြိုးပမ်းပါသည်။ ခေါင်းဆောင်တိုင်းကလည်း ထိုသို့ပြုသင့်ပါသည်။ ၄င်းဇုန်အတွင်း၌ သင်သည် အနည်းအကျဉ်း အနှောင့်အယှက်ဖြစ်နိုင်ပါသည်။ အနည်းအကျဉ်း စိတ်ဆိုးစရာဖြစ်နိုင်ပါသည်။ အနည်းအကျဉ်းအားဖြင့် ချစ်စရာကောင်းစေနိုင်ပါသည်။ ၄င်းဇုန်ထဲတွင် သင်သည် အေးဆေးတည်ငြိမ်ပါသည်။ သင်သည် စိတ်ဝင်စား၍ ဂရုတစိုက်ရှိနေပါမည်။ သို့စေကာမူ သင်သည် အကျိုးအကြောင်းဆီလျော်သည့်အတွာအဝေး တစ်နေရာတွင် ရှိနေပါသည်။ သင်သည် ရှေ့နောက် ညီညွတ်သည်။ ခန့်မှန်းရလွယ်ပါသည်။ သင်၏ဝန်ထမ်းအဖွဲ့က သင်၏ ၄င်းဇုန်ကို ကောင်းကောင်းသိပြီး ၄င်းနှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကိုလည်း ကောင်းကောင်းသိပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် အမှန်ပင် ပေါက်ကွဲတတ်ပြီး ၄င်းပေါက်ကွဲမှုသည် တစ်ခါတစ်ရံ မှန်ကန်ပြီး အကျိုးအကြောင်း ဆီလျော်မှုရှိပါသည်။

တပ်မတော်တွင်းရှိစဉ် အရာက်ကို အလွန်အကျွံသောက်သည့်နေ့ရက်ဟောင်းများထဲမှ နေ့တစ်နေ့တွင် အရာက်မူးပြီး ကားမောင်းသည့် တပ်ကြပ်ကြီးတစ်ဦးကို စစ်ဆေးပါသည်။ ၄င်းအနေဖြင့် ရာထူးအချခံရမည်။ ဒဏ်ရိုက်ခံရမည်ဆိုသည့် အရေးနှင့် ရင်ဆိုင်နေရသည်ကို သူသိပါသည်။ မိမိ၏အပြုအမူကြောင့်မဟုတ်ဘဲ ကျွန်ုပ်၏ အပြစ်ပေးမှုကြောင့် သူ၏ မိသားစုကို ထိခိုက်လိမ့်မည်ဟု သူကပြောလာပါသည်။ ကျွန်ုပ် အံ့သြမိပါသည်။ သူ၏မိသားစုကို ထိခိုက်အောင်ပြုလုပ်သူမှာ သူသာလျှင်ဖြစ်ပါသည်။ ကျွန်ုပ်မဟုတ်ပါ။ ကျွန်ုပ်သည် မတ်တတ်ရပ်လိုက်ပြီး စားပွဲခုံကို လက်သီးဖြင့်ထိုးလိုက်ရာ မှန်တွေကွဲထွက်ကုန်ပါသည်။ ကျွန်ုပ်၏ဝန်ထမ်းများက ခြေးလာပြီး ၄င်းတပ်ကြပ်ကြီးကို ကယ်ထုတ်သွားကြပါသည်။ ၄င်းတို့သည် ခါတိုင်း အေးဆေးတည်ငြိမ်သည့် တပ်မှူးက သတိတရားလက်လွတ်ဖြစ်သွားသည်ကို သူတို့က မယုံနိုင်ဘဲ ရှိကြပါသည်။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ကျွန်ုပ်အနေဖြင့် ကောင်းသည်ဟု ခံစားရပါသည်။ ထိုသို့ နောက်ထပ်ဖြစ်လိမ့်မည်ဟု ၄င်းတို့အား အသိပေးရသည့်အတွက် ကျွန်ုပ် ဝမ်းမနည်းမိပါ။

ကျွန်ုပ်သည် အခါအားလျော်စွာ ပေါက်ကွဲပါသေးသည်။ သို့သော် စားပွဲကမှန်ကို ခွဲမိခြင်းတော့ မရှိတော့ပါ။ ကျွန်ုပ်၏ အလွန်အမင်းဖြစ်သော မကျေမနပ်ဖြစ်မှုကို မည်သို့ထုတ်ဖော်ရမည်ကို သင်ခန်းစာရပြီးဖြစ်ပါသည်။ စစ်ဘက်တွင်ဖြစ်စေ၊ ကော်ပိုရေးရှင်းတို့တွင်ဖြစ်စေ တိုက်ပွဲအပြင်းထန်ဆုံးအချိန်တွင် ကြင်နာမှုသည် တည်ငြိမ်အေးချမ်းမှုကဲ့သို့ပင် နောက်လိုက်ငယ်သားများကို စိတ်ချလက်ချရှိစေပြီး ၄င်းတို့၏ ယုံကြည်အားထားမှုကို ဆုပ်ကိုင်နိုင်ပါသည်။ ကြင်နာမှုက အပြန်အလှန် လေးစားခြင်းတည်းဟူသော နှောင်ဖွဲ့မှုဖြင့် သင့်အား အခြားသောလူသားများနှင့် ဆက်သွယ်ပေးပါသည်။ အကယ်၍ သင်က သင်၏နောက်လိုက်ငယ်သားများကို ဂရုစိုက်ပြီး ကြင်နာမှုကိုပြသပါက ၄င်းတို့က အလို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အလှည့်အားဖြင့် တုံ့ပြန်လာပြီး သင့်ကို ဂရုစိုက်ပါလိမ့်မည်။ ၄င်းတို့က သင်ကျဆင်းမည်ကို ခွင့်ပြုမည်မဟုတ်ပါ။ သင့်အား ကျရှုံးစေလိမ့်မည်မဟုတ်ပါ။ ၄င်းတို့ရှေ့မှောက်သို့ ချဉ်းကပ်စွာရပ်ကို ၄င်းတို့က ပြီးခြောက်အောင် ဆောင်ရွက်ကြပါလိမ့်မည်။

စည်းကမ်းချက် (၁၁) - ရွှင်မြင်ချက်တစ်ခုထားရှိပါ။ အားစိုက်ပါ။

မိမိတို့၏ ခေါင်းဆောင်များက မိမိတို့အား မည်သည့်နေရာသို့၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ခေါ်ဆောင်နေသည်ဆိုသည်ကို **နောက်လိုက်ငယ်သားများက** သိရှိရန်လိုအပ်ပါသည်။ လုပ်ငန်းတာဝန်၊ ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာနှင့် ရွှင်မြင်ချက်ဆိုသည်တို့မှာ အဖွဲ့အစည်းများက ဆောင်ရွက်ပြီးစီးရန် ချမှတ်ထားမှုများကို ညွှန်ပြသည့် သမားရိုးကျ အခေါ်အဝေါ် စကားလုံးများဖြစ်ကြပါသည်။ ၄င်းစကားလုံးများသည် သာလွန်ကောင်းမွန်၍ အသုံးဝင်သောစကားလုံးများဖြစ်ကြသည်။ သို့သော် ကျွန်ုပ်က "ရည်ရွယ်ချက်" (purpose)ဟူသည့် အခေါ်အဝေါ်ကို ပို၍သဘောကျပါသည်။ ရည်ရွယ်ချက်သည် ရွှင်မြင်ချက်၏ ခရီးဆုံးပန်းတိုင်ပင်ဖြစ်သည်။ ရည်မှန်းချက်က ရွှင်မြင်ချက်ကို အားရှိစေပါသည်။ မောင်းနှင်ပါသည်။ ၄င်းရွှင်မြင်ချက်သည် အပြုသဘောဆန်ရမည်ဖြစ်ပြီး အားကောင်းရကာ အဖွဲ့အစည်းကို အလုပ်အကျွေးပြုရပါမည်။

ခေါင်းဆောင်တို့သည် မိမိတို့၏ ရည်ရွယ်ချက်ကို နောက်လိုက်ငယ်သားများ၏ အသက်ဝိညာဉ်တွင် မူးနစ်နေအောင် ဆောင်ရွက်ရပါမည်။ ၄င်းရည်ရွယ်ချက်သည် ထိပ်ဝိုင်းရှိ ခေါင်းဆောင်က စတင်ဖြစ်ပေါ်လာပြီး ပုံနှံ့လွယ်သော တက်ကြွလှုပ်ရှားသော သဲသဲမဲမဲဖြစ်သော ခေါင်းဆောင်မှုမှတစ်ဆင့် အဖွဲ့အစည်း၏ အောက်ခြေအထိရောက်ရှိစေရပါသည်။ နောက်လိုက်ငယ်သားတိုင်းတွင် အဖွဲ့အစည်းဆိုင်ရာ ရည်ရွယ်ချက်ရှိပြီး ၄င်းရည်ရွယ်ချက်က ခေါင်းဆောင်၏ အရပ်ရပ်ဆိုင်ရာ ရည်ရွယ်ချက်နှင့် ဆက်စပ်ပါသည်။

Empire State အဆောက်အအုံအကြောင်း မှတ်တမ်းတင်ရုပ်ရှင်ကို TV တွင် တစ်ခါက ကျွန်ုပ်ကြည့်နေမိရာ အချိန်အများစုကို ၄င်းအဆောက်အအုံနှင့်ပတ်သက်သည့် အံ့ချီးဖွယ်ရာများကို တင်ပြနေပါသည်။ နောက်ဆုံးအခန်းတွင် အောက်ဆုံးမြေအောက်ထပ်တွင် ၄င်းအဆောက်အအုံမှ ထွက်လာသော အဓိကသရိုက်များထည့်ထားသည့် လိုဏ်ဂူသဖွယ် အခန်းတစ်ခန်းကို ပြသရာ အလုပ်သမားငါးဦးက အဆိုပါ အဓိကအိတ်များရှေ့ဘက်တွင် ရပ်နေပါသည်။ နောက်ခံစကားပြောသူက မေးခြန်းရာ တစ်ဦးကပြုး၍ "ကျွန်ုပ်တို့၏အလုပ်မှာ မနက်ဖြန်တွင် ကမ္ဘာအနှံ့မှ လူများက ဤသို့ အံ့ချီးဖွယ်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့် အဆောက်အအုံသို့ လာရောက်လည်ပတ်ချိန်တွင် ၄င်းအဆောက်အအုံအနေဖြင့် တောက်ပြောင်နေစေရန်၊ သန့်ရှင်းနေစေရန်၊ ခံ့ထည်နေစေရန်ပင်ဖြစ်သည်"ဟု ဖြေကြားပါသည်။ ၄င်းပုဂ္ဂိုလ်များ၏အလုပ်မှာ အမှိုက်အိတ်များကို ဆွဲမရုန်းဖြစ်ပါသည်။ သို့သော် ၄င်းက ၄င်း၏ရည်ရွယ်ချက်ကို သိပါသည်။ ၄င်း၏ရည်ရွယ်ချက်သည် အပေါ်ရှစ်ထပ်ရှိ စီမံခန့်ခွဲသူများ၏ ရည်ရွယ်ချက်နှင့် ပေါင်းစပ်သွားပါသည်။

ခေါင်းဆောင်ကောင်းများက ရှုမြင်ချက်၊ လုပ်ငန်းတာဝန်နှင့် ရည်မှန်ချက်ပန်းတိုင်များကို ချမှတ်ပါသည်။ ကြီးမြင့်သောခေါင်းဆောင်များက အဆင့်တိုင်းရှိ နောက်လိုက်တစ်ဦးချင်းစီကို မိမိတို့၏ ရည်မှန်းချက်ကို နှလုံးသွင်းရန် မိမိတို့၏ရည်မှန်းချက်သည် အသေးစိတ်ကိစ္စထက် ကျော်လွန်ကြောင်းကိုသဘောပေါက်နားလည်စေရန် နှိုးဆော်ပေးရပါမည်။ လူတိုင်းသည် ရည်ရွယ်ချက်တစ်ခုတွင် ပေါင်းစည်းညီညွတ်မိကြောင်းအခါ အဖွဲ့အစည်းကိုသာမက အဖွဲ့အစည်းကိုလွန်သွားသည့် ကမ္ဘာကြီးအား အလုပ်အကျွေးပြုသည့် အပြုသဘောရည်ရွယ်ချက်တစ်ရပ်တွင် ပေါင်းစည်းညီညွတ်ကြပြီဆိုလျှင် သင့်တွင် အောင်မြဲခံသည့် အဖွဲ့တစ်ဖွဲ့ရှိပြီ ဖြစ်ပါသည်။

မကြာခင်က ကျွန်ုပ်သည် ငွေရေးကြေးရေး ကော်ပိုရေးရှင်းတစ်ခုမှ ခေါင်းဆောင်များအတွက် ပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် စကားပြောခဲ့ပါသည်။ ၄င်းတို့က အာရုံစိုက်ပြောကြားကြသည်မှာ ဆုံးရှုံးမှုလျော့နည်းစေရေး၊ စွန့်စားရမှုများသည့်အရာကို ဖယ်ရှားရေး၊ ဆိုးဝါးသည့်အကြွေးတင်မှုကို သန့်စင်တစ်ရေး ဖြစ်ပေါ်မှုကို မြန်ဆောင့်ပြုလုပ်ရေးတို့ ဖြစ်ကြပါသည်။ ဤရည်မှန်းချက်များသည် ကုမ္ပဏီ၏အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ သို့သော် ၄င်းတို့သည် "မလုပ်ရ"ဆိုသည့် ရှောင်ရန်သဘော အနှောက်လက္ခဏာသဘောကိုသာဆောင်ပြီး "လုပ်ပါ"ဆိုသည့် နှိုးဆော်သည့်သဘော မပါသလောက်ပင်ဖြစ်ကြောင်း ၄င်းတို့အား ကျွန်ုပ်က ပြောကြားခဲ့ပါသည်။

Google ကော်ပိုရေးရှင်း၏လုပ်ငန်းတာဝန်ကို ဖော်ပြချက်မှာ ၄င်း၏ရည်ရွယ်ချက်နှင့် ထပ်တူပင်ဖြစ်နေပါသည်။ ၄င်းက "ကမ္ဘာ့သတင်းအချက်အလက်များကို စုစည်း၍ လူတိုင်းအတွက် လက်လှမ်းမီပြီး အသုံးဝင်စေရန်" ဟု ဖော်ပြထားပါသည်။ ၄င်းအဖွဲ့ကို ထူထောင်သူများက လူ့အသိုက်အဝန်းကို အလုပ်အကျွေးပြုရန် ချမှတ်ထားခဲ့ပြီး သတိပြုစရာကောင်းလောက်အောင်ပင် အောင်မြင်သည့်ကုမ္ပဏီတစ်ခုကို ဖန်တီးခဲ့ပါသည်။

ဤရည်ရွယ်ချက်ကို ပြီးမြောက်အောင်မြင်စေရေးအတွက် အောင်မြင်သောခေါင်းဆောင်တစ်ဦးသည် အားဖိုက်ရသော စံနှုန်းများကို သတ်မှတ်ထားရမည်ဖြစ်ပြီး ၄င်းစံနှုန်းများကိုမီစေရန်လည်း ဆောင်ရွက်ရပါမည်။ စံနှုန်းသစ်ကို မြည့်မီလာသောအခါ နောက်လိုက်ငယ်သားများက ဂုဏ်ယူဝင့်ကြွားစွာဖြင့် အောင်ပွဲခံကြပါသည်။

သတ်မှတ်ထားသည့် စံနှုန်းများသည် လုပ်၍ရနိုင်သည့် စံနှုန်းများဖြစ်ရပါမည်။ ထိုသို့ ရရှိအောင်မြင်ရန်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ခေါင်းဆောင်များက နည်းလမ်းများကိုပေးရမည်ဖြစ်ပါသည်။ အာရုံစိုက်ရမည်မှာ ပို၍ပို၍ကောင်းလာစေရေးပင်ဖြစ်သည်။ ပို၍ကောင်းသည့်နည်းလမ်းကို ကျွန်ုပ်တို့က အမြဲပင် ရရှိအောင်ဆောင်ရွက်ကြရပါမည်။

စည်းကမ်းချက်အမှတ် (၁၂) - ကြောက်ရွံ့မှုကြောင့်ဖြစ်လာသည့် အကြံအစည်ထက်ကို မယူပါနှင့်။

ဤစည်းကမ်းချက်နှင့်ပတ်သက်၍ ရှည်လျားသည့်သမိုင်းရှိပါသည်။ သင့်အနေဖြင့် Marcus Aurelius, Andrew Jackson, Theodore Roosevelt, Winston Churchill နှင့် အခြားရာပေါင်းများစွာသော ပုဂ္ဂိုလ်များအထိ ခြေရာခံနိုင်ပါသည်။ ၄င်းတို့အထဲမှ အကောင်းဆုံးကို Franklin D.Roosevelt ၏ ပထမဆုံးသောဖွင့်ပွဲမိန့်ခွန်းတွင်တွေ့ရပါသည်။ ၄င်းက "ကျွန်ုပ်တို့ကြောက်ရွံ့ရမည့်တစ်ခုတည်းသောအရာမှာ အကြောက်တရားပင်ဖြစ်သည်" ဟု မိန့်ဆိုခဲ့ပါသည်။

ကြောက်ရွံ့မှုသည် လူ၏ပုံမှန်စိတ်လှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်သည်။ ကြောက်ရွံ့မှုက ကျွန်ုပ်တို့အား ချုပ်ကိုင်လာသောအခါ ၄င်းကို ကျွန်ုပ်တို့က သတိပြုမိပြီး ကြောက်ရွံ့လှုံ့ဆော်မှုကို ထိန်းကျောင်း၍ဆောင်ရွက်နိုင်ပါသည်။ ကြောက်ရွံ့မှုဆိုသည်မှာ ပုံမှန်ကိစ္စဖြစ်သည်။ ၄င်းကို ထိန်းချုပ်၍ ကျော်လွှားရမည်ဟု ကျွန်ုပ်တို့က မသိရှိပါက ၄င်းက ကျွန်ုပ်တို့အား သွက်ချာပါဒလိုက်စေပြီး လျှောက်လှမ်းသည့်လမ်းပေါ်တွင် ရပ်တန့်စေနိုင်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့အနေဖြင့် ရှင်းလင်းစွာ မစဉ်းစားနိုင်တော့ဘဲ ဖြစ်လာပါမည် သို့မဟုတ် ကျိုးကြောင်းညီစွာ ခွဲခြမ်းစိတ်ဖြာမတတ်ဘဲ ဖြစ်လာပါမည်။ ဤကိစ္စအတွက် ကျွန်ုပ်တို့က အရန်သင့်ပြင်ဆင်ထားပြီး ၄င်းကို ထိန်းချုပ်ရပါမည်။ ကြောက်ရွံ့မှုက ကျွန်ုပ်တို့အား ထိန်းချုပ်သည်ကို ခွင့်မပြုပါနှင့်။ အကယ်၍ ကြောက်ရွံ့မှုက ကျွန်ုပ်တို့အား ထိန်းချုပ်ပါလျှင် ကျွန်ုပ်တို့အနေဖြင့် ဦးဆောင်၍မသွားနိုင်တော့ပါ။

ကျွန်ုပ်အပစ်ခတ်ခံရစဉ်က ဖြစ်ခဲ့သော ကျွန်ုပ်၏ ပထမဆုံးအကြိမ် ကြောက်ရွံ့ရမှုကို မည်သည့်အခါမျှ မေ့နိုင်လိမ့်မည်မဟုတ်ပါ။ ၁၉၆၃ ခုနှစ်၌ ဗီယက်နမ်ခြေလျင်တပ်ရင်းတစ်ရင်းတွင် အကြံပေးအဖြစ် ဆောင်ရွက်စဉ်က တောလမ်းအတိုင်း လျှောက်လာစဉ် ရန်သူတို့က လက်နက်ငယ်များဖြင့် ချုံခိုတိုက်ခိုက်ပါသည်။ ရန်သူ ဗီယက်ကောင်းတို့က တောထဲသို့ ပြန်၍ပျောက်ကွယ်သွားပြီးနောက် မိနစ်ပိုင်းအတွင်း၌ပင် ပြီးစီးသွားပါသည်။ ကျွန်ုပ်တို့ဘက်က စစ်သား တစ်ဦးသေဆုံးပါသည်။ ထိုညတွင် ကျွန်ုပ်သည် သစ်တောအတွင်း မြေပြင်ပေါ်တွင် အိပ်ရင်း၊ နောက်နေ့ကျရင်လည်း ကျွန်ုပ်တို့အနေဖြင့် ချုံခိုတိုက်ခိုက်ခံရကောင်း ခံရနိုင်သည်ဟု စဉ်းစားနေမိပါသည်။ ထိုသို့ တိုက်ခိုက်ခြင်းကိုလည်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ခံရပါသည်။ ကျွန်ုပ်သည် နောက်တစ်ဦးအဖြစ် သေဆုံးရမည့်သူဖြစ်နိုင်သည်ဟု အူထဲအသည်းထဲမှ ခံစားနေရပါသည်။ ကျွန်ုပ်သည် အမေရိကန်အကြံပေးတစ်ဦးဖြစ်သည့်အားလျော်စွာ ကျွန်ုပ်သည် ပို၍တန်ဖိုးကြီးသည့် ပစ်မှတ်တစ်ခုဖြစ်ပါသည်။

ထိုနေ့နံနက်မှစ၍ နံနက်တိုင်းမှစ၍ ကျွန်ုပ်၏ ကြောက်ရွံ့မှုကို ထိန်းချုပ်ရန်နှင့် ရှေ့ဆက်၍ဆောင်ရွက်ရန် သင်တန်းအတွေ့အကြုံနှင့် စည်းကမ်းများကို အသုံးပြုပါသည်။ ဒီယက်နမ်များလိုပင် ရှေးရှေးကတည်းက စစ်သားများလိုပင် ဖြစ်ပါသည်။ ထို့အပြင် ခေါင်းဆောင်တစ်ဦးအနေဖြင့် ကြောက်ရွံ့မှုရှိကြောင်း ကျွန်ုပ်မပြသနိုင်ပါ။ ကြောက်ရွံ့မှုက ကျွန်ုပ်အား ထိန်းချုပ်သည်ကို ခွင့်မပြုနိုင်ပါ။

ဤကဲ့သို့ မလုပ်နဲ့ မကိုင်နဲ့ဟု ပြောသူများသည် နေရာတကာတွင်ရှိပါသည်။ မတွက်ဘဲနေသည်မှာ အလုံခြုံဆုံးအနေအထားဖြစ်သည်ဟု ၄င်းတို့က ယူဆကြပါသည်။ သို့သော် ဤသို့နေ၍မရသည့် အခြေအနေဖြစ်တတ်ပါသည်။ ၄င်းတို့၏တားခြစ်ပြောဆိုချက်ကို ဆုံးဖြတ်ချက်ချရာတွင် အချက်တစ်ချက်အဖြစ် အသုံးပြုနိုင်ပါသည်။ နားထောင်ရန် လိုအပ်သူအားလုံးကို နားထောင်ပါ။ ထို့နောက် ကြောက်ရွံ့မှုကင်းသည့် သင်၏အသိတရားဖြင့် လျှောက်လှမ်းပါ။

လူတိုင်းသည် ခိုင်မာသည့်လက်တွေ့အဖြစ်မှန်ဝါဒီတစ်ဦးဖြစ်လာရန် ဆောင်ရွက်ရပါမည်။ သို့မဟုတ်ပါက မဖြစ်နိုင်သည့် စိတ်ကူးယဉ်အိပ်မက်နောက်သို့ လိုက်ပါရင်း အချိန်နှင့်အင်အားကို ဖြုန်းတီးရာရောက်စေနိုင်ပါသည်။ မလုပ်နဲ့မကိုင်နဲ့ဟု တားဆီးမှုက ရှေ့ဆက်တိုးတက်မှုကို သေဆုံးစေပါသည်။ အင်ဝိုင်ယာကြီးများ၊ မြို့တော်ကြီးများ၊ သို့မဟုတ် အင်အားကြီးများသည့် ကော်ပိုရေးရှင်းကြီးများကို သံသယဝါဒီ (အဆိုးမြင်ဝါဒီ) ဘယ်နှစ်ဦးက တည်ဆောက်ခဲ့ပါသနည်း။

ဆည်းကပ်းချက်(၁၃) - ထာဝရအကောင်းမြင်ဝါဒသည် အင်အားပွားစေသူဖြစ်ပါသည်။

စစ်တပ်ထဲတွင်ဆိုလျှင် ကျွန်ုပ်တို့တပ်ဖွဲ့များ၏ အင်အားကို မြှင့်တင်ရေးအတွက် အမြဲတမ်းရုတ်ကြိုပါသည်။ **ရန်သူက** ၄င်း၏တပ်ဖွဲ့များအပေါ်တွင်ရှိနေသည့် ဆက်သွယ်ရေး ဦးစီးဆောင်ရွက်မှုနှင့် ထိန်းချုပ်မှုတို့ထက် ပို၍ကြီးမား**သည့်** ဆက်သွယ်မှု ဦးစီးဆောင်ရွက်မှုနှင့် ထိန်းချုပ်မှုရှိခြင်းသည် အင်အားပွားများသာလွန်မှုပင် ဖြစ်ပါသည်။

ရန်သူထက် စစ်လက်နက်ပစ္စည်းအရာတွင် ပို၍ စွမ်းဆောင်နိုင်မှုသည် အင်အားပွားများသာလွန်မှုတစ်ရပ်ပင် **ဖြစ်ပါ**သည်။ ပို၍ကောင်းစွာ လေ့ကျင့်ထားသည့် တပ်မှူးများရှိခြင်းသည် အင်အားပွားများ သာလွန်မှုတစ်ရပ်ပင်ဖြစ်သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ထာဝရအကောင်းမြင်မှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ရည်ရွယ်ချက်အပေါ် ယုံကြည်မှု၊ သင်ကလွှမ်းမိုးလိမ့်မည်ဟု ယုံကြည်မှု၊ စိတ်ထက်သန်မှုကို ပြသမှု၊ ယုံကြည်အားထားမှု စသည်တို့သည် အင်အားပွားများသာလွန်မှုများပင် ဖြစ်ကြသည်။ အကယ်၍ သင်က ယုံကြည်မှုရှိပြီး သင်၏ငယ်သားများအား ထိုသို့ယုံကြည်စေရန်အတွက် အရန်သင့်ဖြစ်စေမည်ဆိုပါလျှင် ၄င်းတို့က ယုံကြည်ကြပါလိမ့်မည်။

ပြင်းထန်စွာ သင်တန်းဆင်းပြီးနောက် ဆောင်းရာသီညတစ်ည၏ နောင်ဝိုင်းအချိန်တွင်ဖြစ်ပါသည်။ အင်အား (၅၀၀)ရှိသည့် ကျွန်ုပ်၏တပ်ရင်းသည် မိုင် (၂၀)ဝေးသည့် Camp Casey ရှိ စစ်တန်းလျားများသို့ ပြန်ရန် ထရပ်ကားများကိုစောင့်နေကြပါသည်။ လောင်စာဆီပြတ်လပ်နေသဖြင့် ထရပ်ကားများလာမည်မဟုတ်ကြောင်း သတင်းစကားရောက်ရှိလာပါသည်။ ကျွန်ုပ်တို့သည် ထိုစခန်းသို့ ထိုညတွင် အရောက်ချီတက်ရပါမည်။ တပ်ဖွဲ့ဝင်များမှာ မောပန်းနေကြပါသည်။ သို့သော် ကျွန်ုပ်တို့ ချီတက်ကြပါသည်။

နေ့လယ်စာစားပြီးနောက် ကျွန်ုပ် စစ်ဆင်ရေးအရာရှိဖြစ်သူ Captain Skip Mohr က ကျွန်ုပ်အား စစ်ရေးကျွမ်းကျင်မှုပြိုင်ပွဲတွင် ဝင်ရောက်ပြိုင်ဆိုင်ရန် အချိန်မီစေရေးအတွက် အမြန်ဆုံးသောနှုန်းဖြင့် ချီတက်ရမည်ဖြစ်ကြောင်း ထို့ကြောင့် အမှီနှိမ်ခြင့်ရမည်ဖြစ်ကြောင်း သတိပေးပါသည်။

"ဤသည်မှာ တပ်ဖွဲ့ဝင်များအား အတင်းအကျပ် မောင်းလွှန်းရာရောက်ပါမည်လော" ဟု ကျွန်ုပ်တို့က ကျယ်လောင်စွာ ပြောဆိုလိုက်မိပါသည်။ ၄င်းအရာရှိက "ထိုလူငယ်များအကြောင်းကို သင်သိပါသည်။ ၄င်းတို့သည် ငရဲဒဏ်ကိုခံနိုင်သည်အထိ တောင့်တင်းကြပါသည်။ သင်ကခိုင်းလျှင် မည်သည့်အရာကိုမဆို သူတို့က လုပ်ဆောင်ပါလိမ့်မည်။ သူတို့က လုပ်နိုင်ကြပါသည်" ဟု ပြန်ဖြေပါသည်။

သူ့အနေနှင့် မှန်ကန်သည်ကို ကျွန်ုပ်သိပါသည်။ ကျွန်ုပ်တို့သည် တုန်လှုပ်ချောက်ချားဖွယ် တောင်ကုန်းများကို ဖြတ်ကျော်ချီတက်ကြရာ ကျွန်ုပ်အနေဖြင့် သူတို့နှင့်အဓိလိုက်နိုင်မည်မှာ မသေချာပါ။ သို့သော် ကျွန်ုပ်ဆက်၍ ချီတက်ပါသည်။ နောက်ဆုံးတွင် Camp Casey ရှိ ဗီးရောင်များကို မြင်နိုင်ကြပါပြီ။ ညသန်းခေါင်တွင် သီချင်းကိုဆို၍ ၄င်းစခန်းအတွင်းသို့ ချီတက်ဝင်ရောက်ရာ စခန်းအတွင်းရှိ လူများအားလုံး နိုးကုန်ကြပါသည်။

ထိုညသည် တကယ့်ညတစ်ညဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့က တပ်ဖွဲ့ဝင်များကို များစွာပင် အားရိုက်စေခဲ့ပါသည်။ သို့သော် ထိုသို့ဆောင်ရွက်နိုင်ရန် ၄င်းတို့ကို ကျွန်ုပ်တို့က အရန်သင့်ပြင်ဆင်ထားပါသည်။ ကျွန်ုပ်တို့က ၄င်းတို့ကို ယုံကြည်သလို ၄င်းတို့ကလည်း ကျွန်ုပ်တို့ကို ယုံကြည်ကြသည်။ ၄င်းတို့ အောင်မြင်လိမ့်မည်ဟုလည်း ယုံကြည်အားထား၍ အကောင်းမြင်ခဲ့ကြပါသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အပိုင်း-၂

သင့်ကိုယ်ကို သင်သိပါ
သင်ဖြစ်နေသလိုပင်နေပါ

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂ အတတ်နိုင်ဆုံးကောင်းအောင် အမြဲပြုလုပ်ပါ။ တစ်စုံတစ်ယောက်က သင့်ကို စောင့်ကြည့်နေပါသည်

ကျွန်ုပ်သည် နွေရာသီကျောင်းပိတ်ရက်တွင် Bronx မြို့၌ အသက်(၁၄) နှစ်အရွယ်မှစ၍ အလုပ်လုပ်ခဲ့ပြီး Christmas ရုံးပိတ်ရက်များတွင်လည်း အလုပ်လုပ်ပါသည်။ Bronxမြို့၌ ကစားစရာနှင့် ကလေးပရိဘောဂဆိုင်တွင် အလုပ်လုပ်ပါသည်။ ဆိုင်ပိုင်ရှင်မှာ ရုရှား-ဂျူး ကပြား ရွှေပြောင်းနေထိုင်သူတစ်ဦးဖြစ်သူ Jay Sickser ဖြစ်ပြီး ၄င်းက ကျွန်ုပ်အား အလုပ်လုပ်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဆိုင်နောက်ဖေးရှိ ထရပ်ကားပေါ်မှ ပုံးအနည်းငယ်ကိုချပေးသည့်အလုပ်ဖြစ်ပါသည်။ နာရီအနည်းငယ်သာလုပ်ရပြီး တစ်နာရီကို အဆင့်(၅၀)နှုန်းဖြင့် လုပ်ခပေးပါသည်။ ၄င်းက "မင်းဟာ အလုပ်သမားကောင်းတစ်ယောက်ဖြစ်သည်။ မနက်ဖြန်လည်းလာခဲ့ပါဦး" ဟု ပြောပါသည်။

ဤသည်မှာ Jay နှင့် Jay ၏ မိသားစုတို့နှင့် ရင်းနှီးမှု၏ အစဖြစ်လာပြီး ကျွန်ုပ် ကောလိပ်ကျောင်းတက်စဉ်တစ်လျှောက်လုံးနှင့် နောက်ထပ်နှစ်(၅၀)အထိ ရှည်ကြာစေခဲ့ပါသည်။ Jay ကွယ်လွန်ပြီး အချိန်အတော်ကြာသည်အထိပင် ဖြစ်ပါသည်။ ကျွန်ုပ်သည် အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်ပါသည်။ ဤသည်မှာ ပြောင်းရွှေ့နေထိုင်လာသူ ဂျူးမကောလူမျိုးမိဘနှစ်ပါးထံမှ ရရှိသည့် အကျင့်စရိုက်ပင်ဖြစ်ပါသည်။ ကျွန်ုပ် ဆွေမျိုးသားချင်းအားလုံးကလည်း အလုပ်ကြိုးစားကြပါသည်။

Sickser ၏ဆိုင်တွင် နှစ်အတော်ကြာ လုပ်ကိုင်လာခဲ့ပြီးနောက် Sickser သည် ကျွန်ုပ်အနေဖြင့် ၄င်းမိသားစုနှင့် ရင်းနှီးလွန်းသည်ကို စိုးရိမ်လာပြီး ကျွန်ုပ်အနေဖြင့် ယခုအလုပ်နှင့်မတန်ကြောင်း၊ ပညာဆက်သင်သင့်ကြောင်းကို ပြောကြားပါသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အပေါ် ယခုလိုပြောဆိုခဲ့သည့်အတွက် သူ့အား ကျွန်ုပ် အမြဲပင် တန်ဖိုးထားလျက် ရှိပါသည်။ ကျွန်ုပ်အသက် (၁၈)နှစ်ပြည့်သောအခါ သမဂ္ဂကတ်ပြား (Union card)ကို ရထိုင်ခွင့်ရှိလာပါသည်။ ထိုသို့ ရရှိခြင်းဖြင့် နွေရာသီတွင် ပို၍ကောင်းသည့်လစာဖြင့် အချိန်ပြည့်အလုပ်လုပ်ခွင့် ရရှိခြင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် အချိုရည်အလုပ်သမားသမဂ္ဂသို့ ဝင်ပါသည်။ နံနက်ပိုင်းတွင် အလုပ်လုပ်ခွင့်ရရန် တန်းစီရပြီး အချိုရည်ပို့သည့်လုပ်ငန်းတွင် လုပ်ကိုင်ပါသည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် ဖိုမင်က ကျွန်ုပ် အလုပ်လုပ်သည်ကို သတိပြုမိပြီး အချိုရည်ထရပ်ကားကို မောင်းရန် ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်တွင် ယာဉ်မောင်းလိုင်စင်ရှိပြီး ထရပ်ကားကိုလည်း မောင်းနှင်ခွင့်ရှိပါသည်။ သို့သော် ကျွန်ုပ်၏ ဘဝတစ်လျှောက်တွင် ထရပ်ကားကို ဘယ်တုန်းကမျှ မမောင်းခဲ့ဖူးပါ။ သို့သော် "ဘာဖြစ်လို့ မဖြစ်ရမှာလဲ လစာကလည်းကောင်းတာပဲ"ဟု စိတ်ထဲဖြစ်ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ၁၉၄၀ ပြည့်နှစ် မိုဒယ်ထရပ်ကားတစ်စီးကို ကျွန်ုပ်မောင်းရပါသည်။ အချိုရည်သေတ္တာ (၃၀၀)ကိုတင်ပြီး အသွားအလာရှုပ်ထွေးသည့် နယူးယောက်မြို့ ဝေါလ်စထရိတ်လျှောက် မောင်းနှင်ရသည်မှာ ရင်ခုန်ရပါသည်။ လမ်းကွေ့တွင် ထရပ်ကားမှာ ဒယိမ်းဒယိုင်ဖြစ်သဖြင့် ကြိုးကြပ်လိုက်ပါသူက အချိုရည်သေတ္တာများ ကားပေါ်မှ လိမ့်ကျမည်ကို စိုးရိမ်ပါသည်။

အချိုရည်သေတ္တာအားလုံးကို ပေးပို့နိုင်သော်လည်း ကျွန်ုပ်၏ကားမောင်းပုံကို ကြိုးကြပ်သူက သဘောမကျခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏ ထရပ်ကားမောင်းသည့်အလုပ်မှာလည်း အဆုံးသတ်ခဲ့ရပါသည်။ သို့သော် ထိုနေ့တွင် လုပ်ခ အမေရိကန်ဒေါ်လာ (၂၀)ရပြီး ကျွန်ုပ်၏ဖခင်အား ပြသခဲ့ပါသည်။

နောက်တစ်ကြိမ် နွေရာသီတွင် Long Island City ရှိ Pepsi အချိုရည်စက်ရုံတွင် စက်ရုံကြမ်းပြင် သန့်ရှင်းရေးပြုလုပ်ရန် အချိန်ပြည့်အလုပ်သမားတစ်ဦးအဖြစ် လုပ်ကိုင်ပါသည်။ ၄င်းစက်ရုံရှိ အလုပ်ကြမ်းသမား (အထမ်းသမား)များသည် လူမည်းများသာဖြစ်ကြသည်။ အချိုရည်ပုလင်းသွတ်သည့်လုပ်ငန်းတွင်မူ အလုပ်သမားအားလုံးမှာ လူဖြူများဖြစ်ကြသည်။

နွေရာသီကုန်ဆုံးသောအခါ စက်ရုံပိုင်ရှင်က ကျွန်ုပ်အလုပ်လုပ်သည်ကို သဘောကျကြောင်း နောက်ထပ်ပြန်လုပ်ရန်ဆန္ဒရှိပါသလောဟုမေးရာ ကျွန်ုပ်က ဆန္ဒရှိပါသည်၊ သို့သော် အလုပ်ကြမ်းသမားအနေဖြင့်မဟုတ်ပါဟု ပြောကြားရာ ၄င်းက သဘောတူသဖြင့် နောက်နွေရာသီတွင် ပုလင်းသွတ်သည့်ဌာနတွင် အလုပ်လုပ်ပါသည်။ ပို၍ သိကွာရှိ၍ လုပ်ခလစာပိုကောင်းသည့်အလုပ် ဖြစ်ပါသည်။

ကျွန်ုပ် အတတ်နိုင်ဆုံး၊ အကောင်းဆုံးလုပ်မှုများသည် မကြာခဏဆိုသလိုပင် အကောင်းဆုံး ဖြစ်မလာပါ။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

Bronx မြို့ရှိ အားကစားအမျိုးမျိုးကို ကျွန်ုပ်လုပ်ကြည့်ပါသည်။ အကောင်းဆုံးသော အားကစားသမားတစ်ဦး မဖြစ်ခဲ့ပါ။ ကျောင်းတွင်လည်း ကျွန်ုပ်ကြိုးစားပါသည်။ အတော်ဆုံးဖြစ်မလာပါ။ သို့စေကာမူ ကျွန်ုပ်၏ မိဘများက ကျွန်ုပ်ကို ဖိအားအလွန်အကျွံမပေးကြပါ။ ၄င်းတို့၏သဘောထားမှာ "သင်အတတ်နိုင်ဆုံး အကောင်းဆုံးကိုလုပ်ပါ၊ သင်က သင်၏အကောင်းဆုံးလုပ်ရပ်ကို ရပါလိမ့်မည်။ ၄င်းထက် လျော့ရှုံးကားရမည်မဟုတ်ပါ" ဟူ၍ ဖြစ်ပါသည်။

၄င်းအတွေ့အကြုံများက နောက်လာမည့်အချိန်ကာလများ၊ အလုပ်များအတွက် ပုံစံတစ်ရပ်ကို ထူထောင်ပေးခဲ့ပါသည်။ အလုပ်သည် မည်မျှခက်ခဲသည်ပင်ဖြစ်စေ ၄င်းအလုပ်၊ သင်၏အကြီးအကဲ၊ အလုပ်ဝတ်ဝန်းကျင် အခြေအနေသို့မဟုတ် လုပ်ဖော်ကိုင်ဖက်များကို သင်က မကြိုက်နှစ်သည်ပင်ဖြစ်စေ၊ သင်အကောင်းဆိုးလုပ်နိုင်သည်ကို လုပ်ပါ။

လူရွှင်တော် Brother Dave Gardner ပြောသော ပုံပြင်တစ်ခုကို ကျွန်ုပ် သတိရမိပါသည်။ မြောင်းတူးသမားနှစ်ဦးတို့အကြောင်း ဖြစ်ပါသည်။ ပထမမြောင်းတူးသမားက မြောင်းတူးရသည်ကိုပင် သဘောကျပြီး စကားများများမပြောဘဲ မြောင်းကိုပင် တစ်နေ့လုံးတူးပါသည်။ ဒုတိယမြောင်းတူးသမားက နည်းနည်းသာတူးပြီ ဂေါ်ပြားပေါ်တွင်မှီ၍ နေတတ်ကာ "တစ်နေ့ကျရင်တော့ ဒီကုမ္ပဏီကို ငါပိုင်ဆိုင်တော့မယ်" ဟု စကားကို မနားတမ်းပြောပါသည်။

အချိန်တရွေ့ရွေ့ကြာညောင်းလာသောခါ ပထမမြောင်းတူးသမားသည် မြောင်းတူးစက်ဖြင့် တူးလာရပြီး တစ်နေ့လျှင် ပေပေါင်း(၁၀၀)နှင့် ချီ၍မြောင်းကို တူးမြဲတူးပါသည်။ ဒုတိယမြောင်းတူးသမားက နည်းနည်းသာတူးပြီး ခါတိုင်းလိပင် တစ်နေ့ကျရင် ဒီကုမ္ပဏီကို ငါပိုင်မှာပဲဟု ပါးစပ်က ရေရွတ်မြဲရေရွတ်၍သာ နေပါသည်။ ပထမမြောင်းတူးသမားသည် ကုမ္ပဏီကို ပိုင်ဆိုင်လာခြင်းမရှိပါ။ သို့သော် လေအေးစက်တပ်ထားသည် ဗင်ကားဖြင့် အလုပ်လုပ်ရသည့် အလုပ်ကြိုးကြပ်ရေးသမားတစ်ဦးဖြစ်လာပြီး ဂေါ်ပြားပေါ်တွင်မှီ၍သာနေတတ်သော သူ၏သူငယ်ချင်းကို လက်ရမ်း၍ နှုတ်ဆက်လေ့ရှိပါသည်။

ကျွန်ုပ်သည် စစ်တပ်တွင် တာဝန်ထမ်းစဉ်က ကျွန်ုပ်အနေဖြင့် လိုလားခြင်းမရှိသည့်အလုပ်ကို လုပ်ရပြီး ကျွန်ုပ်လုပ်နိုင်တာထက်လွန်သော အခြေအနေများနှင့်လည်း ကြုံခဲ့ရပါသည်။ ဆောင်ရွက်ရသည်မှာ ကြမ်းသည်ဖြစ်စေ၊ ချောသည်ဖြစ်စေ ကျွန်ုပ်က အကောင်းဆုံးလုပ်ဆောင်ပါသည်။ အကြီးအကဲအပေါ် သစ္စာရှိရန် ကျွန်ုပ်အား ပေးအပ်လာသည့်လုပ်ငန်းတာဝန်တို့အပေါ် သစ္စာရှိရန် ကျွန်ုပ်ကြိုးစားခဲ့ပါသည်။

အမှတ်(၂၃) ခြေလျင်တပ်မ၏ တပ်ရင်းအရာရှိနှင့် ဒုတိယဦးစီးမှူးအဖြစ် ဗီယက်နမ်တွင် ဒုတိယအကြိမ်အဖြစ် တာဝန်ထမ်းဆောင်ရသည်ကို ကျွန်ုပ်အလွန်ပင် နှစ်မြို့ပါသည်။ Kansas ပြည်နယ် Fort Leavenworth ရှိ the Command and General Staff College မှ ကျွန်ုပ်သည် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပါသည်။ ဗီယက်နမ်သို့ ကျွန်ုပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိပြီးနောက် ထိပ်ဆုံးဘွဲ့ရဂါးဦး၏ဓာတ်ပုံသည် Army Times တွင် ပါလာပါသည်။ ၎င်းဆောက်ပုံတို့ တစ်ဦးခ်ိန်လုံး ဗိုလ်ချုပ်ကြီးက မြင်တွေ့သောအခါ ကျွန်ုပ်အား တပ်မဝန်ထမ်းအဖွဲ့သို့ ခေါ်လာပြီး အင်အား(၂၂,၀၀၀)ရှိသော တပ်၏ တိုက်ခိုက်စစ်ဆင်ရေးကို ညှိနှိုင်းဆောင်ရွက်ရန်တာဝန်ရှိသည့် စစ်ဆင်ရေးအရာရှိအဖြစ်ထားရှိပါသည်။ ကျွန်ုပ်သည် ဗိုလ်မှူးတစ်ဦးသာဖြစ်ပါသည်။ ယခု ရာထူးမှာ ဒုတိယဗိုလ်မှူးကြီးတစ်ဦးက တာဝန်ယူရသောနေရာ ဖြစ်ပါသည်။ ကျွန်ုပ်သည် တပ်ရင်းတွင် ပို၍နေလိုပါသည်။ သို့သော် ထိုသို့ရွေးရန်အခွင့်မသာခဲ့ပါ။ ၄င်းအလုပ်သည် အလွန်အားကိုက်ရပါသည်။ သို့သော် ၄င်းကြောင့် ကျွန်ုပ်၏အလုပ်တွင် အပြောင်းအလဲတစ်ရပ်ဖြစ်ခဲ့ပါသည်။ တစ်စုံတစ်ယောက်က ကျွန်ုပ်ကို စောင့်ကြည့်နေပါသည်။

နှစ်အနည်းငယ်ကြာသောအခါ ခြေလျင်တပ်မတစ်ခုတွင် ဗိုလ်မှူးချုပ်တစ်ဦးဖြစ်လာပြီး ကျွန်ုပ်အနေဖြင့် စစ်သားများအား လေ့ကျင့်ပေးခြင်းနှင့် ကျွန်ုပ်၏တပ်မှူးအား အလုပ်အကျွေးပြုခြင်းဖြင့် ကျွန်ုပ်က အကောင်းဆုံးဆောင်ရွက်နေသည်ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ်က ယူဆပါသည်။ သို့သော် ဤအချက်ကို တပ်မှူးကသဘောမတူဘဲ ကျွန်ုပ်အား အဆင့်နိမ့်ကြောင်း သတ်မှတ်ဖော်ပြပါသည်။

၄င်း၏အစီရင်ခံစာသည် ကျွန်ုပ်၏ဖိုင်တွဲထဲတွင် ရှိနေဆဲဖြစ်ပါသည်။ ၄င်းအချက်က ကျွန်ုပ်၏အလုပ်ကို ဆုံးခန်းတိုင်စေသည့်အထိပင်ဖြစ်ပါသည်။ သို့သော် ပို၍ပါရဂူသည့် ခေါင်းဆောင်များက ကျွန်ုပ်တွင်ရှိသည့် အခြားသော အရည်အချင်းများနှင့် စွမ်းဆောင်နိုင်မှုများကိုမြင်ပြီး ကျွန်ုပ်အား ပို၍စိန်ခေါ်မှုရှိသည့်နေရာသို့ ခြွင့်တင်ပေးခဲ့ရာ ၄င်းနေရာတွင် ကျွန်ုပ်က ကောင်းစွာဆောင်ရွက်နိုင်ခဲ့ပါသည်။

သင်၏အကြီးအကဲအတွက် အကောင်းဆုံးလုပ်ရမည်ဆိုခြင်းကြောင့် သူက သင့်အားလုပ်စေလိုသည့်အရာအားလုံးကို သဘောကျရမည်ဟု မဆိုလိုပါ။ သူနှင့်သင်တို့အကြားတွင် ဦးစားပေးမှုနှင့်ပတ်သက်၍ သဘောကွဲသည့်အခါများရှိပါလိမ့်မည်။ ကျွန်ုပ်၏တပ်ဖွဲ့များအရှိုတွင် ကျွန်ုပ်၏ အကြီးအကဲများက တပ်သားစာရင်းသွင်းမှုနှုန်း AWOL နှုန်းနှင့် ငွေစုလုပ်ငန်းတွင်ပါဝင်မှုတို့ကို ပြင်းပြစွာ အာရုံစိုက်ပါသည်။ အောက်ခြေရှိ ကျွန်ုပ်တို့ အများစုကမူ သင်တန်းပေးမှုကို အာရုံစူးစိုက်လိုကြသည်။ ၄င်းစိမ်ခန့်ခွဲမှုအရ ဦးစားပေးမှုများသည် မူအရ အရေးကြီးသည်ကား အမှန်ပင်ဖြစ်ပါသည်။ သို့သော် လက်တွေ့တွင် ၄င်းတို့သည် ကျွန်ုပ်တို့၏ လက်တွေ့အလုပ်ကို အာရုံပျက်စေသည်ဟု ယူဆရပါသည်။

ကျွန်ုပ် အကြီးအကဲ၏ ဦးစားပေးချမှတ်ထားမှုကို တိုက်ခိုက်ရန် ကျွန်ုပ်အနေဖြင့် မကြိုးပမ်းခဲ့ဖူးပါ။ ထိုသို့ တိုက်ခိုက်မည့်အစား သူတို့ခိုင်းသည့်အလုပ်ကို တတ်နိုင်သမျှ မြန်အောင်နှင့် အဆုံးအဖြတ်ဖြစ်အောင် ဆောင်ရွက်ပါသည်။ ကျွန်ုပ်၏ အကြီးအကဲများကို ကျေနပ်အောင် မြန်မြန်လုပ်နိုင်လေလေ ကျွန်ုပ်အား စိတ်ရှုပ်အောင် သူတို့က လုပ်မှုမြန်မြန်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ရပ်လေလေဖြစ်ပြီး ကျွန်ုပ်၏ ဦးစားပေးမှုဘက်သို့ မြန်မြန်လုပ်နိုင်လေလေဖြစ်ပါသည်။ ဘုရင်ဖြစ်သူအား ထိုက်သင့်သည့် အရာကို ပထမဦးစားပေးပါ။

အစိုးရဝန်ထမ်းအလုပ်ပြီးဆုံးပြီးနောက် ကျွန်ုပ်သည် အမျိုးသားလုံခြုံရေးအကြံပေး၊ ပူးတွဲစစ်ဦးစီးဌာန၏ ဥက္ကဋ္ဌ နှင့် နိုင်ငံခြားရေးဝန်ကြီးများအဖြစ် ခန့်အပ်ခံရပါသည်။ ၄င်းအလုပ်တိုင်းကို Sickser ၏ ဆိုင်တွင် အလုပ်လုပ်စဉ်က ထားရှိသည့် သဘောထားအတိုင်း ထားရှိဆောင်ရွက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးသက်တမ်းကာလအတွင်း သမ္မတ Bush ၏ အစီအစဉ်အတိုင်း ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ရာ ထိုက်သင့်သည့် အသိအမှတ်ပြု ချီးကျူးမှုကို မခံရသည့်အရာအများအပြားကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် တရုတ်၊ အိန္ဒိယ၊ ရုရှားဖယ်ထရေးရှင်းတို့နှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါသည်။ ၄င်းတို့မှာ အင်အားကြီးနိုင်ငံများဖြစ်ကြပြီး နိုင်ငံရေးအရ ဆန့်ကျင်ဘက်များဖြစ်လာနိုင်သည့် နိုင်ငံများဖြစ်ကြပါသည်။ HIV နှင့် AIDS အပါအဝင် တတိယကမ္ဘာတွင် ရောဂါတားဆီးရေး ကာကွယ်ရေးအတွက် သမိုင်းတွင်သည့် အလုပ်ကိုလုပ်ဆောင်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့လည်း အကူအညီ အထောက်အပံ့ကို တိုးချဲ့ပေးနိုင်ခဲ့ပါသည်။ ၉/၁၁ တိုက်ခိုက်မှုနောက်ပိုင်းတွင် ကျွန်ုပ်၏နိုင်ငံကို ပို၍လုံခြုံမှုရှိအောင် ပြုလုပ်ခဲ့ပါသည်။ အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် တုန်လှုပ်ချောက်ချားဖွယ် ဆိုးဝါးသည့်အုပ်စိုးသူများကို ကျွန်ုပ်တို့က ဖယ်ရှားခဲ့ပြီးဖြစ်ပါသည်။ သို့သော် ၄င်းနိုင်ငံများရှိ ကြွင်းကျန်နေသေးသည့် ပြဿနာများကြောင့် သမ္မတ Bush ၏ အမျိုးသားလုံခြုံရေးအဖွဲ့တွင် နက်နဲသည့် ပတ်ကြားအက်မှုများ ပေါ်လာပါသည်။ ၂၀၀၄ ခုနှစ် အစပိုင်းမှစ၍ သမ္မတ Bush ၏ အမျိုးသားလုံခြုံရေးအဖွဲ့သည် ကျွန်ုပ်၏အဖြင်အရ ပုံမှန်အလုပ်ကိုလုပ်၍ မရဖြစ်လာခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများ ကောင်းစွာရှိပါသည်။ ကျွန်ုပ်၏ အတွေးအခေါ်များနှင့် အကြံပြုချက်များသည် အဖွဲ့ရှိ အခြားသူများနှင့် မကိုက်ညီကြောင်း ထင်ရှားလာရာ ကျွန်ုပ်အတွက် အကောင်းဆုံးနည်းလမ်းမှာ ထွက်ခွာသွားရန်ပင် ဖြစ်တော့သည်။

၄င်း၏ ဒုတိယအကြိမ် သမ္မတသက်တမ်းတွင် သမ္မတ Bush အနေဖြင့် လုံးဝသစ်လွင်သည့် အမျိုးသားလုံခြုံရေးအဖွဲ့ကို ရွေးချယ်သင့်သည်ဟု ၄င်းအမျိုးက ကျွန်ုပ်က ယုံကြည်ခဲ့ပြီး ၄င်းအကြံဉာဏ်ကို သမ္မတ Bush အား ကျွန်ုပ်ကပေးခဲ့ပါသည်။ သို့သော် သူက ၄င်းအကြံဉာဏ်ကို မရွေးခဲ့ပါ။ ကျွန်ုပ်သည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထွက်ခွာပါသည်။ သမ္မတ Bush နှင့် ကျွန်ုပ်တို့သည် ကောင်းသောခွဲခွာခြင်းဖြင့် ခွဲခွာခဲ့ကြပါသည်။

ကျွန်ုပ်၏ အစိုးရဝန်ထမ်းဘဝ နောက်ပိုင်းကာလများတွင် ကျွန်ုပ်သည် နိုင်ငံအနှံ့ လည်ပတ်ခဲ့ပြီး ဘဝအတွေ့

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အကြံုကို ဝေငှခဲ့ပါသည်။ ထိုသို့ တွေ့ဆုံစဉ်အတွင်း အထူးသဖြင့် လူငယ်များအား ဥဇု ရာခိုင်နှုန်းသောအလုပ်များသည် မြင့်မြတ်သည့်အလုပ်များဖြစ်ကြသည်။ အမှန်တကယ် ယုတ်ညံ့သော အလုပ်ဟူ၍မရှိသလောက်ပင် ဖြစ်သည်။ အလုပ်တိုင်းသည် သင်ခန်းစာယူနိုင်သည့် အတွေ့အကြုံတစ်ရပ်ပင်ဖြစ်သည်။ အကယ်၍ သင်က လုပ်ခလစာယူလျှင် အလုပ်လုပ်ပေးရမည်သာဖြစ်သည်။ သင့်အနေဖြင့် အမြဲတမ်း အကောင်းဆုံးကို ဆောင်ရွက်ပါ။ သင့်ကိုယ်ကို သင်က စိတ်မပျက်ပါစေနှင့်ဟု ပြောကြားခဲ့ပါသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၃ လမ်းတွင် အမှိုက်လှည်းသူ

ကျွန်ုပ်၏ဘဝကို ကျွန်ုပ်၏ အတ္တနှင့်လိုက်လျောညီထွေဖြစ်အောင် ကျွန်ုပ်အမြဲပင်ကြိုးပမ်းပါသည်။ ကျွန်ုပ်၏ အတ္တကိုနှိမ့်ချထားရန် အခြားသူများကလည်း ကူညီကြပါသည်။ ကျွန်ုပ်အနားယူပြီးနောက် Boston မြို့ နေ့လယ်စာစားပွဲတစ်ခုတွင် မိန်းခွန်းပြောကြားရန် ဖိတ်ကြားခံရပါသည်။

ဧည့်သည်ပေါင်း (၂၀၀)ခန့်ရှိပြီး ဝင်ခွင့် လက်မှတ်နှင့် ထမင်းစားလက်မှတ် ဟူ၍ တစ်ဦးလျှင် လက်မှတ်နှစ်စောင်လိုအပ်ပါသည်။ ကျွန်ုပ်အား အခမ်းအနား၏ သဘာပတိက ထိပ်ဆုံးရှိစားပွဲဝိုင်းသို့ ခေါ်ဆောင်သွားပါသည်။ စားပွဲထိုးအမျိုးသမီးက အသီးအရွက်ပန်းကန် (အသုပ်ပန်းကန်)များကို ချပေးတိုင်း ထမင်းစားလက်မှတ်ကို တောင်းပါသည်။ ကျွန်ုပ်ကို အသီးအရွက်ပန်းကန် ချမပေးဘဲ ကျော်သွားပါသည်။ နောက်ထပ်တစ်ကြိမ် ကျွေးမွေးချိန်ရောက်သောအခါ ကျွန်ုပ်ကို ကျော်ခဲ့သွားပြန်ပါသည်။

သဘာပတိက တစ်ခုခုမှားနေသည်ကို သိလာပြီး စားပွဲထိုး အမျိုးသမီးအား "သူငယ်မရေ ဒီလူက ဗိုလ်ချုပ်ကြီး Colin Powell ပါ။ ယခင်ပူးတွဲ စစ်ဦးစီးဥက္ကဋ္ဌပါ။ ကျွန်ုပ်တို့ရဲ့ ဝုဏ်သရေရှိ ဧည့်သည်တော်ပါ။ အဓိက စကားပြောမယ့်သူ ဖြစ်တယ်" ဟု ပြောကြားလိုက်ရာ "သူ့မှာ ထမင်းစားလက်မှတ် မရှိပါ" ဟု ပြန်ပြောပါသည်။ သဘာပတိက ကျွန်ုပ်အား လက်မှတ်ဘစ်စောင်ကို ထုတ်ပေးပါသည်။ ကျွန်ုပ် ဆာလောင်နေပါပြီ။

လူတွေက ကိုယ့်အလုပ်ကို ကိုယ်လုပ်သည်ကို ကျွန်ုပ် သဘောကျပါသည်။ ညနေခင်းသတင်းများတွင် လူနှင့်ပတ်သက်၍ စိတ်ဝင်စားစရာကောင်းသည့် သတင်းတစ်ပုဒ်ပါလာသည်။ လမ်းပေါ်တွင် အမှိုက်လှည်းသူတစ်ဦးအကြောင်း ဖြစ်ပါသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

ငှင်းမှာ လူမည်းလူကြီးလူကောင်းတစ်ဦးဖြစ်ပါသည်။ အမွေးစုတ်ဖွား တံမြက်စည်းများနှင့် ဘီးတပ်အမှိုက်ပုံးတစ်လုံးဖြင့် လမ်းပေါ်တွင် အမှိုက်လှည်းပါသည်။ သူ့တွင် ဓနိုးတစ်ဦးရှိပြီး သားသမီးများရှိကာ သင့်တင့်ရုံအိမ်တစ်အိမ်တွင် နေထိုင်ပါသည်။ သူသည် သားသမီးများအတွက် ရည်ရွယ်ချက်မြင့်မားစွာထားရှိပြီး ငှင်း၏အလုပ်ကိုလည်း နှစ်သက် သဘောကျပါသည်။ မိမိ၏အသိုက်အဝန်းအတွက် ထိုက်တန်သည့်အလုပ်ဖြင့် အလုပ်အကျွေးပြုနေသည်ဟု ငှင်းက ခံစားရပါသည်။

အသက်မွေးမှုနှင့်ပတ်သက်၍ ငှင်းတွင် တစ်ခုတည်းသောရည်မှန်းချက်သာ ရှိပါသည်။ ငှင်းမှာ စက်တပ် အမှိုက်လှည်းယာဉ်ကို မောင်းနှင်ခွင့်ရရှိရေးပင်ဖြစ်ပါသည်။ သူသည် နောက်ဆုံးတွင် ငှင်းရည်မှန်းချက်ကို ရရှိအောင်မြင်ခဲ့ပါသည်။ ငှင်းစက်တပ်ယာဉ်ကို မောင်းနှင်ရန် အဆင့်တိုးမြှင့်ခံခဲ့ရခြင်း ဖြစ်ပါသည်။ ငှင်းအကြောင်းရိုက်ထားသည့် ငှင်းရုပ်မြင်သံကြားပြကွက်တွင် ငှင်းပုဂ္ဂိုလ်က ပြိုးလျက်လမ်းတစ်လျှောက် မောင်းဆင်းသွားသည်ကို ပြသလျက် အဆုံးသတ်သွားပါသည်။ ငှင်းပုဂ္ဂိုလ်သည် မိမိ မည်သူမည်ဝါဖြစ်သည်ကို သိသူဖြစ်ပါသည်။

ငှင်း ဗီဒီယိုပြကွက်ကို လက်တွေ့ဖြစ်ရပ် စိစစ်ချက်အဖြစ် လအနည်းငယ်ကြာလျှင် တစ်ကြိမ် ကျွန်ုပ်စိတ်ထဲတွင် ဖွင့်ကြည့်မိပါသည်။ ဤသည်မှာ မိမိ၏အလုပ်တွင် ပျော်မွေ့သော လူတစ်ဦး မိမိ၏ လူ့အသိုက်အဝန်းအတွက် မရှိမဖြစ်သော ဝန်ဆောင်မှုကိုပြုနေသူတစ်ဦး၊ မိမိအား ချစ်မြတ်နိုးပြီး လေးစားသည့် မိသားစုအား ထောက်ပံ့နေသူတစ်ဦး အကြောင်းပင်ဖြစ်ပါသည်။

ဘဝတွင် အမှန်တကယ် အရေးကြီးသည့်ကိစ္စရပ်နှင့် ပတ်သက်၍ ကျွန်ုပ်သည် သူ့ထက် ပို၍အောင်မြင်ပြီးဖြစ်ပါသလော။ မဖြစ်ပါ။ ကျွန်ုပ်တို့နှစ်ဦးစလုံးသည် ကံကောင်းသူများဖြစ်ကြပါသည်။ သူက လူ့ဘဝ၏ ကစားပွဲရှိ အားလုံးသောအရေးကြီးသည့် အခြေခံများကို ထိတွေ့ပြီးသားဖြစ်ပါသည်။

နောက်ဆုံးတွင် ကျွန်ုပ်နှစ်ဦး အပေါ် အဆုံးအဖြတ်ပေးရသောအခါ ကျွန်ုပ်တွင် ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်များ ရှိလင့်ကစား သူက ကျွန်ုပ်နှင့် ကျွန်ုပ်သိသူများထက် အမှတ်အနည်းငယ်သာ ကောင်းသာနိုင်ပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၄ အလုပ်ရှုပ်သည်ဆိုသည့်သူများ

ဗီယက်နမ်ရှိ အမှတ်(၂၃) ခြေလျင်တပ်မတွင် ကျွန်ုပ် ခေတ္တတာဝန်ထမ်းဆောင်စဉ်က တပ်မှူးမှာ ဗိုလ်ချုပ် Charles M.Gettys ဖြစ်ပါသည်။ ၄င်းထံမှ ကျွန်ုပ်သည် များစွာသင်ကြားတတ်မြောက်ခဲ့ပါသည်။ ၄င်းသည် အေးဆေးတည်ငြိမ်၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူဖြစ်ပြီး ဒေါသမထွက်တတ်သူ ဖြစ်ပါသည်။

သူနှင့်ကျွန်ုပ်တို့သည် မကြာခဏ စကားစမြည်ပြောကြရင်းက အခြားဗိုလ်ချုပ်ကြီးတစ်ဦးအကြောင်းသို့ ရောက်သွားပါသည်။ ၄င်းက "အဲဒီဗိုလ်ချုပ်ကြီးဟာ လူကောင်းတစ်ဦးပါ။ ဒါပေမဲ့ အလုပ်ရှုပ်တဲ့လူတစ်ယောက်ပါ" ဟု ပြောပါသည်။

Gettys ၏ ဉာဏ်အမြော်အမြင်သည် ကျွန်ုပ်နှင့်အတူစွဲ၍ ကျန်ရစ်ခဲ့သည်။ ၄င်းအချိန်က သူက ကျွန်ုပ်သွားလိုသော လမ်းတစ်ခုကို ညွှန်ပြခဲ့သည်။ ကျွန်ုပ်သည် အမြဲပင် အကောင်းဆုံးလုပ်ခဲ့ပြီး အကြံဉာဏ်သစ်များဖြင့် အမှန်ပင် အလုပ်ကြိုးစားခဲ့ပါသည်။ သို့သော် အလုပ်ရှုပ်သူတစ်ဦးတော့ မဖြစ်ခဲ့ပါ။ သမ္မတ Reagan က မကြာခဏပြောလေ့ရှိပါသည်။ "အလုပ်ကို ကြိုးစားပမ်းစားလုပ်သည့်အတွက် မသေပါဘူး" ဟု ပြောပါသည်။ "ဒါပေမဲ့ ဘာကြောင့် ကြိုးစားပမ်းစားမလုပ်ကြပါသလဲ" ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်လုပ်ခဲ့ရသည့် အကြီးတန်းအလုပ်များတွင် အသက်မွေးမှုပညာရပ်အတွက် ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကို ဖန်တီးရန် ကြိုးပမ်းပါသည်။ အလုပ်ပြီးအောင်လုပ်ရန် လိုအပ်လာပါလျှင် ကျွန်ုပ်၏ ငယ်သားများကို (၂၄)နာရီပတ်လည် အလုပ်လုပ်စေလိုပါသည်။ ထိုသို့လုပ်ရန် မလိုအပ်ပါက ပုံမှန်အချိန်တွင်သာ အလုပ်လုပ်ပြီး သင့်တော်သည့် အချိန်တွင် အိမ်ပြန်၍ ကလေးများနှင့်အတူ ကစားခြင်း၊ မိသားစု၊

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းများနှင့်အတူ ပျော်ပါးခြင်း၊ ဝတ္ထုဖတ်ခြင်း၊ ခေါင်းရှင်းခြင်း စသည်တို့ဖြင့် အပန်းဖြေနားနေစေချင်ပါသည်။ ၄င်းတို့အား ရုံးဌာနတွင်နေရသည့်ဘဝ၏ အပြင်ဘက်ဖြစ်သော ဘဝကိုလည်း ရရှိစေလိုပါသည်။ ကျွန်ုပ်သည် ၄င်းတို့အား အလုပ်၏အရည်အချင်းအတွက် လစာပေးနေခြင်းဖြစ်သည်။ သူတို့၏ အလုပ်နာရီအတွက်ပေးနေခြင်းမဟုတ်ပါ။ ဤသို့သော ပတ်ဝန်းကျင်အခြေအနေက ကျွန်ုပ်အတွက် အကောင်းဆုံးသော ရလဒ်များကို ရရှိစေပါသည်။

သူများကို သွန်သင်သလို (ပြောသလို) ကျွန်ုပ်လုပ်ပါသည်။ ကျွန်ုပ်သည် ပစ္စည်းများကို ပြင်ဆင်ရသည်ကို သဘောကျပါသည်။ အထူးသဖြင့် ကားအိုကားဟောင်းများ ပြင်ဆင်ရသူဝင်ဖြစ်ပါသည်။ ဝါရှင်တန်ပြည်၏ မြစ်တစ်ဖက်ကမ်းရှိ ပူးတွဲစစ်အဖွဲ့ ဥက္ကဋ္ဌ၏ နေအိမ်နောက်နားတွင် ကားဂိဒေါင်သုံးခုရှိပါသည်။ ကျွန်ုပ်အနေဖြင့် ၄င်းဥက္ကဋ္ဌဖြစ်လာစဉ်က ၄င်းဂိဒေါင်များတွင် ပြင်ဆင်ရန် ကားများဖြင့် ပြည့်နေတတ်ပါသည်။ ရက်သတ္တပတ်အတုန် နားရက်များတွင် ကျွန်ုပ်သည် ပြင်ဆင်ရန်ဖြစ်သည့် Volvo ကားတစ်စီး၏အောက်တွင် ရှိနေမည်ကို ကျွန်ုပ်အား တွေ့လိုသူများက သိပါသည်။ ပျက်နေသည့်ကား၏ အင်ဂျင်စက် အာယ်ကြောင့်အလုပ်မလုပ်သည်ကို ကျွန်ုပ်က ခွဲခြမ်းစိတ်ဖြာသိရှိလိုပြီး လိုအပ်သည်များကို ပြင်ဆင်ပြီးနောက် အင်ဂျင်စက်နိုးလာသည်ကို ပီတိဖြစ်ရပါသည်။ ကျွန်ုပ်၏ ရုံးလုပ်ငန်းများမှာမူ ယခု အင်ဂျင်စက်ကဲ့သို့ လွယ်ကူရှင်းလင်းသည်ကား မဟုတ်ပါ။

ယခုကိစ္စတွင် မော်တော်ကားစက်နိုးရ၍ မောင်းနှင်နိုင်ပြီဆိုလျှင် (၉၉)ဒေါ်လာတန် ဆေးအသစ်ကိုမူတ်၍ အမြန်ဆုံးရောင်းပစ်ရုံသာ ရှိပါသည်။ Panama မှ အာဏာရှင် Manuel Noriega အား ကျွန်ုပ်တို့က ဖမ်းမိပြီဖြစ်ကြောင်းကို စစ်ဆေးရေးဌာနချုပ်က ၁၉၈၉ ခုနှစ် တနင်္ဂနွေတစ်ရက်တွင် ကျွန်ုပ်ထံ အကြောင်းကြားစဉ်ကဆိုလျှင် ကျွန်ုပ်သည် Volvo ကားတစ်စီးအောက်သို့ ရောက်နေခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကူးပြောင်းဘာဝနယူရစဉ်က အကြီးတန်းရာထူးများအတွက် လူအတော်များများကို လူတွေ့မေးမြန်းခဲ့ပါသည်။ ထိုသို့မေးမြန်းမှုတစ်ခုတွင် အလွန်အမင်းတော်၍ စွမ်းရည်ပါရမီရှိသူ နိုင်ငံခြားရေးလုပ်ငန်းအရာရှိတစ်ဦးက "အာယ်၍ သူ့အနေနှင့် နေ့လယ်ပိုင်းတွင် ခပ်ဆွဆွပြေးသည့်လေ့ကျင့်ခန်းလုပ်လျှင် မည်သို့သဘောထားပါမည်နည်း" ဟု ကျွန်ုပ်အား မေးမြန်းခဲ့ရာ ကျွန်ုပ်က ထိုသို့လုပ်နိုင်ပါကြောင်း၊ ၄င်း၏အလုပ်ကို ပြီးအောင် မည်သို့လုပ်ရမည်ကို ၄င်းက သိသည်ဟု ကျွန်ုပ်က ယုံကြည်အားထားပါကြောင်း ပြောကြားခဲ့ပါသည်။

အကြီးတန်းအရာရှိတစ်ဦးက ထိုသို့မေးလာခြင်းက ကျွန်ုပ်အနေဖြင့် အလုပ်ရှုပ်နေစေသည့် လူတစ်ဦးမဟုတ်ကြောင်းကို ဝန်ထမ်းများအား ပြသရန်လိုကြောင်းကို ညွှန်ပြနေပါသည်။

ဤသို့သော လုပ်ပုံကိုင်ပုံမျိုးအတွက် ကျွန်ုပ်၏ ဆရာမှာ Frank Carlucci ဆိုသူဖြစ်ပါသည်။ ၁၉၈၁ ခုနှစ်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

တွင် သမ္မတ Reagan အစိုးရတက်လာသောအခါ Frank သည် ခုတိယကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီး ကျွန်ုပ်သည် ၄င်း၏စစ်ဘက်လက်ထောက်ဖြစ်လာခဲ့ပါသည်။ Frank က ရုံးမှသင့်တော်သည့်အချိန်တွင်သာ ပြန်တတ်သည်ဖြစ်ရာ ကျွန်ုပ်နှင့် ဝန်ထမ်းများသည်လည်း သင့်တော်သည့်အချိန်တွင် ပြန်ပါသည်။ ကျွန်ုပ်တို့သည် စွမ်းဆောင်ရည်ရှိသောရုံးအဖွဲ့တစ်ခုအဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၁၉၈၁ ခုနှစ် နွေဦးပေါက်ရာသီတွင် ဖြစ်ပါသည်။ ကျွန်ုပ်အား စစ်မြေပြင်အလုပ်ဘက်သို့ သွားခွင့်ပြုရန် Frank ကို ကျွန်ုပ်က ပြောဆိုခဲ့သဖြင့် ကျွန်ုပ်၏နေရာတွင် အစားဝင်လာသော အရာရှိသည် ညတိုင်းညတိုင်းတွင် နောက်ကျသည်အထိ ရုံးဦးနေတတ်ပါသည်။ ရက်သတ္တပတ်ကုန် ရုံးပိတ်ရက်များတွင် Frank သည် ရုံးသို့လာခဲ့သော်လည်း ၄င်း၏အဆိုပါ လက်ထောက်သည် ထိုအချိန်တွင် ရုံးတွင် ၄င်းရှိနေရမည်ဟု အဆိုပါလက်ထောက်က ခံစားရမိပါသည်။ ထိုသို့ အလုပ်ချိန်ပိုလာသဖြင့် အလုပ်ပမာဏကို မလိုအပ်ဘဲ ပိုလာစေပါသည်။ အလုပ်အများစုမှာ လူက ဖန်တီးသော အလုပ်များဖြစ်ပြီး Frank ကိုယ်တိုင်ကလည်း မိမိက မပြောထားသည့်အလုပ်၊ မိမိအတွက် မလိုအပ်သော အလုပ်၊ မမျှော်လင့်ထားသည့်အလုပ်တို့ကို အလုပ်ချိန်ပိုရှိ၍ အလုပ်လုပ်ရပါသည်။

၁၉၈၆ ခုနှစ်တွင် Iran-Contra အရှုပ်တော်ပုံ ဖြစ်ပွားစဉ်တွင် Frank က သမ္မတ Reagan ၏ အမျိုးသားလုံခြုံရေးအကြံပေးဖြစ်လာပြီး ကျွန်ုပ်သည် Frank ၏ လက်ထောက်ဖြစ်လာပါသည်။ အရှုပ်တော်ပုံဖြင့် ဤသို့အားစိုက်ခွန်စိုက်ဆောင်ရွက်နေရသည့် အချိန်၌ပင် Frank သည် မိမိ၏လုပ်နေကျအလုပ်စရိုက်အတိုင်းပင် ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်၏ တာဝန်များအနက် တစ်ခုမှာ Frank အနေဖြင့် အလုပ်ကို အချိန်နှောင်းသည်အထိ မလုပ်မိစေရေးအတွက် စောင့်ကြည့်ရန်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် စိုးရိမ်စရာမလိုအောင်ပင် ဖြစ်ပါသည်။

Frank သည် အကျပ်အတည်းကိစ္စ အတွက် အလုပ်တန်းလန်းမရှိစေဘဲ ၄င်းသည် ညနေ(၃)နာရီတွင် အလုပ်မှဆင်းကာ တင်းနစ်ကစားပြီးနောက် အိမ်သို့ ပြန်ပါသည်။ ၄င်းသည် အလုပ်ကြိုးစားပြီး စည်းရုံးဖွဲ့စည်းမှုတွင် မယုံနိုင်လောက်အောင်ပင် ကောင်းပါသည်။ ထို့ကြောင့် အလုပ်ကို ပြီးမြောက်စေပါသည်။ ဝန်ထမ်းများကလည်း Frank ၏ ဦးဆောင်မှုအတိုင်း လိုက်ပါကြပါသည်။

ကျွန်ုပ်သည် အဆင့်မြင့်ဆုံးသော ရာထူးနေရာများသို့ ရောက်ရှိချိန်တွင် စစ်ပွဲစတင်ဖြစ်ပွားသည့်ကိစ္စ သို့မဟုတ် အခြားသော အကျပ်အတည်းတစ်ရပ် ဖြစ်ပွားသည့်ကိစ္စများမရှိလျှင် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် မည်သည့်အမှု ရုံးသို့မသွားပါ။ သောကြာနေ့များတွင် ကျွန်ုပ်သည် အလုပ်အများပြားကို အိမ်သို့ယူသွားပြီး ဆိတ်ငြိမ်သည့် ကျွန်ုပ်၏ အိမ်ရှိ လွတ်လပ်သည့်အနေအထားတွင် အလုပ်လုပ်ရသည်မှာ စွမ်းဆောင်နိုင်မှုများစွာ မြင့်မားပါသည်။ ကျွန်ုပ်၏ ဝန်ထမ်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

များအနေဖြင့်လည်း ထိုသို့ပြုလုပ်ရန် ကျွန်ုပ် ချော်လင့်ပါသည်။ ရုံးသို့သွားရုံသက်သက် သွားမည်ဆိုပါက ကျွန်ုပ်က အထင်ကြီးလိမ့်မည်ကား မဟုတ်ပါ။

Frank Carlucci သည် ကာကွယ်ရေးဝန်ကြီးဖြစ်လာသောအခါ ကျွန်ုပ်သည် အမျိုးသားလုံခြုံရေး အကြံပေးဖြစ်လာပါသည်။ ကျွန်ုပ်၏ တာဝန်တစ်ရပ်မှာ သမ္မတ Reagan အား အလုပ်ချိန်နှောင်းသည်အထိ မကြာစေရေးပင် ဖြစ်ပါသည်။ တစ်နေ့တာအလုပ်ချိန် ကုန်ဆုံးချိန်တွင် သမ္မတထံသို့ အိမ်စာအလုပ်ကိုပေးလိုက်ပါသည်။ သူသည် ညနေ (၆)နာရီတွင် သမ္မတကတော်နှင့်အတူ နေအိမ်အပေါ်ထပ်သို့ ရောက်ရှိတတ်ပါသည်။ သောကြာနေ့ နေ့လယ်ပိုင်းများတွင် ဆိုလျှင် နေ့လယ်စာစားပြီးနောက် တစ်ပတ်အတွင်း ရှင်းလင်းချက်ကို သမ္မတက နားထောင်ပါသည်။ နေ့လယ် (၂)နာရီ (၁၅)မိနစ်တွင် ရုံး၏တောင်ဘက် မြက်ခင်းပြင်တွင် လေယာဉ်ဆင်းသက်လာပြီး ညနေ(၃)နာရီတွင် သမ္မတအားယူရာ Camp David သို့ ရောက်ရှိကာ မောပန်းနေပြီဖြစ်ရာ တနင်္ဂနွေနေ့ ညနေပိုင်းအထိ နေထိုင်ပါသည်။ သမ္မတသည် သက်သောင့်သက်သာနေထိုင်ပြီး အလုပ်မှ စာရွက်စာတမ်းများနှင့် စာအုပ်များကို ဖတ်ပြီး သမ္မတကတော်နှင့်လည်း အတူတူ အချိန်ကုန်စေပါသည်။ ဤသည်မှာ သူတို့အတွက် ကိုယ်ပိုင်အချိန်ပြစ်သလို ကျွန်ုပ်တို့အတွက်လည်း ကျွန်ုပ်တို့၏ မိသားစုများနှင့်အတူ ကုန်ဆုံးစေမည့်အချိန်ဖြစ်ပါသည်။ ရက်သတ္တပတ်အကုန်တွင် သမ္မတအနေဖြင့် ဟိုသွားဒီသွားမလုပ်ရသဖြင့် နိုင်ငံသည် ဘေးကင်းလုံခြုံမှုရှိနေပါသည်။ စိုးရိမ်ရသည်မှာ သမ္မတ၏သွေးယိုချင်းများက ကသိကအောက်ဖြစ်စေသည့် စာအုပ်များကို သမ္မတထံသို့ ကျွန်ုပ်တို့ မသိဘဲပေးခြင်းမျိုးပင် ဖြစ်ပါသည်။ တနင်္လာနေ့တစ်ရက်တွင် သမ္မတက စာအုပ်တစ်အုပ်တွင်ပါရှိသည့် သစ်ပင်များက ညစ်ညမ်းမှုကိုဖြစ်စေသည်ဆိုသည့်ကိစ္စကို သိလိုစေဖြင့် မေးမြန်းခဲ့ဖူးပါသည်။

ကာလီဖိုးနီးယားပြည်နယ် Santa Barbara အပြင်ဘက် Santa Ynez တောင်များရှိ ၄င်းမွေးမြူရေးခြံတွင် အပန်းဖြေရသည်ကို Reagan က သဘောကျပါသည်။ ကျွန်ုပ်တို့ကလည်း ပို၍ပင် သဘောကျပါသည်။ ကျွန်ုပ်တို့က Santa Barbara Biltmore ဟိုတယ်အခန်းများတွင် တည်ခိုကြပါသည်။ အကြီးတန်းဝန်ထမ်းများသည် တစ်နေ့လျှင် နှစ်ကြိမ်ကျ တွေ့ဆုံကြပြီး သမ္မတထံသို့ မည်သည့်ကိစ္စကို တင်ပြရမည်ကို စီစစ်ကြပါသည်။ ကျွန်ုပ်တို့က ၄င်းမွေးမြူရေးခြံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ပါသည်။ တစ်စုံတစ်ယောက်က မွေးမြူရေးခြံအထိ သွားပြီး ရှင်းလင်းမှုပြုလေ့ပြုထ မရှိခဲ့ပါ။ တစ်ကြိမ်တွင်သာ ကျွန်ုပ်ကိုယ်တိုင် မွေးမြူခြံသို့သွားရောက်ပြီး ရုရှားနှင့်ချုပ်ဆိုပြီး စဖြစ်သော နျူကလီးယားလက်နက်လျှော့ချရေး စာချုပ်နှင့်ပတ်သက်၍ သွားရောက် ရှင်းပြဖူးပါသည်။

ကျွန်ုပ်၏ ဘဝတစ်လျှောက်လုံးတွင် ကျွန်ုပ်သည် အလုပ်ကြိုးစားပြီး ကျွန်ုပ်အတွက် အလုပ်လုပ်သူများ ထလည်း အလားတူအလုပ်လုပ်ကြရန် ကျွန်ုပ်က ချော်လင့်ပါသည်။ သို့သော် လူက တမင်ဖန်တီးသည့်အလုပ်မျိုးကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

မလုပ်မိအောင် ကြိုးပမ်းပါသည်။ ပြည့်စုံသောဘဝဆိုသည်တွင် အလုပ်လုပ်ခြင်းထက်မကသော အရာများပါဝင်သည်ဆိုသည်ကို ကျွန်ုပ်အနေဖြင့် ဓောစောပင် လေ့လာသိရှိခဲ့ပါသည်။ ကျွန်ုပ်တို့တွင် မိသားစုကို လိုအပ်ပါသည်။ အနားယူမှု၊ ပြင်ပစိတ်ဝင်စားစရာနှင့် ၄င်းတို့ကို လုပ်ဆောင်ရန်အချိန်တို့ကို လိုအပ်ပါသည်။ ခြေလျင်တပ်ရင်းမှ ဗိုလ်များအား (အရာရှိငယ်များအား) သွန်သင်သည့် သင်ခန်းစာတစ်ခုကို ကျွန်ုပ်၏ခေါင်းထဲတွင် အမြဲပင်ထားရှိပါသည်။ ၄င်းမှာ သင်က လမ်းလျှောက်လို့ရနိုင်လျှင် မပြေးပါနှင့်။ သင်က ထိုင်ချ၍ရနိုင်လျှင် ထမရပ်ပါနှင့်၊ သင်က လဲလျောင်း၍ရနိုင်ပါလျှင် မထိုင်ပါနှင့်၊ သင့်အနေဖြင့် အိပ်၍ရနိုင်ပါလျှင် နိုးငြိုးမနေပါနှင့်" ဟူ၍ ဖြစ်ပါသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၅ ကြင်နာမှုဖြင့် အလုပ်ဖြစ်ပါသည်

မြောက်ပိုင်း Virginiaပြည်နယ် ဆင်ခြေဖုံးရပ်ကွက်ရှိ ဘာသာရေးဆိုင်ရာ Episcopal တစ်ခုတွင် ကျွန်ုပ်သည် နှစ်အတော်ကြာ အရပ်ဘက်အဆောင်မှူး (လူကြီး)တစ်ဦးဖြစ်ခဲ့ပါသည်။ ထိုကာလတွင်း ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးက အသင်းတော်နယ်ပယ်အတွက် လက်ဆောက်အသင်းအုပ်တစ်ဦးကို တာဝန်ချထားပေးပါသည်။ ၄င်း ဘုန်းကြီးမှာ ပုဂ္ဂိုလ်ရေးအရ အခက်အခဲရှိပြီး ကျောင်းထိုင်ရန် အဆောင်နေရာ လိုအပ်နေပါသည်။ သူ၏ပြဿနာကို ကျွန်ုပ်တို့ မသိခဲ့ကြပါ။ သို့သော် မည်သည်တို့ဖြစ်ခဲ့သည်ပင်ဖြစ်စေ ကျွန်ုပ်တို့သည် သူ့ကို လက်ခံရန် နှစ်သက်လိုလားကြပါသည်။

၄င်းသည် ကျွန်ုပ်တို့နှင့်အတူ နေလာခဲ့သည်မှာ တစ်နှစ်ကြာပြီဖြစ်သည်။ ၄င်းအတွက် နောက်ဆုံးတနင်္ဂနွေတွင် တရားဟောရန် တာဝန်ချထားခြင်းခံရသည်။ သူဟောခဲ့သည်မှာ တရားကောင်းတစ်ပုဒ်ဖြစ်ပါသည်။ ၄င်းဟောကြားချက်မှ ဝါကျတစ်ခုသည် ကျွန်ုပ်စိတ်ထဲတွင် ထိုမိစေပြီး ဆယ်စုနှစ် (၄)ခုမျှ ကျွန်ုပ်၏ ခေါင်းထဲတွင် စွဲကျန်ရစ်နေခဲ့ပါသည်။ ၄င်းဝါကျမှာ "လိုအပ်သည်ဟု ထင်ရသည်ထက် ပိုမိုသော ကြင်နာမှုကို ပြသပါ။ အကြောင်းမှာ ထိုကြင်နာမှုကို လက်ခံသောပုဂ္ဂိုလ်သည် သင်သိသမျှသော ကြင်နာမှုထက်ပိုသော ကြင်နာမှုကို လိုအပ်နေသောကြောင့်ပင် ဖြစ်ပါသည်" ဟူ၍ ဖြစ်ပါသည်။

အမှန်စင်စစ်အားဖြင့် သူက သူ့အကြောင်းကို ပြောပြနေခြင်းဖြစ်ပါသည်။ ယူရမည့်သင်ခန်းစာမှာ ရှင်းပါသည်။ နှုတ်ဆက်ရာနှင့် ယဉ်ကျေးမှုအရ ပြသသည့် ကြင်နာမှုမျိုးမျှကိုသာ မပြသပါနှင့်။ လှိုက်လှိုက်လဲ့လဲ့ ပြသပါ။ လိုလိုလားလားပြသပါ။ ကြင်နာမှုဆိုသည်မှာ ကောင်းခြင်းဆိုသည့်ကိစ္စအတိုမျှသာ သက်ဆိုင်သည်မဟုတ်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ပါ။ ငှင်းသည် ဂရုပြုမှု၊ လေးစားမှုခံထိုက်သော အခြားသောလူသားတစ်ဦးကို အသိအမှတ်ပြုမှုလည်း ဖြစ်ပါသည်။

အချိန်အတော်အကြာတွင် ကျွန်ုပ် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသောအခါ တစ်နေ့တွင် နိုးကြားသော လုံခြုံရေး သမားများမသိအောင် ရုံးခန်းမှလစ်ထွက်ပြီး ကားများထားသည့်နေရာသို့ ဆင်းသွားပါသည်။

မော်တော်ကားများထားရာနေရာသည် ဝန်ထမ်းအားလုံး၏ကားများအတွက် သေးငယ်လွန်းရာ ပြတ်သိပ်တန်းစီပြီး ထားရသည်ဖြစ်ရာ ရှေ့ကားက စမထွက်လျှင် နောက်ကားများကထွက်၍မရသည့်အခြေအနေ ဖြစ်ပါသည်။ ဝန်ကြီးတစ်ဦးက ကားထားရာနေရာသို့ ဟိုဟိုဒီဒီသွားသည်ကို ဝန်ထမ်းများ ယခင်က မတွေ့ဖူးကြပါ။ ထို့ကြောင့် ငှင်းတို့က ကျွန်ုပ်အနေဖြင့် အိမ်ပြန်ရေးအတွက် အဂူအညီလိုပါသလားဟု မေးကြပါသည်။ မလိုပါကြောင်း၊ လျှောက်ကြည့်ပြီး ငှင်းတို့နှင့် စကားပြောချင်ကြောင်းကို ကျွန်ုပ်က ပြန်ပြောပါသည်။ သူတို့သည် အလန့်တကြားဖြစ်သွားကြပါသည်။ သို့သော် နှစ်လိုကြပါသည်။ ငှင်းတို့နှင့် စကားပြောကြပြီးနောက် ကားများဝင်လာပြီး ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ပြန်ထွက်ရန် မည်သို့စီစဉ်ကြောင်းကို ကျွန်ုပ်က မေးပါသည်။ ငှင်းဝန်ထမ်းများသည် အချင်းချင်းသိနေသည့် ပုံဟန်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြပါသည်။ လိုရင်းဆိုရလျှင် ငှင်းတို့အနက် တစ်ဦးက ငှင်းတို့၏အပေါ် ဆက်ဆံရေးကောင်းသူကို ဦးစားပေးကြောင်း ပြောဆိုပါသည်။

ကျွန်ုပ်က ငှင်းတို့အား ကျေးဇူးတင်ကြောင်းပြောပြီး ပြုံးပြကာ ယခုအခါ စိတ်ရှုပ်နေပြီဖြစ်သော ကိုယ်ရံတော်များအား စွန့်လွှတ်ထားခဲ့သည့်နေရာသို့ ပြန်သွားပါသည်။

နောက်တစ်ကြိမ် ဝန်ထမ်းအစည်းအဝေးတွင် ဤအကြောင်းကို အကြီးတန်းဝန်ထမ်းများအား ပြောပြပါသည်။ "ဤအဆောက်အအုံရှိ လူတိုင်းကို လေးစားမှု၊ စိတ်ပါမှု၊ ကြင်နာသည့်စကားတို့ဖြင့် ဆက်ဆံရန်မှာ မှားနိုင်သည့်အရာ မဟုတ်ပါ" ဟု ငှင်းတို့အား ကျွန်ုပ်က ပြောကြားခဲ့ပါသည်။ ထို့အပြင် "အကယ်၍ သင်က သူတို့ကို ထိုသို့ဆက်ဆံလျှင် သူတို့ကလည်း သင့်ကို ထိုသို့ခြင်ပါလိမ့်မည်။ သူတို့က သင့်ကို ကျုံးစေမည်မဟုတ်ပါ။ သင်က သူတို့ရှေ့မောက်သို့ ချပြသမျှ သူတို့က ပြီးမြောက်အောင် ဆောင်ရွက်ကြပါလိမ့်မည်" ဟုလည်း ကျွန်ုပ်က ပြောခဲ့ပါသည်။

အဖွဲ့အစည်းတစ်ခုရှိ လူတိုင်းသည် တန်ဖိုးအသီးသီးရှိကြပြီး ငှင်းတန်ဖိုးကို အသိအမှတ်ပြုခံလိုကြပါသည်။ လူသားတိုင်းသည် ချီးကျူးမှု၊ အားပေးမှုတို့ကို လိုအပ်ကြပါသည်။ ညတိုင်းတွင် ကျွန်ုပ်၏ရုံးခန်းသို့လာပြီး သန့်ရှင်းရေးလုပ်ကြသူများသည် သမ္မတတစ်ဦး၊ ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် ဝန်ကြီးတစ်ဦးထက် မနိမ့်ကျပါ။ ငှင်းတို့သည် ငှင်းတို့ရထိုက်သည့် ကြင်နာမှုကို ကျွန်ုပ်ထံမှ ရရှိခဲ့ပါသည်။ သူတို့မပါဘဲ ကျွန်ုပ်၏ အလုပ်ကို ကျွန်ုပ်လုပ်နိုင်မည်မဟုတ်ပါ။ ဌာနသည်လည်း ငှင်းတို့အပေါ်တွင် အားထားပါသည်။ အောင်မြင်သည့် အဖွဲ့အစည်းတစ်ခုတွင် အသေးအဖွဲ့စိတ်သည့်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

အလုပ်ဟူ၍မရှိပါ။ ဤရိုးရှင်းလွယ်ကူသော မူဝါဒကို နားမလည်သည့်၊ အသေးအဖွဲဟု သဘောထားတတ်သည့် ခေါင်းဆောင်အများအပြားရှိတတ်ပါသည်။

ဝန်ထမ်းများအား ဂရုစိုက်ခြင်းသည် အကောင်းဆုံးသော ကြင်နာမှုကိုပေးခြင်းဖြစ်ပါသည်။ ငယ်ရွယ်သူ တပ်သားများသည် အခြေခံစစ်သင်တန်းတက်ကြသောအခါ အိပ်မက်ဆိုးကဲ့သို့ ယူဆရသည့် သင်တန်းဆရာတပ်ကြပ်ကြီးနှင့် ကြုံကြရပါသည်။ ဆရာက ၄င်းတို့အား အော်ဟစ်သည်၊ ခြောက်လှန့်သည်၊ ၄င်းတို့ကလည်း ကြောက်လန့်ကြပါသည်။ ၄င်းတို့အား စိတ်ဖျက်အောင်လည်းပြုလုပ်ကြပါသည်။ သို့သော် သင်တန်းပြီးသည့်အခါ ၄င်းတို့လိုချင်သည့်အရာမှာ ၄င်းတို့၏ဆောင်ရွက်မှုများက ၄င်းသင်တန်းဆရာအား နှစ်သိမ့်စေရေးပင်ဖြစ်ပါသည်။ သင်တန်းအောင်မြင်ပြီးသောအခါ ၄င်းတို့သည် ခံစားမှုအရနှောင်ဖွဲ့မှု၊ မမေ့နိုင်သည့် သတိရလွမ်းဆွတ်မှုတို့ဖြင့် ခွဲခွာကြပါသည်။ စစ်မှုထမ်းဖူးသူတစ်ဦးဦးကို ၄င်း၏သင်တန်းဆရာ တပ်ကြပ်ကြီးအမည်ကို မေးကြည့်ပါ။ ၄င်းက သိမည်သာဖြစ်ပါသည်။ နှစ်(၅၀)အကြာတွင် ကျွန်ုပ်၏ ROTC နွေရာသီစခန်းသင်တန်းဆရာမှာ ရုံးအဖွဲ့ တပ်ကြပ်ကြီး Artis Westberry ဖြစ်ပါသည်။

ကြင်နာမှုရှိခြင်းသည် ပျော့ညံ့ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်မရပါ။ ကြင်နာမှုသည် အားနည်းခြင်း၏ သင်္ကေတမဟုတ်ပါ။ ယုံကြည်စိတ်ချမှု၏သင်္ကေတတစ်ရပ်ဖြစ်ပါသည်။ အကယ်၍ သင့်အနေဖြင့် ကြင်နာမှု၊ စာနာမှုတို့အတွက် ကျော်ကြားလာပြီဆိုလျှင် နှစ်လိုဖွယ်မရှိသည့် ဆုံးဖြတ်ချက်များသည်ပင်လျှင် လွယ်လွယ်နှင့်ပြီးစီးသွားပါလိမ့်မည်။ အကြောင်းမှာ သင်လုပ်နေသည့်အရာကို သင်က ဘာကြောင့်လုပ်သည်ကို လူတိုင်းက သိကြမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ သင်၏ဆုံးဖြတ်ချက်သည် လိုအပ်သောကြောင့်ဖြစ်လာပါသည်။ တစ်ဖက်သတ်ဆုံးဖြတ်ချက်မဟုတ်၊ စာနာမှုမရှိသည်ကားမဟုတ် ဆိုသည်ကို ၄င်းတို့က သိရှိပါလိမ့်မည်။

ဆိုရိုးစကားတစ်ခွန်း ရှိပါသည်။ ၄င်းမှာ "ကမ္ဘာကြီးအတွက်ဆိုလျှင် သင်သည် လူတစ်ဦးတစ်ယောက်သာဖြစ်သည်။ လူတစ်ဦးတစ်ယောက်အတွက်ဆိုလျှင် သင်သည် ကမ္ဘာကြီးတစ်ခုဖြစ်ပါသည်" ဟူ၍ ဖြစ်ပါသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၆ ကျွန်ုပ်ပတ်သက်နေပါပြီ

၁၉၅၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလတွင် ကျွန်ုပ်၏ဆရာတစ်ဦးဖြစ်သူ ဗိုလ်ကြီး Tom Miller သည် ဂျာမနီရှိ အမှတ်(၄၈) တပ်မ၊ အမှတ်(၂) သံချပ်ကာ သေနတ်ကိုင်တပ်ရင်း တပ်ခွဲ(B)တွင် တာဝန်ထမ်းဆောင်စဉ် ကျွန်ုပ်သည် သူ၏ဗိုလ် အဆင့်ရှိသူများအနက် တစ်ဦးဖြစ်ပါသည်။ ဤသည်မှာ ကျွန်ုပ်အား ပထမဆုံးအကြိမ် တာဝန်ချထားမှုဖြစ်ပါသည်။ Tom သည် ဒုတိယကမ္ဘာစစ်နှင့် ကိုရီးယားစစ်အတွင်း ကျွန်ုပ်ရှိသည့် ဝါရင့်တပ်ကြပ်ကြီးများကို ရာထူးတိုးပေးခံရသူများအနက် ၄င်းသည် တစ်ဦးဖြစ်ပါသည်။ ၄င်းတို့သည် ဗိုလ်ချုပ်ကြီးဖြစ်ရန်ကား မျှော်မှန်းထားခြင်းမရှိကြပါ။ သို့သော် ၄င်းတို့သည် စစ်သားအလုပ်ကို များစွာသိသူများဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် နေ့ဘက်တွင် များစွာလေ့လာသင်ယူခဲ့ရပါသည်။ သို့သော် ညဘက်တွင် အရာရှိစားသောက်ဆိုင်၌ လေ့လာသင်ယူရသည်မှာ ပို၍ပင် အရေးကြီးပြီး ပျော်စရာလည်းကောင်းပါသည်။

ညတစ်ည၏ နှောင်းပိုင်းအချိန်တွင် ဗိုလ်ကြီး Miller နှင့် ဗိုလ်များသည် ဘီယာဆိုင်တွင် ဘီယာသောက်ရင်း ထိုင်နေကြရာ အားလုံးသည် တစ်ခွက်ထက်ပိုပြီး သောက်ပြီးဖြစ်သော်လည်း Miller သည် ကျွန်ုပ်တို့ထက် ရှေ့ကပြေးနေပါသည်။ ၄င်းက ကျွန်ုပ်တို့အားကြွေးပြီး "နားထောင်ကြ။ ခေါင်းဆောင်မှုအကြောင်းကိုပြောပြမယ်။ မင်းတို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ်တော်တယ်လို့ ထင်ကြလိမ့်မယ်"

ညသန်းခေါင်အချိန်မှာ ပြဿနာပေါ်လာပြီး မနက်ဖြန်နံနက် ရောက်သည့် အချိန်တွင် ညကရန်ဖြစ်ကြပြီး ပြတင်းပေါက်(၄)ခုကွဲကာ နှစ်ဦးက ဆေးရုံပေးပို့ပြီး တစ်ဦးကပျောက်နေကာ ကျစ်ကားတစ်စီးလည်း ပျောက်ဆုံးနေတာကို တွေ့ရှိရတယ်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်တယ်နော်။ နောက်တစ်နေ့ကတော့ နေ့သစ်ပါပဲ။ ပို၍ကောင်းအောင် ကြိုးစားရမယ့်နေ့ပါပဲ"ဟု ပြောကြားပါသည်။

နောက်လာမည့် နှစ်ပေါင်း(၅၀)အတွင်း ဤကဲ့သို့သော နံနက်များစွာနှင့် ကျွန်ုပ်ကြုံခဲ့ရသည်။ ပြဿနာများသည် အရှင်လတ်လတ်မပေါ်လာတတ်ပါသည်။ ပေါ်လာလျှင် ကိုင်တွယ်ပြီး အသစ်ပြန်စပါ။ ပြဿနာဖြေရှင်းရေးသည် ခေါင်းဆောင်များက လုပ်ရသည့်အလုပ်ဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။ သင့်အနေဖြင့် ပြဿနာကို မဖြေရှင်းဘဲနေသည့် နေ့ရက်သည် သင့်အနေဖြင့် ဦးဆောင်မှုမပေးတော့သည့် **နေ့တစ်နေ့ဖြစ်ကောင်းဖြစ်နိုင်ပါသည်။** အကယ်၍ သင့်ထံသို့ မည်သူကမျှ ပြဿနာကိုတင်ပြလာခြင်းမရှိတော့ဟုဆိုလျှင် **သင့်အနေဖြင့် နိုးရိမ်သင့်ပြီဖြစ်သည်။** ဆိုလိုသည်မှာ ခင်ဗျားအနေဖြင့် ပြဿနာကို ဖြေရှင်းနိုင်သည်။ **ပြဿနာကိုကြားသိလိုသည်ဟု လူတွေတ မယူဆသည့်သဘောဖြစ်ပါသည်။** ဤသည်မှာ ငယ်သားများက သင့်အပေါ်တွင် **ယုံကြည်အားထားမှု ပျောက်ဆုံးလာပြီး** သင်သည် **ၜင်းတို့၏** ခေါင်းဆောင်မဟုတ်တော့သည့်သဘောဖြစ်သည်။

ထို့ကြောင့် ဟိုဟိုဒီဒီသို့သွားပြီး ပြဿနာကိုလိုက်ရှာပါ။ တွေ့ပါလိမ့်မည်။ ဤနေရာတွင် **ရပ်မထားပါနှင့်။** သင်၏ငယ်သားများတွင် ပြဿနာဖြေရှင်းလိုသည့်သဘောထားကို သွတ်သွင်းလုပ်ဆောင်ပါ။

၁၉၇၃ ခုနှစ်တွင် ကိုရီးယား၌ တပ်ရင်းမှူးအဖြစ် ကျွန်ုပ်ဆောင်ရွက်စဉ်က တပ်တွင်းရှိ ပြဿနာများကို ကျွန်ုပ်တပ်မှူးများနှင့် အကြီးတန်းတပ်ကြပ်ကြီးများသိအောင် ကျွန်ုပ်လုပ်ခဲ့ပါသည်။ ကျွန်ုပ်၏ခေါင်းဆောင်များက မိမိတပ်ဖွဲ့များကို နီးကပ်စွာ စောင့်ကြည့်နားထောင်ခြင်းမရှိဟု ကျွန်ုပ် ခံစားရပါသည်။ ထို့ကြောင့် ကျွန်ုပ်မပျော်ရွှင်နိုင်ကြောင်းကို ၄င်းတို့အား သိစေပါသည်။ ထိုနေ့ညနေတွင် ကျွန်ုပ်သည် ထုံးစံအတိုင်း လမ်းလျှောက်သွားစဉ် တပ်သားများကို ထားသည့် တဲတစ်တဲနောက်ဘက်သို့ ရောက်ရှိရာ တပ်ကြပ်ကြီး Walkar က သူ၏တပ်ဖွဲ့အား တန်းစီ၍ ဤသို့သဘောသက်ရောက်သည့်စကားကို ပြောနေပါသည်။ ၄င်းက ၄င်းတို့၏ပြဿနာများကို တပ်မှူးထံမှ မိမိသိရှိပြီးဖြစ်ကြောင်း၊ **နောက်ထပ်မဖြစ်စေလိုကြောင်း** ဖြစ်ပေါ်လာလျှင် ချက်ချင်းဖြေရှင်းမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ကျွန်ုပ်က ခေါင်းတည်တည်ဖြစ်ရပါသည်။ ၄င်းတပ်ဖွဲ့တွင် တပ်ကြပ်ကြီး Walkar မသိသည့်ပြဿနာဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။

ကျွန်ုပ်သည် အငြိမ်နေတတ်သူမဟုတ်ပါ။ ဟိုဟိုဒီဒီသွားလာသည်ကို ကျွန်ုပ်သဘောကျပါသည်။ စစ်တပ်တွင် **စီလ်ဘဝမှသည်** နိုင်ငံခြားရေးဝန်ကြီးအထိ တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် ကျွန်ုပ်သည် ဟိုသွားဒီသွားဖြင့်လည်း **အချိန်**ကုန်စေခဲ့ပါသည်။ ထိုသို့သွားရာတွင် စိတ်ထဲ၌ ရေရာသော သွားရာလမ်းမရှိဘဲ မချော်လင့်သည့်နေရာများသို့လည်း

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

သွားတတ်ပါသည်။ ဥပမာ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဘွိုင်လာအခန်း သို့မဟုတ် Pentagon ရဲစခန်းများကဲ့သို့သော နေရာများ ဖြစ်ကြပါသည်။ တစ်ခါတစ်ရံ တိကျရေရာသည့် လမ်းကြောင်းများအတိုင်း တပ်ဖွဲ့နယ်မြေများကို ဖြတ်သန်း၍လည်း သွားတတ်ပါသည်။ ဤသို့သွားရာတွင် ဝန်ထမ်းဌာနအဆင့်ဆင့်မှနေ၍ အထက်အဆင့်ဆင့်သို့ မရောက်လာနိုင်သည့်ကိစ္စများကိုလည်း တွေ့ရပါသည်။

ကျွန်ုပ်တွေ့ရသည့် ပြဿနာများကို ဆက်၍ဆောင်ရွက်ပါသည်။ သို့သော် ဌာနဆိုင်ရာအဆင့်ဆင့်ကို အားနည်း၍ အရာမထင်စေသည့် နည်းမျိုးဖြင့် ကျွန်ုပ်က မဆောင်ရွက်ပါ။

ပြဿနာဆိုသည်မှာ ဖြေရှင်းရမည့်ကိစ္စရပ်ဖြစ်သည်။ ၄င်းပြဿနာကို အရေးမပါသည့်ကိစ္စအဖြစ်ထားရှိခြင်း၊ အခြားသူများအား အပြစ်ပုံချခြင်းတို့ဖြင့် ရှောင်သွား၍မရပါ။ တစ်ခုခု အမှားအယွင်းဖြစ်လာလျှင် အောက်ခြေမှလူများက ဦးစွာသိကြပါသည်။ ငယ်သားတစ်ဦးဦးသည် ကောင်းသည့်နောက်လိုက်တစ်ဦး မဟုတ်ဘဲ အလုပ်ကို ပြီးစီးအောင် မဆောင်ရွက်သူဖြစ်သည်ကို ၄င်းတို့က သိကြပါသည်။ ၄င်းကိစ္စကို သင့်အနေဖြင့် ဆောင်ရွက်လာမည်ကို ၄င်းတို့က စောင့်ကြည့်နေကြပါသည်။ အကယ်၍ သင်က ဆောင်ရွက်လာခြင်းမရှိပါက သူတို့သည်လည်း အလုပ်ခိုကပ်လာကြပြီး အားနှင့်မာန်ဖြင့်မလုပ်ဘဲဖြစ်လာပါလိမ့်မည်။ အကယ်၍ သင်က ဂရုမစိုက်ဟုဆိုပါလျှင် သူတို့က သင့်အပေါ် အာဃာတကြောင့် ဂရုစိုက်သင့်ပါသနည်း။ သင့်အကြောင်းကို သိသူနောက်လိုက်ကောင်းတို့သည် အလုပ်ကောင်းကောင်းလုပ်သည်ဘဲမက သင့်ကိုလည်း ဂရုစိုက်ကြပါသည်။

ယခင်အခါက ပုံပြင်ဟောင်းတစ်ခုရှိပါသည်။ နယူးယောက်မြို့မှ Buffalo မြို့အထိ မီးရထားစီး၍ အိပ်စင်ဖြင့် လိုက်ပါလာသူတစ်ဦးက နယူးယောက်မဟိုမီးရထားဌာန ဥက္ကဋ္ဌထံ အိပ်စင်တွင် ကြမ်းပိုးကိုက်လွန်းကြောင်း စာရေးသားလာရာ ဥက္ကဋ္ဌက အကြံပေးချက်ကို တန်ဖိုးထားကြောင်းနှင့် ပြုပြင်သွားရန်ကတိပေးပါကြောင်း ပြန်ကြားခဲ့ပါသည်။ သို့သော် ဥက္ကဋ္ဌထံမှ သူ၏အတွင်းရေးမှူးထံသို့ ရေးသားသည့်မှတ်ချက်မှာ စာအိတ်ထဲကပ်၍ပါလာရာ ၄င်းမှတ်ချက်တွင် "ဒီငတုံးကြမ်းပိုး စာကိုပို့လိုက်ပါ" ဟူ၍ ရေးသားထားပါသည်။

ကျွန်ုပ်သည် အမည်မသိစာများကို "ထွက်စာ" ခြင်းထဲတွင်ထည့်ပါသည်။ "ပြဿနာကိုဖြေရှင်းပါ" ဟုမှတ်ချက်ရေးပါ။ "ကြမ်းပိုးစာများလိုတော့ ကျွန်ုပ်မပြုလုပ်ပါ"

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၇ စစ်မြေပြင်၏ မည်သည့်နေရာတွင်ဖြစ်ပါသလဲ

ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာပြီး ကြာခဲအချိန်မှာပင် ကြိုးမြင့် သောအမေရိကန် သံတမန်ကြီးတစ်ဦးဖြစ်သူ သံအဓိပတိကြီး George Kennan ထံမှ ထိုးထွင်းသိမြင်မှုရှိပြီး တအံ့တသြဖြစ်စေသည့် စာတစ်စောင်ကို ကျွန်ုပ်လက်ခံရရှိ ပါသည်။ သံအမတ် Kennan ကို ကျွန်ုပ် ဘယ်တုန်းကမျှ မတွေ့ဖူးပါ။ သို့သော် သူသည် များစွာဂါရဝထားခံရပြီး ဩဇာတိက္ကမရှိသော ရှေ့ကိုကြီးမြင်သည့် အမေရိကန် သံတမန်တစ်ဦးဖြစ်သည်ကို ကျွန်ုပ်သိပါသည်။ သူ့စာတွင် စာ(၃)မျက်နှာဖြင့် ကျွန်ုပ် ၏အလုပ်သစ်အတွက် လှိုက်လှိုက်လဲ့လဲ့ အကြံပေးထားပါသည်။

ထိုအချိန်က အသက်(၉၇)နှစ်ရှိသော Kennan သည် (၂၀၀၅ ခုနှစ်၌ အသက် ၁၀၁ နှစ်တွင် ကွယ်လွန်သည်) သံတမန်တစ်ဦးနှင့် သမိုင်းပညာရှင်တစ်ဦး အဖြစ် ၄၄်းတွင် (၇၅)နှစ် အတွေ့ကြုံရှိခဲ့ပြီး Marshall စီမံကိန်းချမှတ်သူ ဗိသုကာများ အနက် တစ်ဦးဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုအပေါ် ထိန်းထားရေးပေါ်လစီ၏ အုတ်မြစ်ကိုချမှတ်သည့် မော်စကိုမြို့မှ "ကြေးနန်းရှည်"ဟူသည်ကို ရေးသားခဲ့သူ ဖြစ်သည်။

၄င်း၏ကိုယ်ရေးအကြောင်းကို ရေးသားပြီးနောက် အမေရိကန်ပြည်ထောင်စု ကို ထူထောင်သူများအနေဖြင့် ထားရှိခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး၏ အဓိကတာဝန် နှစ်ရပ်ကို ၄င်းက ဖော်ပြပါသည်။ ပထမတာဝန်မှာ အမေရိကန်နိုင်ငံခြားရေးကိစ္စရပ် အားလုံးနှင့်ပတ်သက်၍ သမ္မတ၏ အရင်းနှီးဆုံးနှင့် အာဏာအပိုင်ဆုံးသော အကြံပေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဒုတိယတာဝန်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးလုပ်ငန်းတို့ကို စီမံခန့်ခွဲမှုအရ ထိန်းချုပ်ကြီးကြပ်ရန်ဖြစ်သည်။ ထို့နောက်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ငှင်းသံအမတ်ကြီးက လိုရင်းကို ဤသို့ဆိုပါသည်။ "အကယ်၍ သင့်အနေဖြင့် ကမ္ဘာပတ်၍ လေယာဉ်ဖြင့်သွားနေပါလျှင် ငှင်းတာဝန်နှစ်ခုစလုံးကို သင်အနေဖြင့် ပုံမှန်ဖြစ်အောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။ မကြာမီက ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးများသည် နိုင်ငံခြားခေါင်းဆောင်များ၊ ဂုဏ်သရေရှိ လူကြီးများနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရန် အခြားနိုင်ငံများသို့ လေယာဉ်ဖြင့် ခရီးသွားခြင်းကြောင့် အချိန်ကုန်မှုများလွန်းပါသည်။

နိုင်ငံခြားရေးဝန်ကြီးများ၏ အခန်းကဏ္ဍသည် သမ္မတအတွက် နိုင်ငံခြားရေးပေါ်လစီဆိုင်ရာ အဓိကအကြံပေးတစ်ဦး၏ အခန်းကဏ္ဍဖြစ်သည်။ အခြင့်မသာဆုံးသော ခရီးသွားသံတမန်တစ်ဦး၏ အခန်းကဏ္ဍမျိုးမဟုတ်ပါ။ ခေတ်သစ်ဆက်သွယ်ရေးလုပ်ငန်းများကြောင့်လည်း ကမ္ဘာအနှံ့ရှိ အစည်းဝေးများသို့ လေယာဉ်ဖြင့်သွားရောက်ရန်မလိုဘဲ သံတမန်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်စေသည်သာ ဖြစ်သည်။

Kennan က ဌာနဆိုင်ရာ တာဝန်အရ လိုအပ်လာလျှင် ဝါရှင်တန်မှနေ၍ နိုင်ငံခြားရေးဝန်ကြီးက ခေတ္တခရီးသွားခြင်းကိုမူ အငြင်းမပွားပါ။ သို့သော် သင့်လျော်သည့် ရွေးလမ်းများ ရှိသည်ဆိုပါလျှင် ထိုသို့ ဝါရှင်တန်တွင် မရှိဘဲ နေမှုကို လျှော့ချသင့်သည်၊ ရှောင်ကြဉ်သင့်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ခရီးသွားလွန်းသည့် ပြဿနာသည် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ဝါရှင်တန်တွင် ရှိနေရေးနှင့် မရှိရေးကိစ္စနှင့်သာဆိုင်သည်မဟုတ်ပါ။ သံအမတ်ကြီးများသည် ကမ္ဘာအခြား နိုင်ငံများထံသို့ စေလွှတ်သည့် သမ္မတ၏ ကိုယ်စားလှယ်များ ဖြစ်ကြသည်။ သံအမတ်ကြီးသည် သက်ဆိုင်ရာနိုင်ငံတွင် နေ့တိုင်းပင် ရှိနေသည် ဖြစ်ရာ သံအမတ်ကြီး၏ အနေအထားကို သံတမန်လုပ်ငန်း၏ အဓိကဆက်သွယ်ရာ လမ်းကြောင်းအဖြစ် မြင့်တင်ပေးသင့်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးမျိုးသော အထူးသံတမန်များအနေဖြင့် မကြာခဏ ရောက်ရှိလာလွန်းမှကြောင့် သံအမတ်ကြီး၏ အဆိုပါအခန်းကဏ္ဍကို လျော့ပါးနိမ့်ကျစေပါသည်။ နိုင်ငံခြားရေးဝန်ကြီးကို လာရောက်ရန် ပြောချရန်ပါလျှင် သံအမတ်ကြီးနှင့်အတူ မည်သူက အာဏာကြောင့် အချိန်ကုန်စေရပါမည်နည်း။

အလုပ်ကို ချဉ်းကပ်ဆောင်ရွက်ရန် ကျွန်ုပ်က လိုလားခဲ့သည့်နည်းလမ်းနှင့် Kennan ပေးစာသည် လိုက်ဖက်ပါသည်။ ငှင်းစာပါ ထောက်ခံတင်ပြချက်များကို ကျွန်ုပ်က ထွေးပိုက်ထားခဲ့ပါသည်။ ကျွန်ုပ်၏ နိုင်ငံခြားရေးဝန်ကြီးသက်တမ်းကာလအတွင်း ခရီးအခြောက်အခြားသွားခဲ့ပါသည်။ သို့သော် ကျွန်ုပ်ရှေ့က နိုင်ငံခြားရေးဝန်ကြီးများနှင့် နောက်က နိုင်ငံခြားရေးဝန်ကြီးများလောက် ခရီးမသွားခဲ့ပါ။ ထိုသို့ခရီးသွားရာတွင် Condaleezza Rice နှင့် Hillary Clinton တို့က ကမ္ဘာစံချိန် တင်ထားကြပါသည်။

bookhouse

www.burmeseclassic.com

www.burmeseclassic.com

မသိရသည့်အကြောင်း တစ်ရပ်ရပ်ကြောင့် New York Times သတင်းစာက ဦးဆောင်သည့် မီဒီယာများက ကျွန်ုပ်သည် ကောင်းကောင်း ခရီးမသွားဟု ဆိုပါသည်။ ကျွန်ုပ်အနေဖြင့် ဝါရှင်တန်နှင့် ကုလသမဂ္ဂတို့တွင် အချိန်များစွာ ကုန်စေခြင်းထက် ကမ္ဘာသို့ ခရီးထွက်သင့်သည်ဟု ဆိုပါသည်။

၄င်းမီဒီယာများအနက် တစ်ခုတလေကမျှ ယခုဖော်ပြသည့် မေးခွန်းများကို မဖြေဆိုခဲ့ကြပါ။ ၄င်းခရီးသည် တကယ်တမ်းလိုအပ်ပါသလော။ ကျွန်ုပ်အား ထိုသို့ခရီးထွက်စေခြင်းဖြင့် မည်သို့သော အကျိုးသာအကျိုးဖီးပွားကို ရရှိစေပါသနည်း။ ကျွန်ုပ်အနေဖြင့် ဝါရှင်တန်တွင် ရှိနေရခြင်းအတွက် ကျွန်ုပ်တွင် အကြောင်းပြချက်ကောင်းကောင်း ရှိပါသလား ဆိုသည်ကိုလည်း ၄င်းတို့က ကျွန်ုပ်ကို မမေးခဲ့ကြပါ။

အမှန်စင်စစ်မှာ ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည့် ပထမနှစ်အတွင်း နိုင်ငံပေါင်း (၃၇) နိုင်ငံသို့ ခရီးမိုင် (၁၄၉,၀၀၀) ဖျ ခရီးသွားခဲ့ပါသည်။ စစ်တန်းလျားအတွင်း ပုန်းအောင်နေသည်ကား မဟုတ်ပါ။

နှစ်အတော်ကြာသည့်တိုင် ကျွန်ုပ်သည် မကြာခဏခရီးသွားသူဖြစ်ခဲ့ပါသည်။ ယနေ့အထိပင် အချိန်၏ (၅၀) ရာနှုန်းသည် လမ်းပေါ်တွင်ကုန်ဆုံးပါသည်။ သို့သော် ခရီးသွားရန် ကျွန်ုပ်က မတမ်းတပါ။ ကျွန်ုပ်သည် အလုပ်ကိစ္စနှင့် ခရီးသွားပါသည်။ အပျော်ခရီးသွားခြင်း မဟုတ်ပါ။

ကမ္ဘာအနှံ့ရှိ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆက်အသွယ်ရရှိနေစေရန် ကျွန်ုပ်သည် တယ်လီဖုန်း၊ အီးမေးလ်များကို သုံးပါသည်။ ကျွန်ုပ်သည် နေတိုးနှင့် အီးယူ အစည်းအဝေးတိုင်းကို တက်ပါသည်။ အာရှခေါင်းဆောင်များ၏ တရားဝင် အစည်းအဝေးများ၊ အမေရိကန်နိုင်ငံများ အသင်း၏အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အာဖရိကတိုက်သို့ ကျွန်ုပ်ရှေ့မှ နိုင်ငံခြားရေးဝန်ကြီးများထက် ပို၍ခရီးသွားခဲ့ပါသည်။

ကျွန်ုပ်၏ (၄) နှစ်တာ သက်တမ်းကာလအတွင်း ကျွန်ုပ်အနေဖြင့် နိုင်ငံခြားဟိုတယ်တစ်ခုတွင် (၁၂) နာရီကြာမျှ ရောက်ရှိနေခဉ်အတွင်း အကြီးမားဆုံး ပြဿနာအချို့ဖြစ်ခဲ့သည်။ ၉/၁၁ တိုက်ခိုက်မှုဖြစ်ပွားစဉ် ကျွန်ုပ်သည် ပီလူးနိုင်ငံသို့ ရောက်ရှိနေပါသည်။ ကျွန်ုပ်တို့၏ တရားခံ ထိန်းသိမ်းထားရေးနှင့် စစ်မေးမှုဆိုင်ရာ အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ပြုလုပ်စဉ် ကျွန်ုပ်သည် အာရှသို့ရောက်နေပါသည်။ ကျွန်ုပ်အနေဖြင့်မူ ထိုအချိန်အခါမျိုးတွင် ဝါရှင်တန်တွင် ရှိနေစေချင်ခဲ့ပါသည်။

အချိန်နှင့် ခရီးသွားမှုကို စီမံခန့်ခွဲသည့် ကျွန်ုပ်၏ နည်းလမ်းသည် ၄င်းကိစ္စအတွက် တစ်ခုတည်းသော နည်းလမ်းကား မဟုတ်ပါ။ အခြားသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများတွင်လည်း ပို၍ကောင်းမွန်သည့် အကြောင်းပြချက်များ ရှိကောင်းရှိနိုင်ပါသည်။ ယနေ့ အချိန်အခါတွင် နိုင်ငံခြားသို့ မကြာခဏခရီးသွားခြင်းသည် နိုင်ငံခြားရေးဝန်ကြီး

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

တစ်ဦး၏ အချိန်ကို ဝါရှင်တန်ရှိ နိုင်ငံခြားရေးရုံးကို စောင့်ကြည့်နေခြင်းထက် ပို၍ကောင်းမွန် သင့်မြတ်စွာ အသုံးပြုမှု ဖြစ်စေနိုင်ပါသည်။ အခြားနိုင်ငံများသို့ နိုင်ငံခြားရေးဝန်ကြီးရောက်ရှိခြင်းသည် နိုင်ငံတော်၏အလံကို အထူးနည်းလမ်း တစ်ရပ်အဖြစ် ထောင်ပြခြင်းပင်ဖြစ်သည်။

(၁၈) ရာစုကတည်းက ကမ္ဘာကြီးသည် ပြောင်းလဲလာခဲ့ပါသည်။ ယခုအခါ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခရီးသွားရသည်မှာ ရက်သတ္တပတ် သို့မဟုတ် လနှင့်ချီ၍ မကြာတဲ့ နာရီနှင့်ချီ၍သာ ကြာပါသည်။ မျက်နှာချင်းဆိုင် တွေ့ရသည်မှာ လည်း လွယ်ကူပါသည်။ ကွန်ပျူတာတို့သည် ကွန်ပျူတာတို့နေထိုင်သည့်ခေတ်နှင့် လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ကြ ရပါမည်။ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအတွက် အမှန်တကယ်ဖြစ်ရမည်မှာ နိုင်ငံတကာ အစည်းအဝေးများတွင် ပါဝင်ရန် လိုအပ်မှု၊ အခြားနိုင်ငံများနှင့် ဆက်ဆံရေးအတွက် လိုအပ်မှု၊ ကြီးမားသည့် ဌာနကြီး (နိုင်ငံခြားရေးဝန်ကြီးဌာန) တစ်ခုကို ကိုယ်တိုင်ဆောင်ရွက်ရန် လိုအပ်မှုတို့အား ချိန်ခွင်လျှာညီအောင် ညှိရန်ပင်ဖြစ်ပါသည်။ ထိုသို့သော မှန်ကန်သည့် ချိန်ခွင် လျှာရရှိရေးအတွက် ကွန်ပျူတာ၏ဖြေရှင်းနည်းကို ကွန်ပျူတာ၏ စစ်သင်တန်းဆင်းထားမှုနှင့် အတွေ့အကြုံတို့က ပုံသွင်းပေး ပါသည်။

စစ်ရေးပြဿနာကို ဤအနေအထားဖြင့် ဖော်ပြပါသည်။ "တပ်မှူးသည် စစ်မြေပြင်၏ မည်သည့်နေရာတွင် ရှိသင့်ပါသနည်း" ဟူ၍ ဖြစ်ပါသည်။ အဖြေမှာ "ငှင်းအနေဖြင့် အကြီးမားဆုံးသော ဩဇာကို ကျင့်သုံးနိုင်ပြီး အဆုံးအဖြတ် ပေးရမည့်နေရာနှင့် နီးကပ်သည့် နေရာဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။ လူကိုယ်တိုင် ရှိနေခြင်းဖြင့် အောင်မြင်မှုနှင့် ကျရှုံးမှုကို ကွဲပြားစေနိုင်သည့် နေရာတွင် ရှိနေရမည်ဖြစ်သည်။

အဆုံးအဖြတ်ပေးရန် နေရမည့်နေရာသည် အချိုးမျိုး ဖြစ်နိုင်ပါသည်။ အကြောင်းမှာ နောက်လိုက်ငယ်သားများ အနေဖြင့် မိမိခေါင်းဆောင်ကို မြင်တွေ့ကြားသိရန် လိုအပ်သည်ဖြစ်ရာ ကော်ပိုရေးရှင်း ခေါင်းဆောင်များအနေဖြင့် စက်ရုံအလုပ်ရုံအောက်ခြေ၌ မည်သို့ဖြစ်နေသည်ကို သိရှိရန် ငှင်းနေရာသို့ မကြာခဏသွားရောက်သင့်ပါသည်။ ထို့နောက် အပေါ်ထပ်သို့ ပြန်တက်ပြီး အောက်ခြေရှိ အလုပ်သမားများအနေဖြင့် အလုပ်လုပ်ရန် လိုအပ်သည်များ ရရှိစေရေးကို ဆောင်ရွက်ရပါမည်။ ဤသည်ပင်လျှင် သင့်အားလုပ်ခလစာပေးထားသည့် အကြောင်းပင်ဖြစ်သည်။

အဆုံးအဖြတ် ပြုလုပ်ရာနေရာသည် ရုပ်သံပြပွဲတစ်ခုလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။ ငှင်းပြပွဲသည် တော်လှန် ပြောင်းလဲသည့် ထုတ်ကုန်တစ်ခုအကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကြောင်းလည်း ဖြစ်နိုင်ပါသည်။ ကွန်ဂရက်အဖွဲ့ဝင်အသစ် များနှင့် အခြေအတင် ပြောကြားရန် Capitol Hill သို့ သွားရောက်ရမှုမျိုးလည်း ဖြစ်နိုင်ပါသည်။

၂၀၀၈-၂၀၀၉ ခုနှစ် စီးပွားရေးကျဆင်းမှု ဖြစ်ပွားစဉ်အတွင်း မိမိတို့၏ ဌာနချုပ်တွင် ငရဲကျသလို ဖြစ်နေစဉ်

the bookhouse

www.burmeseclassic.com

အမှုဆောင်အရာရှိအချို့ (CEO) သည် ပြိုင်ပွဲများသို့ ရောက်ရှိနေကြသည် (သို့မဟုတ်) ဂေါက်သီးကစားနေကြသည်ကို တွေ့ရပါသည်။ ဤသို့ဖြင့် ၄င်းတို့သည် အဆုံးအဖြတ်ပေးရမည့်နေရာတွင်သော်လည်းကောင်း၊ တိုက်ပွဲတွင် အောင်နိုင်စေသည့် အဆုံးအဖြတ်ပေးသောနေရာတွင်လည်းကောင်း မရှိကြပါ။ Lehman Brothers လုပ်ငန်းဌာနမှ ထိပ်တန်းအရာရှိများသည် ၄င်းတို့ ကိုယ်တိုင် မိမိတို့ရုံးခန်းတွင် လူမခြင်အောင်နေကြပြီး ကုမ္ပဏီ၏ အဓိကအခဲများကို ရှင်းပြရန် အတွေ့အကြုံမရှိသေးသော ဘဏ္ဍာရေးအရာရှိအကြီးအကဲကို စေလွှတ်နေကြသည်ကို မယုံနိုင်လောက်အောင်ပင် ကျွန်ုပ်တွေ့ရှိရပါသည်။

ကျွန်ုပ်၏ လုပ်ငန်းတွင် ကျွန်ုပ်က မည်သည့်နေရာဌာနမှနေ၍ အဆုံးအဖြတ်ပေးရမည်ကို ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်အမြဲပင်မေးပါသည်။ ဆိုလိုသည်မှာ မည်သည့်တိုင်ဖြစ်နေသည်ကို အကောင်းဆုံးခြင်နိုင်မည့်နေရာ၊ ထွက်လာမည့် ရလဒ်ကိုဖြစ်စေမည့်နေရာ၊ လွတ်လပ်စွာလှုပ်ရှားနိုင်သည့်နေရာမျိုးဖြစ်ပါသည်။ "သဲတန်ဆာရုန်တိုင်း စစ်ဆင်ရေး" Operation Desert Storm တာလအတွင်း Riyadh တွင် ဌာနချုပ်ရှိသော ဗိုလ်ချုပ်ကြီး Schwarzkopf ထံသို့ အခါအားလျော်စွာ ကျွန်ုပ်သွားရောက်ပါသည်။ ကျွန်ုပ်သည် ၄င်း၏ သန့်ဝင်းဆက်သွယ်သော တပ်ရဲ့ဝင်များအနေဖြင့် ၄င်းတို့လိုအပ်သည်များကို ရရှိအောင်ဆောင်ရွက်ရင်း ပင်တဂွန်စစ်ဌာနချုပ်တွင်နေရန်ဝင် ဖြစ်ပါသည်။

စစ်ဖြစ်ပြီး ရက်သတ္တတစ်ပတ် ကြာလာသောအခါ ပြည်သူတို့သည် မနေသာထိုင်သာဖြစ်လာပြီး မီဒီယာများကလည်း ဝေဖန်လာကြပါသည်။ စစ်မှာလည်း မည်သည့်ဘက်သို့ ရွေးရွေးမည်ကိုလည်း မသိသလိုဖြစ်လာခဲ့သည်။ ကာကွယ်ရေးဝန်ကြီး Dick Cheney နှင့် ကျွန်ုပ်တို့က အခြေအနေငြိမ်သက်သွားစေရန် တစ်ခုခုဆောင်ရွက်ရမည်ဟု သိလာရသည်။

၄င်းအချိန်က ကျွန်ုပ်တို့အတွက် ဆုံးဖြတ်ချက်ကို ချမှတ်ရမည့်နေရာသည် ကျွန်ုပ်တို့၏ ရုံးခန်းလည်းမဟုတ်သလို စစ်ရေးအခြေအနေကိုစောင့်ကြည့်သည့် ရုံးခန်းလည်းမဟုတ်ပါ။ သို့သော် အောက်ထပ်ရှိ သတင်းစာရှင်းလင်းပွဲပြုလုပ်သည့် နေရာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး Dick က မဟာဗျူဟာနှင့် နိုင်ငံရေးအခြေအနေတို့ကို ကောင်းကောင်းရှင်းပြပြီး ကျွန်ုပ်က စစ်ဆင်ရေးအကြောင်းကို ရှင်းပြပါသည်။ ကျွန်ုပ်က ပထမအဆင့်တွင် ကုဝိတ်ရှိ အီရတ်တပ်ဖွဲ့များကို အဆက်ဖြတ်ရန်ဖြစ်ကြောင်း၊ ထို့နောက် ၄င်းတို့ကို သတ်ဖြတ်ရန်ဖြစ်ကြောင်း သတင်းထောက်များကို ရှင်းပြပါသည်။ ကျွန်ုပ်တင်ပြချက်ကို အားလုံးသော သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့က ဖော်ပြကြသည်။ ပြည်သူတို့သိချင်သည်တို့ကို ကျွန်ုပ်က ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့၏ စစ်ဘက်ဆိုင်ရာ ရည်မှန်းချက်အပေါ် ယုံကြည်မှုတို့ရှိလာပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး George Marshall သည် ဥရောပတွင် ဖြိုလုပ်မည့် D-Day စစ်ဆင်ရေးကို ဦးဆောင်ရန် သဲသဲမဲမဲလိုချင်နေပါသည်။ သို့သော် ထိုသို့မဖြစ်လာပါ။ ၄င်း၏ လက်သစ်ခွေးတပည့်ဖြစ်သူ ဗိုလ်ချုပ်ကြီး Eisenhower ထံသို့ ၄င်းတာဝန်ရောက်ရှိသွားပါသည်။ ၄င်းတာဝန်ကို Marshall က မည်မျှအထိ လိုလားသည်ကိုသိလျက် သမ္မတ Roosevelt က Marshall နှင့် ဆွေးနွေးပါသည်။ စကားပြောပြီးနောက် Marshall က ထွက်ခွာသွားရာ Roosevelt က ဤသို့ ညည်သာစွာဆိုပါသည်။ "ကောင်းပြီ အကယ်၍ သင် ဝါရှင်တန်မှ အခြားနေရာသို့ရောက်နေလျှင် ကျွန်ုပ် ကောင်းကောင်းအိပ်နိုင်လိမ့်မည်ဟု မခံစားရပါ" ဟူ၍ ပြောကြားလိုက်ခြင်းဖြစ်ပါသည်။ Marshall အနေဖြင့် မိမိ၏နေရာသည် ဖိလစ်ပိုင်၊ သို့မဟုတ် Normandy ကမ်းခြေသို့ သွားရမည့်နေရာမျိုးမဟုတ်၊ Mac Arthur နှင့် Eisenhower တို့က ဆောင်ရွက်နိုင်အောင် လုပ်ပေးရမည့်နေရာဖြစ်သည်ကို သိခဲ့ပါသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၈ စက်လုံးများနှင့် ဝိရမစ် (သုံးထောင့်ထုချွန်)

အဖွဲ့အစည်းအများစုသည် ဝိရမစ်များနှင့်တူကြပါသည်။ ခေါင်းဆောင်သည် ထိပ်ဝိုင်းတွင်ရှိပြီး အောက်လွှာအဆင့်ဆင့်တွင် ကျွန်သူများရှိကြသည်။ ၄င်းအောက်ခြေတွင် ပုံမှန်အားဖြင့် ကာယအားဖြင့် အပင်ပန်းဆုံးသောအလုပ်များရှိပြီး လူတွေက အလုပ်စတင်ကြပါသည်။ ထိုအဖွဲ့အစည်းအတွင်းရှိ လူတစ်ဦးချင်းစီကို စက်လုံးတစ်ခုအဖြစ် တင်စားရှင်းဆိုကြပါစို့။ ၄င်းဝိရမစ်၏အောက်ဆုံးအဆင့်တွင် စက်လုံးတစ်လုံးစီသည် သေးငယ်ပါသည်။ သို့သော် ၄င်းတွင် ကြီးထွားနိုင်စွမ်းရှိပါသည်။ ၄င်းဝိရမစ်၏အပြင်ဘက်ရှိ အရာများသည် ၄င်းအဖွဲ့အစည်းတည်ရှိရာ ပတ်ဝန်းကျင်နေရာပင်ဖြစ်သည်။

အချို့နှိပ်အခါအလိုက် လူတို့သည် ၄င်းဝိရမစ်အတွင်း၌ ပို၍မြင့်၍ ပို၍ကျဉ်းမြောင်းလာသည့် အလွှာများတစ်ခုမှ နောက်တစ်ခုသို့ တက်ကြပါသည်။ ၄င်းတို့အနေဖြင့် အတွေ့အကြုံရလာပြီး အရည်အချင်းပြသလာကြသည့်အလျောက် ၄င်းတို့၏ စက်လုံးများသည် ဝိရမစ်၏အတွင်းနံရံကိုထိလာသည်အထိ ကြီးထွားလာသည်။ ဤဖြစ်စဉ်ကာလအတွင်း ၄င်းတို့သည် ခေါင်းဆောင်များဖြစ်လာကြသည်။ ဤသို့ ထိလာသည့်အထိဖြစ်လာသောအခါ ဆက်လက်ရှင်သန်မြင့်မားလာရန်မှာ ဝိရမစ်၏အပြင်ဘက်သို့ တိုးချဲ့ရန်ပင်ဖြစ်သည်။ တက်လာသောခေါင်းဆောင်များသည် ကျဉ်းမြောင်းသည့် ဝိရမစ်၏အပြင်ဘက်ကမ္ဘာ၊ ဝိရမစ်က တည်ရှိနေရသည့်ကမ္ဘာကို စတင်လေ့လာကြပါသည်။

အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို နည်းနှစ်နည်းဖြင့် ရွေးချယ်ကြပါသည်။ တစ်နည်းမှာ ဝိရမစ်အောက်ခြေမှ တက်လာခြင်းဖြစ်ပြီး နောက်တစ်နည်းမှာ

www.burmeseclassic.com

bookhouse

www.burmeseclassic.com

ပြင်ပမှ ခေါ်ယူခြင်းဖြစ်ပါသည်။ စစ်တပ်တွင်မူ ပိရမစ်အတွင်းမှတက်လာသော ခေါင်းဆောင်များသာဖြစ်ပါသည်။ အတွင်းမှတက်လာသည့် အရာရှိငယ်များသည် ပိရမစ်၏ ပြင်ပရှိ ကျယ်ပြန့်သည့် ကမ္ဘာအတွေ့အကြုံများ ရှိချင်မှရှိပါမည်။ အကြီးတန်းအရာရှိများသည် ၄င်းကမ္ဘာကို လေ့လာကြရပါမည်။ နိုင်ငံ၏ဘေးကင်းလုံခြုံရေးအတွက် အခြားသော အဖွဲ့အစည်းများက အကျိုးပြုမှုများကိုလည်း ၄င်းတို့က လေ့လာကြရပါမည်။

နေတိုးအဖွဲ့ကဲ့သို့သော နိုင်ငံတကာ မဟာမိတ်များ၏ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကိုလည်း ရယူရပါဦးမည်။ ၄င်းတို့က နိုင်ငံရေး ဖြစ်စဉ်၊ ကွန်ဂရက်၏အခန်းကဏ္ဍ၊ အစိုးရ၏ အရပ်ဘက်ဌာနများ၊ မီဒီယာနှင့်ဆက်ဆံရေး၊ စီးပွားရေးနှင့် ပိရမစ်၏ ပြင်ဘက်ရှိ အခြားသော အကြောင်းအရာ တစ်သီတစ်တန်းကြီးကို သဘောပေါက်နားလည်၍ အသိအမှတ်ပြုကြရပါမည်။

ဤသည်တို့ကို နားလည်ပါမှ အရာရှိတစ်ဦးသည် ပို၍မြင့်သည့်အလွှာသို့ တက်လှမ်းနိုင်မည်သာ ဖြစ်သည်။ တက်လာနေသည့် ၄င်းအရာရှိက ပြင်ပကမ္ဘာကို နားလည်၍ ထိတွေ့ဆက်ဆံခြင်းမရှိပါက ၄င်း၏စက်လုံးအဝန်းအဝိုင်းသည် ပိရမစ်၏နံရံပြင်ဘက်အထိ မည်သည့်အခါမျှ ကြီးထွားလာမည်မဟုတ်ဘဲ အဆင့်တိုးမှုရပ်တန့်သွားပါလိမ့်မည်။ တပ်ထဲတွင်လည်း ထိုအတိုင်းပင် တိုးမြင့်လာကြပါသည်။

အချို့ကြာသည်နှင့်အမျှ ၄င်း၏စက်လုံးနယ်ပယ်သည် ကြီး၍ကြီး၍လာပြီး ၄င်းအဖွဲ့အစည်းတွင် အဆင့်စတင်တိုးတက်လာပါသည်။ နောက်ထပ် အချိန်(၁၅)နှစ်ကြာလာသည်ဆိုပါစို့။ သင်သည် အကောင်းစားတပ်ရင်းမှူးတစ်ဦးဖြစ်လာနိုင်ပါသည်။ တပ်ရင်းမှူးတစ်ဦး၏ တာဝန်ကျမ်းမူနှင့် အသိတရားတို့ထက် ပိုသောသင်တန်းများသို့ သင့်ကိုပို့ပါသည်။ အခြားသောဝန်ဆောင်မှုလုပ်ငန်းများနှင့်အတူ အလုပ်လုပ်ရမှု၏ အရေးကြီးပုံကို လေ့လာရပါမည်။ MBA သို့မဟုတ် အခြားသောအရပ်ဘက်အဆင့်မြင့် ဒီဂရီသင်တန်းကျောင်းများသို့လည်း သင့်အား ပို့ချင်ပို့ပါလိမ့်မည်။ ပို၍အဆင့်မြင့်သည့် အရပ်သားများ၊ နိုင်ငံရေးသမားများနှင့် သင်သည် စတင်၍ အလုပ်လုပ်ရပါမည်။

အချို့ပို၍ ကြာညောင်းလာသောအခါ သင့်အနေဖြင့် အဆင့်ပို၍ မြှင့်တင်လာသည့်အလျောက် သင်၏ အဝန်းအဝိုင်းသည် ပိရမစ်၏ အပြင်ဘက်အထိ ကြီးထွားလာပါသည်။ သင်နှင့်အလုပ်တူသူများသည် အရည်အချင်းကောင်းကောင်းရှိသော်လည်း ၄င်းတို့ကို သင်က ချန်ထားရပါမည်။ အချို့က မျှော်လင့်ထားသလို ဖြစ်လာခဲ့သော်လည်း အချို့မှာ နေရာမရှိဖြစ်ကြပါသည်။ အရည်အချင်း ပြည့်မီသူတိုင်းသည် ပိရမစ်၏ထိပ်သို့ တက်ကြရလိမ့်မည်ကား မဟုတ်ပါ။

သင်သည် ဝိုလ်ချုပ်ကြီးတစ်ဦးဖြစ်လာသည်ဆိုပါလျှင် သင်သည် ယခင်အဆောင်အယောင်များကို မဝတ်ဆင်ရဘဲ ယခုအဆောင်အယောင်ကို ဝတ်ဆင်ရပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်အချိန်ကြာညောင်းလာသောအခါ သင်သည် ဝိရမစ်ထိပ်သို့ မြင့်တက်လာပြီး နောက်ထပ်ကြယ်ပွင့်များကိုလည်း ရရှိလာပါလိမ့်မည်။ သင်သည် ပူးတွဲစစ်ဦးချုပ်အဖွဲ့ ဥက္ကဋ္ဌအဖြစ်အထိ မြင့်တက်နိုင်ပါသည်။ ၄င်းနေရာသို့ရောက်လျှင် ကြည်းတပ်တို့သာမက အခြားသော တပ်များကိုလည်း ကြီးကြပ်ရန် တာဝန်ရှိလာသည်။ သင်၏ ဝိရမစ်မှာ ''ကြည်းတပ်ပိရမစ်'' တစ်ခုမျှသာမဟုတ်တော့ဘဲ အခြားသော စစ်ဘက်ဝိရမစ်အားလုံး ပါဝင်လာပါသည်။

၄င်းထိပ်တန်းရာထူးတွင် သင်၏အချိန်အများစုကို ပြင်ပပတ်ဝန်းကျင်နှင့် ဆက်ဆံရေးထွေပြေးရပါသည်။ မဟာမိတ်များနှင့် ဆက်ဆံခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ''အိမ်ပြန်တော်'' နှင့် ဆက်သွယ်ဆောင် ရွက်ခြင်းတို့ ဖြစ်ကြပါသည်။ အခြားသော ဝိရမစ်များဖြစ်ကြသည့် ထောက်လှမ်းရေးဝိရမစ်၊ စီးပွားရေးဝိရမစ်၊ ဘတ်ဂျက်ဝိရမစ်တို့နှင့် ဆက်သွယ်ရသည်ကိုလည်း သင်တွေ့ရပါလိမ့်မည်။

ဝိရမစ်ထိပ်များတွင် နားနေရသည်မှာ လုံးလုံးကြီး သက်သောင့်သက်သာရှိသည်ကား မဟုတ်ပါ။ အပြင်အဆိုင် တောင်းဆိုချက်၊ လိုအပ်ချက်များ ဖိအားပေးမှုများ၊ သည်းအုခိုက်ဖြစ်သော ဆုံးဖြတ်ချက်ချမှတ်ရမှုများ ရှိပါသည်။ မှားယွင်းမှုကြောင့် ကြီးမားသည့် အကျိုးဆက်များကို ဖြစ်စေပါသည်။ သင်သည် ကောင်းစွာမြင်နိုင်သည့် စစ်ဗဟိုတစ်ခု ဖြစ်ပါသည်။ အဆိုပါ ဖိအားများ၊ စိုးရိမ်သောကရောက်ရမှုများ ရှိပင်ရှိသော်လည်း သင့်အနေဖြင့် အခွဲအစည်းတစ်ခုလုံးနှင့် အဆက်ပြတ်မှုမရှိစေရပါ။ အကယ်၍ အောက်ခြေတွင် မည်သို့ဖြစ်နေသည်ကိုမသိပါက သင်သည် အများကို ထိုးစီးပါ လိမ့်မည်။

အကယ်၍ သင်သည် ထိုအထိ မြင့်တက်လာခြင်းမရှိပါက ကျဆင်းလိမ့်မည်လည်း မဟုတ်ပါ။ လူအနည်း အကျဉ်းကသာ ထိပ်အထိရောက်နိုင်ကြပါသည်။ ထိုသို့မရောက်နိုင်သူ အများစုကလည်း အလုပ်ဖြစ်အောင် ဆောင်ရွက် ကြပါသည်။ ၄င်းတို့သည် ထိပ်တန်းမှပုဂ္ဂိုလ်များထက်လျော့၍ အရေးကြီးသူ၊ လျော့၍ လုပ်ဆောင်သူနှင့် အဖွဲ့အစည်း၏ အောင်မြင်မှုအတွက် လျော့၍ အကျိုးပြုသူများမဟုတ်ကြပါ။ ကျွန်ုပ်သည် သင်၏အောင်မြင်မှုကို သင်၏ရာထူး အနေအထားအရ မတိုင်းတာပါ။ သင်က အကျိုးပြုပါဝင်မှုအပိုင်းဖြင့်သာ တိုင်းတာပါသည်။ ကျွန်ုပ်သိရှူသည့် အရာရှိ အချို့မှာ ရာထူးမတိုးပေးသင့်သော သူများဖြစ်ကြပါသည်။ ၄င်းအရာရှိများသည် ယခင်အဆင့်ရာထူးများတွင် ထောင်းစွာ လုပ်ဆောင်နိုင်ကြပါသည်။

သို့သော် ၄င်းအဆင့်ထက်မြင့်သည့် ရာထူးများအတွက် လွဲမှားစွာ အကဲဖြတ်ခံရပြီး အလွှဲခံရသဖြင့် ၄င်းရာထူး ထွင် မအောင်မြင်ဖြစ်ခဲ့ကြရပါသည်။ အနည်းအကျဉ်းသောပုဂ္ဂိုလ်များမှာ နောက်ရာထူးရရှိရေးအတွက် မျှော်လင့်လွန်းသည် ဖြစ်ရာ စိတ်ဓာတ်ကျသည်အထိပင် ဖြစ်ခဲ့ပါသည်။ လူများကို အဆင့်တိုးမြှင့်ပေးရာတွင် ယခင်မှတ်တမ်းများသည်

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးသလိုပင် ၄င်းတို့အနေဖြင့် နောက်တစ်ဆင့်ရာထူးတွင် အောင်မြင်နိုင်သည့် အလားအလာရှိပါသလားဆိုသည်မှာလည်း အလားတူပင် အရေးကြီးပါသည်။ ထိုအလားအလာကို ဆုံးဖြတ်ရန်မှာ မလွယ်ကူပါ။ သို့သော် အချို့နှင့်အတွေ့အကြုံတို့က ထိုသို့ဆုံးဖြတ်ရန် အထောက်အကူပေးပါသည်။

ထိုသို့ တိုးမြှင့်ပေးရသည့်သူများကို ၅၀-၅၀ ဆိုသည့် စည်းကမ်းချက်ဖြင့် ကျွန်ုပ်က အမြဲပင် အကဲဖြတ်ပါသည်။ ၄င်းနည်းမှာ ဤသို့ဖြစ်ပါသည်။ ၄င်းတို့၏ ယခင်မှတ်တမ်းများအတွက် အမှတ်(၅၀)ရာနှုန်းကိုပေးပါသည်။ နောက်ထပ် (၅၀)ရာနှုန်းမှာ ဆုပ်ကိုင်ပြချမရသည့် အတွင်းအသိစိတ်ဖြင့် ဆုံးဖြတ်မှုအတွက်ဖြစ်ပါသည်။ ၄င်းဆုံးဖြတ်ချက်ဖြင့် ထိုပုဂ္ဂိုလ်သည် နောက်တစ်ဆင့်၌ ပို၍ဆောင်ရွက်နိုင်စွမ်းရှိမရှိကို သတ်မှတ်ပါသည်။ ကျွန်ုပ်သည် ထိုသို့ဆုံးဖြတ်ရာတွင် ကောင်းစွာ ဆောင်ရွက်နိုင်သော်လည်း ကျွန်ုပ်အနေဖြင့် ပြီးပြည့်စုံသည်ကား မဟုတ်ပါ။ ကျွန်ုပ်သည် မကြာခဏ အမှားကိုပြုမိတတ်ပါသည်။ ဤသို့ အကဲဖြတ်ရာတွင် တစ်ခုခုလိုနေတတ်ပါသည်။ မိတ်ဆွေဖြစ်မှုအရလည်း တစ်ဖက်သို့ပါသွားတတ်ပါသည်။

ကျွန်ုပ် အဆင့်တိုးမြှင့်လာသည့်အလျောက် အရာရှိစားသောက်ဆိုင် အဖျော်ယမကာကောင်တာ၌ တစ်ခွက်ပြီးတစ်ခွက် အရက်သောက်သည့် အသက်အရွယ်ကြီးရင့်သူ ဗိုလ်ချုပ်ကြီးဟောင်းများ၏ဓာတ်လမ်းတစ်ခုကို ကျွန်ုပ် အမြဲပင် နှလုံးသွင်းထားခဲ့ပါသည်။ အသစ်စက်စက် ဒုတိယဗိုလ်တစ်ဦးက ရောက်လာပြီး ၄င်းဗိုလ်ချုပ်ကြီးနှင့် စကားပြောရင်းက သူသိလိုသည်ကိုမေးပါသည်။ "ခင်ဗျား ဘယ်နည်းဘယ်ပုံ ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့ပါသလဲ" ဟူ၍ ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးက "သင်လုပ်တာတွေရှိပါသည်။ ခွေးလိုပင် သင်အလုပ်လုပ်သည်။ လေ့လာမှုကိုဘယ်တော့မှ မရပ်ခဲ့။ သင်ကသင်၏တပ်ဖွဲ့ဝင်များကို ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခဲ့သည်။ သင်က စစ်တပ်ကို ချစ်ပါသည်။ သင်ရဲလုပ်ငန်းတာဝန်နှင့် တပ်ဖွဲ့ဝင်များအတွက်သေရန် သင်သည် အဆင်သင့်ရှိသည်။ ဤသည်အားလုံးမှာ သင်လုပ်ရမည့် အလုပ်တွေပါပဲ" ဟု ပြောပါသည်။

"အဲဒါတွေက ခင်ဗျားဗိုလ်ချုပ်ကြီးဖြစ်လာပုံပေါ့" ဟု ဗိုလ်ဖြစ်သူက အသံတိုးတိုးဖြင့်ပြောပါသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးက "ဒါကတော့ သင်အနေနဲ့ ဒုတိယဗိုလ်ဖြစ်လာပုံပဲပေါ့။ ဒီအတိုင်းဆက်လုပ်ပါ။ သင် ဘာလုပ်ပြီးပြီလဲဆိုတာကို သူတို့သိပါစေ" ဟုပြောပြီး ထွက်ခွာသွားပါသည်။

ကျွန်ုပ်အနေဖြင့် ယော်ရွယ်သူ ဒုတိယဗိုလ်တစ်ဦးဖြစ်စဉ်က ကျွန်ုပ်၏အလုပ်ကို ချစ်မြတ်နိုးပါသည်။ စစ်တပ်ကိုချစ်ပါသည်။ အလုပ်ကိုကောင်းကောင်းဖြစ်စေရေးအတွက် ရှိသမျှ အရာအားလုံးကို ထည့်သုံးပါသည်။ ကျွန်ုပ်သည် ရောင့်ရဲကျေနပ်ပါသည်။ မည်သည့်အရာကိုမျှ အလားအလာအဖြစ် ကြိုတင်သတ်မှတ်ထားခြင်းမရှိပါ။ မျှော်လင့်ချက်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ကျွန်ုပ်မထားရှိသလောက်ပင် ဖြစ်ပါသည်။ ဒုတိယဗိုလ်မှူးကြီးအဆင့်တွင် လက်ရှိလစာ၏ တစ်ဝက်ဖြစ်သော ပင်စင်လစာဖြင့် အနားယူကောင်း အနားယူနိုင်သည်ဟု ဖြောကြပါသည်။ ၄င်းအခြေအနေနောက်ပိုင်းဖြစ်လာသမျှကို ကျေးဇူးတင်ရမည်ဖြစ်ပြီး ဤသို့ဖြစ်လာအောင် လုပ်ပေးခဲ့သည့် သင်၏စစ်သားများကို ကျေးဇူးတင်ပါ။ အကယ်၍ သင့်အနေဖြင့် ဝိရမစ်၏ နံရံနှင့်ထိနေပြီဆိုလျှင်လည်း ၄င်းနေရာတွင်ပင် ကျွန်ုပ်မှကိုရှာပါ။ ထိုအလားအလာအတွက် ဖျော်ရွှင်ပါစေ။ ကျွန်ုပ်လည်း ဖျော်ရွှင်ခဲ့ပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၉ ဖြစ်နိုင်သည့်အလားအလာပါ ဆောင်ရွက်ချက်မဟုတ်သေးပါ

ကျွန်ုပ်တို့၏ တပ်ထဲတွင် နှစ်စဉ်အားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့က အလုပ်ပြောင်းသည့်အချိန်နှင့် အထက်အရာရှိက အလုပ်ပြောင်းသည့်အချိန်များတွင်လည်းကောင်း တစ်ဦးချင်း အကဲဖြတ်ချက် အစီရင်ခံစာများကို ရရှိပါသည်။

ကျွန်ုပ်တို့၏ အထက်တစ်ဆင့်အရာရှိက အကဲဖြတ်သလို နောက်တစ်ဆင့်မြင့်သည့်အရာရှိကလည်း အကဲဖြတ်ပါသည်။ ၄င်းတို့က ကျွန်ုပ်တို့ကို အဆင့်တူပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်ပါသည်။ ကျောင်းတွင် ဆောင်ရွက်ချက်များကိုလည်း အဆင့်ခွဲထားပါသည်။ ကျွန်ုပ်တို့၏ ခင်ပွန်းဇနီးများကိုလည်း လျှို့ဝှက်စွာ အကဲခတ်ပါသည်။

ထိုသို့ပြုရသည့်အကြောင်းမှာ ရိုးရှင်း၍ ထင်ရှားပါသည်။ ကျွန်ုပ်တို့က အပြင်လူများကိုမငှားပါ။ တပ်ရင်းမှူးတစ်ဦးကိုလိုပြီဆိုလျှင် (၁၅)နှစ်ကြာအောင် မွေးယူပါသည်။ အရာခံဗိုလ်၊ ဒုတိယအရာခံဗိုလ်များကိုလည်း အလားတူပင် အခြေခံစစ်သင်တန်းမှစ၍ နှစ်ဝေါင်းများစွာ မွေးမြူခဲ့ပါသည်။ ကျွန်ုပ် ဗိုလ်ဘဝတွင် ကျွန်ုပ်တို့ ဗိုလ်(၁၀၀)လျှင် တစ်ဦးလောက်သာ ဗိုလ်ချုပ်ကြီးဖြစ်လာကြလိမ့်မည်ဟု ပြောကြသည်ကို ကြားဖူးပါသည်။ ၄င်းတစ်ဦးတစ်ယောက်သည် မည်သူဖြစ်ပါမည်နည်း။

ဆောင်ရွက်မှုအား အကဲဖြတ်ချက်သည် လိုအပ်ပြီး အသုံးဝင်သော်လည်း ၄င်းက ရုပ်ပုံအပြည့်အဝကို မဖော်ပြပါ။ အတိတ်ဆောင်ရွက်ချက်သက်သက်က အနာဂတ်ဆောင်ရွက်ချက်ကို လုံလောက်စွာ ကြိုတင်မပြောနိုင်ပါ။ အတိတ်ကဆောင်ရွက်ချက်သည် ဆိုရရှဲ သို့မဟုတ် ပို၍ဆိုးသည်ဆိုပါလျှင် အနာဂတ်တွင် ကျေနပ်ဖွယ်ရာ သို့မဟုတ် ထူးချွန်သည့်ဆောင်ရွက်မှုဖြစ်လာရန်မှာ များစွာဝင်မဖြစ်နိုင်ပါ။ အကယ်၍ အတိတ်ဆောင်ရွက်ချက်သည် ကျေနပ်ဖွယ်ရာဆိုသည်ထက် ပို၍ကောင်းသည်မှ ထူးချွန်

the bookhouse

www.burmeseclassic.com

အဆင့်အထိရှိသည်ဆိုပါလျှင် အနာဂတ်တွင် ငွင်းအဆင့်တို့တွင် ဆက်လက်ရှိနေရန် အခွင့်အလမ်းကောင်းပါသည်။ သို့သော် သေချာသည်ကားမဟုတ်ပါ။

စစ်ဘက်နှင့် အရပ်ဘက်နှစ်ခုစလုံးတွင် ဖြစ်လာနိုင်သည့် စွမ်းရည်ကို အကဲဖြတ်မှုများတွင် အများအားဖြင့် ပုဂ္ဂလိကဓိဋ္ဌာန်ကျပါသည်။ သို့မဟုတ် ရယ်စရာကောင်းတတ်ပါသည်။ "သူမသည် လျှောက်သွားနေသည်"၊ "သူအထွေထွေအရာရှိ စွမ်းရည်ရှိသည်"၊ "သူမသည် ဆုရသူဖြစ်သည်၊ အခြားသူများထက်စော၍ ရာထူးတိုးပေးပါ" စသည့် အကဲဖြတ်ချက်များမှာ လုပ်ဆောင်မှုထက်ပိုသော အရာများပေါ်တွင် အခြေခံထားပါသည်။

ခေါင်းဆောင်များနှင့် အကြီးအကဲများက အများစုမှ အနည်းစုကို ခွဲခြားစော်ကြသည့် အရည်အချင်းများကို ကြည့်ကြပါသည်။

လူသစ်များဆိုလျှင် နေရာဌာနအသီးသီးတွင် ငွင်းတို့၏ ထူးချွန်သည့် ထင်ဆောင်ရွက်ချက်များကို ကြည့်ကြပါသည်။

ငွင်းတို့က လေ့လာနေပြီး အသိပညာအရာတွင် တိုးတွားတိုးထွားနေသူ ရည်ရွယ်ချက်ရှိသူ နောက်တစ်ဆင့် အတွက် ပြင်ဆင်နေသူတို့ကို ကြည့်ကြပါသည်။

ပို၍ လုပ်သက်များပြီး အတွေ့အကြုံများသူတို့သို့သာ ယေဘုယျအားဖြင့် ချပေးတတ်သောတာဝန်များကို တာဝန်ချပေးခြင်းဖြင့် စမ်းသပ်ကြည့်ပါသည်။ ဤသို့ဖြင့် ငွင်းသည် နောက်တစ်ဆင့်ရာထူးတာဝန်ကိုသာမက ငွင်းနောက်တစ်ဆင့်ထက်သာလွန်သော တာဝန်ကိုပါ ထမ်းဆောင်နိုင်ကောင်း ထမ်းဆောင်နိုင်မည်ကို ပြသနိုင်ပါသည်။

ယခုအခါ မလိုအပ်သေးသော်လည်း နောက်တစ်ဆင့်အတွက် လိုအပ်သောဂျွမ်းကျင်မှုနှင့် ဗဟုသုတကို ငွင်း၏ဌာန၏ပြင်ပတွင် ရှာဖွေသူကို ငွင်းတို့က ကြည့်ကြပါသည်။

အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားခိုင်မာသူ၊ ရုပ်ပိုင်းဆိုင်ရာ သတ္တိရှိသူ၊ တည်ကြည်သူ၊ အတ္တမရှိသူ ငွင်းအချက်များကို နောက်ထပ်တာဝန်တစ်ဆင့်အထိ သယ်ဆောင်သွားသူတို့ကို ငွင်းတို့က ရှာဖွေကြည့်ရှုပါသည်။

ငွင်းတို့က နောက်တစ်ဆင့်တာဝန်အတွက် မိမိကိုယ်ကို ယုံကြည်အားထားသူ၊ မိမိ၏အတ္တကို ထိန်းနိုင်သူကို ကြည့်ပါသည်။

ငွင်းနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များက လေးစားသူ၊ ယုံကြည်အားထားသူကို ငွင်းတို့က ရှာဖွေပါသည်။

ဤကဲ့သို့သော အကဲဖြတ်ချက်ကို တစ်ဦးတစ်ယောက်က အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သည်ပင်ဖြစ်စေ အများအယူငင်းဖြစ်နိုင်ပါသေးသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ကျွန်ုပ်သိသော အရာရှိတစ်ဦးသည် ဗိုလ်မှူးကြီးရာထူးမှနေ၍ ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခံရပြီးနောက် ယခင်က မတွေ့မိသည့် ချီတဲ့မှုတစ်ရပ်ပေါ်ပေါက်လာပါသည်။ သူ့အပေါ် ပေးအပ်လာသော ဝန်ထုပ်ဝန်ပိုးနှင့် ၎င်းအပေါ် ထားရှိသော မျှော်လင့်ချက်များကြောင့် ပြီးလဲလဲပြီး နောက်တစ်နေ့သောနံနက်ခင်းတွင် ၎င်းကားဂိုဒေါင်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ပါသည်။ ကျွန်ုပ်တို့က မြင်သင့်သောလက္ခဏာများနှင့် အစွမ်းအစများကို မမြင်ဘဲဖြစ်ခဲ့ကြသည်။ ၎င်းသည် ဗိုလ်မှူးကြီးအဖြစ် နှစ်အတော်ကြာသည်အထိ အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့က သူမနိုင်သည့်တာဝန်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

၎င်း၏ကိစ္စသည် အလွန်အကျွံဖြစ်ရသည့်ကိစ္စဖြစ်ပါသည်။ သို့သော် ဖြစ်လေ့ဖြစ်ထမရှိသော ကိစ္စရပ်ကား မဟုတ်ပါပေ။ ရာထူးတိုးပေးရေးအတွက် မစဉ်းစားပါနှင့်ဟုပြောသော အရာရှိများကို ကျွန်ုပ်သိပါသည်။ ၎င်းတို့သည် ဘဝတွင် မိမိတို့၏အနေအထားကို ကျေနပ်နှစ်သိမ့်ကြပြီး ဝိုင်းကြီးမားသည့် တာဝန်များကို မထမ်းဆောင်နိုင်တော့ကြောင်းကို ၎င်းတို့က သိကြပါသည်။ ရာထူးတိုးပေးလိုက်လျှင် ၎င်းတို့ကို စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့ပါလိမ့်မည်။

တခြားတစ်ဖက်တွင်လည်း အရာရှိတစ်ဦး၏ ပေါ်ထွက်လာနိုင်သည့် အစွမ်းအစကို တစ်ခါတစ်ရံ မတွေ့မိဘဲလည်း ဖြစ်ခဲ့ကြသည်။

အမှုဆောင်အရာရှိရာထူး အမျိုးအစားအမျိုးမျိုးရှိပါသည်။ ၎င်းအမျိုးအစားတစ်ခုတွင် မတွန်းကားသူတစ်ဦးသည် အခြားအမျိုးအစားတစ်ခုတွင် အံ့မခန်းဖြစ်အောင် စွမ်းဆောင်နိုင်ကောင်း နိုင်ပါလိမ့်မည်။

ကျွန်ုပ်အနေဖြင့် ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က ကျွန်ုပ်၏ အမှုဆောင်လက်ထောက် ဗိုလ်မှူးကြီး Dick Chilcoat သည် ထောက်ခံချက်ကောင်းကောင်း ရရှိထားသူဖြစ်သည်။ ၎င်းအား ကျွန်ုပ်က မတွေ့မြင်ဖူးဘဲ ငှားရမ်းခဲ့ပါသည်။ ၎င်းအား မည်သည့်အခါကမျှလည်း မတွေ့ဖူးပါ။ ကျွန်ုပ်ထက် ၎င်းသည် အနည်းငယ်မျှ ငယ်ရွယ်သော်လည်း ဗိုလ်မှူးချုပ်ရာထူးတိုးမြှင့်ပေးရာတွင် အကြိမ်များစွာကျော်ခဲ့သူဖြစ်ပါသည်။ ၎င်း၏အလုပ်တွင် ပြဿနာတစ်ရပ်ကြောင့် ရာထူးမတိုးဘဲနေခဲ့ရခြင်း ဖြစ်ပါသည်။

Dick သည် ကျွန်ုပ်အတွက် တောက်ပြောင်စွာဆောင်ရွက်သူဖြစ်ပါသည်။ သူသည် အဆင့်တိုးမြှင့်ပေးသင့်သူဖြစ်သည်ဟု ကျွန်ုပ် ယူဆပါသည်။ သို့သော် ၎င်းသည် ရာထူးတိုးမှုကို စောစောပိုင်းက (၂)ကြိမ် လက်လွှတ်ခဲ့ရပြီးဖြစ်ရာ ၎င်းတွင် ရာထူးတိုးမြှင့်ပေးရေး ဘုတ်အဖွဲ့က ကောင်းစွာမစဉ်းစားခဲ့သော ၎င်း၏အခြားစွမ်းရည်များရှိသလားဆိုသည်ကို သိအောင်လုပ်ရန် လိုအပ်လာခဲ့သည်။ ၎င်း၏ အခြားသောစွမ်းရည်တစ်ရပ်ဖြစ်သော ပညာပေးရေးသမားတစ်ဦးအဖြစ် ကျွန်ုပ်က ကောင်းစွာထောက်ခံတင်ပြလိုက်ပါသည်။ ရာထူးတိုးမြှင့်ရေးဘုတ်အဖွဲ့က ကျွန်ုပ်၏တင်ပြချက်ကို သဘောတူ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ပြီး ၄င်းအား ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးလိုက်ပါသည်။ ၄င်းသည် နောက်ထပ်ရာထူး (၂)ကြိမ် တိုးမြှင့်ခံရပြီး ကြည်းတပ်စစ်ကောလိပ်၏ ကျောင်းအုပ်ကြီးနှင့် အမျိုးသား ကာကွယ်ရေးတက္ကသိုလ်၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ဒုတိယ ဗိုလ်ချုပ်ကြီးအဖြစ် အနားယူပြီးနောက် Texas A&M တက္ကသိုလ်ရှိ George H.W.Bush ၏ ကျောင်းဌ ကျောင်းအုပ်ကြီး ဖြစ်လာသည်။ သူသည် ပိုင်နိုင်သည့် ပညာပေးရေး သမားတစ်ဦးပင်ဖြစ်ပါသည်။ Dick သည် ၂၀၁၀ ပြည့်နှစ်တွင် ကွယ်လွန်ပါသည်။

တစ်ခါကလည်း ကျွန်ုပ်က တစ်ဦးတစ်ယောက်အား ယနေ့တက်မည့်အဆင့်၏ နောက်တစ်ဆင့်သို့ မတက်ရန် ဟူသည့် နားလည်မှုဖြင့် အဆင့်တိုးမြှင့်ပေးခဲ့သည်။ ၄င်း၏ တစ်မူထူးသည့်အရည်အချင်းများသည် ယခု တိုးပေးသည့် အဆင့်အတွက် လိုအပ်ပါသည်။ နောက်တစ်ဆင့်အတွက် မလိုအပ်ပါ။

၄င်းအနေဖြင့် အရည်အချင်းတိုးတက်လာပြီး ၄င်း၏ဖြစ်လာနိုင်သည့်စွမ်းရည်ကို တိုးချဲ့လာသည်လည်း ဖြစ်လာနိုင်ပါသည်။ သို့မဟုတ် နောက်ထပ်အဆင့်မြင့်ရာထူးက ၄င်း၏ တစ်မူထူးသော အရည်အချင်းများကို လိုအပ်လာကောင်း လိုအပ်လာနိုင်ပါသည်။

ခေါင်းဆောင်သည် မိမိ၏ငယ်သားများကို နားလည်ရပါမည်။ ထိုသို့ နားလည်ရမည်ဆိုရာတွင် လူကို သိအောင်လုပ်ခြင်း၊ သင်တန်းပေးခြင်း၊ စောင့်ကြည့်ခြင်း၊ ဆရာအဖြစ် နည်းလမ်းပြသခြင်း၊ အားပေးခြင်း၊ အဆိုပါ အချဲ့အစည်း၏ ခေါင်းဆောင်သစ်များအဖြစ် အကဲဖြတ်ပေးခြင်း စသည့် မလုပ်မနေရကိစ္စများ ပါဝင်သည်။

သို့သော် ခေါင်းဆောင်များမှာ နှတ်ဘုရားများမဟုတ်ကြပါ။ ၄င်းတို့၏ နားလည်သဘောပေါက်မှုတို့မှာ အယ်သောအခါမျှ လုံးဝရှင်းလင်းခြင်း၊ တိကျခြင်း၊ သေချာခြင်း ရှိသည်ကား မဟုတ်ပါ။ စွမ်းဆောင်နိုင်သူများက ထက်မြက်ပြီး နှေးကွေးသူများက ထိပ်တန်းသို့ရောက်ရသည်များလည်း ရှိတတ်ပါသည်။ ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ လက်အောက်ငယ်သားအားလုံးကို စောင့်ကြည့်ရန်လိုအပ်ပါသည်။ ၄င်းတို့နှင့်အတူ အလုပ်လုပ်ရန် အားပေးရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့က လူဟုခေါ်ဝေါ်သည့် မျက်နှာအသွင်အပြင် အမျိုးမျိုးရှိသည့် သတ္တဝါများနှင့်ဆက်ဆံရာတွင် ကြည်သိုခိုင်မာစွာ ဆုံးဖြတ်ထားသည်ဖြစ်ပါစေ စိတ်ကူးပြောင်းရန် အမြဲပင် အရန်သင့်ပြင်ထားပါ။ ၄င်းလူတစ်ဦးအတွက် အလုပ်လုပ်ခြင်းဖြင့် မိမိအနေဖြင့် ဆုံးခန်းတိုင်ရောက်သွားနိုင်သည်ကိုလည်း ဦးဆောင်လုပ်သူက မည်သည့်အခါမျှ မမေ့ရပါ။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အပိုင်း-၃
တပ်ဖွဲ့ဝင်များကို ဂရုစိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၁၀ သင်၏ပြည်သူများကို ယုံစားပါ

George W.Bush သမ္မတဖြစ်ခဲ့ချိန် အောဇာတိုင်းကလက မက္ကစီကို သမ္မတ သစ် Vicente Fox နှင့် Fox ၏ မွေးပြုရေးခြံတွင် တွေ့ကြသည့် သမ္မတ၏ ပထမဆုံး သော ခရီးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက စတင်ပြင်ဆင်လျက်ရှိပါသည်။ ဆွေးနွေး ရန်အရေးကြီးသည့်ကိစ္စရပ် အများအပြားရှိသည့်အထဲတွင် လူဝင်မှုကြီးကြပ်ရေး၊ နယ်စပ် ထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပါဝင်သည်။

တိုသို့ ပြင်ဆင်ရာတွင် မက္ကစီကိုနှင့်ပတ်သက်သော ကိစ္စရပ်များကို ရှင်းပြ ရန် သမ္မတအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြွရောက်ပါမည့်အကြောင်း တင်ပြ ခဲ့ပါသည်။ ဤသည်မှာ သမ္မတဖြစ်လာပြီး နောက်ပိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပထမဆုံးလာရောက်သည့် ခရီးဖြစ်မည်ဖြစ်ပြီး ကျွန်ုပ်၏ အဖွဲ့သားများကို အားတက်စေ လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သမ္မတက အဆင်သင့်ပင် သဘောတူလိုက်ပါ သည်။

နေ့တစ်နေ့၌ ဝန်ထမ်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြမှုကို မည်သို့မည်ပုံ ဆောင်ရွက်လိုကြောင်းကို ကျွန်ုပ်က ရှင်းပြပါသည်။ မက္ကစီကိုရေးရာဆိုင်ရာ အငယ်တန်း ဝန်ထမ်းနှစ်ဦးက သမ္မတအား ရှင်းပြရန်ဖြစ်သည်။ ဌာနအလိုက် အရာရှိအဆင့်ပုဂ္ဂိုလ် များသည် မက္ကစီကို နိုင်ငံ၏ အောက်ခြေတွင်ဖြစ်ပျက်နေသည်များကို အခြားသူများထက် ပို၍ သိသင့်သည်သာဖြစ်ပါသည်။ သမ္မတအား ရှင်းပြရန်အချိန်ရောက်လာသောအခါ ကျွန်ုပ်က ၄င်းအရာရှိများအား သမ္မတနှင့်မိတ်ဆက်ပေးရုံသာ မိတ်ဆက်ပေးပါသည်။

အကြီးတန်းအရာရှိများကလည်း ရှင်းပြကြမည်မဟုတ်ပါ။ ၄င်းအရာရှိငယ် များက အစီအစဉ်ရှိရာဖြင့် ခေတ္တခဏငြိမ်သက်နေပြီးနောက် "အစမ်းလေ့ကျင့်ခို အယ်

www.burmeseclassic.com

www.burmeseclassic.com

တော့စချင်ပါသလဲ"ဟု မေးပါသည်။ "အသုံးပြုမည့် မီးထိုးပြသည့် ဓာတ်ပုံဆလိုက်ကားချပ်များကို စစ်ဆေးလိုပါသလား"ဟုလည်း မေးကြပါသည်။

"အစမ်းလေ့ကျင့်ရန်မလိုပါ"ဟု ကျွန်ုပ်က ၄င်းတို့အားပြောပါသည်။ ဆလိုက်ပြားများကိုလည်း ကျွန်ုပ် မလိုချင်ပါ။ အဆိုပါ အငယ်တန်းအရာရှိနှစ်ဦးသည် သမ္မတနှင့် မျက်နှာချင်းဆိုင်ထိုင်ကြရမည်ဖြစ်ပြီး မိမိတို့သိရှိသည်များနှင့် သမ္မတက အာရုံစိုက်ရန်လိုအပ်သည့်ကိစ္စရပ်များကို တင်ပြကြရန်ဖြစ်ပါသည်။

ကျွန်ုပ်သည် နည်းနည်းမျှ စိုးရိမ်မှုမဖြစ်ပါ။ အဆိုပါအရာရှိနှစ်ဦးကို ကျွန်ုပ်သည် မည်သည့်အခါကမျှ မတွေ့ဖူးပါ။ ၄င်းတို့၏အမည်များကိုပင် မသိပါ။ သို့သော် ၄င်းတို့သည် အရန်သင့်ဖြစ်လိမ့်မည်ဆိုသည်မှာ သေချာပါသည်။ ယခုအချိန်မှစ၍ ရှင်းလင်းမှုပြုသည့်အချိန်အထိ ၄င်းတို့သည် ၄င်းတို့၏အကြီးအကဲများ၊ မတ္တစီကိုရှိ သံရုံးတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဖတ်ခိုင်သမျှ ဖတ်ရှုလေ့လာခြင်းတို့ကို ပြုကြပြီး ရှင်းလင်းပွဲအတွက် အရန်သင့်ဖြစ်နေကြမည်သာ ဖြစ်ပါသည်။ ၄င်းတို့သည် အနည်းအကျဉ်း အိပ်ရေးပျက်ကြပါလိမ့်မည်။ ဖြစ်နေကျထက်ပိုသော ဖိအားနှင့်စိတ်လှုပ်ရှားမှုများကို ခံစားရကောင်း ခံစားရပါလိမ့်မည်။ ၄င်းတို့၏ ခင်ပွန်းနှင့်ဇနီးတို့ကလည်း ၄င်းသတင်းကို မျှဝေခံစားကြရန် ဆွေမျိုးများထံသို့ တယ်လီဖုန်းဆက်နေကြပါလိမ့်မည်။

အမှန်အားဖြင့် အဆောက်အအုံတစ်ခုလုံးသည် ဟားပန်းခပ်မျှ လှုပ်ရှားလျက်ရှိသည်။ ဤသည်ကို ကျွန်ုပ်က မျှော်လင့်ခဲ့ပါသည်။ ဤသို့ဖြစ်ရန် ကျွန်ုပ်လိုလားခဲ့ပါသည်။ ထိုနေ့သို့ရောက်လာပါပြီ။ သမ္မတနှင့်အဖွဲ့သည် အစည်းဝေးခန်းမရှိ စားပွဲတွင် အသီးသီးနေရာယူခဲ့ကြသည်။ ၄င်းအစည်းအဝေးစားပွဲမှာ ဘဂ္ဂဒာ ခုနစ်၌ G-7 အစည်းအဝေးကို ဟက်ဒီနီးယားပြည်နယ် Williamsburg တွင် ကျင်းပစဉ်က အသုံးပြုခဲ့သည့် သမိုင်းတွင်သည့်စားပွဲဖြစ်ပါသည်။

ကျွန်ုပ်က သမ္မတအား ကြိုဆိုပြီး ကျွန်ုပ်လက်အောက်ရှိ အဓိကခေါင်းဆောင်များနှင့် မိတ်ဆက်ပေးပြီးနောက် ရှင်းပြမည့်အရာရှိငယ်နှစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။ ထို့နောက် အရာရှိငယ်များကို လွှတ်ထားလိုက်ပါသည်။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်က သမ္မတအား ရှင်းပြပြီးသားဖြစ်ကာ ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ရန် သမ္မတကလည်း စိတ်အားထက်သန်ပါသည်။

အဆိုပါ အရာရှိငယ်နှစ်ဦးက စတင်၍ ရှင်းလင်းရာ ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း လုံးဝကိုက်ညီပါသည်။ မတ္တစီကိုသို့မသွားမီ သမ္မတကသိရန် လိုအပ်သည့်အရာအားလုံးကို ၄င်းတို့က သမ္မတအား ပေးစွမ်းခဲ့ပါသည်။ သမ္မတက နက်နဲသည့်မေးခွန်းများကိုမေးမြန်းရာ အခိုင်အမာဖြေကြားနိုင်ခဲ့ကြပါသည်။ ၄င်းရှင်းလင်းပွဲပြီးဆုံးသွားသောအခါ သမ္မတက ကျေနပ်ကြောင်း ဖော်ပြပြီး လူတိုင်းကို ပြုံးရွှင်လက်ခွဲနှုတ်ဆက်ကာ ကျေးဇူးတင်ကြောင်းပြောကြားပါသည်။

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com

ထိုသတင်းစကားသည် နိုင်ငံခြားရေးဝန်ကြီးဌာနတစ်ခုလုံးသို့ အလင်းရောင်၏ အမြန်နှုန်းဖြင့် ပျံ့နှံ့သွားပါသည်။ ကောင်းလှပါသည်။ "နိုင်ငံခြားရေးဝန်ကြီးအသစ်က ကျွန်တို့အား ယုံကြည်အားထားသည်။ သမ္မတလည်း အလားတူပင် ဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။

သင့်အနေဖြင့် အဖွဲ့သစ်ကို ပထမဆုံးတာဝန်ယူဆောင်ရွက်ရမည်ဆိုပါလျှင် ၎င်းအဖွဲ့တွင်ရှိသည့်လူများကို ယုံကြည်အားထားမှု မပြုသင့်ကြောင်း အထောက်အထားမတွေ့ရလျှင် ၎င်းတို့ကို ယုံကြည်အားထားပါ။ အကယ်၍ သင်က ၎င်းတို့အား ယုံကြည်အားထားလျှင် ၎င်းတို့ကလည်း သင့်အပေါ်တွင် ယုံကြည်အားထားကြပါသည်။ အချိန်ကြာသည်နှင့်အမျှ ဤကဲ့သို့သော နှောင်ဖွဲ့မှုများသည် ခိုင်မာလာမည်ဖြစ်သည်။ သင့်အနေဖြင့် ကောင်းစွာဆောင်ရွက်နိုင်အောင် ၎င်းတို့က အလုပ်ကြိုးစားကြပါလိမ့်မည်။ သူတို့က သင့်အား အထားအထိုးမပေါ်မည်။ ဂရုစိုက်ကြပါလိမ့်မည်။

ဤသည်မှာ နတ်သမီးပုံပြင်ထဲက ယုံကြည်မှုတည်ဆောက်မှုတစ်ခုတော့မဟုတ်ပါ။ အကယ်၍ အထက်ပါရှင်းလင်းပွဲတွင် တစ်ခုခုမှားယွင်းပြီဆိုလျှင် ကျွန်ုပ်က သိထားသလောက်ထက် ပို၍လေးနက်သည့်ပြဿနာများသည် ကျွန်ုပ်တွင်ရှိနေပြီဆိုသည်ကို ကျွန်ုပ်အနေဖြင့် ချက်ချင်းသိခဲ့ရမည်သာဖြစ်ပြီး ကျွန်ုပ်က ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ခဲ့ရကောင်း ဆောင်ရွက်ခဲ့ရပါလိမ့်မည်။ သို့သော် ကျွန်ုပ်အနေဖြင့် အဖွဲ့အစည်းသစ်တစ်ခုကို တာဝန်ယူဆောင်ရွက်သည့်အခါ ကျွန်ုပ်၏လုပ်နည်းလုပ်ဟန်မှာ ပြဿနာကို ရှောင်လွှဲသည့်လုပ်နည်းလုပ်ဟန် မတုတ်ပါ။ ကျွန်ုပ်၏ရှေ့မှောက်တွင်ရှိနေကြသည့် ခေါင်းဆောင်များသည် တော်၍ အကောင်းဆုံးလုပ်ခဲ့ကြသည် ဆိုသည်ကို ယုံကြည်လိုပါသည်။ ဆာမူရိုင်း ဓားကိုရမ်းသည့်အဖြစ်မျိုး မလုပ်မိစေရန် ကျွန်ုပ်သည် အချိန်အတော်ကြာကပင် လေ့လာသင်ယူခဲ့ပါသည်။ လုပ်သမျှတွင် လူများအတွက် သတိထားဆောင်ရွက်ပြီး ၎င်းတို့တွင် သိလိုစိတ်၊ ကြောက်ရွံ့စိတ်ကို ဖြစ်စေပါသည်။ ဓားရမ်းသူကို ရောဂါတစ်ခုလိုယူဆပြီး ဗျူရိုကရေစီတည်းဟူသော သွေးဖြူဥများက ၎င်းကို တိုက်ခိုက်ပါလိမ့်မည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၌ အဆိုပါစောစောပိုင်းကာလ၌ပင် ကျွန်ုပ်၏ဌာနအလိုက် အဓိကအကြီးအကဲများ၊ လက်ထောက်အတွင်းရေးမှူးများအား ၎င်းတို့အနေဖြင့် Capitol Hill သို့ တက်ရောက်ပြီး ကွန်ဂရက်အမတ်များနှင့် ဆက်သွယ်လုပ်ကိုင်လိုပါသလားဟု မေးကြည့်ပါသည်။ မည်သူကမျှ ၎င်းနေရာသို့ မသွားလိုကြပါ။ ဤသည်ကို ကျွန်ုပ်နားလည်နိုင်ပါသည်။ ကျွန်ုပ်ကလည်း ၎င်းကိစ္စကို ခံတွင်းမတွေ့လုပါ။ သို့သော် ကျွန်ုပ်သည် သွားရမည်သာဖြစ်သည်။ ဤကိစ္စကို သူတို့အား ကျွန်ုပ်ကပြောကြားပါသည်။ ကျွန်ုပ်တစ်ဦးတည်းက မတင်ရမည်ဆိုပါလျှင် ဤသည်မှာ လေး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

လွန်းသည့် ဝန်ထုပ်ဝန်ပိုးဖြစ်ပါသည်။ ၄င်းကိစ္စတွင် ပို၍သယ်ယူပေးကြရန် ၄င်းတို့ကို ကျွန်ုပ်က လိုအပ်ပါသည်။ ၄င်းတို့အနေဖြင့် အမှားမှားအယွင်းယွင်း ပြောဆိုမည်ကို စိုးရိမ်သဖြင့် ထိုသို့သွားရန် တွန့်ဆုတ်နေခြင်းဖြစ်ပါသည်။ ၄င်းနေရာမှာပဲဖြစ်စေ၊ ဌာနတွင်ပင်ဖြစ်စေ ပြဿနာနှင့်ရင်ဆိုင်ပါ။ စီမံခန့်ခွဲမှုအဖွဲ့ (အစိုးရ)၏ ရပ်တည်ချက်များကို ၄င်းတို့သိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ၄င်းတို့အား ကျွန်ုပ်က ပြောကြားခဲ့ပါသည်။

၄င်းရပ်တည်ချက်များကို ၄င်းတို့က အကာအကွယ်ပေးရန် ကျွန်ုပ်က မျှော်လင့်ပါသည်။ ထိုသို့လုပ်လိမ့်မည်ဟု ၄င်းတို့အား ကျွန်ုပ်က ယုံကြည်အားထားပါသည်။ ကျွန်ုပ်ထံသို့ ကြိုတင်၍ စာရင်းသွင်းအသိပေးရန် မလိုပါ။ ၄င်းနေရာသို့ သွားသာသွားပြီး ကော်မတီဝင် သို့မဟုတ် ကော်မတီတို့က လိုလားသည်ကို ကြည့်ရှုမေးမြန်းပါ။

ကွန်ဂရက်၏ မေးမြန်းချက်တိုင်းကို "မေးတဲ့အတွက် ဝမ်းမြောက်ပါတယ်" ဟူသည့် သဘောထားဖြင့် အမြဲပင် ချဉ်းကပ်ဆောင်ရွက်ပါ။ ၄င်းတို့သည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြပြီး ကျွန်ုပ်တို့သည် ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြပါသည်။ အကယ်၍ သင့်တွင် ပြဿနာပေါ်ပြီဆိုလျှင် သင့်အနေဖြင့် ၄င်းပြဿနာမှ လွတ်မြောက်ရေးအတွက် ကျွန်ုပ်တို့က အတူတူလုပ်ဆောင်ကြရပါမည်။ ကျွန်ုပ်တို့အားလုံးသည် တစ်ဖွဲ့တည်းသားများဖြစ်ကြသည်။ သင့်အနေဖြင့် ဓားကိုဆွဲရန် လိုအပ်သည့်အချိန်များ ရှိပါလိမ့်မည်။

သမ္မတ Reagan အား ၁၉၈၆ ခုနှစ်တွင် အိမ်ရှဲကွန်ထရာအရှုပ်တော်ပုံက လှုပ်ခါလိုက်သောအခါ Frank Carlucci, Howard Baker, Ken Duberstein နှင့် ကျွန်ုပ်တို့အား အမျိုးသားလုံခြုံရေးကောင်စီနှင့် အိမ်ဖြူတော်၏ ဦးစီးချုပ်အဖြစ် ခေါ်ယူခဲ့ကြပါသည်။

၄င်းကူးစက်ရောဂါကို ဖြတ်တောက်ပစ်ပြီး သွေးတိတ်စေရန် ခေါ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်ကို ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်စဉ်အတွင်း လူအများကို အရေးယူခဲ့ရပါသည်။ သို့သော် ကျွန်ခဲ့သူများကို ကျွန်ုပ်တို့က ထွေးပိုက်ထားပါသည်။ အပြန်အလှန်ယုံကြည်မှု၊ သမ္မတ Reagan ၏ ကျွန်ရှိသည့် သမ္မတသက်တမ်းကာလအတွင်း အောင်မြင်မှုရရှိရန် စိုက်လိုက်မတ်တတ်ပြုမည်ဟု နားလည်မှုအရ ဆက်လက်ထားရှိခဲ့သော ပုဂ္ဂိုလ်များနှင့် ထိုသို့ အဖွဲ့ထဲသို့ခေါ်သွင်းလာသော လူသစ်များကလည်း ကောင်းစွာအလုပ်လုပ် ကြပါသည်။ ကျွန်ုပ်တို့သည် မောက်ဆုံးသောပန်းတိုင်သို့ ပေါက်မြောက်အောင်မြင်ခဲ့ကြပါသည်။

ကျွန်ုပ်အနေဖြင့် ပထမဆုံးတပ်ထဲသို့ ဝင်ရောက်ချိန်တွင် အခြေခံအရာရှိသင်တန်းအတွက် Geogia ပြည်နယ် Fort Benning သို့ အပို့ခံရပါသည်။ သင်တန်းပြီးဆုံးချိန်တွင် အမြော်အမြင်ရှိသည့် ဝါရင့်တပ်ကြပ်ကြီးတစ်ဦးက ကျွန်ုပ်ကို ဤသို့ပြောပါသည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ် Powell ရေ… ခေါင်းဆောင်မှုနှင့်ပတ်သက်လို့ ပြောပါရစေ။ အကယ်၍ သင်၏တပ်ဖွဲ့ဝင်များက သင့်ကိုလိုက်နာကြလျှင် သင်သည် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည်ဆိုသည်ကို သင်သိပါလိမ့်မည်။ ၄င်းတို့အနေဖြင့် သေရေးရှင်ရေးတမျှဖြစ်သော အန္တရာယ်နှင့် ကြုံရသည့်အချိန်များ ရှိလာပါလိမ့်မည်။ ၄င်းတို့အနေ ဖြင့် ကြောက်လန့်ကြဉ်ရေမရာဖြစ်လာပါလိမ့်မည်။ သင်က ၄င်းတို့အား လေ့ကျင့်ပေးပြီးသားဖြစ်သည်။ အလုပ်ပြီး မြောက်စေရန် ၄င်းတို့အနေဖြင့် လက်နက်နှင့်ကိရိယာများကို ရရှိထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအဖြစ်မှ ၄င်းတို့အား သင်က မည်သို့ကယ်ထုတ်ရမည်ကို ၄င်းတို့က သိလိုကြပြီး သင်နှင့်အတူ တွယ်ကပ်ပြီးရှိနေကြပါလိမ့်မည်"

အဆိုပါ တပ်ကြပ်ကြီးက အခုနှစ်အားဖြင့် သိလိုစိတ်အကြောင်းကို ပြောဆိုနေခြင်းမဟုတ်ဘဲ ယုံကြည်အားထားမှုအကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။ ၄င်းတို့က သင့်ကိုယုံကြည်သောကြောင့်၊ သူတို့လုပ်ဆောင်ရမည့်ကိစ္စကို ယုံကြည်သောကြောင့် သင့်နောက်ကိုလိုက်ပါကြပါလိမ့်မည်။ ထို့ကြောင့် ခေါင်းဆောင်တစ်ဦးအနေဖြင့် သင်ထုတ်သမျှတွင် အဖွဲ့အစည်းအတွင်း ယုံကြည်စိတ်ဆောက်ရေးကို အာရုံစိုက်ရပါမည်။

ခေါင်းဆောင်များအချင်းချင်း ယုံကြည်ကိုးစားမှု၊ ခေါင်းဆောင်နှင့်နောက်လိုက်များအကြား ယုံကြည်ကိုးစားမှုများပင် ဖြစ်ပါသည်။ ၄င်းယုံကြည်ကိုးစားမှုသည် ကိုယ်ကျိုးမဖက်သော ယုံကြည်အားထားရသည့် ခေါင်းဆောင်များစာရင်းတွင် စာရင်းပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၁၁ အပြန်အလှန်လေးစားခြင်း

ခေါင်းဆောင်များသည် ငယ်သားများအပေါ်တွင် ဥပဒေအရဖြစ်သော အာဏာပိုင်စိုးမှုရှိကြပါသည်။ အလုပ်နှင့်ပတ်သက်သည့် နာခံမှုကို တောင်းဆိုနိုင်၊ မျှော်လင့်နိုင်ကြပါသည်။ မနာခံသော ငယ်သားများ၊ မျှော်လင့်ထားသည့်လုပ်ငန်းစံချိန်များကို မမီသည့် ငယ်သားများကို ၄င်းတို့က အရေးယူနိုင်ကြပါသည်။ ၄င်းတို့က ငယ်သားများကို အလုပ်ဖြုတ်နိုင်ကြပါသည်။ လစာဖြတ်တောက်နိုင်ကြပါသည်။ အဆင့်လျှော့ချနိုင်ပါသည်။ စစ်တပ်တွင်ဆိုလျှင် အမိန့်မနာခံမှုအတွက် ပြင်းထန်သည့် အပြစ်ကို ပေးပါသည်။

နာခံမှုတစ်ခုတည်းဖြင့် အလုပ်ကိုပြီးမြောက်ကောင်း ပြီးမြောက်နိုင်စေမည် ဖြစ်ပါသည်။ သို့သော် ၄င်းနာခံမှုက အလုပ်အပေါ် တစိုက်မတ်မတ်ရှိစေရန် မနှိုးဆော်ပါ။ အလုပ်တွင် ဂုဏ်ယူရမည်ကိုလည်း မနှိုးဆော်ပါ။ သာလွန်ကောင်းမွန်စေရန် ဆန္ဒပြင်းပြမှုကိုလည်း မနှိုးဆော်ပါ။ နောက်လိုက်များအနေဖြင့် မိမိတို့သည် ကောင်းစွာဦးဆောင်မှုပြုထားသော အဖွဲ့တစ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခံစားလာရသော အခါမှသာ ၄င်းအချက်များပေါ်ထွက်လာပါသည်။ ဤသို့ အလုပ်သမားများက ခံစားရမှုမှာလည်း ၄င်းတို့က ၄င်းတို့၏ခေါင်းဆောင်ကို လေးစားပါမှ၊ မိမိတို့ကို ခေါင်းဆောင်က လေးစားသည်ဟု ယုံကြည်ပါမှ ဖြစ်ပေါ်လာပါသည်။ အလုပ်သမားများက ခေါင်းဆောင်အား ယုံကြည်ကိုးစားမှ၊ ၄င်းတို့ကို ခေါင်းဆောင်က ယုံကြည်ကိုးစားသည်ဟု ၄င်းတို့က ခံစားရပါမှ ၄င်းအချက်သည် ပေါ်လာပါသည်။

စက်ပစ္စည်းတပ်ဆင်သည့် အလုပ်ရုံတစ်ခုကို ၄င်းအလုပ်ရုံပေါ်တွင် အလုပ်သမားများက လေးစားမှုမရှိဘဲ လည်ပတ်ကောင်း လည်ပတ်နိုင်ပါလိမ့်မည်။ ၄င်းတို့

bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

က ထုတ်ကုန်ခွဲတမ်းဗီအောင် ထုတ်လုပ်ကြသည်။ ၄င်းတို့သည် လုပ်ခလစာကိုရကြသည်။ ဤသည်မှာ ခေါင်းဆောင်နှင့် ၄င်းတို့အကြား ပြုလုပ်ထားသည့် သဘောတူချက်ပင်ဖြစ်သည်။

အလုပ်ရုံများတွင်ပင်လျှင် ခေါင်းဆောင်နှင့်အလုပ်သမားတို့အကြားရှိ လေးစားမှုနှင့် ယုံကြည်စိတ်ချမှုတို့က သတ်မှတ်ထားသည့် ထုတ်လုပ်မှုခွဲတမ်းကို ကျော်လွှန်အောင် လှုံ့ဆော်နိုင်ပြီး ဓနိကပ်အောင် အားပေးနိုင်ပါသည်။

အလုပ်သမားများက ခေါင်းဆောင်အပေါ် လေးစားလာရေးကို အမြဲမြဲဖြင့်ချုတ်ချယ်ရပါ။ ၄င်းကိုရရှိအောင် အလုပ်ဖြင့် ကြိုးပမ်းယူရပါမည်။ ဤလေးစားမှုဆိုသည်မှာ နောက်လိုက်များက ခေါင်းဆောင်ထံသို့ပေးသည့်အရာ ဖြစ်ပါသည်။

သင်သည် ငယ်သားများ၏ လေးစားမှုကို ၄င်းတို့အား သိမြင်ခြင်း၊ လေးစားခြင်း၊ ကျွမ်းကျင်စွာရှိခြင်းနှင့် ပုဂ္ဂိုလ်ရေးအရ နမူနာပြခြင်းတို့ဖြင့် ရရှိပါသည်။ သို့သော် ခေါင်းဆောင်သည် ငယ်သားများနှင့် အတိုင်းအတာတစ်ခုအထိ ခပ်ခွာခွာနေရပါမည်။

နောက်လိုက်များက ကိုယ်ကျိုးမဖက်သော တစ်ကိုယ်ကောင်းဆန်သော ခေါင်းဆောင်များကို လိုလားကြပါသည်။ ၄င်းတို့၏ သတ္တိဗျတ္တိရှိသော အမှန်ကို အမြဲတမ်းပြုလုပ်သော တိုသို့ဆောင်ရွက်ရာတွင် အလုပ်တိုင် စွန့်လွှတ်ဖြစ်သော ခေါင်းဆောင်များကို လိုလားကြပါသည်။ တောင့်တင်းခိုင်မာသော်လည်း တရားမျှတသော အလွဲသုံးစားမပြုသော ခေါင်းဆောင်များကို လိုလားကြပါသည်။

အဖွဲ့အစည်းတစ်ခုခုတွင် ဤသို့သော ပတ်ဝန်းကျင်အခြေအနေရှိနေပြီဆိုလျှင် တပ်ပိုမြည်ပြီး စည်ကားမည်သာ ဖြစ်သည်။ ခေါင်းဆောင်များက သင့်ကို ဂရုစိုက်ကြပြီး သင်နှင့် ၎င်း၏ဌာနအဖွဲ့အစည်းအောင်မြင်အောင်ဆောင်ရွက်ပါလိမ့်မည်။ ၄င်းတို့က အောင်မြင်စေရန် အဆိုပါ အာသာပြင်းပြမှုကို နှလုံးသွင်း၍ ခံယူပွားများကြပါလိမ့်မည်။

အကယ်၍ သင့်အနေဖြင့် သင်၏နောက်လိုက်ငယ်သားများကို လေးစားလိုသည်ဆိုပါလျှင် ၄င်းတို့အကြောင်းကို သိရပါမည်။ ကျွန်ုပ်အနေဖြင့် ဗိုလ်ဘဝဖြင့် အလုပ်စတင်စဉ်က ကျွန်ုပ်၏ တာဝန်ရှိသောတပ်ဖွဲ့ဝင် ဒါဇင်အနည်းငယ်ကို တတ်နိုင်သမျှ လေ့လာရန် သွန်သင်ခဲ့ခဲ့ရပါသည်။ ကျွန်ုပ်သည် အိတ်ဆောင်ဒိုင်ယာရီတစ်အုပ်ကို ထားရှိပြီး တပ်ဖွဲ့ဝင်တိုင်းကို မှတ်သားထားသည်။ ၄င်းဒိုင်ယာရီတွင် ၄င်းတို့၏ အမည်၊ မွေးသက္ကရာဇ်၊ တပ်ဖွဲ့ဝင်အမှတ်စဉ်၊ ရိုင်ဖယ်သေနတ်အမှတ်စဉ်၊ မိသားစုဦးရေ၊ ဇာတိမြို့၊ ပညာအရည်အချင်း၊ အထူးကျွမ်းကျင်မှု၊ ရာထူးရသည့်ရက်စွဲ၊ ၄င်း၏ဆောင်ရွက်ချက်၊ အမူအကျင့်၊ ဥပဓိရုပ်၊ ရည်ရွယ်ချက်၊ အားသာချက်နှင့် အားနည်းချက်များအပေါ် ကျွန်ုပ်၏ ပထာမနှင့် နောက်ထပ် အကဲခတ်ချက်များကို ရေးသားထားပါသည်။

www.burmeseclassic.com

bookhouse

www.burmeseclassic.com

ပို၍ကြီးမားသည့် အဖွဲ့အစည်းများသို့ ရောက်ရှိလာပြီး ကျွန်ုပ်သည် ငယ်သားများနှင့် နေ့စဉ်ထိတွေ့မှုမရှိဖြစ်လာသောအခါ မှတ်စုစာအုပ်ငယ်သည် အလုပ်မဖြစ်တော့ပါ။ ကျွန်ုပ်လက်အောက်ရှိ လူတိုင်းနှင့်ပတ်သက်၍ သိနေစေရန် ကျွန်ုပ်၏ဝန်ထမ်းများထံမှ တိုက်ရိုက်အစီရင်ခံစာများကို အသုံးပြုပါသည်။ ကျွန်ုပ်အနေဖြင့် ပုံစံကျအစီရင်ခံချက်နှင့် အစီရင်ခံစာရွက်ကတ်များ သက်သက်ကိုသာ လိုချင်သည်မဟုတ်ပါ။ အဖြစ်မှန်သက်သက်ကိုသာ လိုချင်ပါသည်။ ကျွန်ုပ်အနေဖြင့် သူတို့ဘာတွေလုပ်နေသည်။ ဘာတွေဖြစ်နေသည်ကို သိလိုပါသည်။ လူတွေက ကျွန်ုပ်အား မသိစေလိုသည့်အရာသည် မည်သည့်နည်းဆိုသည်ကို သိရှိရန် ကျွန်ုပ် ကြိုးစားပါသည်။ ဤကဲ့သို့သောအရာများက သူတို့၏ဆောင်ရွက်ချက်များကို ထိခိုက်စေပါသလားဆိုသည်ကို သိလိုသည်။ ကျွန်ုပ်လုပ်စေလိုသည်ကို ၄င်းတို့က လုပ်ဆောင်နေသလားဆိုသည်ကို သိလိုပြီး ၄င်းတို့ကို ထိုသို့လုပ်ဆောင်စေလိုပါသည်။ ၄င်းတို့သည် ကျွန်ုပ်နှင့်အတူ သဟာဇာတဖြစ်စွာ ဆောင်ရွက်နေပါသလား။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် (၄)နှစ်မျှ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားနိုင်ငံများဆိုင်ရာ သမ္မတ၏ အဓိကကိုယ်စားလှယ်များဖြစ်ကြသည့် သံအမတ်တာဝန်ဦးစီးအကြောင်းကိုသိရှိအောင် ကျွန်ုပ် ကြိုးပမ်းပါသည်။ ၄င်းတို့အား သံအမတ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို မိသားစုများအပါအဝင် ခမ်းခမ်းနားနားဆောင်ရွက်ခဲ့ပါသည်။ (နိုင်ငံတွင်း၌ ကျွန်ုပ်မရှိသည့်အခါမျိုးတွင်သာ ကျွန်ုပ်မတက်ရောက်နိုင်ဘဲရှိခဲ့သည်။) ၄င်းအခမ်းအနားပေါင်း (၁၄၅)ခုတွင် ကျွန်ုပ်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဤသည်ကို ကျွန်ုပ်နှင့် သံအမတ်ကြီးတို့အကြား ယုံကြည်ကိုးစားမှု နှင့် လေးစားမှုအရဖြစ်သော နှောင်ဖွဲ့မှုကို ခိုင်မာစေသည့်ကိစ္စအဖြစ် ကျွန်ုပ်ကယူဆပါသည်။ ကျွန်ုပ်ထံသို့ (၂၄)နာရီ ပတ်လုံး ဆက်သွယ်နိုင်ကြောင်းကိုလည်း ၄င်းတို့အား ရှင်းလင်းစွာပြောကြားထားပြီး ဖြစ်ပါသည်။

၄င်းတို့က တာဝန်ထမ်းဆောင်ကြပြီးနောက် ၄င်းတို့၏ဆောင်ရွက်ချက်များကို စောင့်ကြည့်မှတ်သားပါသည်။ ကျွန်ုပ်၏ ဒေသဆိုင်ရာလက်ထောက်အတွင်းရေးမှူးများကလည်း ကျွန်ုပ်ကို အသိပေးပါသည်။ ကျွန်ုပ်က တစ်ဖန် သမ္မတအား ၄င်းတို့၏ဆောင်ရွက်ချက်များကို အသိပေးပါသည်။ တရားဝင်လမ်းကြောင်းများမဟုတ်သော လမ်းကြောင်းများမှ ကျွန်ုပ်ရရှိသည့် သတင်းများအရ တရားဝင်လုပ်ငန်းလမ်းကြောင်းက နိုးထလာခြင်းမရှိမီ သံအမတ်ကြီးသုံးဦးကို လျှို့ဝှက်စွာ တာဝန်ရုပ်သိမ်းခဲ့ရဖူးပါသည်။

လေးစားမှုခံရရန် နောက်ထပ်လိုအပ်သည့် ဂုဏ်ရည်တစ်ရပ်မှာ လုပ်ငန်းပိုင်နိုင်ကျွမ်းကျင်မှုပင် ဖြစ်ပါသည်။ သင်၏အလုပ်ကို သင်ကမသိဘဲ မလုပ်ကိုင်တတ်ပါလျှင် သင်၏ငယ်သားများက သင့်အား လေးစားရန်အကြောင်း မရှိတော့ပါ။ ကျွန်ုပ်က ကျွန်ုပ်၏ငယ်သား စစ်သားများအကြောင်းကို တစ်ဦးစီအတွက် စာတစ်ပုဒ်ကျော်နှစ်သားသလို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ငှင်းတို့ကလည်း ကျွန်ုပ်အကြောင်းကို ငှင်းတို့၏ စိတ်ကူးမှတ်စုစာအုပ်တွင် စာမျက်နှာများကို ရေးသားကြမည်သာ ဖြစ်ပါသည်။ ဒီဗိုလ်ဟာ လူတော်ဖြစ်ပါသလား။ ကာယလေ့ကျင့်ခန်းလုပ်ရာတွင် ကျွန်ုပ်တို့နှင့်အတူ လုပ်နိုင်ပါသလား၊ ရိုင်ဖယ်သေနတ် ပစ်တတ်ပါသလား၊ ကျွန်ုပ်မောင်းသလို တင့်ကားကို မောင်းနိုင်ပါသလား။ သူက ကျွန်ုပ်တို့ကို ဂရုစိုက်ပါသလား။ ကျွန်ုပ်တို့၏ ပြဿနာကို သူနားထောင်ကြည့်ပါသလား။ သူက ကြမ်းသလား၊ နူသလား။ သူက ကျွန်ုပ်တို့ကို အကာအကွယ်ပေးပါသလား။ ငှင်းသည် အပြစ်ကိုခံယူပြီး ကောင်းကွက်ပေါ်လာလျှင် မျှဝေပေးပါသလား စသည်ဖြင့် ငှင်းတို့က ရေးကြပါလိမ့်မည်။ ငှင်းတို့ပြောဆိုသော အကြောင်းအရာများနှင့်ပတ်သက်၍ ကျွန်ုပ်၏ လက်ထောက်အတွင်းရေးမှူးထံတွင် ထိုမျှမက ရှည်လျားသည့် စာရင်းများရှိကြမည်မှာ သေချာပါသည်။

သို့သော် ခေါင်းဆောင်တစ်ဦးအနေဖြင့် ကိုယ်ရေးကိုယ်တာ **စုန်နယ်တစ်ခု (a zone of privacy)** ထားရှိရန် လိုအပ်ပါသည်။ ငှင်းစုန်နယ်မှာ ငှင်း၏ ငယ်သားများမဝင်လာနိုင်သည့် ခေါင်းဆောင်အတွက် **နေရာသက်သက်ဖြစ်** ပါသည်။ "ရင်းနှီးမှုက မဆေမဲ့မြင်မှုကို မွေးဖွားသည်" (ရင်းနှီးလွန်းက အရိုအသေတန်သည်)ဟူသော ဆိုရိုးတစ်ခု ရှိပါသည်။ ခေါင်းဆောင်သည် တပ်ဖွဲ့ဝင်များနှင့်အတူ ရှိပါသည်။ ငှင်းသည် ငှင်းတပ်ဖွဲ့ဝင်များအထက်တွင် ရှိပါသည်။ ခေါင်းဆောင်ဖြစ်သူသည် အတပ်ပြောရခက်သည့် ဝိုင်နိုင်မှုတည်းဟူသော ဆောင်ပါလက္ခဏာကို အမြဲပင် ဆောင်ထား သင့်ပါသည်။

ခေါင်းဆောင်တိုင်းက မိမိငယ်သားများအနေဖြင့် မိမိအား သဘောကျသည်ကို လိုလားကြပြီး ငယ်သားများက လည်း မိမိခေါင်းဆောင်ကို သဘောကျလိုကြသည်ဖြစ်သော်လည်း သဘောကျခြင်းဆိုသည်မှာ (မရှိမဖြစ်) လိုအပ်သည့် အရာကားမဟုတ်ပါ။ ငှင်းသဘောကျမှုဆိုသည်က အဖွဲ့အစည်းကို ဝိုင်းချောမောစွာ လည်ပတ်စေပါသည်။ သို့သော် လေးစားမှုကင်းမဲ့နေလျှင် ငှင်းအဖွဲ့အစည်းသည် ဆိုးဝါးစွာ လည်ပတ်ကောင်း လည်ပတ်ပါလိမ့်မည်။ သဘောကျခြင်းသည် လေးစားခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာပါသည်။ သဘောကျခြင်းသည် လူကောင်းတစ်ယောက်ဖြစ်အောင် သို့မဟုတ် ငယ်သားနှင့် လက်တွဲဖော်တစ်ဦးဖြစ်အောင် ကြိုးပမ်းနေသောခေါင်းဆောင်ထံမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။ သူတို့နှင့် နားနားနေနေ နေရန် သူတို့က သင့်အားလိုအပ်သည်ကား မဟုတ်ပါ။

သီးခြားခွဲခြားမှုပြုသည့် ဟန်ပန်တစ်ရပ်ရပ်ကို မရှိမဖြစ်လိုအပ်ပါသည်။ နောက်လိုက် ငယ်သားများသည် **သင်၏**အဆင့်တူ လက်တွဲဖော်များ မဟုတ်ကြပါ။ ငှင်းတို့သည် သင်၏နောက်လိုက်များ၊ လက်အောက်ငယ်သားများ **ဖြစ်**ကြသည်။ သင်သည် ငှင်းကို့ထက်ထူးခြားမှု မရှိလျှင်၊ သူတို့မလုပ်နိုင်သည်တို့ကို သင်ကသူတို့အား လုပ်ပေးခြင်း **ပြုနိုင်**ပါလျှင် သူတို့က သင့်အားမလိုအပ်တော့ပါ။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

"ကျွန်ုပ်၏ အဖွဲ့ကတော့ ကောင်းပါသည်။ ကျွန်ုပ်မရှိဘဲလည်း ကောင်းစွာလည်ပတ်နိုင်သည်"ဟု ခေါင်းဆောင်များက ကြွားဝါတတ်ပါသည်။ ဤသို့ဆိုလျှင် ငယ်သားများက ငှင်းအား အဘယ်ကြောင့် လိုအပ်ပါသနည်း။ ခေါင်းဆောင်သည် အမြဲပင် နောက်လိုက်များ၏အပေါ်တွင် ရှိရပါမည်။ နောက်လိုက်များ၏ နောက်နားတွင် မည်သည့်အခါမျှ ရှိရမည်မဟုတ်ပါ။ ထို့ကြောင့် ခေါင်းဆောင်တစ်ဦးသည် နောက်လိုက်ငယ်သားများနှင့် လူမှုရေးအရ ဆက်ဆံနိုင်ပါသည်။ သို့သော် စကားအကြာကြီးပြောပြီး အချိန်ဖြုန်းသည့်အဆင့်ထိတော့ မရောက်သင့်ပါ။ ချစ်ကြည်မှုရှိသည်မှာ ကောင်းပါသည်။ သို့သော် ရင်းနှီးလွန်းသည်အထိ မရောက်သင့်ပါ။ နောက်လိုက်ငယ်သားတစ်ဦးက လွတ်လပ်ခွင့် (liberty) ကို ခွင့်ပြုချက် (license) အဖြစ် မှားယွင်းစွာယူဆသည်အထိ မဖြစ်ပါစေနှင့်။

နောက်ဆုံးအားဖြင့် စစ်မှန်သည့် ခေါင်းဆောင်မှုနှင့် ပျက်ယွင်းမှုမရှိသော လေးစားမှုတို့သည် တပ်ဖွဲ့ဝင်များရှိရာ အောက်ခြေတွင်ဖြစ်ပွားသည့်ကိစ္စဖြစ်သည်။ အထက်မှ ညွှန်ကြားချက်များမှတစ်ဆင့် ထွက်ပေါ်လာခြင်းမဟုတ်ပါ။

၁၉၇၀ ပြည့်လွန်နှစ်များ၏ ညတစ်ညတွင် ဖြစ်ပါသည်။ Kentucky ပြည်နယ် Fort Campbell ရှိ ကျွန်ုပ်စခန်းသို့ ကားမောင်းရပြန်ရာတွင် စစ်သားတစ်ဦးက မှောင်ထဲတွင် ဂိတ်ဝဘက်သို့ လမ်းလျှောက်သွားနေသည်ကို တွေ့ရသည်။ ကျွန်ုပ်က ကားရပ်ပြီး ကားပေါ်လိုက်နိုင်ကြောင်းကို ငှင်းအားကမ်းလှမ်း၍ ခေါ်လာခဲ့ပါသည်။

"ဘာဖြစ်လို့ အိမ်ပြန်နောက်ကျပါလိမ့်"ဟု သူအား ကျွန်ုပ်က မေးပါသည်။

"စစ်ဆေးရေးမှူးချုပ်က စစ်ဆေးမှာဖြစ်တဲ့အတွက် ကျွန်ုပ်လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်ုပ်တို့က အဆင်သင့်ဖြစ်အောင် ကြိုးစားနေကြပါတယ်"ဟု ငှင်းက ဖြေပါသည်။ ထို့နောက် သူက ကျွန်ုပ်အား ကြည့်ပြီး "ခင်ဗျား ဘယ်သူပါလဲ"ဟု မေးရာ ကျွန်ုပ်က "ကျွန်ုပ်ဟာ သင်၏တပ်မဟာမှူးဖြစ်တယ်" ဟု ပြောလိုက်ပါသည်။

"ဒီဌာနချုပ်မှာ တာဝန်ယူရတာ ဘယ်လောက်ကြာပါပြီလဲ"ဟု သူကမေးပါသည်။ "တစ်နှစ်ကျော်ပါပြီ"ဟု ကျွန်ုပ်က ဖြေပါသည်။

"အလုပ်ကောင်းပါသလား"ဟု သူကမေးပါသည်။ "ဟုတ်ကဲ့၊ အတော်ကောင်းတာပေါ့"ဟု ကျွန်ုပ်က ဖြေပါသည်။ ယခု တပ်မဟာတွင် တစ်နှစ်ကျော်မျှ ကျွန်ုပ်နေလာခဲ့ပြီးသည်အထိ ကျွန်ုပ်ကို မသိသည့် စစ်သားတစ်ဦးဦး ရှိနေပါသေးကလား။

"စစ်ဆေးတဲ့အခါ သင်ရဲ့လူတွေက ဘယ်လိုလုပ်ကြမယ်လို့ ခင်ဗျားထင်ပါသလဲ"ဟု ကျွန်တော်က မေးပါသည်။

"သူတို့ ကောင်းကောင်း လုပ်ပါလိမ့်မယ်"ဟု သူကဖြေကြားပြီး ဆက်လက်၍ ငှင်းက "ကျွန်ုပ်တို့ အနေဖြင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တပတ်များကြာတဲ့အထိ ကြိုးစားပမ်းစား လုပ်လာခဲ့ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ ဝိုလ်ကြီး၊ ဝိုလ်များ၊ တပ်ကြပ်ကြီးများက ကျွန်ုပ်တို့ကို မောင်းနေကြပါတယ်။ စစ်ဆေးရေးကိစ္စ မည်မျှအရေးကြီးကြောင်းကို ၄င်းတို့က ကျွန်ုပ်တို့ကို ပြောကြားပါတယ်၊ ၄င်းတို့ ကျရှုံးမှုကို ကျွန်ုပ်တို့က အဖြစ်ခံမှာမဟုတ်''ဟု ပြောကြားခဲ့ပါသည်။ တစ်ခုခုတော့ မှန်ကန်နေပါပြီ။

ကျွန်ုပ်သည် တပ်မဟာမှူးတစ်ဦးဖြစ်ပါသည်။ သို့သော် သူ၏မိသားစုလို ဖြစ်နေသူများမှာ ၄င်း၏အဆင့်တူ လုပ်ဖော်ကိုင်ဖက်များ၊ တပ်ကြပ်ကြီးများ၊ အရာရှိများ ဖြစ်ကြပါသည်။ ၄င်းတို့က သူ့အားလေ့ကျင့်ပေးကြပြီး၊ သူ့အားထောက်ပံ့ခဲ့ကြသည်။ သူ့အား ဂရုစိုက်ခဲ့ကြသည်။ အတို့အလှည့်အားဖြင့် ထိုဂရုစိုက်မှုနှင့် မိသားစုအဖြစ် ခံစားရမှုတို့သည် အပေါ်သို့ ဆန့်တက်လာပြီး သူတို့က ကျွန်ုပ်အား ဂရုစိုက်ကြပါလိမ့်မည်။ လုပ်ငန်းတာဝန်တစ်ခုပြီးမြောက်မှုသည် အောက်ခြေမှစတင်ပါသည်။

ကျွန်ုပ် အခံစားရဆုံးမှာ သူ၏ဤပြောကြားချက်ပင်ဖြစ်သည်။ သူက '' ၄င်းတို့ကျဆုံးမှာကို ကျွန်ုပ်တို့က အဖြစ်ခံမှာမဟုတ်''ဟု ပြောခဲ့ပါသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် သင်၏နောက်လိုက်များထံမှ ထိုထက်ပို၍ ကောင်းသည့် ချီးမွမ်းစကားကို မည်သည့်အခါမျှ ရရှိလိမ့်မည်မဟုတ်ပါ။ သင်မည်သို့ ဆောင်ရွက်နေသည်ဆိုသည်ကို ဖော်ပြသည့် ပို၍ကောင်းသည့် အစီရင်ခံကတ်ပြားကိုလည်း ရရှိလိမ့်မည်မဟုတ်ပါ။ သင်သည် အောင်နိုင်မည့် အသင်းတစ်သင်းကို ဇော်တီးထူထောင်ခဲ့ပြီး ဖြစ်ပါသည်။ အပြန်အလှန် ယုံကြည်ကိုးစားမှုနှင့် လေးစားမှုဟူသော ခိုင်မာသည့် အုတ်မြစ်ပေါ်တွင် ရပ်တည်နေသော အသင်းတစ်သင်းဖြစ်ပါသည်။ သူတို့ကျရှုံးမည်ကို သင်က အဖြစ်မခံသရွေ့ကာလပတ်လုံး သင်ကျရှုံးမည်ကိုလည်း သူတို့က အဖြစ်ခံမှာမဟုတ်ကြပါ။ တပ်ဖွဲ့ဝင်များက ပြီးမြောက်အောင် ဆောင်ရွက်ကြပြီး သင့်အား ဂရုစိုက်ကြပါလိမ့်မည်။ နာရီတိုင်းတွင် သင်က သူတို့အား ဂရုတစိုက်ရှိပါစေ။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၁၂ ကျွန်ုပ်တို့သည် နို့တိုက်သတ္တဝါများ ဖြစ်ကြသည်

ကျွန်ုပ်သည် ရုပ်သံစက်ပေါ်တွင် သဘာဝအကြောင်းပြသည့်ပြကွက်များအား ကြည့်ရသည်ကို သဘောကျပါသည်။ ကျွန်ုပ်တို့နှင့်ဘဝတူ နို့တိုက်သတ္တဝါများအကြောင်း ကြည့်ရသည်ကို အထူးသဖြင့် သဘောကျပါသည်။ ခြင်္သေ့များအကြောင်း ပြကွက်များမှာ ကျွန်တော်အကြိုက်ဆုံးဖြစ်ပါသည်။

ခြင်္သေ့မကြီးတစ်ကောင်တွင် သားပေါက်များရှိရာ ၄င်းတို့ကို မျက်စိမပွင့်လာသည်အထိ ဂူထဲတွင်ထားပါသည်။ အဖေခြင်္သေ့ကြီးမှာ အပြင်ကိုထွက်ပြီး တိရစ္ဆာန်များ၏ဘုရင်ဟူသည့်အလုပ်ကိုလုပ်နေရာ နေရာတွင်မရှိသဖြင့် ခြင်္သေ့မက မွေးမြူစောင့်ရှောက်ပါသည်။ လအတော်ကြာသည့်အခါ ခြင်္သေ့ငယ်များအား ပတ်ဝန်းကျင်သို့ သွားလာခွင့်ပြုပါသည်။ ခြင်္သေ့မကြီးက စောင့်ကြည့်လျက် သားငယ်များအား တင်းကျပ်သည့်နယ်မြေထဲမှာပင်ရှိနေစေပါသည်။ အကယ်၍ ၄င်းနယ်မြေကိုလွန်၍ ထွက်သွားလျှင် ခြင်္သေ့မကြီးက သားငယ်များအား ပြန်ခေါ်ပါသည်။ သို့မဟုတ် ဆွဲသွင်းပါသည်။

အချိန်ရလာသည်နှင့်အမျှ ခြင်္သေ့ငယ်များသည် ကြီးထွားလာပြီး မိခင်က သတ်မှတ်ထားသည့်နယ်အတွင်း ဝိုင်နိုင်စွာ လှုပ်ရှားကြပါသည်။ ထို့ကြောင့် ၄င်းနယ်ပယ်သည် ကျယ်၍ကျယ်၍လာသည်။ နောက်ပိုင်းတွင် သားငယ်များကို ၄င်းနှင့်အတူ နယ်ပယ်အပြင်ဘက်၌ လှည့်လည်သွားရောက်ရာသို့ ခေါ်ဆောင်ပြီး မည်သို့အမဲလိုက်ရမည်ကို သင်ပေးသည်။ သို့သော် အစားအစာနှင့်နေစရာတို့ကို ဆက်လက်၍ပေးနေပါသည်။ ၄င်းသားငယ်များသည် သင်ယူနေဆဲအချိန်တွင် ရှိပါသေးသည်။

(၂)နှစ်သားအရွယ်ခန့် ရောက်လာသောအခါ သားငယ်များကို မိခင်ကိုဘာသာ သွားလာခွင့်ပြုပါသည်။ ဤအဆင့်သို့မတိုင်မီတွင် ၄င်းသားငယ်များသည် မျိုးဆက်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ထောင်ပေါင်းများစွာပင် ၄င်းတို့၏ မိဘများထံမှ သင်ယူရပါသည်။ ၄င်းတို့က ခြသေ့တစ်ကောင်အနေဖြင့် မည်သို့အသက်ရှင်ရမည်ကို လေ့လာပါသည်။ ခြသေ့ဖြစ်ရသည်မှာ ဘယ်လိုဖြစ်ပါသလဲဆိုသည်ကို လေ့လာရပါသည်။ ၄င်းတို့သည် မည်သို့အဓိပ္ပာယ်ရမည်ကို ခြသေ့ကြီးများကိုစောင့်ကြည့်ရင်း ၄င်းတို့နောက်မှလိုက်ပါရင်း သင်ယူကြသည်။ အကြီးကောင်များက ၄င်းတို့အား လမ်းညွှန်ကြပါသည်။ ၄င်းတို့အား အရွယ်နှင့်အတွေ့အကြုံတို့နှင့်မမျှအောင်အထိတော့ ခွင့်မပြုပါ။ မိဘများက စွန့်ပစ်ထားပြီဆိုလျှင် အထူးသဖြင့် မိခင်က စွန့်ထားပြီဆိုလျှင် သေစို့သေချာပါသည်။

ကျွန်ုပ်သည် ဆင်များကိုသဘောကျပါသည်။ National Geographic ရုပ်သံလိုင်းတွင်ပြသသည့် ပြကွက်တစ်ခုတွင် ဆင်နှင့်ပတ်သက်သည့် မှတ်တမ်းတင်စာတ်လမ်းတစ်ခုကို **မည်သည့်အခါမျှ** မေ့မျောက်မည်မဟုတ်ပါ။ (လက်ရှိတွင်လည်း မကြာခဏပြသပါသည်။) အရွယ်ရောက်စ ဆင်ထီးများကို **ဆင်အုပ်ထဲမှခွဲထုတ်ပြီး** ဆင်များမရှိသည့် တိရစ္ဆာန်ဥယျာဉ်ခြံကြီးတစ်နေရာသို့ ပို့ထားလိုက်ပါသည်။

ရက်သတ္တ အနည်းငယ်အတွင်းတွင် ၄င်းအရွယ်ရောက်စ ဆင်များသည် **အတာက်အတျနှမှုသည့် အပြုအမူများကို** ပြုမူလာကြပြီး ဆင်၏သဘာဝရန်သူများမဟုတ်ကြသည့် ရေမြင်းများကို **ရန်မူသတ်ဖြတ်လာသည်အထိ ဖြစ်လာသည်။** မှန်ပေါ်သည့်ဆင်များကို ထိန်းမနိုင်သိမ်းမရဖြစ်ခဲ့သည်။

တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက ၄င်းအရွယ်ရောက်စ **မြီးကောင်ပေါက်စ** ဆင်များကို သတ်ပစ်ရမည်လောဟုစိုးရိမ်လာရသည် အထိ ဖြစ်လာခဲ့ပါသည်။ ပို၍ဘေးအမြောအမြင်ရှိမှုက လွှမ်းမိုးခဲ့ပါသည်။ ၄င်းတို့က အရွယ်ရောက်ပြီး အသက်ကြီးသည့် အထီးများကို ခေါ်ယူလာပြီးထားရှိပါသည်။ အရွယ်ရောက်ပြီး ဆင်ထီးများက ပိုင်စိုးပိုင်နှင်း ပြသလာရာ၊ ဆိုးသွမ်းဆင်ငယ် များသည် အရွယ်ရောက်ပြီး ဆင်ထီးများရှေ့မောက်တွင် ငြိမ်လျက်ရှိနေကြပြီး ဆင်များက ရေမြင်းများအား သတ်ဖြတ်မှု မရှိကြောင်းကို လေ့လာသင်ယူခဲ့ကြသည်။ ဆိုးသွမ်းဆင်ငယ်များထံသို့ ရာစုနှစ်ချီသော ဆင်၏အတွေ့အကြုံများ ရောက်ရှိလာ သည့်အလျှောက် မုန်ယိုသည့်ဆင်များပင်လျှင် ငြိမ်ကျလာခဲ့ပါသည်။

ကျွန်ုပ်လက်ခံရရှိသည့် အကောင်းဆုံး အကြံအဉာဏ်များသည် စကားလုံးပုံသဏ္ဌာန်၊ ဆောင်ပုဒ်ပုံသဏ္ဌာန် ဖြင့်ဖြင့် ရရှိခဲ့ခြင်းမဟုတ်ပါ။ ကျွန်ုပ်၏မိဘများကို စောင့်ကြည့်ရာမှ ရရှိလာခဲ့ပါသည်။ ၄င်းတို့က ပြောဆိုဆုံးမပါသည်။ သတ်ကြီးသူများ၏ ပုံပြင်များနှင့် မျိုးဆက်အဆင့်ဆင့်ရှိ လက်ရွေးစဉ် မိသားစုအရ အမြော်အမြင်ရှိမှုများကို လက်ဆင့်ကမ်းပါသည်။ ဤသည်တို့ကို ကျွန်ုပ်က နှလုံးသွင်းခဲ့ရာ အကျိုးရှိစေခဲ့သည်မှာ သေချာပါသည်။ သူတို့၏ စံနမူနာပြမှုမှ ကျွန်ုပ်ရရှိခဲ့သည့် အကြံအဉာဏ်မှာ ၄င်းတို့က ၄င်းတို့၏ဘဝတွင် မည်သို့နေထိုင်သွားမည်ဆိုသည့် အချက်ပင်ဖြစ်သည်။ အလေးများသည် မိဘများပြောသည်ကို နားထောင်ချင်နားထောင်မည်။ နားမထောင်ချင်လျှင် နားမထောင်ပါ။ သို့သော်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ငှင်းတို့သည် ငှင်းတို့၏မိဘများက မည်သည်တို့ကို လုပ်ဆောင်နေသည်ဆိုသည်ကို စောင့်ကြည့်နေကြပါသည်။ အခြားသူကို ကူညီပါဆိုသည့် စကားမှာ အချိန်မရွေးအားလုံးနှင့်ဆိုင်သည့် အကြံအဉာဏ်ဖြစ်ပါသည်။ သူတို့၏မိဘများက လိုအပ်နေသူများအား ကူညီသည်ကို ကလေးများကမြင်ပါလျှင် ကလေးများသည် ဤသည်ကိုလေ့လာပြီး အမြဲတမ်း လိုက်နာကြမည်ဖြစ်သည်။ အကယ်၍ မိဘနှစ်ပါးသည် တစ်ဦးကိုတစ်ဦးချစ်ခင်ကြပြီး အိမ်တွင်မေတ္တာထားသော အခြေအနေကို ဖန်တီးပေးပါလျှင် ကလေးများက ထိုအခြေအနေ၏ တန်ဖိုးရှိမှုကို တွေ့မြင်ကြပြီး ငှင်းတို့ကြီးပြင်းလာသောအခါ အတုခိုးကြပါလိမ့်မည်။

ကျွန်ုပ်တို့သည် မည်သည့်နေရာမှ ရောက်လာကြသည်။ မိမိတို့သည် မည်သူမည်ဝါဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကောင်းစွာအသက်ရှင်ကြီးပြင်းကြမည်ဆိုပါလျှင် ကျွန်ုပ်တို့ မလုပ်နိုင်သည်မှာ မည်သည့်အရာများဖြစ်သည်ဆိုသည်တို့ကို မေ့ပျောက်နေလောက်သည်အထိ ဆွဲအနေကြပါသလား။ မျိုးနွယ်စုများသည် အရေးကြီးကြောင်း နားလည်သဘောပေါက်မှုကို ကျွန်ုပ်တို့အနေအဖြင့် စတင်၍ ပျောက်ဆုံးနေပါပြီလော။ စိုးရွံ့စွာပင် စတင်ပျောက်ဆုံးနေပြီဟုဖြေရပါမည်။

ကျွန်ုပ်တို့သည် ကိုယ့်ဘာသာကိုယ် နေထိုင်ကြသည်မဟုတ်ပါ။ နှစ်ပေါင်းထောင်ပေါင်းများစွာက အာဖရိကအပူပိုင်း မြက်ခင်းလွင်ပြင်တွင် လူသားဟူ၍ ထွန်းပေါ်လာသောအခါ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များသည် သီးခြားနေ၍ အသက်ရှင်ခဲ့ကြသည် မဟုတ်ပါ။ ငှင်းတို့သည် အုပ်စုလိုက်အသက်ရှင်ကြပြီး အုပ်စုလိုက် အလုပ်လုပ်ခဲ့ကြပါသည်။ ငှင်းတို့သည် အတူတကွသင်ယူကြီးထွားလာခဲ့ကြပြီး မိမိတို့၏ အရည်အချင်းများကို အုပ်စုအလိုက် မျိုးနွယ်စုအလိုက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်။ ထိုအချက်သည် ယခုအထိ မှန်ကန်နေဆဲပင်ဖြစ်သည်။

လူကြီးများက အားလုံးသော မျိုးဆက်သစ်များအတွက် အတွေ့အကြုံကို လက်လွှဲပေးရပါမည်။ မိမိတို့ပါဝင်သည့် အုပ်စုသည် မိမိတို့၏ မိသားစုဖြစ်သည်။ မိမိတို့အတွက် အမြဲရှိနေသည်ဆိုသည်ကို ကလေးများက သိဖို့လိုပါသည်။ ငှင်းတို့သည် မျိုးနွယ်စုတစ်ခုခုတွင် ပါဝင်ကြပါသည်။ ငှင်းတို့အား အကာအကွယ်ပေးမည့် လမ်းညွှန်မည့် မျိုးနွယ်စုဖြစ်သည်။ ငှင်းအချက်များကို ငှင်းတို့အားလုံး သိသင့်ပြီး ကျောင်းစနေသည့်အခါ မျိုးနွယ်စု၏ အကူအညီကို ယူသင့်ပါသည်။

ကလေးငယ်များက မိခင်၏အသံကို ကြားသိမှတ်မိသည့်အချိန်သည် ကလေးအတွက် ပညာသင်ကြားမှု စတင်သည့် အချိန်ပင်ဖြစ်သည်။ ကလေးများကို ပြုစုပျိုးထောင်ရန်နှင့် ပံ့စံသွင်းရန်လိုပါသည်။ ဘေးကင်းလုံခြုံမှုရှိရန်နှင့် ကြီးပြင်း၍ လေ့လာသင်ယူနိုင်ရန် နယ်ပယ်ဘောင်အသီးသီး ရှိဖို့လိုအပ်ပါသည်။ ဤသို့ကြီးပြင်းရာတွင် မိသားများနှင့် မိသားစုများက စောင့်ကြည့်နေရပါမည်။ တည့်မတ်ပေးရပါမည်။ ငှင်းတို့အပေါ် မေတ္တာထားရပါမည်။ သူတို့အားမည်သို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေလိုသည်ဆိုသည်ကို၊ မိသားစုအား အရှက်မခွဲရဆိုသည်ကို ငှင်းတို့၏ ဘဝအစဝိုင်းတွင်ပင် သွန်သင်ရပါမည်။ လူကြီးများအပေါ် အလေးဂရုပြုရမည်ကိုလည်း သွန်သင်ရပါမည်။

ကလေးတစ်ဦးသည် စကားကို ပုံမှန်မပြောတတ်ဘူး ဆိုလျှင် ငှင်းကို စာဖတ်ပြပါ။ ဂဏန်းရေတွက်နိုင်ကို သင်ပါ။ အရောင်အသွေး၊ အချိန်တို့ကိုသင်ပါ။ မည်သို့ပြုမူနေထိုင်ရမည်။ ရှူးဖိနပ်ကြိုးကို မည်သို့ချည်ရမည်၊ တင်းနစ်ကို မည်သို့ ကစားရမည်။ အခြားသူများနှင့်အတူ မည်သို့မျှဝေခံစား၍ အခြားသူများကို မည်သို့လေးစားရမည်ကို သင်ကြားပေးရမည်။

အမှားနှင့်အမှန်ကို ခွဲခြား၍ သိရမည်ဆိုသည်တို့ကို သင်ကြားပေးရပါမည်။ ငှင်းအနေဖြင့် ဒုတိယအဆင့် (ပထမတန်း) သို့ရောက်ချိန်တွင် သူများထက် မိုင်နှင့်ချီ၍ နောက်ကျ ကျန်ရစ်ကောင်း ကျန်ရစ်ပါလိမ့်မည်။ ငှင်းသည် အခြားသူနှင့် ဆက်ဆံရာတွင် ပြဿနာပေါ်ပေါက်ပါလိမ့်မည်။ ဤသည်မှာ ကျွန်ုပ်တို့၏ လူ့အဖိုက်အဝန်းတွင် အကျွမ်းတဝင် ကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။

သို့သော် ဤသည်ကို ပြုပြင်၍ရနိုင်ပါသည်။ စောစောဝိုင်း ကလေးဘဝအတွက် အစီအစဉ်များ၊ ကျောင်းပြီးချိန် နောက်ပိုင်းအစီအစဉ်များ စိတ်ကူးရှိသော ဆရာနည်းပြ၊ သင်ကြားပေးလိုသည့် အောင်မြင်သူများက ပါဝင်ဆောင်ရွက်မှုတို့ကြောင့် လူငယ်များအား မကောင်းသည့်အစုအဝေးသို့ မရောက်သွားအောင် ပြုလုပ်နိုင်ပါသည်။ ငှင်းလူများအနေဖြင့် မိမိတို့ရရှိအောင်မြင်မှုနှင့် မရရှိဘဲ မအောင်မြင်ဖြစ်မှုတို့အတွက် ငှင်းတို့တွင် တာဝန်ရှိကြောင်းကို ငှင်းတို့အား သွန်သင်ရပါမည်။ အတားအဆီးများကို ကျော်လွှားခြင်းသည် ဘဝ၏အစိတ်အပိုင်း တစ်ရပ်ဖြစ်ပါသည်။

ဤကိစ္စနှင့် ပတ်သက်၍ ရှုပ်ထွေးစရာ တစ်စုံတစ်ရာမရှိပါ။ ကျွန်ုပ်၏ အိမ်နှင့်တိုးချဲ့မိသားစုတွင် ကျွန်ုပ်ကြုံတွေ့ရသော စံနမူနာမရှိခဲ့ပါလျှင် ကျွန်ုပ်သည် ဘဝတွင် အောင်မြင်ခဲ့လိမ့်မည် မဟုတ်ပါ။ ငှင်းတို့က "ငှင်းတို့၏ အရောင်အဝါကို ငှင်းတို့၏ ရှေ့မှောက်တွင် ထွန်းလင်းစေခဲ့သည်ဖြစ်ရာ အားလုံးက ငှင်းတို့၏ ကောင်းသောလုပ်ရပ်ကို သိခဲ့ကြပါသည်။"

Denver ရှိ Arrupe Jesuit အထက်တန်းကျောင်းတစ်ကျောင်း အကြောင်းကို တစ်ခါက ရုပ်မြင်သံကြားတွင် ကြည့်ခဲ့ဖူးပါသည်။ ငှင်းကျောင်းက ဆင်းရဲသည့် မြို့တွင်းမိသားစုများကို အလုပ်အကျွေးပြုနေပါသည်။ ထိုနှစ်တွင် ငှင်းကျောင်းမှ အောင်မြင်ကြသူ (၇၁) ဦးစလုံး ကောလိပ်သို့ တက်ရောက်ကြပါသည်။ ဤကျောင်းမှ ခွဲခွာရမည့်သူ တစ်ဦးဖြစ်ပြီး ငှင်း၏ မိသားစုထဲမှ ပထမဆုံး အထက်တန်းကျောင်း အောင်မြင်သူဖြစ်သူ Jose အား ရုပ်မြင်သံကြားဌာနက လူတွေ့မေးမြန်းပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

"ဒီလို ဘယ်လို အောင်မြင်ခဲ့ပါသလဲ" ဟု မေးမြန်းသူက မေးပါသည်။

"ကျွန်းဖို့အတွက် ကျွန်တော် ဘယ်တုန်းကမျှ အခွင့်အလမ်းမပေါ်ခဲ့ပါဘူး" ဟု Jose က ရှင်းရှင်းပင် ဖြေပါသည်။ ၄င်းကဆက်လက်၍ "လူတွေက ကျွန်ုပ်ကို ရှေ့သို့တွန်းပို့ကြပါတယ်။ ကျွန်ုပ်လဲကျလျှင် ထူပေးကြပါတယ်။ သူတို့က ကျွန်ုပ်ကို ယုံကြပါတယ်။ သူတို့က ကျွန်တော့်အပေါ် ဒီလိုပြုမူကြပါလျှင်၊ ကျွန်ုပ်သမိုင်းကို ပြောင်းလဲစေခဲ့ပါတယ်" ဟု ပြောကြားပါသည်။ ဟုတ်ပါသည်။ သူက ပြောင်းလဲစေခဲ့ပါသည်။ ကောလိပ်ကျောင်းပြီးဆုံးလျှင် ၄င်းသည် အောင်မြင်မှုကို ရရှိပါလိမ့်မည်။ ကျွန်းရန်အခွင့်အလမ်းမပေါ်သော ၄င်း၏ခြေရာကို ဆက်ခံမည်ဖြစ်သော ကလေးများကို အချိန်တန်လျှင် မွေးဖွားပါလိမ့်မည်။

စစ်တပ်သည် လူမိုးနှယ်စု၊ လူအုပ်စုတစ်ခု မဟုတ်သလို မိသားစုတစ်ခုလည်း မဟုတ်ပါ။ သို့သော် စစ်တပ်သည် ၄င်းတို့နှင့် လုံးဝ ကွဲပြားခြားနားသည်လည်း မဟုတ်ပါ။ ၄င်းတို့အားလုံးက လူငယ်အဖွဲ့ဝင်များကို များစွာတူညီသည့် နည်းလမ်းဖြင့် အုပ်စုများအဖြစ် ပုံဖော်ကြသည်။ စစ်ဘက်အဖွဲ့အစည်းများသည် စစ်ဘက်မဟုတ်သော အဖွဲ့အစည်းများထက် ပို၍ စည်းကမ်းကြီးဖို့ လိုအပ်ပါသည်။ ၄င်းတွင်သင်က လူငယ်အရွယ်သမီးနှင့် အရွယ်သားများကို စစ်သားများဖြစ်လာအောင် အမိန့်၊ ပုံစံများချမှတ်၍ ပုံသွင်းခဲ့ပါသည်။ စစ်တပ်ထဲတွင် လူသစ်အရိုင်းကလေးများကို အမိန့်နှင့် ပုံစံတကျပုံသွင်းသူများမှာ တပ်ကြပ်ကြီးများဖြစ်ကြပါသည်။ ၄င်းတပ်ကြပ်ကြီးများမှာ တပ်ထဲတွင် သင်နေထိုင်ပြုမူရမည့် နည်းလမ်းတို့ကို လူသစ်များအား ပုံစံပြသင်ကြားပေးသည့် အတွေ့အကြုံရှိသည့် အသက်ကြီးသူများ ဖြစ်ကြပါသည်။

လူသစ်တစ်ဦးက ပထမဆုံး သင်ယူရမည့်အရာမှာ တန်းစီပြီးသတိဆွဲကာရပ်မှုပင်ဖြစ်သည်။ ၄င်းမှာ ထိုလူသစ်အား ပုံစံခွက်ထဲသို့ ထည့်ရာတွင် စွမ်းဆောင်ရည်ရှိသော နည်းလမ်း၊ ၄င်းလူသစ်များအား စွမ်းဆောင်ရည်ရှိစွာ လှုပ်ရှားစေနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ၄င်းအချက်က လူသစ်များအား ကိုယ်ဟန်အနေအထားလိုလည်း သင်ပေးပါသည်။ အကယ်၍ သင်တန်းဆရာ တပ်ကြပ်ကြီးက "ညာလှည့်" ဟု အမိန့်ပေးလျှင် ခြောက်ပက်သမား Joe ဆိုသူက ဘယ်ဘက်သို့လှည့်ပါသည်။ ၄င်း၏ တပ်ရင်းတစ်ခုလုံးသည် အိုးနင်းခွက်နင်း ပုံစံမျိုးဖြစ်ပါသည်။ ဤသည်မှာ သူ၏ အမှားပင်ဖြစ်သည်။ အမှားကို ချက်ချင်းပင် သိရှိပြီးသည်ဖြစ်ရာ ချက်ချင်းတွင်ပင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

လူသစ်များသည် ဆံပင်ပုံစံတူ ညှပ်ရပြီး၊ ပုံစံတူအဝတ်ကို ဝတ်ကြပါသည်။

သင်တန်းဆရာ တပ်ကြပ်ကြီးက၊ လူသစ်များအား လျှောလျှောပေါ့ပေါ့ မလုပ်ပါ။ မောပန်းသည်အထိ အလုပ်လုပ်စေပါသည်။ မေးခွန်းတိုင်းကို မေးရာတွင် ပြန်ဖြေရမည့်အချက် (၃) ခုကိုသာ ခွင့်ပြုပါသည်။ "ဟုတ်ကဲ့ ဆရာကြီး"၊ "မဟုတ်ပါ ဆရာကြီး"၊ "အကြောင်းပြစရာ မရှိပါ ဆရာကြီး" ဟူ၍ ဖြစ်ပါသည်။ "သင်ရဲ့ မျက်နှာမှာ အဝယ်နှကြိမ်ပဲ

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဓားရှတာဖြစ်ပါစေ၊ မုတ်ဆိတ်ရိတ်ဖို့ လိုတယ်" ပြောလျှင် "ဘာမှအကြောင်းပြစရာမရှိပါ ဆရာကြီး" ဟူသည့် ကိစ္စမျိုးဖြစ်ပါသည်။

သင်၏အိမ်ရှိ ၁၆ နှစ် အရွယ်ရှိသူများကို ဤကိစ္စမျိုးလို စမ်းသပ်ကြည့်ပါ။ ဤသို့ဖြင့် ရက်သတ္တပတ်လောက် ကြာပါသည်။ သင်တန်းသားများသည် သင်တန်းဆရာ တပ်ကြပ်ကြီးကို မကျေမချမ်းဖြစ်လာသည်။ ဟင့်အင်းဖြစ်လာသည်။ မုန်းတီးလာသည်။ ထို့နောက် စိတ်ဝင်စားစရာ စွဲလမ်းစရာတစ်ခုပေါ်လာသည်။

သင်တန်းသားများက လေ့လာမှုကို စတင်ကြပါပြီ။ အခြေခံ စစ်သင်တန်းပြီးဆုံးချိန် ရောက်လာသောအခါ ၄င်းတို့သည် ၄င်းတို့၏ သင်တန်းဆရာကို ခါတိုင်းလို ပြင်းပြင်းထန်ထန်မမုန်းကြပါ။ မုန်းကြမည့်အစား သင်တန်းဆရာကို နှစ်သိမ့်လိုကြသည်။ သင်တန်းဆင်းပြီးလျှင် သင်တန်းသားနှင့် ဆရာတို့ အချင်းချင်းတွေ့ကြတော့မည် မဟုတ်ပါ။ အချင်းချင်း ဘယ်တော့မျှ မမြင်ကြမည်မဟုတ်ပါ။ ကွယ်လွန်သူ ဆီနိတ်အမတ် Ted Kennedy အား ၄င်း၏ သင်တန်းဆရာ တပ်ကြပ်ကြီးကို မှတ်မိပါသလားဟု မေးခဲ့ပါသည်။ သူသည် အမှန်ပင် သင်တန်းဆရာကို မှတ်မိနေပါသည်။ ၄င်းက နာရီဝက်မျှ ၄င်းနှင့်ပတ်သက်သည့် ရယ်စရာရွှင်စရာဇာတ်လမ်းကို ကျွန်ုပ်အား ပြောပြခဲ့ပါသည်။

၁၉၈၉ ခုနှစ်၌ ကျွန်ုပ်အနေဖြင့် ကြည်းတပ်လက်နက်ကိုင်တပ်ခွဲများ၏ တပ်မှူးဖြစ်လာသောအခါ Texas ပြည်နယ်၊ Fort Bliss ကြည်းတပ်၏ လေကြောင်းကာကွယ်ရေး အမြောက်တပ်သင်တန်းကျောင်း၌ ပြုလုပ်သည့် လက်နက်စနစ်များ လေ့လာရေးခရီးတွင် ကျွန်ုပ် လိုက်ပါခဲ့ပါသည်။

Patriot ဒုံးကျည်စနစ်ပြကွက်၌ အသက် (၁၉) နှစ်ထက် မကြီးဟုယူဆသော စပိန်စကားပြောသည့် စစ်သား တစ်ဦးက ကျွန်ုပ်အားရှင်းပြရန် ထိန်းချုပ်ရေးစနစ်ထားရှိသည့် ကားတစ်စီးနံဘေးတွင် ရပ်စောင့်နေပါသည်။ ၄င်းက စောင်ပြမီ ကျွန်ုပ်တို့ ခဏမျှစကားပြောကြပါသည်။

သူသည် ဘယ်ကလာသည်ဆိုသည်ကို ကျွန်ုပ်က သိချင်လာပါသည်။ ၄င်း၏ ခပ်ပေါ့ပေါ့လေသံအရလည်း ၄င်းအတွက် သဲလွန်စကို မရရှိခဲ့ပါ။ သူသည် ကျွန်ုပ်လိုပင် နယူးယောက်မြို့မှ အထက်တန်းကျောင်းအောင်သူတစ်ဦး ဖြစ်ပါသည်။ နယူးယောက်လမ်းသားတစ်ဦးဖြစ်ပါသည်။ ၄င်းအနေဖြင့် တပ်ထဲသို့ရောက်နေသည်မှာ (၁၈)လမျှ ရှိပါပြီ။

၄င်းက ရှင်းလင်းတင်ပြရာတွင် ထိန်းချုပ်မှုစနစ်၏ အစိတ်အပိုင်းတိုင်းနှင့် လုပ်ငန်းဆောင်ရွက်ပုံတို့ကို အမှားအယွင်းမရှိ ရှင်းပြနိုင်ခဲ့ပါသည်။ ၄င်းအချက်များမှာ ရေဒါနှင့် ဒုံးကျည်တို့၏ ခရီးတာ၊ ပစ်ခတ်နိုင်သည့် ပစ်မှတ်အရေအတွက်၊ ကားထဲရှိ အီလက်ထရွန်နစ်တို့ ဖြစ်ကြပါသည်။ ရှင်းပြမှုသည် ဤနေရာအထိ ရောက်လာသောအခါ ကျွန်ုပ်သည် နည်းပညာရပ်ဆိုင်ရာ အသေးစိတ်ကိစ္စများကိုနားမလည်နိုင်ပါ။ သို့သော် ကျွန်ုပ်၏ မျက်နှာအမူအရာအား ကျွန်ုပ်က

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

လုံးဝနားလည်ကြောင်းကို ဖော်ပြရပါမည်။ သို့သော် ကျွန်ုပ်၏ အမှန်တကယ်နားမလည်ဘဲရှိမှုက နယူးယောက်မြို့ အင်ဂျင်နီယာကောလိပ်မှ ကျွန်ုပ် အာဏာကြောင့်ထွက်ခဲ့သည်ကို သတိဖော်ပေးပါသည်။

အဆိုပါ လမ်းသားက ငှင်းရွာပ်ထွေးသည့် သတင်းအချက်အလက်များကို လက်ချိုး၍ ရေတွက်နိုင်သည်အထိ မည်သို့မည်ပုံ တတ်သိခဲ့ပါသနည်း။ ကျွန်ုပ်က သိလိုခဲ့ပါသည်။ သူပြောပြနေသည်တို့ကို သူသည် အမှန်တကယ်ပင် နားလည်သဘောပေါက်ပါသလော။ သို့မဟုတ် ငှင်းသည် နှုတ်တိုက်ကျက်ထားပြီး ရွင်းပြနေပါသလော။ သူသည် ရွင်းပြနေသည့်အတိုင်းပင် ဆက်လက်၍ သွက်လက်မှုရှိပါသလားဟု သိရှိရန် သူ ရွင်းပြနေစဉ်အတွင်း ကျွန်ုပ်က ကြားဖြတ်၍ စကားဝင်ပြောပါသည်။ အမှားအယွင်းမရှိဘဲ ငှင်းသည် အမှန်ပင် တတ်သိထားပါသည်။

ဤကိစ္စက ကျွန်ုပ်အား တအံ့တသြဖြစ်စေပါ။ ဤကဲ့သို့သော မြင်ကွင်းများကို ကျွန်ုပ်သည် အကြိမ်ပေါင်းရာနှင့်ချီ၍ အကဲခတ်မိခဲ့ပြီးသားဖြစ်ပါသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ သိရှိလာမှုကို အတည်ပြုနိုင်ရန် ပတ်ပတ်လည်သို့ တစ်ချက်ကြည့်လိုက်မိပါသည်။ သေချာပါသည်။ ငှင်းဘင်ကား၏ ထောင့်ချိုးတစ်နေရာတွင် GI ပြောသည်ကို ကြားနိုင်လောက်သည့်နေရာ၌ တပ်ကြပ်ကြီးတစ်ဦးရှိနေပါသည်။ အဆိုပါ စစ်သားက ဆက်လက်ရွင်းပြနေရာ တပ်ကြပ်ကြီးပါးစပ်က လိုက်၍ ရေရွတ်နေပါသည်။ ကျွန်ုပ် ကြားဖြတ်မေးလိုက်စဉ်တွင် တပ်ကြပ်ကြီးသည် မှင်တက်မိသလိုဖြစ်လာသည်။ ရွင်းပြသည့်စစ်သားက သူ့ဘာသာသူ မွေးခွန်းများကို ဖြေဆိုပါသည်။ ငှင်းစစ်သားက ကျွန်ုပ်မေးခွန်းများကို ပိုင်နိုင်စွာ ဖြေရွင်းလိုက်သည့်အခါ တပ်ကြပ်ကြီးမှာ သက်သာရာရသွားပါသည်။

အဆိုပါ တပ်ကြပ်ကြီးမှာ စစ်သား၏တပ်ကြပ်ကြီးဖြစ်ပါသည်။ ငှင်း၏အကြီးအကဲ သူ့အားသင်တန်းပေးသူ၊ လေ့ကျင့်ပေးသူ၊ စမ်းသပ်ခဲ့သူ၊ သူ့ကို အကောင်းဆုံးမျှော်လင့်ထားသူဖြစ်ပါသည်။ ထိုတပ်ကြပ်ကြီးသည် နယူးယောက်လမ်းသားလူငယ်ကို ငှင်းနေရာတွင်ရပ်တည်ရန် ယုံကြည်မှုရှိစေဖို့ သွတ်သွင်းပေးခဲ့သူ ငှင်းအား ကြွယ်လေးပွင့်ရှိ ဗိုလ်ချုပ်ကြီး၊ အခြားသော အကြီးတန်းအရာရှိတစ်ဖွဲ့လုံးနှင့် ထိတွေ့ပေးခဲ့သူဖြစ်သည်။ အဆိုပါ စစ်သားတွင် ငှင်းအပေါ်ယုံကြည်သူတစ်ဦး ရှိနေပါသည်။ အဆိုပါစစ်သားက ငှင်းပုဂ္ဂိုလ်အား ကျရှုံးစေမည်မဟုတ်ပါပေ။

ရွင်းလင်းမှုပြုပြီးသည့်အခါ ကျွန်ုပ်က ငှင်းလူငယ်ကို ချီးကျူးစကားပြောပါသည်။ ဆုတောင်းပေးပါသည်။ ထို့နောက် နောက်ထပ်ပြက္ခဒိန်တစ်ခုသို့ ဆက်၍သွားပါသည်။ ကျွန်ုပ်သည် တပ်ထဲတွင်သွားလာနေသည်မှာ ကြာပြီဖြစ်ပါသည်။ ငှင်း ဗင်ကားမှ (၂၅)ပေခန့်ကွာမည့်နေရာသို့ ရောက်သည့်အခါ ကျွန်ုပ်သည် ပခုံးပေါ်မှနေ၍ တစ်ချက်ကြည့်လိုက်ရာ တပ်ကြပ်ကြီးက ငှင်းစစ်သားအား လက်ကိုဆွဲခြောက်၍ ကျွန်လက်တစ်ဖက်ဖြင့် လက်ဝါးချင်းရိုက်၍ ချီးကျူးနေပြီး ငှင်း၏အဖော်များကလည်း အော်ဟစ်ချီးကျူးနေကြသည်ကို တွေ့ရပါသည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

နောက်လိုက်ငယ်သားတိုင်းသည် မိမိတို့အနေဖြင့် အသင်းတစ်သင်းတွင်၊ မျိုးနွယ်စုတစ်ခုတွင်၊ အဖွဲ့တစ်ဖွဲ့တွင် ပါဝင်နေကြသည်ဟု ခံစားမိကြရန် လိုအပ်ပါသည်။ ခေါင်းဆောင်လုပ်သူများသည် ခေါင်းဆောင်များဖြစ်ကြပါသည်။ အကြောင်းမှာ မိမိတို့ထံတွင် စုပုံလာသည့် မျိုးဆက်ပေါင်းများစွာက အတွေ့အကြုံများကို လက်ဆင့်ကမ်းခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ၄င်းတို့က အဖွဲ့အား ရည်ရွယ်ချက်ကိုပေးပါသည်။ **ပုံစံကိုပေးပါသည်။ စံချိန်မီအောင် ထိန်းထားပါသည်။** အဖွဲ့အား ပြုစုရှုမျိုးထောင်ပါသည်။

■

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com

အခန်း-၁၃ အမှားအယွင်းတွေ့လျှင် ထားခဲ့ပြီး ထွက်မသွားပါနှင့်

အထက်ပါ အချက်မှာ စစ်ဘက်ခေါင်းဆောင်ငယ်များခေါင်းထဲသို့ ပထမ ဆုံးရိုက်သွင်းသည့် သင်ခန်းစာများအနက် တစ်ခုဖြစ်ပါသည်။

ငှင်းအချက်ကို အခြားနည်းဖြင့်ဆိုရလျှင် အမှားကို ချက်ချင်းလက်ငင်းပြင် ဆင်ရမည်ဟူ၍ ဖြစ်ပါသည်။ ဤအချက်က ရည်ရွယ်ချက်အမျိုးမျိုးအတွက် အလုပ် အကျွေးပြုပါသည်။ ပထမအချက်မှာ အမှားတစ်ရပ်ကို အမှန်ဖြစ်အောင် ပြင်ဆင်မှုက အဖွဲ့အစည်းတစ်ရပ်အပေါ် အာရုံစိုက်မှုနှင့် ငှင်းအဖွဲ့အစည်း၏ စံနှုန်းများကို အားဖြည့် ပေးပါသည်။ ဤသို့ဖြင့် ငယ်ရွယ်သူ ဗိုလ်တစ်ဦးက မိမိဖြတ်သွားစဉ် အလေးပြုရန် ပျက်ကွက်သောစစ်သားတစ်ဦးကို အမှန်ဖြစ်အောင် အမြဲပင်ပြုမူပါလိမ့်မည်။ တံဆိပ်ကို နေရာလွဲမှားပြီးတပ်ထားသောတပ်ဖွဲ့ဝင်တစ်ဦးကိုလည်း ထိုသို့ပင်ပြုမူပါလိမ့်မည်။ သေး ငယ်သောအမှားများ မျက်စိလျှမ်းနေမှုများကို သည်းခံခြင်းဖြင့် ပို၍ကြီးပြီး နောက်ဆုံးတွင် ကပ်ဘေးဆိုက်စေမည့် အမှားများကို သည်းခံသည့်ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေး ပါသည်။

ဒုတိယအချက်မှာ စံချိန်များကို မပြည့်မီဘဲဖြစ်လာသောအခါ မျှော်မှန်းချက်ရှိ သော ခေါင်းဆောင်များအနေဖြင့် ပြောဆိုမည့် (ပြောရဲသည့်) ကိုယ်ကျင့်တရားဆိုင်ရာ သတ္တိ (ဗျတ္တိ)ကို ရှိလာစေပါသည်။

ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လိုသဖြင့် သို့မဟုတ် အသေးအဖွဲအဖြစ် သဘော ထားလိုသဖြင့် ပြဿနာကို အခြားအရာဖြစ်သည်ဟု မမြင်ပါနှင့်၊ ပြဿနာကိုမမြင်ပါဟု ဟန်မဆောင်ပါနှင့်။

တတိယအချက်မှာ ငှင်းအချက်က သင့်အနေဖြင့် နောက်လိုက်ငယ်သားများ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

တပ်ဖွဲ့နှင့် ၄င်း၏လုပ်ငန်းတာဝန်များကို ဂရုစိုက်ကြောင်းကိုပြသပါသည်။ ခေါင်းဆောင်က အမှားတစ်ခုကိုပြုမူမိပြီး ရှောင်ထွက်သွားသည်ဟု အကယ်၍ ငယ်သားများက သိကြသောအခါ ၄င်းတို့က ခေါင်းဆောင်အပေါ် ယုံကြည်မှုကင်းမဲ့လာပြီး ရိုသေမှု လျော့ပါးလာပါသည်။

စတုတ္ထအချက်မှာ သင်သည် သင်၏လက်အောက်ခေါင်းဆောင်များအား သင်ပြုသလို ပြုမူဖို့ နမူနာပြခြင်းပင် ဖြစ်သည်။ အဆင့်မြင့်စံနှုန်းများနှင့် အပြန်အလှန် လေးစားမှုတို့သည် အဖွဲ့အစည်းတစ်ခုတွင် အထက်နှင့်အောက် အပြန်အလှန် သွားနေပါမည်။

ပဉ္စမအချက်မှာ ၄င်းအချက်က အမှားများနှင့် ချို့ယွင်းချက်စီးမှုများကို အခြားအဆင့်သို့မရောက်အောင် ထိန်းထားမှုပင်ဖြစ်သည်။ ၄င်းကိစ္စကို ဂရုစိုက်ပါ။ ၄င်းကိစ္စသည် အခြားသူများ၏ တာဝန်ပင်ဖြစ်ပါစေ၊ ၄င်းကိစ္စကို ဂရုစိုက်ပါ။

အချက်အလက်စုံရရှိရန် ဂရုစိုက်မှုနှင့် ချက်ချင်းပြုပြင်ရန်အတွက် ရွေးသလိုပေါသလို မိုက်မဲစွာဆောင်ရွက်သည် အထိဖြစ်ရန်မလိုပါ။ ညစ်ပေမောပန်းလျက် ကွင်းထဲမှပြန်လာခါစ တပ်ဖွဲ့ဝင်များကို ညစ်ပေသည်၊ လျော့ရဲသည်ဟူသော အကြောင်းပြချက်ဖြင့် အပြစ်ရှိသည်ဟု အရေးမယူသင့်ပါ။ သာမန်အသိစိတ်က လွှမ်းမိုးသင့်ပါသည်။

ခိုင်မာ၍ မျှတသောနည်းလမ်းအရ ဆောင်ရွက်သော ရှင်းလင်းချက်ပါသည့် အမှားပြုပြင်မှုများကို ကြိုဆိုကြသည်ကို ကျွန်ုပ်တွေ့ရှိလာခဲ့ပါသည်။ မခံချင်မှုဖြစ်ကြပါ။ တွေ့ရဆုံရမှုအား အပြန်အလှန် အပြုသဘောရှိသော လေ့လာမှုအတွေ့အကြုံအဖြစ်သို့ ပြောင်းလဲပစ်ရန် အမြဲတမ်းကြိုးစားပါ။

ဤအမှန်တရားများကို အတန်းကျောင်းမှ ကျောင်းဆရာကောင်းတိုင်းက သိကြပါသည်။ နည်းပြကောင်းတိုင်း၊ တယောသင်ဆရာကောင်းတိုင်း၊ မိဘကောင်းတိုင်း၊ ဆောက်လုပ်ရေးအလုပ်ကြီးကြပ်သူတိုင်း သိကြပါသည်။ နက်နဲစွာ အခြေစိုက်လာသည့် အလေ့အကျင့်တစ်ခုဖြစ်လာသော အမှားအယွင်းများ၊ လွဲမှားချက်များသည် ဆရာများ၊ နည်းပြများ၊ အလုပ်ကြပ်များနှင့် မိဘများအား အခက်အခဲဖြစ်စေပါသည်။ သင့်အနေဖြင့် ၄င်းလွဲမှားချက်များကို စောစီးစွာ ဖော်ထုတ်ပြီး ပြုပြင်မှုများ၊ ကျွမ်းကျင်မှုများနှင့် အပြုအမူများကို မှန်ကန်စွာ လေ့ကျင့်ပေးရပါမည်။ သေးငယ်သော အမှားများ သို့မဟုတ် ချို့ယွင်းချက်များကို ချက်ချင်းပြင်ဆင်ရန်သတ္တိမရှိသော ခေါင်းဆောင်များကို ကြီးမားသည့် အရာကိစ္စများကို လုပ်ကိုင်စေရန် ထည့်တွက်၍မရနိုင်ပါ။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

အခန်း-၁၄ စစ်မြေပြင်မှာရှိသည့် လူများက မှန်သည် ဝန်ထမ်းအဖွဲ့သည် မှားပါသည်

တပ်ဖွဲ့တစ်ခုကို ဦးစီးဆောင်ရွက်ရာ၌ ကျွန်ုပ်အနေဖြင့် စစ်မြေပြင်တွင်ရှိ သောသူများဘက်မှပါကြောင်းကို စောစီးစွာကပင် ကြေညာခဲ့ပါသည်။ ၄င်းတို့၏ စကားများကို အခြေခံအမှန်တရားအဖြစ် ကျွန်ုပ်က မှတ်ယူပါသည်။ ကျွန်ုပ်အား အခြားနည်းကို အကျိုးအကြောင်းပြ၍ ရှင်းပြလာသည့်အချိန်မတိုင်မီအထိ ကျွန်ုပ်၏ ရုံးအဖွဲ့သည် မှားယွင်းရမည်ဖြစ်ပါသည်။ ဤသည်က ကျွန်ုပ်၏ရုံးအဖွဲ့အား မယော်ရွှင်စေပါ။ သို့သော် ထိုအချက်သည် ကောင်းပါသည်။

စစ်မြေတွင်ရှိသူများဘက်မှပါသည့် ကျွန်ုပ်၏ဘက်လိုက်မှုသည် အကျိုးအကြောင်း ဆီလျော်မှုမရှိ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်အတွက် ၄င်းအချက်က အလုပ်ဖြစ်သည်မှာ ဤသို့ဖြစ်ပါသည်။

ပထမအချက်မှာ ထိုကိစ္စက ကျွန်ုပ်တို့၏ ဖောက်သည်များ (ဆက်ဆံရသူများ)မှာ ရှေ့တန်းရှိ ခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်များဖြစ်ကြသည်ဆိုသည်ကို ရုံးအဖွဲ့အား သိစေခဲ့ပါသည်။ ကျွန်ုပ်၏ရုံးအဖွဲ့သည် ကျွန်ုပ်အတွက် အလုပ်လုပ်နေခြင်းမဟုတ်ပါ။ ရှေ့တန်းရှိတပ်ဖွဲ့ဝင်များအတွက် အလုပ်လုပ်နေခြင်းဖြစ်ပါသည်။ ပြဿနာကို ဖြေရှင်းမှုတွင် အပေါ်နှင့်အောက်သို့ အတက်အဆင်းရှိပါသည်။ စစ်မြေပြင်ရှေ့တန်းတွင် မယော်ရွှင်လျှင် ကျွန်ုပ်အား ယော်ရွှင်စေရန် သူတို့က မလုပ်နိုင်ဆိုသည်ကို ရုံးအဖွဲ့က သဘောပေါက်ကြပါသည်။

ကျွန်ုပ်လက်အောက်ရှိ တပ်မှူးတစ်ဦးက ကျွန်ုပ်၏ဝန်ထမ်းများနှင့်လုပ်နေး အဆင်မပြေပုံကို တင်ပြလာရာ ၄င်းအနေဖြင့် သူကမှန်သည်ဟု ကျွန်ုပ်က လုံးဝယုံကြည်လျက် ဆောင်ရွက်ပေးမည်ကို သူကသိပါသည်။ အကယ်၍ ၄င်းတပ်မှူးကမှားပြီး

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ရုံးအဖွဲ့က မှန်သည်ဆိုပါလျှင် ၄င်းအနေဖြင့် Jesus ထံသို့ လာရမည်ဆိုသည်ကို ၄င်းကသိသင့်ပါသည်။ ဤသို့သော အပြုအမူများက ၄င်းအား ကျွန်ုပ်နှင့် အစေးကပ်စေမည် မဟုတ်ပါ။

ရက်သတ္တအနည်းငယ်ကြာသောအခါ ကျွန်ုပ်၏ဝန်ထမ်းအဖွဲ့ဝင်အားလုံးသည် သဘောပေါက်လာကြသည်။ "ကျွန်ုပ်တို့ဟာ အတူတူရှိကြတယ်" ဟု ၄င်းတို့က စစ်မြေပြင်မှ ပုဂ္ဂိုလ်များကိုဖြောင့်ပါလိမ့်မည်။

"နောက်တစ်ကြိမ်တွင် တပ်မှူးကို သင်တို့ကမပြောပြခင်မှာ သင်တို့ကိုနှိုးကို အတူတူဆောင်ရွက်ကြရအောင်။ စကားမစပ် သင်တို့ရဲ့ လစဉ်အစီရင်ခံစာက ကမောက်ကမပါပဲ၊ နောက်ကျမှရောက်လာတယ်။ နောက်လမရောက်ခင် ပြန်ပြင်ဖို့ ကျွန်ုပ်တို့က ဘယ်လိုကူညီရမလဲ၊ ကျွန်ုပ်တို့အနေနဲ့ တစ်ဦးနဲ့တစ်ဦး အကာအကွယ်ပေးဖို့လိုတယ်" ဟု ရုံးအဖွဲ့ဝင် ရှေ့တန်းမှပုဂ္ဂိုလ်များကို ဆိုလာပါသည်။

ကျွန်ုပ်၏ရက်လကြာရှည်သည့် အတွေ့အကြုံအရဆိုလျှင် ရှေ့တန်းသမားများသည် ၇၀ ရာခိုင်နှုန်းသော ကိစ္စရပ်များတွင် မှန်ကန်ပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၁၅ အမျိုးအစားအားလုံးရပါသည်

အမှတ်(၁၀၁) လေကြောင်းချီတပ်မ၏ တပ်မဟာ (၂)ကို ဦးစီးရသောအချိန်က အခြေခံအားဖြင့် ပင်ကိုစရိုက်အရ ကွဲပြားခြားနားသည့် အစွမ်းအစရှိသော တပ်မှူးများကို တွေ့ရပါသည်။ ၄င်းတို့အနက် တစ်ဦးကို တောင်ကုန်းအား တက်သိမ်းရန် ပြောကြားခဲ့ရာ တက်သိမ်းခဲ့ပါသည်။ နောက်တစ်ဦးအား ထိုသို့သိမ်းရန်ပြောရာ ၄င်းက ချက်ချင်းပင် မေးခွန်းများကို ပြန်မေးပါသည်။

"ဘယ်တော့လဲ၊ ဘယ်နည်းနဲ့လဲ၊ အခြားမည်သည့်အထောက်အကူများကို သင်ကပေးနိုင်ပါသလဲ။ စစ်ပစ္စည်းများအနေဖြင့် ကျွန်ုပ်သည် ဦးစားပေးမှုခံရပါသလား။ ထိုသို့ဆိုလျှင် ကျွန်ုပ် ဘာကိုဆောင်ရွက်ရမလဲ" စသည့်မေးခွန်းများ ဖြစ်ပါသည်။

တပ်မှူးနှစ်ဦးစလုံးသည် တောင်ကုန်းကိုတက်သိမ်းပြီး လုပ်ငန်းတာဝန်ကို ပြီးစီးစေကြမည်သာဖြစ်သည်။ ၄င်းနှစ်ဦးတွင် မည်သူကပိုကောင်း၍ ပိုတော်သည့် တပ်မှူးဖြစ်ပါသနည်း။

လုပ်နိုင်သည်ဆိုသည့် တပ်မှူးသည် စိတ်လှုပ်ရှားဖွယ်ရာဖြစ်ပြီး ခိုးမှမိုးဖွယ်ရာ ဖြစ်ပါသည်။ သို့သော် သူသည် အခြေခံမေးခွန်းများကို မမေးဘဲ တစ်ခါတစ်ရံ ဆောင်ရွက်တတ်ပါသည်။ ၄င်းအနေဖြင့် အမြန်ဒုက္ခရောက်နိုင်ပါသည်။ ၄င်းက ကျွန်ုပ်၏ လမ်းညွှန်ချက်များအားလုံးနှင့် စစ်မြေပြင် ပို၍ကျယ်ပြန့်သည့်ပုံရိပ်လွှာတို့ကို မဆုပ်ကိုင်မိပါ။

နောက်တစ်ဦးဖြစ်သော တပ်မှူးက နားပူနားဆာဖြစ်သော မေးခွန်းများဖြင့် ကျွန်ုပ်ကို စိတ်အနောင့်အယှက်ဖြစ်စေနိုင်ပါသည်။ သို့သော် သူသည် ပို၍လေ့ကျင့်လိမ္မာသော အစီအစဉ်နှင့် ပို၍သတိထား အကောင်အထည်ဖော်မှုတို့ကို ပြုလုပ်ခဲ့ပါသည်။

bookhouse

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏အလုပ်မှာ နှစ်ဦးလုံးထံမှ အကောင်းဆုံးတို့ကိုရယူရန်ဖြစ်ပြီး ၎င်းတို့၏ အားသာချက်နှင့် ချို့ယွင်းချက်များကို ရှာဖွေကာ ဖြည့်စွက်ပေးရန်ဖြစ်သည်။ ကျွန်ုပ်က လုပ်နိုင်ပါသည်ဆိုသော တပ်မှူးအား ၎င်းမမေးသည့် မေးခွန်းများ၏ အဖြေကို ၎င်းသိကြောင်း သေချာစေရန် ၎င်းအား ကျွန်ုပ်က မေးခွန်းများကိုမေးပါသည်။ ၎င်း၏မာန်ပါသည့် စိတ်ဖြန့်မှုနှင့် လုပ်နိုင်ပါသည်ဆိုသည့် သဘောထားကို စောင့်ကြည့်မှတ်သား၍ ထိန်းချုပ်ရန်လိုပါသည်။ ကျွန်ုပ်သည် နားပူနားဆာ လုပ်သူများကို စိတ်မရှည်နိုင်ဘဲရှိခဲ့ပါလိမ့်မည်။ ၎င်းနှင့် စကားဖြတ်ပြီး အလုပ်လုပ်စေပါသည်။

သင်သည် လက်တွဲညီသည့် လက်အောက်ငယ်သားတစ်ဖွဲ့ကို ရရှိရန်ခဲယဉ်းပါလိမ့်မည်။ အဆိုပါငယ်သားများမှာ ပုံတူအမျိုးပွားထားသူများ မဟုတ်ကြပါ။ ပုံတူအမျိုးမျိုးထားသူများ၀င်လျှင် ထပ်တူဖြစ်ကြသည်မဟုတ်ပါ။ ကျွန်ုပ်က ဘာလုပ်ချင်သည်ကိုသိပြီး ကျွန်ုပ်နှင့် သဟဇာတဖြစ်သည်ဆိုပါလျှင် ၎င်းတို့၏ ထွဲပြားခြားနားမှုကို ကျွန်ုပ်က စိမ်ခန့်ခွဲပေးနိုင်သည်သာဖြစ်ပါသည်။ ကျွန်ုပ်၏ပင်ကိုစွမ်းရည် အတွေ့အကြုံ၊ သည်းခံမှု၊ ချော်လင့်ချက်များဘောင်အတွင်းနေ၍ မည်သို့သော လက်အောက်ငယ်သားအတွဲများနှင့်မဆို ကျွန်ုပ် အလုပ်လုပ်နိုင်ပါသည်။

မကြာခဏဆိုသလို လက်အောက်ငယ်သားတစ်ဦးသည် ကျွန်ုပ်နှင့် သဟဇာတမဖြစ်သည်ကိုတွေ့ပြီး ကျွန်ုပ်က သူ့အား အနားပေးခဲ့ရသည်များရှိခဲ့ပါသည်။ ဤသည်မှာ လွယ်ကူလှသည်ကား မဟုတ်ပါ။ ငယ်သားတစ်ဦးက အလုပ်မှ အနားပေးရလောက်အောင် တိတိကျကျ မှားယွင်းမှုကိုမပြုသော ကိစ္စရပ်မျိုးတွင် အထူးသဖြင့် ခက်ခဲနိုင်ပါသည်။

အမှတ်(၁၀) လေကြောင်းချီတပ်မတွင် တာဝန်ထမ်းဆောင်စဉ်က တိတိကျကျ မော်ပြန်ခက်ခဲသော အကြောင်းပြချက်ဖြင့် တပ်မှူးတစ်ဦးကို ကျွန်ုပ်က အနားပေးခဲ့ရပါသည်။ ၎င်းသည် ယခုအထိ အလုပ်တွင်အောင်မြင်ခဲ့ပါသည်။ သူ့အား အနားပေးရအောင်လည်း သူက တိတိကျကျ မှားယွင်းသည့်အလုပ်ကို တစ်စုံတစ်ရာမလုပ်ခဲ့ပါ။ သို့သော် သူသည် ကျွန်ုပ်၏အလုပ်တွင်ရှိနေသည်။ သူသည် ကျွန်ုပ်၏နယ်ပယ်တွင်ရှိနေသည်ဟု ကျွန်ုပ်မခံစားရပါ။ ၎င်းသည် အလုပ်ပိုင်နိုင်မှု ရှိသည်ဟု မြင်ရစေရန် ၎င်းက ကောင်းကောင်းလုပ်ဆောင်ပါသည်။ သို့သော် ဤမျှနှင့်မလုံလောက်ပါ။ သူသည် ကျွန်ုပ် ကျေနပ်သည်အထိဖြစ်မလာပါ။ ကျွန်ုပ်၏ညွှန်ကြားချက်များကို ၎င်းက ဆောင်ရွက်ပါသည်။ သို့သော် ဆိုရလျှင်သာဖြစ်ပြီး စိတ်ပါလက်ပါမရှိ၊ ပြင်းပြမှုမရှိ ဆောင်ရွက်ပါသည်။ ၎င်းက တင်ပြချက်များကိုဆိုရလျှင် စိတ်အားထက်သန်မှုနှင့်ဆိုရလျှင် စိုက်လိုက်မတ်တတ်ဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ပါသည်။ သူ၏တပ်ဖွဲ့ကလည်း အလားတူပင် စံပြလုပ်ဆောင်ပါသည်။ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏နောက်ဘက်တွင် အလေးတစ်ခုကို ခွဲထားနေမိပါသည်။

၎င်း၏ ပင်ကိုအရည်အချင်းက ၎င်းအား မန်နေဂျာကောင်းတစ်ဦးဖြစ်စေခဲ့ပါသည်။ သို့သော် မန်နေဂျာနှင့်မတူသည့် ခေါင်းဆောင်တစ်ဦးအဖြစ်ကား မဖြစ်စေခဲ့ပါ။ ဤသည်ကို လူတိုင်းက မြင်နိုင်ပါသည်။ ကျွန်ုပ်က သူ့အား

www.burmeseclassic.com

www.burmeseclassic.com

လွတ်ထားလိုက်ရပါသည်။ ဤသည်မှာ ခက်ခဲပါသည်။ သို့သော် ကျွန်ုပ်က ဒလိမ့်ခေါက်ကွေးကျဆင်းစေသည့်နည်း သို့မဟုတ် တစ်ချက်လွတ်အမိန့်ဖြင့် ဆောင်ရွက်သည့်နည်းကို မသုံးပါ။ သူနှင့်ဆွေးနွေးခြင်းဖြင့် ကြိုးပမ်းပါသည်။ ၄င်းသည် အထောက်အကူမဖြစ်လာပါ။ ကျွန်ုပ်က စိုးရိမ်မှုနှင့် ကျေနပ်မှုမရှိကြောင်းကို ၄င်းက ကျွန်ုပ်ထံမှ တိုက်ရိုက်သိရပါသည်။

သူ့အား အနားပေးရမည်ဖြစ်ကြောင်းကို ၄င်းအား ကျွန်ုပ်ကပြောကြားစဉ်က ၄င်းအနေဖြင့် အခြားသော အရည်အချင်းဖြင့် ဆောင်ရွက်သည့် နောက်ထပ်အလုပ်တစ်ခုတွင် အောင်မြင်နိုင်သည်ဟု ကျွန်ုပ်သိကြောင်းကို ရှင်းလင်းအောင်သိစေခဲ့ပါသည်။ သူသည် ဝမ်းနည်းပက်လက်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် တပ်ဖွဲ့၏လိုအပ်ချက်ကို ဦးစားပေးခဲ့ရပါသည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကူးပြောင်းတာဝန်ယူစဉ်က ကျွန်ုပ်၏ ငယ်သူငယ်ချင်းတစ်ဦးကို မိန့်ခွန်းရေးသူအဖြစ် လူသစ်ခေါ်ခဲ့ပါသည်။ ၄င်းသည် ကျွန်ုပ်တွေ့ဖူးသမျှတွင် အကောင်းဆုံးမိန့်ခွန်းရေးသူများထဲက တစ်ဦးဖြစ်ပါသည်။ ၄င်းသည် အလွန်မြင့်သည့် အစိုးရရာထူးများတွင်လည်း လုပ်ခဲ့ဖူးပါသည်။ ကျွန်ုပ်သည် ယခင်က သူနှင့်အတူတူ အလုပ်လုပ်ဖူးပြီး သူ၏လုပ်ဟန်ကိုင်ဟန်ကိုလည်း သိရှိခဲ့ပါသည်။ ၄င်းအား ကောင်းကောင်းရွေးနိုင်သည့် အင်္ဂါရုပ်များ ရှိပါသည်။

အချိန်များစွာ မကြာလှပါ။ ၄င်းသည် ကျွန်ုပ်၏ အတွေးအခေါ်များနှင့် စကားလုံးများကို (ပြောစကားများကို) မြင့်တင်ပေးရန် အားထုတ်ရမည့်အစား ၄င်း၏ အတွေးအခေါ်များကို ကျွန်ုပ်၏စကားလုံးများအဖြစ် ရိုက်သွင်းရန် ကြိုးပမ်းနေပါသည်။ ညနေခင်းတစ်ခုတွင် သူနှင့်ကျွန်ုပ်တို့သည် ပွင့်ပွင့်လင်းလင်း ပြောဆိုကြပါသည်။ သူသည် နောက်ဌာနတစ်ခုတွင် တိတ်တိတ်ကလေး သွားရောက်လုပ်ကိုင်ပါသည်။ ကောင်းကျိုးဖြစ်ပါစေကြောင်းကို ကျွန်ုပ်က သူ့အတွက် ဆုတောင်းပေးပါသည်။ ကိုယ့်ကိစ္စကို ကိုယ်ကလုပ်ဆောင်ခြင်းပင် ဖြစ်ပါသည်။

လက်အောက်ငယ်သားထံမှ မည်သည့်အရာကို ကျွန်ုပ်က ရှာဖွေပါသနည်း၊ တွေ့လိုပါသနည်း။ ခါတိုင်းလို အရည်အချင်းများကို တွေ့လိုပါသည်။ ၄င်းတို့မှာ ကျွမ်းကျင်ပိုင်နိုင်မှု၊ ဉာဏ်ပညာထက်မြက်မှု၊ အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရား၊ ကာယသတ္တိ၊ စာနာမှုရှိသည့် တည်ကြည်ခိုင်မာမှု၊ နှီးဆော်နိုင်သည့် အရည်အချင်းနှင့် သစ္စာရှိမှုတို့ဖြစ်ကြသည်။ ထို့အပြင် ကျွန်ုပ်အား စောဒကတက်၍ ပြောဆိုမည့် ငယ်သား၊ ကျွန်ုပ်ဆုံးဖြတ်ချက်များကို သူ၏ပင်ကိုဆုံးဖြတ်ချက်ကဲ့သို့ လုံးဝဖြစ်သော သစ္စာရှိမှုဖြင့် ဆောင်ရွက်မည့် ငယ်သားမျိုးကို လိုချင်ပါသည်။ အတိတ်မှလုပ်ဖန်းဆောင်ရွက်ချက်များကို သေချာစွာ စိစစ်ပါသည်။ သို့သော် အနာဂတ်တွင် ဖြစ်နိုင်စွမ်းကိုလည်း သိရှိရန် ကျွန်ုပ်ကြိုးပမ်းပါ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

သည်။ ကြီးတင်၍ တွေးခေါ်တတ်သည့် အရည်အချင်းရှိသည့် တီထွင်ဖန်တီးမှုရှိသောသူများကို လိုချင်ပါသည်။ ပြဿနာကို ကျွန်ုပ်မသိမီသိသော ပုဂ္ဂိုလ်၊ ၎င်းပြဿနာရှိသည်ဟု ကျွန်ုပ်မသိမီတွင်ပင် တစ်စုံတစ်ရာ ကိုင်တွယ်ဆောင်ရွက်သော ပုဂ္ဂိုလ်ကို ကျွန်ုပ် မြတ်နိုးတန်ဖိုးထားပါသည်။

အခြားသူများမသိမီ အခွင့်အလမ်းကိုမြင်၍ အရွဲ့ချွန်ရှူနှင့် ခြိမ်းခြောက်လာနိုင်မှုတို့ကို ကြိုမြင်သူများကို ကျွန်ုပ်က မြတ်နိုးတန်ဖိုးထားပါသည်။ ကျွန်ုပ်နှင့်လည်းကောင်း၊ ကျွန်ုပ်၏အဖွဲ့နှင့်လည်းကောင်း လိုက်ဖက်မည့်သူကိုလည်း ကျွန်ုပ် ရှာဖွေပါသည်။

ကိုးရီးယားတွင် တပ်ရင်းတစ်ရင်းကို ဦးဆောင်ရသည့်အချိန်က တပ်မဟာဝန်ထမ်းအဖွဲ့ရှိ အလွန်ထက်မြက် ငယ်ရွယ်သည့် ဗိုလ်ကြီးတစ်ဦးအား တပ်ခွဲမှူးတာဝန်ကိုပေးရန် ကျွန်ုပ်အား ပြောကြားလာပါသည်။ ၎င်းသည် ထူးထူးခြားခြား တော်ပါသည်။ အလွန်အမင်းပင် အစွမ်းအစရှိပါသည်။ သို့သော် အစွမ်းအစရှိမှုကို ပြဿနာပေါ်သည်အထိ ဖြစ်စေခဲ့ပါသည်။ ၎င်း၏ ပုဂ္ဂိုလ်ရေးအပြုအမူမှာ တပ်ဖွဲ့အတွင်း အတင်းပြောစရာဖြစ်လာသည်။ ကျွန်ုပ်အနေဖြင့် သူ့အား အုပ်ချုပ်၍ရနိုင်မည်ဖြစ်သော်လည်း ၎င်းသည် ကျွန်ုပ်၏အဖွဲ့နှင့် အလိုက်သင့်ဖြစ်လိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် ကျွန်ုပ်က ၎င်းဗိုလ်ကြီးအား အခြားနေရာတွင် တာဝန်ပေးရန် တင်ပြခဲ့ပါသည်။ ၎င်းဗိုလ်ကြီး သည် တင်ပြသည့်အတိုင်းပင် တာဝန်ပေးခံရပါသည်။ လအနည်းငယ်ကြာသောအခါ ၎င်း၏ ပုဂ္ဂိုလ်ရေးအပြုအမူဆိုင်ရာ ပြဿနာများကို လူသိရှင်ကြားသိလာရပြီး စစ်ဆေးရေးမှူးချုပ်က စစ်ဆေးသည့် အရပ်ဆိုးသော စစ်ဆေးမှုပေါ်ခဲ့ပြီး ၎င်းအား အနားပေးလိုက်ပါသည်။

တစ်ခါတလေတွင် ကျွန်ုပ်သည် ငှားရမ်းထားသင့်သည့် (ခေါ်ထားသင့်သည့်) ပုဂ္ဂိုလ်ကို မခေါ်ဘဲချန်ထားခဲ့ပါသည်။ တစ်ခါတလေတော့လည်း ထွက်သွားစေသင့်သည့်လူကို တွယ်ကပ်ပြီးခေါ်ထားမှုလည်း ရှိတတ်ပါသည်။ အကြိမ်များစွာပင် လူတို့တွင် သင်လိုအပ်သည့် ခွန်အားများရှိကြပါသည်။ သည်းခံရမည့်အားနည်းချက်များလည်း ရှိပါသည်။ လူကို ရွေးချယ်ရာတွင် ၅၀/၅၀ နှုန်းဖြင့် အလောင်းအစားပြုသည်ဟုသာ မျှော်လင့်ထားပါ။

စွပ်ပြုတ်ရည်တွင် ဟင်းခတ်အမွှေးအကြိုင်ကိုထည့်ရမည်ဖြစ်သလို ကျွန်ုပ်သည် အကျွင်းစာရိတ္တအဝိုင်းကို ရှာဖွေကြည့်ရှုပါသည်။ အဖွဲ့အစည်းတစ်ခုသည် တစ်မူထူးသည့် လူထူးလူကြောင်များ ရှိနေပါလျှင် လန်းဆန်းလာတတ်ပါသည်။ ကျွန်ုပ်၏ အမှတ်ရဖွယ် အတွေ့အကြုံနှင့် အတွေးအခေါ်ကောင်းများကို နယ်ကျွန်ုပ်ပေးပါးတတ်သူများထံမှ ရရှိပါသည်။ တပ်ဖွဲ့ဝင်များက Tiger Honeycutt ကို သဘောကျပါသည်။ ဗိုလ်မှူးချုပ် General Weldon "Tiger" Honeycutt သည် အမှတ်(၁၀၁) လေကြောင်းချီတပ်တွင် ကျွန်ုပ်အထက်တစ်ဆင့်အရာရှိဖြစ်သည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ရက်သတ္တကုန်သည့်ရက်တစ်ရက်တွင် ဖြစ်ပါသည်။ အရပ်ဘက်ပညာရှင်များက ကျင်းပသည့် "အဖွဲ့အစည်း ဆိုင်ရာ ထိရောက်မှုရှိစေရေး" ဟူသည့် နှစ်ရက်ကြာ နီးနှောဖလှယ်ပွဲတစ်ခုတွင် ပါဝင်ရေးအတွက် တပ်မ၏ အကြီးတန်း ခေါင်းဆောင်ပိုင်း အစည်းအဝေးတစ်ခုကို ကျင်းပပါသည်။

ပထမဆုံးသော ညွှန်ကြားချက်မှာ ကျွန်ုပ်တို့၏ ရည်မှန်းချက် ပန်းတိုင်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။ ထို့နောက် အဆိုပါ ရည်မှန်းချက်များအပေါ် သဘောထားကို ဆွေးနွေးကြရန်ဖြစ်သည်။ အဖွင့်တင်ပြချက်ကို တင်ပြပြီးသော အခါ Tiger က ငှင်း၏ လက်ကိုထောင်ပြီး "ဒီခွေးမသားကို ဘယ်အထိ ကျွန်ုပ်တို့ကပေးနေရမှာလဲ" ဟု မေးပါသည်။ Tiger အား သင်တန်းမတက်ရန် ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။

နံနက်တိုင်းတွင် ကျွန်ုပ်က သူ့အား စံမီနှုတ်ခွန်းဆက်နည်းဖြင့် နှုတ်ဆက်ပါသည်။ "မင်္ဂလာနံနက်ခင်းပါ ဆရာ၊ နေကောင်းပါသလား" ဟူ၍ ဖြစ်ပါသည်။

ငှင်း၏စံမီ ပြန်ပြောချက်မှာ "မင်းထက်နည်းနည်းကောင်းတဲ့ ငရဲကျမှပဲ၊ ငါက မအေပေးဗိုလ်ချုပ်ကြီးကွ၊ မင်းက အဲဒီလိုမဟုတ်ဘူး" ဟူ၍ ဖြစ်ပါသည်။

ထိုတပ်ဖွဲ့ဝင်များသည် Tiger ကဲ့သို့သော အဖွဲ့အစည်းကလိုအပ်သည့် ဟင်းခတ်အဓွေးအကြိုင်များပင် ဖြစ်ကြ ပါသည်။

ကျွန်ုပ်သည် လူရွေးသည့်အခါ ကျွန်ုပ်၏ အားသာချက်ကို အထောက်အကူဖြစ်စေရန်နှင့် အားနည်းချက်တွင် ကွက်လပ်ဖြည့်ရန် ကြိုးပမ်းပါသည်။ ကျွန်ုပ်အတွက် သက်သောင့်သက်သာမဖြစ်သော နယ်ပယ်၌ဆိုလျှင် ကျွန်ုပ်၏ ပတ်လည်တွင် ကျွန်ုပ်ထက်သာသည့်ပုဂ္ဂိုလ်များကို ရှိစေလိုပါသည်။ ကျွန်ုပ်ထက်ပိုတော်သည့်သူများ၊ သို့သော် ငှင်းတို့က ထိုသို့တော်ကြောင်းကို မသိသူ သို့မဟုတ် ထိုသို့ တော်ကြောင်းကို မပြသသူများကို လိုချင်ပါသည်။

လက်ထောက်များကို ရွေးချယ်ရာတွင် ကျွန်ုပ်ထက် ပို၍တောင့်တင်းပြီး ပို၍ကြမ်းတမ်းသောပုဂ္ဂိုလ်များကို ရွေးပါသည်။ ကျွန်ုပ်သည် လူကောင်းတစ်ဦးနှင့် တပ်တွင်းဘုန်းကြီးတစ်ပါးဖြစ်ပါသည်။ ကျွန်ုပ်၏ လက်ထောက်သည် စည်းကမ်းသမားဖြစ်ပြီး စည်းကမ်းအတိုင်း ဆောင်ရွက်သူဖြစ်သည်။

တပ်မဟာ(၂)တွင်ရှိစဉ်က ဗိုလ်မျှး Sonny Tucker သည် ကျွန်ုပ်၏ အမွေဆောင်အရာရှိဖြစ်ပါသည်။ ကျွန်ုပ်ထက် ရာထူးတစ်ဆင့်မြင့်ပါသည်။ ငှင်း၏ရုံးတွင် ဖြစ်ပျက်သမျှကို ကျွန်ုပ်ကကြားနေရပါသည်။ တစ်ဦးဦးက ကျွန်ုပ်ကို မနှစ်မြို့စေရန်ပြုလုပ်ပြီဆိုလျှင် ကျွန်ုပ်လုပ်ရမည်မှာ Sonny သိအောင်လုပ်ရန်ပင်ဖြစ်သည်။ ထိုနေ့ နှောင်းပိုင်းတွင် တစ်ဖက်က သူပြောနေသည်ကို နံရံကိုဖောက်၍ ကျွန်ုပ်ကြားရပါသည်။ "လာစမ်း၊ မင်းက ကျုပ်ရဲ့ဗိုလ်မှူးကြီးကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

မမျော်အောင်လုပ်တယ်။ သူက မမျော်ဘူးဆိုရင် ကျွန်ုပ်မူးနောက်ပြီပဲ၊ ငါအခု မင်းရဲ့နေ့လယ်စာကို စားပစ်လိုက်တော့မယ်"ဟု ပြောနေပါသည်။ Sonny သည် အနားယူပြီးသောအခါ ဝန်ကြီးတစ်ဦးဖြစ်လာခဲ့ပါသည်။

ကျွန်ုပ်ကိုယ်စား ဆောင်ရွက်ရန် ကျွန်ုပ်၏လက်ထောက်အား အမြဲပင် အာဏာအပြည့်အဝပေးပါသည်။

နိုင်ငံခြားရေးဝန်ကြီး သက်တမ်းကာလစောစောပိုင်းအချိန်၌ ကျွန်ုပ်၏ လက်ထောက်တစ်ဦးဖြစ်သူ Rich Armitage ဆိုသို့ ကျွန်ုပ်က ခရီးထွက်နေစဉ် ငှင်းက လက်မှတ်ထိုးရမည့် စာရွက်စာတမ်းတစ်ခုကို ပေးထားခဲ့ပါသည်။ ငှင်း၏ လက်မှတ်အောက်တွင် "ခေတ္တနိုင်ငံခြားရေးဝန်ကြီး"ဟူသော တာဝန်အမည်ကို ဝန်ထမ်းများက ရေးသားထားပါသည်။ "ဒီလိုရေးဖို့ မလိုအပ်ဘူး"ဟု ကျွန်ုပ်က ငှင်းတို့အားပြောပါသည်။

"ခေတ်သစ်ဆက်သွယ်ရေးရဲ့ အံ့ချီးဖွယ်ရာမှတစ်ဆင့် ကျွန်ုပ်ကို အမြဲပင်ဆက်သွယ်လို့ရပါတယ်။ ကျွန်ုပ် နိုင်ငံခြားရေးဝန်ကြီးဖြစ်နေစဉ်မှာ "ခေတ္တနိုင်ငံခြားရေး ဝန်ကြီးတစ်ဦးကို မလိုအပ်ပါ"ဟု ပြောပါသည်။ ကျွန်တော့်အမြင်က တစ်မျိုးဖြစ်နေသောကြောင့် ဝန်ထမ်းများအနေဖြင့် မည်သို့လုပ်ရမည်ကို စိတ်ရှုပ်ထွေးနေကြသည်။ အဖြေမှာ ရိုးရှင်းပါသည်။ Rich က ဒုတိယနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် လက်မှတ်ထိုးနိုင်ပါသည်။ သူ၏လက်မှတ်သည် ကျွန်ုပ်လက်မှတ်လိုပင် တရားဝင်ပါသည်။ အချို့သော ကိစ္စအနည်း အကျဉ်းတွင် ဥပဒေအရ ကျွန်ုပ်က လက်မှတ်ထိုးရန်လိုအပ်သဖြင့် ကျွန်ုပ်က လက်မှတ်ထိုးခဲ့ပါသည်။ ဤသည်တို့မှာ ချွင်းချက်ကိစ္စများဖြစ်ကြသည်။

အဆိုပါအချက်မှာ Rich က ကျွန်ုပ်ထံမှ ထုံကြည်ကိုးစားမှုကို အပြည့်အဝရရှိခြင်း ကျွန်ုပ်ကလည်း သူ့ထံမှ ထုံကြည်ကိုးစားမှုကို အပြည့်အဝရရှိခြင်းပင်ဖြစ်သည်။ ဤအချက်ကို စည်းကမ်းချက်တစ်ရပ်အဖြစ် စာနှင့်ပေနှင့် ထုတ်ပြန်ထားရန် ဝန်ထမ်းများက ကြိုးပမ်းကြပါသည်။ ကျွန်ုပ်က ငှင်းတို့အား စိတ်မပူရန်ပြောကြားပါသည်။ ဤသည်က မည်သို့အလုပ်ဖြစ်သည်ကို သူတို့က မကြာခင်တွေ့ကြပါလိမ့်မည်။ မည်သည့်အခါကမျှ ပြဿနာမဖြစ်ခဲ့ပါ။

ကျွန်ုပ်သည် မန်နေဂျာကောင်းကို ရှာနေပါသလား သို့မဟုတ် ခေါင်းဆောင်ကောင်းကိုရှာနေပါသလား။ မန်နေဂျာ ကောင်းများသည် ခေါင်းဆောင်ကောင်းများဖြစ်ကြသည်။ ခေါင်းဆောင်ကောင်းများသည် မန်နေဂျာကောင်းများဖြစ်ကြသည်ဆိုသည့် စကားကို မြေမြှုပ်ပစ်ကြပါစို့။

ကြီးမြင့်သည့်ခေါင်းဆောင်များတွင် မန်နေဂျာများနှင့်မတူသည့် အထူးလုပ် ဟန်ကိုင်ဟန်တစ်ရပ် ရှိပါသည်။ အခွဲ၏သတ်မှတ်ထားသည့် ရွှမ်းဆောင်မှုကို ရာနှုန်းပြည့်ရရှိသည်အထိ မန်နေဂျာကောင်း တစ်ဦးက လုပ်ဆောင်ပါသည်။ ကြီးမြင့်သည့်ခေါင်းဆောင်များက ထိုထက်မြင့်အောင် ဆောင်ရွက်ပါသည်။ ငှင်းခေါင်းဆောင်များက ငှင်းတို့နောက်လိုက်များ အနေဖြင့် လုပ်နိုင်သည်ဟု တစ်ဦးဦးကထင်ထားသည်ထက် ရာခိုင်နှုန်း (၁၁၀)၊ (၁၂၀)၊ (၁၅၀) အထိ ရောက်အောင်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ခေါ်ဆောင်သွားပါသည်။ ကြီးမြင့်သောခေါင်းဆောင်များသည် ငယ်သားများအား တွန်းအားပေးရုံသာမက မျှော်မှန်းချက်ကိုလည်း ထားရှိစေပါသည်။ နောက်လိုက်ငယ်သားများကို ခေါင်းဆောင်များက လှုပ်ရှားစေပါသည်။

သာလွန်သည့်ခေါင်းဆောင်များသည် သာလွန်သည့် မန်နေဂျာများဖြစ်တတ်ပါသည်။ သူတို့သည် ရတနာများဖြစ်ကြသည်။ သင့်အား ရာခိုင်နှုန်း (၁၅၀)ကို ဆောင်ရွက်ပေးမည့်ပုဂ္ဂိုလ်ကို အမြဲပင် ရှာဖွေပါ။

၁၉၈၀ ပြည့်လွန်နှစ်များတွင် တပ်ဖွဲ့များကို သင်တန်းပေးရာ၌ ပို၍သက်သာစေရေးနှင့် ပို၍ထိရောက်မှုရှိစေရေးအတွက် တကယ့်ဖြစ်နေဟန်လုပ်ပြသည့်စက် (ခွင်တုစက်)များကို အသုံးပြုနိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းလျက်ရှိပါသည်။ တင့်ကားအမြောက်ပစ်ခတ်သည့် စက်တုအသစ်ကို အသုံးပြုရန်ဖြစ်လာသောအချိန်တွင် ကျွန်ုပ်သည် Colorado ပြည်နယ် Fort Carson ၌ အမှတ်(၄)ခြေလျင်တပ်မတွင် ဗိုလ်မှူးချုပ်တာဝန်ဦးဖြစ်ပါသည်။

တင့်ကားတပ်က ပစ်ခတ်လေ့ကျင့်သည့် ကျည်ဆန်တစ်ခု၏တန်ဖိုးမှာ ၁၉၈၁ ခုနှစ်က ဒေါ်လာတန်ဖိုးအရ ဒေါ်လာတစ်ထောင်အတိ တန်ဖိုးရှိပါသည်။ ထို့ကြောင့်ပင် တင့်ကားတပ်သားတစ်ဖွဲ့သည် တစ်နှစ်လျှင် ကျည်ဆန်(၉၀) သာ ခွဲတမ်းရရှိခဲ့သည်။

ထို့ကြောင့်ပင် သဏ္ဌာန်တုစက်များက ဝင်ရောက်လာပါသည်။ သဏ္ဌာန်တုစက်များကို အသုံးပြုခြင်းအားဖြင့် တကယ့်လက်တွေ့ရှိ သွက်လက်ထိရောက်မှုကို ရရှိနိုင်ပါသလားဆိုသည်ကို ကျွန်ုပ်တို့က စမ်းသပ်ရပါသည်။

တပ်ရင်းနှစ်ရင်းခွဲ၍ စမ်းသပ်ပါသည်။ တစ်ရင်းသည် တင့်ကားတစ်စင်းစီတွင် ကျည်ဆန်(၉၀)အပြည့်ပေးထားပြီး သဏ္ဌာန်တုစက်ဖြင့် လေ့ကျင့်မထားပါ။ အခြားတပ်ရင်းမှ တင့်ကားတစ်စင်းလျှင် ကျည်ဆန်(၅၀)ကိုသာပေးထားပြီး တပ်ဖွဲ့ဝင်များကို သဏ္ဌာန်တုစက်ဖြင့် နာရီနှင့်ချိန်၍ လေ့ကျင့်ထားသည်။ ထို့နောက် ဟိုဘက်နှင့်သည်ဘက် လူပြောင်းပြီး ထပ်ကာထပ်ကာ စမ်းသပ်ကြည့်ပါသည်။

ပထမအကြိမ် စမ်းသပ်မှုများတွင် သဏ္ဌာန်တုစက်မရှိသော တပ်ရင်းက အမှတ်ပို၍ရပါသည်။ ထိုသို့ အမှတ်များများရသူများကို သဏ္ဌာန်တုဖြင့် စမ်းသပ်ရာ ၎င်းတို့ကပင် အမှတ်ပို၍ရပြန်ပါသည်။ ပစ်ခတ်မှုကို ကျည်ဆန်တောင့်(၅၀) တောင့်မှ (၄၀) သို့လျှော့၍ ပစ်ခတ်စေသည်။ ထိုတပ်ရင်းကပင်နိုင်ပြန်ပါသည်။ ဟိုဘက်သည်ဘက် လူပြောင်း၍ တစ်ဖန်ပြုလုပ်ပါသည်။ ထိုတပ်ရင်းကပင်နိုင်ပြန်ပါသည်။ ခွဲခြမ်းစိတ်ဖြာ လေ့လာသူများမှာ ဇဝေဇဝေဖြစ်ခဲ့ကြရသည်။

အဖြေမှာ ရိုးရှင်းပါသည်။ ၎င်းတွင် ကွာခြားချက်မှာ တပ်မှူးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သူ့အား မည်သို့ပင်ပြုမူသည်ပင်ဖြစ်စေ၊ ၎င်းတပ်မှူးက ပို၍ကောင်းအောင် ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားပါသည်။ ၎င်းအဖွဲ့က်ကို သူက သူ၏တပ်ဖွဲ့ဝင်များသို့ သင်ကြားပေးသည်။ သွတ်သွင်းပေးသည်။ ၎င်းကိစ္စကို ၎င်းတို့က ညစဉ် လေ့ကျင့်ပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ဝင်တိုင်းက အကောင်းဆုံးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြသည်။ အခြားတပ်ရင်းမှာ ကောင်းသည့်တပ်ရင်း တစ်ရင်းပင် ဖြစ်ပါသည်။ သို့သော် ၄င်းတပ်ရင်းမှူးတွင် အထိုထိုသော အိုအရည်အချင်းများမရှိပါ။ ၄င်းအရည်ချင်းများမှာ အလုပ်ကို ဆာလောင်မွတ်သိပ်မှု၊ ပြိုင်ဆိုင်မှု၊ တွန်းအားပေးမှု၊ ဆန္ဒပြင်းပြမှု၊ စိတ်ကူးစိတ်သန်းတို့ ဖြစ်ကြသည်။ ၄င်း၏ တပ်ဖွဲ့ဝင်များတွင် အဆိုပါ အရည်အချင်းများမရှိကြသည်ဖြစ်ရာ ၄င်းအချက်က ၄င်းတပ်ဖွဲ့တစ်ခုလုံးကို ကူးစက်သွားပါသည်။

သဏ္ဌာန်တုစက်များသည် လေ့ကျင့်ရေးအတွက် ကောင်းပါသည်။ လွန်ခဲ့သည့်အနှစ်(၃၀)က သင်မလုပ်နိုင်သည့် အရာအများအပြားကို ကျွန်ုပ်တို့က ၄င်းစက်များကို အသုံးပြု၍ ယနေ့လုပ်နိုင်ကြပါသည်။ သို့သော် မည်သို့ဖြစ်သည်ပင်ဖြစ်စေ အောင်နိုင်စိတ်ရှိသော တပ်မှူးများကို အလုံးအလောက် မရရှိနိုင်သေးပါ။

ခြိုခြဆိုရလျှင် အလုပ်ကြိုးစားသူ၊ ရည်ရွယ်ချက်ရှိသူ၊ နှီးဆော်တတ်သူ၊ မိသားစုနှင့် ပျော်ပျော်နေတတ်သူ၊ ပျော်သူ၊ အလုပ်ရှုပ်လွန်းသူမဟုတ်သူတို့ကို သဘောကျပါသည်။ ကျွန်ုပ်သည် ပျော်ရွှင်မှုရှိသည့် အဖွဲ့တစ်ဖွဲ့ကို သဘောကျပါသည်။ ကျွန်ုပ်၏ နောက်လိုက်ငယ်သားများက အလုပ်ကြိုးစားသည်။ အလုပ်တွင်ပျော်သည်ကို သိအောင် ကြိုးစားပါသည်။ သူတို့ ဘာတွေလုပ်နေသည်ဆိုသည်ကို ယုံကြည်မှု၊ အလုပ်ပြီးမြောက်ရေးအတွက် ပြင်ဆင်ထားကြောင်း ခံစားမှုတို့ရှိပါမှ ထိုအချက်သည် ပေါ်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်သည် မြင့်မားသည့် စံနှုန်းကို သတ်မှတ်ပါသည်။ သို့သော် မဖြစ်နိုင်သည့် စံနှုန်းများတော့ မဟုတ်ပါ။ အမြင့်ဆုံး အားထုတ်မှုပြုပါလျှင် ကျွန်ုပ်၏ စံနှုန်းများသည် ရရှိအောင်မြင်နိုင်သည့် စံနှုန်းများဖြစ်ကြပါသည်။

အသင်းအဖွဲ့တစ်ခုတွင် ကြောက်ရွံ့နေရသည့် အခြေအနေမျိုးရှိသည်ကို ကျွန်ုပ် မလိုလားပါ။ ၄င်းအခြေအနေမျိုးတွင် ငယ်သားများနှင့်ပတ်သက်၍ အော်ဟစ်ခြင်း၊ ကြိမ်းမောင်းဆဲဆိုခြင်းများ ရှိတတ်ပါသည်။ ကြောက်ရွံ့မှုနှင့် ကြိမ်းမောင်းမှုများ ပြည့်လျှမ်းနေသည့် အဖွဲ့အစည်းများတွင် ကျွန်ုပ်အလုပ်လုပ်ခဲ့ဖူးပြီး ထိုထက်မက များပြားသည့်အရာကို လည်း တွေ့ခဲ့ဖူးပါသည်။ ၄င်းခေါင်းဆောင်များမှာ အောက်ခြေ၌ မလုံခြုံစေသော အနိုင်ကျင့်ဗိုလ်ကျသူများဖြစ်ကြသည်။ စိမိ၏ လူများထဲမှ ထိုသို့သော နည်းလမ်းဖြင့် မိမိအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သူခေါင်းဆောင်တစ်ဦးဦးကို ကျွန်ုပ် မတွေ့ခဲ့ဖူးပါ။

"ခေါင်းဆောင်ဆိုတာ ဘယ်လိုလူမျိုးလဲ"ဟု လူတွေက ကျွန်ုပ်ကို မေးကြပါသည်။

ကျွန်ုပ်၏ ရိုးရှင်းသည့်အဖြေမှာ "တာဝန်ယူရမှာ မကြောက်သူ၊ လူတွေက တုံ့ပြန်လာပြီး ၄င်းနောက်မှ ထိုက်ပါရန်လိုလားခံရသူ"ဟူ၍ ဖြစ်ပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ခေါင်းဆောင်များသည် အခြားသူများနှင့်ဆက်သွယ်မှု၊ နီးစပ်မှုအရ မွေးဖွားလာရမည်ဟု ကျွန်ုပ်က ယုံကြည်ပါသည်။ ထို့နောက် ၄င်းစွမ်းရည်များကို မိဘများ၊ ဆရာများက အားပေး၍ ဖွံ့ဖြိုးစေရမည်ဖြစ်ပြီး သင်တန်းပေးခြင်း၊ အတွေ့အကြုံဖြန့်ဝေခြင်းနှင့် ဆရာအဖြစ် သွန်သင်ခြင်းတို့ဖြင့် ပံ့ပွားရပါမည်။ ပို၍ကောင်းသည့် ခေါင်းဆောင်တစ်ဦးဖြစ်လာရန် သင့်အနေဖြင့် သင်ယူ၍ရနိုင်ပါသည်။ လေ့လာ၍ ကြီးထွားစေမှုကို သင်က ရပ်တန့်လိုက်ခြင်းအားဖြင့် သင်၏ သဘာဝအလျောက်ဖြစ်လာသော အစွမ်းအစများအား ဖြုန်းတီးပစ်ရာလည်း ရောက်စေနိုင်ပါသည်။

■

the bookhouse
We bring your future
www.burmeseclassic.com

www.burmeseclassic.com

အပိုင်း-၄

ဒစ်ဂျစ်တယ်ကမ္ဘာ၌ မြန်ဆန်သော အချိန်ကာလများ

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၁၆ ဦးနှောက်အထည်-Brainware

သံတမန်များသည် သတင်းဖြင့် အသက်ရှင်ကြပါသည်။ သတင်းသည် သံတမန်လောကတွင် ငွေစ(ငွေကြေး)ပင်ဖြစ်ပါသည်။ သံရုံးတစ်ခုမှ ဝင်ထွက်သည့် သတင်းပမာဏမှာ ကြီးမားလှပါသည်။ ၄င်းသတင်းစီးဆင်းမှုကို ကန့်သတ်ခြင်း၊ ကြားဖြတ်နှောင့်ယှက်ခြင်း ပြုပါက သံရုံးသည် သောင်တင်သည့် ဝေလငါးလိုပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ စောစောပိုင်းကာလများမှစ၍ ကျွန်ုပ်တို့၏ သံတမန်များသည် ဝါရှင်တန်နှင့် အပြန်အလှန်သတင်းပို့ကြပါသည်။

စောစောပိုင်းခေတ်က ပေးစာများကို ရရှာနည်းလမ်းဖြင့် ပို့ခဲ့ကြရာ အများဆုံးကို ရထားလုံးများ၊ လွှတ်သင်္ဘောများဖြင့် ပို့ကြပါသည်။ (၂၁)ရာစု စောစောပိုင်းကာလတွင် ရေဒီယို၊ တယ်လီဖုန်း၊ ဖက်စ်၊ ဗြူဟိတု၊ ဒီဒီယိုကွင်းဆက်တို့ပေါ်လာပြီး အင်တာနက်တော်လှန်ရေးအဖြစ် အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။

နည်းပညာအသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင်ပြုရာတွင် စိန်ခေါ်မှုအသစ်များနှင့် ကြုံတွေ့ရပါသည်။

စက်အစိတ်အပိုင်းဖြစ်သည့် အမာထည်ပစ္စည်းများနှင့် အပျော့ထည်များကို တပ်ဆင်ရသည်က ကိစ္စတစ်မျိုးဖြစ်ပါသည်။ လူတို့၏ ဦးနှောက်အထည် (brain-ware) ကို ပြောင်းလဲရသည်မှာ များစွာပို၍ခက်ခဲပါသည်။ လူတွေ၏လက်ထဲတွင် နှောက်ဆုံးပေါ် ကွန်ပျူတာများ၊ အင်တာနက်ဆက်သွယ်မှုများ၊ အိုင်ပက်များရှိနေသည်ပင်ဖြစ်စေ၊ ၄င်းတို့၏ ဦးနှောက်နှင့် နှလုံးသားတို့မှာ (၂၀)ရာစုတွင် ရှိခဲ့ရှိနေနိုင်ပါသည်။ ထိုထက်ပင် စောသည့်ခေတ်တွင် ရှိနေနိုင်ပါသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၁ ခုနှစ်၌ ကျွန်ုပ် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသောအခါ ဒစ်ဂျစ်တယ်ဖြင့် အလုပ်လုပ်ရန် လျှောက်လှမ်းလာခဲ့သည်။ သတင်းရယူရေး၊ ပေးပို့ရေးနှင့် မျှဝေရေးတို့အတွက် ရွေးကျွေးသည့်နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေး အတားအဆီးများသည် အလဲထိုးခံရသည် သို့မဟုတ် အလုံးအရင်းဖြင့် ထိုးဖောက်ဝင်ရောက်ခြင်းခံရသည်ဟု ကျွန်ုပ် သတိပြုမိပါသည်။ သတင်းများ၊ ငွေကြေးအရင်းအနှီးများ၊ အရောင်းအဝယ်များ၊ အွင့်အလမ်းများ၊ လူမှုဆက်သွယ်မှုများသည် အလင်းရောင်၏အမြန်နှုန်းဖြင့် ကမ္ဘာကိုပတ်ရှိသွားနေသည်။ နိုင်ငံခြားရေးဌာနသို့ မဝင်မီက ကျွန်ုပ်သည် AOL ဘုတ် အဖွဲ့တွင် အလုပ်လုပ်ခဲ့ရာ ဖြစ်နိုင်သည့်အတွေးအမြင်များကို ရရှိခဲ့သည်။ ၂၀၀၁ မှ ၂၀၀၅ ခုနှစ်အထိ "ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်"၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ကျွန်ုပ်၏သား Mike ထံမှလည်း များစွာသင်ယူခဲ့ဝါသည်။

ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသောအခါ ဤဌာနအရောင်ရှင် သတင်းဆည်းဆာတော်လှန်ရေးနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်နေသည်ကို သိချင်လာသည်။ ကျွန်ုပ်တွေ့ရသည့် ပုံရိပ်လွှာမှာ ထူးခြားစွာယုတ်ရာမရှိပါ။ ကျွန်ုပ်တို့တွင် အမျိုးမျိုးသော ဖိုင်ဆက်ဖြစ်သည့် ကွန်ပျူတာများ၊ ခေတ်နှင့်ဆီလျော်စေဘဲသည့် စနစ်များရှိနေပါသည်။ ခေတ်ကုန်နေပြီဖြစ်သော Wang စားပွဲတင် ကွန်ပျူတာများပင် ရှိနေပါသည်။ Wang သည် အုပ်စုခေတ်စြဲနှင့်သည့် ခေတ်တစ်ခေတ်က ထင်ရှားခဲ့ပြီး လွန်ခဲ့သော (၈)နှစ်က ဒေဝါလီခံသွားခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကွန်ပျူတာအများစုမှာ အင်တာနက်ဆက်သွယ်နိုင်စွမ်းမရှိပါ။ ဆက်သွယ်မှုတစ်ဖို့ မျိုးရှိသော နိုင်ငံခြားရေးဌာန၏ ဌာနခွဲများတွင် အများအပြားဌ ကွန်ပျူတာနှစ်လုံးရှိကြသည်။ တစ်လုံးက နိုင်ငံခြားရေးဌာန၏ အဆင့်သတ်မှတ်ကန့်သတ်ထားသည့် ကွန်ရက်နှင့်ဆက်သွယ်ထားပြီး နောက်တစ်လုံးကို အဆင့်သတ်မှတ်ကန့်သတ်ထားသည့် ကွန်ရက်သို့ဆက်သွယ်ထားသည်။ အခြားသောစိန်ခေါ်ချက်များအဖြစ် လုံခြုံရေးအတွက် ထောက်ခံချက်မရှိခြင်း၊ ၄င်းကွန်ပျူတာများရှိ သတင်းကို အပြင်မှရယူမှုအား စောကွယ်ထားမှုမရှိခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် သတင်းနည်းပညာအတွက် ဘတ်ဂျက်အစီအစဉ်မရှိသလောက်ဖြစ်မှု၊ ဌာနတစ်ခုလုံးတွင် ကွန်ပျူတာများအား ဗဟိုချုပ်ထိန်းမှုလျော့ချထားခြင်းများလည်း ပါဝင်ပါသည်။ ဤသို့ဖြင့် ငွေကြေးဖြုန်းတီးမှု၊ နေရာနှင့်လူအင်အားဖြုန်းတီးမှုတို့ကို ခြစ်ပေါ်စေပါသည်။

လျင်မြန်စွာ ပြောင်းလဲလာသော နည်းပညာနှင့်အဓိလိုက်နိုင်ရန်အလို့ငှာ လိုအပ်သော လူနှင့်ကိရိယာပစ္စည်းများအတွက် ကျွန်ုပ်တို့သည် ငွေကြေးကို ရင်းနှီးမြှုပ်နှံခြင်းမပြုခဲ့ပါ။

ကျွန်ုပ်တွေ့ရှိရသည့် အခြားသော ကြီးမားသည့်ပြဿနာမှာ ကမ္ဘာတစ်ဝန်းရှိ (၂၅၀)ကျော်သည့် ကျွန်ုပ်တို့၏ သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်သည့်လမ်းကြောင်းကို မည်သူက တာဝန်ယူပုံစံရေးဆွဲဆောင်ရွက်ရမည်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

နည်းဟူသည့် အခြင်းပွားမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့ သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများတွင် နိုင်ငံခြားရေးဌာနမှ ဝန်ထမ်းများသာရှိသည် မဟုတ်ပါ။ ၄င်းရုံးများရှိ ဝန်ထမ်းများမှာ အမေရိကန်အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများကို ပေါင်းထားသည့်ဝန်ထမ်းများဖြစ်ကြသည်။ ၄င်းတို့အားလုံးသည် သတင်းကိုလက်လှမ်းမီရန် လိုအပ်ပါသည်။

ဤစနစ်ဖြင့် စီမံခန့်ခွဲသည့် နည်းလမ်းနှင့်ပတ်သက်၍ ကျွန်ုပ်ရက်က မျော်ရှုလှသည်ကား မဟုတ်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် CIA တို့က ဗဟိုရုံးကရက်တစ်နည်းတစ်နည်းကို ဖန်တီးခြင်းအားဖြင့် ဝေဖန်သူများနှင့် မဲဆန္ဒနယ်အမျိုးမျိုးကို နှစ်သိမ့်ရန်ကြိုးပမ်းခဲ့သည်။ ၄င်းဆက်သွယ်ရေးလမ်းကြောင်းအတွက် တာဝန်ကို နိုင်ငံခြားရေးဝန်ကြီးနှင့် CIA တို့အကြား တစ်နှစ်စီ လွှဲပြောင်းတာဝန်ယူကြသည့် နည်းပင်ဖြစ်ပါသည်။ ဤသို့ ရယ်စရာကောင်းအောင်ဖြစ်လာမှုကို ''စီမံခန့်ခွဲမှုနှင့် ဘတ်ဂျက်ဌာန'' ထဲတွင် ရုံးသစ်တစ်ခုကို ဖွင့်ခြင်းအားဖြင့် ကျွန်ုပ်ရက်က တုံ့ပြန်ခဲ့ပါသည်။ ကျွန်ုပ်၏ တာဝန်မှာ OMB ရုံး၏ ခေါင်းဆောင်နှင့်တွေ့ရန်ဖြစ်ပါသည်။ ၄င်းသည် ကျွန်ုပ်ရက်၏အဆိုအရ ပုဂ္ဂလိကကဏ္ဍမှလာရမည်ဖြစ်ပါသည်။ ကံကောင်းသည်မှာ ကျွန်ုပ်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာချိန်တွင် ကျွန်ုပ်ရက်က ထိုသို့ဖြေရှင်းပေးထားမှုကို အကောင်အထည်မဖော်ရသေးပါ။ ၄င်းပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းရေးအတွက် ထွက်ပေါက်အနည်းငယ်ရှိပါသေးသည်။

ကျွန်ုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာ လက်ထောက်အတွင်းရေးမှူးဖြစ်သူ Grant Green ၏ ဦးဆောင်မှုဖြင့် ကျွန်ုပ်တို့က ပြုပြင်ရန် စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် OMB ကို ဖန်တီးရေးကို အခြေအနေကိုသုံးသပ်ရန် အချိန်ပေးပြီး ဆိုင်းငံ့ထားပါရန် ကျွန်ုပ်ရက်ခေါင်းဆောင်များကို တင်ပြလျှောက်ထားပါသည်။

ထိုနောက် သံရုံးဆိုင်ရာ ရေဒီယိုဆက်သွယ်မှုကို ကန်ထရိုက်ယူရန် တပ်ဆင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်ကိစ္စတွင် မည်သူက အသင့်တော်ဆုံးဖြစ်သည်ကို ဆုံးဖြတ်ရေးအတွက် လေ့လာဆောင်ရွက်ရန် CIA ညွှန်ကြားရေးမှူး George Tenet နှင့် သဘောတူခဲ့ကြသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သင့်လျော်သလော၊ သို့မဟုတ် CIA နှင့် သင့်လျော်သလော ဟူ၍ ဆုံးဖြတ်ရန်ဖြစ်ပါသည်။ လေ့လာချက်က CIA က ဆောင်ရွက်ရန် သဘောတူပါသည်။ ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်၏ ဝန်ထမ်းများကို ကစားပွဲမှ ဆွဲထုတ်ပါသည်။ သို့သော် ဆက်သွယ်ရေးလိုအပ်ချက်များကို ကျွန်ုပ်က သတ်မှတ်မည်ဖြစ်ကြောင်း၊ ၄င်းဆက်သွယ်ရေးလမ်းကြောင်းအား ကြီးကြပ်အုပ်ချုပ်မည့် CIA ၏ ကိုယ်စားလှယ်ကို အတည်ပြုမှုအား ကျွန်ုပ်က ဆောင်ရွက်မည်ဖြစ်ကြောင်း ၄င်းဓနေကျွန်ုပ်တပ်သက်သည့် နှစ်စဉ်အစီရင်ခံချက်ကို ကျွန်ုပ်ကပေးအပ်မည်ဖြစ်ကြောင်းကို သဘောတူခဲ့ကြပြီး သဘောတူချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တစ်နှစ်တာကာလအတွင်း ကျွန်ုပ်တို့၏ ဆက်သွယ်ရေးစွမ်းရည်သည် သိသိသာသာ တိုးတက်လာပြီး ကုန်ကျစရိတ်သည်လည်း ကျဆင်းလာပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် OMB ဥပဒေကို ကွန်ဂရက်က ဖျက်သိမ်းလိုက်ပါသည်။ ကြာမီမှာပင် ကျွန်ုပ်တို့၏ ဆက်သွယ်မှုအများစုကို စီးပွားရေးအရ ဝန်ဆောင်သည့် အင်တာနက်လမ်းကြောင်းများမှတစ်ဆင့် လုံခြုံစွာပေးပို့နိုင်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဆုံးဖြတ်ပါသည်။ ဤသို့ဖြင့် ပို၍အားထားရပြီး ကုန်ကျစရိတ်နည်းသည့် စွမ်းဆောင်နိုင်မှုကို ရရှိစေပါသည်။

ဤအတောအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကွန်ပျူတာစက်များ လိုအပ်ချက်အတွက် ပုဂ္ဂလိက ကန်ထရိုက်တာများဖြင့် ဆောင်ရွက်ခဲ့ရာ အလွဲလွဲအမှားမှားဖြစ်ပေါ်ခဲ့သဖြင့် ကွန်ပ်တို့၏ ဝန်ထမ်းများအား လိုအပ်သည့် ကွန်ပျူတာ အရေအတွက်ကို တွက်ချက်စေခဲ့ရာ အလုံးပေါင်း (၄၄,၀၀၀) လိုအပ်သည်ဟု ၎င်းတို့က ကောက်ချက်ချခဲ့သည်။ ထို့ကြောင့် ၎င်းအတွက် ငွေကြေးထောက်ပံ့ရန် ကွန်ဂရက်အား ချောင်းကျပြောဆိုခဲ့ပါသည်။

မကြာမီမှာပင် အင်တာနက်နှင့် ဆက်သွယ်ထားသည့် ကွန်ပျူတာများကို သံရုံးတိုင်းနှင့် နိုင်ငံခြားဝန်ကြီးဌာန၏ ရုံးခန်းတိုင်းတွင် ထားရှိနိုင်လာပါသည်။ အသုံးပြုသူများသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကွန်ပျူတာစနစ်ကိုရော အများပြည်သူဆိုင်ရာ အင်တာနက်တို့ကိုပါ လက်လှမ်းမီကြသည်။ နှစ်နှစ်အတွင်းတွင် အားလုံးပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် နောက်လေးနှစ်အကြာအတွင်း ခေတ်ကုန်၍ အသုံးမတွင်တော့မည့် ကွန်ပ်တို့ရှိ ကွန်ပျူတာများကို စတင်၍ အစားထိုးသွားပါသည်။ ကြေးနန်းနှင့်သံတမန်တယ်လီဖုန်း ဆက်သွယ်ရေးစနစ်မှ အီးမေးလ်ကို အခြေခံသည့် စနစ်သို့ပြောင်းမည့် သတင်းပို့သည့်စနစ်တစ်ရပ်ကိုလည်း ကွန်ပ်တို့က ထူထောင်သွားပါမည်။ အတိုချုပ်၍ဆိုရလျှင် ကွန်ပ်တို့သည် ၁၉၄၅ ခုနှစ်ဆီမှ ၂၀၀၁ ခုနှစ်ဆီသို့ ပြောင်းလာခဲ့ပါသည်။ ၎င်းဆက်သွယ်ရေးစနစ်သည် ပို၍ပင် ကောင်းလာပါသည်။

ဤသည်မှာ "တပ်ဖွဲ့ဝင်များ (ဝန်ထမ်းများ)အပေါ် ဂရုစိုက်မှု"ကိုပြသသည့် နောက်ထပ်သာဓကတစ်ခုပင် ဖြစ်ပါသည်။ အလုပ်ပြီးမြောက်ရေးအတွက် လိုအပ်သည့် ကိရိယာစာနာဆာပလာများကို သင်ကပေးရပါမည်။ သို့မဟုတ် ဝါကာ သင့်အပေါ်တွင် သူတို့က ယုံကြည်ရန် အကြောင်းရှိမည်မဟုတ်ပါ။ သို့မဟုတ် သင်၏လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်ပန်းတိုင်များကို အလေးအနက်ထားကြမည်မဟုတ်ပါ။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံရုံးများသို့ သတင်းအင်အားတွက်ပေါ်တွင် အသက်ရှူနေပါသည်။ ထို့ကြောင့် သံရုံးတစ်ခုခုသို့ ရောက်ရှိတိုင်းတွင် ဤသည်ကို စမ်းသပ်ကြည့်ပါသည်။ ကွန်ပ်သည် ပထမဆုံးဖွင့်ထားသည့် ရုံးခန်းစာစီခုခုထဲသို့ ရုတ်တရက်ဝင်သွားပြီး ကွန်ပျူတာကို ဖွင့်ထားသည်ဆိုပါလျှင် ကွန်ပ်၏ တိုယ်ရေးဆီးမေးလ်လ်သို့ ဆက်သွယ်ကြည့်ပါသည်။ အကယ်၍ ကွန်ပ်က ဆက်သွယ်နိုင်ပြီဆိုလျှင် သူတို့သည် စာစေးခွဲအောင်ပြီးဖြစ်ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကွန်ရက်လမ်းကြောင်းသည် အလုပ်လုပ်နေပါသည်။ ၄င်းတို့သည် ၄င်းတို့၏ ကွန်ပျူတာများနှင့် အင်တာနက်တို့ကို အသုံးပြုနေကြပြီ ဖြစ်ပါသည်။

အမာထည်နှင့် အပျော့ထည်အသစ်များကို သုံးရသည်မှာ ရှုပ်ထွေးခဲ့ပါသည်။ သို့သော် ပြဿနာအများစုသည် လက်တွေ့ကျပြီး အလုပ်သဘောဆောင်ပါသည်။ ဦးနှောက်အထည် (ဦးနှောက်)ကို အမြဲတမ်း ပြောင်းလဲရသည်မှာ ပို၍ကြီးမားသည့် စိန်ခေါ်ချက်တစ်ရပ်ဖြစ်ပါသည်။ ကွန်ပျူတာ လူများ၏ တွေးခေါ်ပုံနှင့်အလုပ်လုပ်ပုံတို့ကို ပြောင်းလဲပစ်ရန် ကွန်ပျူတာသည် စိတ်ပိုင်းဖြတ်ထားပါသည်။ ကွန်ပျူတာတို့သည် ယခုအခါ လက်မှာတွင်နေသည်မဟုတ်ဘဲ စပ်ကူးမပ်ကူးဖြစ်နေသည့် ကမ္ဘာတွင်နေသည်ဆိုသည်ကို နိုင်ငံခြားရေးဝန်ကြီးဌာနတစ်ခုလုံးအား ဖျောင်းဖျပြောဆိုရပါသည်။ ကွန်ပျူတာနှင့် အီးမေးလ်တို့က ရုပ်ပိုင်းအရ ပထဝီအနေအထားအရ၊ ပြက္ခဒိန်အရ၊ အချိန်နာရီအရ၊ ဆက်သွယ်မှုများအပေါ် အကန့်အသတ်ရှိမှုများကို ဖယ်ရှားလာခဲ့ပါသည်။

ခေါင်းဆောင်သည် နမူနာပြခြင်း၊ မိမိ၏အတွေးအခေါ်ကို ပြောင်းခြင်းအားဖြင့် မိမိ၏အဆောက်အအုံဆိုင်ရာ (ဌာနဆိုင်ရာ)အတွေးအခေါ်ကိုပြောင်းပါသည်။

ကွန်ပျူတာ၏ရုံးခန်းအတွင်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ကွန်ပျူတာကို ဖြည့်စွက်ရေးအတွက် လက်တော့ပ်ကွန်ပျူတာ (ပေါင်တင်ကွန်ပျူတာ)တစ်လုံးကို ပုဂ္ဂလိကလိုင်းဖြင့် တပ်ဆင်ထားပါသည်။ ၄င်းလက်တော့ပ်ကွန်ပျူတာဖြင့် လိုင်းပေါ်ရှိသူတစ်ဦးဦးနှင့် တိုက်ရိုက်ဆက်သွယ်နိုင်စေပါသည်။ ကွန်ပျူတာသည် အီးမေးလ်များကို သံအမတ်များ၊ ကွန်ပျူတာကဲ့သို့ပင် ၄င်းတို့၏ဝန်ကြီးဌာနများကို တစ်စတ္တန့်လျှင် (၁၈၆,၀၀၀)မိုင်နှုန်းအထိ မြန်သောကမ္ဘာ၊ (အလင်းရောင်၏ အသွားနှုန်းရှိသောကမ္ဘာ)ထဲသို့ ခေါ်ဆောင်နေကြသည့် လုပ်ဖော်ကိုင်ဖက် နိုင်ငံခြားရေးဝန်ကြီးများထံသို့ ပို့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကမ္ဘာပေါ်ရှိ နိုင်ငံတစ်ခုစီ၏ နောက်ခံသမိုင်းကို ၄င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားပါသည်။ ၄င်းမှတ်စုများကို သံရုံးများက တင်ထားပြီး သက်ဆိုင်ရာနိုင်ငံအလိုက် ဌာနများ၊ ဒေသဆိုင်ရာကျွမ်းကျင်သူများ၊ ပြည်သူ့ရေးရာဌာနတို့က စောင့်ကြည့်ကြပြီး အချိန်နှင့်အညီဖြစ်နေအောင် ဆောင်ရွက်ကြပါသည်။ ရက်သတ္တအနည်းငယ်ကြာတိုင်း ကွန်ပျူတာသည် ၄င်းနောက်ခံသမိုင်းစာရင်းကို စစ်ဆေးသည်ဖြစ်ရာ အချိန်နှင့်အညီဖြစ်အောင် ပြုလုပ်သည့် နေ့စွဲကို ဖော်ပြထားသည်ကိုတွေ့ရပါသည်။ တစ်နှစ်အတွင်းတွင် ထိုသို့ခေတ်မီအောင် မပြုလုပ်ထားသည့်စာရင်းကို တစ်ကြိမ်မက တွေ့ခဲ့ရပါသည်။ ကွန်ပျူတာတို့၏ အချက်အလက်များအနေဖြင့် အမြဲပင် အချိန်နှင့်အညီဖြစ်နေစေရန် ဝန်ထမ်းများကို ပြောကြားပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

"ဝန်ကြီးခင်များ၊ ကျွန်ုပ်တို့က သုံးလတစ်ကြိမ် ပြောင်းပါတယ်" ဟု ခုခံကာကွယ်သည့်သဘော၊ မလိမ္မာသည့်သဘောဖြင့် ကျွန်ုပ်၏ ပြည်သူ့ရေးရာလက်ထောက်အတွင်းရေးမှူးက ပြောပါသည်။ "သုံးလတစ်ကြိမ် အချိန်မီ အောင်လုပ်တာလို့ မပြောပါနဲ့။ Walmart ကုန်တိုက်က စီစစ်တဲ့ အရောင်းကောင်တာတွင် အရောင်းအဝယ်ဖြစ်ပြီး တိုင်းတွင် ၄င်း၏သတင်းစနစ်တစ်ခုလုံးတွင် အချိန်မီပေါ်လာအောင် ဆောင်ရွက်တယ်။ ကျွန်ုပ်အိပ်ရာမှနိုးလာချိန်တွင် နိုင်ငံခြားခေါင်းဆောင်တစ်ဦး ကွယ်လွန်ပြီး လူစားထိုးတာကို ရှုပ်သွားတွင် ကျွန်ုပ်ပြင်ရသည်ဆိုပါတော့၊ ဒီအချက်ကို ကျွန်ုပ်ရုံးသို့ရောက်ချိန်တွင် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ပေါ်ပြီးတာကို ထိုးမှုပ်ပါတယ်။ Wikipedia သို့မဟုတ် Google အပေါ် အနိုင်ယူဖို့ အခြေတမ်းတော့ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ကြိုးစားကြည့်ရအောင်" ဟု ကျွန်ုပ်က ပြန်ပြောပါသည်။

လွန်ခဲ့သည့်နှစ်များက Walmart ကုန်တိုက်၌ မန်နေဂျာများ၊ အကြီးတန်းခေါင်းဆောင်များ၏ အရည်အသေးကြီးတစ်ခုတွင် ကျွန်ုပ်က မိန့်ခွန်းပြောပါသည်။ မပြောခင်ဈောင့်ဆိုင်းနေစဉ် လူတွေက လှုပ်လှုပ်ရွရွဖြစ်ပြီး ပေါ်တော်မူကြသည့်အသံကြီး ထွက်ပေါ်လာပါသည်။ ကျွန်ုပ်က ကျွန်ုပ်၏အိမ်ရှင်အား မေးမြန်းကြည့်ရာ ၄င်းက "ကောင်းဆုံး အရောင်းစီရင်ခံချက်ကို ထုတ်ပြန်လိုက်လို့ပါ" ဟု ပြန်ဖြေပါသည်။ ကျွန်ုပ်က ဆက်လက်၍ ရိုးအစွာဖြင့် "ဒီတစ်ပတ်အတွက်လား၊ ဒီလအတွက်လား၊ သုံးလပတ်အတွက်လား" ဟု ထပ်မေးပါသည်။ "မဟုတ်ဘူး၊ မနေ့ကအတွက်ဖြစ်တယ်၊ ခင်ဗျားလိုချင်ရင် ဒီနေ့နှက်မှာ ၄င်းစာရင်းကို ခင်ဗျားကို ကျွန်ုပ်ပေးနိုင်မှာပါ" ဟု ၄င်းက ပြန်ဖြေပါသည်။

ဤသည်ကို ကျွန်ုပ်အံ့သြမိပါသည်။ သို့သော် မတုန်လှုပ်မိပါ။ ၄င်းကိစ္စကို တွေ့ဖူးခဲ့ပြီးဖြစ်ပါသည်။ Google၊ Amazon နှင့် အင်တာနက်အခြေစိုက် ပေါက်ကွဲပေါ်ထွက်လာမှုများမဖြစ်မီကပင် ကုန်တိုက်ကြီးများအနေဖြင့် နည်းပညာတော်လှန်ပြောင်းလဲမှုနှင့် သတင်း၏အမြန်နှုန်းများကြောင့် လန့်ဖျင်းသည့် ပြက္ခဒိန်အချိန်ကာလများမှသည် စပ်ကူးမပ်ကူးဈေးသို့ ကူးပြောင်းစေခဲ့သည်ကို သတိပြုလာကြပါသည်။

အရောင်းအဝယ် သို့မဟုတ် လက်လွှဲလက်ပြောင်းဖြစ်တိုင်းတွင် အဖွဲ့အစည်းအတွင်း အထက်အောက် ဘယ်ညာ ချိန်ခွင်သွားပြီး နောက်ဆက်တွဲဆောင်ရွက်မှုအမျိုးမျိုးကို ဖြစ်စေပါသည်။ အသေးစိတ်စာရင်းကောက်ပါသည်။ အမြတ်ကို ထွက်ချက်ပါသည်။ ဖော်မြူလာဖြင့်ဆောင်ရွက်မှုကို ပြန်စီစဉ်ပါသည်။ လက်ကားသမားများနှင့် ထုတ်လုပ်သူများကို ကြားသိစေပါသည်။ အစားဖြည့်မည့်ကုန်များကို စုစည်းကြပြီး ထရပ်ကားများပေါ်သို့တင်ပါသည်။ ကွန်ပျူတာများကလည်း ၄င်းအချက်များကို ဖော်ပြနေသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလားတူစိတ်သဘောမျိုး စုနှစ်ဝင်ရောက်စေရန် ကျွန်ုပ်ဆောင်ရွက်ပါသည်။

www.burmeseclassic.com



www.burmeseclassic.com

သင်၏အပြောင်းအလဲက နောက်လိုက်ငယ်သားများ၏ ဘဝကို ပို၍ကောင်းမွန်စေပြီး ၄င်းတို့၏ ထုတ်လုပ်မှုစွမ်းအားနှင့် လုပ်ဆောင်မှုတို့ကို တိုးတက်စေသည်ဟု နောက်လိုက်များက သဘောပေါက်လာမှ ကြီးမားသည့် အပြောင်းအလဲများ ဖြစ်လာပါလိမ့်မည်။ သင်၏ငယ်သားများက အပြောင်းအလဲကို ယုံကြည်ပြီး ၄င်းယုံကြည်မှုကို နောက်မျိုးဆက်သစ် အလုပ်သမားများထံသို့ လက်ဆင့်ကမ်းလာကြသောအခါ ၄င်းအပြောင်းအလဲအား အကောင်အထည်ဖော်ရာတွင် သင် အောင်မြင်ပြီဖြစ်ကြောင်းကို တွေ့ရပါလိမ့်မည်။

အီးမေးလ်ကို ပို၍သုံးကြပြီး အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖြစ်အောင် ပြုလုပ်ရန် ကျွန်ုပ်၏လူများအား မပြတ်တမ်းပြောပါသည်။ ကျွန်ုပ်သည် နိုင်ငံခြားရောင်းဌာနမှ ထွက်ခွာလာခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ကျွန်ုပ်နိုင်ငံခြားသို့သွားရောက်တိုင်း ကျွန်ုပ်တို့၏ ၄င်းနိုင်ငံရှိ သံအမတ်ကြီးထံသို့ လူမှုရေးအရ အီးမေးလ်ပို့၍ နှုတ်ဆက်ပါသည်။ ကျွန်ုပ်အနေဖြင့် ရောက်ရှိလာကြောင်းနှင့် သင့်တော်သလို ဆက်သွယ်နိုင်ပါကြောင်းကိုသိစေရန်ဖြစ်သည်။ အလွန်လျင်မြန်သည့် တုံ့ပြန်မှုများကိုရရှိသည်ဟု ပြောရသည်မှာ ဂုဏ်ယူရပါသည်။

ကျွန်ုပ် ကောင်းစွာကြိုးပမ်းခဲ့သော်လည်း ကျွန်ုပ်သူငယ်ချင်းဖြစ်သူ ၄င်းအချိန်က ရုရှားဖက်ထရေးရှင်း၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Igor Ivanov ကိုမူ အင်တာနက်လိုင်းပေါ်တွင် စကားပြောရန် ဖျောင်းဖျ၍မရနိုင်ခဲ့ပါ။

သို့သော် Igor က ကျွန်ုပ်အား မော်စကိုမှနေ၍ တယ်လီဖုန်းဆက်ပါသည်။ နယူးယောက်မြို့ ကုလသမဂ္ဂ အစည်းအဝေးတွင် ရုရှားကိုယ်စားလှယ်အဖွဲ့က တင်ပြသည့် ဆုံးဖြတ်ချက်မူကြမ်းအား အမေရိကန်ကိုယ်စားလှယ်အဖွဲ့က ကန့်ကွက်မှုများနှင့် ပတ်သက်၍ ဆက်ခြင်းဖြစ်ပါသည်။ ၄င်းတို့၏ဆုံးဖြတ်ချက်မူကြမ်းသည် ကုလသမဂ္ဂ စောစောပိုင်း အချိန်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ခုနှင့် ရေနောက်မညီညွတ်ဟု ကျွန်ုပ်တို့၏ ကိုယ်စားလှယ်အဖွဲ့က ယုံကြည်ပါသည်။ ကျွန်ုပ်တို့ဘက်က လုံးဝမှားယွင်းသည်ဟု Igor က ဆိုပါသည်။ စောစောပိုင်းက ၄င်းဆုံးဖြတ်ချက်နှင့် ကျွန်ုပ်သည် အကျွမ်းတဝင်မရှိပါ။ ထို့ကြောင့် သူက ဘာပြောနေသည်ကို အစအနပင် မသိရပါ။ သူ့ကို ကျွန်ုပ်က ဆက်လက်စကားပြောနေရင်းက ၄င်းအကြောင်းကို Google အင်တာနက်တွင် ရှာဖွေရာ စက္ကန့်ပိုင်းအတွင်းမှာပင် ၄င်းအကြောင်းကို တွေ့ရပါသည်။ ထို့နောက် ကျွန်ုပ်က "Igor ရေ ခင်ဗျားဘက်က မှန်တယ်ဆိုတာ ကျွန်ုပ်ဘက်က မသေချာပါဘူး။ ကျွန်ုပ် မှတ်မိသည့်အတိုင်းမှန်ပါလျှင် အဲဒီဆုံးဖြတ်ချက်ရဲ့ စာပုဒ် 2B(1) အရဆိုလျှင် ခင်ဗျားဘက်က နားလည်မှုလွဲနေပြီထင်ပါတယ်" ဟု ပြောကြားပါသည်။ တိတ်ဆိတ်၍နေပါသည်။ ထို့နောက် ၄င်းက "Colin ရေ ခင်ဗျားဘက်က သေချာသလား" ဟု သူကမေးပါသည်။ ခင်ဗျားဝန်ထမ်းတွေကို အဲဒီကိစ္စ တစ်ချက်ကြည့်ခိုင်းပါဦး" ဟု ကျွန်ုပ်က ပြန်ပြောပါသည်။ ၄င်းဝန်ထမ်းများအား အချိန်ကို နာရီနှင့်ချိန်၍ ကုန်ဆုံးခဲ့စေပြီးနောက် ကျွန်ုပ်ဘက်က မှန်ခဲ့ပြီး သူ့

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဘက်က မှားယွင်းကြောင်းကို သိရပါသည်။ ကျွန်ုပ်သဘောကျလှပါသည်။ Igor အရင်ဦး ကျွန်ုပ်ကဆုံးဖြတ်ချက်
ကျွန်ုပ်က မလုပ်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ငှင်းသည် ဝါရှင်တန်သို့ရောက်ကတည်းက ညနေတိုင်းလို တစ်ခါ
တလေရောက်လာတတ်သည်။ လက်ဆောင်တစ်ခုခုလည်း အမြဲပင်ပါလာပါသည်။

Igor သည် Hermes လည်စည်းကို ပို၍သဘောကျတတ်ပြီး အဝတ်အစားကို အကျွန်ုပ်ဆေးပစ်လွှာတတ်ဆင်
တတ်သည်ဖြစ်ရာ ကျွန်ုပ်က ငှင်းအား လက်ဆောင်ပေးသည့်အခါ အဆိုပါလည်စည်းကိုပေးပါသည်။ သူက သဘောကျပါ
သည်။ ကျွန်ုပ်က ငှင်းအား အိမ်အောက်ထပ်ရှိ ကျွန်ုပ်၏အိမ်မှ ရုံးခန်းသို့ခေါ်သွားပြီး အိမ်ဆောင်ပြင် ကျောင်းဝင်းကိုပြသပါ
သည်။ ကျွန်ုပ်အတွက် Hermes လည်စည်းကို မှာယူနေသည်ကို ငှင်းက မထုတ်တတ် ထုတ်တတ်ကြောင့် ပေးခြင်းဖြစ်ကြောင်း
ပါသည်။ တစ်မိနစ်ခန့်သာကြာပါသည်။

ငှင်းသည် ခေါင်းကိုခါ၍ "မဟုတ်ဘူး၊ မဟုတ်ဘူး" ဟု ပါးစပ်မှ ရေရွတ်ဟန်ဖြင့်ပြောပါသည်။

Igor သည် နည်းပညာကို ကြောက်ရွံ့သည့်ရောဂါရှိသူတစ်ဦးလည်း မဟုတ်ပါ။ ငှင်းသည် ကျွန်ုပ်ထက်ပင်
အခြားသော တော်လှန်သည့်နည်းပညာရပ်၏ ဘိုးအေကြီးလည်း ဖြစ်ပါသည်။ ဆဲလ်ဖုန်းကိုပြောင်းပြီး ငြင်းပါသည်။
တိုက်ကြီးနှစ်တိုက်၏ တစ်နေရာစီမှ ဝါရှင်တန်မှနေ၍ အချိန်စံတော်ချိန် ကိုးခု ကွာခြားသည့်အပြင်အဆင်ကွာခြားသူများ ကျွန်ုပ်
အနေဖြင့် ဆဲလ်ဖုန်းဖြင့် ပြောဆိုခဲ့ဖူးသမျှတွင် အရေးအကြီးဆုံးသောစကားများကို ပြောဆိုခဲ့ပါသည်။

တရားရုံးသို့ ဆင့်ဆိုခံရမည့် ဖွင့်ချခံရမည့် အီးမေးလ်များရရှိခဲ့ပါ။ သို့သော် ကျွန်ုပ်ထံသည့် တန်ဖိုးကြီးမားကို
Igor က သိထားသည်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သို့သော် Igor သည်ပင်လျှင် (၂၁)ရာစုနှစ်ကို ထာဝရရှောင်နိုင်သည် မဟုတ်ပါ။ ထုနေသော သူသည် နိုင်းငြိမ်း
ရေးဝန်ကြီး မလုပ်တော့ဘဲ ပုဂ္ဂလိကဘဝဖြင့် နေထိုင်လျက် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းများကို ရုပ်ထိုင်လျက်ရှိရာ
Igor သည် အခြားသောနည်းပညာရပ်များဖြင့် အလုပ်များလုပ်လျက်ရှိပြီး ကျွန်ုပ်တို့အချင်းချင်း အီးမေးလ်ရိုက်ပြပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၁၇ သင်သိတာကို ကျွန်ုပ်အားပြောပြပါ

သင်သည် သတင်းကောင်းသတင်းမှန်ကို ဓရဟုဆိုလျှင် (Fact) အဖြစ်မှန်ကို ထင်မြင်ချက်နှင့် မှန်းဆချက်တို့မှ မခွဲထုတ်နိုင်ဟုဆိုပါလျှင် သင်သည် ကောင်းသောမှန်သော ဆုံးဖြတ်ချက်များကို မပြုနိုင်ပါ။

ကျွန်ုပ်သည် သတင်းနှင့်ပတ်သက်၍ အမြဲပင် လောဘကြီးသူဖြစ်ပါသည်။ ကျွန်ုပ်သည် ဝင်စာခြင်းတောင်းပြည့်လျှံနေသည်ကိုလည်းကောင်း၊ လူတွေကရောက်လာပြီး စကားစမြည်ပြောသည်ကိုလည်းကောင်း၊ သူတို့ကြားသည်မြင်သည်များကို ကျွန်ုပ်အားပြောကြားကြသည့် ကျွန်ုပ်ဝန်ထမ်းများနှင့် ယုံကြည်ရသူများက အမြဲမပြတ် ဖုန်းဆက်သည်ကိုလည်းကောင်း လိုလားပါသည်။

နှစ်အတော်ကြာက ကျွန်တော်သည် စာတစ်စောင်၏လိုရင်းကိုသိရှိစေရန် စာကို မြန်မြန်ဖတ်နိုင်အောင် ကြိုးစားခဲ့ပါသည်။ ရုပ်မြင်ဓာတ်လမ်းတစ်ခုထဲက "အဖြစ်ကိုပဲပြောပါ၊ အဖြစ်ကိုပဲပြောပါ" ဆိုသလိုပင် ဖြစ်ပါသည်။

အဖြစ်မှန် (တကယ်ဖြစ်ခဲ့)သည် မှန်ကန်ကြောင်း အတည်ပြုထားသည့် သတင်းအချက်အလက်ဖြစ်ပါသည်။ ၄င်းကို ဓမ္မဓိဌာန် အစစ်အမှန်တရားအဖြစ် တင်ပြကြပါသည်။ အဖြစ်မှန်အဖြစ် အတည်ပြုထားချက်ကို သင့်အနေဖြင့် မှန်ကန်ကြောင်းကို မည်သို့ အတည်ပြုခဲ့ပါသနည်း။ ယနေ့အတည်ပြုသည့်နည်းသည် မနက်ဖြန်အတွက် သုံး၍မရဖြစ်တတ်သည်။ အဖြစ်မှန်သည် အမှန်တကယ်တွင် အဖြစ်မှန်မဟုတ်ဘဲလည်း ဖြစ်တတ်သည်။

အတည်ပြုသည့်နည်းက ပြောင်းလဲသလို အဖြစ်မှန်သည်လည်း ပြောင်းသွားတတ်ပါသည်။ အဖြစ်မှန်က ဓာတ်လမ်း၏ တစ်စိတ်တစ်ပိုင်းကိုသာ ပြောကောင်းပြော

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

နိုင်ပါလိမ့်မည်။ အဖြစ်မှန်ဖြစ်ကြောင်း အတည်ပြုသူက သတ်မှတ်သည့်အရည်အချင်းအရ ဗလာနတ္ထိဖြစ်သည့် သတင်းအချက်အလက်လည်း ဖြစ်နိုင်ပါသည်။

အတည်ပြုပြီးသားဆိုသည့် အဖြစ်မှန်သည်ပင်လျှင် ပီခနဲဖြစ်သွားပြီး ပျောက်သွားနိုင်ပါသည်။ ၂၀၀၃ ခုနှစ်၊ မတ်လ၊ ၁၉ ရက်ညဖြစ်သည့် ပင်လယ်ကွေ့စစ်ပွဲကို စတင်မဆင်နွှဲမီညက ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမ္မတ၏ဘဲဥပုံရုံးခန်းတွင်ရှိနေကြစဉ် ကျွန်ုပ်တို့၏ သူလျှိုများထံမှ Baghdad ရှိ Dora ကွင်းတွင် Saddam Hussein ရှိနေသည်။ အောင်မြင်စွာ တိုက်ခိုက်နိုင်ပါက အစိုးရအဖွဲ့သည် ခေါင်းပြတ်သလိုဖြစ်သွားနိုင်သည်ဟု မျက်မြင်သတင်းဆိုသည်ကို ရပါသည်။ ၄င်းနေရာကို ကျွန်ုပ်တို့က ဗုံးကြဲပါသည်။ ထို့နောက် သူလျှိုများက Hussein ၏ အလောင်းကို သယ်ထုတ်နေသည်ကို မိမိတို့မြင်ကြောင်း သတင်းပို့ကြပါသည်။ အားလုံးမှာ အမှားပင်ဖြစ်ပါသည်။

၁၉၉၃ ခုနှစ်၌ ဆိုမာလီနိုင်ငံတွင် အာဏာရှင် Mohamed Aidid ကို ကျွန်ုပ်တို့က လိုက်ရှာကြပါသည်။ သူလျှိုများက ၄င်းပုဂ္ဂိုလ်အား ထောက်လှမ်းမိခဲ့ကြောင်း၊ ဝင်ရောက်စီးနင်းချိန်တွင် ၄င်းနေရာ၌ ထိုသူမရှိတော့ကြောင်း အမြဲပင်သတင်းပို့ နေပါသည်။ သူလျှိုတို့၏ သတင်းပေးချက်များကို အမြဲပင်စိန်ခေါ်ရမည် ဖြစ်ပါသည်။

၁၉၉၁ ခုနှစ် ပင်လယ်ကွေ့ စစ်ပွဲကာလက ဗိုလ်ချုပ်ကြီး Norman Schwarzkopf ထံမှ အစီရင်ခံများတွင် ကျွန်ုပ်တို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အီရတ်တို့၏ တင့်ကားနှင့် အမြောက်ဦးရေကို ပို၍ခန့်မှန်းဖော်ပြထားသည်ဟု သမ္မတ Bush အား CIA မှ နေ့စဉ်ရှင်းလင်းသူက ပြောပါသည်။ CIA က ဂြိုဟ်တုဓာတ်ပုံက ဖော်ပြထားသည့် စာရင်းမှာ ထိုထက်နည်းပါသည်။ ထိုကြောင့် ကြီးမားသည့် ဗျူရိုကရက်တစ် တိုက်ပွဲကြီးတစ်ခု ပေါ်ပေါက်လာပါသည်။ ထိုကြောင့် ပြဿနာကိုစိစစ်ရန် အမျိုးသားလုံခြုံရေးအကြံပေး၏ရုံးခန်းတွင် အစည်းအဝေး ထိုင်ကြသည်။

အမှန်မှာ ဤသို့ဖြစ်ပါသည်။ CIA ၏ ဂြိုဟ်တုဓာတ်ပုံကို ခွဲခြမ်းလေ့လာသူများက စစ်ခြေပြင်တစ်ခုလုံးကို ထည့်သွင်းထားခြင်းမရှိပါ။ ဗိုလ်ချုပ်ကြီး Norm ၏ အကဲဖြတ်ချက်ကမူ သတင်းအရင်းအမြစ်အမျိုးမျိုးကို အခြေပြုထားပါသည်။ အကုန်အကျများသည့် ဂြိုဟ်တုသတင်း၊ အကုန်အကျများသည့် လေယာဉ်မှူး၏သတင်းပို့ချက်၊ ခပ်မိုမို နီမှီမှရိုက်ထားသည့် ကောင်းကင်ဓာတ်ပုံများကို အားထားပါသည်။

CIA ဌာနချုပ်မှ ပုဂ္ဂိုလ်နှစ်ဦးက အိမ်ဖြူတော်အစည်းအဝေးသို့ တက်ရောက်ကြပါသည်။ တစ်ဦးက ဂြိုဟ်တုဓာတ်ပုံကျွမ်းကျင်သူဖြစ်ပြီး နောက်တစ်ဦးမှာ အထွေထွေကျွမ်းကျင်သူဖြစ်သည်။ သတင်းပင်ရင်းအမျိုးမျိုးကိုရယူထားပြီး သတင်းပြုစုထားသည့် ဒုတိယ CIA အရာရှိ၏ စစ်ခြေပြင်ပုံရိပ်မှာ Norm ခြင်ထားသည်နှင့်လည်းကောင်း၊ CIA ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com

စာရင်းအမြစ်အမျိုးမျိုးဖြင့် ခွဲခြမ်းသူများ၊ ကာကွယ်ရေးဌာန သတင်းထောက်လှမ်းအေဂျင်စီ၊ အမျိုးသားလုံခြုံရေးအေဂျင်စီ နှင့် အမျိုးသားကြည့်ရှုထောက်လှမ်းရေးရုံးတို့မှ ခွဲခြမ်းစိတ်ဖြာသူများက မြင်ကြသည်နှင့်တူနေပါသည်။ ထို့ကြောင့် Norm ၏ အခြင်က လွှမ်းမိုးခဲ့ပါသည်။

အတည်ပြုထားသည့် အဖြစ်မှန်ဆိုသည်မှာ ရေမရောဘဲ သန့်စင်စွာ အမြဲပင်ပေါ်လာသည်ကား မဟုတ်ပါ။ အထူးပြုချက် သို့မဟုတ် ချွင်းချက်များဖြင့်ပေါ်လာတတ်ပါသည်။ အဖြစ်မှန်တွင် ချွင်းချက်များပါလာသောအခါ ကျွန်ုပ်က အမြဲပင် သတိထားပါသည်။ ၄င်းအထူးပြုချက် သို့မဟုတ် ချွင်းချက်များတွင် "ကျွန်ုပ်၏ အတတ်နိုင်ဆုံး အကဲဖြတ်ချက်ကတော့×××"။ "ကျွန်ုပ်အထင်ကတော့×××"။ "ကျွန်ုပ်တို့ကြားရသည်မှာ×××" နှင့် အလားတူစကားများဖြစ်ကြသည်။ ဤကဲ့သို့ ချွင်းချက်ထည့်ထားသည့် အဖြစ်မှန်အချက်များကို ကျွန်ုပ်က ပစ်ပယ်ခြင်းမပြုပါ။ သို့သော် ၄င်းတို့ကို သတင်းဘဏ် (သတင်းစုဆောင်းမှု)တွင် ထည့်သွင်းရာတွင်မူ သတိထားပါသည်။

ကျွန်ုပ်အပေါ်တွင် အထင်မမှားစေလိုပါ။ သတင်းစုဆောင်းသည့်အလုပ်ကို ကျွန်ုပ် အထင်မသေးပါ။ တစ်ခုခုသော ထောက်လှမ်းရေးဝန်ထမ်းအဖွဲ့ သို့မဟုတ် ထောက်လှမ်းရေးအသိုက်အဝန်းကို ရွှတ်ချလိုခြင်းမဟုတ်ပါ။ သတင်းထောက်လှမ်းစုဆောင်းသည့်အလုပ်သည် ခက်ခဲသော၊ ဖိစီးမှုများသော၊ သေရေးရှင်ရေးတမျှလိုအပ်သော အလုပ်ဖြစ်ပါသည်။ ကျွန်ုပ်သည် ထောက်လှမ်းရေးအေဂျင်စီနှင့် ကျွမ်းကျင်သူအမျိုးမျိုးတို့နှင့်အတူ အလုပ်လုပ်ခဲ့ပါသည်။ အမေရိကန် ထောက်လှမ်းရေးအသိုက်အဝန်းရှိ (၁၆)ခုသော ဌာနခွဲများရှိ ပုဂ္ဂိုလ်များနှင့်အတူ အလုပ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် ရန်သူနှင့်အခြေအနေကို နားလည်ပြီး အကောင်းဆုံးသော ဆုံးဖြတ်ချက်များကိုချမှတ်ရန် လိုအပ်သောသတင်းနှင့် အဖြစ်မှန်အချက်အလက်များကို ထောက်လှမ်းရေးခွဲခြမ်းစိတ်ဖြာ လေ့လာသူများက အတတ်နိုင်ဆုံးပေးကြပါသည်။

နှစ်အတန်ကြာသည်အထိပင် ကျွန်ုပ်၏ ထောက်လှမ်းရေးဝန်ထမ်းအဖွဲ့က အကောင်းဆုံးသောသတင်းများကို ပေးခဲ့ကြပါသည်။ ကျွန်ုပ်က ၄င်းတို့အား အမြဲမပြတ် မေးခွန်းထုတ်ပါသည်။ နံဘေးမျဉ်းထဲတွင် မှတ်ချက်ရေးထားပြီး ခွဲခြမ်းလေ့လာချက်ကို ၄င်းတို့ထံသို့ ပြန်ပို့ပါသည်။ ဝန်ထမ်းများသည် ကျွန်ုပ်က စိန်ခေါ်မှုကို နားလည်သဘောပေါက်ကြပါသည်။ အကြောင်းအရာကို ကျွန်ုပ်က မှန်ကန်စေချင်သလို သူတို့ကလည်း မှန်ကန်စေလိုပါသည်။ ဖြစ်စဉ်ကို တူညီသော အမြင်ဖြင့် ရှုမြင်စေရေးနှင့် ၄င်းတို့၏ပခုံးပေါ်မှ တာဝန်ခံရမှုတည်းဟူသော ဝန်ထုပ်ဝန်ပိုးကို ဖယ်ရှားရေးအတွက် ထောက်လှမ်းရေးနှင့်ပတ်သက်သည့် စည်းကမ်းချက်(၄)ချက်ကို ချမှတ်ထားပါသည်။ ၄င်းစည်းကမ်းချက်များကို ထောက်လှမ်းရေးလောကၭ အခန်းနံရံများ၌ ချိတ်ဆွဲထားကြသည်ဟု ပြောကြပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

- သင်သိတာကိုပြောပါ။
- သင်မသိတာကိုပြောပါ။
- ထို့နောက် သင်စဉ်းစားမိတာကိုပြောပါ။
- တစ်ခုနှင့်တစ်ခုကို ခွဲခြားသိမြင်ပါ။

"သင်သိတာကိုပြောပါ" ဆိုသည်မှာ သင်၏အဖြစ်မှန် အချက်အလက်များသည် အထောက်အထားခိုင်မာရမည်ဟု ဆိုလိုပါသည်။ တစ်ခါတလေတွင် အထောက်အထားခိုင်မာသည်အထိ ဖြစ်နိုင်သည်လည်းရှိတတ်ပါသည်။ သို့သော် သင့်အနေဖြင့် ၎င်းခွဲခြမ်းလေ့လာမှုသည် မှန်ကန်ကြောင်းကို သင့်ဘက်က သေချာစေရမည်။

"သဲကန္တာရမှန်တိုင်း" စစ်ဆင်ရေးကာလကဆိုလျှင် အီရတ်စစ်တပ်တွင် ဓာတုလက်နက်ရှိသည်ဆိုသည်မှာ ကျွန်ုပ်တို့၏ ထောက်လှမ်းရေး အသိုက်အဝန်းက လုံးဝသေချာပါသည်။ အတိတ်တွင် အီရတ်စစ်တပ်က ၎င်းလက်နက်များကို မိမိတို့၏ နိုင်ငံသားများနှင့် အိမ်နီးချင်းတို့အပေါ် အသုံးပြုခဲ့သည်သာမက ၎င်းလက်နက်များ ဆက်လက်ရှိနေသည့် အထောက်အထားကောင်းကောင်းရှိပါသည်။ ဤသုံးသပ်ချက်ကို အခြေခံလျက် ကျွန်ုပ်တို့၏ တပ်ဖွဲ့ဝင်များကို ထောက်လှမ်းသည့် ကိရိယာများနှင့် အကာအကွယ်ပြုမည့် ကိရိယာများကို တပ်ဆင်ပေးပါသည်။ ဤသို့သော ပတ်ဝန်းကျင်အခြေအနေတွင် တိုက်ပွဲဝင်ရန် ၎င်းတို့အား လေ့ကျင့်ပေးပါသည်။

"သင်မသိတာ" ဆိုသည့်ကိစ္စမှာ အရေးကြီးပါသည်။ ခေါင်းဆောင်တစ်ဦးတွင် တိကျသည့်သတင်းအချက်အလက်မရှိကြောင်းကို သိကြသည့် သူ့နောက်လိုက်များက သူ့တွင် ထိုသို့မရှိကြောင်းကို မပြောပြပါ။ ထို့ကြောင့် ၎င်းတွင် သတင်းမှန်ရှိသည်ဟု ယုံကြည်သည့်ခေါင်းဆောင်တစ်ဦးဖြစ်ရသည့်အဖြစ်မျိုးထက်ဆိုးသည့်ကိစ္စသည် မရှိပါပေ။ လူတွေက ပြောသင့်သည်ကို ကျွန်ုပ်အား မပြောသဖြင့် ကျွန်ုပ်အနေဖြင့် အခက်ကြုံရသည်မှာလည်း တစ်ကြိမ်မက ရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂ၌ ကျွန်ုပ်ပြောကြားသည့် အီရတ်၏ ဆေးလိုက်သေကျေးဇူးရာစေသည့် လက်နက် (WMD) အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ ကျော်ကြားသည့်မိန့်ခွန်းကို အဖြစ်မှန် အချက်အလက်ပေါ်တွင် အခြေခံထားသည်ဟု ကျွန်ုပ် ယူဆခဲ့သော်လည်း အဖြစ်မှန်အချက်အလက်များပေါ်တွင် အခြေခံထားခြင်းမဟုတ်ခဲ့ပါ။

ရွေလျားသည့် ဗင်ကားပေါ်တွင် တပ်ဆင်ထားသည့် ဂိုးမွားလက်နက်ထုတ်လုပ်သည့်စက်များရှိသည်ဟု သတင်းပို့ချက်များရှိပါသည်။ ကျွန်ုပ်မိန့်ခွန်းထဲတွင် အဆိုပါယာဉ်များအကြောင်းကို အလေးထားဖော်ပြထားပါသည်။ မိန့်ခွန်းပြောပြီးသည့်အချိန်တွင် ၎င်းယာဉ်ရှိသည်ဆိုသည့် စာတမ်းမှာ ကွဲကြေသွားခဲ့ပါပြီ။ အမှန်မှာ ၎င်းယာဉ်များသည် အီရတ်တွင် မရှိခဲ့ပါ။ ထို့ကြောင့် မိန့်ခွန်းမပြောမီတွင် ကျွန်ုပ်အနေဖြင့် ကြိုးစားသင့်သော အချက်နှစ်ရပ်ပေါ်ထွက်လာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ပါသည်။ ပထမအချက်မှာ ကျွန်ုပ်တို့၏ ထောက်လှမ်းရေးသမားများသည် သတင်းအရင်းအမြစ်တစ်ခုတည်းကိုသာ ရယူခြင်းမဟုတ်ကြောင်းကို သိရန်ပင်ဖြစ်သည်။ (၄င်းတို့အနေဖြင့် သတင်းအရင်းအမြစ် အများအပြားကို ထားရှိသင့်သည် သာဖြစ်ပါသည်)။ ဒုတိယအချက်မှာ ပထမအချက်နှင့် ကျွန်ုပ်ထံသို့ မည်သူကမျှ ပေးပို့ထားခြင်းမရှိသည့် သတင်း အချက်အလက်များကို အခြေခံပါက အကြီးတန်းခွဲခြမ်းလေ့လာသူများအနေဖြင့် ၄င်းယာဉ်များရှိသည်ဆိုသည်ကို မသေ မချာဖြစ်မှုပင်ဖြစ်သည်။ ၄င်းခွဲခြားလေ့လာသူအချို့က နောက်ပိုင်း၌ စာအုပ်ရေးသားကြရာတွင် ထိုကဲ့သို့သော နက်နဲစွာ အမှားအယွင်းရှိသည့် သက်သေအထောက်အထားကို ကျွန်ုပ်က အားထားခဲ့သည့်အတွက် ၄င်းတို့အနေဖြင့် အထိတ်တလန့် ဖြစ်ခဲ့သည်ဟု ဖော်ပြခဲ့ကြသည်။

မှန်ပါသည်။ သက်သေအထောက်အထားတွင် နက်နဲစွာ အမှားအယွင်းရှိခဲ့ပါသည်။ ထိုသို့ဆိုလျှင် ၄င်းမိန့်ခွန်းကို ရေးသားနေသည့် တင်းကျပ်သည့် အချိန်နာရီများအတွင်းက တစ်ဦးဦးက အာယာ်ကြောင့်ထရပ်ပြီး မပြောဆိုခဲ့ပါသနည်း။ "အဲဒါကို အမှန်ပင်မသိပါ။ အဲဒါကို မယုံပါဘူး၊ ခင်ဗျား ဒီလိုပြောလို့မရဘူး" စသည်ဖြင့် ပြောဆိုကြရန်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန်မှာ သတ္တိရှိဖို့လိုပါသည်။ အထူးသဖြင့် သင်၏အကြီးအကဲက အခိုင်အမာခွဲကိုင်ထားသည့် အမြင်ကိုဆန့်ကျင်ရသောအခါမျိုး၊ ယေဘုယျအားဖြင့် လွှမ်းမိုးနေသည့်အမြင်များကို ဆန့်ကျင်ရသည့်အခါမျိုး သို့မဟုတ် သင်၏ အကြီးအကဲက အခြေကိုတောင်းဆိုနေသည့်အခါမျိုးတွင် မိမိမသိကြောင်းကို မပြောလိုသည့်အခါမျိုးများတွင် ဖြစ်ပါသည်။

ဤသို့သော အခြေအနေများတွင် ခေါင်းဆောင်သည် အပြစ်တင်မခံရဘဲ ရှိနိုင်သည်ကားမဟုတ်ပါ။ ၄င်းကလည်း ဝန်ထုပ်ဝန်ပိုးကို ထမ်းရပါသည်။ ခေါင်းဆောင်အနေဖြင့် ခွဲခြားစိတ်ဖြာသူများကို ၄င်းတို့သိသည်များကို မိမိရရှိသည် အထိ မသိသည်များကိုလည်း မိမိသိရှိရသည်အထိ မပြတ်မနား အပြန်အလှန်လှန်မေးရပါမည်။ တစ်ချိန်တည်းတွင် တစ်ဦးဦးက ခေါင်းဆောင်အား "ဒါမှားတယ်"၊ "ခင်ဗျားမှားနေပြီ"၊ အဲဒါကို ကျွန်ုပ်တို့ တကယ်မသိပါ" ဟု ပြောရန်မှာလည်း သတ္တိရှိဖို့လိုကြောင်းကိုလည်း ခေါင်းဆောင်က သိရပါမည်။ ခေါင်းဆောင်သည် သတင်းပို့သူကို မည်သည့်အခါမျှ မပစ်ခတ်ရပါ။ အခြေမှန်ရရန် လူတိုင်းက အတူတကွ အလုပ်လုပ်နေကြပါသည်။ အကယ်၍ ၄င်းတို့က မလုပ်ကြတော့ဘူးဆိုလျှင် ပို၍ပင်ဆိုးသည့်ပြဿနာနှင့် သင်တွေ့ရပြီဖြစ်သည်။

ထိုကဲ့သို့သော သတ္တိများကို ကျွန်ုပ်တို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ငယ်သားများတွင် ၄င်းသတ္တိများရှိလာရန် ကျွန်ုပ်တို့က အားပေးရပါမည်။ "တစ်ယောက်ယောက်က ကျွန်ုပ်ကို အာယာ်ကြောင့် မပြောပါလိမ့်" ဟု ပြောလာရသည်ကို ကျွန်ုပ် မုန်းတီးပါသည်။

သင်ကပြောသည့် သိသည်များနှင့် မသိသည်များအတိုင်း ကျွန်ုပ်က ဆောင်ရွက်ပါလျှင် ကျွန်ုပ်သည် ကျွန်ုပ်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

၏အတွေ့အကြုံနှင့် ပို၍ကျယ်ပြန့်သည့် သိရှိမှုများကို သင်၏ပြောကြားချက်များတွင် ထပ်ပေါင်း၍ဆောင်ရွက်ပါသည်။ အကယ်၍ ကျွန်ုပ်၏ ဆုံးဖြတ်ချက်အရ မကောင်းဖြစ်လာလျှင် ကျွန်ုပ်တွင် တာဝန်ရှိသလို သင့်တွင်လည်း တာဝန်ရှိပါသည်။ သင့်တွင်တာဝန်ရှိသည်ဟု သင်က မျှော်လင့်ထားရပါမည်။ အဖြစ်မှန်ကမ္ဘာသို့ သင့်အားကြိုဆိုပါသည်။

၁၉၉၁ ခုနှစ်၌ "သဲကန္တာရမှုန်တိုင်းစစ်ဆင်ရေး" အတွက် ကျွန်ုပ်တို့အနေဖြင့် အဆင်သင့်ဖြစ်သည့်အချိန်တွင် အီရတ်တွင် မာတုလက်နက်ရှိသည်ဆိုသည်ကို ကျွန်ုပ်တို့၏ ထောက်လှမ်းသမားများအနေဖြင့် သေချာပါသည်။ သို့သော် အီရတ်အနေဖြင့် ၎င်းလက်နက်ကိုအသုံးပြုမည်လော၊ အသုံးမပြုဘဲနေမည်လောဟူသည့် မဖြေရှင်းရသေးသည့် ပြဿနာကရှိနေပါသည်။ အချို့သော ခွဲခြမ်းလေ့လာသူများနှင့် ကျွမ်းကျင်သူများက အသုံးပြုလိမ့်မည်ဟု ယူဆသလို အခြားသောသူများကမူ အသုံးပြုမည်မဟုတ်ဟု ယူဆကြသည်။ ဤသည်မှာ ဂန္ဓဝင်မြောက် "မသိပါ" ဟူသည့် အခြေအနေဖြစ်သည်။ အီရတ်တို့တွင် ၎င်းလက်နက်ရှိခဲ့သည်။ ၎င်းတို့သည် ၎င်းလက်နက်ကို အမှန်ပင်အသုံးပြုခဲ့သည်ဟု ကျွန်ုပ်တို့က ယူဆခဲ့ပါသည်။ သို့သော် အီရတ်တို့အနေဖြင့် ၎င်းတို့အပေါ် လက်တုံ့ပြန်လာမည်ကိုလည်းကောင်း၊ ကမ္ဘာအနှံ့ ရွံတ်ချလာမည်ကိုလည်းကောင်း စိုးရိမ်ကြောက်လန့်ရပါမည်။ ၎င်းလက်နက်များကို အသုံးပြုရန် အီရတ်၏တပ်ဖွဲ့များကို သင်တန်းပေးထားသလားဆိုသည်မှာလည်း မရှင်းလင်းပါ။ ကျွန်ုပ်သည် အဆိုပါ "မသိပါ" ဆိုသည်ကို လက်ခံလိုက်ပါသည်။ အီရတ်တို့က ၎င်းလက်နက်ကိုအသုံးပြုလာသည့် အချိန်အထိ၊ သို့မဟုတ် အသုံးပြုရန် ကြိုးပမ်းလာသည့် အချိန်အထိ ၎င်းတို့က အသုံးပြုမည် မပြုမည်ဆိုသည်ကို သေချာအောင် သိနိုင်လိမ့်မည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် အသုံးမပြုစေဖို့ မက်လုံးအမြောက်အမြားရှိနေပါသည်။

သင်ဦးစားမိသည်ကိုယုံပါ

မှန်ကန်ကြောင်း အတည်ပြုထားသည့်အဖြစ်မှန်အချက်များသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဖိုးတန်သည့် အထွေးအမြင် ရတနာများဖြစ်ကြသော်လည်း အတည်မပြုရသေးသည့် သတင်းအချက်အလက်များ၊ ထင်ကြေးများ၊ ထိုးကြည်ရုံသက်သက်များသည်လည်း တစ်ခါတစ်ရံ အရေးကြီးတတ်ပါသည်။ ယုံကြည်ရုံသက်သက်များ မရှိပါက စောဘရေးကွက်၊ သို့မဟုတ် ပစ္စည်းဝယ်ယူစုဆောင်းမှုဟူ၍ ရှိတော့မည်မဟုတ်ပါ။

များစွာသော ခွဲခြမ်းလေ့လာသူများနှင့် ကျွမ်းကျင်သူများက အီရတ်အနေဖြင့် စာတုလက်နက်ကို အသုံးပြုလိမ့်ဟု ယုံကြည်ကြသည်။ ဤသည်မှာ သူတို့၏ ထင်မြင်ချက်ဖြစ်ပါသည်။ ကျွန်ုပ်၏ အကဲဖြတ်ချက်အရဆိုလျှင်

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ထိုသို့ အသုံးပြုလိမ့်မည်မဟုတ်ပါ။ အသုံးပြုလျှင် ဆုံးရှုံးစရာ အများကြီးရှိနေပါသည်။ ၄င်းတို့က အသုံးပြုလာပါလျှင် အချိုးမညီသော အတိုင်းအတာနည်းလမ်းဖြင့် ကျွန်ုပ်တို့က တုံ့ပြန်မည်ဟု ၄င်းတို့အား ဆက်သွယ်၍အသိပေးထားရာ ဤသည်မှာ မည်သည့်အရာဖြစ်နိုင်သည်ကို ၄င်းတို့က စဉ်းစားရန် လွှတ်ထားလိုက်ပါသည်။ ၄င်းတို့သည် ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှုများကို သတိပြုမိကြပါသည်။

ထို့အပြင် အီရတ်၏ ဓာတုလက်နက်ဖြင့် တိုက်ခိုက်လာမှုကို ကျွန်ုပ်တို့က လွန်မြောက်အောင် တိုက်ခိုက်နိုင်သည်ဟု ကျွန်ုပ်က ယူဆပါသည်။ ပြည်တွင်း၌ သက်ရောက်မှုဖြစ်နိုင်သည်ကို ကျွန်ုပ်က စိုးရိမ်ပါသည်။ ပြည်သူတို့က ဒေါသထွက်ပြီး ရူးရူးမူးမူးနီးပါး တုံ့ပြန်ကြမည်ကို စိုးရိမ်ပါသည်။ သို့သော် ၄င်းတို့ကို ထိန်းနိုင်မည်ဟု ကျွန်ုပ်ခံစားရပါသည်။ ဤအကဲဖြတ်ချက်များကို ပြုလုပ်ရာတွင် ကျွန်ုပ်၏ အတွေ့အကြုံနှင့် ပင်ကိုယ်စိတ်တို့ကို အခြေခံထားပါသည်။ အကယ်၍ ကျွန်ုပ်အနေဖြင့် မှားခဲ့ပြီဆိုလျှင် ကျွန်ုပ်တွင် တာဝန်ရှိပါသည်။ ထောက်လှမ်းရေးအသိုက်အဝန်းတွင် တာဝန်ရှိသည်မဟုတ်ပါ။

ဖြစ်ပေါ်လာသည့်အချက်မှာ အီရတ်က ဓာတုလက်နက်ကို အသုံးမပြုခြင်းပင် ဖြစ်ပါသည်။

တစ်ခုနှင့် တစ်ခုကို ခွဲခြားသိမြင်ပါ

အချိန်အခါ၊ ဝန်ထမ်းအင်အားနှင့် အခြေအနေက ခွင့်ပြုသလောက်တွင် သွင်းအားစုများကို များနိုင်သမျှ များစေချင်ပါသည်။ ကျွန်ုပ်တို့သည် ၄င်းတို့ကိုချိန်ဆပါသည်။ ၄င်းသွင်းအားစုများမှာ အတည်ပြုထားသည့် အဖြစ်မှန် အချက်အလက် စိစစ်မှု၊ ထင်မြင်ချက်၊ ထင်ကြေး၊ သတင်းစုံသည့် ပင်ကိုအသိစိတ်များဖြစ်ကြပြီး အရေးယူဆောင်ရွက်မှု တစ်ရပ်ကို ပြုလုပ်ပါသည်။ ၄င်းအချက်များကို သင်က ဂရုတစိုက်ဖြင့် ပုံမှန်စာခြင်းတောင်းများတွင် ထည့်ထားခြင်းမရှိပါက ကျွန်ုပ်အနေဖြင့် မည်သည့်နည်းနှင့်မျှ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

လွန်ခဲ့သောနှစ်များက ဖြစ်ပါသည်။ ကျွန်ုပ်၏သူငယ်ချင်းကောင်းတစ်ဦးဖြစ်သူ ဗိုလ်ချုပ် Butch Saint သည် ကြည်းတပ်ဦးစီးချုပ်၏ အစီအစဉ်တစ်ရပ်နှင့်ပတ်သက်၍ မကောင်းသတင်း ပြောကြားသည့်အတွက် ကြည်းတပ်ဦးစီးချုပ်ရုံးမှ အရွေ့ခံခဲ့ရပါသည်။ Butch အနေဖြင့် ထိုသို့ မလုပ်မီကပင် ၄င်းသည် ခြေသံတွင်းထဲသို့ဝင်နေသည်ကို သိပါသည်။ ထို့ကြောင့်ပင် သူ့အား ရွှေ့ပြောင်းလိုက်သောအခါ ၄င်းအနေဖြင့် အလန့်တကြားမဖြစ်ခဲ့ပါ။ ဤသို့သော ကိစ္စများဖြစ်လာလျှင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ပင်တဂွန်ဌာနချုပ်တစ်ခုလုံးသို့ ၄င်း သတင်းပြန့်သွားပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

များမကြာမီတွင်ပင် ကျွန်ုပ်သည် Butch အား ခန်းမတစ်ခုလုံးကြောင်းသွဲ့ အမှတ်မထင်တွေ့ကြောင်း ပြောဆို ကြသည့်သတင်းကို ကြားရပါသည်။ "ကျွန်ုပ်တို့ လျှောက်လာကြစဉ် ကျွန်ုပ်က ၄င်းအား နှစ်သိမ့်စကားများကို ပြောဆိုကြောင်း"၊ "ဟေး သူ့ကို ပျော်ရွှင်စွာစကားပြောဖို့ ကျွန်ုပ်ကို ခွင့်မပေးပါဘူး" ဟု သူက ညည်သာစွာပြောသည် ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုကိစ္စကို ဘယ်တော့မှ မမေ့နိုင်ပါ။ Butch သည် ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးတစ်ဦး အဖြစ် အနားယူပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၁၈ ကျွန်ုပ်ကို စောပြီးပြောပါ

စစ်တပ်မှ ဇာတ်လမ်းဟောင်းတစ်ပုဒ်ရှိပါသည်။ လေကြောင်းမှအမြောက်၊ ထရပ်ကားနှင့် ခဲယမ်းမီးကျောက်များကို ချပေးသည့်ဇာတ်လမ်းဖြစ်ပါသည်။ ထိုသို့ ချပေးရာတွင် အဆင်မပြေဖြစ်ပြီး ပစ္စည်းများသည် ညင်သာစွာ မြေသို့သက်ရောက်ရမည့် အစား၊ အရှိန်ဖြင့် ဆင်းလာပြီး မြေကြီးကိုဆောင့်မိကာ ပျက်စီးသည်ကပျက်စီးပြီး မီးလောင်သည်က မီးလောင်ပြန်ပါသည်။ ဇာတ်ဆီဖြင့်လောင်နေသည့်မီးသည် ကွင်းပတ်ပတ်လည်ရှိနေရာများသို့ ကူးစက်လာရာ တာဝန်ကျငယ်ရွယ်သူ ဗိုလ်တစ်ဦးက ဝါရင့်တပ်ကြပ်ကြီးအား "တပ်ကြပ်ကြီး တစ်ခုခုတစ်ယောက်ကို ကျွန်ုပ်တို့ အကူအညီတောင်းသင့်ပါသလား"ဟု မေးပါသည်။ ၄င်းတပ်ကြပ်ကြီးက စိတ်ရှည်စွာဖြင့် "ကောင်းပြီ ဗိုလ်ကြီး၊ ဒီကိစ္စကို လျှို့ဝှက်ချက်အဖြစ် ခင်များက ဘယ်လိုထားမလဲဆိုတာကို ကျွန်တော် ကောင်းကောင်းမသိပါ"ဟု ပြန်ဖြေပါသည်။

ဝန်ထမ်းများသည် မကောင်းသတင်းများကို အကြီးအကဲထံသို့ နှေးသထက် နှေးအောင် သတင်းပို့လိုကြပါသည်။ အချို့သော အကြီးအကဲများက ဤသည်ကို ကြိုက်နှစ်သက်မည်ဖြစ်သော်လည်း ကျွန်ုပ်ကား မကြိုက်ပါ။ ကျွန်ုပ်၏ဝန်ထမ်းများ အတွက် အမြဲတမ်း (တည်မြဲ)စည်းကမ်းတစ်ရပ်ကို ကျွန်ုပ်ထုတ်ပြန်ထားပါသည်။ ၄င်းမှာ "ပြဿနာတစ်ရပ်ကို သင်သိလျှင်သိချင်း၊ ၄င်းပြဿနာကို ကျွန်ုပ်အား အသိပေးပါ"ဟူ၍ ဖြစ်သည်။ ဆိုရိုးစကားတစ်ခုကို လူတိုင်းသိကြပါသည်။ ၄င်းဆိုရိုးမှာ "မကောင်းသတင်းသည်၊ ဝိုင်အရက်နှင့်မတူဘဲ အချိန်ကြာသည်နှင့်အမျှ ပို၍ကောင်းမလာပါ"ဟူ၍ ဖြစ်ပါသည်။

ပြဿနာရှိသည်ဟု သိရန်မှာ အရေးကြီးပါသည်။ သို့ရာတွင် အဖြေကိုတွေ့

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ရှိရန်မှာ ပို၍အရေးကြီးပါသည်။ ကျွန်ုပ်သည် ပြဿနာဖြေရှင်းရေးအတွက် ရွေးလမ်းများကိုရှာရန် ဝန်ထမ်းများအား လမ်းညွှန်ပါသည်။ ဤသည်မှာ လမ်းညွှန်ချက်ဖြစ်ပါသည်။ **နောက်ဆုံးပိတ် ဆုံးဖြတ်ချက်မဟုတ်ပါ။** ပြဿနာ၏ပုံသဏ္ဌာန်ကို တည်ဆောက်နေစဉ်တွင် ကျွန်ုပ်အနေဖြင့် အလျင်စလို **ဆုံးဖြတ်မည်မဟုတ်ကြောင်း**ကို အမြဲပင် ရှင်းလင်းစွာသိစေခဲ့ပါသည်။

သို့ရာတွင် ထိုအကြောင်းကို ကျွန်ုပ်က **သိရှိရန်လိုနေပါသေးသည်။ ၎င်းကိစ္စကို** အလုံးစုံသိချင်ပါသည်။ တစ်စိတ်တစ်ပိုင်းကိုသာ မသိချင်ပါ။ မကောင်းတာ အားလုံးကိုလည်း **ကျွန်ုပ်က** ကြားချင်ပါသည်။ အကယ်၍ သူတို့က ကျွန်ုပ်ကိုမပြောလျှင် အခြားသော ပြင်ပပုဂ္ဂိုလ်ထံမှ ကြားသိအောင် လုပ်ဆောင်ပါသည်။ **သို့ဟုတ် ၎င်းကိစ္စကို ကိုယ်တိုင်** သွားရောက်လေ့လာပါသည်။ ဤသို့ဖြစ်သည်ကို **၎င်းတို့က မလိုလားသည်ကို ၎င်းတို့က သိပါသည်။**

၂၀၀၃ ခုနှစ်တွင် ဘဂ္ဂဒက်မြို့ **Abu Ghraib** အကျဉ်းထောင်ရှိ အမေရိကန်စစ်သားများနှင့် စစ်ဆေးခြင်းခံ သူများက အကျဉ်းသားများကို ကြောက်မက်ဖွယ်ပြုမူမှု၊ ညှဉ်းပန်းမှု၊ အရှက်ရစေမှုကို **ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့၏** အပြုအမူများသည် ထိတ်လန့်ဖွယ်ဖြစ်ပြီး ရှင်းလင်းစွာပင် ဥပဒေနှင့်မညီဖြစ်ပါသည်။

ထိုနှစ်နှောင်းပိုင်းတွင် ၎င်းအကျဉ်းထောင်တွင် တာဝန်ကျသည့် တပ်သားတစ်ဦးက **မိမိ၏အကြီးအကဲများထံ** သို့ သတင်းပို့ပြီး ထိုသို့ပြုမူသူများက **ဓာတ်ပုံရိုက်ထားကြကြောင်း** ပြောကြားပါသည်။ **အီရတ်ရှိ** တပ်မှူးများက **ချက်ချင်းအရေးယူဆောင်ရွက်ပြီး** စုံစမ်းမှုပြုလုပ်ရန် ဆောင်ရွက်ခဲ့ပါသည်။ မကြာမီတွင် ၎င်းသတင်းသည် ကာကွယ်ရေး **ဝန်ကြီး Donald Rumsfeld** နှင့် **ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ Richard Myers** တို့ထံရောက်လာသည်။ ၎င်းတို့က **တစ်ဖန်** ၎င်းကိစ္စကို စုံစမ်းနေကြောင်းကို ၂၀၀၄ ခုနှစ်၊ **ဧန်နဝါရီလဖော်ဖော်ပိုင်းတွင်** သမ္မတ **Bush**ထံ တင်ပြပါသည်။

၎င်းအဖြစ်အပျက်များသည် အမှန်ပင် ထိတ်လန့်ကြောက်ရွံဖွယ်ကောင်းကြောင်းကို အဆိုပါ **အကြီးတန်းခေါင်းဆောင်များထံသို့** မည်သူကမျှ ပြောပြခဲ့ဟန်မတူပါ။ **အီရတ်တစ်ခုလုံးဆိုင်ရာ** တပ်မှူးဖြစ်သူ **ဗိုလ်ချုပ်ကြီး Ric Sanchez** က စုံစမ်းစစ်ဆေးမှုပြုလုပ်ကြောင်းကို **ဧန်နဝါရီ (၁၂)**ရက်တွင် ကြေညာခဲ့သည်။ စည်းကမ်းထိန်းသိမ်းရေးအရ အရေး **ယူဆောင်ရွက်နေစဉ်အတွင်း** စစ်သားများအား တာဝန်မှ ဆိုင်းငံ့ထားခဲ့ပါသည်။

အဆိုပါ ယန္တရားမှာ အလုပ်ဖြစ်နေပါသည်။ သို့သော် ယန္တရားတစ်ခုလုံး အလုပ်ဖြစ်နေခြင်းကားမဟုတ်ပါ။ **အကြီးတန်းခေါင်းဆောင်များထံသို့** ပေါက်ရောက်သည့်လမ်းကြောင်းကို မည်သည့်အခါကမျှ ဖွင့်ထားခြင်းမရှိခဲ့ပါ။ **Abu Ghraib** အကျဉ်းထောင်မှ ဓာတ်ပုံများသည် ပင်တပ်ဖွန်ခေါင်းဆောင်များထံ ရောက်ကြပါသည်။ သို့သော် ကာကွယ်ရေး **ဝန်ကြီး Rumsfeld** က ၎င်းဓာတ်ပုံများကို တွေ့ခဲ့ဟန်မတူပါ။ သို့မဟုတ် အိမ်ဖြူတော်သို့လည်း ပြသခဲ့ဟန် မတူပါ။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ပုံးစနက် တံတစ်ခုသည် မီးစွဲနေပါပြီ၊ ပုံးတစ်လုံးသည် ပေါက်ကွဲခါနီးဖြစ်သည်ဆိုသည်ကို အကြီးတန်းခေါင်းဆောင်များသိရှိ အောင် မည်သူကမျှ မလုပ်ကြပါ။

ဗြိုလ်နောင်ဝိုင်းတွင် CBS ရုပ်မြင်သံကြားက အဆိုပါ ဓာတ်ကြောင်းကို ပိုမြင်သာအောင် ပြသခဲ့ပါသည်။ ၄င်းရုပ်မြင်ဌာနက ၄င်းဓာတ်ပုံများကို ရရှိခဲ့ပြီး လွှင့်ထုတ်ပြသခဲ့သည်။ ဤသည်မှာ ပုံးပေါက်ကွဲပြီး ငရဲကျခြင်းပင် ဖြစ်ပါသည်။

၄င်းဓာတ်ပုံများကိုမြင်ရသောအခါ ကျွန်ုပ်သည် အလန့်တကြားဖြစ်ရပါသည်။ "အဲဒီအထိ အမေရိကန်စစ်သားများက ဘယ်လိုပြုလုပ်နိုင်ခဲ့ပါလိမ့်"။ ပင်တဂွန်နှင့် အိမ်ဖြူတော်တွင် သတိပေးသည့် နိုးစက်မမြည်ဘဲ မည်ကဲ့သို့ လူသိရှင်ကြားဖြစ်လာရသလဲ။ ထိပ်ပိုင်းတွင် အရေးယူဆောင်ရွက်မှု အဘယ်ကြောင့်မရှိပါသလဲ။ Rumsfeld က ၄င်းကိစ္စကို အကြာကြီးကတည်းက သိနေပါပြီ"။ မည်သို့ဖြစ်နေသည်ကို ၄င်းတို့က သိခဲ့မည်ဆိုလျှင် သူနှင့်၄င်း၏ဝန်ထမ်းများက ၄င်းအကျပ်အတည်း၏ အတိုင်းအဆကို ချက်ချင်းသိခဲ့ရမည်သာဖြစ်သည်။ သမ္မတ၏ ဝန်ထမ်းများကလည်း အလားတူသိခဲ့ရမည်သာဖြစ်ပါသည်။ ထို့နောက် လေးလေးကြာလာပါသည်။ အဆိုပါကိစ္စကို ဝန်ကြီး သို့မဟုတ် သမ္မတထံသို့ မည်သူကမျှ တင်ပြခဲ့ခြင်းမရှိဖြစ်ခဲ့သည်။

အကယ်၍ ထိုအတိုင်းဖြစ်ခဲ့သည်ဆိုပါလျှင် ၄င်းပြဿနာကို အဆန်းတကြယ် ဖြေရှင်းခဲ့ပြီးဖြစ်လိမ့်မည် မဟုတ်ပါ။ သို့သော် ထိပ်ပိုင်းရှိ ပုဂ္ဂိုလ်များအနေဖြင့် အဆိုပါဘေးဒုက္ခကို မည်သို့ကိုင်တွယ်ရမည်ကို ဆုံးဖြတ်ရန်နှင့် အောက်ခြေအထိဆင်းကြည့်ရန် အချိန်ရရှိခဲ့မည်သာဖြစ်ပါသည်။ သမ္မတအား စောစီးစွာပြောကြားခြင်း မရှိခဲ့ပါ။

"ကျွန်ုပ်တို့က တစ်ဦးဦးကိုခေါ်ဖို့ လိုပြီလား"ဟု မေးလာလျှင် အမြဲမှာ အမြဲတမ်းပင် "ဟုတ်ကဲ့"ဟူ၍ ဖြစ်ပါသည်။

စောစီးစွာ အကြောင်းကြားခြင်းဖြင့် ရှုထောင့်အမျိုးမျိုးမှနေ၍ ကျွန်ုပ်တို့အနေဖြင့် ပူးတွဲလုပ်ဆောင်နိုင်ပါသည်။ အချိန်လည်း မဆုံးရှုံးတော့ပါ။

ကျွန်ုပ်၏ ဝန်ထမ်းများအား နှစ်အတော်ကြာသည်အထိ အမြဲတမ်း ပြောကြားခဲ့သလိုပင် အကယ်၍ ကျွန်ုပ်အတွက် အလုပ်လုပ်ချင်သည်ဆိုပါလျှင် ကျွန်ုပ်ကို အလန့်တကြားမဖြစ်ပါစေနှင့်။ သင်က ကျွန်ုပ်အား ပြောကြားပြီဆိုလျှင် အရာရာတိုင်းကို ပြောပြပါ။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၁၉ သတင်းဦး (First report)ကို သတိထားပါ

Dewey က Truman ကို နှိုင်ပြီ

ငှင်းသတင်းသည် အမေရိကန်သမိုင်းတွင် အကျော်ကြားဆုံးဖြစ်ပြီး ဓမ္မနှင့်ကန် သည့်သတင်းဦးတစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ Chicago Tribune သတင်း စာက စာမျက်နှာအပြည့် ဗျာဂျလောင်လောင်သတင်းကို ၁၉၄၈ ခုနှစ် ရွေးကောက်ပွဲနေ့ ညဘက်တွင် ထုတ်ဝေခဲ့သည်။ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Thomas E.Dewey က သမ္မတ Harry S.Truman ကို နိုင်လိုက်ပြီဆိုသည့်သတင်း ဖြစ်ပါ သည်။ သတင်းမှားဖြစ်ပါသည်။ သမ္မတ ထရူးမင်းက ငှင်းသတင်းစာကိုကိုင်လျက် သွားပေါ်အောင်ပြုံးနေသည့်ဓာတ်ပုံက အဖြစ်မှန်ကိုပြသပါသည်။

သမ္မတ Reagan ၏ အမျိုးလုံခြုံရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင် စဉ်အတွင်း ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၃)ရက် ညဘက်တွင် "ပဲ့ထိန်းခုံးကျည်တပ် ကရူဇာသင်္ဘော USS Vincennes က တိုက်ခိုက်လာသော အီရန်၏ F-14 တိုက် လေယာဉ်ကို ပါရှန်ပင်လယ်ကွေ့တွင် ဗစ်ချလိုက်သည်"ဟု ကျွန်ုပ်ထံသို့ တယ်လီဖုန်း ဆက်လာပါသည်။ ထို့ကြောင့် သမ္မတထံသို့ ငှင်းသတင်းကို ကျွန်ုပ်က ဖုန်းဆက် သတင်းပို့ပါသည်။ ငှင်းသတင်းပို့ချက်သည် သတင်းဦး (ကနဦးသတင်း)သာဖြစ်ပြီး မှန်သည်ဟု ကျွန်ုပ်က ဓထင်ကြောင်းကို ပြောပြပါသည်။

သို့ပေမဲ့ကြာမီမှာပင် Vincennes က ဗစ်ချခဲ့သော လေယာဉ်မှာ F-14 လေယာဉ်မဟုတ်ကြောင်း၊ ပုံမှန်လမ်းကြောင်းအတိုင်း ဆင်းသက်လာသည့် အီရန်၏ အဲယားဘတ်(စ်)ခရီးသည်တင်လေယာဉ်ဖြစ်ကြောင်းဖြင့် နောက်ထပ် သတင်းဝင်လာပါ

www.burmeseclassic.com

bookhouse

www.burmeseclassic.com

သည်။ ဤမှားယွင်းမှုကြောင့် ခရီးသည်ပေါင်း (၂၉၀)မှာ သေပွဲဝင်ကြရပါသည်။ နောက်ပိုင်း စုံးစစ်မှုအရ တိုက်လေယာဉ်တစ်စင်း ဆင်းလာသည်ဟု မှားယွင်းစွာ သတင်းပို့ခဲ့ကြောင်း၊ ၄င်းကနဦးသတင်းကို Vincennes ၏ ရေယာဉ်မှူးက မယုံကြည်သင့်ကြောင်း ကောက်ချက်ချခဲ့ပါသည်။

၂၀၀၃ ခုနှစ် မတ်လတွင် သတင်းဦးများ ပေါ်ထွက်လာခဲ့သည်။ CIA သူလျှိုများက Saddam Hussein အား Dora လယ်ကွင်းတွင် တွေ့ထားသည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က ၄င်းနေရာကို တိုက်ခိုက်ခဲ့သည်။ နောက်ထပ်သတင်းဦးများ ပေါ်လာနေသည်။ Saddam Hussein ၏ အလောင်းကို သယ်ထုတ်သည်ကိုတွေ့ရသည်ဟူသည့်သတင်းပင်ဖြစ်သည်။ ၄င်းသေဆုံးပြီဆိုသည့်သတင်းမှာ သတင်းမှားပင်ဖြစ်ပါသည်။ ၄င်းအနေဖြင့် Dora လယ်ကွင်းတွင်ရှိနေရုံးမှန်လျှင် တိုက်ခိုက်ရသည်မှာတန်ပါသည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် ကော်ကေးရှားနိုင်ငံ၏မြို့တော် Tbilisi သည် သူပုန်ထသည့်အခြေအနေဖြစ်လာသည်။ အမှားအယွင်းရှိသော ပါလီမန်ရွေးကောက်ပွဲကြောင့် လမ်းပေါ်တွင် လူစုလူဝေးဖြင့် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး သမ္မတ Shevardnadze ရာထူးမှ ဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ၄င်းသမ္မတက အခြေအနေကိုထိန်းသိမ်းရန် ကြိုးပမ်းသော်လည်း အဓိကရုဏ်းနှင့် အကြမ်းဖက်မှုများဖြစ်လာမည့် အနေအထားဖြစ်လာခဲ့သည်။ နိုဝင်ဘာ (၂၂) ရက်၌ သမ္မတ Bush ၏ အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ Condi Rice က ကျွန်ုပ်ထံ ဖုန်းဆက်ပြီး အိမ်နီးနားချင်း ရုရှားဖက်ထရေးရှင်းနိုင်ငံက ဆန္ဒပြမှုကို နှိမ်နင်းပြီး ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရန် မိမိ၏ Spetsnaz အထူးတပ်ဖွဲ့များကို ပေးပို့လိမ့်မည်ဖြစ်ကြောင်း ပြောကြားလာပါသည်။ ဤကဲ့သို့ စစ်ရေးအရ ကြားဝင်ဆောင်ရွက်လျှင် အခြေအနေမှာ ပို၍ဆိုးလာပြီး ပြည်တွင်းစစ်သို့ ရောရွနိုင်ပါသည်။ ၄င်းသတင်းဦးကို စိစစ်ရပါမည်။ မှားသည်ဟု ကျွန်ုပ်ထင်ပါသည်။ အဆက်အစပ်ရှိဟုလည်း ခံစားရပါသည်။

ဆိုဗီယက်၏ ပြိုဟ်ရုံနိုင်ငံများအနေဖြင့် ဆိုဗီယက်၏ စိုးမိုးမှုမှ ခွဲထွက်မည့်အန္တရာယ်ရှိပါလျှင် ဆိုဗီယက်တို့က စစ်ရေးအရ ဝင်ရောက်မည်ဖြစ်ကြောင်းကို စစ်အေးကာလက အမှန်ဝင် ပြသခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံသည်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံသည်လည်းကောင်း ၄င်းကိစ္စအတွက် သာဓကများဖြစ်ကြသည်။ သို့သော် ရုရှားသည်လည်းကောင်း၊ ကမ္ဘာကြီးသည်လည်းကောင်း ၁၉၅၆ နှင့် ၁၉၆၈ ခုနှစ်များကတည်းက အောက်ခြေသိမ်းပြောင်းလဲလာခဲ့ပြီး ဖြစ်ပါသည်။ ကော်ကေးရှားအခြေအနေကို ရုရှားတို့က စောင့်ကြည့်နေကြသည်။ သို့သော် ကျွန်ုပ်တို့သည် ၄င်းတို့နှင့် အဆက်အသွယ်ရှိနေပါသည်။ ၄င်းတို့အနေဖြင့် စစ်ရေးအရဆောင်ရွက်မည့် နည်းဥာဏ်ပြသချက်များကို ကျွန်ုပ်အနေဖြင့် မတွေ့ရှိရပါ။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ဝန်ထမ်းများအား ၄င်းတို့ရန်ကိုင်သမျှ သတင်းအားလုံးကို ရယူရန်နှင့် အတည်ပြုနိုင်ရေးအတွက် ထောက်လှမ်းရေးအသိုက်အဝန်းနှင့် တိုက်ဆိုင်စစ်ဆေးရန် ကျွန်ုပ်က တာဝန်ပေးထားပါသည်။ ၄င်းတို့အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ကြမည်ကို ကျွန်ုပ်သိပါသည်။ သို့သော် ၄င်းသတင်းကို ကျွန်ုပ် မြန်မြန်ရရှိဖို့ဖြစ်နေပါသည်။ အကယ်၍ Condi ၏ သတင်းက မှန်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် အကျွမ်းတဝင်နှင့်တွေ့ရပြီဖြစ်သည်။ အကယ်၍ ၄င်းသတင်းမှားခဲ့လျှင် ၄င်းသတင်းကို မီဒီယာထံ ရောက်သွားစေပြီး ပြဿနာဖေါ်စေရန် ဆောင်ရွက်ရပါမည်။

ဤအတောအတွင်း ကျွန်ုပ်ယုံကြည်စိတ်ချရသော ရုရှားနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Igor Ivanov သည် Shevardnadze နှင့် ညှိနှိုင်းရန် Tbilisi သို့ အသွားလမ်းခရီးတွင် ရောက်ရှိနေပါသည်။ Shevardnadze အနေဖြင့် ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့စဉ်က Igor သည် Shevardnadze ၏ လက်ထောက်များအနက် တစ်ဦးဖြစ်ခဲ့ပါသည်။ ၄င်းတို့နှစ်ဦးသည် ရင်းနှီးကြပါသည်။ Shevardnadze ထိုသည်ဦး ကျွန်ုပ်ကောင်းကောင်း သိပါသည်။

Igor သည် လေယာဉ်ထဲတွင် တယ်လီဖုန်းမရှိသဖြင့် ၄င်းအား Tbilisi လေယာဉ်ကွင်းသို့ရောက်လာသည် အထိ ကျွန်ုပ်ကစောင့်ရပါမည်။ လေယာဉ်ဆိုက်လျှင်ဆိုက်ချင်း ၄င်းက ဆဲလ်ဖုန်းဖြင့် ကျွန်ုပ်ထံ ခုန်ဆက်ပါသည်။ ကျွန်ုပ်က အခြိန်မဆိုင်းဘဲ ၄င်းတို့၏ အထူးတပ်ဖွဲ့လုပ်ရှားမည့်သတင်းကို ကြားရကြောင်း ၄င်းအားပြောပါသည်။

"Colin ရေ၊ ဒါက အဓိပ္ပာယ်မရှိပါဘူး" ဟု သူကပြန်ပြောပါသည်။ "ဒီဟာမျိုးကို ကျွန်ုပ်တို့က ဘာကြောင့် လုပ်ရမှာလဲ။ ၄င်းသတင်းကို ကျွန်ုပ်ပြတ်ပြတ်သားသားငြင်းပါတယ်" ဟု ၄င်းက ဆက်ပြောပါသည်။

Igor သည် သတင်းသိသူဖြစ်သည်။ သူ့အား ကျွန်ုပ်က ယုံကြည်အားထားပါသည်။ ၄င်း၏ငြင်းဆိုချက်ကို Dr. Rice ထံသို့ သတင်းပို့ပါသည်။ ကနဦးသတင်း (သတင်းဦး)သည် အမြန်ပင် အငွေ့ပြန်သွားခဲ့ပါသည်။ Igor က ညှိနှိုင်းမှုကိုဆက်၍ဆောင်ရွက်ပါသည်။

ထိုနေ့နောင်းပိုင်းတွင် Shevardnadze အစိုးရသည် နုတ်ထွက်သွားပါသည်။ ထို့နောက် တရားမျှတသည့် ရွေးကောက်ပွဲအသစ်ကို ကျင်းပပါသည်။

၄င်းသတင်းဦးဆိုသည်ကို အခြိန်မလွန်မီ ကျွန်ုပ်တို့က ဖယ်ရှားပစ်ရပါမည်။ ထိုသို့ပင် ဖယ်ရှားပစ်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ကျော်ကျိယာအဖြစ်အပျက်ကို တင်စားခေါ်ဝေါ်သည့် "နှင်းဆီတော်လှန်ရေး"သည် အောင်မြင်ခဲ့ပါသည်။ (၂၀၀၈ ခုနှစ် ရုရှား-ကျော်ကျိယာစစ်ပွဲက အိမ်နီးနားချင်းနိုင်ငံများ၏ရေးရာများတွင် ရုရှားက စစ်ရေးအရ ကြားဝင်နိုင်စွမ်းရှိကြောင်းကို ပြသခဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်တိုင်းတွင် သတင်းဦးဟူ၍ရှိပါသည်။ ၄င်းသတင်းဦးသည် လုံးဝလည်း တိကျနိုင်ပါသည်။ ထို့ကြောင့် ၄င်းသတင်းကို သတင်းဘဏ်တိုက်သို့ သင်က ဆောင်ယူသွားနိုင်ပါသည်။ ၄င်းသတင်းဦးသည် တစ်စိတ်တစ်ပိုင်းသာ တိကျသည်လည်းဖြစ်နိုင်ပါသည်။ လုံးဝမှားယွင်းသည်လည်း ဖြစ်နိုင်ပါသည်။ အကောင်းဆုံးဖြစ်နိုင်ချက်မည်သို့ရှိသည်ကို စဉ်းစားရေးအတွက် ၄င်းသတင်းဦးကို မည်သို့ချိန်ဆရ ပါမည်နည်း။ နှစ်အတော်ကြာသည့်ကာလအတွင်း သတင်းဦးရာပေါင်းများစွာနှင့် ကျွန်ုပ်ကြုံခဲ့ရသည့် အတွေ့အကြုံက ၄င်းသတင်းကို တုံ့ပြန်ရေးအတွက် အောက်ပါစိစစ်မည့် အချက်များကို ပေးစွမ်းပါသည်။

- ၄င်းသတင်းသည် အဓိပ္ပာယ်ရှိပါသလား မေးပါ။ အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်လိုက်ပါ။ ထို့နောက် မျက်စိကိုပွတ်ပါ။
- ဖြစ်ပေါ်နေသည့်အခြားကိစ္စရပ်များနှင့် ၄င်းသတင်းသည် အံကိုက်ညီပါသလော။ ဤအဖြစ်အပျက်အတွက် စကားအဆက်အစပ်တစ်ရပ်ရပ်ရှိပါသလော။
- ၄င်းကိစ္စကို ပုံဖော်စဉ်းစားဖို့ ကျွန်ုပ်အနေဖြင့် အချိန်ဘယ်လောက်လိုပါသလဲ။
- ဤကိစ္စကို ကျွန်ုပ်အနေဖြင့် မည်သည့်နည်းဖြင့် အတည်ပြုနိုင်သလဲ။ ဝန်ထမ်းများကိုဆောင်ရွက်စေပါ။ တယ်လီဖုန်းကို သုံးပါ။
- သတင်းသည်မှန်ကန်ပြီး ကျွန်ုပ်တို့လုပ်ဆောင်ရန် နေးကွေးနေပါလျှင် အရေးစွန့်ရမည့်အရာ၊ ကုန်ကျမည့်တန်ဖိုး၊ ဆုံးရှုံးရမည့်အခွင့်အလမ်းတို့ကား အဘယ်နည်း။
- ၄င်းသတင်းသည် မှားယွင်းပြီး ကျွန်ုပ်တို့က အလျင်စလိုဆောင်ရွက်ပါလျှင် အရေးစွန့်ရမည့်အရာ၊ ကုန်ကျမည့်တန်ဖိုး၊ ဆုံးရှုံးရမည့်အခွင့်အလမ်းများကား အဘယ်နည်း။
- အလျော်အစားသည် မည်သည်တို့ဖြစ်ပါသနည်း။
- အချိန်ဇေပါပြီ။ တစ်ခုခုကိုလုပ်ပါ။ ဆက်လက်ရှာဖွေပါ။

လွန်ခဲ့သည့်နှစ်များအတွင်းက မှန်ကန်သည့်သတင်းဦးများနှင့်လည်း ကျွန်ုပ်သည် အတွေ့အကြုံရှိခဲ့ပါသည်။ ၄င်းသတင်းအချို့အတိုင်း ကျွန်ုပ်က ဆောင်ရွက်ပါသည်။ အချို့ကို မဆောင်ရွက်ပါ။ အချို့ကို မဆောင်ရွက်ခဲ့သည့်အတွက် ကျွန်ုပ်ဝမ်းနည်းကောင်းပန်မိပါသည်။ လိမ္မာပါးနပ်သည့် ရန်သူက မှားယွင်းသည့်သတင်းဦးကို ဖန်တီးတာဟာသည်ကို သင့်အနေဖြင့် အမြဲသတိရှိနေရပါမည်။ အချို့သော ၄င်းသတင်းဦးများမှာ ရန်သူက သင့်အားလုပ်နေလိုသည့် ကိုလုပ်စေရေးအတွက် ဩဇာလွှမ်းရန်ဖြစ်ပြီး အချို့မှာ သင်က လုပ်သင့်သည်ကို မလုပ်မိစေရန်ဖြစ်သော သတင်းဦးများ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြပါသည်။ မဟာမိတ်များက နော်မန်ဒီကမ်းခြေမှ ချဉ်းနင်းဝင်ရောက်ရေးဆိုသည့်သတင်းဦးကို ကုပ်ကြည့်ရန် ဟစ်တလာက ငြင်းပယ်ခဲ့ပါသည်။

ကျွန်ုပ်၏အတွေ့အကြုံအရဆိုလျှင် သတင်းဦးကို ပထမဆုံး (အဦးဆုံး) တွဲဖြန့်ရာတွင် အသက်ပြင်းပြင်းရှူရှိက်မှုသည် အကောင်းဆုံးသော တွဲဖြန့်မှုပင်ဖြစ်ပါသည်။ ပူနေသည့် အလူစာစ်လုံးကို ဓာတ်တင်မီတွင် အေးစေရန် ကြိုးပမ်းပါ။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၂၀ ပရိသတ် ၅မျိုး

၁၉၉၁ ခုနှစ် "သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးသည် ကြေးနန်းနှင့် ရုပ်မြင်တို့၏ သတင်းဦးစစ်ပွဲပင်ဖြစ်သည်။ CNN က လေလိုင်းပေါ်တွင် မျက်မြင်သတင်းပေးပို့ချက်များဖြင့် လွှမ်းလျက်ရှိသည်။ အသံလွှင့်ကွန်ရက်များကလည်း လိုက်ပါလုပ်ဆောင်ကြသည်။ ၄င်းပဋိပက္ခကို ကမ္ဘာအနှံ့ရောက်စေရန် ဂြိုဟ်တုကလည်း ဆောင်ရွက်ပေးပါသည်။ ဖြစ်ပျက်သမျှကို လက်လှမ်းမီလိုသဖြင့် ရာနှင့်ချီသော သတင်းထောက်များကလည်း တိုက်ပွဲရှိရာသို့ ရောက်လာကြသည်။ စစ်ပွဲကိုပြုလုပ်နေကြသည့် ကျွန်ုပ်တို့အနေဖြင့် သတင်းကို သိရှိရန် တောင်းဆိုမှုကို ကျေနပ်စေရန် နောက်ထပ်လုပ်ငန်းတာဝန်တစ်ခုရှိလာပါသည်။ ကျွန်ုပ်၏ ပူးတွဲစစ်ဦးစီးအဖွဲ့၏ လုပ်ငန်းတစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး Dick Cheney ၏ လုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ ၄င်းကိစ္စကို စီမံဆောင်ရွက်ရန်ဖြစ်ပါသည်။ ဝေဖန်မှုအတော်အတန်ရှိသော်လည်း ကျွန်ုပ်တို့က ကောင်းစွာဆောင်ရွက်နိုင်ခဲ့ပါသည်ဟု ကျွန်ုပ်က မြင်ပါသည်။

အမေရိကန်ပြည်သူများကို ပြန်ကြားပေးရမည်ဆိုသည့် မီဒီယာတာဝန်ဝတ္တရားက ကျွန်ုပ်အပေါ်တွင် တာဝန်တစ်ရပ်ကို ချမှတ်ခဲ့သည်ဆိုသော အခြေခံမူကို ကျွန်ုပ် အမြဲပင်ယုံကြည်ပါသည်။ ၄င်းတာဝန်မှာ မည်သို့ဖြစ်ပျက်နေသည်ကို မီဒီယာများသို့ အဖြစ်နိုင်ဆုံးပြောကြားရန်ပင်ဖြစ်သည်။ "သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးအတွင်း ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များကို ၄င်းတို့က သဘောပေါက်ရေးအတွက် ကူညီရန် ကျွန်ုပ်က တာဝန်ယူခဲ့ပါသည်။ ဤသို့ဖြင့် ၄င်းတို့၏အလုပ်ကို ၄င်းတို့က လုပ်နိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ စစ်ဆင်ရေးကို ထိခိုက်မည့်၊ ကျွန်ုပ်တို့အဖွဲ့အား

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

အရဲစွန့်ရစေမည့် သတင်းများကို မထုတ်ပေးရန်လည်း ကျွန်ုပ်တွင် တာဝန်ဝတ္တရားရှိပါသည်။ မီဒီယာများအနေဖြင့် ကျွန်ုပ်က သိစေလိုသည်ထက် ၄င်းတို့က ပို၍သိလိုကြသော်လည်း သူတို့ကြားလိုသမျှကို ကျွန်ုပ်တို့က မပြောပြသဖြင့် ကျွန်ုပ်တို့အား ဝေဖန်ခဲ့ကြသော်လည်း ၄င်းတို့က သူတို့၏ အလုပ်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အလုပ်ကိုလည်းကောင်း နားလည်သဘောပေါက်ကြပါသည်။

တစ်ခါတစ်ရံတွင် တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်တတ်သော ၄င်းတာဝန်ဝတ္တရားနှစ်ခုအကြား မှန်ကန်သည့် ချိန်ခွင်လျှာကို တွေ့ရှိရန် ကောင်းစွာကြိုးပမ်းခဲ့ပါသည်။ သို့သော် ဤကိစ္စအတွက် ကျွန်ုပ်တို့သည် နောက်ဆုံးပိတ် အဆုံးအဖြတ်ပေးသူများ မဟုတ်ကြပါ။ ထိုသို့ ဆုံးဖြတ်ရန်မှာ အမေရိကန်ပြည်သူများအပေါ်တွင် တည်ပါသည်။ ၄င်းတို့သည် သတင်းမှန်သမျှကို သိလိုခဲ့ကြပါသည်။ သို့ရာတွင် ၄င်းတို့၏ သားသမီးများကို အကာအကွယ်ပေးရန်လည်း ကျွန်ုပ်တို့အား ယုံမှတ်အပ်နှံထားပါသည်။

၄င်းကိစ္စသည် လေလောဆယ်တွင် ထင်သာမြင်သာ မဖြစ်လာသေးသော်လည်း "Saturday Night Live (SNL) တွင် ပြသချက်က ကျွန်ုပ်တို့အနေဖြင့် စာနယ်ဇင်းများကို မည်သို့ကိုင်တွယ်နေသည်ကို အမေရိကန်အများစု၏ ယူဆပုံကို တင်ပြထားပါသည်။ SNL ၏ ဓာတ်လမ်းတိုတစ်ခုအဖြစ် ကျွန်ုပ်နှင့် Dick Cheney တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်နေသည်ကို ပြသပါသည်။ ၄င်းရှင်းလင်းပွဲတွင် သတင်းထောက်များက ထိပ်တမ်းလွှမ်းမိုးချက်မကဖြစ်သော မေးခွန်းများကို မေးကြပါသည်။ "နံနက်ပိုင်း ဘယ်အချိန်မှာတိုက်မှာလဲ" ဟူသည့် မေးခွန်းမျိုးဖြစ်ပါသည်။ ၄င်းနေရာတွင်ရှိနေကြသည့် လူများက ကျွန်ုပ်တို့အနေဖြင့် မည်သည်ကို ရင်ဆိုင်နေရသည်၊ ဆောင်ရွက်ရန် မည်သို့ကြိုးပမ်းနေသည်ကို သဘောပေါက်သည်ဟု ကျွန်ုပ်က ယူဆပါသည်။

အဆိုပါ ပဋိပက္ခကာလအတွင်း ကျွန်ုပ်နှင့် Cheney တို့က သတင်းစာရှင်းလင်းပွဲများကို ပြုလုပ်ခဲ့ပါသည်။ သတင်းစာရှင်းလင်းပွဲပြုလုပ်တိုင်းတွင် ကျွန်ုပ်သည် ဝရိသတ်အမျိုးမျိုးသို့ စကားပြောနေသည်။ ၄င်းတို့အားလုံးကို ကျေနပ်စေရမည်ဆိုသည်ကို သတိပြုမိပါသည်။ ကျွန်ုပ်၏ သတင်းစာရှင်းလင်းပွဲအများစုတွင် အောက်ပါဝရိသတ် ငါးမျိုးကို တွေ့ရပါသည်။

၁။ မေးခွန်းမေးသည့်သတင်းထောက် ။ ။ ၄င်းသတင်းထောက်သည် အရေးကြီးမှုအနည်းဆုံးသော ဝရိသတ်ဖြစ်ပါသည်။ သင်သည် သတင်းထောက်အားပြောနေခြင်းမဟုတ်ဆိုသည်ကို အမြဲသတိရပါ။ စောင့်ကြည့်နားထောင်နေသူများထံသို့ သတင်းထောက်မှတစ်ဆင့် စကားပြောနေခြင်းဖြစ်ပါသည်။ သတင်းထောက်ကို လေးစားရန် ဤသည်က ပြောပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

တွေ့ဆုံမေးမြန်းမှုပြုရာတွင် ဆွဲအနေသော (မမေးရ) မေးခွန်းမျိုးများ ရှိရမည်မဟုတ်ပါ။ သတင်းထောက်တစ်ဦးအား ဒေါက်ဖြူတ်မှု (လူရှေ့တွင်နှိမ်မှု)ကြောင့် သင့်အား ဗိုလ်ကျသူအဖြစ် ထင်မြင်စေနိုင်ပါသည်။

၂။ စောင့်ကြည့်နားထောင်နေကြသည့် အဓေရိကန်ပြည်သူများ ။ ။ ငှင်းတို့က သတင်းပြန်ကြားချက်ကို သိလိုကြပါသည်။ အထူးသဖြင့် ငှင်းတို့၏ သားသမီးများ၊ ချစ်ခင်သူများသည် တိုက်ပွဲတွင် ပါဝင်ထိတွေ့နေကြသူများဖြစ်ကြသည်။ ငှင်းတို့က မည်သည်ကိုလုပ်ဆောင်နေကြောင်းကို ငှင်းတို့၏ခေါင်းဆောင်များက သိရှိကြောင်းနှင့် စိတ်ချယုံကြည်မှုရှိစေကြောင်းတို့ကို ငှင်းတို့ထံ အသိပေးစေလိုပါသည်။ ငှင်းပြည်သူတို့က ရိုးသားဖြောင့်မတ်မှုကို မျှော်လင့်ပါသည်။ ငှင်းရိုးသားဖြောင့်မတ်မှုသည် ငှင်းတို့နှင့် ထိုက်တန်ပါသည်။ ငှင်းပရိသတ်ထဲတွင် နိုင်ငံရေးခေါင်းဆောင်များနှင့် အစိုးရပိုင်းခေါင်းဆောင်များ ပါဝင်ပါသည်။ ဤသို့ပါဝင်သည့်တိုင် ငှင်းတို့သည် ဝါရှင်တန်တွင်ရှိနေကြပြီး အများစုမှာ ဤသတင်းကို သတ္တင်းဦးအဖြစ် ကြားနေကြပါသည်။

၃။ မြို့တော်ပေါင်း (၁၉၀)ကျော်တွင်ရှိကြသော နိုင်ငံရေးနှင့် စစ်ဘက်ခေါင်းဆောင်များ ။ ။ ငှင်းခေါင်းဆောင်တိုင်းသည် မိမိပြည်သူများကို မိမိတို့ ပြောဆိုခဲ့သည်များနှင့်ပတ်သက်၍ မှတ်ချက်ပေးရမည်၊ ရှင်းပြရမည်ဖြစ်ပါသည်။ "သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးတွင် ငှင်းတို့အနက် အများအပြားသည် အမေရိကန်၏ ဦးဆောင်မှုအောက်တွင် ငှင်းတို့၏တပ်ဖွဲ့များ ပါဝင်ခဲ့ကြသည်။ ဤအချက်က ဆိုလိုသည်မှာ သင်စကားပြောနေသည်မှာ နိုင်ငံခြားခေါင်းဆောင်များသာမကဘဲ ငှင်းတို့၏ နိုင်ငံသားများနှင့် ငှင်းတို့၏မိသားစုများကို စကားပြောနေပါသည်ဟူ၍ ဖြစ်ပါသည်။

၄။ ဂရုတစိုက် စောင့်ကြည့်နားထောင်နေကြသည့်ရန်သူများ ။ ။ သင့်အား ဆန့်ကျင်သည့်အရာတစ်ခုခုကို ရန်သူအားပေးရန် သင်မလိုလားပါ။ မေးခွန်းအချို့ကို ရှောင်ရှားရာတွင် သင့်အနေဖြင့် ကျွမ်းကျင်ရန်လိုအပ်ပါသည်။ "စစ်ဆင်ရေးပြုလုပ်ရန် လောင်စာဆီမလုံလောက်ဟု ဆိုသည်မှာ ဟုတ်ပါသလား"၊ "အီရတ်တို့၏ ရေဒီယိုဆက်သွယ်မှုကို သင်တို့နားထောင်နိုင်ပြီဆိုတာ ဟုတ်ပါသလား"၊ "Baghdad အနောက်ဘက်တွင် ခိုးကြောင်ခိုးဝှက် လှုပ်ရှားနေသည့် သင့်၏တပ်များရှိနေတယ်ဆိုတဲ့ သတင်းဟာ ဘယ်လိုပါလိမ့်" စသော မေးခွန်းများဖြစ်ကြသည်။ လိုအပ်သည့်အလျောက် မရေမရာ တုံ့ပြန်ဖြေကြားမှုကြောင့် သတင်းထောက်များကို အလွန်အမင်း စိတ်ပျက်စေပါသည်။

၅။ တပ်မှဝင်များ ။ ။ ငှင်းတို့သည် ရေဒီယို၊ တယ်လီဗီးရှင်း၊ စာနယ်ဇင်းနှင့် ယခုအခါ အင်တာနက်တို့ကို ပေါက်လှမ်းမိ

bookhouse

www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ သင်သည် သူတို့၏ဘဝများအကြောင်းကို ပြောနေပါသည်။ သင့်အနေဖြင့် ၄င်းတို့အား လှည့်ဖြားရန် မည်သည့်အခါမျှ မကြိုးစားပါနှင့်။ ထိုသို့ပြုလုပ်လျှင် ပထမအားဖြင့် အလုပ်ဖြစ်လိမ့်မည်မဟုတ်ပါ။ ဒုတိယအချက်မှာ ၄င်းတို့သည် သင့်ကိုအားထားနေကြသည်။ ၄င်းတို့က သင့်အား ယုံကြည်ကိုးစားပါသည်။ ၄င်းယုံကြည်ကိုးစားမှုကို သင်က မည်သည့်အခါမျှ မချိုးဖျက်ရပါ။

အကယ်၍ သင်သည် အများပြည်သူရှေ့မှောက်၌ စကားပြောရန် အစီအစဉ်ရှိသည့် အကြီးတန်းခေါင်းဆောင်တစ်ဦးဖြစ်ပါက သင် စကားပြောမည့် ပရိသတ်ကို သေချာစွာလေ့လာရပါမည်။ သင်သည် မေးခွန်းမေးသူ သို့မဟုတ် တွေ့ဆုံမေးမြန်းသူမှတစ်ဆင့် ပဓေနကျသည့် ပရိသတ်သို့ စကားပြောနေသည်ဟု သေချာစေရပါမည်။ ဤအတွေးအခေါ်များကို သင်ပေးသည့်ကျောင်းများရှိသည်ဟု ကျွန်ုပ် ထင်ပါသည်။ သို့သော် ကျွန်ုပ်သည် ပညာရေးကို အလုပ်ခွင်မှရပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် လုပ်ငန်းခွင် မီဒီယာသင်တန်း မပြီးသေးသူကို သတင်းစာရှင်းလင်းပွဲသို့ ထည့်သွင်းဖိတ်ပါသည်။

"သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးကာလတွင်းက ဒုတိယဗိုလ်ချုပ်ကြီး Cal Waller အား Schwarzkopf ၏ လက်ထောက်အဖြစ် တာဝန်ပေးခဲ့ပါသည်။ Cal ကို ကျွန်ုပ်သည် နှစ်ပေါင်းများစွာကြာလာသည်အထိ သိရှိခဲ့ပါသည်။ ၄င်းသည် တောက်ပြောင်သည့်အရာရှိတစ်ဦးဖြစ်ပြီး ၄င်းအား ကျွန်ုပ်၏ တပည့်အရင်းတစ်ယောက်ဟု သတ်မှတ်ထားပါသည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် Dick Cheney နှင့် ကျွန်ုပ်သည် Norm ၏ ရှင်းပြချက်ကိုနားထောင်ရန် Riyadh မြို့သို့ရောက်ခဲ့သည်။ Norm, Dick နှင့် ကျွန်ုပ်သည် အလုပ်များနေသည်ဖြစ်ရာ Cal ကို သတင်းစာရှင်းလင်းပွဲပြုလုပ်စေပါသည်။ ၄င်းသည် သတင်းစာအတွေ့အကြုံရှိသူတစ်ဦးမဟုတ်ဘဲ Riyadh သို့ ရောက်နေသည်မှာလည်း အနှစ်လမျှသာရှိသေးသည်။

Cal က မေးသည်များကို အကောင်းဆုံးဖြေကြားခဲ့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဖေဖော်ဝါရီလလယ်အချိန်အထိ စိုးရိမ်ခိုက်နိုင်ဦးမည်မဟုတ်ကြောင်းဖြင့် ၄င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဤသည်မှာ အချိန်နှင့်ပတ်သက်၍ သမ္မတနှင့် ကျွန်ုပ်တို့က ပြောနေသည်နှင့် ကြီးစွာကွဲလွဲနေပါသည်။ အမှန်စင်စစ်အားဖြင့် လေတပ်နှင့်ရေတပ်တို့ကို ၄င်းအချိန်တွင် တိုက်ပွဲစရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ကြည်းတပ်မှာမူ အချိန်ပို၍လိုပါသည်။ ဤအတောအတွင်း Cal ပြောကြားသည့်မှတ်ချက်သည် ကမ္ဘာအနှံ့ ခေါင်းကြီးသတင်းဖြစ်ခဲ့ပါသည်။ Cal သည် တုန်လှုပ်ခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့က သူအား နှစ်သိမ့်ကြပါသည်။ အမှန်အားဖြင့် ထိခိုက်မှုရှိခဲ့သည်ကား မဟုတ်ပါ။ ၄င်း [illegible] နာရီအတွင်းတွင် ကျွန်ုပ်တို့က ဖိသိပ်၍ ထိန်းထားနိုင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် Cal ၏ ရင်းနှီးသည့် ဆရာတစ်ဦးဖြစ်သည့်အလျောက် စာနယ်ဇင်းများနှင့် မည်သို့ဆက်ဆံရမည်ကို ဖော်ပြသည့် သူ့ထံသို့ပေးပို့သော စာတစ်စောင်ကို ကျွန်ုပ် တည်းခိုသည့်ဟိုတယ်တွင် ထိုညဦးပင် ကျွန်ုပ်ရေးသားပါသည်။ ၄င်းစာမှာ မိတ်ဆွေများအချင်းချင်းရေးသည့် စာတစ်စောင်အဖြစ်ထက် ပို၍အသုံးဝင်ပါသည်။

"Cal ရေ၊ စာနယ်ဇင်းနဲ့ပတ်သက်လာရင် အောက်ပါတို့ကို သတိရပါ-

၁။ သူတို့က မေးရမှာဖြစ်ပြီး သင်က ဖြေရမည်ဖြစ်သည်။
၂။ သင်က မဖြေလိုသည့်မေးခွန်းကို၊ သင်က ဖြေရန်မလိုပါ။
၃။ မည်သည့်အခါမျှ မလိမ်ပါနှင့်၊ စိတ်ရင်းကို မဖုံးကွယ်ပါနှင့်။ သို့သော် ပုဒ့်လင်းလွန်းမှမဖြစ်စေရန် သတိထားပါ။
၄။ အနာဂတ်နှင့်ပတ်သက်၍ မဖြစ်သေးဘဲနှင့် မှန်းဆချက်ဖြင့်မေးသည့် မေးခွန်းကို ဘယ်တော့မျှ မဖြေပါနှင့်။
၅။ သင်၏ အကြီးအကဲထံသို့ သင်က ပုဂ္ဂလိကသဘောအရပေးထားသည့် အကြံပြုချက်ကို မည်သည့်အခါမျှ မဖော်ထုတ်ပါနှင့်။
၆။ ဖတ်ရှုသူ၊ ရှုမြင်သူများထံသို့ သင်ပေးပို့လိုသည့်သတင်းကိုဦးတည်၍ ဖြေကြားသင့်ပါသည်။ တွေ့ဆုံမေးမြန်းနေသူများမှာ သင်၏ ပရိသတ်မဟုတ်ပါ။
၇။ ၄င်းတို့သည် ၄င်းတို့အလုပ်ကို ၄င်းတို့လုပ်နေကြသည်။ သင်လည်း သင့်အလုပ်ကို သင်လုပ်နေပါသည်။ သို့သော် အရဲစွန့်ရမည့်သူမှာ သင်တစ်ဦးသာဖြစ်ပါသည်။
၈။ အနာဂတ်အဖြစ်အပျက်များနှင့်ပတ်သက်၍ ဟောကိန်းမထုတ်ပါနှင့်။
၉။ အကယ်၍ သင်က ပြောစကားတစ်ခုခုမှ ကောက်နုတ်ချက်ကိုထုတ်ပြရန် သတိထား၍ ကြိုးပမ်းခြင်း မဟုတ်ပါလျှင် ဗန်းစကားကိုသုံးခြင်း သို့မဟုတ် ပြက်လုံးထုတ်ခြင်းမျိုးကို သတိထားပါ။
၁၀။ ကိုယ်ရေးကိုယ်တာကိစ္စများကို လူသိရှင်ကြား မဆွေးနွေးပါနှင့်။
၁၁။ သင်သဘောမတူသည့် အကြောင်းပြချက် သို့မဟုတ် အခြေပြုချက်ပါသော မေးခွန်းကိုမဖြေပါနှင့်။
၁၂။ မဖြေလိုသည့်အဖြေကို ဖြေမိစေရန် မိမိကိုယ်တိုင်က မဖြစ်ပါစေနှင့်၊ ထိုသို့ဖြစ်ရန် သူများကပြုသည်ကိုလည်း အဖြစ်မခံပါနှင့်။
၁၃။ အကယ်၍ ပိတ်မိနေလျှင် မရေမရာ ဗလုံးဗထွေး မပွင့်တပွင့်ပြောပါ။
၁၄။ ချောင်းဟပ်ခြင်း၊ ခြေထောက်များနေရာရွေ့ခြင်း မပြုပါနှင့်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

၁၅။ နောက်ဆက်တွဲမေးခွန်းများရှိလာလျှင် သင်သည် ခုကျွောက်ပါပြီ။ ချက်ချင်းရပ်ပါ၊ အင်အားကိုသုံးပါ၊ အမြင့်သို့ တက်ပါ၊ သို့မဟုတ် ခုန်ထွက်ပါ။

နှစ်များ အတော်ကြာလာသောအခါ အခြားသော သင်ခန်းစာများကိုလည်း ကျွန်ုပ်လေ့လာရရှိခဲ့ပါသည်။ အင်တာဗျူးတစ်ခုအတွက် အချိန် မိနစ်(၃၀)သည် ကောင်းစွာလုံလောက်ပါသည်။

ထမင်းစားပွဲမျိုးတွင် မှတ်တမ်းတင်သည့် တွေ့ဆုံမှုမျိုးကို ကျွန်ုပ်က မည်သည့်အခါမျှ မပြုလုပ်ပါ။ သင့်အနေဖြင့် သက်သောင့်သက်သာဖြစ်လွန်းပြီး သူငယ်ချင်းများနှင့်အတူ ရှိနေရသလို သင်က ထင်မြင်ခံစားရစေနိုင်ပါသည်။

ကုလားထိုင်မှာထိုင်ရင်း ဟိုဘက်သည်ဘက် မချွေပါနှင့်။ နားရွက်ဆွဲတာမျိုး၊ မျက်နှာကို ပွတ်ကြည့်ကိုင်ကြည့်ကြည့်တာမျိုးကို ဘယ်တော့မျှ မလုပ်ပါနှင့်။ ဤသို့ပြုခြင်း တစ်ခုခုတွင်၊ သင်သည် ဝိတ်မိနေပြီဆိုသည်ကိုပြသည့် လက္ခဏာပင်ဖြစ်သည်။

ပြောရမည့်အချက်အား စဉ်းစားနေမှုကို ဘယ်တော့မျှ မရပ်တန့်ပါနှင့်။ တွေးရင်းဖြင့် စတင်စကားပြောပါ။ သင်သည် မေးခွန်းကိုပြန်၍ ရေရွတ်ပြောဆိုမှုကိုလည်း ပြုနိုင်ပါသည်။

ကျွန်ုပ်အနေဖြင့် ဒုတိယ အချိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဖြစ်စဉ်ကပင် "အရွှန်ရမည့်သူမှာ သင်တစ်ဦးသာဖြစ်သည်" ဆိုသည့် စည်းကမ်းချက်ကို ၁၉၈၇ ခုနှစ်တွင် ကျွန်ုပ်လေ့လာသင်ယူခဲ့ပါသည်။ "ဒီအပတ်တွင် David Brinkley နှင့်အတူ" ဟူသော ခေါင်းစဉ်ဖြင့် ရုပ်မြင်အင်တာဗျူးတစ်ခုကို ကျွန်ုပ်လုပ်နေပါသည်။ ကျွန်ုပ်က ကောင်းကောင်းဖြေကြားနိုင်ပြီး ပွဲပြီးခါနီးအချိန်သို့ ရောက်လာပါသည်။ သတင်းထောက်ကြီး Sam Donaldson က မိုက်ခွက်ကို ဆွဲယူလိုက်ပြီး ၎င်း၏ ကြမ်းကြုတ်သည့်အမူအရာဖြင့် "ကျွန်ုပ်တို့က ခင်ဗျားကို အာယ်ကြောင့် ယုံကြည်အားထားသင့်ပါသလဲ။ ခင်ဗျားသည် စစ်ဘက်အရာရှိတစ်ဦးဖြစ်သည်။ စစ်အရာရှိများ ကြီးကြပ်ပါဝင်သည့် မကြာမီက NSC Iran-Contra အရှုပ်တော်ပုံ နောက်ပိုင်းတွင် ကျွန်ုပ်တို့က သင့်အား အာယ်ကြောင့် ယုံကြည်ကိုးစားသင့်ပါသနည်း" ဟု ၎င်းက မေးပါသည်။ ကျွန်ုပ်သည် မိနစ်ဝက်အချိန်တွင် ကျွန်ုပ်အကြောင်းကိုလည်းကောင်း ကျွန်ုပ်အား မည်သည့်အကြောင်းကြောင့် ယုံကြည်ကိုးစားထိုက်သည်ကိုလည်းကောင်း၊ ကျွန်ုပ်က ကောင်းကောင်းဖြေကြားနိုင်ခဲ့သည်ဟု ကျွန်ုပ်က ယူဆ၏သည်။

ပွဲအပြီးတွင် Sam အား ကျွန်ုပ်က အပြန်အလှန်စကားပြောရာတွင် အကောင်းဆုံးလုပ်နိုင်သည်။ ကျွန်ုပ် အနိုင်ရသည်ဟု မှတ်ချက်ပြုခဲ့ပါသည်။

Sam က ကျွန်ုပ်၏နံအမူအပေါ်ပြုံးလျက် "ဗိုလ်ချုပ်ကြီး သင်သည် စာနယ်ဇင်းနှင့်ဆက်ဆံရပြီဆိုလျှင်

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အရွေ့နှုန်းရမည်သူမှာ သင်တစ်ဦးတည်းသာဖြစ်သည်။ ကျွန်ုပ် ဘယ်တော့မှ မနှုန်းနိုင်ပါ"ဟူ သူက ပြောပါသည်။ ထိုအချက်ကို ကျွန်ုပ်သည် ဘယ်တော့မှ မမေ့တော့ပါ။

၄င်းက ဆက်လက်၍ "သင်က သင်သည် ကျွန်ုပ်တို့ထက်သာနေပြီဟု ယူဆပြီး ကျွန်ုပ်တို့ကို ဘယ်တော့မှ လျော့ပြုးမပြုးပါနှင့်"ဟု ပြောကြားပါသည်။

သင် ချွေးထွက်သည်ကို ဘယ်တော့မှ သူတို့ကို မမြင်ပါစေနှင့်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အပိုင်း-၅

၁၅၀ ရာနှုန်း ရှိစေရန်

www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၂၁ လက်ထောက်များအား ကျွန်တော်ပြောသည့် အကြောင်းအရာများ

မျက်နှာစာတန်းရုံးအဖွဲ့တစ်ခုကိုဖွင့်သောအခါ ဝန်ထမ်းများအား ကျွန်ုပ် ဖြစ်စေလိုသည်များကို ပြောရသည်မှာ အသုံးဝင်သည့်ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၄င်းတို့သည် စိတ်လှုပ်ရှား၊ စိတ်စောနေကြပြီး ကျွန်ုပ်ကိုလည်း နှစ်သိမ့်မှုပေးလိုကြပါသည်။ ယခုပြောပြမည့်ကိစ္စမှာ နှစ်အတော်ကြာက လက်ထောက်တစ်ဦး လိုက်၍ ရေးမှတ်ထားသော ကျွန်ုပ်၏ လမ်းညွှန်ချက်အကျဉ်းချုပ်ဖြစ်ပါသည်။ ယခုပြောကြားချက်တွင် အနည်းငယ်ပြုပြင်ထားပါသည်။ မူရင်းပြောကြားချက်ကို လွှန်ခဲ့သည့်နှစ်များအတွင်းက ကျွန်ုပ်က အကြိမ်များစွာ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏ လက်ထောက်အဖြစ် မည်သို့ဆက်လက်နေထိုင်မည်၊ သို့မဟုတ် ရှောင်ရှားအချက်များ၊ စိတ်ထဲတွင် မသေချာလျှင် မည်သည်ကိုလုပ်ရမည်ကို ကျွန်ုပ်အားမေးရန် ခိုတုံချတုံမဖြစ်ပါနှင့်

ကျွန်ုပ်၏ ညွှန်ကြားချက်များကို အပြည့်အဝသဘောပေါက်ခြင်း မရှိပါက ဆောင်ရွက်ခြင်းမပြုရန် ကျွန်ုပ်၏ လက်ထောက်များအား ကျွန်ုပ်က လေ့ကျင့်ပေးပါသည်။ အကယ်၍ စိတ်ထဲတွင် ရှုပ်ထွေးနေပါလျှင် ကျွန်ုပ်ပြောခဲ့သည်ကို ထပ်၍ အတိုအကျရှင်းပြရန် ကျွန်ုပ်အားမေးပါ။ ဤသို့တိုင် သင့်အနေဖြင့် မရှင်းလင်းသေးဟု ဆိုလျှင် သင် သဘောပေါက်သည်အထိ ကျွန်ုပ်နှင့် အချေအတင်ပြောဆိုပါ။

ထိုအထိပင် သင်က မသေချာသေးဘူးဆိုလျှင် ရှုပ်ထွေးစေသည့်သူမှာ ကျွန်ုပ်သာလျှင် ဖြစ်ပါတော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

သင့်အား ကျွန်ုပ်က လုပ်စေလိုသောအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် ရှင်းလင်းစွာ နားလည်ထားခြင်းမရှိမှုပင် ဖြစ်ပါသည်။ ဤသည်မှာ ကျွန်ုပ်အနေဖြင့် ဆောင်ရွက်သည့်နည်းလမ်းကို ပြန်စဉ်းစားရမည့်အချိန် ဖြစ်ပါသည်။ ကျွန်ုပ်၏ ထိုသို့သော လေ့လာစိတ်ဖြာချက်တွင် အစဉ်အမြဲပင် အမှားတစ်ခုခုကို တွေ့ရပါသည်။

ကျွန်ုပ်အမည်ဖြင့် သို့မဟုတ် ကျွန်ုပ်ကိုယ်စား မည်သည့်အခါမျှ ထက်မှတ်တိုးပါနှင့်

ဤအချက်ကို ကျွန်ုပ်သည် ပင်တဂွန်ရှိ ကျွန်ုပ်၏ ယခင်အကြီးအကဲတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ၄င်းမှာ John Kester ဖြစ်ပြီး ဇီဇာကြောင့်၍ ဧစ္စပ်သူ၊ အရည်အသွေးကောင်းသည့် စာပေးစာယူကိစ္စအတွက် စည်းကမ်းကြီးသူဖြစ်သည်။

Kester က ၄င်း၏အမည်ဖြင့် တစ်ဦးဦးက လက်မှတ်ထိုးခြင်း၊ လက်မှတ်တံဆိပ်တုံးကို အသုံးပြုခြင်းတို့ကို မည်သည့်အခါကမျှ ခွင့်မပြုခဲ့ပါ။ တရားရုံး သို့မဟုတ် တစ်နေရာရာတွင် အသုံးပြုမည့် တရားဝင်စာရွက်စာတမ်းဖြစ်စေရန် ၄င်းကို လက်မှတ်က ဖန်တီးပါသည်။ ၄င်း၏ နောက်ထပ်အလေ့အကျင့်တစ်ခုမှာ ၄င်းစာရွက်ပေါ်တွင် ၄င်းက ခွင့်ပြုသည့်ရက်စွဲမှာ အမှန်တကယ်လက်မှတ်ထိုးသည့် ရက်စွဲပင်ဖြစ်သည်။ ထိုစာရွက်စာတမ်းမှာ တရားဝင် စာရွက်စာတမ်းဖြစ်ပါသည်။

အထက်ပါ စည်းကမ်းချက်များကို ကျွန်ုပ်သည် လုပ်ငန်းတစ်လျှောက်လုံးတွင် လိုက်နာပါသည်။ ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ဆီးနိတ်က အတည်ပြုပြီးသည့် သမ္မတက ခန့်အပ်သူအစိုးရဝန်ထမ်းများ၏ ခန့်အပ်ထွာများကို လက်မှတ်ထိုးရပါသည်။ ၄င်းခန့်အပ်လွှာများသည် ဒါဇင်နှင့်ချီ၍ ရှိပါသည်။ သို့သော် ကျွန်ုပ်သည် အခု တိုင်းကို လက်မှတ်ထိုးပါသည်။ ကျွန်ုပ်၏သားဖြစ်သူ Michael အနေဖြင့် "ဖက်ဒရယ် ဆက်သွယ်ရေးကော်မရှင် ဥက္ကဋ္ဌ" အဖြစ် ခန့်အပ်စဉ်ကလည်း အလားတူပင်ဖြစ်ပါသည်။

အဆိုပါ စည်းကမ်းချက်နှင့်ပတ်သက်၍ ကျွန်ုပ်က ခြွင်းချက်ထား၍ ဆောင်ရွက်ခဲ့ရသည်လည်း ရှိပါသည်။ "သဲကန္တာရမှန်တိုင်း" စစ်ဆင်ရေးကာလအတွင်းက အများပြည်သူတို့ထံမှ ရောက်လာသည့် စာအရေးအတွက်မှာ ထောင်ချီရှိပါသည်။ ပြန်စာတိုင်းကို ကျွန်ုပ်က လက်မှတ်မထိုးနိုင်သည်ဖြစ်ရာ စာပို့သူများအနေဖြင့် တုံ့ပြန်ချက်ရသင့်သည်၊ ၄င်းတို့က တုံ့ပြန်ချက်ကို မျှော်လင့်သည်ဟု ကျွန်ုပ်က ယုံကြည်သဖြင့် လက်မှတ်တံဆိပ်တုံးကို အသုံးပြု၍ စာပြန်ရန် ခန့်ထမ်းတစ်ဦး၊ နှစ်ဦးကို အခွင့်အာဏာပေးခဲ့ပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ငွေကို ကျွန်ုပ်ကိုယ်စား ဘယ်တော့မှ မသုံးပါနှင့်

နေ့စဉ် လိုအပ်လျှင်သုံးရန် ကျွန်ုပ်၏ကိုယ်ရေးလက်ထောက်များအား အသေးသုံးငွေကို အမြဲပင်ပေးထားပါသည်။ ငှင်းငွေလျော့ပါးလာလျှင် ငှင်းတို့က ထပ်တောင်းပါသည်။ ကျွန်ုပ်၏ နေ့လယ်စာအတွက်သော်လည်းကောင်း၊ တံဆိပ်ခေါင်းအတွက်သော်လည်းကောင်း၊ မုတ်ဆိတ်ရိတ်ဆပ်ပြာအတွက်သော်လည်းကောင်း၊ ငှင်းတို့၏ ကိုယ်ရေးငွေကြေးကို စိုက်သုံးရခြင်း မရှိခဲ့ဖူးပါ။ ခြွင်းချက်အားဖြင့်ပင် တစ်ခါတလေ အသုံးပြုရခြင်း မရှိခဲ့ဖူးပါ။ လက်ထောက်တစ်ဦးထံမှ ငွေချေးယူခြင်း သို့မဟုတ် ငှင်းသို့ ငွေထုတ်ချေးခြင်းကို ဘယ်တော့မှ မပြုပါနှင့်။

ကျွန်ုပ်က အမှန်တကယ်လိုလားခြင်းမရှိပါက "အထွေထွေလိုချင်မှု" ရောဂါလက္ခဏာစုကို မပြပါနှင့်

ကျွန်ုပ်၏ နေအိမ်အခန်းတွင် အောက်ထပ်ရေချိုးခန်းမှာ ဖရိုဖရဲဖြစ်နေသည်ကို သင်သိပါသည်။ ဘာတွေ ဖြစ်နေသည်ကို သင်မသိခဲ့မှာပင် အရပ်ရပ် မွမ်းမံပြင်ဆင်ရန်အတွက် တစ်ဦးဦးက ဒေါ်လာ (၁၅,၀၀၀) တန် အော်ဒါကို ပေးလိုက်ပြီး ငှင်းအတွက် ကန်ထရိုက်စာချုပ်ကိုလည်း ချုပ်ဆိုပြီးဖြစ်သည်။

အမှန်တကယ်လိုအပ်သည်မှာ တစ်ဂါလန်လျှင် ဒေါ်လာ(၂၀)တန်သည့် သုတ်ဆေးတစ်ဂါလန်မျှ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ယခုအခါ သင်၏အိုးရုပိုင် နေအိမ်အတွက် အဘယ်ကြောင့် ပို၍သုံးစွဲပါသလဲဆိုသည်ကို သင့်အနေဖြင့် ကွန်ဂရက်သို့ အဖြေပေးရပါလိမ့်မည်။

ပို၍ ဆိုးသည်မှာ Washington Post သတင်းစာကြီးကလည်း စာ(၃)မျက်နှာစာ ဖွင့်ချမှုကို ပြုလုပ်နေခြင်း ဖြစ်ပါသည်။ အကုန်အကျများဟု ထင်ရသော ပြင်ဆင်မှုများသည်ပင်လျှင် သင်၏နေအိမ်တစ်ခုတည်းအတွက်မဟုတ်ဘဲ အခြားနေရာများအတွက်ကိုပါ အင်ဂျင်နီယာများက ဝန်ဆောင်မှုစရိတ်ကို ထပ်ထည့်သဖြင့် အကုန်အကျများလာတတ်ပါသည်။

အကယ်၍ သင့်အနေဖြင့် သတိထားမှုမပြုပါက သို့မဟုတ် သင့်နံဘေးရှိလူများက သင့်အား ကာကွယ်ခြင်း မပြုပါက ဝိုလ်ချုပ်ကြီး သို့မဟုတ် အကြီးအကဲအား နှစ်သိမ့်လိုကြသည့် ဗျူရိုကရက်တစ်သတ္တဝါကြီးများကို လွတ်ထွက်သွားစေနိုင်ပါသည်။

ဒေါ်လာ (၇၅,၀၀၀)တန် အစည်းအဝေးခန်းသုံး စားပွဲအတွက် အမှုဆောင်အရာရှိချုပ် (CEO) ဘယ်နှဦး အရေးယူခံနေရပါသလဲ။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

သတင်းပြန်ပို့ပါ။ မေးလာသူများအပေါ် ဝရိယာယ်သုံးပါ။ သင့်နှင့် ကျွန်ုပ်အကြား ပြောကြားမှုတစ်ချို့သည် ကျွတ်ပြီး တိုက်ဖြစ်ပြီး အတွင်းရေးကိစ္စဖြစ်ပါသည်။

ယခင် နယူးယောက်မြို့တော်ဝန် Ed Koch က တွေ့သည့်လူတိုင်းကို "ကျွန်ုပ်လုပ်တာကို ဘယ်လိုခြင်ပါသလဲ" ဟု မေးလေ့ရှိပါသည်။ သူ့အနေဖြင့် မည်သို့လုပ်နေသည်ကို ပြန်ပြောချက်ကို လူတိုင်းက လိုချင်ကြပါသည်။ အကြီးအကဲက ဘယ်လိုထင်နေမလဲ၊ အစည်းအဝေးက ဘယ်လိုဖြစ်ခဲ့သလဲ၊ သူသည် အဆင်ပြေသလား၊ စိတ်တိုနေပြီလား စသည်ဖြင့် Ed က မဲဆန္ဒရှင်များဖြစ်ကြသည့် ၄င်း၏ အကြီးအကဲကိုမေးပါသည်။

ကျွန်ုပ်လုပ်နေသည်ကို ကျွန်ုပ်၏ဝန်ထမ်းများက မည်သို့ထင်မြင်သည်ကို ကျွန်ုပ်သိရန်လိုအပ်ပါသည်။ ၄င်းတို့ မည်သို့လုပ်နေသည်ကို ကျွန်ုပ်သိရန်လိုအပ်ကြောင်းကို ၄င်းတို့က သိရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ အပြန်အလှန်ပြောဆိုပြုမူနေကြသည့် သတင်းများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် အခွင့်ကြုံသည့် အထူးကိစ္စရပ်များဖြစ်ပါသည်။ ရုံးတွင်ဖြစ်သည့်ကိစ္စကို ရုံးတွင်ပင်ရှိနေစေရန်ဖြစ်ပါသည်။

အဖွဲ့အစည်းတိုင်းသည် ထွေရာလေးပါးပြောဆိုမှု (အတင်းအဖျင်းပြောဆိုမှု)ကို နှစ်သက်ကြပြီး၊ ၄င်းပြောဆိုမှုများဖြင့် ကြီးထွားကြကာ ၄င်းပြောဆိုမှုကို ရှာကြံကြပါသည်။ အကြီးအကဲက တွေးခြင်ခံစားရမှုအပေါ် ငယ်သားများက ဖွင့်လင်းသည့် ပြန်လည်သတင်းပို့မှုပြုရန် လိုအပ်ပါသည်။

ထိရောက်သည့်ခေါင်းဆောင်တိုင်းက မိမိ၏ခံစားချက်နှင့် တုံ့ပြန်မှုတို့ကို အဖွဲ့အစည်းသို့ ဆက်သွယ်သိရှိစေပါသည်။ သို့သော် ဝေဖန်မှု၊ ချီးမွမ်းမှု၊ လမ်းကြောင်းမှန်အောင်ပြင်ဆင်မှုတို့သည် တစ်ခါတစ်ရံ ခေါင်းဆောင်ထံမှ သတ်ဆင်းမလာသင့်ဘဲ ၄င်းနှင့်နီးကပ်သူ သို့မဟုတ် ၄င်းအတွက် ပြောဆိုခွင့်ပြုရန် အာဏာပေးအပ်ခံရသူဟု ထင်မြင်ရသူထံမှ သက်ဆင်းလာသင့်သည့် အချိန်အခါမျိုးလည်း ရှိတတ်ပါသည်။

ကျွန်ုပ်၏ ငယ်သားတစ်ဦးဦးက ကျွန်ုပ်အား အထူးညွှန်ကြားသည့် ရှင်းလင်းမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီးနောက် ကျွန်ုပ်လက်ထောက်သည် "ဗိုလ်ချုပ်ကြီးက ဘယ်လောက်အထိ စိတ်ဆိုးသလဲ" ဆိုသည်ကို မေးမြန်းခံရကောင်း ခံရပါလိမ့်မည်။

"စိုးရိမ်စရာ မရှိပါ။ နောက်တစ်ပတ်ကျရင် သင်က ပြုပြင်မည်ကို သူကသိပါတယ်" သို့မဟုတ် "သူ ဒီလောက်စိတ်ဆိုးတာကို ဘယ်တုန်းကမျှ ကျွန်ုပ် မမြင်ဖူးပါဘူး။ ကိုယ့်လူတွေရေ ဒီတစ်ပတ်မှာ အတူတူ အလုပ်လုပ်ကြရင်ကောင်းမယ်၊ ဒါမှ မဟုတ်ရင် သူက မင်းကို ကျောက်ခဲတစ်လုံးလို ပစ်ချပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ကိုးစားခြင်းခံရသည့် လက်ထောက်များအနေဖြင့် အဖွဲ့အစည်း၏ ကောင်းကျိုးအတွက် တစ်ခါတစ်ရံ ပလီပလာချိုသာစွာပြောဆိုကောင်း ပြောဆိုရပါလိမ့်မည်။ အတွေ့ဆိုသည်မှာ မယုံစားရသည့် ခဲရာခဲဆစ်ဖြစ်သည့်အရာဖြစ်သည်။ ထို့ကြောင့် ၄င်းကို သတိထား၍ စီမံခန့်ခွဲကာပြုမူရပါမည်။

ကျွန်ုပ်ကိုယ်တိုင်သည်လည်း ကင်းလွတ်ခွင့်ရမည်မဟုတ်ပါ။ ကျွန်ုပ် မည်သို့လုပ်ဆောင်နေသည်ကို ကျွန်ုပ် သိရန်လိုအပ်ပါသည်။

ကျွန်ုပ်သည် မိန်ခွန်းပြောပြီးတိုင်းတွင် ကျွန်ုပ် ဘယ်လိုနေသလဲဆိုသည်ကို နားထောင်သူများအား မမေးပါ။ နားထောင်သူများအဖွဲ့ရှိ နားထောင်သူများ၏ ကိုယ်စားလှယ်အား ကျွန်ုပ်၏ လက်ထောက်များက မေးမြန်းပါသည်။ ၄င်းလက်ထောက်များသည် ဟိုဟိုဒီဒီ အတင်းစကားပြောရသည်ကို သဘောကျကြပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် အသုံးဝင်သည့် သတင်းပြန်ပို့ချက်ကို ရရှိပါသည်။ ကျွန်ုပ်တို့က ဖြေကြားချက်တစ်ခုခုကို မရဟုဆိုပါလျှင် ကျွန်ုပ်သည် အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါ။ ကျွန်ုပ်က ၄င်းတို့အားပြောခဲ့သည်များကို ပြန်လည်သုံးသပ်လျှင် ပို၍ကောင်းပါသည်။

ဧနီးသည် Alma နှင့် ကျွန်ုပ်မိသားစုသည် ရုံးအလုပ်ကိစ္စနှင့်မဆိုင်ပါ။ အကျပ်အတည်းတစ်ရပ် မဟုတ်ဟုဆိုလျှင် Alma ထံမှ ဖုန်းဆက်မှုကြောင့် ကြားဖြတ်ရပ်တန့်မှု မဖြစ်ပါစေနှင့်။

ကျွန်ုပ်သည် ကျွန်ုပ်၏မိသားစုကို နက်နဲစွာနှင့် ပြင်းပြစွာချစ်ပါသည်။ ၄င်းတို့သည် ကျွန်ုပ်၏ဘဝပင် ဖြစ်ပါသည်။ သို့သော် ဘဝတစ်ခုလုံးတော့ မဟုတ်ပါ။ ကျွန်ုပ်၏ဘဝရှိ ၄င်းတို့၏နေရာသည် အလုပ်ရုံးခန်းအထိတော့ မရောက်ရှိပါ။

စည်းရိုးကောင်းကောင်းခြားထားလျှင် ကောင်းသည့်အိမ်ထောင်ရေးကိုဖြစ်စေသည် ဆိုသည်ကို ကျွန်ုပ်၏ဧနီးသည် Alma က သတိပြုမိပါသည်။ အိမ်အတွက်၊ ကျွန်ုပ်အတွက်နှင့် ကလေးများအတွက် သူမက အိမ်မှုကိစ္စကို ဆောင်ရွက်ပါသည်။ ကျွန်ုပ်က ရုံးကိစ္စကို ဆောင်ရွက်ပါသည်။ ရုံးဌာဖြစ်သော ပေါ်လစီ၊ လူပုဂ္ဂိုလ်၊ ဟိုဒီပြောဆိုမှု (အတင်းအဖျင်းပြောဆိုမှု)၊ အခြားတစ်စုံတစ်ရာတို့တွင် သူမသည် မည်သည့်အခါကမျှ မပါဝင်မတတ်သက်ခဲ့ပါ။ ဘာတွေဖြစ်နေသည်ကို ညစာစားရင်း သူမက အပြန်အလှန် မမေးမြန်းပါ။ ကျွန်ုပ်အား ဗိုလ်မှူးချုပ်အဖြစ် ရာထူးမတိုးမြင့်မီက ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bernie Rogers ပြောကြားခဲ့သည်ကို သူမသည် ဘယ်တော့မှ မမေ့ပါ။ "နောက်နှစ်အတန်ကြာလာလျှင် သင်တို့၏ဧနီးများက ဗိုလ်ချုပ်ကြီးများလို စတင်ပြုမူလာကြသဖြင့် ၄င်းတို့အတွက် အချို့ကို

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားစေရမှုဖြစ်စေနိုင်သည်။ ယခုအချိန်မှာ မင်းတို့က ကျွန်ုပ်ကို မယုံကြည်ဘူးဆိုသည်ကို သိပါသည်။ [illegible] စောင့်ကြည့်ကြပါ" ဟူ၍ ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးပြောခဲ့သည့်အတိုင်း မှန်ပါပေသည်။ Alma သည် တော်ပါပေသည်။ ဘာတွေဖြစ်ပျက်နေသည်ကို သူ မသိပါသည်။

သို့သော် ကျွန်ုပ်တို့၏ နေအိမ်ဖိနပ်ချွတ်အဝင်ဝတွင်ရှိသည့် တင်းကျပ်သည့်နယ်ခြားမျဉ်းကို ကျွန်ုပ်တို့က အမြဲပင် ထိန်းထားပါသည်။ သူမက ရုံးသို့ဖုန်းဆက်သည့်အခါ ဖုန်းကို ကျွန်ုပ်က ချက်ချင်းလက်ခံပြောနိုင်မည် မဟုတ်ဆိုသည်ကို သူမသိပါသည်။

Alma က မှန်သည်ဆိုပါလျှင် ကျွန်မသားစုအားလုံးအတွက် မှန်သည်သာဖြစ်ပါသည်။

ညည်သူ့ကိုမျှ တယ်လီဖုန်းကိုကိုင်၍ မစောင့်ခိုင်းပါနှင့်။ နောက်မှ ပြန်ဆက်ပါ။

လူတစ်ဦးတစ်ယောက်ကို တယ်လီဖုန်းကို ခေတ္တခဏမျှထက်ကြာအောင် ကိုင်၍စောင့်ခိုင်းထားခြင်းသည် နိုင်းသည့်အပြုအမူဖြစ်သည်ဟု ကျွန်ုပ်ကယူဆပါသည်။

အကယ်၍ တယ်လီဖုန်းလာလာချင်း စကားမပြောနိုင်လျှင် ပြန်ဆက်မည့်အကြောင်းကို ပြောထားလိုက်ပါ။ ထို့နောက် ဆက်ဖြစ်အောင်ဆက်ပါ။ တယ်လီဖုန်းခေါ်ဆိုမှုအားလုံးကို ပြန်ကြားခြင်းမရှိသည့်နေဟူ၍ မရှိအောင် ကျွန်ုပ် ကြိုးပမ်းပါသည်။

ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသောအခါ ဌာန၏ ပြင်ပရုံးခန်းများတွင် မည်သို့ဖြစ်ပျက်နေသည်ကို သိရှိနိုင်ရန် ကျွန်ုပ်၏ တံခါးများကို ဖွင့်ထားပါသည်။ မကြာခဏဆိုသလိုပင် တယ်လီဖုန်းခေါ်ဆိုမှုအသံကို အသံဖြင့် ပေးစာ (voice mail) အဖြစ် ပြောင်းပစ်သည့်အချိန်အထိ ကျွန်ုပ်ကြားနေရပါသည်။ ဤသည်ကို ကျွန်ုပ် လက်မခံနိုင် ခဲ့။ နိုင်ငံခြားရေးဝန်ကြီး၏ မျက်နှာစာရုံးခန်းသည် အသံဖြင့်ပေးစာပို့သည့်နည်းကို သုံးရှုမရပါ။

တတိယအကြိမ် တယ်လီဖုန်းခေါ်သံ ပေါ်လာပြီးနောက် ကြိုဆိုသူလူသားတစ်ဦးက ဖြေကြားပါလိမ့်မည်။ ဤသို့ထားသည် သမ္မတ ကိုယ်တိုင်ပင်လျှင် ဖြစ်နိုင်ပါသည်။ ကျွန်ုပ်အနေဖြင့် ထိုသို့ တယ်လီဖုန်းခေါ်မှုကို တုံ့ပြန်ရသည်ကို သဘော အမှန်ပင် မလိုလားပါ။

ခေါ်ဆိုတိုင်းကို ဆောင်ရွက်သင့်သည့် ဌာနသို့ရောက်ပြီး ပြန်လည်ဆောင်ရွက်ရန် ကျွန်ုပ်က လိုလားပါသည်။ ကျွန်ုပ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဖုန်းဆက်တယ်၊ ရှောရှောရှုရှုပါဝဲ" ဟု လူတွေက ပြောသည်ကို လိုလားပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ယေဘုယျအားဖြင့် အပြတ်အတောက်မရှိသည့် အစည်းအဝေးမျိုးကို သဘောကျပါသည်။ ကျွန်ုပ်က မေးခွန်းအများအပြားကို မေးပါသည်။ ကျွန်ုပ်သည် မေးခွန်းနှင့် အချေအတင်ပြောမှုတို့ကို သဘောကျပါသည်။

အကယ်၍ ကျွန်ုပ်က အစည်းအဝေးတစ်ခုကိုလုပ်ပြီဆိုလျှင် အစည်းအဝေးတစ်ခုလိုပင် လုပ်ပါသည်။ အစည်းအဝေးများသည် ပွင့်လင်းပြီး အဖြေကို ရှာကြံသင့်ပါသည်။ ၄င်းတို့သည် တန်ဖိုးရှိသော အချိန်ပေးဆောင်ရွက်သည့်ကိစ္စများ ဖြစ်သင့်ပါသည်။

လက်ဝယ်ရှိသည့် ပြဿနာကို နက်နက်နဲနဲဆွေးနွေးသည့် အစည်းအဝေးများကို ကျွန်ုပ် သဘောကျပါသည်။ လူတိုင်းက အခွံကိုခွာပြီး ပြဿနာ၏ အလယ်အူတိုင်အထိ ကြည့်သည့်မေးခွန်းများကို မေးနိုင်သည်အထိ လွတ်လပ်သည်ဟု ခံစားရသောအခါမျိုးတွင်သာ သင့်အနေဖြင့် ထိုသို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် စိန်အခေါ်ခံရသည်ကို သဘောကျပါသည်။ ကျွန်ုပ်က အဖြေများကို သိနေပြီးသားဖြစ်သည်ဟု မယူဆပါနှင့်။ အကယ်၍ ကျွန်ုပ်က သိနေပြီဆိုပါလျှင် အစည်းအဝေးခေါ်ရန်ပင် လိုအပ်လိမ့်မည်မဟုတ်ပါ။

အစည်းအဝေးများသည် အရေးကြီးလွန်းပြီး အထိမခံနိုင်သောကိစ္စ ဖြစ်ပါသည်။ တစ်စုံတစ်ဦးက ဖုန်းခေါ်နေသည်။ တစ်စုံတစ်ဦးကို ဆက်သွယ်ဖို့ လိုအပ်နေသည်ဟု အစည်းအဝေးကိုဖောက်၍ ကျွန်ုပ်ကို မပြောပါနှင့်။ အစည်းအဝေးရှိ အခြားသူများကို လေးစားရမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သူတို့၏အချိန်တွေကို ကျွန်ုပ်က မဖြုန်းတီးလိုပါ။ သူတို့၏အချိန်သည် ကျွန်ုပ်၏အချိန်လိုပင် တန်ဖိုးရှိပါသည်။

ကျွန်ုပ်သည် လူနှင့်တွေ့ရန် တယ်လီဖုန်းပြောရန်၊ အလူးအလွန့်ဖြစ်သူဖြစ်ပါသည်။ ကြီးစွာ လက်လှမ်းမီနေသည်ကို သဘောကျပါသည်။

ကျွန်ုပ်သည် အဆင့်မြင့်လာလေလေ ကျွန်ုပ်၏ဝန်ထမ်းများ၊ တံခါးများက တံတိုင်းကြီးကာဆီးထားသည့် ပြည်သူများနှင့် လက်လှမ်းမီနေရေးအတွက် ပို၍ခက်လေလေဖြစ်လာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျွန်ုပ်က တံခါးများကို ကျယ်စွာဖွင့်ထားပါသည်။ ကျွန်ုပ်သည် အတွင်းဝိုင်းရုံးခန်းငယ်တွင် အလုပ်လုပ်ပါသည်။ ၄င်းရုံးခန်းတွင် ကျွန်ုပ်နှင့်ဝန်ထမ်းများအကြား အစည်းအဝေးပြုလုပ်သည့်ပုံစံကျနေရာတိုင်ခင်းပါရှိပါသည်။ ၄င်းရုံးခန်းမှနေ၍ ကျွန်ုပ်သည် မည်သည်တို့ဖြစ်နေသည်ကို မီအောင်လိုက်ဖွင့်ပြီး တယ်လီ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ဖုန်းကိုလည်း နားထောင်နိုင်ပါသည်။ နောက်ပိုင်းမှ မေးခွန်းရနိုင်သည့် တခစ်ခစ်ရယ်သံများ၊ ကျိတ်၍ရယ်သံများကို လည်း ကြားနိုင်ပါသည်။ ကျွန်ုပ်အား တွေ့ရန်လိုအပ်သူများသည် ကျွန်ုပ်အလုပ်များနေသလားဆိုသည်ကို သိရှိရန် အခန်းထဲသို့ လှမ်းကြည့်နိုင်ပါသည်။ ကျွန်ုပ်က တံခါးပိတ်ထားရသောအချိန်မှာပင်လျှင် ကျွန်ုပ်သည် အားနေပါလျှင် တွေ့လိုသူများကို အခန်းထဲခေါ်သွင်း၍ တွေ့ဆုံပါသည်။

ဘာတွေဖြစ်နေသည်ကိုသိရန် နည်းလမ်းကို ကျွန်ုပ် ထူထောင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်ကိုပြောဖို့ ချီတုံချတုံ မဖြစ်ပါနှင့်။ သင့်အနေဖြင့် ဝါရင့်လာလေလေ သင့်ကိုသင် ကာကွယ်ရမည့် သူတို့၏အစီအစဉ်ကို တင်ပြကြမည့် ဝန်ထမ်းများတိုး၍ ရှိလာလေလေဖြစ်သည်။ သူတို့သည် ကောင်းကြပါသည်။ သို့သော် ၄င်းတို့သည် သင့်အား အောက်ခြေမှအဖြစ်မှန်များကို မသိအောင်ကာထားနိုင်ပါသည်။

သင်သည် ထွက်လာပြီး အောက်ထပ်သို့လျှောက်သွားပါ။ ဘုရင်ကြီးတွင် အဝတ်မပါဇလာဖြစ်သည်ဟု ၄င်းတို့ကယူဆပါလျှင် သင်၏ယုံကြည်ကိုးစားရသူများ၊ သူငယ်ချင်းများအား သင်နှင့်ပေးတွေ့ပါ။ တစ်ထဲတွင်ဆိုလျှင် တစ်တွင်းဘာသာရေးခေါင်းဆောင်၊ စစ်ဆေးရေးမှူးချုပ်၊ အရာခံဗိုလ်တို့က အောက်ခြေအမှုန်တရား ရှုမြင်ချက်ကို သင့်အားပေးနိုင်ပါသည်။ အရေးကြီးဆုံးမှာ သင်သည်လည်း တစ်ခါတုန်းက အောက်ခြေအမှုန်တရားပင်ဖြစ်ခဲ့သည်ကို ဘယ်တော့မှ မမေ့ပါနှင့်။ မြေညီအောက်ထပ်တွင် ဖြစ်ပျက်နေသည်များနှင့် နှောင်ဖွဲ့ထားမှုကို ဘယ်တော့မျှ မဆုံးရှုံးပါစေနှင့်။

ထောပြောရန် ချိန်းဆိုမှုကို ကျွန်ုပ်မသိဘဲ လက်မခံပါနှင့်။

စင်စစ်အားဖြင့် ချိန်းဆိုမှုကို ကျွန်ုပ်မသိဘဲ လက်မခံပါနှင့်။ ကျွန်ုပ်၏အချိန်ကို ကျွန်ုပ်က ကြိုးကြပ်ထိန်းချုပ်ရပါမည်။ အချိန်သည် ကျွန်ုပ်တွင်ရှိသည့် တကယ့်အဖိုးတန်ပစ္စည်းဖြစ်သည်။ ကျွန်ုပ်က ကိုယ်တိုင်အတည်ပြုခြင်းမပြုဘဲ ချိန်းဆိုမှုတစ်ရပ်ရပ်ကို လက်မခံပါ။ ကိစ္စတစ်ရပ်ရပ်ကို မစီစဉ်ပါ။ သို့သော် အစီအစဉ်မပြုထားသည့်အချိန်သည် နှစ်ဦးနှစ်ဖက်အတွက် မျှတမှုရှိသည့်အချိန်တစ်ရပ်ပင်ဖြစ်သည်။ ကျွန်ုပ်၏တံခါးကိုဖွင့်ထားရန် ကျွန်ုပ် ကြိုးစားပါသည်။ ထို့ကြောင့်၍ သင်က ကျွန်ုပ်ကိုတွေ့ရန် အမှန်တကယ်ပဲ လိုအပ်နေပြီဆိုလျှင် ကျွန်ုပ်အလုပ်မများဟု ဆိုပါက သို့မဟုတ် ကျွန်ုပ်ဘက် ခဏတဖြုတ်အိပ်နေသည် မဟုတ်ပါက ကျွန်ုပ်အား ဝင်တွေ့နိုင်ပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ပြက္ခဒိန်ပေါ်တွင် ချိန်းဆိုချက်နှင့်မှတ်တမ်းများကို အတိအကျထားရှိပါ။ တိကျသော တယ်လီဖုန်းခေါ်ဆိုချက် စာရင်း မည်သူ့ကို တွေ့ဖြင်းဖြင်းဆိုသည့် စာရင်းတို့ကိုထားရှိပါ။ ကျွန်ုပ်က တယ်လီဖုန်းခေါ်ဆိုမှုကို အမြဲတမ်း တို့ပြန်ပါမည်။

ကျွန်ုပ်သည် အသက်ကြီးလေလေ၊ ဤကိစ္စသည်ပို၍ အရေးကြီးလာလေလေ ဖြစ်လာပါသည်။ ကျွန်ုပ်၏ မှတ်ဉာဏ်သည် လုံးဝနီးပါး အကောင်းရှိပါသည်။ ၄င်းမှတ်ဉာဏ်သည် ယခင်ကထက် များစွာနှေးကွေးလာပါသည်။ တိကျသည့်ပြက္ခဒိန်မှတ်တမ်းများနှင့် တယ်လီဖုန်းမှတ်တမ်းများသည် တန်ဖိုးမဖြတ်နိုင်သည့်အရာ ဖြစ်လာသည်။ ၄င်းတို့က အကြိမ်ပေါင်းများစွာတွင် ကျွန်ုပ်အား ကယ်တင်ခဲ့ပါသည်။

အခြားတစ်ဖက်တွင် ခိုင်ယာရီထားသင့်သလား၊ မထားသင့်ဘူးလားဆိုသည်ကို ထိုအချိန်အခါက အဖြေပေးရန် မလွယ်ကူသည့်ကိစ္စဖြစ်ပါသည်။ အထူးသဖြင့် ပြည်သူ့ရှေ့နောက်သို့ သိသိသာသာထွက်ရသည့်ပုဂ္ဂိုလ်များကိစ္စတွင် ဖြစ်ပါသည်။ သတင်းပြန်ကြားမှုတော်လှန်ရေး၊ အီဗေးလ်များ၊ သတင်းပြန်ကြားမှု လွတ်လပ်ခွင့် 'အက်ဥပဒေ'နှင့် ယခုအခါ WikiLeak တို့က ကိုယ်ရေးမှတ်တမ်းထားရှိမှုတွင် သတိထားရန် ဖော်ပြနေပါသည်။ ဤကဲ့သို့သော မှတ်တမ်းမှတ်ရာများသည် သမိုင်းရေးရာကိစ္စရပ်အတွက် အရေးကြီးပါသည်။ သို့သော် မှတ်တမ်းထားမှုအတွက် သတိထားမှုနှင့် ဆင်ဆင်ခြင်ခြင်ပြုမှုတို့ကြောင့် သမိုင်းပညာရှင်များအတွက် ၄င်းမှတ်တမ်းအများအပြားမှာ ဆုံးရှုံးနေရသည်ဟု ကျွန်ုပ် စိုးရိမ်မိပါသည်။ ကျွန်ုပ်သည် ပြက္ခဒိန်ပါသည့် မှတ်စုစာအုပ်တွင် ရေးသားထားချက်တစ်ခုနှင့်ပတ်သက်၍ ဒွိဟဖြစ်စရာဖြစ်သဖြင့် တရားရုံးတစ်ခုတွင်သွားရောက်၍ ထွက်ဆိုခဲ့ရပါသည်။

၄င်းရေးသားထားချက်တွင် စကားလုံးအနည်းငယ်သာပါဝင်ပြီး ဇာတ်ကြောင်းပြန်ပြောကြားချက်တစ်ရပ် မဟုတ်သည်ဖြစ်ရာ နှစ်ဖက်စလုံးမှ ရှေ့နေများက မိမိအသာစီးရရေးအတွက် ၄င်းရေးသားချက်ကွက်လပ်တွင် လိုသလိုဖြည့်စွက်ခဲ့ကြပါသည်။

ကျွန်ုပ်သည် ဈာန်ဝင်ခြင်း သို့မဟုတ် စိတ်ခွဲခြင်းဖြစ်တတ်ပါသည်။

တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် ပြဿနာတစ်ရပ်ရပ်ဖြင့် အလွန်ပင်ပန်းလွန်းသည်ဖြစ်ရာ ကျွန်ုပ် ပတ်ဝန်းကျင်ရှိ လူများကို သတိမမူမိသည်အထိ ရှိုင်းစိုင်းသည်အထိ ဖြစ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်သည် စိတ်ရှိက်ရှိုင်းလွတ်ထား

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရာ ပေါက်ကွဲပါသည်။ ကျွန်ုပ် တစ်ယောက်တည်းနေပါရစေ၊ ကျွန်ုပ်ကိုလွှတ်ထားကြပါ။ လမ်းဖယ်ကြပါ၊ မကြာမီ မှာပင် ကျွန်ုပ်သည် ပုံမှန်သို့ပြန်ရောက်လာပါလိမ့်မည်။ ထိုကိစ္စကို ပုပ္ပိုလ်ရေးအရ မဆောင်ရွက်ပါနှင့်။

အချိန်မှန်ပါစေ၊ ကျွန်ုပ်၏ အချိန်ကိုမဖြုန်းပါနှင့်။

အချိန်မှန်ခြင်းသည် လေးနက်မှု၊ စည်းကမ်း၊ အချိန်တန်ဖိုးကို နားလည်မှု၊ လေးစားမှုနှင့် ဆောတဝတ်တို့၏ သင်္ကေတတစ်ရပ်ပင်ဖြစ်သည်။ စစ်တပ်ထဲတွင် သင်ပထမဆုံး သင်ယူရသည့်ကိစ္စရပ်များအနက် တစ်ခုမှာ အချိန်တိကျရေးပင်ဖြစ်သည်။ တပ်ထဲတွင် အချိန်တိကျရခြင်းသည် တစ်ခါတလေဖြစ်သောကိစ္စမဟုတ်ပါ။ စံပွဲရှင်းပွဲများအားဖြင့်ပင် များတွင် အချိန်အတိအကျဆောင်ရွက်နိုင်အောင် နာရီများကို အချိန်တိုက်ကြသည်တို့ သင် သတိရပါလိမ့်ဦးမည်။ ကျွန်ုပ်အား ခြေလျင်တပ်ရင်းကျောင်းတွင် နာရီ၊ မင်တဲ(ဘောပင်)နှင့် မှတ်စုလွှာစာအုပ်တို့ကို ပေးခဲ့ခြင်းရေးမှ ဘွန်သင် ခဲ့ဖူးပါသည်။

အချိန်မှန်ဖြစ်ရန် ကျွန်ုပ်က ထပ်ကာထပ်ကာပြောပါသည်။ သင် ပါသည်ဖြစ်စေ၊ ပေါသည်ဖြစ်စေ၊ ကျွန်ုပ်က စောင်ပါဟုဆိုလျှင် အစည်းအဝေးစပါသည်။ ချိန်းထားသည်ထက်နောက်ကျမှ ရောက်လာလျှင် ၄င်းကို ချက်ခြင်းပယ်ဖျက်လိမ့်မည်။ နောက်ကျမှုစတင်ပြီး အချိန်ကြာလွန်းသည့် အစည်းအဝေးက လူတိုင်း၏အချိန်ကို ဖြုန်းတီးသည်။

အရေးပေါ်ကိစ္စများ ပေါ်လာနိုင်ပါသည်။ အစည်းအဝေးသည်လည်း နောက်ကျမှုကြောင့် အချိန်ကြာနိုင်ပါသည်။ သို့သော် သင်သည် တစ်နေ့တာအတွက် မစီစဉ်နိုင်သဖြင့်၊ သင့်အနေဖြင့် နောက်ကျ၍ရနိုင်ခွင့်ပေးမထားပါ။ ထွေးကစ်ကို သို့မဟုတ် အချိန်ကို ညှဉ်းစွာစီစဉ်မှုတို့ကြောင့် လူတွေစောင့်ဆိုင်းနေကြဆိုလျှင် ကျွန်ုပ်၏သွေးသည် ဆူထွက်ပါသည်။

သင်က အကယ်၍ အစည်းအဝေးတစ်ခုသို့ အချိန်မီမရောက်လျှင် သမ္မတ George W.Bush က သင့်အား အစည်းအဝေးတံခါးကို ပိတ်ထားကြောင်းကို မီဒီယာများက ရေးသားကြပါသည်။ တစ်နေ့တွင် ကျွန်ုပ်သည် အရေးကြီးသည့် တယ်လီဖုန်းခေါ်ဆိုလာမှုတစ်ခုကြောင့် နှောင့်နေးခဲ့ရပြီး အစိုးရအဖွဲ့အစည်းအဝေးတွင် တစ်ဒီရိုက်ရန် နောက်ကျခဲ့သည်။ အစည်းအဝေးတံခါးကို သော့ခတ်ထားပါသည်။ ကျွန်ုပ်က အခြားပေါက်မှလစ်ဝင်ရာ အားလုံးက ရယ်ကြပါသည်။

www.burmeseclassic.com

bookhouse

www.burmeseclassic.com

ဤသည်မှာလည်း သင်ခန်းစာတစ်ရပ်ဖြစ်ပါသည်။ သတင်းထောက်အချို့က သမ္မတ Bush က ကျွန်ုပ်ကို ဆော်ထည့်လိုက်ပြီဟူသည့်သတင်းကို ရေးကြပါသည်။ ထိုသို့မဟုတ်ပါ။ သမ္မတသည် အခြားသူများကိုလည်း ထိုသို့ဝင်ပြုမူပါသည်။ ကျွန်ုပ်ဝမ်းသာရသည်မှာ Karl Rove ကိုပင် ဤသို့ပြုမူပါသည်။

နှုတ်ဖြင့် သတင်းပို့သည်ထက် စာဖြင့်သတင်းပို့သည်ကို ပို၍လိုလားပါသည်။
စာဖြင့်ရေးသားခြင်းက စည်းကမ်းရှိရန် အားပေးပါသည်။

နှုတ်ဖြင့် အချေအတင်ပြောဆိုခြင်းနှင့် တင်ပြခြင်းတို့ကို ကျွန်ုပ်သည် အမှန်သဘောကျပါသည်။ ထက်မြက်၍ ကောင်းစွာစီစဉ်ထားသည့် ရှင်းလင်းတင်ပြမှုမျိုးသည် ကောင်းမွန်ပါသည်။ သို့သော် စာဖြင့်ရေးသားတင်ပြမှုက နှုတ်ဖြင့်တင်ပြမှုထက် ပိုတစ်ပန်းသာပါသည်။ ပြဿနာကို ကောင်းစွာလေ့လာဖော်ပြထားမှုတွင် ရွေးလမ်းများနှင့် ဆန့်ကျင်ခြားနားသည့် အမြင်များကို တင်ပြထားပြီး ကြိုတင်လေ့လာနိုင်သည်ဖြစ်ရာ အစည်းအဝေးတွင် ပို၍အကျိုးသက်ရောက်စေနိုင်ပါသည်။ ဆိတ်ငြိမ်သည့် ကျွန်ုပ်၏နေအိမ် သို့မဟုတ် ရုံးခန်းတွင် ၄င်းပြဿနာ၌ ရှေ့နောက်မညီမှုများ၊ အားနည်းချက်များနှင့် အားသာချက်များကို ကျွန်ုပ်က ရှာဖွေတွေ့ရှိနိုင်ပါသည်။ ထို့နောက် ကျွန်ုပ်သည် နှုတ်ဖြင့်တင်ပြချက်ကို နားထောင်ရန် အသင့်ဖြစ်ပါပြီ။ ပြိုင်ဘက်တင်ပြသူ၏ တင်ပြမှုအရည်အချင်းတစ်ခုတည်းက ဩဇာလွှမ်းမိုးလာစေရေးအတွက် အချက်အလက်များဖြင့် လက်နက်တပ်ဆင်ထားပြီးသား ဖြစ်ပါသည်။

စာရွက်စာတမ်းအလုပ်များစွာကို ကျွန်ုပ်လုပ်ပါသည်။ ထိုသို့လုပ်ရသည်ကိုသဘောကျပါသည်။

ကျွန်ုပ်သည် တစ်လျှောက်လုံးတွင် ဝန်ထမ်းအရာရှိကောင်းတစ်ဦးဖြစ်ခဲ့ပါသည်။ ပုံမှန်အားဖြင့် တစ်နေ့လျှင် စာရွက်ပေါင်းများစွာကို ကြိတ်ပစ်နိုင်ပါသည်။ ပြီးစီးအောင်လုပ်နိုင်ပါသည်။ ကျွန်ုပ်သည် စာကို ခပ်မြန်မြန်ဖတ်ပြီး အချက်အလက်များကို မည်သို့ရွေးထုတ်ရမည်ကိုသိပါသည်။

ထိုသို့လုပ်ရသည်ကို ဂျော်ပါသည်။ ကျွန်ုပ်၏အကြီးတန်းအလုပ်များတွင် ကျွန်ုပ်ထံပို့သည့် စာရွက်စာတမ်းများအားလုံးကို ထိုနေ့မှာပင် တုံ့ပြန်မှုပြုသည့် အလေ့အကျင့်တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။ ထိုသို့ နေ့ချင်းပြီးမလုပ်နိုင်သည့်အခါများတွင် အိမ်ကိုယူ၍ လုပ်ကိုင်ပြီး နောက်တစ်နေ့တွင် တုံ့ပြန်ပါသည်။ သင့်အနေဖြင့် ၄င်းတုံ့ပြန်မှုကို (၂၄)

www.burmeseclassic.com

www.burmeseclassic.com

နာရီအတွင်း မရဟုဆိုလျှင် ကျွန်ုပ်က မဆောင်ရွက်သဖြင့် ထိုသို့ဖြစ်ရသည်မဟုတ်ပါ။ အာယ်ကြောင့် ဤသို့ဖြစ်ရသည်ကို သင့်အနေဖြင့် စိုးရိမ်ပါတော့။ ၄င်းကိစ္စမျိုးသည် သတင်းကောင်းဖြစ်ခဲပါသည်။

စာပေးစာယူမှုသည် သာလွန်ကောင်းမွန်ပါ၏၊ စကားလုံးတွင် အထူးပြုချက်များပါစေနှင့်။

ဖြစ်နိုင်သမျှ အကောင်းဆုံးသော စာပေးစာယူမှုကို ကျွန်ုပ်လိုလားပါသည်။ အကျယ်ချဲ့ထားပြီး ထုံးဖွဲ့မ်းထားသည့် နာမဝိသေမများကို အလွန်အကျွံသုံးထားသည့် တန်ဖိုးမရှိသော ဗျူရိုကရက်ဆန်သည့် စကားလုံးများကို ရှောင်ရှားပါ။ သင်က ကျွန်ုပ်အား စကားပြောမည့်ပုံသဏ္ဌာန်ဖြင့် ကျွန်ုပ်ထံသို့ စာရေးပါ။ Kesterက ကျွန်ုပ်အား လေ့ကျင့်ပေးခဲ့သည့် နောက်ထပ်သင်ခန်းစာတစ်ရပ်မှာ အထူးပြုသည့်စကားလုံးများအား မုန်းတီးရေးပင်ဖြစ်သည်။ မကြာခဏမှားတွင် အထူးပြုစကားလုံးများကို ပို၍လက်ခံလာခဲ့ကြသည်။ (ကျွန်ုပ်၏ ရေးသားချက်များတွင်လည်း ၄င်းအထူးပြုစကားလုံးများ ကင်းလွတ်သည်မဟုတ်ပါ။)

သို့သော် ၄င်းအထူးပြုချက်ကို ရှောင်နိုင်သမျှရှောင်ရန်နှင့် စာကြောင်းတိုင်းကို သတိထား၍ ဖတ်ရှုရန် ကျွန်ုပ်က ထပ်ကာထပ်ကာ ပြောပါသည်။ အရေးပါသည်မှာ ၄င်းအထူးပြုချက်များကို ဖယ်ရှားရေးမဟုတ်ပါ။ စာကြောင်းတိုင်းကို ဖတ်ရှုရေးပင်ဖြစ်ပါသည်။

BURMESE CLASSIC .com

တရားမဝင်သည့် သို့မဟုတ် စိုက်မဲ့သည့် အပြုအမူများကို ဘယ်တော့မှ ခွင့်မပြုပါနှင့်။ မေးစရာလိုသေးသလား။ အလွန်တကြားမဖြစ်ပါစေနှင့်။ ဓမ္မိင်မကန်းဖြစ်ရသည်ကို ကျွန်ုပ်မလိုလားပါ။ သတင်းဆိုးသည် ကျွန်ုပ်နှင့်ဆိုလျှင် ပို၍ကောင်းလာသည်မဟုတ်ပါ။ ပြဿနာပေါ်ပြီဆိုလျှင် ကျွန်ုပ်က စောစီးစွာသိလိုပါသည်။ အမြန်ဆုံး ဦးစီးဆောင်ရွက်ပါ။

အကယ်၍ သင်လုပ်ဆောင်နေသည်မှာ အေးအေးဆေးဆေးဖြစ်ပြီး သင်က ယုံကြည်အားထားရသည့် ပုဂ္ဂိုလ်များ၊ သင့်အားယုံကြည်အားထားသည့်ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ရှိသည်ဆိုပါလျှင် **အဆိုးဆုံးကို ဖြစ်စေခံစားကြရန်** သင်၏ ငယ်သားများက ကြောက်ရွံ့ကြမည်မဟုတ်ပါ။ သင့်အား ပေါက်ကွဲမှုမဖြစ်စေဘဲ ပြဿနာကို သင့်ထံသို့ စင်ပြိုင်သည်ကိုလည်းကောင်း၊ ၄င်းပြဿနာကို ဖြေရှင်းရေးအတွက် သင်က လမ်းညွှန်မှုပေးခြင်းကိုလည်းကောင်း

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

သင်၏အဖွဲ့သားများက သိကြပါလိမ့်မည်။ အပြန်အလှန် ယုံကြည်အားထားမှုနှင့် ယုံကြည်ကိုးစားမှုအရ နောင်ဖွဲ့မှုက သင့်အား ဖြေရှင်းမှုလမ်းကြောင်းသို့ ခေါ်ဆောင်သွားပါမည်။

စကားကို တိတိကျကျပြောပါ။ ကျွန်ုပ်ပြောသည်ကို အလွန်အကျွံ ကြားဖြတ်ဝင်မပြောပါနှင့်။ ကျွန်ုပ်သည် တစ်ခါတလေ အမှန်ကိုပြောကြားရန် ရှောင်တတ်ပါသည်။

ကျွန်ုပ်သည် တိုတောင်း၍ ကြေညာဖော်ပြသည့် အဆိမပါ ပရိတိန်းများသောဝါကျများကို သဘောကျပါသည်။ ကျွန်ုပ်သည် တိတိကျကျစကားပြောရန် ကြိုးစားပါသည်။ ကျွန်ုပ်၏ ပြောစကားတွင်ပါသည်ထက်ပို၍ ဖတ်ရှုမယူဆပါလေနှင့်။ ကျွန်ုပ်က အမှန်ကိုဖြေဆိုရန် ရှောင်သွားပါလျှင် ကသိကအောက် မဖြစ်ပါနှင့်။ စကားလိုးလွဲ၍ ရှောင်ရှားမှုသည် စိတ်ကျမှု၏အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

ငှင်းပြောကြားချက်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ချဲ့ထွင်ပြောကြားခြင်း၊ ချုံ့၍ပြောကြားခြင်း မပြုပါနှင့်။ အကြောင်းတစ်ရပ်ရပ်ဆိုသည်ကို သင်က မသိသည့်တိုင်၊ ငှင်းအကြောင်းတစ်ရပ်ရပ်အတွက် ကျွန်ုပ်က လိုးလွဲပြောဆိုလာခဲ့ပါသည်။

အလျင်စလို မဆုံးဖြတ်ပါနှင့်။ အချိန်မီအောင် ဆုံးဖြတ်ပြီး အမှန်သို့ရောက်အောင်ပြင်ဆင်ပါ။

BURMESE CLASSIC

အချိန်ကို စီမံခန့်ခွဲမှုသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် မရှိမဖြစ်သော ပြဿဂ်တစ်ခုဖြစ်ပါသည်။ စစ်မြေပြင်တွင် တာဝန်တစ်ရပ်ဖြင့်ကြုံရသောအခါ တပ်မှူးတစ်ဦးက ပထမဆုံး စဉ်းစားသည့်မေးခွန်းများအနက် တစ်ခုမှာ "ကျွန်ုပ် မဆောင်ရွက်မီ အချိန်ဘယ်လောက်ကျန်သလဲ" ဟူ၍ ဖြစ်ပါသည်။ စီစစ်ဆုံးဖြတ်ရေးအတွက် ငှင်းကျန်ရှိသည့်အချိန်၏ သုံးပုံတစ်ပုံမျှကိုယူပါ။ ငယ်သားများက စီစစ်၍ အစီအစဉ်များကို ပြုလုပ်ရန် ငှင်းအချိန်၏ သုံးပုံနှစ်ပုံကိုပေးပါ။ သင့်တွင်ရှိသည့် အချိန်အားလုံးကို အသုံးပြုပါ။ လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ကို မချပါနှင့်။ ငှင်းကိစ္စကိုတွေးပါ။ စီစစ်ပါ။ သင်၏ ဝန်ထမ်းများကိုလည်း စီစစ်ပါစေ။ သင်ရနိုင်သမျှ သတင်းအချက်အလက်များကို ရယူစုဆောင်းပါ။ ရနိုင်သည့် သတင်း၏ (၄၀-၇၀)ရာခိုင်နှုန်းကိုရပြီဆိုလျှင် သင်၏ဆုံးဖြတ်ချက်ချမှတ်ရန် စဉ်းစားပါ။ အရေးကြီးဆုံးမှာ အချိန်အကြာကြီးမစောင့်ပါနှင့် အချိန်မကုန်ပါစေနှင့်။ တပ်ထဲတွင် OBE (overtaken by events) ဟူသည့် ဖော်ပြချက်တစ်ခုရှိပါသည်။ အဖြစ်အပျက်က ကျော်တက်အနိုင်ယူသွားသည်ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဗျူရိုကရက်ဝေါဟာရဖြင့်ဆိုရလျှင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

OBE သည် ကြီးလေးသည့် ကျူးလွန်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ပြဿနာကို လေ့လာရန်၊ သို့မဟုတ် စဉ်းစားရန် အချိန်ယူလွန်း ပါလျှင် သင်သည် OBE ကို ကျူးလွန်ခြင်းပင်ဖြစ်သည်။ ပြဿနာသည် ဆက်သွားနေပါသည်။ သို့မဟုတ် အထိုက် အလျောက်မောင်းနှင်သည့်ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်လာသည်။ သင်နောက်ထပ် မည်သို့ စဉ်းစားသည်ကို မည်သူ ကမျှ ဂရုမစိုက်တော့ပါ။ မီးရထားသည် ဘူတာမှ ထွက်ခွာသွားပြီဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်ကာလများအတွင်း အဆိုပါ စည်းကမ်းချက်များကို ကျွန်ုပ်၏ ဝန်ထမ်းသစ်များက ကြိုဆိုကြပါသည်။ ၄င်းစည်းကမ်းချက်များက ကျွန်ုပ်တို့အား တူညီသည့်စည်းချက်များဖြင့် ကစေပါသည်။ သို့သော် လူသစ်အဖွဲ့အား ၄င်းတို့အချင်းချင်းဖြစ်စေ၊ ကျွန်ုပ်နှင့်ဖြစ်စေ သဟဇာတဖြစ်စေရေးအတွက် ကျွန်ုပ်၏ တစ်ခုတည်းသော နည်းနာသာရှိသည် မဟုတ်ပါ။ ဤအချက်က ၄င်းတို့အား ကသိကအောက်ဖြစ်စေလိုနီးပါးဖြစ်စေခဲ့ပါသည်။ သို့သော် အစာမကြေမှုသည် အမြဲနံပင် အဝေးသို့လွှင့်သွားပါသည်။

ကျွန်ုပ်နှင့်အတူတူရှိကြသည့် ပထမရက်သတ္တပတ်များတွင် "ကျွန်ုပ်က မှန်အောင်ပြုပြင်ခြင်းနှင့် အသေးအဖွဲ့ကိစ္စကို အပြစ်ရှာခြင်းတို့ဖြင့် မောင်းနှင်ပါသည်။ သင်ကောင်းကောင်းလုပ်နေတာ မဟုတ်ဟု သင်က ထင်မြင်လာပါလိမ့်မည်။ သို့သော် ရက်သတ္တပတ်အနည်းငယ်အတွင်း တစ်ဦးနှင့်တစ်ဦး အံကိုက်လာသည့်အလျောက် အသေးအဖွဲကိစ္စသည် ရပ်သွားပါသည်။ အမှားပြင်ချက်နည်းလာပါသည်။ ကျွန်ုပ်တို့အနေဖြင့် သက်သောင့်သက်သာဖြစ်သည့်ပုံစံတစ်ခုအဖြစ် အနည်ထိုင်သွားပါလိမ့်မည်" ဟု ကျွန်ုပ်က သူတို့အား သတိပေးပါသည်။

ဖြစ်စဉ်တစ်ရပ် မြန်ဆန်စေရေးအတွက် ကျွန်ုပ်က ဆင်းရဲပင်ပန်းစေသည့် နည်းနာကိုသုံးပါသည်။

သင်၏ဝန်ထမ်းအဖွဲ့သည် မြန်နိုင်သမျှ မြန်အောင် သင်၏မိသားစုဖြစ်လာရန် လိုအပ်ပါသည်။ အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပါ။ သင်ကျရှုံးမည်ကို ခွင့်မပြုမည့် အောင်နိုင်သောအဖွဲ့တစ်ဖွဲ့ကို သင်ရရှိလာပါလိမ့်မည်။ ကျွန်ုပ်၏ ဗိုလ်ချုပ်ကြီး သို့မဟုတ် အကြီးတန်းအရာရှိဘဝတစ်လျှောက်လုံးတွင် ငယ်သားတစ်ဦးဦးက ကျွန်ုပ်အား ကျေနပ်သဖြင့် တိုင်ကြားခဲ့မှုမျိုး မရှိခဲ့ပါ။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၂၂ အသင်းတစ်သင်း၊ တိုက်ပွဲတစ်ပွဲတည်း

လွန်ခဲ့သည့် နှစ်များအတွင်း ဗိုလ်ချုပ်ကြီး George Joulwan သည် ကျွန်ုပ်တို့၏ တောင်ပိုင်းစစ်ဌာနချုပ်၏ တပ်မှူးဖြစ်ခဲ့ရာ ၄င်းက ရေးသားသည့်စာ အားလုံးတွင် "အသင်းတစ်သင်း၊ တိုက်ပွဲတစ်ခုတည်း" ဟူသည့် ကြွေးကြော်သံဖြင့် အဆုံးသတ်ပါသည်။ သင့်အား လူကိုယ်တိုင် နှုတ်ဆက်ရာတွင်လည်း အလားတူပင် နှုတ်ဆက်ပါသည်။ အချိန်အနည်းငယ်ကြာလာသောအခါ George၏ ကြွေးကြော်သံကိုကြားတိုင်း ကျွန်ုပ်တို့သည် ပြုံးကြပါသည်။ သို့သော် ၄င်းကြွေးကြော်သံမှာ အယူအဆကောင်းတစ်ရပ်ဖြစ်ပါသည်။ နလုံးသွင်းသင့်သော ကြွေးကြော်သံဖြစ်ပါသည်။ နိုင်အောင်တိုက်ရမည်ဟု လူတိုင်းက သဘောတူထားသည့်တိုက်ပွဲတစ်ခုကို ဆင်နွှဲကြမည့် အသင်းတစ်သင်းအဖြစ် လူတိုင်းက စုစည်းပါဝင်လာကြရန် ၄င်းဌာနချုပ်အား ၄င်းကြွေးကြော်သံက အစဉ်သဖြင့် သတိဖော်ပေးပါသည်။ ၄င်းကြွေးကြော်သံသည် အယူအဆကောင်းတစ်ရပ်အဖြစ် ရှိမြဲရှိဆဲပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ပူးတွဲစစ်ဦးစီးဌာနချုပ်၏ ဥက္ကဋ္ဌအဖြစ် ၄င်းစိတ်ဓာတ်ကို ဆုပ်ကိုင်ထားရန် ကြိုးစားပါသည်။ ၄င်းဥက္ကဋ္ဌဆိုသည်မှာ အကြံပေးတစ်ဦးဖြစ်ပြီး မည်သည့်ကိုမျှ မဦးဆောင်ပါ။ ၄င်းသည် ဩဇာတိက္ကမနှင့် ဖျောင်းဖျမှုတို့ဖြင့်သာ အလုပ်လုပ်ပါသည်။ ပူးတွဲစစ်ဦးအဖွဲ့စည်း၏ အခြားသောအဖွဲ့ဝင်များမှာလည်း အကြံပေးများပင်ဖြစ်ကြပါသည်။

သို့ရာတွင် ကြည်း၊ ရေ၊ မရိုန်း၊ လေတပ်ဖွဲ့များ၏ ဦးစီးချုပ်တို့တွင်လည်း အကာအကွယ်ပေးသည့် ကြီးမားသည့်အဖွဲ့အစည်းများရှိကြပါသည်။ ထို့ကြောင့် ၄င်း ဦးစီးချုပ်ဌာနများ၏ အကြီးအကဲအဖြစ်သာမက ၄င်းတို့၏ ကြီးမားသည့်တာဝန်ဖြစ်သည့်

the bookhouse
we bring your future

www.burmeseclassic.com

ပူးတွဲစစ်ဦးစီးအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသည့်အတွက် ၎င်းတို့တွင် ပြိုင်တူ တာဝန်နှစ်ရပ်ရှိသည်ကိုလည်း ကျွန်ုပ်အနေဖြင့် နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

"အသင်းတစ်သင်း၊ တိုက်ပွဲတစ်ခုတည်း" ဟူသည့် စိတ်ဓာတ်မျိုးဖြစ်စေရန် ကျွန်ုပ်သည် ကြိုးစားပါသည်။ ဤစိတ်ဓာတ်ကို ဆုပ်ကိုင်မိစေရန် ကျွန်ုပ်က လက်စွဲစာစောင်တစ်ခုကို ထုတ်ပြန်ထားပါသည်။

- အသင်းတစ်သင်းသည် ကွင်းဆင်းသည့်အခါ၊ အသင်းအနေဖြင့် အောင်နိုင်ရေးအတွက် တစ်ဦးချင်းစီသော အထူးကျွမ်းကျင်ပုဂ္ဂိုလ်များသည် အတူတကွလုပ်ဆောင်ကြရန်ဖြစ်သည်။ အခြားသော အသင်းသားတိုင်းသည်လည်းကောင်း၊ ၎င်းအသင်းနှင့် ဒေသခံမြို့တို့ကလည်းကောင်း၊ အောင်နိုင်ရေးအတွက် ၎င်းတို့အပေါ် အားထားသည်ဖြစ်ရာ အားလုံးသော ကစားသမားများသည် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကို လုပ်ဆောင်ရန်ဖြစ်သည်။
- အမေရိကန်ပြည်ထောင်စု၏ လက်နက်ကိုင်တပ်ဖွဲ့များက စစ်ပွဲဆင်နွှဲသောအခါတွင်လည်း အလားတူပင်ဖြစ်ပါသည်။ အကြိမ်တိုင်းတွင် ကျွန်ုပ်တို့က နိုင်ရပါမည်။
- မိမိ၏တပ်ဖွဲ့သည် အကောင်းဆုံးတပ်ဖွဲ့ဖြစ်သည်ဟု ယုံကြည်လျက် စစ်သည်တိုင်းသည် စစ်မြေပြင်သို့ ချီတက်ရပါမည်။
- ဝေဟင်တွင် မိမိထက်သာသူမရှိဟု ယုံကြည်လျက် လေယာဉ်မှူးတိုင်းသည် ပျံသန်းထွက်ခွာရပါမည်။
- ပင်လယ်ပြင်တွင် မိမိတို့ထက် ပို၍ကောင်းသည့် သင်္ဘောမရှိဟု ရပ်၍စောင့်ကြည့်နေသည့် ရေတပ်သားတိုင်းက ယုံကြည်ရမည်။
- ကမ္ဘာပေါ်တွင် ၎င်းတို့ထက်သာသည့် ခြေလျင်တပ်ဖွဲ့ဝင်များမရှိဟု ယုံကြည်လျက် မရိုန်းတပ်ဖွဲ့ဝင်များသည် သောင်ခြေသို့ တက်ရောက်တိုက်ခိုက်ရပါမည်။
- သို့သော် ၎င်းတို့အားလုံးအနေဖြင့် မိမိတို့သည် အသင်းဆာစ်သင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အောင်ပွဲခံရန် ပူးတွဲတိုက်ခိုက်ကြသည့် အသင်းတစ်သင်းဖြစ်သည်ဟုလည်း ယုံကြည်ကြရမည်။
- ဤသည်မှာ ကျွန်ုပ်တို့၏ သမိုင်း၊ ကျွန်ုပ်တို့၏ အစဉ်အလာ၊ ကျွန်ုပ်တို့၏ အနာဂတ်ပင်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကျွန်ုပ်မရောက်ခင် နှစ်အနည်းငယ်ကဆိုလျှင် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံခြားရေးလုပ်ငန်းအရာရှိများ၊ ၎င်းတို့အား ထောက်ကူကြသည့် အထူးကျွမ်းကျင်သူများ (မြို့ပြဝန်ထမ်းများနှင့် ကျွန်ုပ်တို့၏ သံရုံးများကို ထောက်ကူကြသော ဒေသခံနိုင်ငံသားများ)ဖြင့် ဖွဲ့စည်းထားပါသည်။

နိုင်ငံခြားရေးလုပ်ငန်းအရာရှိများကို လူသိများကြပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ သံတမန်များ၊ သံအမတ်

www.burmeseclassic.com
bookhouse

www.burmeseclassic.com

များဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ အကျော်အမော် ကျွမ်းကျင်သူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ မြို့ပြဝန်ထမ်းများတွင် အသက်မွေးဝမ်းကျောင်းပညာရှင်များနှင့် များစွာတတ်ကျွမ်းကြသော ပုဂ္ဂိုလ်များပါဝင်ပါသည်။ "နိုင်ငံခြားရေးလုပ်ငန်းနေ့"ကို ကျွန်ုပ်တို့က နှစ်စဉ်ကျင်းပကြပါသည်။ အနားယူသွားသည့် နိုင်ငံခြားရေး လုပ်ငန်းအရာရှိများက ပြန်လည်နှောင်ဖွဲ့ရေးနှင့် ရှင်းလင်းကြားနာရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လာကြသောနေ့တစ်နေ့ ဖြစ်ပါသည်။

"နိုင်ငံခြားရေးဝန်ကြီးလုပ်ငန်း"နှင့် "မြို့ပြလုပ်ငန်း"တို့အကြား တည်ရှိနေသည့် ယဉ်ကျေးမှုနှင့် အခြားသော နယ်ခြားမျဉ်းများကို ကျွန်ုပ်က ထွင်းဖောက်လိုခဲ့ပါသည်။ ဤသည်ကို နှလုံးသွင်းလျက် ကျွန်ုပ်တို့က အလယ်အလတ်အဆင့်နှင့် အကြီးတန်းအဆင့် မြို့ပြလုပ်ငန်းသင်တန်းကို စတင်ဖွင့်ခဲ့ပြီး ၎င်းတို့အရေးကြီးကြောင်းကို အလေးထားဖော်ပြရန် ဖြစ်သည့် အခြားသောခြေလှမ်းများကိုလည်း လှမ်းခဲ့ပါသည်။

ထိုကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် "နိုင်ငံခြားရေးလုပ်ငန်းနေ့" (Foreign Service Day)ကို "နိုင်ငံခြားရေးရာနေ့" (Foreign Affairs Day) ဟု အမည်ပြောင်းခဲ့ပြီး အနားယူသွားသော မြို့ပြဝန်ထမ်းများကို တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ "နိုင်ငံခြားရေးလုပ်ငန်း" အသိုက်အဝန်းမှ အသံများကို ကျွန်ုပ်တို့ကြားရပါသည်။ ၎င်းတို့က ၎င်းတို့ထံမှ တစ်ခုခု ယူသွားခံရသည်ဟု ခံစားကြရသည်။ အများစုက ၎င်းနေ့အခမ်းအနားသို့ ၎င်းတို့တက်ရောက်မည်မဟုတ်ဟူသည့် တွတ်ထိုးသံများကိုလည်း ကြားရပါသည်။

ဖြစ်လာမည့်အရေးကို စိတ်မအေးဘဲ စိုးရိမ်ခဲ့ပါသည်။ သို့သော် "နိုင်ငံခြားရေးရာနေ့" (FA Day) တွင် ခန်းမထဲ၌ "နိုင်ငံခြားရေးလုပ်ငန်းအရာရှိများ"နှင့် အရေးပါလောက်သည့် အရေးအတွက်ရှိသည့် "မြို့ပြဝန်ထမ်း"များဖြင့် ပြည့်လျက်ရှိပါသည်။ ထို့ကြောင့်ပင် "နိုင်ငံခြားရေးလုပ်ငန်း"က ဤအမျိုးအစားဖြစ်သော နှောင်ဖွဲ့မှု၏ တန်ဖိုးများကို သိရှိလာခဲ့ပါသည်။ "အသင်းတစ်သင်း၊ တိုက်ပွဲတစ်ခုတည်း"ပင် ဖြစ်ပါသည်။

ဘုံရည်ရွယ်ချက်တစ်ခု၊ ခေါင်းဆောင်ထံမှ ဆင်းသက်လာပြီး အသင်းတစ်သင်းလုံးက နှလုံးသွင်းထားသည့် ရည်ရွယ်ချက်တစ်ခုကို နောက်လိုက်ငယ်သားများထံသို့ ဆက်သွယ်ပေးရန်လိုအပ်ကြောင်းကို ကျွန်ုပ် သိဖူးသည့် ခေါင်းဆောင်တိုင်းက ပင်ကိုအသိစိတ်ဖြင့် သိကြပါသည်။ ဘုံရည်ရွယ်ချက်ဟူသည့် လက်နက်ကို တပ်ဆင်ထားသည်ဖြစ်ရာ ၎င်းအဖွဲ့အစည်း၏ အစိတ်အပိုင်းအမျိုးမျိုးက ထိုရည်ရွယ်ချက်ရရှိအောင်မြင်ရေးအတွက် ကြိုးပမ်းကြမည်ဖြစ်ပြီး ၎င်းအဖွဲ့ကို ရှောင်ဖယ်သွားကြလိမ့်မည် မဟုတ်ပါ။ တိုက်ခိုက်နေကြသည့် လူမျိုးစုများထက်ပင် မလျှော့သည့်အဖွဲ့အစည်း အများအပြားကိုလည်း ကျွန်ုပ် တွေ့မြင်လာခဲ့ပါသည်။ ၎င်းတို့သည် ကျရှုံးလေ့ရှိကြပါသည်။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂၃ အနိုင်ရဖို့ ယှဉ်ပြိုင်ပါ

စစ်တပ်သည် ယှဉ်ပြိုင်မှုကို အားပေးပါသည်။ စစ်ဆိုသည်မှာ ပြိုင်ပွဲတစ်ခုပင်ဖြစ်သည်။ ၄င်းစစ်ပွဲသည် ရည်ရွယ်ချက် အရန်သင့်ဖြစ်မှု၊ သန့်ရှင်းရေး ချထားမှု၊ သတ္တိ၊ စွန့်စားရဖူနှင့် အကောင်အထည်ဖော်မှုတို့ကို အဓိက (အဆုံးစွန်အဖြစ်) စမ်းသပ်မှုလည်း ဖြစ်ပါသည်။ အဖွဲ့နှစ်ဖွဲ့၊ အုပ်စုနှစ်ခု၊ ဘက်နှစ်ဖက်ပါဝင်သော လူသားတို့၏ ဆောင်ရွက်မှုတိုင်းလိုလိုတွင် ယှဉ်ပြိုင်မှုဟူ၍ ရှိပါသည်။

လူတို့သည် မိမိကိုယ်ကို စမ်းသပ်လိုကြသည်။ သက်သေပြလိုကြသည်။ အခြားအဖွဲ့ထက် အခြားပုဂ္ဂိုလ်ထက်သာကြောင်းကို ပြလိုရှုမဟုတ်ဘဲ မိမိတို့သည် လေ့ကျင့်မှုပြုပြီး မိမိတို့၏ ကျွမ်းကျင်မှုအတတ်ကို ခြင့်တင်ထားသည်ကို ပြလိုရှုဖြစ်ပါသည်။ အနိုင်ရခြင်းသည် ကြီးမြင့်သည့်အရာဖြစ်ပြီး ရှုံးသည်ထက် အစဉ်ပင်ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုအတတ်နှင့် စွမ်းဆောင်နိုင်ရည်တို့ကို ပြီးပြည့်စုံအောင်ပြုလုပ်ခြင်းသည်လည်း ကြီးမြင့်သည့်အရာပင်ဖြစ်ပါသည်။

၁၉၈၆ ခုနှစ်တွင် ဂျာမနီရှိ V တပ်ဖွဲ့ကို ကျွန်ုပ်က ဦးဆောင်သောအခါ ၄င်းတပ်ဖွဲ့သည် နိုင်ငံတကာ စစ်ရေးပြိုင်ပွဲကြီးနှစ်ခုတွင် ပါဝင်ခဲ့ပါသည်။ ပြိုင်ပွဲတစ်ခု၏ အမည်မှာ "Boeselager ပြိုင်ပွဲ" ဖြစ်ပြီး နောက်တစ်ခုမှာ "ကနေဒါဖလား" ပြိုင်ပွဲဖြစ်ပါသည်။

၄င်းတို့သည် ကမ္ဘာအဆင့်ပြိုင်ပွဲများဖြစ်ကြသည်။ Boeselager ပြိုင်ပွဲမှာ နေတိုးအဖွဲ့မှ အကောင်းဆုံး သံချပ်ကာယန္တရားတပ်ကိုရွေးမည့်ပြိုင်ပွဲဖြစ်ပြီး "ကနေဒါဖလား" ပြိုင်ပွဲမှာ အကောင်းဆုံး တင့်ကားတပ်ဖွဲ့လိုသတ်မှတ်ရန်ဖြစ်သည်။ သင့်အား ကိုယ်စားပြုမည့်တပ်ဖွဲ့ကို သတ်မှတ်တာဝန်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ၄င်း

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

တပ်ဖွဲ့အတွက် ခေါင်းဆောင်များနှင့် ကျွမ်းကျင်သူများကို ရရှိရန် အစွမ်းကုန် ကြိုးပမ်းရပါသည်။ ထို့နောက် ၄င်းတို့အား ပြိုင်ပွဲဝင်မည့်တပ်ဖွဲ့သို့ လွှဲပေးရပါသည်။ ထို့နောက် ၄င်းတို့လိုအပ်သမျှကို ဆောင်ရွက်ပေးရပါသည်။ ၄င်း "ထမင်းအိုး အကောင်းစား" အဆင့်ပြိုင်ပွဲဝင်များအတွက် အခြားတပ်ဖွဲ့များက အနစ်နာခံကြရပါသည်။ ဤကဲ့သို့သော ပြိုင်ပွဲသည် သန့်ရှင်းမှုမရှိဟု အမှုဖော်၍ရနိုင်ပါသည်။

သင်သည် "ထမင်းအိုးအကောင်းစား"အဖွဲ့နှင့် စစ်ဖြစ်နေခြင်းမဟုတ်၊ ပြိုင်ပွဲရှိ အသင်းတိုင်းနှင့်စစ်ဖြစ်နေခြင်းသာ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ အောင်နိုင်စေမည့်အကြောင်းမှန်သမျှကို ကျွန်ုပ်က စည်းကမ်းဘောင်အတွင်းမှ ဆောင်ရွက်ပေးခဲ့ပါသည်။

ကျွန်ုပ်၏ အခြားသောတပ်ဖွဲ့ဝင်များအပေါ် ဖြတ်တောက်သည့် အပူအဆဲကို ကျွန်ုပ် သဘောမကျပါ။ အောင်နိုင်စေရန် သင်က ဆုံးဖြတ်လိုက်ပြီဆိုလျှင် သင့်မှာရှိသမျှကို ၄င်းတပ်ဖွဲ့အား ပေးရပါသည်။ သင်၏အရင်းအမြစ်များကို စုဆောင်းရပါသည်။ အလျှော့ပေးခံရသူများကို အဘယ်ကြောင့် ဤသို့ လျှော့၍ပေးရသည်ကို ရှင်းပြရပါမည်။ ထို့နောက် အနိုင်ရအောင် လုပ်ပါတော့။

ပြိုင်ပွဲမတိုင်မီ ကျွန်ုပ်သည် အိမ်ဖြူတော်သို့ ပြောင်းရွှေ့ရသော်လည်း ကျွန်ုပ်တို့ တပ်ဖွဲ့များသည် ပြိုင်ပွဲနှစ်ခု စလုံးတွင် အနိုင်ရပါသည်။ တစ်နှစ်တည်းတွင် ၄င်းဆုနှစ်ခုစလုံးကို အနိုင်ရဖူးသည့်တပ်ဖွဲ့ဟူ၍ ယခင်ကမရှိခဲ့ဖူးပါ။

ကျွန်ုပ်သည် ကိုရီးယားတွင် တပ်ရင်းမှူးဖြစ်ခဲ့စဉ်က ကျွန်ုပ်အလုပ်၏ စောစောပိုင်းကာလတွင် ပို၍ပင် အောက်ခြေအထိရောက်ခဲ့သည့် သာဓကများရှိခဲ့ဖူးပါသည်။

ကျွန်ုပ်သည် နေ့တိုင်းအတွက် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုပြီး အခြေအနေကို ကြည့်ရှုရေးအတွက် အချိန်ကို သီးသန့်ဖယ်ထားပါသည်။ တစ်နေ့တွင် တပ်မဟာဌာနချုပ်ဘက်မှ ကျွန်ုပ်၏တပ်ဖွဲ့တစ်ဦး လာနေသည်ကို တွေ့ရသည်။ သူအား အကြောင်းအကျိုးကိုမေးကြည့်ရာ "တစ်လအတွင်း အကောင်းဆုံးစစ်သား" ပြိုင်ပွဲမှပြန်လာကြောင်း၊ မနေ့ညက ပြိုင်ရမည်ဟုသိရ၍ ဝင်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေအနေမကောင်းခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ကျွန်ုပ်က ၄င်းကြိုးစားခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောပြီး ကျောပြင်ကို လက်ဖြင့်ပုတ်၍ နှစ်သိမ့်ခဲ့ပါသည်။

ထို့နောက် ကျွန်ုပ်သည် အရာခံဗိုလ်များကို နောက်တစ်ကြိမ် ဤသို့မဖြစ်ရန် ကြိုတင်ပြင်ဆင်ပြီးမှ ဝင်ပြိုင်စေရန် ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့၏တပ်ရင်းသည် "တစ်လအတွင်း အကောင်းဆုံးစစ်သား"ပြိုင်ပွဲတွင် နောက်လာသည့် လအနည်းငယ်အတွင်း အနိုင်ရရှိခဲ့ပါသည်။ နောက်ပိုင်းတွင် အခြားတပ်ရင်းများကလည်း အဓိလိုက်လာပြီး အကောင်းဆုံး ကြိုးပမ်းလာကြသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

မိမိတို့ဘက်က အရန်သင့်မဖြစ်သောတာဝန်ကိုပေးခံရသည့် စစ်သားတို့သည် သူတို့ကိုယ်သူတို့ ယုံကြည်မှုဆုံးရှုံးစေသည်သာမက သူတို့၏ ခေါင်းဆောင်များအပေါ်တွင်လည်း သေလောက်အောင်ပင် ယုံကြည်မှုဆုံးရှုံးစေပါသည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ သင့်အား ဆုံးဖြတ်စေနိုင်ပါသည်။ ၁၉၇၆ ခုနှစ်တွင် အမှတ်(၁၀၁) လေကြောင်းချီတပ်မ၊ အမှတ်(၂)တပ်မဟာကို ကျွန်ုပ်က ဦးစီးရပါသည်။ တပ်မ၏ နှစ်စဉ်လက်တွေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အသင်းတစ်သင်းဖွဲ့ခဲ့ရာ ကျွန်ုပ်တို့သည် နိုင်ပွဲရလာခဲ့ပါသည်။

သို့သော် ကျွန်ုပ်တို့တွင် ဖယ်သာဝိတ်တန်းတွင် (၁၂၀-၁၂၅ ပေါင်တန်း)တွင် ဝင်ပြိုင်မည့်သူမရှိသည်ဖြစ်ရာ ပေါင်ချိန်မီမည့်သူကို ရှာဖွေရာ သေးသေးငယ်ငယ် တပ်ဖွဲ့ ဝင်တစ်ဦးဖြစ်သူ Pee Wee Preston ဆိုသူကို တွေ့ခဲ့သည်။ Pee Wee သည် လက်တွေ့မထိုးဖူးပါ။ အကောင်ကလည်း သေးပါသည်။ သို့သော် ထိုးလိုစိတ်ရှိပါသည်။ ထို့ကြောင့် ၄င်းအား လက်တွေ့သမားတစ်ဦး လေ့ကျင့်ရန်လိုအပ်သည်များကို အကုန်အစုံလေ့ကျင့်ပေးခဲ့သည်။

ပြိုင်ပွဲနေ့သို့ရောက်မါသည်။ ပထမနှစ်ညတွင် Pee Wee နှင့်ပြိုင်မည့်သူ မပေါ်ခဲ့ပါ။ သို့သော် တတိယည သို့ရောက်သောအခါ ပြိုင်မည့်သူပေါ်ခဲ့ရာ ၄င်းမှာ ပနားမားလက်တွေ့ကျော် Roberto Duran ၏ တပည့်အရင်းတစ်ဦးဖြစ်ပါသည်။

၄င်းည၌ ထိုးသတ်ကြရာ ပထမနှင့် ဒုတိယအချီတို့တွင် Pee Wee က မထိုးဘဲ နည်းမျိုးစုံဖြင့် ကာကွယ်နေးဖြင့် သာနေခဲ့သည်။ တစ်ဖက်လက်တွေ့သမားက အပြင်းအထန်ထိုးလာရာ အတော်ပင် မောပန်းနွေးပြိုဖြစ်သည်။ တတိယအချီ စသည့်အချိန်တွင် တစ်ဖက်လက်တွေ့သမားသည် မောပန်းနွေးပြိုဖြစ်ပါသည်။ Pee Wee က [illegible] အပိုင်ထိုးချလိုက်ရာ တစ်ဖက်လူလက်မောင်းမှာ အောက်သို့လျှောကျခဲ့ရသည်အထိ ဖြစ်ခဲ့ပြီး ဒိုင်ပွဲရုပ်ဖြစ် အနိုင်ရ ရိုက်ပါသည်။

Pee Wee အနေဖြင့် ထိုးရလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့က ယူဆခဲ့သော လက်တွေ့ပွဲတစ်ပွဲအတွက် Pee Wee အား ကျွန်ုပ်တို့က အရန်သင့်ဖြစ်အောင် ပြုလုပ်ခဲ့ပါသည်။ သူသည် အနိုင်ရခဲ့သည်။

အမှတ် XVIII လေကြောင်းချီတပ်တော်အတွင်း ပြိုင်ပွဲ၌မူ Pee Wee သည် ရှုံးခဲ့ပါသည်။ သို့ [illegible] ကိစ္စမရှိ [illegible]။ သူသည် ကျွန်ုပ်တို့ကို ကိုယ်စားပြုခဲ့ပါသည်။

ပြိုင်ပွဲအများစုရှိပါသ[illegible]ကျွန်ုပ်ယံတစ်ဦးကို ရွေးထုတ်သည့်ပြိုင်ပွဲမျိုးထက်ပိုသော အပြုသ[illegible]ပြိုင်ပွဲများ [illegible] သင့်အနေဖြင့် ပြုလုပ်နိုင်ပါသည်။ ကျွန်ုပ်သည် [illegible]တွင်း အဖွဲ့အချင်းချင်း ပြိုင်ကြသည့်ပြိုင်ပွဲများကို [illegible]သဘောကျသူဖြစ်ပါသည်။ အကောင်းဆုံးထောက်ပံ့ရေးအခန်း၊ အကောင်းဆုံးစစ်သား၊ အကောင်းဆုံးစာရေး[illegible]

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံး သံချပ်ကာတပ်သား စသည်ဖြင့် သင်အမည်ပေးချင်သလိုပေးနိုင်သည့် ပြိုင်ပွဲများဖြစ်ကြပါသည်။ ၄င်း ပြိုင်ပွဲကို တစ်လတစ်ကြိမ်လုပ်ပါ။ စံမီအောင်ပြုလုပ်ပါ။

ပြိုင်ပွဲမရှိပါက ကျွန်ုပ်တို့သည် ထုထိုင်းလာသည်။ စွေးစိုက်မှုမရှိဖြစ်လာသည်။ စိတ်ရောကိုယ်ပါ လျော့ရဲအား နည်းလာပါသည်။

■

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂၄ အဆောင်အယောင် လက်စွဲတုတ်များ

"ဒါဟာ အမိန့်ပဲ" ဆိုသည်မှာ သင်္ကြန်အမြောက်ကဲ့သို့ ခြိမ်းခြောက်ဟိန်းဟောက်တတ်သည့် ဗိုလ်ချုပ်ကြီးများ၏ ဇနီတစ်ရာထောနေသည့် လက်သုံးစကားဖြစ်ပါသည်။

ကျွန်ုပ်၏လုပ်သက် (၃၅)နှစ်ကာလအတွင်း "ဒါဟာ အမိန့်ပဲ" ဟု ပြောခဲ့သည်ကို ပြန်မပြောခဲ့ဖူးပါ။ ယခုအခါ ၄င်းစကားကို ကျွန်ုပ်ပြန်ဆိုပေးပါသည်။ ၄င်းစကားကို တစ်ဦးဦးကပြောသည်ကို ကြားဝင်ကြားဖူးပေါ့။

တစ်ခုတစ်ရာသော ခြင်းချက်များ၊ မလုပ်ချင်လုပ်ချင်ဖြစ်ရမှုများရှိလင့်ကစား ထပ်၍ ဆွေးနွေးခြင်းမပြုဘဲ သင်၏ယှဉ်ကြွားချက်များကို ဆောင်ရွက်သည်ကို ချက်ချင်းဆောင်ရွက်သည်ကို သင်ကလိုလားသည့်အခါမျိုးလည်း ရှိတတ်သည်။ ထိုသို့ ဆောင်ရွက်ရန် ၄င်းတို့အား ပြောရုံသာရှိပါသည်။

သို့သော် သင်က ပြီးစေလိုသည့်အလုပ်ကိုပြီးစေရန် ဟောဟဲလိုက်ပြီး နွှားတွန်သကဲ့သို့ အမိန့်တစ်ခုကို အော်ပြောခြင်းထက် ပို၍ကောင်းသည့်နည်းလမ်းများလည်း ရှိတတ်ပါသည်။ ခေါင်းဆောင်သည် မိမိ၏ဆန္ဒကို ချမှတ်ရပါမည်။ တော်၍ ပင်ကို စွမ်းရည်ရှိသော ခေါင်းဆောင်များသည် ၄င်းတို့တပ်ဖွဲ့၊ ယဉ်ကျေးမှုတို့နှင့် သဟဇာတဖြစ်လျက် အညှာသာဆုံး ဦးဆောင်လေ့ရှိပါသည်။ အချိန်ရမည်ဆိုပါလျှင် သင်က မည်သည်ကိုပြီးမြောက်အောင်မြင်စေရန် ဆောင်ရွက်နေသည်ကိုလည်းကောင်း၊ ၄င်းအလုပ်ပြီးမြောက်စေရန် ၄င်းတို့က ပါဝင်ရမည့်အရေးကြီးသည့် အခန်းကဏ္ဍကိုလည်းကောင်း နောက်လိုက်ငယ်သားများအား ရှင်းပြလျှင် ပို၍ကောင်းပါသည်။ အမေရိကန်စစ်သားကို မောင်းနှင်သည်ထက် ဦးဆောင်သည်က ပို၍ကောင်းပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

၁၉၆၀ ပြည့်လွန်နှစ်များတွင် General David Shoup သည် မရိုးတပ်ဖွဲ့၏ အကြီးအကဲဖြစ်ခဲ့စဉ်က ခေတ်နှင့်မညီတော့သော်လည်း ၎င်းအချို့က အရာရှိများသည် လက်စွဲတုတ်ကိုကိုင်ဆောင်ကြသည့် ဓလေ့ရှိခဲ့ပါသည်။ ဗြိတိသျှ ကိုလိုနီလက်ထက်မှကျန်ခဲ့သည့် အဓွေတစ်ခုဖြစ်သည်။ ကျွန်ုပ်အနေဖြင့် လူငယ်ဗိုလ်တစ်ဦးဖြစ်ခဲ့စဉ်က ၎င်းလက်စွဲတုတ်တစ်ချောင်း ရှိခဲ့ပါသည်။ ၎င်းတုတ်ကို ကျွန်ုပ်မြတ်နိုးတန်ဖိုးထားပါသည်။ ၁၉၅၇ ခုနှစ်၌ နွေရာသီ ROTC စခန်းဝင်စဉ်က တပ်ကြပ်ကြီး Artis Westberry က လက်ဆောင်ပေးထားပါသည်။ ကျွန်ုပ်သည် လက်ညှိုးညွှန်သလို ညွှန်ပြရန်အတွက် ၎င်းတုတ်ကို ဂုဏ်ယူစွာပင်ကိုင်ဆောင်ပါသည်။

၎င်းအချို့အခါက ၎င်းတုတ်ချောင်းသည် ခေတ်ကုန်လာပြီဖြစ်သော်လည်း မရိုးတပ်ကမူ ၎င်းအစဉ်အလာကို မဆုတ်မနစ် စွဲကိုင်ထားပါသည်။ ထိုသို့သော မဖွယ်မရာကိစ္စကို တားမြစ်ရန် Shoup က အကြီးအကဲတစ်ဦးအနေဖြင့် ဝါကျတစ်ကြောင်းသာပါသည့် အမိန့်ကို ထုတ်ချဖြင့် ပြီးနိုင်ပါသည်။

သို့သော် Shoup သည် အမြော်အမြင်ရှိသော ခေါင်းဆောင်တစ်ဦးဖြစ်သည့်အလျောက် အနည်းငယ်ကွဲပြားခြားနားသည့်နည်းကိုသုံးပါသည်။ ၎င်းက "အရာရှိများအနေဖြင့် လိုအပ်သည်ဟုယူဆလျှင် လက်စွဲတုတ်ကိုကိုင်ဆောင်ရန် ၎င်းတို့အား ခွင့်ပြုသည်" ဟူသည့် အမိန့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၎င်းတုတ်ချောင်းများသည် နေ့ချင်းပြီး ပျောက်ကွယ်သွားပါတော့သည်။ အဖွဲ့အစည်းတိုင်းတွင် ၎င်း၏ယဉ်ကျေးမှုဓလေ့၌ နက်နဲစွာ အမြစ်တွယ်နေသည့် "လက်စွဲတုတ်များ" ရှိပါသည်။ သင့်အနေဖြင့် ၎င်းတို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ ၎င်းတို့သည် ခေတ်နှင့်မညီတော့ကြောင်း ဖော်ထုတ်ရန် နည်းလမ်းကိုတွေ့ရှိရန်မှာလည်း မခက်ခဲပါ။ ဤသို့ပြုမူခြင်းဖြင့် အားလုံးကို ဝမ်းမြောက်စေပြီး အားလုံးက ထောက်ခံကြမည်ဖြစ်သည်။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂၅ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ သူတို့က စီစဉ်ကြောင်းလိမ့်မည်

လွန်ခဲ့သော နှစ်များအတွင်း အရာရှိငယ်တစ်ဦးဖြစ်စဉ်က မျိုးဆက်သစ် တပ်သားများနှင့်ကိုက်ညီစေရေး၊ စာရိုက်ကူးမြှင့်တင်ရေး၊ အရက်အလွန်အကျွံသောက်သည့် တပ်ဖွဲ့ဝင်ဦးရေ လျှော့ချရေး၊ ဓလေ့မတူဖြစ်မှုများ လျှော့ချရေးအတွက် နည်းလမ်း များကိုရှာကြပါသည်။

တပ်သားများက ငှင်းတို့က လိုလားလျှင် အိမ်၌ပင်လျှင် ဘီယာသောက်နိုင် ရေးအတွက် တပ်တွင်း၌ ဘီယာရောင်းသည့်စက်ဖွင့်ရန် (ဘီယာဆိုင်ဖွင့်ရန်)တစ်ဦးက အကြံပြုလာပါသည်။ ဤသည်ကို အယူအဆကောင်းတစ်ရပ်အဖြစ် ကျွန်ုပ်တို့ တပ်ကြပ် ကြီးများက ဖယ်ထုတ်ပါ။ ဘီယာကို အကန့်အသတ်မရှိ လက်လှမ်းမီမှုကြောင့် အထိန်း အချုပ်မရှိသောက်သုံးမှုဖြစ်လာပြီး ဘီယာရန်ပွဲများဖြစ်လာစေနိုင်ပါသည်။

တပ်သားများကမူ ငှင်းသည် ကောင်းသည့် အတွေးအမြင်ဖြစ်ကြောင်း ယူဆပြီး ငှင်းစက်ကိုထားရှိရန် တောင်းဆိုကြသည်။ ဆုံးဖြတ်ချက်မပေါ်ထွက်လာပါ။ ထို့ကြောင့် ပွစိပွစိပြောလာကြသည်။

ငှင်းဘီယာစက်ကိုထားရှိခြင်းအားဖြင့် ပွစိပွစိဖြစ်မှု ပြီးဆုံးစေပြီး စာရိတ္တ ကို တိုးတက်စေပါမည်လော၊ ကျွန်ုပ်တို့ထဲက အများအပြားက ထိုသို့တိုးတက်လာလိမ့် မည်ဟု ယူဆခဲ့ကြသည်။

လူမနောကို ကောင်းကောင်းသိသူ တပ်ကြီးကြီးများထဲမှတစ်ဦးက ငှင်း အတွေးအမြင်တွင် အများအယူခရှိကြောင်းကို ကျွန်ုပ်အား တိတ်တဆိတ်ထောက်ပြပါ သည်။ "ဒိုလ်ကြီး တပ်ထဲမှာ ဘီယာစက်ကိုထားရှိခြင်းအားဖြင့် ပွစိပွစိပြောမှုကို ဆုံးခန်းတိုင်စေမည်မဟုတ်ပါ။ စက်ထဲမှာရှိသည့် ဘီယာ၏တံဆိပ် အမျိုးအစားနှင့်ပက်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

သက်၍ ဒီဇာကြောင်ကြပါလိမ့်မည်။ ဒီဇာကြောင်ချိန်မှာ သူတို့သည် မူးနေကြပါလိမ့်မည်"ဟု ပြောပါသည်။

ကျွန်ုပ်သည် ၄င်းစကားကိုမထားရှိပါ။ ယနေ့ စစ်တပ်သည် အရက်သေစာကို တပ်ဖွဲ့ဝင်များနှင့် ဝေးဝေးရှိစေဖို့ ကြိုးစားလျက်ရှိပါသည်။ ဤသည်ကြောင့်ပင် ဝိုင်ကောင်းပြီး ဝိုင်ဘေးကင်းလုံခြုံသည့် စစ်တပ်ဖြစ်လာပါသည်။

အဆိုပါ ဇာတ်လမ်းသေးသေးလေးမှ ကျွန်ုပ်ရလိုက်သည့် သင်ခန်းစာအကြီးကြီးမှာ ဤသို့ဖြစ်ပါသည်။ အကယ်၍ သင်က အဖြေများကို စိစစ်ရွာဖွေသည့်အခါ အောက်ခြေအဆင့်များအထိ ဆင်းပြီး ဆင့်ပွားအကျိုးသက်ရောက်မှုများကို စဉ်းစားကာ အဖြေရပြီဟု သင်က ဆုံးဖြတ်လျှင် သင်သည် တကယ့်ဖြေရှင်းမှုကိုရနေပြီလော၊ သို့မဟုတ် စိတ်ကူးယဉ်မှုက သင့်အား နောက်ထပ်ပြဿနာများနှင့် ကြုံစေမည်လောဆိုသည်ကို သင့်ကိုယ်သင်ပြန်မေးပါ။

ဤသင်ခန်းစာသည် ကြီးငယ်မဟူသော ပြဿနာများအတွက် ကျင့်သုံး၍ရပါသည်။ အခြေအနေအားလုံးတွင် ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်သည့် ဒီဇာကြောင်မှုများရှိနိုင်ပါသည်။ တစ်ခါတစ်ရံ ၄င်းတို့သည် သေရေးရှင်ရေးတမျှလေးနက်ပါသည်။

တပ်တွင်းဘီယာဆိုင်ခြင်းကွင်းမှနေ၍ ၂၀၀၃ ခုနှစ်တွင် အီရတ်သို့ ချင်းနင်းဝင်ရောက်မှုအကြောင်းသို့ ပြောင်းကြရအောင်။

၂၀၀၃ ခုနှစ်တွင် ကျွန်ုပ်တို့သည် Baghdad မြို့အထိ ချီတက်ခဲ့ကြသည်။ ရက်ပိုင်းအတွင်း ၄င်းမြို့ကျရုံးပါသည်။ Saddam Hussein ၏ အုပ်စိုးမှုမှာလည်း ပြိုလဲခဲ့ပါသည်။ ၄င်းအောင်ပွဲများကို ကျွန်ုပ်တို့က ကြီးမားသည့် အောင်မြင်မှုနှင့်ပြဿနာကြီးတစ်ရပ် ပြီးဆုံးမှုအဖြစ် မြင်ခဲ့ကြသည်။ ကျွန်ုပ်တို့က အောင်ပွဲရပြီဆိုလျှင် ကျွန်ုပ်တို့ နောက်ထပ်မည်သည်တို့ကို ဂရုထားဆောင်ရွက်ရမည်တို့ကို နည်းနည်းမှစဉ်းစားခြင်း မပြုခဲ့ပါ။

လွတ်လပ်မှုသို့သွားရာ တံခါးကို ဖွင့်လိုက်သောကြောင့် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ဆောင်ယူလာမည်လော။ ဤသို့ဖြစ်လာလိမ့်မည်ဟု အမေရိကန်ခေါင်းဆောင် အများအပြားက ထင်မှတ်ခဲ့ကြသည်။

ကျွန်ုပ်တို့က စတင်ခဲ့သည့် အပြောင်းအလဲများက အီရတ်ပြည်သူများနှင့် အီရတ်လူ့အဖွဲ့အစည်း တည်ဆောက်ပုံတို့အပေါ် မည်သို့ထိခိုက်မည်ဆိုသည့် မေးခွန်းအား ကျွန်ုပ်တို့က မဖြေရသေးပါ။ ထိုသို့မဖြေရသေးကြောင်းကို တိတ်တဆိတ်ထောက်ပြမည့် လူ့အကြောကိုသိသူ တပ်ကြပ်ကြီးတစ်ဦးဦး မရှိသည်မှာ အလွန်ပင်ဆိုးပါသည်။ ၄င်းလူ့ အသိုက်အဝန်းသည် ဝိုဏ်းခွဲသင်းခွဲတံဆိပ်မျိုးစုံတို့ကို ဗရပွစုပုံထားသလိုဖြစ်နေပါသည်။ အဆိုပါ ဂိုဏ်းခွဲသင်းခွဲအမျိုးမျိုးနှင့် ပတ်သက်၍ အီရတ်သည် ရာစုနှစ်နှင့်ချီ၍ ပွစိပွစိဖြစ်ခဲ့ပါသည်။ ၄င်းဒီဇာကြောင်မှ ပွစိပွစိဖြစ်မှုကိုလည်းကောင်း၊ သဘောကွဲလာမှုနှင့် ပဋိပက္ခဖြစ်လာမှုများကိုလည်းကောင်း၊ ၄င်းတို့၏ လွတ်လပ်မှုအသစ်များက မရင်ဆန်စေခဲ့ပါ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ပွစိပွစိဖြစ်မှု၊ သဘောကွဲမှုနှင့် ပဋိပက္ခတို့က ကျွန်ုပ်တို့၏ လောလောဆယ်အောင်မြင်မှုကို ကြာမ်းကြုတ်သည့် နာတာရှည် အကျပ်အတည်း အဖြစ် ပြောင်းစေခဲ့ပါသည်။ အမေရိကန်တပ်ဖွဲ့များအနေဖြင့် တပ်ခွာရေးအတွက် တည်ငြိမ်မှုရရန် နှစ်နှင့်ချီ၍ ကြာခဲ့ပါသည်။ အမှားအယွင်းရှိသည့် မဟာဗျူဟာတစ်ရပ်ကို စိတ်ကူးယဉ်မှုက နှစ်နှင့်ချီ၍ မောင်းနှင်ခဲ့ပါသည်။ ဤအတောအတွင်း အမှတ်ကံဆိပ် (သင်းခွဲဂိုဏ်းခွဲများ)နှင့် ပတ်သက်သည့် အီရတ်နိုင်ငံတွင်း ငြင်းခုံမှုများမှာ ဆက်လက်ဖြစ်နေဆဲဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ထိုသို့ဖြစ်လာနိုင်ပါသည်။

စစ်တန်းလျားထဲမှ ဘီယာဆိုင်ဧာတ်လမ်းထဲမှ ဒုတိယမြောက်သင်ခန်းစာကို ကျွန်ုပ်ရလိုက်ပါသည်။ ၄င်းမှာ "သင့်ကိုယ်ကို တပ်ကြပ်ကြီးများဖြင့် ဝန်းရံထားပါ။" ဆိုလိုသည်မှာ အောက်ခြေအမှန်တရား အတွေ့အကြုံရှိပြီး ၄င်း၏အတွေးအခေါ်ကို ကြီးကျယ်သည့် သိအိုရီများဖြင့် ညစ်ထေးမှုမဖြစ်စေသေးသည့် လူများဖြင့် ဝန်းရံထားရမည် ဟူ၍ဖြစ်ပါသည်။

အီရတ်သို့ ကျွန်ုပ်တို့ချင်းနှင်းဝင်ရောက်မှုမပြုမီ ဒေသတွင်းရှိ အောက်ခြေအမှန်တရား အတွေ့အကြုံရှိသည့် ပို၍များသည့်ပုဂ္ဂိုလ်များက ပြောပြသည်ကို ပို၍ကြားနာသင့်ပြီး ဝါရှင်တန်ရှိ သဘောတရားအရ လေးနက်ပြီး အတွင်းကြီးသော ပုဂ္ဂိုလ်များကို လျှော့ချနားထောင်သင့်ခဲ့ပါသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၂၆ စာရင်းပါပစ္စည်းများကို ရက် ၃၀ နောက်ပိုင်းတွင် သင်ပိုင်သည်၊ သင်နှင့်သာဆိုင်သည်

ကွန်ပျူတာစာရင်းသွင်းပြီး ဗဟိုမှ ချုပ်ကိုင်သည့် စီမံခန့်ခွဲမှုများ မရှိမီက ဆိုလျှင် သေနတ်ကိုင်တပ်ခွဲတစ်ခွဲကို ဦးစီးရသည်မှာ ပို၍စိတ်ဝင်စားရပြီး လူအင်အား ဖြင့် ပို၍ဆောင်ရွက်ရသည့် ကိစ္စဖြစ်ပါသည်။ တပ်ခွဲရှိ ပစ္စည်းအားလုံးကို တပ်ခွဲ၏ ပစ္စည်းစာရင်းစာအုပ်တွင်လည်းကောင်း၊ မင်ဖြင့်ရေးသား စာရင်းသွင်းရသည့် သာမန် လယ်ကျစာအုပ်တွင်လည်းကောင်း ရေးသွင်းရပါသည်။ တပ်ခွဲ၏ကာဝန်ကို မထမ်း ဆောင်မီ တပ်ခွဲအဟောင်းနှင့်အသစ်တို့သည် ပစ္စည်းစာရင်းသွင်းကြရာတွင် ပစ္စည်းတစ်ခု ချင်းကို ရေတွက်စာရင်းသွင်းကြပါသည်။ ပစ္စည်းတစ်ခုခု လျော့နည်းနေလျှင် တပ်ခွဲ မှူးဟောင်းက ရှာပေးရပါမည်။ မတွေ့ရှိပါက "စစ်ဆေးမှုအစီရင်ခံစာ" ဟူသည့် နည်းစဉ်အရ ဖြေရှင်းကြသည်။ ပစ္စည်းလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးကာ တပ် ခွဲကို ဦးစီးရပြီးနောက် တပ်ခွဲမှူးသစ်အနေဖြင့် ပစ္စည်းတစ်ခုခုပျောက်ဆုံးနေသလော၊ တစ်ခုခု ကွာခြားမှုရှိနေသလောဆိုသည်ကို ရှာဖွေနိုင်ရန် ရက်(၃၀)အချိန်ရပါသည်။ ၄င်းရက် (၃၀)အတွင်း တစ်ခုခုပျောက်ဆုံးနေသည်ကို တွေ့ရှိပါက တပ်ခွဲမှူးသစ်က တပ်ခွဲမှူးဟောင်းတွင် တာဝန်ရှိကြောင်း သို့မဟုတ် မိမိတွင် တာဝန်မရှိကြောင်းဖြင့် အရေးယူဆောင်ရွက်နိုင်ပါသည်။

ကျွန်ုပ်တို့ ပြောလေ့ရှိသည့်အတိုင်းပင်။ "ရက်(၃၀) နောက်ပိုင်းတွင်ဆိုလျှင် ၄င်းစာရင်းကို သင်ပိုင်ဆိုင်ပါသည်"။ (၃၁)ရက်နေ့ရောက်သည်တွင် ကွာခြားမှု သို့မဟုတ် လိုနေမှုတစ်ခုခုဖြစ်နေလျှင် သင်၏ပြဿနာဖြစ်လာပါသည်။

ဤသို့ ရှင်းလင်းစွာ တာဝန်ယူစေသည့်နည်းကို ကျွန်ုပ် သဘောကျပါသည်။ သင်က လူစားထိုးသည့်ပုဂ္ဂိုလ်က ညည်းညူမှု၊ အရေးဆိုမှု၊ အပြစ်ကင်းမှု မရှိသည့်

bookhouse
www.burmeseclassic.com

www.burmeseclassic.com

နည်းပင်ဖြစ်ပါသည်။ အရေးအကြီးဆုံးမှာ အခြားတစ်ဖက်မှ ပုဂ္ဂိုလ်အား အပြစ်တင်ရန်လည်း အချိန်မရှိတော့ပါ။ ဆိုင်းငံ့ ထား၍ ရက်(၃၀)ကျော်သွားပါက သင်က ၄င်းစာရင်းများကို ပိုင်ဆိုင်ပါသည်။ တာဝန်ရှိပါသည်။

သေနတ်ကိုင်တပ်ဖွဲ့အဆင့်ထက် မြင့်သောအဆင့်များတွင်ဆိုလျှင် ထိုသို့လွှဲပြောင်းမှုမှာ ပို၍နက်နဲရှုပ်ထွေးပါသည်။ ၄င်းကို "စာအိတ်(၃)အိတ်နည်း" ဟု ခေါ်ပါသည်။ ထွက်သွားသည့်ခေါင်းဆောင်က ခေါင်းဆောင်သစ်ထံသို့ စာအိတ်(၃)အိတ်ကိုပေးပါသည်။ စာအိတ်-၁၊ စာအိတ်-၂၊ စာအိတ်-၃ ဟု အမှတ်စဉ်တပ်ထားပါသည်။ အကယ်၍ ခေါင်းဆောင်သစ်အနေဖြင့် ပြဿနာကြုံလာလျှင် ၄င်းစာအိတ်များကို အမှတ်စဉ်အလိုက် ဖွင့်သွားရန်ဖြစ်သည်။ တစ်လ ကြာလာသောအခါ ပြဿနာပေါ်လာလျှင် အမှတ်-၁ စာအိတ်ကိုဖွင့်ပါသည်။ စာတွင် "ကျွန်ုပ်အားအပြစ်တင်ပါ" ဟု ရေးသားထားသည်။ ပြဿနာငြိမ်းသွားပြီး လအနည်းငယ်ကြာသောအခါ ပြဿနာပေါ်လာပြန်သည်။ ထို့ကြောင့် ဒုတိယစာ အိတ်ကိုဖွင့်ရာ "ပြန်လည်ဖွဲ့စည်းပါ" ဟု ရေးထားပါသည်။ ထို့ကြောင့် ၄င်းက အခြေအနေကောင်းလာစေရန် လိုအပ်သော ပြန်လည်ဖွဲ့စည်းပုံအမျိုးအစားကို လေ့လာပါသည်။ ၄င်းကြီးပမ်းမှုကြောင့် လူအားလုံး၊ ဌာနအားလုံးကို လှုပ်ရှားစေပြီး နှစ်နှစ်ပုံစံသစ်တစ်ခုကို ဖန်တီးပါသည်။ လူအားလုံးမှာလည်း အာရုံပျက်ကြရပါသည်။ ၄င်းပုံစံအသစ်သည် စိတ်လှုပ်ရှား စွယ်ရာဟုထင်ရပါသည်။ သို့သော် မည်သည့်အရာကိုမျှ ဖြေရှင်းနိုင်ခြင်းမရှိရာ လူတွေ့မှာ စိတ်ရှုပ်ထွေးရပါသည်။ ထို့ကြောင့် ယခုအခါ တပ်မှူးအသစ်မဟုတ်တော့သည့် ၄င်းတပ်ခွဲမှူးက တတိယစာအိတ်ကို စိတ်ပျက်လက်ပျက်ဖြင့် ဖွင့်လိုက်ပါသည်။ "စာအိတ်-၃ အိတ်ကို ပြင်ဆင်ထားပါ" ဟူ၍ ရေးသားထားပါသည်။

၄င်းစာအိတ်(၃)အိတ် စနစ်သည် အလွန်ချယ်ခံရသည့် နိုင်ငံရေးသမားများနှင့် အလုပ်မဖြစ်ပါ။ ၄င်းတို့က ရှေ့တာဝန်ယူသွားသူများကို အတင်းနှိုင်းဆုံး အပြစ်တင်ကြပါလိမ့်မည်။ တစ်ခုခုမှားနေပြီဆိုလျှင် သူတို့၏ အပြစ်မဟုတ် ပါ။ အကယ်၍ တစ်ခုခုသည် ကောင်းနေပြီဆိုလျှင် သူတို့၏ ကောင်းကောင်းကြီးပမ်းမှုကြောင့်ဖြစ်ရသည်ဟု ယူဆပြီး အကယ်၍ ၄င်းတို့ရှေ့မှ ဆောင်ရွက်သွားသူများသည် ၄င်းတို့ပါတီမှ ပုဂ္ဂိုလ်များဖြစ်နေလျှင် တိုးတိုးလေးသာ ညည်းတွားကြကောင်း ညည်းတွားကြပါလိမ့်မည်။

သင့်၏ရှေ့မှလူသည် ပုံမှန် ဂို့တိုက်လူသတ္တဝါအနေဖြင့် အလုပ်ကောင်းကောင်း လုပ်သွားသည်ဟုယူဆပါ။ အကယ်၍ ၄င်းက ကောင်းကောင်းမလုပ်ဆောင်ခဲ့လျှင် ငြိမ်၍နေပါ။ ရှောဘက်သို့နှင့် အထက်ဘက်သို့ ရွေ့လျားပါ။ သင်သည် တာဝန်ခံဖြစ်ပါသည်။ တာဝန်ခံဆောင်ရွက်ပါ။ ထို့နောက် "၄င်းစာရင်းကို သင်ပိုင်ဆိုင်သည်"ကို အမြဲ သတိရပါ။

■

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂၇ နံရံပေါ်က ကြည့်မှန်

ကျွန်ုပ်၏ အားသာချက်နှင့် အားနည်းချက်တို့ကို လေ့လာအကဲဖြတ်ရာတွင် ကျွန်ုပ်သည် အတော်ပင် ကျွမ်းပါသည်။ သို့သော် ကျွန်ုပ်၏ အားနည်းချက်များကို ကိုယ်ရေးကိုယ်တာကိစ္စအဖြစ် ထားရှိပါသည်။ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးမှုတွင် သူငယ်ချင်းများနှင့် မိသားစုများပါဝင်လာသောအခါ ပို၍ခက်ပြီး ပို၍ဆိုးပါသည်။ ကျွန်ုပ်အား (၃၆၀) ဒီဂရီပတ်လည် အကဲဖြတ်ပြီးနောက် အတော်ကြာသည်အထိ ၄င်းအကဲဖြတ်မှုမှာ ခေတ်စားနေသေးသည်ကို ဝမ်းသာမိပါသည်။ ထိုသို့ အကဲဖြတ်မှုဖြစ်စဉ်အတွင်း သင်၏အတ္တသည် ထိပါးလွယ်တတ်သည်။ သင်၏ကိုယ့်ကိုယ်ကိုယ် လေးစားမှုသည် စိန်ခေါ်ခံရသည်။ သင်၏ဆုံးဖြတ်ချက်သည် မေးခြန်းခံရသည်။ သင်၏ မှားယွင်းတတ်မှုသည် ထုတ်ဖော်ခံရသည်။ သို့စေကာမူ သင့်အတွက် ပိုကောင်းရေး၊ လူတွေနှင့် ပို၍ကောင်းအောင် ဆက်ဆံရေး၊ မကောင်းဆိုးဝါးမှုကို ရင်ဆိုင်ရေးတို့အတွက် ဤသို့စစ်ဆေးရန် မရှိမဖြစ်လိုအပ်ပါသည်။ ကြည့်မှန်ကို စိုက်ကြည့်၍ တိကျသည့် ရုပ်ပုံလွှာကို မြင်ရခြင်းသည် ရောဂါကုသသလိုဖြစ်ပြီး ကျန်းမာစေပါသည်။

ဤစိစစ်မှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ခက်ခဲသည်ဆိုပါလျှင် အဖွဲ့အစည်းတစ်ခုရှိ တစ်ဦးချင်းစီကို ဖွဲ့ထားသည့်အုပ်စုများအတွက်ဆိုလျှင် ပို၍ပင် ခက်ခဲပါသည်။ ၄င်းအဖွဲ့စည်းတွင်ဆိုလျှင် ပွင့်လင်းမှုကြောင့် အဖွဲ့ဝင်များကို အရဲစွန့်ရသည့်အဖြစ်သို့ ရောက်စေနိုင်ပါသည်။ သို့မဟုတ် သင်၏ရိုးသားဖြောင့်မတ်မှုကို သစ္စာမရှိမှုအဖြစ်မြင်နိုင်ပါသည်။ အဖွဲ့ဝင်ဖြစ်ရန် အဆင့်မမီဟု သင့်အား ရှုတ်ချနိုင်ပါသည်။ ဤကဲ့သို့သော အကဲဖြတ်မှုပတ်ဝန်းကျင် (အခြေအနေ)တစ်ရပ်ကို မဖန်တီးနိုင်သော အဖွဲ့အစည်းတစ်ရပ်သည် မိမိကိုယ်ကို နောက်ပြန်ဆွဲနေသော အဖွဲ့အစည်းတစ်ရပ်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဝင်ဖြစ်သည်။ စိန်ခေါ်မှုသည် လူပုဂ္ဂိုလ်နှင့် အတွေ့ဖြစ်မှုတို့ကို ကျော်သွားရမည်ဖြစ်ပြီး မနှစ်မြို့ဖွယ် အခြေအနေများကို မျက်ကွယ်ပြုကာ ရှေ့သို့ဆက်လှမ်းလိုသည့် သဘောထားများဖြင့် ကျော်သွားရမည်ဖြစ်သည်။ ဤသည်မှာ အသင်းတွင်းခေါင်းဆောင်မှုနှင့် ယုံကြည်ကိုးစားမှု အသင်းတစ်သင်း၏ ထုံးနောင်ရစ်ပတ်မှုတို့ကို တကယ့်စမ်းသပ်မှုလည်း ဖြစ်ပါသည်။

မိမိကိုယ်ကို ရိုးဖြောင့်စွာနှင့် ပြင်းထန်စွာ စိစစ်အကဲဖြတ်မှုပြုရသည်မှာ အထူးပင် ခက်ခဲပါသည်။ သို့သော် ကမောက်ကမဖြစ်ခြင်း၊ ဆောင်ရွက်မှုမအောင်မြင်ခြင်းတို့ဖြစ်ပြီးနောက်ပိုင်းတွင် ထိုသို့ စိစစ်ရန် ပို၍ပင် မရှိမဖြစ်လိုအပ်ပါသည်။ အမေရိကန်ကြည်းတပ်သည် ဒီယက်နမ်စစ်ပွဲနောက်ပိုင်းတွင် ဤကဲ့သို့သော အကျပ်အတည်းနှင့် ကြုံခဲ့ရပါသည်။ ၄င်းအချိန်က အောင်ပွဲခံစစ်ရေးပြပွဲဟူ၍လည်း မရှိတော့ပါ။ နိုင်ငံတွင် စစ်မှုထမ်းစနစ်ကို ဖျက်သိမ်းခဲ့သည်။ ဖြစ်ပေါ်ခါစ အပျော်တမ်းတပ်ဖွဲ့များနှင့်လည်း ဝေးရာမှနေခဲ့သည်။ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုတန်ဖြုန်တော်လှန်ရေးနှင့်ကြုံခဲ့ပြီး လူမျိုးရေးနှင့် မူးယစ်ဆေးဝါးပြဿနာများ၊ သမ္မတတစ်ဦးနှင့် ဒုတိယသမ္မတတစ်ဦးတို့ နာမည်ဖျက်ဖြင့် နတ်ထွက်ရမှုကိုဖြစ်စေသည့် ရာပဒါခါနေသည့် နိုင်ငံရေးစနစ်တို့နှင့် ကြုံတွေ့ခဲ့ရသည်။

နက်နဲသည့် ယဉ်ကျေးမှုအဖြစ်တွယ်မှုရှိပြီး ဂုဏ်ယူစရာသမိုင်းရှိသော အဆောက်အအုံတစ်ခုကို ကျွန်ုပ်တို့က ဖြန်လည်ပြုပြင်ပါမည်။ စစ်ပွဲတွင် အောင်နိုင်ရေးဟူသည့် ရည်မှန်းချက်ရှိသည့် အဆောက်အအုံတစ်ခုကို ပြုပြင်ရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သဘောတရားကို ပြန်ပြင်ရန်၊ တပ်ဖွဲ့များကို ပြန်လည်ဖွဲ့စည်းရန်၊ အပျော်တမ်းတပ်ဖွဲ့ကို မွေးထုတ်ရန် ဆောင်ရွက်ပါသည်။ အပျော်တမ်းတပ်ဖွဲ့ဝင်အများအပြားမှာ ပညာရည်ချို့တဲ့သူများနှင့် အမှုအကျင့်ဆိုင်ရာ ပြဿနာရှိသူများဖြစ်ကြသည်။ ကျွန်ုပ်အတွက်ဆိုလျှင် ကျွန်ုပ်၏ လုပ်ငန်းဆိုင်ရာတွင် ထိုသို့လုပ်ဆောင်ရသည်မှာ အားအစိုက်ရခဲ့၊ စိတ်လှုပ်ရှားဖွယ်ရာအကောင်းဆုံး၊ အကျိုးအရိုးဆုံးအရှိန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် ယခင်က ထို့သို့ပင် ကောင်းမွန်သည့် ပထမတန်းစား ကြည်းတပ်ဖွဲ့ကို ပြန်လည်တည်ဆောက်ခဲ့ပါသည်။

ဤသို့အောင်မြင်မှုရရှိရန် ကြည်းတပ်က အသုံးပြုခဲ့သည့် နည်းနာမှာ "ဆောင်ရွက်ပြီးနောက်သုံးသပ်ချက်" (After-Action Review-AAR) နည်းပင်ဖြစ်ပါသည်။ AAR အတွေးအခေါ်ကို ကာလီဖိုးနီးယားရှိ Fort Irwin ၌ အသစ်ထူထောင်ထားသည့် အမျိုးသားလေ့ကျင့်ရေးဗဟိုဌာန (National Training Center-NTC) က ပထမဆုံး စမ်းသပ်ခဲ့သည်။ NTC ရော၊ AAR ပါ သန်မာနေခဲ့ပင်ဖြစ်သည်။

NTC တွင် သဲကန္တာရနယ်မြေက (၆၀၀,၀၀၀)၌ ပါဝင်ပြီး ယန္တရားတပ်များကို တကယ့်စစ်မြေပြင်ကဲ့သို့သော နယ်မြေတွင် လေ့ကျင့်ရန်သင့်တော်ပါသည်။ သဏ္ဌာန်တုရန်သူများကို တိုက်ခိုက်သည့် သင်တန်းသည် အသစ်အဆန်းတော့မဟုတ်ပါ။ NTC ကို တစ်မူထူးခြားစေသည်မှာ တိုက်ပွဲတစ်ခုပြီးတိုင်းပြုလုပ်သည့် ဘက်စုံသည့် "ဆောင်ရွက်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ပြီးနောက်သုံးသပ်ချက်'' ပင်ဖြစ်သည်။ ၄င်းသုံးသပ်ချက်ကိုပြုရာတွင် ခေါင်းဆောင်များ၊ အကဲခတ်များ၊ အကဲဖြတ်များသည် ထိန်းချုပ်ရေးဌာန၌ ထိုင်နေကြပြီး ၄င်းတို့ကိုယ်စွဲကို ဇီဒီယိုဖြင့် ပြန်ကြည့်ကြသည်။ သေနတ်တစ်ချက်ဖောက်မှအပါအဝင် လှုပ်ရှားမှုတိုင်းကို မှတ်တမ်းတင်ထားသည်။

၄င်းအချက်များအားလုံးကို အပင်ပန်းခံ၍ ခွဲခြမ်းစိတ်ဖြာလေ့လာကြပါသည်။ မည်သည့်အရာကိုမျှ ချန်ထားခြင်း၊ လျစ်လျူရှုပစ်ပယ်ခြင်းမရှိဘဲ ခွဲခြမ်းစိတ်ဖြာကြပါသည်။ ထို့သို့သုံးသပ်စဉ်အတွင်း ခေါင်းဆောင်များ၊ အကဲခတ်များ၊ အကဲဖြတ်များသည် အတူတကွ စုဝေးကြပြီး မိမိတို့၏ သုံးသပ်ချက်များကို တင်ပြကြသည်။ ထိုသို့ အဘယ်ကြောင့် သုံးသပ်ရသည်ကိုလည်း တင်ပြကြသည်။

ဤသို့သုံးသပ်သည့် ရည်ရွယ်ချက်မှာ ၄င်းစစ်ရေးလေ့ကျင့်မှုကို ခွဲစိတ်စစ်ဆေးရန်ပင်ဖြစ်သည်။ အဆင့်ခွဲခြား သတ်မှတ်ရန်မဟုတ်ပါ။ လေ့လာ၍ တိုးတက်အောင်ပြုလုပ်ရန်မှာ တစ်ခုတည်းသော အာရုံစိုက်မှုပင်ဖြစ်ပါသည်။ တပ်ဖွဲ့တစ်ခု၏ အောင်မြင်မှုမအောင်မြင်မှုကို အာရုံစိုက်ခြင်း မဟုတ်ပါ။

ဤသို့သုံးသပ်ပြီးနောက် လက်အောက်ခံခေါင်းဆောင်များသည် မိမိတို့တပ်ဖွဲ့သို့ပြန်ကြပြီး AAR ၏ ရလဒ်များကို တပ်ဖွဲ့ဝင်တစ်ယောက်မကျန်အထိ မျှဝေပေးပါသည်။ လက်အောက်ခံတပ်ဖွဲ့တိုင်းက မိမိတို့၏ AAR ကို မိမိတို့ဆောင်ရွက်ကြသည်။

''ဆောင်ရွက်ပြီးနောက်သုံးသပ်ချက်'' စနစ်သည် အကဲဖြတ်ရေးဖြစ်စဉ်တစ်ရပ်မဟုတ်ဘဲ လေ့ကျင့်ရေးဖြစ်စဉ်တစ်ခုဖြစ်သဖြင့် အလုပ်ဖြစ်ပါသည်။ AAR သည် အပြစ်ရှာရေးအတွက်မဟုတ်သော်လည်း ညံ့ဖျင်းစွာ မကြာခဏဆောင်ရွက်ပါက သတိပြုမိကြမည်ဖြစ်သည်။ အမြဲပင် ညံ့ဖျင်းစွာဆောင်ရွက်သည့် တပ်မှူးတစ်ဦးသည် ၄င်းလုပ်ငန်းအတွက်လည်းကောင်း၊ နောက်တစ်ဆင့်ရာထူးအတွက်လည်းကောင်း သင့်တော်မည်မဟုတ်ပါပေ။ အမြဲမပြတ် ကောင်းစွာဆောင်ရွက်သူများသည် သတိပြုခံကြရပါမည်။

AAR စနစ်သည် ကောင်းစွာအလုပ်ဖြစ်ခဲ့သည်ဖြစ်ရာ ၄င်းကို တပ်တွင်းရှိ အခြားအားလုံးသော သင်တန်းများသို့ တိုးချဲ့ခဲ့သည်။ AAR ကို စောင့်ကြည့်နေခဲ့ရာ စစ်တပ်အသစ်တစ်ခု မွေးဖွားလာသည်ကို တွေ့မြင်လာရပါသည်။ ၄င်းစစ်တပ်မှာ အမှတ်များများရခြင်းဖြင့် သင်၏တန်ဖိုးကို ပြသရေးကိစ္စကို ကျွန်ုပ်တို့၏ စစ်သားများ၏ဘဝကို လေ့ကျင့်ပေးရေးထက်လျှော့၍ အာရုံစိုက်သည့် စစ်တပ်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် တပ်ထဲတွင်နေသည့် ဓောတေဝိုင်းနှစ်များတွင် အကဲဖြတ်မှုများမှာ ယန္တရားဆန်စွာ ဆောင်ရွက်ရသောကိစ္စဖြစ်ပါသည်။ တစ်ဦးစီကို စာရင်းပါသည့်ကျောက်များအတိုင်း စီစစ်ပါသည်။ ယနေ့စနစ်ကမူ ''ဘယ်နေရာတွင် လေ့ကျင့်ပေးဖို့လိုနေသလဲ၊ တပ်ဖွဲ့ဝင်များ ပို၍ကောင်းလာအောင်၊

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းကျင်လာအောင် ကျွန်ုပ်တို့ ဘယ်လိုလုပ်ဆောင်ပါသလဲ" ဟူသည့် မေးခွန်းများကို မေးပါသည်။ သင်တန်းပေးမှုစနစ် သစ်၏ရလဒ်ကို ၁၉၉၁ ခုနှစ် "သဲကန္တာရမုန်တိုင်း စစ်ဆင်ရေး" နှင့် နောက်ပိုင်း ပဋိပက္ခများတွင် ပြသခဲ့ပါသည်။ တကယ့်တိုက်ပွဲကို ရင်ဆိုင်ပြီးနောက် NTC အတွေ့အကြုံရှိသော အရာရှိများနှင့် တပ်ဖွဲ့ဝင်များက ၄င်းစနစ်သည် တကယ့်တိုက်ပွဲ၏လိုအပ်ချက်များနှင့် အဓိကအားဖြင့် ပုံတူပင်ဖြစ်သည်ဟု သတင်းပို့ကြပါသည်။ ၄င်းတပ်ဖွဲ့ဝင်များက အီရတ်စစ်တပ်နှင့် ထိတွေ့ကြရာတွင် ၄င်းစနစ်ကြောင့် အသာစီးရစေပါသည်။

မိမိမည်သို့ဖြစ်နေသည်။ ဘယ်နေရာတွင် တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ပြဿနာ၏ အောက်ခြေအထိရောက်အောင် မည်သို့လုပ်ရမည်ဆိုသည်တို့ကို သိလိုသော မည်သည့်အဖွဲ့အစည်းတစ်ခုတွင်မဆို AAR နည်းစဉ်ကို သုံး၍ရနိုင်ပါသည်။ ကျွန်ုပ်တို့သည် မှန်ကန်သည့် မည်သည့်ကိစ္စကို ဆောင်ရွက်ခဲ့ပါသနည်း၊ မှားယွင်းသည့် မည်သည့်ကိစ္စကို ဆောင်ရွက်ခဲ့ပါသနည်း။ တစ်ခုတည်းသော ရည်မှန်းချက်ပန်းတိုင်မှာ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေရန်ပင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အသင်းတစ်သင်းအဖြစ်ရှိကြသူများဖြစ်ပါက "ကျွန်ုပ်တို့က ပိုရှိကောင်းအောင် မည်သို့လုပ်ရမည်နည်း" ဟူသော စိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းနိုင်ပါသည်။ အမှားအယွင်းများကို ကျွန်ုပ်တို့ ဖုံးထားမည်မဟုတ်ပါ။ ၄င်းအချက်များအပေါ် မူတည်၍ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရပါမည်။ တိုသို့ ဆောင်ရွက်ရာတွင် ရိုးဖြောင့်သည့် ပါဝင်လုပ်ဆောင်မှု၊ လေ့လာသင်ယူမှုအပေါ် အာရုံစိုက်မှုနှင့် AAR အား အဆင့်ခွဲခြားရေးအတွက် အသုံးပြုရန် ကတိကဝတ်ပြုထားမှုတို့ကို လိုအပ်ပါသည်။ အဆင့်မြင့်စွာ ပြုမူဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် ဤကဲ့သို့သော အကဲဖြတ်မှုမျိုးလိုအပ်ကြောင်းကို သိကြပါသည်။ ကြည့်မှန်ကိုကြည့်ရန် သတ္တိမရှိသော ခေါင်းဆောင်များရှိနေသည့် အဖွဲ့အစည်းများရှိနေသည်ကိုလည်း ကျွန်ုပ်တွေ့မြင်ခဲ့ရပါသည်။ မကြာမီနှစ်များအတွင်း စာဆိုလျှင် အခိုက်အတန့်အားဖြင့် အောင်မြင်နေကြပြီး မြေအောက်ထပ်အခန်းတွင် ပေါက်ကွဲရန် စနက်တံမီးလောင်နေသည်ကို အသိအမှတ်မပြုလိုကြသည့် သနားစရာကောင်းသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများကို တွေ့မြင်လာပါသည်။ ခေါင်းဆောင်များအနေဖြင့် ပြဿနာတစ်ရပ်ကို ဘယ်တော့မျှ မြင်မြှုပ်၍မဖုံးထားသင့်ပါ။ ၄င်းပြဿနာသည် နောက်ဆုံးတွင် သန်ရှိုင်းထဲမှ ထွက်လာပြီး မြေပေါ်တွင် တစ်ဖန်လမ်းလျှောက်သွားပါလိမ့်မည်။

တပ်မှထွက်ပြီးနောက်ပိုင်း အလုပ်များတွင် AAR ဒဿနကို ကျင့်သုံးရန် ကျွန်ုပ်ကြိုးပမ်းခဲ့ပါသည်။ နိုင်ငံခြားရောက်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အကြမ်းဖက်မှုများ၏ တူရူပြုရာ လမ်းကြောင်းနှင့်ဝတ်သက်၍ ကျွန်ုပ်ရရက်လွတ်တော်သို့ နှစ်ပတ်လည်အစီရင်ခံစာတစ်ရပ်ကို တင်သွင်းရန် ကျွန်ုပ်တွင် တာဝန်ရှိလာသည်။ ၄င်းအစီရင်ခံစာကို CIA က ပြုစုရေးသားခဲ့ပြီး ကျွန်ုပ်၏ဝန်ထမ်းများက သုံးသပ်ကာ ကွန်ဂရက်သို့ ကျွန်ုပ်၏အမည်ဖြင့် ပေးပို့ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်တစ်နှစ်တွင် ကာလီဖိုးနီးယားပြည်နယ် ကွန်ဂရက်လွှတ်တော်အမတ် Henry Waxman က ၄င်းအစီရင်ခံစာကို တိုက်ခိုက်ပြောကြားပါသည်။ ၄င်းက ကွန်ပဲသည် အကြမ်းဖက်မှုပြဿနာကို လျှော့တွက်ထားကြောင်း ကမ္ဘာအနှံ့ အကြမ်းဖက်မှုများကို ထင်ထားသည်ထက်နည်း၍ ဖော်ပြထားကြောင်း စွပ်စွဲပါသည်။ ကွန်ပဲ၏ဝန်ထမ်းများက သမားရိုးကျဗျူရိုကရက်တစ်တို့ပြန်နည်းဖြင့် တို့ပြန်၍ ကွန်ပဲတို့၏ အနေအထားကို ခုခံကာကွယ်ကြပါသည်။ သို့သော် ကွန်ပဲက မည်သူမှန်သည်ကို သိလိုပါသည်။ အကယ်၍ ကွန်ဂရက်အမတ် Waxman က မှန်သည်ဆိုပါလျှင် ကွန်ပဲတို့က ပြောင်းလဲပြုပြင်မည်ဖြစ်ပြီး ထိုကိစ္စကို တံခါးဖွင့် ကွန်ဂရက်ကော်မတီရှေ့မှောက်တွင် ကာကွယ်ပြောဆိုမှုမပြုမီ ဆောင်ရွက်ရပါမည်။ အကယ်၍ ကွန်ပဲတို့ဘက်က မှန်ခဲ့လျှင် Waxman နှင့် ရုပ်မြင်သံကြားတွင် အပြန်အလှန်မပြောရဖိအချိန်အထိ ၄င်းနှင့်အတူဆက်သွားရန် ကွန်ပဲအနေဖြင့် အရန်သင့်ရှိပါသည်။

နောက်တစ်နေ့တွင် ကွန်ပဲ၏ ဝန်ထမ်းအစည်းအဝေးတစ်ရပ်၌ AAR သုံးသပ်ချက်တစ်ရပ်ကို ပြုလုပ်ပါသည်။ ကွန်ပဲ ကြားရသည်တို့မှာ ကွန်ပဲအတွက် ဖျော်ရွှင်စရာမဟုတ်ပါ။ ကွန်ပဲ ဝန်ထမ်းများသည် မူရင်းအစီရင်ခံစာအနေဖြင့် မည်သို့ဖြစ်ပေါ်လာသည်ကို အစည်းအဝေး အစပိုင်းတွင် ပြောဆိုရမည့်အစား ထုတ်ပြန်ပြီးဖြစ်သည့် အစီရင်ခံစာအတွက် မည်သို့အကြောင်းအကျိုး ဆီလျော်မှုရှိကြောင်းကို ပြောဆိုနေကြသည်။

ကွန်ပဲက ၄င်းတို့အား၊ ကွန်ဂရက်အမတ် Waxman အား NTC ရှိ ဆန့်ကျင်ဘက်တပ်ဖွဲ့ (OpFor) တစ်ခုလို မြင်ရမည်ဖြစ်ကြောင်း၊ ကွန်ပဲတို့ အစီရင်ခံစာအပေါ် ၄င်းက အနုတ်ဘက်က မြင်မှုသည် ၄င်းအတွက် ထိတွေ့မှုအစပိုင်းတွင်ပင် OpFor အနေဖြင့် အနိုင်ရမှုနှင့် တူညီကြောင်းကို ပြောပါသည်။ ကွန်ပဲတို့အနေဖြင့် သူ၏ဝေဖန်မှုကို ကြားနာသင့်ပါသည်။ သူအနေဖြင့် မှန်ကန်ချင်လည်း မှန်ကန်နိုင်သည်ဟု အလျှော့ပေးစဉ်းစားသင့်ပါသည်။ ၄င်းထောက်ပြသော ပြဿနာများကို ပြုပြင်သင့်ပါသည်။ ဤသို့ဖြင့် ကွန်ဂရက်လွှတ်တော်ရှိ ကော်မတီ၏ ရှေ့မှောက်တွင် ပြက်ပြက်ထင်ထင် မပေါ်ထွက်လာဘဲ ရှိပါမည်။ ဤသို့ဖြစ်လာပါက နောက်ဆုံးပိတ်တိုက်ပွဲကို ရုံးခြင်းနှင့် ညီမျှပါလိမ့်မည်။

နောက်တစ်နေ့ နံနက်ပိုင်း၌ AAR သုံးသပ်မှုကိုပြုရာတွင် အစီရင်ခံစာ ရေးသားရာ၌ ပါဝင်သူတိုင်းကို အစည်းအဝေးသို့တက်ရောက်စေပါသည်။ သို့သော် ကွန်ပဲသည် ကွန်ပဲ ဝန်ထမ်းအားလုံးကို တက်ရောက်စေပါသည်။ ဤသို့ဖြင့် AAR အနေဖြင့် မည်သို့အလုပ်လုပ်သည်ကို ၄င်းတို့က လေ့လာနိုင်ပြီး နံရံပြင်ဘက်မှ အမေးပုစ္ဆာများ (ပြဿနာများ)တွင် ဝင်ရောက်ပြောဆိုနိုင်ကြပါမည်။

ကွန်ပဲတို့က ပြဿနာကို ပိုရှုနက်အောင် တူးဆွသည့်အလျောက် CIA ၏ အကြမ်းဖက်မှုအမျိုးအမှား ခွဲခြားမှုနှင့် အကြမ်းဖက်မှု အကြိမ်ပေါင်းကို ရေတွက်မှုတို့တွင် အရေးပါသည့် အမှားအယွင်းများကို တွေ့လာပါသည်။ ၄င်း

bookhouse
www.burmeseclassic.com

www.burmeseclassic.com

မှားယွင်းမှုများမှာ မှားယွင်းမှုသက်သက်သာဖြစ်ပါသည်။ ထိုထက်မပိုပါ။ ၄င်းမှားယွင်းမှုများသည် ရာဇဝတ်မှု၊ လာဘ်စားမှု၊ သို့မဟုတ် အခြားသော မကောင်းသည့်အလေ့အကျင့်များအတွက် သက်သေအထောက်အထား မဟုတ်ကြပါ။ ၄င်းကိစ္စနှင့် ပတ်သက်သည့် အစည်းအဝေးများကို ယဉ်ကျေးစွာဖြင့် နှိုင်းနှိုင်းချိန်ချိန်ပြုလုပ်ကြပါသည်။ ကားစင်တင်၍ အပြစ်ပေး အရေးယူခြင်းမျိုး မရှိခဲ့ပါ။

AAR သုံးသပ်ချက်ပြုလုပ်သည့် တတိယမြောက်နံနက်ခင်းတွင်မူ ၄င်းပြဿနာနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သိသူများက ပါဝင်လာကြသည်။ ကျွန်ုပ်တို့က မည်သည့်ကိစ္စတွင် အမှားအယွင်းဖြစ်ခဲ့သည်ကို ရှင်းလင်းစွာသိရှိစေရေး အတွက် ထိုသို့ပါဝင်လာကြခြင်းဖြစ်သည်။

AAR ချဉ်းကပ်နည်းက သပွတ်အုလိုက် ရွှမ်းထွေးမှုအားလုံးကို ဖြတ်ထုတ်ရှင်းလင်းခဲ့ရာ ပင်မပြဿနာများကို သိရှိလာရသည်။ ကျွန်ုပ်၏ ဝန်ထမ်းများနှင့် CIA တို့သည် ဘေးချင်းယှဉ်အတူလက်တွဲ၍ ဆောင်ရွက်ခဲ့ပြီး မကြာမီ တွင် ၄င်းခွဲခြမ်းလေ့လာအကဲဖြတ်မှုကို ပြန်၍ရေးသားကြသည်။

Waxman အနေဖြင့် မှန်ကန်ကြောင်းနှင့် ကျွန်ုပ်ဘက်က မှားယွင်းကြောင်း၊ ကျွန်ုပ်၏ လူများက ကြိုးကြိုးစားစား အလုပ်လုပ်ကြပြီး အမှားကိုပြင်ဆင်နေကြကြောင်း၊ ပြင်ဆင်ချက်ရှိသည့် အစီရင်ခံစာတစ်စောင်ကို ရေးသားလျက် ရှိကြောင်း ကျွန်ုပ်က ဆက်သွယ်ပြောကြားခဲ့ပါသည်။ ၄င်းတို့က ကျွန်ုပ်တို့အပေါ် ယုံကြည်အားထားသည်ဖြစ်ရာ ၄င်းတို့ကို လိုအပ်သည့် အချိန်အတိုင်းအတာကိုပေးပါသည်။ ရက်သတ္တပတ်အနည်းငယ်အတွင်း ပြန်လည်ပြင်ဆင်ထားသော တိကျသည့် အစီရင်ခံစာတစ်ရပ်ကို ကျွန်ုပ်တို့က တင်ပြခဲ့ပါသည်။ ကွန်ဂရက်အမတ် Waxman က ကျွန်ုပ်တို့အား လူသိရှင်ကြား ချီးကျူးခဲ့ပြီး ကွန်ဂရက်၏ နောက်ထပ်ကြားဝင်ဆောင်ရွက်လာမှုလည်း မရှိတော့ပါ။ ပို၍အရေးကြီးသည်မှာ နောင်တွင် ပြဿနာကို ရှောင်ရှားရေးအတွက် ကျွန်ုပ်တို့က အစီရင်ခံစာရေးသည့်စနစ်ကို ပြင်ဆင်လိုက်ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ် တွေ့ရသည့်ပြဿနာများမှာ ဖွဲ့စည်းမှုဆိုင်ရာ ပြဿနာများဖြစ်ကြပြီး ပြင်ဆင်ရန် လိုအပ်နေပါသည်။ ၄င်းတို့ကို AAR ကျင့်စဉ်ပြင်ပ၌ တိတ်ဆိတ်စွာဖြင့် အချိန်မီပြုပြင်ဆောင်ရွက်ခဲ့ပါသည်။ AAR ၏ ရည်မှန်းချက်ပန်းတိုင်မှာ တိုက်ပွဲကို သုံးသပ်ရန်၊ မည်သည်တို့မှားသည်ကို လေ့လာရန်၊ မည်သည်တို့မှန်သည်ကိုလေ့လာရန်၊ အစည်းအဝေးဆွဲသို့ ရောက်ရှိလာပြီး ပို၍ကောင်းအောင် ဆောင်ရွက်ရေးအတွက် ဧရာကျင့်ပေးရေးကို ဆောင်ရွက်ရန်ပင်ဖြစ်ပါသည်။ AAR လေ့လာချက်အရ တွေ့ရသော ခေါင်းဆောင်မှုနှင့် လူပုဂ္ဂိုလ်ဆိုင်ရာပြဿနာများကို ပုံမှန်အားဖြင့် ပုဂ္ဂလိကနည်းဖြင့် ဖြေရှင်းကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့အစည်းတိုင်းသည် မိမိကိုယ်၌က မိမိကိုယ်ကို ဝေဖန်ဆန်းစစ်ရန်၊ ထင်သာမြင်သာဖြစ်ရန်၊ ရိုးသားဖြောင့်မတ်ရန် လိုအပ်ပါသည်။ လူတိုင်းက ရည်မှန်းချက်ပန်းတိုင်နှင့် ရည်ရွယ်ချက်တို့တွင် ညီညွတ်ကြပြီး ၄င်းအဖွဲ့အတွင်း ယုံကြည်ကိုးစားမှုရှိပါက အထက်ပါကိစ္စသည် အလုပ်ဖြစ်ပါသည်။ မြင့်မားစွာဆောင်ရွက်နိုင်သော အောင်မြင်သည့် အဖွဲ့အစည်းများသည် မိမိကိုယ်ကို ဝေဖန်ဆန်းစစ်၍ ယုံကြည်ကိုးစားသည့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ပိုးထောင်ပေးပြီး ၄င်းတို့၏ ရည်ရွယ်ချက်ကိုလည်း ဘယ်တော့မှ မျက်ခြည်မပြတ်ကြပါ။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၂၈ ရှဉ်ကလေးများ

ကျွန်ုပ်အနေဖြင့် သမ္မတ Reagan ၏ အရှေ့ဘက်လုံခြုံရေး အကြံပေးဖြစ်လာပြီးနောက် ကြာမီတွင် ၁၉၈၈ ခုနှစ် ဆောဆောဝိုင်းကာလ နံနက်ခင်းတစ်ခုတွင် ပြဿနာတစ်ခုကို ဆွေးနွေးရန် သမ္မတ၏ ဘဉ့်ပုံရုံးခန်းထဲသို့ ကျွန်ုပ်ဝင်ပါသည်။ ကျွန်ုပ်တို့နှစ်ဦးတည်းသာရှိကြပါသည်။ သူသည် ထိုင်နေကျ ကုလားထိုင်တွင်ထိုင်နေပြီး ကျွန်ုပ်က သူ၏လက်ဝဲရှိ ထိုင်ခုံအရွန်းတွင် ဝင်ထိုင်ပါသည်။

၄င်းပြဿနာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့အကြား ဖြစ်လေ့ဖြစ်ထရှိသော တိုက်ခိုက်မှုတစ်ခုပါဝင်သည်။ ကျွန်ုပ်က ပြဿနာနှင့် ၄င်းပြဿနာရှုပ်ထွေးမှုကို သမ္မတအား အတော်အတန်ကျယ်ပြန့်အောင် ရှင်းပြပြီး ထိုကိစ္စကို ထိုနေ့တွင် ဖြေရှင်းရမည်ဟု အလေးထားပြောကြားခဲ့ပါသည်။

ကျွန်ုပ်အတွက် ကသိကအောက်ဖြစ်ရသည်မှာ သူသည် ကျွန်ုပ်ကိုကျော်၍ ပြတင်းပေါက်မှအပြင်သို့ ကြည့်လျက်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အနည်းငယ် ခပ်ကျယ်ကျယ်ပြောရ၌ ပို၍အသေးစိတ်ကျသည့် ကိစ္စရပ်များကို ထည့်ပြောပါသည်။ ကျွန်ုပ်ကလည်း အားအင်ကုန်ခန်းသလိုဖြစ်လာရာ သမ္မတသည် ထိုင်ရာမှထလိုက်ပြီး "Colin, Colin ရှဉ့်ကလေးများသည် နံနက်ကလွဲက်လာကြပြီး သူတို့အတွက် ကျွန်ုပ်ချပေးထားသည့်အစေ့များကို ကောက်ယူသွားကြသည်" ဟု ၄င်းက ကြားဖြတ်ပြောကြားပါသည်။ ထို့နောက် သူသည် သူ၏ကုလားထိုင်တွင် ပြန်ထိုင်၍ ကျွန်ုပ်ဘက်သို့လှည့်ပါသည်။ အစည်းအဝေးပြီးပြီဟု ကျွန်ုပ်က ဆုံးဖြတ်ထား ခွင့်တောင်း၍ ကျွန်ုပ်၏ရုံးခန်းသို့ ပြန်ခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် အရေးကြီးသည့်ကိစ္စတစ်ခုခုတော့ ဖြစ်နေပြီဟု ခံစားရပြီး

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ထိုင်လျက် အပြန်အလှန် စဉ်းစားပါသည်။ ထို့နောက် စိတ်ထဲတွင် ရှင်းလင်းလာပါသည်။

သမ္မတက ကျွန်ုပ်အား ဤသို့သင်ကြားပေးနေပါသည်။ "Colin ရေ သင့်ကိုကျွန်ုပ်ချစ်ပါသည်။ သင်က ထိုင်စေလိုသည့်အချိန်အထိ ဤနေရာတွင် ကျွန်ုပ်ထိုင်နေပြီး သင့်ရဲပြဿနာကို နားထောင်ပါမည်။ ကျွန်ုပ်ဖြေရှင်းရမည့် ပြဿနာကို ကျွန်ုပ်အား အသိပေးပါ" ဟူ၍ ဖြစ်ပါသည်။ ဤသို့ အသစ်တွေးမြင်လာမှုကို ကျွန်ုပ်သည် ပြုံးမိပါသည်။ သူနှင့်အတူဖြစ်သည့် ကျန်သည့်လများတွင် ကျွန်ုပ်တို့အလုပ်လုပ်နေသည့် ပြဿနာအားလုံးကို သူ့အား ကျွန်ုပ်က ပြောပြပါသည်။ သို့သော် ၄င်းပြဿနာကိုဖြေရှင်းရန် သူ့အားလည်းကောင်း၊ သူ့ရုံးအဖွဲ့အားလည်းကောင်း မတိုက်တွန်းခဲ့ပါ။ သမ္မတ Reagan သည် တာဝန်နှင့် အခွင့်အာဏာကို ကိုယ်စားလွှဲပေးမှုအပေါ် ယုံကြည်ပါသည်။ အမှန်ကိုလုပ်ဆောင်ရေးအတွက် ၄င်းအတွက် အလုပ်လုပ်ကြသူများကိုလည်း ယုံကြည်ကိုးစားပါသည်။ သမ္မတ၏ချဉ်းကပ်နည်းသည် ၄င်းအတွက် အများအားဖြင့် အလုပ်ဖြစ်ပါသည်။ သို့ရာတွင် ၄င်းနည်းက သူ့အား ခက်ခဲလည်း ရောက်စေနိုင်ပါသည်။ ထိုသို့ ဒုက္ခရောက်နိုင်ကြောင်းကို Iran-Contra ပြဿနာမှကြီးက ပြသခဲ့သည်။

၁၉၈၈ ခုနှစ်၊ နောက်ထပ်နှက်ခင်းတစ်ခုတွင်ဖြစ်သည်။ ကျွန်ုပ်သည် နောက်ထပ်ပြဿနာတစ်ခုဖြင့် သမ္မတ၏ရုံးခန်းသို့သွားပါသည်။ ပါရှန်ပင်လယ်ကွေ့တွင် မိမိတို့အား ခြိမ်းခြောက်ခဲ့သည့် အီရန်စစ်သင်္ဘောများအား အမေရိကန်ရောဝပ်ဖွဲ့က လိုက်ဖမ်းနေပါသည်။ ကျွန်ုပ်တို့၏ စစ်သင်္ဘောများသည် အီရန်က သတ်မှတ်ထားသည့် ရေမိုင်(၁၂)နေရာသို့ နီးကပ်လာပြီ။ ၄င်းစစ်သင်္ဘောများအား အပူတပြင်း လိုက်လံမှုပြုရာတွင် ၄င်း(၁၂)မိုင် ကန့်သတ်ချက်ကိုဖြတ်ကျော်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး Frank Carlucci က အခွင့်အာဏာရလိုနေပါသည်။

ကျွန်ုပ်တို့ဆောင်ရွက်နေသည်ဆိုသည်ကိုသိလျက် သူ၏ စားပွဲတွင် အေးဆေးစွာပင်ထိုင်လျက် သမ္မတသည် ဓာတ်ပုံများကို လက်မှတ်ထိုးနေပါသည်။ အခြေအနေကိုထိန်းနိုင်မည့် ကျွန်ုပ်တို့၏ အရည်အချင်းနှင့် သူ့အား အသိပေးမည်ဆိုသည်တို့ကို ၄င်းကယုံကြည်ကိုးစားပါသည်။ ကျွန်ုပ်က သူနှင့်နီးလာသောအခါ သူက ကျွန်ုပ်အား ဆက်တိုက်ကြည့်နေပါသည်။ စစ်ဦးစီးချုပ်အဆင့် ပြဿနာစစ်ရပ်ပို့ သူ့ကိုတင်ပြတော့မည်ကို သူသိပါသည်။ ပြဿနာ၏ အကောင်းအဆိုးကိုလည်းကောင်း၊ ဖြစ်လာနိုင်သည့်အကျိုးဆက်များကိုလည်းကောင်း၊ စာနယ်ဇင်းဘက်တွင် လိုအပ်ချက်များကိုလည်းကောင်း၊ ကွန်ဂရက်တွင်ရှင်းလင်းတင်ပြရမည့် မဟာဗျူဟာကိုလည်းကောင်း ရှင်းပြ၍ ၄င်းအား မေတ္တာရပ်ခံခဲ့ပါသည်။ ၄င်းက တင်ပြချက်အားလုံးကိုလက်ခံလိုက်ပြီး "အတည်ပြုသည်၊ ထိုဟာကိုဆောင်ရွက်ပါ" ဟုသာ ပြောလိုက်ပါသည်။ ထိုသို့ ဖြေကြားချက်ကို ကျွန်ုပ်က Frank ထံသို့ ပေးပို့ပါသည်။ ၄င်း အီရန်စစ်သင်္ဘောများကို ၄င်း၏ အခြေစိုက်စခန်းသို့ ပြန်ရောက်သည်အထိ ကျွန်ုပ်တို့က လိုက်ဖမ်းခဲ့ကြသည်။ ဆောင်ရွက်မှုမှာ ပြီးစီးသွားပြီဖြစ်သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကျွန်ုပ်တို့သည် အတူအလုပ်လုပ်စဉ်ကာလအတွင်း သမ္မတ Reagan အနေဖြင့် စဉ်းစား၊ မေးမြန်း၊ ခွဲခြမ်းလေ့လာပြီး ဆုံးဖြတ်ချက်ချရပါမည်။ ကိစ္စရပ်များကို သမ္မတထံသို့ ဆောင်ယူခဲ့ပါသည်။ သို့သော် ပြဿနာကို အောက်ခြေတွင် ဖြေရှင်းနိုင်သည်ကို ငှင်းက ပို၍ကျေနပ်ကျွေးမွေပါသည်။

ကျွန်ုပ်၏ဘဝတွင် သမိုင်းတွင်စေမည့် တန်ဖိုးထားရဆုံးသော အဖြစ်အပျက်တစ်ခုဖြစ်သည့် Reagan လက်မှတ်ထိုးထားသည့် ဓာတ်ပုံတစ်ပုံတွင် ဘဲဥပုံရုံးခန်း၏ မီးလင်းဖိုရှေ့တွင် ကျွန်ုပ်နှင့် Reagan တို့သည် ဘေးချင်းမှီ၍ ထိုင်နေကြပြီး ကျွန်ုပ်ကတင်ပြသည့်ယောများကို စိစစ်နေကြပါသည်။ နောက်ပိုင်းတွင် သူက "ချစ်စွာသော Colin ရေ သင်က ဤသို့ဟုပြောပါလျှင် ဤသည်မှာ မှန်ရမည်ဖြစ်သည်ကို ကျွန်ုပ်သိပါသည်"ဟု ဓာတ်ပုံတွင် ကမ္ဘည်းထိုးလိုက်ပါတော့သည်။

အရာရာသောကိစ္စရပ်များသည် ကောင်းစွာအလုပ်ဖြစ်နေသည်ကို ကျွန်ုပ်က ကြိုက်နှစ်သက်ပါသည်။ ယိုယွင်းလာသော Volvo ကားများကိုပြင်ဆင်ရသည်မှနေ၍ အကြီးတန်းအမှုဆောင်အရာရှိများအား အကောင်းဆုံးပြုပြင်ထားသည့် ကိရိယာတန်ဆာပလာများအဖြစ်သို့ ပြန်လည်ပုံသွင်းရသည်အထိဖြစ်သော ကိစ္စတွင် ကျွန်ုပ်၏ အနက်နဲဆုံးသော ဆန္ဒပြင်းပြမှုတစ်ရပ်မှာ အပြင်ဆုံးလုပ်ဆောင်နိုင်စွမ်းရှိသင့်သလောက် အလုပ်လုပ်ခြင်းမရှိသည့်အမှုကို ပြုပြင်လုပ်ကိုင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏ အကြီးတန်းဝန်ထမ်းများနှင့် အပြန်အလှန်ယုံကြည်အားထားမှု၊ တာဝန်ယူမှုတို့ကို စမ်းသပ်ခြင်းအားဖြင့် ထိရည်မှန်းချက်ပန်းတိုင်ကို မည်သို့ ပို၍ကောင်းစွာရရှိနိုင်သည်ကို သမ္မတ Reagan က ကျွန်ုပ်အား သင်ကြားပေးပါသည်။ ငှင်းတို့သည် အရွဲ့အစည်းတစ်ခုကို ချောမောစွာလည်ပတ်စေရာ၌ လျှပ်စစ်စနစ်တစ်ခုလိုပင် စမ်းသပ်ဖြစ်လိုအပ်ပါသည်။

သမ္မတ Reagan ထံတွင် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ကျွန်ုပ်၏ အကြီးတန်းရာထူးများတွင် Reagan အဆင့် အပြန်အလှန်ယုံကြည်ကိုးစားမှုနှင့် တာဝန်ခံမှုဆိုသည်ကို ဖန်တီးခဲ့ပါသည်။ ငှင်း Reagan အဆင့် ယုံကြည်ကိုးစားမှုဆိုသည်မှာ ကျွန်ုပ်၏ အကြီးတန်းဝန်ထမ်းများသည် အရန်သင့်ဖြစ်သည်။ မှန်တာကို ပြုလုပ်လိမ့်မည်။ ကျွန်ုပ်က ပြုမြောက်စေလိုသည့်အရာကိုသိသည်။ မိမိတို့၏ အပြုအမူအတွက် တာဝန်ယူသူဟု ယုံကြည်ကိုးစားမှုပင် ဖြစ်သည်။

အပြန်အလှန် ယုံကြည်ကိုးစားမှုနှင့် တာဝန်ခံမှုက ကျွန်ုပ်၏ လူများကို ကျွန်ုပ်နှင့်နီးကပ်စေပါသည်။ ဤသို့နီးစပ်ရာတွင် အလွန်တိုတောင်း၍ တိုက်ရိုက်ဖြစ်သော ဆက်သွယ်မှုများနှင့် အခွင့်အာဏာလမ်းကြောင်းများကို ရှိစေပြီး ကျွန်ုပ်တို့အကြား ခြားထားသည့် ဗျူရိုကရက်တစ်အလွှာများကို နည်းနိုင်သမျှနည်းစေပါသည်။

ကျွန်ုပ်၏ စစ်ဘက်လေ့ကျင့်ပေးမှုသည် အဆင့်ဆင့်အမိန့်ပေးမှု ကွင်းဆက်အပေါ်တွင် အခြေခံခဲ့ပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ငှင်းကွင်းဆက်တွင် မည်သူက တာဝန်ခံဖြစ်သည်။ မည်သည့်နေရာတွင်သာ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် တာဝန်ခံဖြစ်နိုင်သည်ဆိုသည်တို့ကို လူတိုင်းကသိကြပါသည်။ ကြားခံလူအများအပြားမပါဘဲ တိုက်ရိုက်သတင်းပို့အစီရင်ခံသည့် လက်အောက်ငယ်သားများနှင့် အလုပ်လုပ်မှုအပေါ် ကျွန်ုပ်၏ယုံကြည်မှုကို ငှင်းသင်တန်းမှ ရရှိလာပါသည်။

ကျွန်ုပ်၏နောက်ပိုင်း အတွေ့အကြုံများအရဆိုလျှင် အကြီးအကဲများက ပုံမှန်စီစစ်ဖြတ်တောက်ခြင်း မပြုပါက အစိုးရအဖွဲ့တွင် ဝန်ထမ်းဦးရေဖောင်းပွလာသည်။ ဂုဏ်ထူးတံဆိပ်၊ ရာထူးများ မထိန်းနိုင်အောင် တိုးလာပါသည်။

၁၉၈၆ ခုနှစ်တွင် Frank Carlucci အား အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ခန့်အပ်လိုက်သောအခါ ငှင်း၏လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ရန် ကျွန်ုပ်အားပြောကြားပါသည်။ ထို့ကြောင့် ကျွန်ုပ်က စည်းကမ်းတစ်ရပ်ကို တင်ပြပါသည်။ ကျွန်ုပ်အနေဖြင့် တစ်ဦးတည်းသော လက်ထောက်ဖြစ်လိုသည်ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရှေ့မှဆောင်ရွက်သွားသူများတွင် လက်ထောက်(၃)ဦးအထိ ရှိခဲ့ပါသည်။ Frank က အရန်သင့်ပင် သဘောတူလိုက်ပါသည်။

အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် Frank ၏နေရာတွင် နေရာယူဆောင်ရွက်လာရသောအခါ ဤပုံစံကို ဆက်လက်ထိန်းသိမ်းပါသည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ကျွန်ုပ်အနေဖြင့် ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌဖြစ်လာသောအခါတွင်လည်း ဤပုံစံအတိုင်းပင် ဆောင်ရွက်ပါသည်။ ကျွန်ုပ်၏ အောက်တစ်ဆင့်ဌာနအလိုက် လက်အောက်ငယ်သားများတွင် ကြယ်နှစ်ပွင့်၊ ကြယ်သုံးပွင့် ဗိုလ်ချုပ်ကြီးများ၊ မိမိ၏လုပ်ငန်းတွင် ထိပ်ဆုံးမှာရှိသည့် အတွေ့အကြုံရှိသည့်အရာရှိများ ပါဝင်ကြပြီး ပျမ်းမျှအားဖြင့် လုပ်သက်(၂၀)ကျော် အတွေ့အကြုံရှိကြသည်။

ထိုအချိန်က ငှင်းဥက္ကဋ္ဌတွင် မျက်နှာစာဘက် ရုံးခန်းဌ ဥက္ကဋ္ဌ၏ ဝန်ထမ်းအဖွဲ့ဟူ၍ အဖွဲ့အစည်းတစ်ခုရှိသည်။ ငှင်းအဖွဲ့တွင် အလွန်အမင်း ပင်ကိုအရည်အချင်းရှိကြသည့် ဗိုလ်မှူးကြီးများ ပါဝင်ကြပြီး ငှင်းတို့က ဌာနအလိုက် ငယ်သားများထံမှ ဝင်လာသည့်အလုပ်အားလုံးကို စောင့်ကြည့်မှတ်သားပါသည်။ ကျွန်ုပ်သည် ငှင်းဝန်ထမ်းအဖွဲ့ကို ဖယ်ရှားပစ်လိုက်ပါသည်။ အကယ်၍ ကြယ်သုံးပွင့်ဗိုလ်ချုပ်ကြီးတစ်ဦးက အရည်အသွေးမီသည့် အလုပ်တစ်ခုကို မတင်ပြနိုင်ဟုဆိုလျှင် ကျွန်ုပ်သည် ကြားခံလွှာတစ်ခုကို မလိုအပ်ပါ။ (တိုက်ရိုက်ဆက်သွယ်လိုပါသည်။) ယခုအခါ လုပ်ငန်းအလိုက် တိုက်ရိုက်သတင်းပို့ရသည့် လက်အောက်ငယ်သားများအနေဖြင့် မိမိတို့လက်မှတ်ထိုးလိုက်ပြီဆိုလျှင် နောက်တစ်ဆင့်တွင် ကျွန်ုပ်ထံသို့ ရောက်လာရမည်ကို ယခုအခါ သိကြပါသည်။ မှန်ကန်အောင်လုပ်ဆောင်ရန် ငှင်းတို့ကို ကျွန်ုပ်က အားထားပါသည်။ ယုံကြည်ကိုးစားမှု၊ တာဝန်နှင့်ဖြစ်လာမှုအပေါ် တာဝန်ယူမှုတို့သည် တစ်ခုနှင့်တစ်ခု ကပ်တွဲ၍ သွားကြပါသည်။

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com

ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသောအခါ မျက်နှာစာဘက်ရုံးတွင် အထူးလက်ထောက်ဆိုသူများကို မထားရှိတော့ပါ။ ၄င်းအလုပ်ကို ကျွန်ုပ်၏ ဌာနအလိုက် အကြီးအကဲများ၊ ကမ္ဘာ့ဒေသအသီးသီးအလိုက် ဌာနများနှင့် အဓိကလုပ်ငန်းများအလိုက်ဖြစ်သော လက်ထောက်အတွင်းရေးမှူးများက ဆောင်ရွက်ပါသည်။

သမိုင်းကြောင်းအရဆိုလျှင် နိုင်ငံခြားရေးဝန်ကြီးတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတစ်ဦးသာရှိခဲ့ပါသည်။ ၄င်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ အဓိကလုပ်ငန်းတာဝန်မှာ ဝန်ကြီးကိုယ်စားဆောင်ရွက်ရန်ပင်ဖြစ်သည်။ ၄င်း၏ အဓိကမူလအာရုံစိုက်ရမည်မှာ စီမံခန့်ခွဲရေးကိစ္စရပ်များဖြစ်ပါသည်။ သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနကို ကောင်းစွာအုပ်ချုပ်နိုင်မှုမရှိဟု ကွန်ဂရက်ကယူဆကာ စီမံခန့်ခွဲရေးသက်သက်ကိုသာ အာရုံစိုက်မည့် ဒုတိယမြောက် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတစ်ဦးကို တိုးချဲ့ထားရှိရန် အခွင့်အာဏာပေးအပ်ခဲ့သည်။

ဤသို့သော ဥပဒေအရ မည်ကာမတွ်ဖြစ်သော ရာထူးအတွက် လူတစ်ဦးကို ကျွန်ုပ်က တာဝန်ကျေစွာပင် ရွေးချယ်ခဲ့ပါသည်။ သို့သော် Carlucci အား ကျွန်ုပ် ကောင်းဆိုထားသည့် စည်းကမ်းချက်အရ ထိုသို့ ရွေးထားမှုကို မည်သည့်အခါကမျှ အကောင်အထည်မဖော်ခဲ့ပါ။

ကျွန်ုပ်သည် တစ်ဦးသောဒုတိယနိုင်ငံခြားရေးဝန်ကြီးကို လိုလားပါသည်။ Rich Armitage ကို လိုလားပါသည်။ ဝန်ကြီးဌာနကို စီမံခန့်ခွဲမှုသည် ကျွန်ုပ်တို့က နိုင်ငံခြားရေးပေါ်လစီကို လုပ်ဆောင်မှုတာဝန်နှင့် သီးခြားဖြစ်သည်ဟု ကျွန်ုပ်တို့နှစ်ဦးစလုံးက မယုံကြည်ကြပါ။ Rich သည် ၄င်းတာဝန်နှစ်ခုစလုံးကို ထမ်းဆောင်နိုင်သည်ထက်ပို၍ လုပ်နိုင်ပါသည်။ ပင်ကိုစွမ်းရည်ရှိသော ငယ်သားများ၊ ကျွန်ုပ်တို့ မည်သို့အလုပ်လုပ်သည်ကိုသိသော လက်အောက်ငယ်သားများရှိသည့်အတွက် ကျွန်ုပ်တို့ ကံကောင်းပါသည်။

နောက်ထပ် ခွင့်ပြုထားပြီး ကျွန်ုပ်က မခန့်အပ်ခဲ့သောရာထူးမှာ "နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ဝန်" ဆိုသည့် ရာထူးဖြစ်ပါသည်။ ၄င်း၏ အလုပ်မှာ ဝန်ကြီးကလုပ်စေလိုသည့် အလုပ်ကို လုပ်ဆောင်ရန်ပင်ဖြစ်သည်။ ဤရာထူးမှာ ကျွန်ုပ်အတွက် မလိုအပ်သည့် ရာထူးနေရာဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်က ပို၍နှစ်သက်သည်မှာ လူပိုဝန်ထမ်းများကို အသုံးပြုသည်ထက် လုပ်ငန်းအလိုက် ခေါင်းဆောင်များကို အသုံးပြုရန်ပင်ဖြစ်သည်။

ကျွန်ုပ်၏ ကျစ်လျစ်သိပ်သည်းသည့် တိုက်ရိုက်သတင်းပို့ရေး နည်းလမ်းသည် အမြင်တို့သည် နိုင်ငံခြားရေးဝန်ကြီးသည် မိမိ၏ကိုယ်တိုင်ရှိနေမှုကို တိုးချဲ့ရေးအတွက် ၄င်း၏ရှေ့ဘက်ရုံးခန်းတွင် အထူးလက်ထောက် အစုအဝေးရှိနေသင့်သည်ဟု ပြောနိုင်ပါသည်။ ကျွန်ုပ်၏နောက်မှ ဆက်ခံသူများသည် ဒုတိယမြောက် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနေရာကို ဖန်တီးရန် လိုအပ်သည်ဟု ယူဆခဲ့ကြသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

ကောင်စစ်ဝန်ရာထူးကိုလည်း အခါအားလျော်စွာ ခန့်အပ်ခဲ့ကြပါသည်။ ၄င်းတို့က တစ်မူထူးခြားအရေးကြီးသောကိစ္စရပ်များအတွက် အထူးသံတမန်များကိုလည်း ခန့်အပ်ခဲ့ပါသည်။ ၄င်း သံတမန်များက တစ်ခါတလေ တန်ဖိုးတိုးစေပါသည်။ တစ်ခါတလေ ထိုသို့မဟုတ်ပါ။ သီးသန့်ကိစ္စများတွင် ၄င်းသံတမန်များအတွက် နေရာရှိပါသည်။ သို့သော် မည်သူက မည်သည့်ကိစ္စတွင် တာဝန်ခံဖြစ်သည်ဆိုသည်ကို နိုင်ငံခြားခေါင်းဆောင်များကို စိတ်ရှုပ်ထွေးစေပါသည်။ အထူးသံတမန်များသည် အမြဲတမ်း(သံတမန်)ဝန်ထမ်းများကို အစားထိုးနိုင်သည်မဟုတ်ပါ။

ကျွန်ုပ်ပြုခဲ့သည့် ရွေးချယ်မှုများနှင့် အကြောင်းပြချက်များမှာ ကျွန်ုပ်ရှေ့ကနှင့် နောက်ကဆောင်ရွက်သွားသူများအပေါ် အကဲဖြတ်ချက်များမဟုတ်သည်ကို ရှင်းလင်းစေလိုပါသည်။ ကျွန်ုပ်က ပြောနေသည်မှာ သူတို့က ပို၍လိုလားသည့်အချက်များမှာ ကျွန်ုပ်၏အချက်များမဟုတ်ဆိုသည်ပင် ဖြစ်ပါသည်။ သမ္မတအထိနှင့် သမ္မတအပါအဝင်ဖြစ်သော အကြီးတန်းခေါင်းဆောင်တိုင်းသည် မိမိ၏အသင်း(အဖွဲ့)ကို မိမိ၏လိုအပ်ချက်များ၊ အတွေ့အကြုံ၊ ပင်ကိုအရည်အသွေး၊ ဟန်ပန်တို့နှင့် ညီညွတ်သည့်နည်းလမ်းဖြင့် စည်းရုံးဖွဲ့စည်းရပါမည်။

"ကျွန်ုပ်က ကျွန်ုပ်ဝန်ထမ်းအဖွဲ့ကို မည်သို့ဖွဲ့စည်းသနည်း" ဆိုသည်နှင့်ပတ်သက်၍ မှန်ကန်သည့်အဖြေမှာ တစ်ခုတည်းသာရှိသည်မဟုတ်ပါ။

ကျွန်ုပ်၏ ဝန်ထမ်းအဖွဲ့ထိပ်ပိုင်းတွင် ဦးရေနည်းသည်ထက်နည်းသည်ကို ကျွန်ုပ်က ပို၍လိုလားပါသည်။ ကျွန်ုပ်က အခွင့်အာဏာနှင့် ဩဇာတိတ္တမတို့ကို ပေးထားသော ကျွန်ုပ်၏အကြီးတန်းငယ်သားများနှင့် တိုက်ရိုက် အလုပ်လုပ်သည်ကို ပို၍လိုလားပါသည်။ ကျွန်ုပ်က ၄င်းတို့အား ကျွန်ုပ်၏ ကိုယ်ပွားများဟု ယူဆထားရာ ၄င်းတို့သည် ကျွန်ုပ်နှင့် နီးကပ်ရန်လိုပါသည်။ ၄င်းတို့က ဤသည်ဟုပြောလျှင် မှန်သည်သာဖြစ်မည်ဟု ကျွန်ုပ်က ယုံကြည်ကြောင်းကို ၄င်းတို့က သိရန်လိုပါသည်။

ယုံကြည်ကိုးစားမှုနှင့် တာဝန်ခံမှုတို့ကို ဇန်နီဖာရေးကိစ္စထက် ခေါင်းဆောင်မှုအကြောင်းကို သမ္မတ Reagan က ကျွန်ုပ်အား ပို၍သင်ကြားပေးပါသည်။ ထွန်းတောက်နေသည့် မြို့ကြီး၏ အပြင့်ဆုံးတောင်ကုန်းပေါ်မှနေ၍ ပို၍ကျယ်ပြောသော မြင်ကွင်းကို မြင်ရရေးအတွက် ခေါင်းဆောင်က အဖွဲ့၏ပိရမစ်အပြင်ဘက်ကို ထွက်လာသည့် နမူနာကို ၄င်းကပြပါသည်။

နံနက်ခင်းတစ်ခုတွင် သမ္မတ၏ စီးပွားရေးဆိုင်ရာ အဖွဲ့တစ်ခုလုံးသည် ပြဿနာတစ်ခုကို ဆွေးနွေးရန် သမ္မတ ရုံးခန်းသို့ ချီတက်လာကြသည်။ ထိုအချိန်က စီးပွားရေးအရ အောင်မြင်နေသော ဂျပန်တို့က အမေရိကန်ပစ္စည်း (လုပ်ငန်း) အမြောက်အများကို ဝယ်ယူလိုက်ကြသည်။ အမေရိကန် အိမ်မြေရောင်းဝယ်မှုတွင် ကျော်ကြားသည့် Rockefeller

bookhouse
www.burmeseclassic.com

www.burmeseclassic.com

Center နှင့် Pebble Beach အပန်းဖြေစခန်းအထိပင် ဝယ်လိုက်ကြသည်။ ကွန်ဂရက်က စတင်၍လူပ်လာပြီး ပြည်သူတို့ကလည်း အသံထွက်လာခဲ့သည်။ ၄င်းအရောင်းအဝယ်ကြောင့် စီးပွားရေးနှင့် လုံခြုံရေးအရ စိုးရိမ်မှုများကို ဖြစ်လာစေပါသည်။ "တစ်ခုခုကို ဆောင်ရွက်ရပါမည်။ ချက်ချင်းဆောင်ရွက်ရပါမည်" ဟု ၄င်းအဖွဲ့က ဆိုလာပါသည်။ ၄င်းတို့က သမ္မတကတုံ့ပြန်လာမည်ကို ငြိမ်၍စောင့်နေကြသည်။ သမ္မတက တုံ့ပြန်ပါသည်။

သမ္မတက "ကောင်းပြီ ၄င်းတို့ (ဂျပန်)သည် အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေကြသည်။ သူတို့သည် ရင်းနှီးမြှုပ်နှံမှုကောင်းကို သိကြပါသည်" ဟု ပြောကြားပါသည်။ အစည်းအဝေးပြီးဆုံးသွားပါသည်။ Reagan က အမေရိကန်အပေါ်ယုံကြည်မှုရှိကြောင်းကို တစ်ဖန်ပြသခဲ့ပါသည်။ ၄င်း၏အမြင်သည် ကျွန်ုပ်တို့၏ အောက်ခြေအဆင့်အမြင်ထက် မြင့်မားခဲ့ပါသည်။

ဂျပန်တို့သည် ၄င်းတို့၏ အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးပိုပေး၍ ဝယ်ခဲ့ကြသည်။ အထက်ပါ Rockefeller Center နှင့် Pebble Beach တို့ကို ဂျပန်က ပြန်ရောင်းရာ အရှုံးပေါ်ပါသည်။

Reagan သည် အကယ်၍ သမ္မတရုံးတွင် ယနေ့ရှိနေမည်ဆိုပါလျှင် အမေရိကန်တွင် တရုတ်၏ရင်းနှီးမှုများနှင့် ပတ်သက်၍ ၄င်းက အလားတူပင်ပြောကြားပြီး ရှုံ့ကလေးများအတွက် အစာစေ့များကို သွားချေပေးပါလိမ့်မည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း - ၂၉ အစည်းအဝေးများ

ကာကွယ်ရေးဝန်ကြီး Cap Weinberger ထံတွင် လက်ထောက်အဖြစ် ကျွန်ုပ်တာဝန်ထမ်းဆောင်စဉ်က LA/PA ဆိုသည့် အစည်းအဝေးကို ပြုလုပ်ပါသည်။ မီဒီယာတွင် ရေပန်းစားနေသည့် သတင်းများ၊ Capitol Hill ၏ မကောင်းသတင်းများကို ကြားနာခြင်းဖြင့် Weinberger က နေ့တစ်နေ့ကို စတင်လိုပါသည်။ ၄င်း၏ ဥပဒေဆိုင်ရာနှင့် အများပြည်သူ့ရေးရာဆိုင်ရာ လက်ထောက်အတွင်းရေးမှူးများထံမှ ထိုသို့ ကြားနာခြင်းဖြစ်ပါသည်။ ကာကွယ်ရေးဌာနမှ အခြားသော လက်ထောက်အတွင်းရေးမှူးများလည်း ၄င်းအစည်းအဝေးသို့ တက်ရောက်ကြပါသည်။ ၄င်းတို့က မည်သည့်တို့ဖြစ်နေသည်ကို နားထောင်ရန်နှင့် အခြားသော အရေးတကြီးကိစ္စများကိုတင်ပြရန် ထိုသို့ တက်ရောက်ကြခြင်းဖြစ်ပါသည်။ အစည်းအဝေးသည် နာရီဝက်ခန့်ကြာတတ်ပါသည်။ ဤသည်မှာ နေ့တစ်နေ့ကို စတင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

တစ်လလျှင် တစ်ကြိမ်မှ နှစ်ကြိမ်အထိ "လက်နက်ကိုင်တပ်ဖွဲ့များ၏ ပေါ်လစီရေးရာကောင်စီ" အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီး Weinberger က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျင်းပပါသည်။ ၄င်းကောင်စီမှာ ၄င်း၏ ကွန်ဖရင့်ကျင်းပသည့်ခန်းမတွင် စုရုံးသည့် ပို၍ပုံစံတကျဖြစ်သည့် အဖွဲ့တစ်ခုဖြစ်ပါသည်။ ၄င်းအစည်းအဝေးသို့ အားလုံးသောလုပ်ငန်းအလိုက် အတွင်းရေးမှူးများ၊ အကြီးတန်းစစ်ဘက်ခေါင်းဆောင်များနှင့် ဝန်ကြီး၏ထိပ်တန်းဝန်ထမ်းများ တက်ရောက်ကြပါသည်။ ၄င်းအစည်းအဝေးသည် အနှစ်မရှိသည့် အစည်းအဝေးဖြစ်ပါသည်။ လုံးဝအသုံးမဝင်သည့် အစည်းအဝေးဖြစ်ပါသည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

သမ္မတ၏အစိုးရအဖွဲ့ အစည်းအဝေးများသည်လည်း ထူးမခြားနားပင်ဖြစ်ပါသည်။ အစိုးရအဖွဲ့(၄)ခုလက်ထက်တွင် ကျွန်ုပ်သည် အစိုးရအဖွဲ့ အစည်းအဝေးများကို တက်ခဲ့ပါသည်။ ၄င်းတို့သည်လည်း အတူတူပင်ဖြစ်သည်။ ၄င်းတို့သည် ပြောင်းလဲသွားပြီဆိုသည်ကို ကြားသိရသည့်အတွက် အံ့သြရပါသည်။

အစိုးရအဖွဲ့ အစည်းအဝေးကို အစိုးရအဖွဲ့အခန်းထဲတွင် ကျင်းပပါသည်။ မီဒီယာများက အစည်းအဝေးသို့ ရောက်လာကြပါသည်။ တစ်နေ့တာအတွက် စိတ်ဝင်စားစရာ အကြောင်းအရာများကို သမ္မတက ဆွေးနွေးသည်။ သမ္မတက အားတက်စရာစကားများကိုပြောသည်။ တာဝန်အလိုက် အစိုးရအဖွဲ့ဝင်များက ဌာနအလိုက် အခြေအနေကိုတင်ပြကြသည်။ လူတွေက စကားမြည်ပြောကြသည်။ တစ်နာရီကြာပြီးနောက် ၄င်းတို့ အားလုံးထွက်ခွာကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ဝန်ကြီးအဖွဲ့အစည်းအဝေးဟူ၍ ကျွန်ုပ်တို့တွင် အမှန်တကယ်မရှိပါ။

ကျွန်ုပ်အနေဖြင့် အမျိုးသားလုံခြုံရေးအကြံပေး၊ ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဖြစ်ခဲ့စဉ်က ကျွန်ုပ်သည် Weinberger LA/PA ပုံစံ ပုံဟန်ကွဲကို အသုံးပြုခဲ့ပါသည်။ ၄င်းမှာ ကျွန်ုပ်၏ တိုက်ရိုက် အစီရင်ခံမှုများနှင့် အဓိက လက်ထောက်များနှင့် နံနက်စောစောတွင် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါသည်။ ၄င်းကို "နံနက်ခင်းဆုတောင်းပွဲ"ဟု ကျွန်ုပ်က ခေါ်ဝေါ်ခဲ့ပါသည်။ ၄င်းမှာ နံနက်ခင်းတွင် အတူတကွ စတင်လှုပ်ရှားခြင်းပင် ဖြစ်သည်။ ၄င်းသည် ကြီးမားသည့် အစည်းအဝေးတစ်ခုဖြစ်ပြီး လူ(၄၀)မျှ တက်ရောက်ပါသည်။ ကျွန်ုပ်က တင်းကျပ်သည့် စည်းကမ်းချက်များကို ချမှတ်ထားပါသည်။

"ကျွန်ုပ်၏ နံနက်ပိုင်း အစည်းအဝေးကို မိနစ်(၃၀)ထက် ပို၍မကြာစေရ၊ ဤသို့ဖြင့် ကျွန်ုပ်တို့အားလုံးက အလုပ်သို့သွားနိုင်ပါမည်။" "ဤသည်မှာ ကျွန်ုပ်တို့က အသင်းတစ်သင်းအနေဖြင့် တစ်နေ့တာအတွက် လှုပ်ရှားသည့် နည်းလမ်းဖြစ်သည်။ သင်တို့အားလုံးက ကျွန်ုပ်ကို တွေ့စေလိုပြီး ကျွန်ုပ်၏စိတ်ဓာတ်ကို ကြည့်စေလိုသည်။ ကျွန်ုပ်အဆောင်ပြေသလားဆိုသည်ကို ကြည့်စေလိုသည်။ ကျွန်ုပ်သည် အခန်းထဲသို့လှည့်ပြီး တစ်ဦးချင်းစီကိုကြည့်ပြီး ကျွန်ုပ်က စီစစ်စေလိုသည့် လက္ခဏာများကို တွေ့မြင်လိုပါသည်။" "ဤသည်မှာ မပြောမနေရ ပြောဆိုရမည့် အစည်းအဝေးဟုတ်ပါ။ သင့်တွင် ပြောစရာတစ်စုံတစ်ရာမရှိလျှင် မပြောပါနှင့်"။

တစ်စုံတစ်ဦးမျှ မတရားသဖြင့် ဝေဖန်အပြစ်တင်ခြင်း မခံရပါ။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံအကြား အမြင်တို့ကို မျှဝေနေကြပါသည်။ တစ်နေ့တာအတွက် လိုအပ်ချက်များကို ပြောဆိုနေကြပါသည်။ မည်သည်ကို ဆောင်ရွက်ရန်လိုအပ်သည် မည်သို့ပြင်ဆင်ကြမည်တို့ကို ပြောဆိုနေကြပါသည်။ အကယ်၍ တစ်စုံတစ်ဦးက အကျပ်တွေ့နေပြီဆိုလျှင် ၄င်းကိစ္စကို နောက်ပိုင်း၌ ၄င်းတစ်ဦးတည်းနှင့် ကျွန်ုပ်တို့၏ ရုံးခန်းတွင်ဆောင်ရွက်ပါမည်"

www.burmeseclassic.com
bookhouse

www.burmeseclassic.com

"ကျွန်ုပ်စိတ်ထဲတွင် မည်သည့်အရာရှိသည်ကိုသိပြီး အစည်းအဝေးမှ ထွက်ခွာလိမ့်မည်။ ထို့ကြောင့် ၄င်း အချက်သည် သင်၏ဦးခေါင်းထဲတွင်ရှိပါက ပို၍ ကောင်းပါသည်။"

"သင်တို့တစ်ဦးချင်းစီအနေဖြင့် သင်တို့၏ဝန်ထမ်းနှင့်တွေ့ပြီး ကျွန်ုပ်ဆွေးနွေးခဲ့သည်များကို မျှဝေပေးစေလိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိပ်မှအောက်သို့ ဆက်သွယ်မှုရှိရန် လိုပါသည်"

"အို စကားမစပ် သင့်အနေဖြင့် ဝန်ကြီးနှင့်နေ့တိုင်း တွေ့ကြကြောင်းကို သင်တို့၏ ခင်ပွန်းဇနီးများနှင့် ဆွေမျိုးသားချင်းများကို ပြောပြနိုင်ပါသည်။"

Frank Carlucci လက်အောက်တွင် ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ဆောင်ရွက်စဉ် ကျွန်ုပ် အတွက် အလုပ်တစ်ခုမှာ အစိုးရအဖွဲ့နှင့် သမ္မတတို့နှင့်ဆိုင်သော ပြဿနာရပ်များကို ဖြေရှင်းရေးအတွက် ဌာနစုံကော်မတီများကို အစည်းအဝေးကျင်းပရန်ပင်ဖြစ်သည်။ ၄င်းအစည်းအဝေးများသည် LA/PA အမျိုးအစား အစည်းအဝေးများထက် ပို၍ပုံစံကျ၍ ရုံးလုပ်ငန်းဆန်ပြီး ပို၍လေးနက်ပါသည်။ ဝါရင့်သောပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။ သမ္မတက ဆုံးဖြတ်ချက်ချရေးအတွက် ၄င်းတို့က အကြံပေးကြပါသည်။ ထို့ကြောင့် ၄င်းအစည်းအဝေးမျိုးကို "ဆုံးဖြတ်ချက်ချသည့် အစည်းအဝေးများ (Decision Meetings) ဟု ခေါ်ကြပါသည်။ အကြောင်းမှာ အဆုံးအဖြတ်ပြုရေးအတွက် သမ္မတထံသို့ ထောက်ခံတင်ပြချက်ဖြင့် အစည်းအဝေးပြီးဆုံးနေမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

တက်ရောက်ကြသူများမှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယအဆင့်နှင့်လက်ထောက်အတွင်းရေးမှူးအဆင့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ CIA နှင့် ရှေ့နေချုပ်ရုံးမှ ဝန်ထမ်းများ၊ အမျိုးသားလုံခြုံရေးကောင်စီမှ ကျွမ်းကျင်သူဝန်ထမ်းများ၊ အိမ်ဖြူတော်မှ ကျွမ်းကျင်သူများလည်း တက်ရောက်ကြသည်။ ကျွန်ုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။

ထိုနေ့ရက်များအတွင်း ကျွန်ုပ်တို့က အစည်းအဝေး အမြောက်အမြားကို ပြုလုပ်ခဲ့ပါသည်။ မီးရထားများကို အချိန်ကိုက်ရွေ့လျားစေရန် ကျွန်ုပ်တို့က ဆောင်ရွက်ရပါမည်။ အစည်းအဝေးများတွင် တင်းကျပ်သည့် ဖွဲ့စည်းမှုရှိရန် လိုအပ်ပါသည်။

အစည်းအဝေးအစီအစဉ်ကို သတ်မှတ်ပြီး ရှင်းလင်းမည့်စာရွက်စာတမ်းများအား တက်ရောက်သူတိုင်းသို့ ကြိုတင်ရရှိပေးထားပါသည်။ အကယ်၍ သင်သည် ၄င်းစာရွက်များကိုဖတ်ရန် အချိန်မရပါက ဖတ်ပြီးသူတစ်ဦးကို စေလွှတ်လိုက်ပါ။ ကျွန်ုပ်တို့၏အချိန်ကို မဖြုန်းတီးပါနှင့်။

ကျွန်ုပ်သည် အစည်းအဝေးကို ဆွေးနွေးမည့်ကိစ္စအား (၅)မိနစ်စာမျှ စကားပြောပြီးဖွင့်ပါသည်။ နောက်ထပ်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

(၂၅)မိနစ်တွင် ဌာနတိုင်းက မိမိတို့၏ ရပ်တည်ချက်ကို အပြတ်အတောက်မရှိဘဲ တင်ပြကြသည်။ နောက်ထပ် (၂၅) မိနစ်တွင် မည်သူမဆိုပါဝင်ပြီး သဘောကွဲမှု၊ ထောက်ခံမှု၊ တိုက်ခိုက်မှု စသည်ဖြင့် ပြုနိုင်ကြပါသည်။ ပြင်းထန်သည့် စကားများ၊ ပြင်းပြသည့်အမြင်များဖြင့် သင်၏ ရပ်တည်ချက်အတွက် တိုက်ခိုက်ပါ။ "ပုဂ္ဂိုလ်ရေးတော့ မပါစေနဲ့ အလုပ်ကိစ္စကိုပဲပြောပါ"

မိနစ်(၅၀)နောက်ဝိုင်း ကျွန်ုပ်က အစည်းအဝေးကို ထိန်းထားလိုက်ပြီး လူတိုင်းကို စကားပြောရပ်စေသည်။ အချေအတင်ပြောဆိုမှုများမှ ကောင်းကွက်နှင့် မကောင်းကွက်များကို အနှစ်ထုတ်ကြည့်ပြီး သမ္မတက ဆုံဖြတ်နိုင်ရေးအတွက် ယာယီကောက်ချက်တစ်ခုကို ဆွဲပြီးထောက်ခံတင်ပြပါမည်။ ဤကိစ္စအတွက် (၅)မိနစ်ကြာပါသည်။ ထို့နောက် တက်ရောက်သူများအနေဖြင့် ကန့်ကွက်ရန်နှင့် ရှင်းလင်းရန် အချိန်(၅)မိနစ် ရပါသည်။ အကယ်၍ ကျွန်ုပ်၏ထောက်ခံတင်ပြချက်ကို မှန်နေသေးသည်ဟု ယူဆပါလျှင် ထိုထောက်ခံချက်ကို ကျွန်ုပ်က အတည်ပြုပါသည်။ အချည်းအဝေးဖြစ်ပါပြီ။ ၄င်းတို့က ၄င်းတို့၏ဌာနများသို့ ပြန်သွားကြပြီး မိမိတို့၏ ဝန်ကြီးများအား ရှင်းပြကြပါသည်။ အကယ်၍ ဝန်ကြီးတစ်ပါးပါးက အပြင်းအထန် သဘောမတူဟု ဆိုပါလျှင် ၄င်းက ထိုညတွင် ကျွန်ုပ်ထံသို့ တယ်လီဖုန်းဆက်သွယ်ပြောကြားနိုင်ပါသည်။ သဘောတိုက်ဆိုင်မှု မတိုက်ဆိုင်မှုနှင့် ရွေးလမ်းများပါရှိသော အဆုံးအဖြတ်ပေးမည့်စာရွက်ကို နောက်တစ်နေ့တွင် သမ္မတထံသို့ ပေးပို့ပါသည်။

၄င်းစာရွက်စာတမ်းတွင် အဘက်ဘက်က အချေအတင်ပြောကြားမှုအားလုံးကို ထင်ဟပ်ဖော်ပြထားပါသည်။ အစည်းအဝေးတက်ရောက်သူတိုင်းက ပြောဆိုခဲ့ကြပါသည်။ ပြင်းထန်စွာသဘောကွဲဆဲဖြစ်နေသည့် ဝန်ကြီးတစ်ပါးပါးသည် သမ္မတထံသို့ သွားရောက်နိုင်ပါသည်။

ဝန်ကြီးတစ်ဦးက သမ္မတထံသို့ ဤသို့သွားရောက်ခဲ့သည်ဆိုသည်ကို ကျွန်ုပ် မမှတ်မိခဲ့ပါ။ ၄င်းစာရွက်စာတမ်းတွင် အမြင်တိုင်းကို တင်ပြထားပါသည်။ စဉ်းစားခဲ့သည်။ ထပ်ဖော်ပြထားသည်ဆိုသည်ကို သေချာအောင် ပြုလုပ်ခဲ့ပါသည်။

ပြဿနာ အများအပြားရှိသည့်အလျောက် ကျွန်ုပ်တို့သည် ပြဿနာတစ်ရပ်အတွက် ရွေးလမ်းအမျိုးမျိုးကို ရွာကြည့်ပါသည်။ ထို့နောက် အကောင်းဆုံးတစ်ခုကို ရွေးပါသည်။

အဖျိုးသားလုံခြုံရေး ကောင်စီ၏ စုံညီအစည်းအဝေးတွင် သမ္မတက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အထက်ပါ အတိုင်းပင် ဆောင်ရွက်ပါသည်။ အစိုးရအဖွဲ့အရာရှိများက ၄င်းတို့၏အမြင်များကို တင်ပြကြပါသည်။ ကျွန်ုပ်နှင့် Frank တို့က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကြပြီး ပြဿနာကိုချဉ်းကပ် ဆွေးနွေးမှုကိုတည့်မတ်ပေးပါသည်။ သမ္မတသည် ဆေးခွန်းကိုမေးလေ့ ရှိပါသည်။ သို့သော် အစည်းအဝေးပွဲကာလအတွင်း ဆုံဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။ (ချမှတ်လေ့

www.burmeseclassic.com
bookhouse

www.burmeseclassic.com

မရှိပါ)။ အစည်းအဝေးပြီးသည့်နောက် သမ္မတအတွက် ဆုံးဖြတ်ချက်ချရန်စာရွက်ကို ကျွန်ုပ်တို့က အရန်သင့်ဖြစ်စေရန် ပြင်ဆင်ပေးကြပါသည်။ သမ္မတက ၄င်း၏ဆုံးဖြတ်ချက်ကို ချမှတ်သောအခါ စာဖြင့် ရေးသားထားသည့် အတည်ပြုချက်တစ်ရပ်ကို ဖြန့်ဝေပါသည်။

Iran- Contra ကာလအတွင်း NSC မှ ဝန်ထမ်းအချို့က ရိသဲ့သဲ့လုပ်ခဲ့ပြီး တစ်မျိုးတစ်မည် ဆောင်ရွက်ခဲ့ကြသည်ဖြစ်ရာ၊ ၄င်းနည်းစဉ်ကို ပုံစံကျနည်းစဉ်ဖြစ်ပြီး မှတ်တမ်းမှတ်ရာရှိသည့် နည်းစဉ်ဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည်။ NSC စနစ်အပေါ် ပြန်လည်ယုံကြည်လာအောင် ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် အောင်မြင်ခဲ့ပါသည်။

ကျွန်ုပ်သည် အခြားသောအချိုးအစားများဖြစ်ကြသည့် အစည်းအဝေး အများအပြားကိုလည်း ပြုလုပ်ခဲ့ဖူးပါသည်။

သတင်းထုတ်ပြန်သည့် အစည်းအဝေး သို့မဟုတ် ရှင်းလင်းသည့် အစည်းအဝေးတစ်ရပ်က တက်ရောက်သူများအား၊ လောလောဆယ် စိတ်ဝင်စားစရာ အကြောင်းတစ်ခုကို ပြန်ကြားပေးရုံသာ ပြန်ကြားပေးပါသည်။ ထိုကဲ့သို့သော အစည်းအဝေးများတွင် ဟိုဟိုဒီဒီ ပြောဆိုဆွေးနွေးမှုမဖြစ်စေရန် ကျွန်ုပ်က အချိန်ကိုကန့်သတ်ပေးပါသည်။

ပူးတွဲစစ်ဦးစီးအဖွဲ့၏ အဓိက တရားဝင်ဌာနဆိုင်ရာ အစည်းအဝေးကို "လှောင်ကန်အစည်းအဝေး" (Tank Meeting) ဟုခေါ်သည်။ ထိုသို့ခေါ်ဝေါ်ခြင်းများ၊ ဒုတိယကမ္ဘာစစ်ကာလ ပူးတွဲစစ်ဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပသည့် အခန်းသည် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခြေအောက်ထပ်တွင်ရှိပြီး လိုဏ်ခေါင်းပုံသဏ္ဌာန် အဝင်အပေါက်တစ်ခု ရှိသောကြောင့် ဖြစ်ပါသည်။

နောက်ပိုင်းနှစ်များတွင် ၄င်းအစည်းအဝေးကို ပင်တဂွန်စစ်ဌာနချုပ်ရှိ "အမျိုးသား စစ်ဘက်အမိန့်ပေး ဗဟိုဌာန" (National Military Command Center) ရှိ အထူးခန်းတစ်ခုတွင် ပုံမှန်အားဖြင့် ကျင်းပပါသည်။ အကြီးအကဲများ၊ ၄င်းတို့၏ စစ်ဆင်ရေးအရာရှိများ၊ နောက်တန်းထိုင် ပုဂ္ဂိုလ်များ၊ မှတ်တမ်းလိုက်ရေးသူများ တက်ရောက်ကြပါသည်။ ပုံစံကျ အစည်းအဝေးအစီအစဉ် ရှိပါသည်။ ၄င်းအကြီးအကဲများကို လက်ထောက်များမပါ၊ အစည်းအဝေး အစီအစဉ်မရှိဘဲ ကျွန်ုပ်အခန်းထဲတွင် တွေ့ဆုံစေခြင်းက ပို၍ အသုံးဝင်သည်ဟု ကျွန်ုပ်တို့ တွေ့ရှိခဲ့ရသည်။ ဤသည်က ၄င်းတို့အား၊ ၄င်းတို့၏ ဗျူရိုကရက်တစ် အပေါ်ယံဟန်ပြမှုမှ သက်သာရာရစေပြီး ကျွန်ုပ်တို့အနေဖြင့် ပွင်းလင်းစွာ ပြောကြားနိုင်ကြပါသည်။ ကျွန်ုပ်တို့က အခြေခံအကျဆုံးသော စစ်နှင့်ငြိမ်းချမ်းရေးပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ခဲ့ရာ ယင်း အစည်းအဝေးများသည် လုပစွာပင် အလုပ်ဖြစ်ခဲ့ကြပါသည်။

ကျွန်ုပ်ပြုလုပ်ခဲ့သည့် အစည်းအဝေးတိုင်းကို ပုံစံတကျ ပြုလုပ်ခဲ့သည်ကား မဟုတ်ပါ။ ဥပမာအားဖြင့် ကျွန်ုပ်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် လွတ်လွတ်လပ်လပ် ဆုံးကြပြီး ကျွန်ုပ်၏ အရင်းနှီးဆုံးအပေါင်းအသင်းများနှင့် ကျွန်ုပ် ရုံးခန်းတွင် ခြေကိုပစ်တင်၍ ထိုင်ကြကာ ကိစ္စရပ်များကို သုံးသပ်ခြင်းဖြင့် နေ့တစ်နေ့ကို ကုန်ဆုံးစေသည်ကို သဘောကျပါသည်။ နောက်တစ်နေ့အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအတွက် ကျွန်ုပ်တို့က ကြိုတင်ပြင်ဆင်နိုင်သည်ဖြစ်ရာ ထိုအချိန်သည် အလွန်စလို မဟုတ်သည့်အချိန်ပင် ဖြစ်ပါသည်။

လူသားတို့သည် သဘာဝအားဖြင့် အထီးကျန် တစ်ကိုယ်တည်သမား မဟုတ်ပါ။ လျှော်မှန်းချက် အိပ်မက်များနှင့် ကြောက်ရွံ့မှုတို့အား မျှဝေခံစားရန်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး နီတွယ်ကြရန်လည်းကောင်း၊ တစ်ဦးကိုတစ်ဦးက မြှင့်တင်ပေးရန်လည်းကောင်း၊ ၄င်းတို့သည် အခြားသော လူသားများနှင့် ဆက်စပ်မှုရှိရန်လိုအပ်ပါသည်။

လူနှစ်ဦးအတူရှိမှုသည် အစည်းအဝေးတစ်ခု ဖြစ်ပါသည်။ အခွဲအစည်းများသေည် ကြီးလာသည့်အလျောက်၊ ပို၍ပို၍ များလာသည့် လူတို့အနေဖြင့် ပုံစံကျပဲဖြစ်စေ၊ ပုံစံမကျဘဲဖြစ်စေ တွေ့ဆုံကြရန် လိုအပ်ပါသည်။ မည်သို့ကြီးမားသည့် အဖွဲ့အစည်းအဝေးပွင့်ဖြစ်ပါစေ၊ အစည်းအဝေးများကို ရင်းနှီးသည့် ငယ်သူငယ်ချင်းနှစ်ဦးက အတူတကွ ရှိခဲ့သည့်အတိတ်ဖြစ်ရပ်များကို ပြန်ပြောင်းစားမြို့ပြန်ရင်း တစ်ဦးအပေါ်တစ်ဦးက ပြသခဲ့ကြသည့် ရင်းနှီးမှုနှင့် ယေဘုယျ မျိုးဖြင့် ကျင်းပရန် ကျွန်ုပ်အနေဖြင့် အမြဲပင် ကြိုးပမ်းခဲ့ပါသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၃၀ မရှိမဖြစ်သော ပုဂ္ဂိုလ်

အမေရိကန်ပြည်တွင်းစစ်အနေဖြင့် အဆိုးဆုံးဖြစ်နေသည့်ကာလအတွင်း ဝါရှင်တန်၏ နွေရာသီအပူဒဏ်မှဝေးရာဖြစ်သည့် မြို့၏မြောက်ဘက်ရှိ အေးမြသည့် တယ်လီဖုန်းရုံးတောင်ကုန်းသို့ သမ္မတလင်ကွန်းသည် သွားလေ့ရှိပါသည်။

ကြေးနန်းသည် အဝေးဆက်သွယ်မှုတော်လှန်ရေးတွင် ပထမဆုံးကြီးမားသည့် နည်းပညာတစ်ရပ် ဖြစ်သည်။ ၄င်းကြေးနန်းသည် အချိန်အခါအလျောက် ဆက်သွယ်ရေး ပြိုဟ်တုများနှင့် အင်တာနက်ဆက်သွယ်ရေးအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

သမ္မတသည် စစ်မြေပြင်မှ နောက်ဆုံးသော သတင်းပေးပို့ချက်များကို ရရှိလျက် ၄င်းတယ်လီဖုန်းရုံတွင် ထိုင်နေတတ်ပါသည်။ တစ်ညတွင် "ပြည်ထောင်စု စစ်တပ်"အနေဖြင့် ဘေးဒုက္ခရောက်သည့် သတင်းတစ်ပုဒ်ဝင်လာသည်။

"ကွန်ဖယ်ဒရိတ်မြင်းတပ်"က ဗာဂျီးနီးယားပြည်နယ်၊ Manassas အနီးရှိ "ပြည်ထောင်စု"စစ်စခန်းတစ်ခုကို ရုတ်တရက်ဝင်ရောက်စီးနင်းပြီး ဗိုလ်မှူးချုပ်တစ်ဦးနှင့် ရာနှင့်ချီသောအကြင်းများကို ဖမ်းဆီးခဲ့ပါသည်။ လင်ကွန်းက သက်သက်ကလေးညည်းတွားရင်း "မြင်းအကောင် (၁၀၀) ဆုံးရှုံးရသည်မှာ မုန်းစရာကောင်းသည်"ဟု ပြောလိုက်ပါသည်။

ကြေးနန်းအော်ပရေတာသည် မေးရမလိုဖြစ်လာပြီး "သမ္မတခင်ဗျား၊ အဲဒီ ဗိုလ်မှူးချုပ်တစ်ယောက်အတွက် ဘယ်လိုပါလဲခင်ဗျား"ဟု သမ္မတအား မေးလိုက်ပါသည်။

လင်ကွန်းက "ဗိုလ်မှူးချုပ်တစ်ဦးဖြစ်လာအောင် ကျွန်ုပ်က (၅)နှစ်အတွင်း

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်နိုင်ပါသည်။ သို့သော် မြင်းကောင်ရေ (၁၀၀)ကို အစားထိုးရသည်မှာ မလွယ်ပါ" ဟု ပြန်ပြောလိုက်ပါသည်။

ကျွန်ုပ်အနေဖြင့် ဗိုလ်မှူးချုပ်အဖြစ် ရာထူး တိုးမြှင့်ခံရသည့်နေ့တွင် အဆိုပါကောက်နုတ်ချက်စကားကို သူငယ်ချင်းတစ်ဦးက မှန်ပေါင်သွင်း၍ ကျွန်ုပ်အား ပေးပါသည်။ ထိုကတည်းက ကျွန်ုပ်၏ အလုပ်စားပွဲအထက်ဘက်တွင် ချိတ်ဆွဲထားလာခဲ့ပါသည်။ ခေါင်းဆောင်တစ်ဦးအဖြစ် ကျွန်ုပ်၏တာဝန်မှာ ၄င်းမြင်းများကို ဂရုစိုက်ပြီး ၄င်းတို့ထံမှ အကောင်းဆုံး အရာများကို ရရှိစေကာ ၄င်းတို့အားလုံးအနေဖြင့် ကျွန်ုပ်သွားစေလိုသည့် တူရွတစ်ဖက်တည်းသို့ ဆွဲသွားစေရန်ဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်အလုပ်မှ ထွက်ခွာသွားပြီးနောက် ကျွန်ုပ်နောက်တွင် ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးပေးခံရပြီး တာဝန်ယူမည့် သူများရှိစေရေးကိုလည်း သေချာစေရပါမည်။

"အကယ်၍ ကျွန်ုပ်က သင်တို့အားလုံးကို လေယာဉ်ထဲထည့်လိုက်မည်ဆိုပါလျှင် လေယာဉ်ပျက်ကျပါက အသက်ရှင်သူမရှိဖြစ်လာလိမ့်မည်"။ ဤစကားကို ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bernie Rogers က ဗိုလ်မှူးချုပ်အသစ် (၅၉)ဦးအား ကြိုဆိုသည့်အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

"သဲကန္တာရစစ်ဆင်ရေး"သို့ အပြေးအလွှားသွားရောတွင် ဗိုလ်ချုပ်ကြီး Norm Schwarzkopf သည် နေ့ချမ်းကောင်းဖြစ်လာခဲ့ပါသည်။ Norm သည် ကျွန်ုပ်တို့ အစီအစဉ်များ အောင်မြင်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသူဖြစ်ပါသည်။ သို့သော် ၄င်းအား မရှိမဖြစ်ဖြစ်နေစေရန်အထိ ဖြစ်စေလိမ့်မည်မဟုတ်ပါ။ လူစားထိုးဖို့လိုအပ်ပါလျှင် လူစားထိုးရန် ကျွန်ုပ်၏ခေါင်းထဲတွင် ရှိပါသည်။ ကျွန်ုပ်၏ အကြီးအကဲဖြစ်သူ ကာကွယ်ရေးဝန်ကြီး Cheney က ကျွန်ုပ်အနေဖြင့် မည်သူ့အား ထောက်ခံမည်ကိုသိပါသည်။

၁၉၈၉ ခုမှ ၁၉၉၁ ခုနှစ်အထိ တောင်ပိုင်းစစ်ဌာနချုပ်၏ တပ်မှူးအဖြစ်ဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီး Max Thurman သည် ပနားမားဥ အာဏာရှင် Manuel Noriega အား ဖြုတ်ချရာတွင် စီစဉ်အကောင်အထည်ဖော်ခဲ့ ဦးဆောင်ခဲ့ပါသည်။ Max သည် ကျွန်ုပ်သိဖူးသမျှတွင် ကြီးမြင့်သောစစ်သားကောင်းတစ်ဦးဖြစ်ခဲ့ပြီး ကျွန်ုပ်၏ အချစ်ခင်ဆုံး သူငယ်ချင်းတစ်ဦးလည်း ဖြစ်ပါသည်။

ပနားမားသို့ အောင်မြင်စွာချင်းနင်းဝင်ရောက်ပြီး နောက်ပိုင်းတွင် Max တွင် ကင်ဆာရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဆေးကုသမှု ကနဦးအဆင့်များတွင် ၄င်းသည် တောင်ပိုင်းစစ်ဌာနချုပ်၏ တပ်မှူးအဖြစ် ဆက်လက်ရှိနေခဲ့ပါသည်။

လပေါင်း အတော်အတန်ကြာလာသောအခါ ၄င်းအား ကုသမှုကို ပြင်းထန်စွာ ဆောင်ရွက်ရမည်ဖြစ်ရာ ၄င်းလုပ်ငန်းတာဝန်နှင့် မကိုက်ညီတော့ဟု ရှင်းလင်းစွာသိလာရပါသည်။ Max နှင့် ရင်းနှီးသူ ကာကွယ်ရေးဝန်ကြီး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

Cheney က Max အား လက်မလွှတ်လိုပါ။ လက်လွှတ်ရန်လိုအပ်ကြောင်းကို ကျွန်ုပ်က ၄င်းအား ဖျောင်းဖျပြောဆိုခဲ့ပါသည်။ Max က ကောင်းစွာနားလည်ပါသည်။ တိုက်ပွဲဝင် သေကျေးဇာတ်ရာရှိမှုရှိပြီး သင်က ဆက်လက်ချီတက်ပါသည်။ လုပ်ငန်းတာဝန်အရနှင့် မြင်းများအတွက် လိုအပ်ချက်တို့ကို ဦးစားပေးရပါမည်။

လူငယ်ဗိုလ်တစ်ဦးအဖြစ် ကျောမနီတွင် တာဝန်ထမ်းဆောင်စဉ်ကဖြစ်ပါသည်။ ခြေလျင်တပ်ခွဲတစ်ခု၏ အမှုဆောင်အရာရှိဖြစ်ပြီး တပ်ခွဲမှူးဗိုလ်ကြီး Bill Louisell ထံတွင် ဒုတိယတပ်ခွဲမှူးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တိုက်ပွဲဝင် အရန်သင့်ဖြစ်မှုကို စမ်းသပ်ရင်း ထွက်လာကြပါသည်။

ဒုတိယမြောက်ညဉ့် ဆောင်ရွက်မှုအထွတ်အထိပ်သို့ ရောက်နေချိန်တွင် အကဲဖြတ်သူများက ၄င်းအား လေ့ကျင့်မှုမှ ဖယ်ထားခဲ့ပါသည်။ ထိုကြောင့် ကျွန်ုပ်သည် တပ်ခွဲမှူးဖြစ်လာသည်။ ကျွန်ုပ်တို့က ညလုံးပေါက်ဆောင်ရွက်ခဲ့ရာ ၄င်းလေ့ကျင့်မှုကို အောင်မြင်စွာ ပြီးမြောက်စေခဲ့ပါသည်။

Bill Louisell သည် ၄င်းအတွက် ချီးကျူးခံရပါသည်။ ၄င်းက ကျွန်ုပ်အား ပြန်ကြားအသိပေးလျက်ရှိပြီး ကျွန်ုပ်အား လေ့ကျင့်ပေးခဲ့သည်။ ၄င်း၏အတွေးအမြင်နှင့် အစီအစဉ်များကို အသိပေးခဲ့သည်။ ၄င်းအား ခေါ်ထုတ်သွားသော အခါ ကျွန်ုပ်က တာဝန်ယူနိုင်လာပါသည်။

နံနက်တိုင်းတွင် နေကို မိမိတို့က ခလုတ်ဖွင့်လိုက်ကြသည်။ သို့မဟုတ်ပါက ၄င်းတို့အတွက် အလင်းရောင်နှင့် အနွေးဓာတ်ကိုရရှိကြမည်မဟုတ်ဟု ထင်မြင်ကြသည့်လူများကို ကျွန်ုပ်တွေ့ဖူးပါသည်။ မိမိတို့၏ ရောင်းပစ်ရမည့် နေရက်များကိုကျော်လာပြီး မိမိတို့ ထွက်ခွာရမည့်နေရက်များကို အသိအမှတ်မပြုသော ပုဂ္ဂိုလ်များကိုလည်း ကြုံတွေ့ခဲ့ဖူးပါသည်။

ဆက်ခံရမည့်ကိစ္စ သို့မဟုတ် ခေါင်းဆောင်မှုအဖွဲ့တစ်ခုထားရှိရန် မစဉ်းစားခဲ့သော ခေါင်းဆောင်များကိုလည်း ဆုံတွေ့ခဲ့ဖူးပါသည်။ ဤသို့သော အဖြစ်မှန် အခြေအနေများကို ရင်ဆိုင်ရန် မယုံမရဲဖြစ်ကြသော ခေါင်းဆောင်အများအပြား ရှိခဲ့ကြပါသည်။

မရှိမဖြစ်သော ပုဂ္ဂိုလ်ဆိုသူက မိမိတို့၏ အဖွဲ့အစည်းကို နောက်သို့ပြန်ဆွဲနေသည်ဆိုသည့် အဖြစ်မှန်ကို ရင်မဆိုင်သည့် ခေါင်းဆောင်အများအပြားကိုလည်း တွေ့ခဲ့ဖူးပါသည်။ မိမိတို့၏ အဖွဲ့အစည်းအား အမြဲတစေ စိစစ်နေပြီး အလုပ်မလုပ်သူကို ချိုင်ပစ်ရန် ခေါင်းဆောင်များတွင် တာဝန်ရှိပါသည်။ မည်သူမည်ဝါက အလုပ်လျှောလုပ်ကြသည်ကို နောက်လိုက်ကောင်းများက သိကြပါသည်။ မိမိတို့နှင့် ပတ်သက်၍ တစ်ခုတစ်ခုကို ဆောင်ရွက်မည့်ခေါင်းဆောင်များကို ၄င်းငယ်သားများက စောင့်စားရှုမျော်နေကြပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သည့် ချိုင်ပစ်မှုကိုမဆောင်ရွက်ပါက နောက်လိုက်ကောင်းများသည် မကြာခဏ ခိုကပ်လာတတ်ပါသည်။ သို့သော် ချိုင်ပစ်မှုကို အောင်မြင်စွာဆောင်ရွက်ပါက ၄င်းအဖွဲ့ပေါ်မှ တိမ်မည်းညိုသည် လွှင့်စင်သွားပါသည်။

အသင်းတစ်သင်း၏ အကောင်းဆုံး၊ တန်ဖိုးအထားရဆုံးနှင့် အဆောင်ခြင်ဆုံး အဖွဲ့ဝင်များသည်ပင်လျှင် အစွမ်းအစလျော့ပါးလာပြီး ထုတ်လုပ်မှုကျဆင်းလာနိုင်ပါသည်။ လုပ်ငန်းတာဝန်အတွက် အဆင့်မမီသောသူကို အစားထိုးရန် ခေါင်းဆောင်များသည် အရဲနှင့်ဖြစ်ရန် လိုအပ်ပါသည်။

အားနည်းသူတစ်ဦးကို မူတည်၍ (ဗဟိုပြု၍) ပြန်လည်ဖွဲ့စည်းမှုမပြုပါနှင့်။ ပြန်၍လေ့ကျင့်ပေးပါ။ လူပ်ရှားစေပါ သို့မဟုတ် ဖြုတ်ပစ်ပါ။ ရေရှည်အတွက်ဆိုလျှင် သင်သည် ၄င်းဂုဏ်အတွက် ကူညီဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထို့နောက် သင်သည် ချက်ချင်းပင် သင်၏အသင်းအတွက် ကူညီဆောင်ရွက်နေခြင်းဖြစ်ပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၃၁ ရထားပေါ်မှ ဆင်းရမည့်အချိန်

စစ်ဘက်မှ အဆင်မင်ဆုံးသူငယ်ချင်းများအနက် တစ်ဦးမှာ ဗိုလ်မှူးကြီး Frank Henry ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်၌ အမှတ်(၁၀၁) လေကြောင်းချီတပ်မတွင် အတူတကွ ထမ်းဆောင်ခဲ့သူ Frank သည် ကျွန်ုပ်တို့၏တပ်မမှူးနှင့် တစ်ခါတလေ စကားများတတ်ပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့လုပ်ငန်း၏ ရှေ့အလားအလာများနှင့် စကားပြောကြရာ ငှင်းက "စစ်တပ်ထဲမှာ နောက်ထပ်အဆင့်တိုးဦးမလားဆိုတာကို မသိနိုင်ပါဘူး" ဟု ငှင်းကပြောပါသည်။ "သို့သော် ဗိုလ်မှူးကြီးတစ်ဦးဖြစ်ရသည်ကို ကျွန်ုပ်ဂုဏ်ယူပါသည်။ စစ်တပ်ထဲမှ နောက်တစ်ကြိမ် ကျွန်ုပ်မျှော်လင့်တာကတော့ ရထားပေါ်က မည်သည့်အချိန်တွင်ဆင်းရမည်ဟု အပြောခံရမည့်ကိစ္စပင်ဖြစ်သည်။" ဟု ဆက်၍ ပြောပါသည်။

ကျော်ကြားသည့် ရုပ်သံတင်ဆက်သူတစ်ဦးဖြစ်သည့် Larry King အား ထိုဇာတ်ကြောင်းကို ပြောပြပါသည်။ သူက ထိုကိစ္စကို ဘယ်တော့မှမမေ့တော့ပါ။ သတင်းပြန်ကြားမှု တော်လှန်ရေးက မီဒီယာအားလုံးကို အပြောင်းအလဲဖြစ်စေပါသည်။

၂၀၁၀ ခုနှစ်တွင် Larry ၏ အချိန်ကြာမြင့်စွာ ရုပ်သံတင်ဆက်ရာ ငှင်း၏ CNN ပြကွက်တစ်ခုတွင် ပရိသတ်လျော့ပါးလာလျက်ရှိရာ ငှင်းအစီအစဉ်ကို CNN က ရုပ်ဆိုင်းကောင်း ရုပ်ဆိုင်းရနိုင်သည်မှာ ထင်ရှားလာပါသည်။ Larry သည် သို့အချိန်အထိ မစောင့်နေတော့ဘဲ မိမိအနေဖြင့် (၂၅)နှစ်ကြာ ရုပ်သံတင်ဆက်မှုကို ရုပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ရုတ်တရက် ကြေညာလိုက်ပါသည်။ ထိုသို့ကြေညာစဉ် ကျွန်ုပ်က သူ့အားပြောခဲ့သည့် Frank Henry ၏ ဇာတ်ကြောင်းကို သူကပြန်ပြောခဲ့ပါသည်။

www.burmeseclassic.com

bookhouse

www.burmeseclassic.com

Larry က မိမိသည် (ရထား)ကို ကောင်းကောင်းစီးခဲ့ပြီးဖြစ်ကြောင်း၊ မိမိသည် မိမိ၏ဘူတာသို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း ရထားပေါ်မှဆင်းရမည့်အချိန်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျွန်ုပ်၏လုပ်ငန်းတစ်လျှောက်လုံးတွင် ဤသို့သော သဘောထားကို ဆက်လက်ထားရှိသွားပါသည်။ အလုပ်ကိုကြိုးစား၍လုပ်ပြီး မည်သည့်နေရာတွင် ကျွန်ုပ်ဆင်းရမည်ကို ဆုံးဖြတ်ရန် တပ်သို့လွှဲထားခြင်းသည် ကျွန်ုပ်အတွက် မှတ်ကျောက်တစ်ခုဖြစ်လာခဲ့သည်။ ကျွန်ုပ်အနေဖြင့် မည်မျှအထိ ခြင့်မာလာမည်ကို သူတို့က ကျွန်ုပ်အား ကတိမပေးကြပါ။ "အလုပ်ကိုသာ ကောင်းကောင်းလုပ်ပါ။ သင့်အနေဖြင့် အထက်သို့ရောက်လာပါလိမ့်မည်။ သင့်အနေဖြင့် သင်ဆင်းရမည့်ဘူတာသို့ ဆိုက်သည်ကို သင့်အား အသိပေးပါမည်။ နောက်တစ်ဘူတာသည် ကျွန်ုပ်ဆင်းရမည့် ဘူတာဟုတ်မဟုတ်ကို မီးရထားလက်မှတ်စစ်အား ကျွန်ုပ်က အကြိမ်ကြိမ်မေးပါသည်။ "မဟုတ်သေးပါ" ဟု ၎င်းကပြောမြဲပြောနေပါသည်။ ထို့ကြောင့် ကျွန်ုပ်က ဆက်၍စီးသွားပါသည်။

ကျွန်ုပ် စစ်ထဲဝင်သံကို ကျွန်ုပ်မိသားစုက နှစ်ခြိုက်ပါသည်။ ဤသည်မှာ အရှိုးကိုချစ်သော တာဝန်တစ်ရပ်ဖြစ်ပြီး ၎င်းတို့က ကျွန်ုပ်တို့၏နိုင်ငံကို ချစ်ကြပါသည်။ သို့သော် အရှိန်ကာလအတော်ကြာသည်အထိ ကျွန်ုပ်စစ်ထဲတွင် ဆက်၍နေသည်ကို နားလည်ရန် အခက်အခဲရှိခဲ့ကြပါသည်။ ကျွန်ုပ်အနေဖြင့် ဗီယက်နမ်မှ ဒုတိယအကြိမ် ပြန်လာသောအခါ ကျွန်ုပ်အား ဖိအားပေးရန် အိမ်ထောင်၏ဦးစီးမှူးဖြစ်သည့် ကျွန်တော်၏ အဝေါဖြစ်သူ Laurice အား တာဝန်ပေးကြပါသည်။ Laurice သည် အခြားသူများ၏ကိစ္စတွင် ပါဝင်ရာ၌ ဆရာတစ်ဆူဖြစ်ပါသည်။ သူမသည် ကျွန်ုပ်အား ဖိအားပေးပါသည်။ ကျွန်ုပ်က ၎င်းအား အကယ်၍ ကျွန်ုပ်အနေဖြင့် ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် လစာ၏ (၅၀)ရာခိုင်နှုန်းပင်စင်ဖြင့် အသက်(၄၁)နှစ်တွင် အနားယူနိုင်ကြောင်း ရှင်းပြပြီး သူမအား နောက်ဆုံးတွင် ကျွန်ုပ်ကိစ္စတွင် မပါဝင်အောင် ပြောဆိုခဲ့သည်။ ပြောင်းရွှေ့လာသူမိသားစုတစ်ခုအဖို့ တစ်သက်လုံးအတွက် ပင်စင်ရခြင်းသည် ထီပေါက်သည်နှင့် ညီမျှပါသည်။ ၎င်းတို့က ၎င်းကိစ္စကို မည်သည့်အခါမျှ ပြောမလာကြတော့ပါ။

ကျွန်ုပ်သည် ဒုတိယဗိုလ်မှူးကြီးဖြစ်လာပါသည်။ စစ်တပ်တွင် တက်ရင်တက်၊ မတက်ရင်ထွက်ဆိုသည့် ဓလေ့စဉ်များ ရှိပါသည်။ ဤသည်မှာ အရာရှိတပ်ဖွဲ့ကို ပြန်လည်လန်းဆန်းစေရန် (သွေးသစ်လောင်းစေရန်)နှင့် အရာရှိငယ်များကို မွေးထုတ်ရန်ဖြစ်သည်။

ဂျာမနီရှိ Vတပ်ဖွဲ့ကို ဦးဆောင်ရန် ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် တိုးမြှင့်အရွေးခံရစဉ်ကဖြစ်သည့် ၁၉၆၈ ခုနှစ်တွင်ကျွန်ုပ်သည် ဂုဏ်ပြုခံပြီး နှစ်သိမ့်မှုဖြစ်ခဲ့ရပါသည်။ နှစ်နှစ်တာအတွက် တာဝန်ပေးခြင်းဖြစ်ပါသည်။ နှစ်နှစ်ပြည့်သည့် နေ့သို့ ရောက်လာသောအခါ ကြယ်သုံးပွင့်ရာထူးအတွက် နောက်ထပ်အရွေးခံရခြင်းမရှိပါလျှင် သို့မဟုတ် ကျွန်ုပ်အနေ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ဖြင့် စတုတ္ထမြောက်ကြယ်ပွင့် (ဗိုလ်ချုပ်ကြီး)အဖြစ် အရွေးမခံရပါလျှင် ကျွန်ုပ်အနေဖြင့် အနားယူလိုကြောင်း တင်ပြချက်ကို ထိုနေ့တွင် ကျွန်ုပ်အကြီးအကဲ၏စားပွဲပေါ်သို့ ရောက်စေရမည်ဖြစ်ပါသည်။ ကျွန်ုပ်က ထိုသို့မပြုလုပ်ပါက ၎င်းက ကျွန်ုပ်အား ဆွဲချပါလိမ့်မည်။

ခြောက်လကြာပြီးနောက် ကျွန်ုပ်အား အိမ်ဖြူတော်တွင် ပထမ၌ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးအဖြစ်လည်းကောင်း ထို့နောက် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းအလုပ်တာဝန်များမှာ တာဝန်ကြီးသော ရာထူးများဖြစ်ရာ အရွေးခံရခြင်းအားဖြင့် ဂုဏ်ပြုခံရခြင်းပင် ဖြစ်ပါသည်။ သို့သော် ၎င်းရာထူးများက ကျွန်ုပ်၏စစ်ဘက်အသက်မွေးမှုလုပ်ငန်းပုံစံကို ဆိုးဝါးစွာပျက်စီးစေခဲ့ပါသည်။

"ကျွန်ုပ်တို့အား လိုအပ်သည့်နေရာနှင့် လုပ်ငန်းတိုးတက်ရေးအတွက် တောင်းဆိုချက်များအရ ကျွန်ုပ်တို့က အလုပ်အကျွေးပြုကြပါသည်"ဟု ဗိုလ်ချုပ်ကြီး Wickham က ကျွန်ုပ်အား သတိပေးပါသည်။

သမ္မတ Reagan တာဝန်မှ ထွက်ခွာပြီး အရွေးချယ်ခံထားရသူ သမ္မတလောင်း H.W Bush က ၎င်းအိုးရအဖွဲ့တွင် အဆင့်မြင့်သည့် ရာထူးတာဝန်များကို ကျွန်ုပ်အား ကမ်းလှမ်းခဲ့ပါသည်။ အကြံဉာဏ်များရရှိရန် ကြည်းတပ်စစ်ဦးချုပ်အသစ်ဖြစ်သူ ဗိုလ်ချုပ်ကြီး Carl Vuono ထံသို့ ကျွန်ုပ်က သွားရောက်လည်ပတ်ပါသည်။

"စစ်ဘက်မဟုတ်သည့် အလုပ်များကြောင့် တပ်မှကင်းကွာနေခဲ့သည်။ အရပ်ဘက်လောကတွင် ကျွန်ုပ်အတွက် ရွေးလမ်းများရှိပါသည်။ ထို့ကြောင့် ယခုအချိန်အခါသည် ကျွန်ုပ်အတွက် ထွက်သွားရမည့်အချိန်ဖြစ်သည်ဟု ကျွန်ုပ်က ယူဆပါသည်။ သို့သော် စစ်တပ်သည် ကျွန်ုပ်၏အချစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် တပ်ထဲတွင် ဆက်နေလိုပါသည်။ သို့သော် သင်၏ချမှတ်သည့် ဆုံးဖြတ်ချက်ကို ကျွန်ုပ် လက်ခံပါမည်"ဟု ကျွန်ုပ်က ပြောကြားပါသည်။

၎င်းက ပြုံးလျက် စစ်တပ်က သင့်အားပြန်လာစေလိုပါသည်။ ကျွန်ုပ်တို့က သင့်အတွက် ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးရာထူးတစ်နေရာကို ထားရှိထားပါသည်"ဟု ပြောကြားပါသည်။ ဤသည်မှာ ကျွန်ုပ်ဘဝတွင် မျော်ရှင်ရခဲ့သော အချိန်များအနက် အချိန်တစ်ချိန်ဖြစ်ပါသည်။

နောက်တစ်နေ့တွင် ထိုအကြောင်းကို သမ္မတ Reagan အား ကျွန်ုပ်ပြောပြသောအခါ "ဒါဟာ ရာထူးတိုးတာလား"ဟုသာ မေးပါသည်။ ကျွန်ုပ်က "ဟုတ်ပါတယ်"ဟု ဖြေကြားရာ ၎င်းက "ဒါကောင်းတာပေါ့"ဟု ၎င်း၏ ရိုးရှင်း၍ တိုက်ရိုက်ဖြစ်သည့်နည်းဖြင့် ပြောပါသည်။ သမ္မတအဖြစ် ရွေးချယ်ခံထားရသူ Bush မှာ ယဉ်ကျေးပျူငှာသူတစ်ဦးဖြစ်ပါသည်။ သူသည် ယခုအခါ နေရာလွတ်ရာထူးတစ်နေရာတွင် လူသစ်တစ်ဦးကို ခန့်ထားနိုင်ပြီဖြစ်ရာ ၎င်းအနေဖြင့် စိတ်သက်သာရာရသည်ဟု ကျွန်ုပ် ထင်မြင်မိပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

မိမိဆင်းရဲမည့်သူတာက ရှေ့တွင်ရှိနေသည်ကို မသိသူများ၊ မိုင်အကန့်အသတ်မရှိသည့်ရထားလက်မှတ်များကို မိမိတို့တွင်ရှိနေသည်ဟု ယုံကြည်သူများကို ကျွန်ုပ် တွေ့ကြုံခဲ့ဖူးပါသည်။ လုပ်သက်(၃၅)နှစ်ရှိသည့် ကြယ်(၄)ပွင့် ဗိုလ်ချုပ်ကြီးများသည် ၄င်းတို့အား မထွက်ခွာစေရန် ညည်းတွားအသနားခံရင်း ကျွန်ုပ်၏ရုံးခန်းသို့ ရောက်လာကြပါသည်။ ထိုသို့ ဆက်၍နေရန် အခွင့်အလမ်းရှိသည့်အလား ထိုသို့လာရောက်ပြောဆိုကြပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သမ္မတက ခန့်အပ်သူများအား လေးနှစ်မြည့်မြောက်ချိန်တွင် ယခုအခါ အနားယူရန် အချိန်တန်ပြီ သို့မဟုတ် အခြားသော အလုပ်တစ်ခုကိုလုပ်ရန် အချိန်တန်ပါပြီဟု ကျွန်ုပ်ပြောသောအခါ အထိတ်တလန့်ဖြစ်ကြပါသည်။ ၄င်းတို့အနက် တစ်ဦးက ကျွန်ုပ်အနေဖြင့် ထိုသို့လုပ်မည်ဟုတ်ကြောင်း ပြောဆိုဝံ့ဆံ့သည်အထိဖြစ်ခဲ့ပါသည်။ ကျွန်ုပ်သည် ထိုအတိုင်းပင် ဆောင်ရွက်ခဲ့ပါသည်။ ညည်းညူခြင်းတစ်သံများ၊ အံကြိတ်သံများကို ဌာနတစ်ခုလုံးတွင် ကြားနေရပါသည်။ အလုပ်အနားယူပွဲ အခမ်းအနားပြီးသည့်အချိန်အထိ မိမိတို့၏ အလုပ်အလာအလာများ မည်သို့ ထိခိုက်ခံရသည်ကို ကြည့်နေကြသည်အထိပင်ဖြစ်ပါသည်။

ဤကိစ္စနှင့်ပတ်သက်လာလျှင် ကွန်ဂရက်သည် အဆိုးဝါးဆုံးအခွဲအစည်း ဖြစ်ပါသည်။ အတွေ့အကြုံသည် အရေးကြီးကြောင်းနှင့် (၁၀)နှစ်၊ နှစ်(၂၀) တာဝန်ထမ်းဆောင်မှု အဆိုးတန်ဝိုက်ကို ကျွန်ုပ်နားလည်ပါသည်။ သို့သော် အနှစ်(၃၀)နှင့် ထိုထက်ပိုသည်အထိဖြစ်သင့်ပါသလော။ လက်လွတ်လိုက်ပြီး သင့်တို့၏ပြဿနာများကို အခွင့်အလမ်းတစ်လှည့်ပေးကြပါ။ သင်တို့ကို အစွဲပြု၍ မှည့်ခေါ်မည့် ပြည်ထောင်စု (ဗဟို)နှင့်ဆိုင်သည့် အဆောက်အအုံများနှင့် လမ်းများ အရေအတွက် မည်မျှကိုလိုနေပါသနည်း။

သင်၏အလုပ်သည် မည်သည့်ဝင်ငွေဖြစ်စေ အလုပ်အကျွေးပြုရန် ၄င်းနေရာသို့ သင်ရောက်နေပါသည်။ အစိုးရအဖွဲ့၊ စစ်ဘက်၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားတစ်စုံတစ်ရာသောလုပ်ဆောင်မှုတစ်ခုခုပင် ဖြစ်ပါစေ ခြားနားလှသည်ကားမဟုတ်ပါ။ စိုက်ထိုက်မတ်တတ်စိတ်ထားဖြင့် ကိုယ်ကြိုးမဖက်သည့်အလုပ်ထဲသို့ဝင်ပါ။ မည်သည့်အခါမျှ ကိုယ်ကျိုးမရှာသည့်လုပ်ငန်းသို့ ဝင်ပါ။ သင်၏သိမ်းစရာရှိသည့် ပစ္စည်းများကို ဝမ်းပန်းတသာ ကျေးဇူးတင်လျက် သိမ်းဆည်းပြီး တစ်စုံတစ်ယောက်က သင့်အားပစ်မချမီ ရထားပေါ်မှဆင်းပါ။ ထို့နောက် တစ်ခုခုသောက်ရင်း အရိပ်အောက်မှာ ထိုင်ပါ။ ထို့နောက် အခြားပြေးလမ်းများနှင့် အခြားသောရထားများကိုကြည့်ပါ။ ရထားဟောင်း ပျောက်ကွယ်သွားသည်အထိ ခဏစောင့်ကြည့်ပါ။ ထို့နောက် ရထားသစ်ဖြင့် ခရီးအသစ်ကို စတင်ပါလေ။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၃၂ ထွက်ခွာခြင်း

ရထားပေါ်မှ ဆင်းရာတွင် မည်သည့်အချိန်တွင် ဆင်းရမည်ဆိုသည့်ကိစ္စသာမက မည်သို့ဆင်းရမည်ဆိုသည့်ကိစ္စလည်း ပါဝင်ပါသည်။

တပ်မတော်အရာရှိများ၏ အစဉ်အလာဟောင်းတစ်ရပ်ရှိပါသည်။ သင်က ရာထူးတာဝန်တစ်နေရာမှ ထွက်ခွာသည်ဆိုပါလျှင် သင်၏လုပ်ငန်းကတ်ပြား (လိပ်စာကတ်ပြား)ပေါ်တွင် PPC ဟု ရေးပြီး အရာရှိအသင်း၏ ကြော်ငြာဘုတ်ပြားပေါ်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ပါသည်။ ၄င်းစကားလုံးသည် ပြင်သစ်ဘာသာစကားတစ်ခု၏ အတိုကောက်စာလုံးများ ဖြစ်ကြပြီး "ခွင့်သွားမည်"ဟု အဓိပ္ပာယ်ရပါသည်။ "အမြဲတမ်းဌာနပြောင်း" ရာတွင် ယဉ်ကျေးမှုအရ နောက်ဆုံးပြုမူမှုတစ်ရပ်ပင် ဖြစ်ပါသည်။

မိမိတို့အနေဖြင့် အလုပ်မှဆင်းပေးပြီး နောက်ဝိုင်းအတော်ကြာသည်အထိ အလုပ်ကို ဖက်တွယ်နေကြသေးသည့် အမူအဆောင်အရာရှိ အများအပြားကို ပုဂ္ဂလိကလောကတွင် တွေ့မြင်ခဲ့ပါသည်။ ၄င်းတို့က ဂုဏ်ထူးဆောင် သို့မဟုတ် အလားတူ ရာထူးများကို ရယူကြပါသည်။ ၄င်းရာထူးများအရ ၄င်းတို့ကို ရုံးခန်း၊ လက်ထောက်များကိုပေးထားပြီး အခြေအနေးတွင် ပါဝင်ခွင့်ရှိကြကာ အလုပ်အရဖြစ်သော ခံစားခွင့်များကို ခံစားကြပါသည်။ လျော်ကြေးများကိုပင် ခံစားကြပါသည်။ သို့သော် ၄င်းတို့တွင် တာဝန်ခံရမှုများ မရှိကြပါ။

စစ်တပ်တွင်ဆိုလျှင် ထွက်ခွာချိန်ရောက်လျှင် ထွက်ခွာကြပါသည်။ တပ်မှူးအလွှဲပြောင်း အခမ်းအနားတွင် သင်သည် ထွက်ခွာသွားမည့်တပ်မှူးဖြစ်ပါက သင့်အနေဖြင့် တံဆိပ်တစ်ခုကိုရရှိပြီး တပ်၏အလံများကို တပ်မှူးသစ်ထံသို့ လွှဲပေးရပါသည်။ မိန့်ခွန်းတိုတစ်ရပ်ကို ပြောကြားရပါသည်။ သင့်အား ဂုဏ်ပြုသည့်တပ်ဖွဲ့က ချီတက်

www.burmeseclassic.com

www.burmeseclassic.com

အလေးပြုသည်ကို ခံယူပါသည်။ ထို့နောက် သင်သည် တပ်မှူးသစ်နှင့် လက်ဆွဲနှုတ်ဆက်အပြီးတွင် ကွင်းထဲမှ ထွက်ခွာသွားပါသည်။ အကယ်၍ သင်က ၄င်းကိစ္စရပ်များကို ပုံမှန်ဆောင်ရွက်ပြီးသည်ဆိုလျှင် သင့်အတွက် စတော့ရှင်ဝက်ဂွန်ကား တစ်စီးက သင်၏နောက်နားတွင်ရှိနေပြီး အဝတ်သေတ္တာများကို ကားအိုးပေါ်ချည်နှောင်ထားပါသည်။ သင်၊ သင့်ကလေးများနှင့် သင့်၏ဇနီးတို့သည် ကားထဲသို့ဝင်သွားကြပြီး မောင်းထွက်ကာ ပင်မဂိတ်ပေါက်ဝသို့ ဦးတည်၍သွားနေပါသည်။ ထိုအတောအတွင်း တပ်မှူးသစ်သည် မိမိလက်ခံရသည့်နေရာအနှံ့သို့ သွားရောက်နေပါသည်။ ကား၏နောက်ကြည့်မှန်တွင် ကား၏နောက်ဘက်နေရာကို မမြင်စေရန် ကားမှန်ကိုချိန်ထားရန်မှာ အရေးကြီးပါသည်။ အခြားအသံများကို မကြားနိုင်စေရေးအတွက် တံခါးမှန်ကိုပိတ်ထားပြီး ရေဒီယိုကိုအကျယ်ကြီးဖွင့်ထားရန်လည်း ပို၍ပင် အရေးကြီးပါသည်။ ကိစ္စမှာပြီးစီးသွားပါပြီ၊ သင့်အလှည့်ကို သင်ဆောင်ရွက်ပြီးဖြစ်ပါသည်။

လအနည်းငယ်ကြာသည့်အထိ သင့်အား မည်မျှလွမ်းဆွတ်သတိရကြောင်း၊ တပ်မှူးအသစ်နှင့် ပြဿနာ မည်မျှ အတိုရှိနေကြောင်းဖြင့် လူတွေက သင့်အား တယ်လီဖုန်းဆက်ပါလိမ့်မည်။ ဤသည်မှာ လုံးဝအဓိပ္ပာယ်မရှိပါ။ စိတ်ရှည်ရှည်ထားပါ။ တပ်မှူးအသစ်က တံဆိပ်ခတ်သည့်သံချောင်းကို အပူပေးရှဲ့မပြီးမီအချိန်မှာပင် ထိုသို့ ဖုန်းဆက်မှုများ ရပ်သွားပါလိမ့်မည်။

ကျွန်ုပ်ကို ဆက်ခံသူထံသို့ မည်သည့်အခါမျှ ကျွန်ုပ်က ဖုန်းဆက်လိမ့်မည်မဟုတ်ပါ။ သို့သော် ၄င်းအနေဖြင့် ကျွန်ုပ်ထံသို့ မေးခွန်းများဖြင့် လွတ်လပ်စွာ ဖုန်းဆက်နိုင်ပါကြောင်း ၄င်းအား ကျွန်ုပ်က အမြဲပင်ပြောပါသည်။ **အကယ်၍** ထိုသူသည် ရာထူးအသစ်သို့ တိုးမြှင့်ခံရပြီး ကျွန်ုပ်တို့သည် အတူတူအလုပ်လုပ်သူများ **ဖြစ်ခဲ့ပါလျှင် ကျွန်ုပ်၏ တာဝန်မှာ** ကျွန်ုပ်၏နေရာတွင် အစားဝင်ရေးအတွက် ၄င်းအား လေ့ကျင့်ပေးရန်ပင် **ဖြစ်သည်။ ယခုအခါ** ဤသည်ကို ၄င်းက ဆောင်ရွက်ပြီးဖြစ်ပါသည်။

အလွှဲအပြောင်း ပြုလုပ်ပွဲအနေဖြင့် အချိန်ကြာရှည်သည်ကို ကျွန်ုပ်အနေဖြင့် အလွန်မုန်းပါသည်။ ပွဲမစမီ ပြင်းပြင်းထန်ထန် လေ့ကျင့်ပါ။ သင်သိရန်လိုအပ်သည်တို့ကို တာဝန်မယူမီတွင် သိအောင်လုပ်ပါ။ သို့သော် အလွှဲအပြောင်းကာလကို တိုတောင်းပါစေ။ သင့်ရှေ့က တာဝန်ထမ်းဆောင်သူနှင့်အတူ ပျူငှာမှုရှိပြီး အချိန်အနည်းငယ် ကုန်ဆုံးပါစေ။ သို့သော် ထိုဟာကို ပို၍တော့ မလုပ်ပါနှင့်။ သူ၏ သွားလာလုပ်ဆောင်မှုအားလုံးကို သင်သိရန် မလိုပါ။ သူသည်သင့်အပေါ် အနည်းအကျဉ်း မကျေမချမ်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

Madeleine Albright ထံမှ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို လွှဲပြောင်းယူစဉ်က ကျွန်ုပ်တို့သည် နှစ်လအတွင်း သုံးကြိမ်တွေ့ခဲ့ကြရာ တစ်ကြိမ်က ၄င်း၏အိမ်တွင်ဖြစ်ပြီး၊ ကျန်တစ်ကြိမ်က ၄င်း၏ရုံးခန်းတွင်ဖြစ်သည်။ သူမသည်

www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကောင်းတစ်ဦးဖြစ်ပြီး သူမ၏ ထိုးထွင်းသိမြင်မှုကြောင့် ကျွန်ုပ်သည် အကျိုးခံစားခဲ့ရပါသည်။ သို့သော် အခြားကိစ္စရပ်များတွင်ဆိုလျှင် ကျွန်ုပ်သည် ရှောင်ရှားနေပါသည်။

ကျွန်ုပ် တာဝန်ယူပြီးကတည်းက သူ့အား အမြဲပင်ဆက်သွယ်၍ ရနိုင်ပါသည်။ သို့သော် သူမသည် ကျွန်ုပ်အား မည်သည့်အခါမျှ တယ်လီဖုန်းဆက်ခြင်း မရှိပါ။ သို့မဟုတ် လူသိရှင်ကြား ပြဿနာလုပ်ခြင်းလည်း မရှိပါ။ လေးနှစ်ကြာသောအခါ ကျွန်ုပ်အားဆက်ခံသူ Condi Rice နှင့်အတူ ကျွန်ုပ်သည် အလားတူထွက်ခွာမှု (ခွဲခွာမှု) အတွေ့အကြုံကို ရရှိခဲ့ပါသည်။ သင့်အလှည့်ပြီးပြီဆိုလျှင် ကွင်းတစ်နေရာရာသို့ ထွက်ခွာပါလေ။

အလွဲအချော်းအများစုတွင် ရန်စောင်မှုမရှိကြပါ။ သို့သော် ခေါင်းဆောင်တစ်ဦးအား ကျွမ်းကျင်မှု ညံ့ဖျင်းလွန်းသဖြင့်လည်းကောင်း သို့မဟုတ် အမှားအယွင်းပြုမိမှုကြောင့်လည်းကောင်း တာဝန်မှအနားပေးသည့်အခါမျိုးတွင်မူ အခြေအနေသည် အမြဲပင် တင်းမာတတ်ပါသည်။ ခေါင်းဆောင်သစ်အနေဖြင့်၊ တာဝန်လွှဲပြောင်းယူရာတွင် သန့်ရှင်းစေရန် အမြန်ဆုံးလုပ်ငန်းကျင်းရှင်းလင်းရပါမည်။ ၄င်းအနေဖြင့် အနားပေးခံရသူကို တိုက်ခိုက်ပြောဆိုခြင်း မပြုသင့်ပါ။ မည်သည်တို့ဖြစ်ပျက်ခဲ့သည်ကို သူသိပါသည်။ ၄င်းအတွက် သူသည် ခံစားနေရပါသည်။ သူ၏လုပ်ငန်းဆိုင်ရာ အလောင်းကောင် (အသေကောင်) ကို တိုက်ခိုက်ပြောဆိုခြင်း မပြုပါနှင့်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

အပိုင်း-၆

ပြန်ပြောင်းသုံးသပ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၃၃ Powell ၏ သဘောတရား (အယူဝါဒ)

သင်္ဘောမှာမည်စွဲဖြင့် သဘောတရားတစ်ရပ်ရှိသည်ကို သင့်အနေဖြင့် ဝုဏ်ယူမည်သာဖြစ်ပါသည်။ ကျွန်ုပ်ကိစ္စတွင် မည်သို့မည်ပုံဖြစ်လာသည်ကို ကျွန်ုပ်စဉ်းစားရှုမြင်ခဲ့ပါသည်။

Powell သဘောတရားဆိုသည့် သဘောတရားတစ်ရပ်အဖြစ် စစ်ဘက်လက်စွဲစာအုပ်များတွင် မရှိပါ။ ဗိုလ်ချုပ်ကြီး Schwarzkopf နှင့် ကျွန်ုပ်တို့၏ ထောက်ခံတင်ပြချက်အရ အီရတ်နှင့် ရင်ဆိုင်နေရသော ကျွန်ုပ်တို့၏ တပ်ဖွဲ့များကို နှစ်ဆတိုးရန် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် သမ္မတ Bush က ဆုံးဖြတ်ပြီးနောက် ပိုင်းတွင် ၎င်းအခေါ်အဝေါ်သည် ပထမဆုံးအကြိမ်အဖြစ် ပေါ်ထွက်လာပါသည်။ "သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးနောက်ပိုင်းတွင် ၎င်းအခေါ်အဝေါ်သည် တွင်ကျယ်လာပါသည်။ သို့သော် လက်စွဲစာအုပ်များထဲသို့ကား မရောက်ရှိသေးပါ။ ယနေ့မားသို့ချင်းနှင့်ဝင်ရောက်မှုနှင့် "သဲကန္တာရမုန်တိုင်း စစ်ဆင်ရေး"တို့တွင် ရရှိခဲ့သည့် အဆုံးအဖြတ်အဖြစ် အောင်မြင်ခဲ့သော ရလဒ်မျိုးကိုရရှိရန် လိုအပ်သည့် အင်အားမှန်သမျှကို အသုံးပြုဖို့ လိုအပ်သည်ဟု ကျွန်ုပ်က ယုံကြည်ထားမှုကို ၎င်းသဘောတရားဖြင့် ထင်ဟပ်ဖော်ပြပါသည်။

၎င်း သဘောတရား၏ အနှစ်သာရအကျဆုံးဖြတ်သည့် အင်္ဂါရုပ်တစ်ခုအဖြစ် သတင်းထုတ်လွှင့်သူများက ဆွေးနွေးကြရာတွင် ၎င်းတို့က "လွှမ်းမိုးသည့်အား" (overwhelming force) ဟူသော အခေါ်အဝေါ်ကို အသုံးပြုလိုဟန်ရှိကြပြီး ကျွန်ုပ်က မူ အဆုံးအဖြတ်ပေးသော အင်အား (decisive force) ဟူသော အခေါ်အဝေါ်ကို ပို၍ လိုလားခဲ့ပါသည်။ အဆုံးအဖြတ်ပေးသော ရလဒ်တစ်ခုရရှိသည့် တပ်ရဲ့အင်အားတစ်ခု

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

သည် လွှမ်းမိုးသည့် အင်အားအဖြစ် မရှိမဖြစ် ဖြစ်ရန်လိုအပ်သည်မဟုတ်ပါ။ အခြားစကားဖြင့်ဆိုရလျှင် လွှမ်းမိုးသည့် အင်အားသည် ကြီးလွန်းသည့်တပ်ဖွဲ့တစ်ခုဖြစ်နိုင်ပါသည်။ အရေးကြီးသည်မှာ အောင်မြင်သည့်ရလဒ်ထွက်ပေါ်လာရေးပင် ဖြစ်ပါသည်။ သင်၏ ရန်သူအား သင်က မည်သို့မည်ပုံ တိုက်ခိုက်မြေမြှုပ်ခဲ့သည်ဆိုသည့်ကိစ္စ မဟုတ်ပါ။

အဆုံးအဖြတ်ပေးသော အင်အားကို **စစ်ရေးဝဋ္ဌမဟာအား ကိုင်တွယ်ဖြေရှင်းရာတွင်** သုံးသင့်သည်ဟု ကျွန်ုပ်က အမြဲပင်ယူဆခဲ့ပါသည်။ ဤသို့ယူဆသည့်အကြောင်းမှာ **မိုးရွာပါသည်။ ဤသို့လုပ်နိုင်လျှင်** သင်က အာဃာတ်ကြောင့် မလုပ်ဘဲနေမည်နည်းဟူ၍ ဖြစ်ပါသည်။ သဘန္တာရေမုန်တိုင်း**စစ်ဆင်ရေးနောက်ဆုံးဌာန** Annapolis မြို့တွင် ရေတပ်ပရိသတ်အား မိန့်ခွန်းပြောပြီးနောက် အမေးအဖြေပြုကြရာတွင် **ဗိုလ်ချုပ်ကြီး Schwarzkopf** က လေယာဉ်သင်္ဘော အုပ်စုတစ်ခုကိုသာ တောင်းခံစဉ် ကျွန်ုပ်အနေဖြင့် အာဃာတ်ကြောင့် **ငှင်းအုပ်စုခွန်ခုကို ပေးပို့ရပါသလဲဟု** မေးပါသည်။ "နောက်၌ကျန်သည့်အဖွဲ့အား (ခဏခဏ)သွားထူနေစို့ **ကျွန်ုပ်တွင် အချို့ရှိပါ။ ဤသည်မှာ အုပ်စုလိုက်တိုက်ပွဲဖြစ်** သည်"ဟု ကျွန်ုပ်က ဖြေကြားခဲ့ပါသည်။

ကျွန်ုပ်၏ အမှန်တကယ် **အကြောင်းပြချက်မှာ အဆုံးသတ်တွင် အောင်ပွဲရရန် သေချာစေရေးအတွက်** တောင်းခံသည်ထက် အုပ်စုတစ်ခု ပို၍လိုအပ်သည်ဟု ကျွန်ုပ်က **ယူဆသည်ဟူ၍ ဖြစ်ပါသည်။**

Powell ၏ သဘောတရားကို Weinberger ၏ သဘောတရားနှင့် **နှိုင်းယှဉ်ဖော်ပြလေ့ရှိကြပါသည်။** Weinberger ၏ သဘောတရားဆိုသည်မှာ ၄င်းက ၁၉၈၄ ခုနှစ်၌ ဖော်ထုတ်ခဲ့သည့် စစ်တပ်အင်အားအသုံးပြုရေးနှင့် ဆိုင်သည့် စည်းကမ်းချက်ခြောက်ရပ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့နှစ်ဦးတို့၏ သဘောတရားတွင် တူညီမှုများရှိပင်ရှိသော်လည်း ၄င်းစည်းမျဉ်းများကို ကျွန်ုပ်က တရားဝင်ချမှတ်ထားခြင်း မရှိခဲ့ပါ။ ကျွန်ုပ်၏ အခြင်းများသည် စည်းကမ်းချက်များ မဟုတ်ကြပါ။ အကြီးတန်းခေါင်းဆောင်များက ဆုံးဖြတ်ချက်ချမှတ်မှုတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် ၄င်းအခြင်းများသည် လမ်းညွှန်ချက်များဖြစ်သည်ဟု **ကျွန်ုပ်**ကယူဆပါသည်။ အခြေအနေတစ်ရပ်ရပ်အတွက် ၄င်းအချက်များသည် သက်ဆိုင်မှုရှိမရှိကို သမ္မတက ဆုံးဖြတ်**ပါ**သည်။ သမ္မတက ဆုံးဖြတ်သည်ကို စစ်တပ်က အကောင်အထည်ဖော်ပါသည်။

Powell ၏ သဘောတရားသည် "စစ်ကိုရှောင်ရန်"ဟူသည့် အဆိုပြုချက်ဖြင့် စတင်သည်ဟု ကျွန်ုပ်က **ထူ**ဆပါသည်။ ပြဿနာအား ဖြေရှင်းရေးနှင့် သမ္မတက ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်ကို ရရှိအောင်မြင်ရေး **အတွက်** ရရှိင်သည့်နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးတို့ကို အသုံးပြုပါ။ တစ်ချိန်တည်းတွင် သံတမန်**ရည်**းကို ထောက်ကူရန်နှင့် သံတမန်နည်းအနေဖြင့် ရှောင်ထွက်သွားရသည့်အခါမျိုးတွင် ဝင်ရောက်ဆောင်ရွက်ရန် စစ်တပ်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ဖွဲ့များက ရှိနေသည်ဆိုသည်ကိုလည်း နားလည်အောင်လုပ်ပါ။ တပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်ဆိုသည့်သဘောသို့ မသက်ရောက်သည့် သံတမန်နည်းသည် ထိရောက်မှုရှိချင့်မှ ရှိနိုင်ပါသည်။ တပ်ဖွဲ့များ၏ အရန်သင့်ဖြစ်မှုအဆင့်၊ တပ်ခင်းချထားမှု၊ စစ်ရေးလေ့ကျင့်မှုနှင့် အင်အားသုံးရန် ခြိမ်းခြောက်မှု စသည်တို့သည် လုပ်ငန်းဆောင်ရွက်ရာတွင် အမြဲပင် စဉ်းစားရသည့်အချက်များဖြစ်သည်ဆိုပါလျှင် ကျွန်ုပ်တို့က သံတမန်ဝရိယာယ်အား ထောက်ကူနိုင်ပြီး ဒေါသတကြီးဖြင့် သေနတ်တစ်ချက် မဖောက်ရဘဲ သမ္မတ၏ နိုင်ငံရေးရည်မှန်းချက်ကို ရရှိအောင်မြင်စေနိုင်ပါသည်။

မိမိ၏နိုင်ငံရေး ရည်မှန်းချက်ကို အင်အားအသုံးပြုမှုဖြင့်သာ ပြီးစီးစေမည်ဟု သမ္မတက ဆုံးဖြတ်ပါက အင်အားကို အသုံးအဖြတ်ပေးသည့်အဆင့်အထိ အသုံးပြုရပါမည်။

မည်သည့်တပ်ဖွဲ့မျိုးကို အသုံးပြုမည်နည်းဟု ဆုံးဖြတ်ရာတွင် စီစဉ်သူများအနေဖြင့် စစ်ဆင်ရေးတစ်ခုလုံး၏ အစမှအဆုံးအထိကိစ္စများကို စဉ်းစားကြရပါမည်။ သင်၏ပထမ စစ်ရေးရည်မှန်းချက် အောင်မြင်ပြီးနောက် မည်သည်ကို ဆက်လုပ်ရမလဲ၊ ၄င်းကိစ္စသည် မည်သည့်အချိန်တွင် ပြီးစီးမည်ကို သင်ဘယ်လိုသိနိုင်မည်နည်း၊ သင်သည် ဘယ်နည်း ဘယ်ပုံ၊ မည်သည့်အကြောင်းဖြင့် ဆက်၍နေပါမည်နည်း။

စစ်ဆင်ရေးတစ်ခုတွင် တွေ့ရသလိုပင် နောက်ပိုင်းတွင် အကြီးတန်းခေါင်းဆောင်များသည် အမေရိကန်ပြည်သူများ၊ ၄င်းတို့၏ ကိုယ်စားလှယ်များနှင့် ကမ္ဘာသို့ ရှင်းပြကြရပါမည်။ အများပြည်သူ၏ ထောက်ခံမှုကို အစကနဦးတွင် မရှိမဖြစ် ဇလိုအပ်ပါ။ အကယ်၍ အချိန်ကြာလာသည်နှင့်အမျှ သင်က မအောင်မြင်ဘဲဖြစ်လာလျှင် ၄င်းစစ်ဆင်ရေးကို ရှေ့ဆက်ရာတွင် သင့်အနေဖြင့် ဒုက္ခရောက်ပါလိမ့်မည်။

စဉ်းစားရန်၊ ဆွေးနွေးရန်၊ အစီအစဉ်ချမှတ်ရန် သင့်တွင် အချိန်ရသည်ဟု ယူဆနိုင်ပါသည်။ သို့သော် ဤသို့အမြဲတမ်းဖြစ်လေ့ရှိသည်ကား မဟုတ်ပါ။ ရုတ်တရက်ဖြစ်သော ကိစ္စများဖြစ်ပေါ်တတ်ပါသည်။ အကျပ်အတည်းသည် ရုတ်တရက်ပေါက်ကွဲတတ်ပါသည်။

သေရေးရှင်ရေးတမျှဖြစ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ကြသည့် သမ္မတများအနေဖြင့် မိမိတို့ရရှိထားသည့် သတင်းအချက်အလက်များအားလုံးကို အသုံးပြုပါ။ ပင်ကိုအသိစိတ်ကို အသုံးပြုပါ။ အသေချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့် စည်းကမ်းချက်များက ပြုသမျှနေရမည့်အခြေအနေမျိုးကိုရှောင်ပါ။ (တရားသေ မဖြစ်ပါနှင့်)။ အင်အားသုံးရန် ရုတ်တရက် လိုအပ်လာနိုင်ပါသည်။ ထိုအခါ အသုံးအဖြတ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ရှင်းလင်းသည့် နိုင်ငံရေးရည်မှန်းချက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အများပြည်သူထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ၊ သင်က လုပ်ဆောင်ရမည်သာဖြစ်သည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ငှင်းအခြေခံမူများသည် အကြီးမားဆုံးသော **ရှုပ်ထွေးသည့် စစ်ဆင်ရေးများ**အထိ သက်ဆိုင်ပါသည်။ သို့သော် ငှင်းအခြေခံမူများသည် ရှေးနှစ်ပေါင်း ထောင်နှင့်ချီသည့် **စစ်ရေးအခြေခံမူများ**ထက် မပိုပါ။ ငှင်းအခြေခံမူများကို Sun Tzu သဘောတရား သို့မဟုတ် Clausewitz သဘောတရားဟုလည်း ခေါ်နိုင်ပါသည်။

ငှင်းအခြေခံမူများကို အမေရိကန်စစ်တပ်တွင် **စစ်ပွဲ၏ အခြေခံမူများအဖြစ်** သင်ကြားပို့ချပါသည်။ ငှင်းအချက်များကို ကျွန်ုပ်သည် ROTC အရာရှိလောင်းအဖြစ် **ပထမဆုံး သင်ယူခဲ့ပါသည်။ လက်ရှိသင်ကြားပို့ချနေရာတွင်** ငှင်းအခြေခံမူ ကိုးချက်ရှိရာ အောက်ပါအတိုင်း **ဖြစ်ကြပါသည်။**

- အင်အားစုရုံးမှု **(Mass)**
- ရည်မှန်းချက် **(Objective)**
- ထိုးစစ် **(Offensive)**
- ရုတ်တရက်တိုက်ခိုက်မှု **(Surprise)**
- အင်အားအကုန်အကျသက်သာမှု (အင်အားကို ချွေတာသုံးစွဲမှု) **(Economy of force)**
- စစ်လှုပ်ရှားကစားနိုင်မှု **(Maneuver)**
- ဦးဆောင်မှုတွင် ညီညွတ်တူညီမှု **(Unity of command)**
- လုံခြုံမှု **(Security)**
- ရိုးရှင်းမှု **(Simplicity)**

ငှင်းတို့အနက် ပထမနှစ်ချက်မှာ Powell သဘောတရား၏ ဖော်ထုတ်ချက်ပင်ဖြစ်သည်။ ငှင်းအချက်များကို "ကြည်းတပ်လက်စွဲစာအုပ်"တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ရည်မှန်းချက်။ ။ စစ်ဆင်ရေးတိုင်းကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားသည့် အဆုံးအဖြတ်ပေးသော လုပ်ရှားနိုင်သည့် ရည်မှန်းချက်များသို့ ဦးတည်ပါ။

အင်အားစုရုံးမှု ။ ။ တိုက်ခိုက်ရေးအင်အားကို အဆုံးအဖြတ်ပေးမည့် နေရာနှင့်အချိန်တို့ အတိုင်းထားရှိပါ။

"အဆုံးအဖြတ်ပြုသော (ပေးသော)"ဟု ထပ်ကာထပ်ကာဖော်ပြသည်ကို သတိပြုပါ။ အင်အားစုရုံးမှုကို **အဆုံးအဖြတ်ပြုသော** နေရာနှင့်အချိန်တို့အတိုင်း စုရုံးရမည်သာမက ရည်မှန်းချက်သည်လည်း အဆုံးအဖြတ်ပြုသည့် **ရည်မှန်းချက်ဖြစ်ရပါမည်။** အကယ်၍ သင်က ငှင်းအတိုင်းဖြစ်ပြီဆိုလျှင် သင်သည် အောင်နိုင်ပါသည်။ (ငှင်းအချက်ကို Clausewitz က "မဟာဗျူဟာမြောက် ဆွဲငင်အား၏ ဗဟိုချက်" (Strategic center of gravity)ဟု ခေါ်ဝေါ်ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

၁၉၈၉ ခုနှစ်၌ ပနားမားသို့ ချင်းနင်းဝင်ရောက်မှုကို ကျွန်ုပ်တို့က ဆောင်ရွက်စဉ်က ကျွန်ုပ်တို့၏ မဟာဗျူဟာမှာ အာဏာရှင် Manuel Noriega အား ဖယ်ရှားရန်သာမဟုတ်ဘဲ ၄င်း၏အစိုးရတစ်ဖွဲ့လုံးနှင့် စစ်တပ်ကိုပါ ဖယ်ရှားကာ ယခုအခါ ပုန်းအောင်နေရသည့် တရားဝင်ရွေးချယ်ခံထားရသော သမ္မတတစ်ဦးနှင့် အစားထိုးရန်ဖြစ်သည်။ ဩမ်းခြောက်မှုတစ်ခုဖြစ်သည့် ပနားမားတပ်ဖွဲ့များကို သုတ်သင်ဖယ်ရှားပြီးနောက် ကျွန်ုပ်တို့၏ အနေအထားကို ခိုင်မာစေရေးအတွက် တပ်ဖွဲ့ဝင်အင်အား (၂၅,၀၀၀)ကို အသုံးပြုခဲ့ပါသည်။ ထို့နောက် ပနားမားလူ့အသိုက်အဝန်းအား ကာကွယ်ပေးရေး၊ သမ္မတအသစ်နှင့် အစိုးရအဖွဲ့သစ်ကို ပြန်လည်ထားရှိရေး၊ စစ်တပ်အား ပြန်လည်ဖွဲ့စည်းရေးတို့ဘက်ကို ဆောင်ရွက်ခဲ့ပါသည်။ ရန်စသည်ဟု မယူဆနိုင်သော နိုင်ငံငယ်တစ်ခုအား ကျွန်ုပ်တို့က တစ်ဖက်သတ်တိုက်ခိုက်သည်ဟု ကျွန်ုပ်တို့အား ကမ္ဘာအနှံ့တွင် ဝေဖန်ခဲ့ကြသည်။ ၄င်းစစ်ဆင်ရေး၏ မြန်ဆန်၍အောင်မြင်သည့် ရလဒ်က ၄င်းဝေဖန်မှုများကို အမြန်ပင် ငြိမ်သက်သွားစေပါသည်။ ယနေ့တွင် ပနားမား၌ အမေရိကန်တပ်ဖွဲ့များမရှိကြပါ။ ထိုသို့ ချင်းနင်းဝင်ရောက်မှုပြုပြီးနောက် (၁၀)စုနှစ် နှစ်ခုအတွင်း ပနားမားနိုင်ငံတွင် ဒီမိုကရေစီနည်းကျသည့် ရွေးကောက်ပွဲလေးကြိမ်ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် အီရတ်က ကူဝိတ်အား ချင်းနင်းဝင်ရောက်မှုကို သမ္မတ George H.W Bush က အစကနဦးတွင် စီးပွားရေးအရဒဏ်ခတ်မှုနှင့် သံတမန်နည်းတို့အရ တန်ပြန်ရန်ကြိုးစားခဲ့ပါသည်။ ဤကြိုးပမ်းချက်များကို ထောက်ခံစေရန် နိုင်ငံတကာ အသိုက်အဝန်းကို လှုံ့ဆော်စည်းရုံးခဲ့ပါသည်။ ထိုကာလအတွင်း ကျွန်ုပ်တို့၏ စစ်ရေးလုပ်ငန်းတာဝန်မှာ Saudi Arabia နိုင်ငံဘက်သို့ ဦးတည်သည့် တောင်ဘက်သို့ ချီတက်လာသော အီရတ်၏ တပ်များကိုဆန့်ကျင်ရန် တပ်ဖွဲ့များကို ချထားဖို့ဖြစ်ပါသည်။ ထိုလုပ်ငန်းတာဝန်ကို ကျွန်ုပ်တို့က ပြီးမြောက်အောင်မြင်ခဲ့ပါသည်။

ဒဏ်ခတ်အရေးယူမှုက အီရတ်အား ဆုတ်ခွာစေလိမ့်မည်မဟုတ်ဟု ရှင်းလင်းစွာသိလာရသောအခါ ဗိုလ်ချုပ်ကြီး Schwarzkopt နှင့် ပူးတွဲ စစ်ဦးစီးအဖွဲ့တို့၏ ထောက်ခံတင်ပြချက်အရ သမ္မတ Bush၊ ဆော်ဒီအာရေးဘီးယားရှိ မိမိတို့၏တပ်ဖွဲ့များကို နှစ်ဆတိုးရန် အမိန့်ပေးပါသည်။ ၄င်းတပ်ဖွဲ့၏ အဓိကနိုင်ငံရေးနှင့် စစ်ရေးလုပ်ငန်းတာဝန်မှာ အီရတ်စစ်တပ်အား ကူဝိတ်မှ မောင်းထုတ်ပစ်ရန်ဖြစ်သည်။

ဤသို့ဖြင့် သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး ပေါ်လာပါသည်။ အင်အားကြီးများသည့် တပ်ဖွဲ့သည် အဆုံးအဖြတ်ပေးလိမ့်မည်ဟု ကျွန်ုပ်တို့က ယုံကြည်ကြရာ ဤသို့ဖြင့် သမ္မတအား ထိုသို့ရလဒ်မျိုးကို ကျွန်ုပ်က အာမခံနိုင်ခဲ့ပါသည်။ ဤသည်မှာ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးတွင် သမ္မတနှင့် အစီအစဉ် ရေးဆွဲသူများက ထားရှိခဲ့သည့် အဓိကရည်မှန်းချက်ဖြစ်ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ချင်းနင်းဝင်ရောက်ရန် စီစဉ်စဉ်ကဖြစ်စေ၊ အမှန်တကယ်စစ်ဆင်ရေးပြုလုပ်စဉ်တွင်ဖြစ်စေ၊ Baghdad သို့ ချီတက်ရန်သော်လည်းကောင်း၊ ထိုရည်မှန်းချက်ရရှိအောင်မြင်ရေးအတွက် နိုင်ငံရေးအရ သို့မဟုတ် နိုင်ငံတကာအဆင့်အရ လိုလားမှုသည်သော်လည်းကောင်း မရှိခဲ့ပါ။ ကျွန်ုပ်တို့က ထိုသို့ဆောင်ရွက်ရန် ကုလသမဂ္ဂ၏ထောက်ခံမှုကို ရရှိခဲ့လိမ့်မည် မဟုတ်ပါ။ နိုင်ငံတကာ ညှိနှိုင်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်နိုင်လိမ့်မည်မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံအား သိမ်းပိုက်ရန်ကိုလည်း သမ္မတ Bush က မလိုလားပါ။ "သဘာဝရုန်တိုင်းစစ်ဆင်ရေး" ပြီးဆုံးသောအခါ အီရတ်စစ်တပ်သည် ကူဝိတ်တွင် မရှိတော့ပါ။ ကူဝိတ်နိုင်ငံသည် ကူဝိတ်အစိုးရ၏ လက်ထဲတွင် နိုင်နိုင်မာမာရှိနေပါသည်။ ဤသည်မှာ စစ်ရေးနှင့် နိုင်ငံရေးအောင်ပွဲတစ်ရပ်ပင် ဖြစ်ပါသည်။

သူ၏ သမ္မတသက်တမ်းကုန်ဆုံးခါနီးအချိန်တွင် ဗြိတိန်ပဲပြားမှု ထိန်းသိမ်းရန်နှင့် ဆောက်တည်မရဖြစ်နေသည့် ပြည်သူများထံသို့ စားနပ်ရိက္ခာနှင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းများကိုပေးပို့ရန် သမ္မတ Bush က ဆိုမာလီနိုင်ငံထဲသို့ မိမိ၏တပ်ဖွဲ့များကို စေလွှတ်ခဲ့ဘဲညည်း။ ၄င်းစစ်ဆင်ရေးကို ရုပ်သံကင်မရာများရှေ့မှောက်တွင် ဆောင်ရွက်ပါသည်။ ထိုနိုင်ငံတွင်းရှိ လူတိုင်းကို ဒုက္ခရောက်အောင် ပြုမူနေကြသည့် လူအုပ်စုကြီးများ ဝိုင်းများကို အလန့်တကြား တအံ့တသြဖြစ်စေသည်ကို ကျွန်ုပ်တို့က မလိုလားပါ။ မည်သည့်အရာများဖြစ်လာသည်ကို ၄င်းတို့အား ကျွန်ုပ်တို့က မြင်စေလိုပါသည်။ ၄င်းတို့အပေါ် ကျွန်ုပ်တို့ ချမှတ်သည်များကို ၄င်းတို့က ကြောက်ရွံ့စေလိုသည်။ မီဒီယာများရှိ ကျွန်ုပ်တို့၏ မြင်ကွင်းက ထိုသို့ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေခဲ့ပါသည်။ ရက်သတ္တအနည်းငယ်အကြာတွင် ကျွန်ုပ်တို့က ချမှတ်ထားသော လုပ်ငန်းတာဝန်ကို ပြီးမြောက်ခဲ့ပါသည်။

အသစ်တက်လာသည့် Clinton အစိုးရသည် ပို၍ရည်ရွယ်ချက်ကြီးသည့် ရည်မှန်းချက်ပိုင်းသို့ရောက်ရန် သန့်ဌာန်ချထားပါသည်။ မည်သည့်အခါကမျှ ဒီမိုကရေစီမရှိခဲ့သော ဒီမိုကရေစီကို များစွာခံတွင်းမတွေ့ကြသောနေရာတွင် ဒီမိုကရေစီတစ်ရပ်ဖန်တီးရေးတာဝန်ကို Clinton အစိုးရအဖွဲ့က ဆက်လက်လုပ်ဆောင်ပါသည်။ ထိုကြိုးပမ်းမှုအရာမထင်ပုံကို ၁၉၉၃ ခုနှစ် Black Hawk Down ဇာတ်လမ်းက ပြသလာသောအခါ ကျွန်ုပ်တို့သည် ဆိုမာလီမှ ထွက်ခွာခဲ့ပါသည်။

ထိုနောက်တွင် သမ္မတ Clinton သည် နည်းလမ်းမှန်ကန်လာပါသည်။ ယခင် ယူဂိုဆလားဗီးယား၏ အသေတစ်ခုဖြစ်သည့် Serbian တွင် Serbian စစ်တပ်က ကြမ်းတမ်းသည့်လူမျိုး သန့်စင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ အခြေအနေမှာ အလွန်အမင်းရှုပ်ထွေးနေပါသည်။ ရှင်းလင်းပြီးလုပ်၍ရနိုင်သည့် နိုင်ငံရေးရည်မှန်းချက်ဟူ၍လည်းကောင်း၊ စစ်ရေးသဘောတရားအရ ပို၍လိုလားဖွယ်ဖြစ်သည့် အခြေခံစခန်းအားလုံးကို ထိတွေ့ရန် နည်းလမ်းသော်

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း မရှိပါ။ ၄င်းစစ်ရေးစည်းကမ်းများ (သဘောတရား)သည် အခြေအနေနှင့်မကိုက်ညီသည့်ပင် ဖြစ်စေကာမူ၊ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ဟု သမ္မတက ဆုံးဖြတ်ခဲ့သည်။ နှစ်နှစ်ကာအတွင်း NATO အဖွဲ့က ဆာဗ်များအား တိုက်ခိုက်မှုသည် တဖြည်းဖြည်းတရွေ့ရွေ့တိုးလာခဲ့ပါသည်။ သမ္မတသည် မှန်ပါပေသည်။ NATO စစ်ဆင်ရေးများသည် အောင်မြင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး Raoul Cedras က အာဏာသိမ်းဖြုတ်ချခဲ့သည့် ဟေတီ၏ တရားဝင်သမ္မတဖြစ်သူ Jean Bertrand Aristide ကို သမ္မတနေရာတွင် ပြန်ထားရေးအတွက် စစ်တပ်ကို လိုအပ်လိမ့်မည်ဟု ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် သမ္မတ Clinton က ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်တို့၏ တပ်ဖွဲ့ဝင်များက စုရုံးပြီး လေယာဉ်ပေါ်သို့တက်နေကြစဉ် သမ္မတဟောင်း Jimmy Carter၊ ဆီးနိတ်အမတ် Sam Nunn နှင့် ကျွန်ုပ်တို့အား ဗိုလ်ချုပ်ကြီး Cedras ကို အာဏာမှဆင်းပေးရေးအတွက် သွားရောက်ဖျောင်းဖျရန် သမ္မတ Clinton က စေလွှတ်ပါသည်။ ကျွန်ုပ်တို့သည် Cedras ၄င်း၏ဗိုလ်ချုပ်ကြီးများနှင့် (၂)ရက်တာမျှ အချေအတင်ဆွေးနွေးကြသည်။

ထိုသို့သော သေရေးရှင်ရေးတမျှ အရေးကြီးသည့် အစည်းအဝေးတွင် ၄င်းတို့က မဆင်းပေးလျှင် ၄င်းတို့အတွက် မည်သို့ဖြစ်လာနိုင်ကြောင်းကို ရှင်းပြရန် သမ္မတ Carter က ကျွန်ုပ်အားပြောပါသည်။ ထို့ကြောင့် ကျွန်ုပ်က စုရုံးထားသည့် တပ်ဖွဲ့အင်အားနှင့် အသုံးပြုမည့်နည်းပရိယာယ်တို့ကို ရှင်းပြပါသည်။ "မနက်ဖြန်တွင် တပ်ဖွဲ့များရောက်လာမည်"ဟု ကျွန်ုပ်က သူတို့အားပြောပါသည်။

Cedras က ကျွန်ုပ်အား အကြာကြီးကြည့်နေပါသည်။ နောက်ဆုံးတွင် သူက "အင်း… ကာရင်ဘီယံဒေကဟေတီနိုင်ငံမှာ တပ်ဖွဲ့အငယ်ဆုံးရှိတာကိုး။ မနက်ဖြန်ကျရင် အကြီးဆုံးတပ်ဖွဲ့ကို ကျွန်ုပ်တို့ရတော့မယ်"ဟု ပြောကြားပါသည်။

Cedras နှင့် စစ်အစိုးရအဖွဲ့က ယခုအချိန်သည် ဖဲချပ်တွေသိမ်းဆည်းပြီး ကစားသည့်စားပွဲမှ ထွက်ခွာရန် အချိန်ရောက်ပြီဟု သိခဲ့ကြပါသည်။

အမှတ်(၈၂) လေကြောင်းချီတပ်ဖွဲ့သည် နောက်တစ်နေ့တွင် ရောက်လာသောအခါ ၄င်းတို့ကို General Cedras က ကြိုဆိုနှုတ်ဆက်ပါသည်။ ၄င်းကိစ္စပြီးသည့်အခါ Thucydides ၏ ဆိုရိုးတစ်ခုကို သတိရလာမိပါသည်။ ၄င်းဆိုရိုးမှာ "အာဏာရပ်ကိုဖော်ပြသည့်အရာအားလုံးတွင် ချုပ်တည်းမှုသည် လူကို အစွမ်တဆုံးဖြစ်စေပါသည်"ဟူ၍ ဖြစ်ပါသည်။

၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်သို့ ချင်းနင်းဝင်ရောက်မှုနှင့် ၂၀၀၃ ခုနှစ်တွင် အီရတ်သို့ ချင်းဒင်းဝင်ရောက်မှု

the bookhouse

www.burmeseclassic.com

တို့တွင် အစပိုင်းအဆင့်များတွင် အလွန်အမင်းပင် အောင်မြင်ခဲ့ကြသည်။ ကာဘူးဗြို့တော်နှင့် ဘဂ္ဂဒက်မြို့တော်တို့သည် အလျင်အမြန်ပင် ကျဆုံးခဲ့သည်။ ၄င်းအစိုးရများကိုလည်း ဖြုတ်ပစ်ခဲ့ကြသည်။ သို့သော် နောက်က လိုက်ပါလာရမည့် ရှင်းလင်းသည့် ရည်မှန်းချက်တစ်ရပ်မရှိသဖြင့် နောက်ပိုင်းအဆင့်များတွင် ကျဆုံးမှုများဖြစ်စေကာ ထပ်တိုးတပ်ဖွဲ့ (အကူ တပ်ဖွဲ့များ) အတော်အတန်ကိုလည်း ပြန်လှည့်လာစေပါသည်။ ၄င်းထပ်တိုးတပ်ဖွဲ့များကို အစကတည်းက ၄င်းနေရာ သို့ ရောက်နေစေသင့်ပါသည်။ မဟာဗျူဟာအရ လက်တွေ့ကျမှုကို ဆန္ဒစောမှုက အစားထိုးနေရာယူသွားပါသည်။ ဤသို့သော နောက်ထပ်သာဓကများစွာကို အမေရိကန်၏စစ်သိမ်းမှ ကျွန်ုပ်က ထုတ်နှုတ်ပြနိုင်ပါသည်။ အမေရိကန်၏ ကော်ပိုရေးရှင်းကြီးများနှင့် နိုင်ငံရေးသမိုင်းတို့မှလည်း ရာနှင့်ချီသောသာဓကများကို ထုတ်နှုတ်ပြနိုင်ပါသည်။

ကော်ပိုရေးရှင်းခေါင်းဆောင်များသည် ၄င်းတို့၏ ဈေးကွက်၊ ပြိုင်ဘက်၊ မိမိတို့၏ လက်ဝယ်ရှိသည့် စွမ်းအားစုများကို လေ့လာရပါမည်။ သင်သည် သင်၏ကော်ပိုရေးရှင်း၏ ရည်မှန်းချက်များ အောင်မြင်စေရန် သင်၏ သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ထုတ်လုပ်မှု၊ ဈေးကွက်ရေး၊ အရောင်းမြှင့်တင်ရေးအဖွဲ့တို့အား မည်သို့စုစည်းထားပါသနည်း။ သင်၏ ခေါင်းဆောင်မှုကို မည်သို့ခင်းကျင်းထားပါသနည်း၊ ရုတ်တရက်ဖြစ်လာမည့်ကိစ္စများအတွက် သင်သည် မည်သို့ ကာကွယ်ထားပါသနည်း။ သင်သည် အောင်မြင်မှုကို မည်သို့အသုံးချပြီး အကျပ်အတည်းနှင့် ကျဆုံးမှုတို့ကို အခွင့်အလမ်းတစ်ရပ် အဖြစ်သို့ မည်သို့ပြောင်းလဲစေပါသနည်း။

ဤနှစ်သည် လူအင်အား (၁၀,၀၀၀)ရှိသည်ထက် (၂၀,၀၀၀)ရှိသည်ကို လိုလားပါသည်။ ပို၍ရှင်းလင်းသည့် ရည်မှန်းချက်တစ်ရပ်နှင့် ပို၍အဆုံးအဖြတ်ပေးသည့် မဟာဗျူဟာတစ်ရပ်လည်း ရှိရပါလိမ့်မည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၃၄ မြေအိုးရုံစည်းမျဉ်း (Pottery Barn Rule)

ဆောင်ကုန်းတစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ တံတားတစ်ခုကိုဖြစ်စေ၊ လမ်းဆုံလမ်းခွတစ်ခုကိုဖြစ်စေ မိမိ၏ရည်မှန်းချက်အဖြစ် သင်က ရယူသိမ်းပိုက်ပြီး သည့်အခါ သင်၏အနေအထားကို ခိုင်မာအောင်ပြုလုပ်ပါ။ တပ်ဖွဲ့ဝင်များအတွက် စားနပ်ရိက္ခာနှင့် ခြေအိတ် စသည်တို့ကို ရအောင်လုပ်ပါ။ လက်နက်ခဲယမ်းများကို ပို၍ ထားရှိပါ။ ကတုတ်ကျင်းတူးပါ။ တန်ပြန်တိုက်ခိုက်လာမည့်အရေးအတွက် အဆင်သင့် ဖြစ်အောင်လုပ်ပါ စသည်ဖြင့် ငယ်ရွယ်သူခြေလျင်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သင်ယူခဲ့ရပါသည်။ တိုက်ပွဲသည် မပြီးဆုံးသေးပါ။ ပုံစံပြောင်းလာပါလိမ့်မည်။ ရန်သူတို့သည် အကွဲကွဲအပြားပြား ဖြစ်သွားရာ သင်က ၄င်းအောင်မြင်မှုကို အသုံးချကာ နောက်ဆုံး ၌နိုင်သည်အထိ ရန်သူနောက်က လိုက်နိုင်သည့် အနေအထားမျိုးလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် ရန်သူသည် အင်အားပြန်ဖြည့်ပြီး သင် မတွေးမိသည့်နည်းလမ်းဖြင့် သင့်နောက်သို့ လိုက်လာနိုင်ပါသည်။ နောက်ထပ် မည်သို့ပင်ဖြစ်လာပါစေ၊ နောက်ထပ် ပို၍ရင်ဆိုင်ရဦးမည်ဆိုသည်ကို အသေအချာသိစေလိုပါသည်။ ၄င်းအတွက် အဆင်သင့် ဖြစ်ပါ။ တာဝန်ယူပါ။

၂၀၀၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်တွင် အီရတ်အကျဉ်းဓာတ်ပုံများ၏ အကောင်းအဆိုးတို့ကို ဆွေးနွေးရန် သမ္မတ Bush နှင့် ကျွန်ုပ်တို့သည် အိမ်ဖြူတော်ရှိ သမ္မတ၏ နေအိမ်တွင်တွေ့ဆုံကြသည်။ အစိုးရအဖွဲ့အတွင်း သဘောထားမှာ စစ်ရေးအရ ဆောင်ရွက်ရေးဘက်သို့ ဖြစ်ပေါ်နေပါသည်။ သမ္မတကလည်း ၄င်းတူရွာဘက်သို့ တိုး၍ ကိုင်းညွတ်နေပါသည်။

စစ်ရေးအရ ဆောင်ရွက်မှုနှင့် နောက်ပိုင်းဖြစ်ပေါ်မှုများတွင် ဆိုးဝါးသည့်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အကျိုးဆက်များရှိသည်ဆိုသည်ကို သမ္မတက သဘောပေါက်စေချင်ပါသည်။ လက်ခံရရှိသည့် ရှင်းလင်းချက်အများစုကလည်း စစ်ရေးရွေးလမ်းကို အာရုံပြုကြပါသည်။ အီရတ်စစ်တပ်အပေါ် အောင်နိုင်ပြီး Saddam Hussein နှင့် ၄င်း၏အစိုးရအဖွဲ့အား ဖြုတ်ချရန်တင်ပြကြသည်။ ၄င်းရှင်းလင်းချက်များတွင် စစ်ရေးမဟုတ်သည့် ရွေးလမ်းများကို သော်လည်းကောင်း၊ စစ်ရေးအရအောင်နိုင်ပြီး နောက်ပိုင်းအခြေအနေများအတွက်လည်းကောင်း လုံလောက်စွာ အာရုံစိုက်ခဲ့ခြင်းမရှိပါ။

ကျွန်ုပ်တို့၏စစ်တပ်က ပို၍သေးငယ်သည့် အီရတ်စစ်တပ်ကို လွယ်ကူစွာချေမှုန်းနိုင်လိမ့်မည်ဆိုသည်ကို ကျွန်ုပ်သံသယမရှိပါ။ သို့သော် စစ်ပွဲ၏ မခန့်မှန်းနိုင်သည့် အကျိုးဆက်များအတွက် ကျွန်ုပ်စိုးရိမ်မိပါသည်။ အတွင်းရေးအဖြစ် သတ်မှတ်ထားသည့် အစီအစဉ်များအရ Baghdad မြို့ကို သိမ်းပိုက်ပြီးနောက် ရက်(၃၀)အတွင်း အီရတ်နိုင်ငံသည် ဒီမိုကရက်တစ်ခေါင်းဆောင်များရှိသည့် တည်ငြိမ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တစ်နည်းနည်းဖြင့် အသွင်ပြောင်းသွားလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ ထိုသို့သော မျှော်လင့်ချက်များသည် လက်တွေ့မကျပါ။ ထိုထက်ရှည်ကြာစွာ ကျွန်ုပ်တို့က ပါဝင်နေရမည်ဟု ကျွန်ုပ်က ယုံကြည်ပါသည်။

စစ်ပွဲများသည် ပစ္စည်းများကို ချိုးဖျက်ပစ်သည်။ လူတွေကို သတ်ဖြတ်ပါသည်။ ၄င်း၏နောက်ပိုင်းတွင် တုန်လှုပ်ဖွယ်ရှုပ်ထွေးမှု၊ ကသောင်းကနင်းဖြစ်မှု၊ ရုပ်ဝတ္ထုနှင့် လူမှုရေးအရ ခြောင်းဆန်မှုတို့ကို ကျွန်ုရစေပါသည်။ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့အား ထိန်းသိမ်းသည့် တန်ဆာပလာများမှာလည်း ကြီးစွာပျက်စီးပြီး လုံးဝပျက်စီးသွားသည်အထိ ဖြစ်စေနိုင်ပါသည်။ ပုံမှန်သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့သည် ဆိုးဝါးစွာ ပျက်ယွင်းပါသည်။ ချင်းနင်းဝင်ရောက်သည့် စစ်တပ်သည် လွတ်မြောက်စေသူများအဖြစ် ဝင်ရောက်လာသည့်တိုင် ၄င်းတို့အား ဝမ်းပန်းတသာကြိုဆိုချင်မှ ကြိုဆိုပါလိမ့်မည်။ အဓိကရုဏ်းများ၊ လုယက်မှုများ၊ သိမ်းပိုက်သူများအား ကျယ်ပြန့်စွာ ရန်ပြုမှုများ၊ ဖျက်ဆီးမှုနှင့် လုပ်ကြံသတ်ဖြတ်မှုများအထိပင် ဖြစ်နိုင်ပါသည်။ ချင်းနင်းဝင်ရောက်မှုမပြုမီက အချိန်အထိထိန်းချုပ်ဖုံးဖိထားသော ဘာသာရေး၊ နိုင်ငံရေး၊ သို့မဟုတ် လူမျိုးစုအရ ပြိုင်ဆိုင်မှုများသည် ချင်းနင်းဝင်ရောက်မှုနောက်ပိုင်းတွင် ခန့်မှန်း၍မရလောက်အောင်ပင် ပေါက်ကွဲလာနိုင်ပါသည်။

စစ်ရေးနည်းနှင့် ဖြေရှင်းမှုသည် မည်သည့်အခါမျှ ဗျာဒိတ်စရာဖြေရှင်းနည်းတစ်ရပ်မဖြစ်ပါ။ သို့သော် ၄င်းသည် တစ်ခုတည်းသောဖြေရှင်းနည်းတစ်ရပ်ဖြစ်သည့်အခါမျိုးလည်း ရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို ရရန်ဆောင်ရွက်ရာ၌ စစ်ကိုရှောင်လွှဲ၍ နိုင်ငံရေးနှင့်သံတမန်နည်းအရ ကြိုးပမ်းမှုမှန်သမျှကို ဆောင်ရွက်သင့်ပါသည်။

အဆိုပါ အယူအဆများကို ကျွန်ုပ်က သမ္မတထံသို့ ဤသို့အကျဉ်းရုံးတင်ပြပါသည်။ "အကယ်၍ သင့်ကြောင့်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကွဲလျှင် သင်ပိုင်သည်" (မြေအိုးသည် လက်ထဲတွင်ကွဲလျှင်၊ လက်ထဲရှိသူ၏ တာဝန်ဖြစ်သည်။) ကျွန်ုပ်တို့က အခြားတစ်နိုင်ငံ၏အစိုးရကို အင်အားသုံး၍ ဖြုတ်ချပါလျှင် ကျွန်ုပ်တို့သည် ချက်ချင်းပင် ၄င်းနိုင်ငံ၏အစိုးရသစ်ဖြစ်လာပါသည်။ တည်ငြိမ်၍ အလုပ်လုပ်နေသော အစိုးရသစ်တစ်ရပ်သို့ လွှဲပြောင်းသည့်အချိန်အထိ ၄င်းနိုင်ငံ၏ပြည်သူများ၏ လုံခြုံရေးအတွက် သိမ်းပိုက်သူတွင် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ယခုအခါ တာဝန်ခံဆောင်ရွက်နေရပါသည်။ ကျွန်ုပ်တို့သည် တာဝန်ယူဆောင်ရွက်ရန် အဆင်သင့်ဖြစ်ရပါမည်။

အထက်ပါအတိုင်း ကျွန်ုပ်က တင်ပြသည်ကို သမ္မတက အသေအချာနားထောင်နေပြီးနောက် သမ္မတက ကျွန်ုပ်ထံမှ ထောက်ခံတင်ပြချက်ကို မေးပါသည်။ ထို့ကြောင့် ကျွန်ုပ်က ပြဿနာကို ကုလသမဂ္ဂသို့တင်သင့်သည်။ အီရတ်သည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို ချိုးဖောက်သူဖြစ်ရာ ကုလသမဂ္ဂသည် အနစ်နာခံရသူဖြစ်သည်။ "လူအများအပြားကို သေကျေစေနိုင်သည့် လက်နက်" ပြဿနာအတွက် သံတမန်နည်းလမ်းရှိမရှိကို ရှာကြံကြရန်ဖြစ်သည်။ အကယ်၍ အဖြေမတွေ့လျှင် စစ်ဆင်ခွဲရန် လိုအပ်လာမည်။ သင့်အနေဖြင့် ညွှန့်ပေါင်းအဖွဲ့တစ်ဖွဲ့ ထူထောင်ရေးအတွက် အခြားနိုင်ငံများအား ပြောကြားရန် ပို၍ကောင်းသည့် အနေအထားတွင်ရှိလိမ့်မည်"ဟု တင်ပြခဲ့သည်။ ကျွန်ုပ်က ဆက်လက်၍ "အီရတ်နိုင်ငံတွင် အစုအပြုံလိုက် သေစေသည့်လက်နက်မရှိဟု ကုလသမဂ္ဂက ထောက်ခံအတည်ပြုပါက ၄င်းပြဿနာသည် ဖြေရှင်းပြီးသားဖြစ်ပါလိမ့်မည်။ သို့သော် Saddam Hussein သည် အာဏာရှိဆဲပင်ဖြစ်ပါသည်။ ၄င်းအား ဖယ်ရှားရေးသည် စစ်ပွဲတစ်ပွဲဖြစ်သည်အထိ ထိုက်တန်ပါသလော။

ဒုတိယသမ္မတ Cheney၊ ကာကွယ်ရေးဝန်ကြီး Rumsfeld အပါအဝင် သမ္မတနှင့် အမျိုးသားလုံခြုံရေးရုံးအဖွဲ့ဝင်များက ထိုသို့ဆောင်ရွက်ရန် သဘောတူကြပါသည်။ ထိုကိစ္စကို ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်တွင် ကုလသမဂ္ဂသို့တင်သွင်းခဲ့သည်။ ၄င်းတင်ပြချက်တွင် အီရတ်အား ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ချိုးဖောက်သူအဖြစ် ကုလသမဂ္ဂက ဆုံးဖြတ်ရန်နှင့် အစုအပြုံလိုက် သေကျေပျက်စီးစေသည့် လက်နက်အစီအစဉ်များကို အီရတ်ကရှင်းပြစေရန် တောင်းဆိုခဲ့ပါသည်။

ရက်သတ္တပတ် (၈)ပတ်ကြာမျှ ပြင်းပြင်းထန်ထန် ဆွေးနွေးညှိနှိုင်းကြပြီးနောက် ကုလသမဂ္ဂ ဆုံးဖြတ်ချက် အမှတ်(၁၄၄၁)ကို တစ်ခဲနက်သဘောတူ၍ ချမှတ်ခဲ့ရာ ၄င်းဆုံးဖြတ်ချက်တွင် အီရတ်အား ၄င်း၏စိတ်ပျက်စရာ လူ့အခွင့်အရေးမှတ်တမ်းနှင့် အကြမ်းဖက်မှုအား ထောက်ခံမှုအတွက် တာဝန်ရှိကြောင်းကိုလည်း ထပ်ဆင့်ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်၊ မတ်လ အစောစောပိုင်းရောက်ချိန်တွင် သမ္မတနှင့် အခြားသောကမ္ဘာ့ခေါင်းဆောင်များက ကုလသမဂ္ဂ၏ ကြိုးပမ်းမှုများသည် အောင်မြင်လိမ့်မည်မဟုတ်ဟု ဆုံးဖြတ်လိုက်ကြရာ စစ်ပွဲဖြစ်ပေါ်လာပါတော့သည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃ ခုနှစ်၊ ဧပြီလ(၉)ရက်တွင် Baghdad မြို့ကျရှုံးပြီး Hussein နှင့် ၄င်းအစိုးရကိုဖြုတ်ချခဲ့သည်။ ကျွန်ုပ်တို့ လုပ်ငန်းတာဝန်ပြီးဆုံးကြောင်းကို ကြေညာခဲ့ပြီး အောင်ပွဲအခမ်းအနားကို ကျင်းပကြပါသည်။ ထို့နောက် ကသောင်းကနင်းဖြစ်မှုများ ပေါက်ကွဲပေါ်ထွက်လာပါသည်။ ကျွန်ုပ်တို့က ၄င်းနိုင်ငံအပေါ် အထူးသဖြင့် Baghdad အပေါ် ထိန်းချုပ်မှုနှင့် အခွင့်အာဏာရှိကြောင်းကို မပြသခဲ့ပါ။ ကျွန်ုပ်တို့ ဆန္ဒကိုချမှတ်ရန် စွမ်းရည်သည်လည်း ကျွန်ုပ်တို့နှင့်အတူပါမလာပါ။ ကျွန်ုပ်တို့က တာဝန်ယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။

ထို့နောက် အီရတ်သည်လည်း ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် ဒီမိုကရက်တစ်ခေါင်းဆောင်များရှိသည့် တည်ငြိမ်သည့်နိုင်ငံအဖြစ်သို့ မျက်လှည့်ပြသလို မပြောင်းလဲသွားပါ။ ခေါသူပုန်ထနေသော သောင်းကျန်းမှုကလည်း နိုင်ငံအား ဝိုင်းပတ်ထားပါသည်။ ၄င်းနိုင်ငံသည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေသည့်တိုင် အမေရိကန်အစိုးရ၏ အချို့သော အကြီးတန်းအဖွဲ့ဝင်များက ၄င်းသောင်းကျန်းမှုကို အလျင်အမြန်ပျောက်ကွယ်သွားမည့်အလား ထွက်ပေါက်မရှိတော့သည့် လူအနည်းငယ်အဖြစ် သဘောထားကြသည်။ သို့သော် ၄င်းသောင်းကျန်းသူများသည် မှေးမှိန်ပျောက်ကွယ်မသွားကြပါ။

နောက်သုံးနှစ်ကြာသည့်အခါ ယိုယွင်းနေသည့်အခြေအနေ၏ လေးနက်မှုကို သဘောပေါက်လာပြီး တိုးပွားလာနေသည့် ကပ်ဘေးအန္တရာယ်ကို ပြောင်းပြန်လှန်ရေးအတွက် တပ်ဖွဲ့အင်အားတိုးရန် အမိန့်ပေးလိုက်ပါသည်။

၄င်းကိစ္စကို မီဒီယာများက အမည်တစ်ခုပေးလိုက်ပါသည်။ "အကယ်၍ သင့်ကြောင့်ကွဲလျှင် သင့်ကိုယ်ပိုင်ဖြစ်လာသည်" ဟူ၍ ဖြစ်ပါသည်။ ၄င်းကို မီဒီယာတို့က "မြေအိုးရုံစည်းကမ်း" (Pottery Barn Rule) ဟု ခေါ်ဝေါ်ပါသည်။

"တာဝန်ခံဆောင်ရွက်မှု" (Taking charge) သည် လူငယ်တပ်ဖွဲ့ဝင်တစ်ဦးက အဦးဆုံးသင်ယူရသည့် အရာဖြစ်ပါသည်။ အစောင့်တစ်ဦးက ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို လူသစ်တိုင်းက မှတ်မိကြပါသည်။ ၄င်းစည်းကမ်းများကို ခြွင်း "အထွေထွေအမိန့်များ" ဟု သိကြပါသည်။ ၄င်းစည်းကမ်းများအနက် တစ်ခုသည် ကျွန်ုပ်၏ ခေါင်းထဲတွင် နက်နဲစွာ စွဲနေပြီး ကျွန်ုပ်၏ ခေါင်းဆောင်မှုပုံဟန်အတွက် အခြေခံမူဖြစ်လာခဲ့သည်။ အစောင့်တစ်ဦး၏ တာဝန်မှာ "မိမိ၏နေရာနှင့် မြင်တွေ့ရသမျှ အစိုးရပစ္စည်းများကို တာဝန်ခံဆောင်ရွက်ရန်ဝင်ဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။ အခြားစကားဖြင့်ဆိုရလျှင် "တာဝန်ခံဖြစ်လာလျှင် တာဝန်ယူပါ" ဟူ၍ ဖြစ်ပါသည်။

တင့်ကား(၂၀)ကို ဘေးချင်းယှဉ်၍ရပ်ထားသည့် မော်တော်ယာဉ်ထားရာနေရာတစ်ခုကို ထုတ်၍ လမ်းလျှောက်နေသည့် အသက်(၁၈)နှစ်အရွယ် တပ်သားတစ်ဦးကို စိတ်ထဲတွင် ဝင်းဘကြည့်လိုက်ခဲ့ပါ။ ထိုအချိန်တွင် ရာသီဥတု အေးနေပြီး ညသန်းခေါင်အချိန်ဖြစ်ပါသည်။ သူတစ်ဦးတည်းဖြစ်ပါသည်။ သူသည် သူရောက်နေသည့်နေရာ၊ လမ်းလျှောက်

www.burmeseclassic.com
the bookhouse we bring you future

www.burmeseclassic.com

သည့်နေရာကိုသာ တာဝန်ယူထားရသည်မဟုတ်ဘဲ ၄င်း၏ တာဝန်ကျနေရာတစ်ခုလုံးကို တာဝန်ယူထားရပါသည်။ ၄င်းသည် မြင်တွေ့နေရသည့် အစိုးရပစ္စည်းအားလုံးအတွက် တာဝန်ယူထားရပါသည်။ တင့်ကား၊ ကားရုပ်စခန်း၊ အဆောက်အဦများ၊ အိပ်နေသည့်လက်တွဲဖော်များ၊ ခြံစည်းရိုး စသဖြင့် အရာရာတို့ကို တာဝန်ယူရပါသည်။ တာဝန်ခံသည်ဆိုသည်မှာ ကြည့်နေရုံသက်သက်မဟုတ်ဘဲ ဖြစ်လာလျှင် တာဝန်ယူဆောင်ရွက်ရန်ပင်ဖြစ်သည်။ သင်သည် တပ်ထဲတွင် ရာထူးအနိမ့်ဆုံးဖြစ်သည့် တပ်သားတစ်ဦးပင်ဖြစ်ပါစေ၊ သင်သည် သင်၏အကြီးအကဲ၏ အခွင့်အာဏာကို ဆောင်ရွက်အကောင်အထည် ဖော်နေခြင်းဖြစ်ပါသည်။

ကိစ္စတစ်ရပ်သည် ထုတ်ပြန်ထားသည့်အမိန့်နှင့်မကာမိလျှင် တစ်စုံတစ်ဦးကို အကြောင်းကြားရန် သင့်အား ပြောထားပြီးဖြစ်ပါသည်။ အကယ်၍ သင်က မရှင်းမလင်းဖြစ်နေပါက အကူအညီတောင်းပါ။ "အစောင့်တပ်ကြပ်ကြီး" ကို အကူအညီတောင်းပါ။ သို့သော် အကူအညီမရောက်လာမီအချိန်အထိ သင်သည် တာဝန်ခံဖြစ်ပါသည်။

Baghdad မြို့ကျွန်းသွားပြီး နောက်ဝိုင်းရက်များ၊ ရက်သတ္တပတ်များ၊ လများအတွင်းတွင် ကျွန်ုပ်တို့၏ မျက်စိရှေ့တွင် ဖြစ်ပျက်နေသည်များကို တုံ့ပြန်ရန် ကျွန်ုပ်တို့က ငြင်းခဲ့ကြသည်။ ကျွန်ုပ်တို့က ရေနံတိုးချဲ့ထုတ်လုပ်ရေး၊ လျှပ်စစ်မာတ်အားတိုးတက်လာစေရေး၊ စကော့ဈေးကွက်တစ်ခု ထူထောင်ရေးနှင့် အီရတ်အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းရေးတို့အတွက် အာရုံစိုက်ခဲ့ကြသည်။ ဤသည်တို့မှာ ပြုလုပ်ထိုက်သည်များသာဖြစ်ကြပါသည်။ သို့သော် ကျွန်ုပ်တို့နှင့် အီရတ်နိုင်ငံသားတို့က ဤနေရာကို တာဝန်ယူမှုနှင့် မြင်တွေ့သမျှပစ္စည်းများသည် လုံခြုံမှုမရှိသရွေ့ ၄င်းတို့သည် အဓိပ္ပာယ်မရှိဘဲ လုပ်၍လည်းရနိုင်မည် မဟုတ်ပါ။

Hussein ထွက်သွားရသည်ကို အီရတ်ပြည်သူများက ဝမ်းသာပါသည်။ သို့သော် ၄င်းတို့သည် ဆက်လက် အသက်ရှင်ကြရမည်ဖြစ်ပြီး ဂရုစိုက်ရမည့် မိသားစုများလည်း ရှိကြပါသည်။ ကြီးမားသည့်အုပ်စိုးသူများအနေဖြင့် နိုင်ုးချုပ်ရမှုက ၄င်းပြည်သူတို့၏ ကလေးငယ်များကို ကျွေးမွေးမွေမြူခဲ့ပါ။ ၄င်းနိုင်ုးချုပ်မှုက အလုပ်သွားရန် မြို့ထဲမှဖြတ်၍ သွားလာမှုကို လုံခြုံအောင်မဖြစ်စေပါ။ အီရတ်ပြည်သူများသည် လုံခြုံမှုရှိရေးကို အခြားအရာများထက် ဦးစွဲလိုအပ်ခဲ့ပါသည်။ တစ်ဦးဦးက တာဝန်ခံဆောင်ရွက်နေသည်ဆိုသည်ကိုလည်း သိလိုကြသည်။ ဝန်ကြီးဌာနများ မီးမလောင်အောင်၊ ပြတိုက်များအား လုယက်မှုမဖြစ်အောင် အထောက်အကူပစ္စည်းအား မပျက်စီးရအောင် ရာဇဝတ်မှုမပေါက်ကွဲအောင်၊ ဂိုထောင်ဂထောက္ခဲပြားမှုများကြောင့် အကြမ်းဖက်မှုမဖြစ်လာအောင် တာဝန်ခံသည့် တစ်စုံတစ်ဦးကို လိုအပ်ခဲ့ပါသည်။

ကျွန်ုပ်တို့က အီရတ်သို့ ဝင်ရောက်လာသောအခါ ကျွန်ုပ်တို့တွင် အစီအစဉ်တစ်ရပ်ရှိပါသည်။ ၄င်းအစီအစဉ်ကို သမ္မတက အတည်ပြုထားပါသည်။ ကျွန်ုပ်တို့က အီရတ်စစ်တပ်ကို ခွဲပစ်မည်၊ ဖျက်သိမ်းမည်မဟုတ်ပါ။ တစ်နိုင်ငံ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

လုံး အတိုင်းအတာဖြင့် လုံခြုံမှုရှိစေရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ခေါင်းဆောင်ပိုင်းကို သန့်စင်ထားသည့် အီရတ် စစ်တပ်ကို ကျွန်ုပ်တို့က အသုံးပြုသွားရန်ဖြစ်သည်။ အာဏာရနိုင်ငံရေးပါတီဖြစ်သည့် Baath ပါတီကို ကျွန်ုပ်တို့က ဖျက်သိမ်းပါသည်။ သို့သော် ပါတီဝင်တိုင်းကို လမ်းဘေးသို့ လွှင့်ပစ်မည်ကားမဟုတ်ပါ။ Hussein လက်ထက်က လူတစ်ဦး သူအလုပ်ရလိုလျှင် Baath ပါတီဝင်ဖြစ်ရပါမည်။ ထိပ်ပိုင်း ပါတီခေါင်းဆောင်များကို ဖယ်ရှားပစ်ရန် ကျွန်ုပ်တို့က စီစဉ်ထားပါသည်။ သို့သော် အောက်ခြေအမှုထမ်းအရာထမ်းများနှင့် အလုပ်သမားများသည် နိုင်ငံကို စီမံ အုပ်ချုပ်သွားရန်အတွက် လိုအပ်သည့်ပညာ၊ ကျွမ်းကျင်မှု၊ လေ့ကျင့်မှုများ ရှိကြပါသည်။

အီရတ်နိုင်ငံတွင် တစ်ပါတီ မင်းဆိုးမင်းညစ်စနစ်ရှိသည်မှာ မှန်ပါသည်။ ပါတီနှင့် စစ်တပ်အတွင်း၌ အန္တရာယ်ရှိသည့်ပုဂ္ဂိုလ်များရှိနေဆဲဖြစ်သည်မှာလည်း မှန်ပါသည်။ ၄င်းတို့ကို ရှာဖွေဖော်ထုတ်ပြီး ဖယ်ထုတ်ပါဦးမည်။ စစ်သားအများအပြားမှာ တပ်မှထွက်ပြေးကြသည်မှာလည်း မှန်ပါသည်။ သို့ရာတွင် ဖြစ်နိုင်သည့် ဖွဲ့စည်းမှုက ကျွန်နေပါသေးသည်။ ၄င်းနေရာလွတ်များတွင် လွယ်ကူစွာပြန်လည်ဖြည့်စွက်၍ ရနိုင်ပါသည်။

သမ္မတက အတည်ပြုထားသည့် အဆိုပါအစီအစဉ်ကို လက်တွေ့အကောင်အထည် မဖော်ခဲ့ကြပါ။ ထိုသို့ဖော် ရမည့်အစား ကာကွယ်ဝန်ကြီး Rumsfeld နှင့် "ညွှန်ပေါင်းယာယီအာဏာပိုင်အဖွဲ့" ၏ အကြီးအကဲဖြစ်သူ ကျွန်ုပ်တို့၏ အီရတ်တာဝန်ခံ L Paul Bremer တို့က အီရတ်စစ်တပ်ကို ဖျက်သိမ်းလိုက်ပါသည်။ Baath ပါတီဝင်များကို အရေးယူပါသည်။ ကျောင်းဆရာပါတီဝင်များအထိဖြစ်ပါသည်။ ကျွန်ုပ်တို့က တည်ထောင်လာသင့်သော အမှုထမ်းအရာထမ်းများနှင့် အဆောက်အအုံများကို အခြစ်ဖြုတ်ပစ်ခဲ့ကြသည်။ နိုင်ငံတွင်းရှိ အကျွမ်းကျင်ဆုံးသော ပြည်သူထောင်ပေါင်းများစွာကို အလုပ်လက်မဲ့ဖြစ်စေပြီး ဒေါသထွက်စေပါသည်။ ဤသည်မှာ သောင်းကျန်းမှုဖြစ်စေရန် အဓိက လူသစ်မွေးမှုပင်ဖြစ်သည်။

ဤအပြုအမူများက သမ္မတအမျိုးသားလုံခြုံရေးအကြံပေး Condi Rice နှင့် ကျွန်ုပ်တို့အား အထိတ်တလန့် ဖြစ်စေပါသည်။ ၄င်းကိစ္စတို့ကို ဆောင်ရွက်ထားပြီးသားဖြစ်နေသောကြောင့် ဝန်ကြီး Rumsfeld နှင့် သံအမတ် Bremer တို့ကို ထောက်ခံရဂို့သာဖြစ်တော့သည်ဟု သမ္မတက ခံစားခဲ့ရသည်။ ဤအတောအတွင်း ဤသို့အဆုံးအဖြတ်ပေးမည့် အချိန်အခါတွင် ကျွန်ုပ်တို့က တပ်ဖွဲ့များကို အိမ်သို့စတင်ပြန်ပို့ကြရာ အကြီးတန်းတပ်မှူးများနှင့် ၄င်း၏ဝန်ထမ်းများအား မြောင်းရွှေခဲ့ကြသည်။ နောက်ထပ်တပ်ဖွဲ့များ ဝင်လာမည်ကိုလည်း ဖြတ်တောက်ပစ်လိုက်ကြသည်။ နိုင်ငံသို့ပြန်ရောက်သောအခါ ကျွန်ုပ်တို့သည် "လုပ်ငန်းတာဝန်ပြီးမြောက်မှု" အခမ်းအနားကို ဆင်ယင်ကျင်းပကြသည်။

တောင်ကုန်းတစ်ခုကိုတော့ သိမ်းပိုက်ထားဦးပါဦး။ သို့သော် တိုက်ပွဲသည် နှစ်အတော်ကြာသည်အထိ ဆက်လက်ရှိ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

နေဦးမည်။ Hussein အုပ်စိုးသူအဖွဲ့အပေါ် အောင်နိုင်မှုသည် ရှည်ကြာသည့်တိုက်ပွဲလှုပ်ရှားမှုကြီးအတွက် အစမျှသာ ဖြစ်ပါသည်။ ၄င်းတိုက်ပွဲမှာ ကျွန်ုပ်တို့က မျှော်လင့်ထားသည့် တိုက်ပွဲဖြစ်ပါသည်။ သို့သော် ၄င်းအတွက် ပြင်ဆင်ထားမှုမရှိခဲ့ပါ။ ကျွန်ုပ်တို့ကြောင့် ကွဲအက်ခဲ့ပါပြီ။ ထို့ကြောင့် ကျွန်ုပ်တို့ကပိုင်ပါသည်။ ကျွန်ုပ်တို့နှင့်ဆိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့က တာဝန်ခံ၍ မဆောင်ရွက်ခဲ့ပါ။

၂၀၀၆ ခုနှစ်တွင် သမ္မတ Bush က ကျော်ကြားသည့်တပ်ဖွဲ့အင်အားတိုးမှုတစ်ရပ်ကို အမိန့်ပေး၍ ပြုလုပ်စေခဲ့သည်။ ကျွန်ုပ်တို့တပ်ဖွဲ့များသည် အီရတ်စစ်တပ်ဖွဲ့အသစ်နှင့် ရဲတပ်ဖွဲ့အသစ်တို့နှင့်အတူ ဖရိဖရဲဖြစ်နေသည့်ဘက်သို့ ရွေ့လျားနေမှုကို ပြောင်းပြန်လှန်စေခဲ့ပါသည်။ သို့သော် အချိန်နှင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ ယခုအခါ အမေရိကန်နှင့် ညွှန့်ပေါင်းတပ်ဖွဲ့များသည် အီရတ်မှထွက်ခွာခဲ့ကြပါသည်။ အီရတ်နိုင်ငံတွင် အခြေအနေများမှာလည်း များစွာတိုးတက်လာပါသည်။ သို့သော် ၄င်းစစ်ဆင်ရေးတိုက်ပွဲမှာ မပြီးဆုံးသေးပါ။ အဆိုပါတိုက်ပွဲကို အောင်မြင်သည့် နိဂုံးသို့ အီရတ်ပြည်သူများက ဆောင်ကြဉ်းနိုင်လိမ့်မည်။ လွတ်လပ်သော ဒီမိုကရေစီနည်းကျသော မိမိတို့ အိမ်နီးနားချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာနေသော မိမိကိုယ်တိုင်ကလည်း ငြိမ်းချမ်းသောအီရတ်နိုင်ငံအဖြစ် အနာဂတ်မျိုးဆက်သစ်များအတွက် ထားရှိနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့အားလုံးက မျှော်လင့်ကြပါသည်။

"ခွဲလျှင်တာဝန်ခံရမည်" ဟူသော ချဉ်းကပ်နည်းဖြင့်ဆောင်ရွက်သည့် ခေါင်းဆောင်တစ်ဦးသည် "မကွဲအောင် လုပ်ပါ" ဟူသော အတွေးဖြင့် နိဒါန်းပျိုးရပါမည်။ မလွဲမရှောင်သာ ကွဲရတော့မည်ဆိုလျှင် ပိုင်ဆိုင်မှုအတွက် ကုန်ကျစရိတ်များကို စဉ်းစားပြီး နောက်ဆက်တွဲအကျိုးဆက်များအတွက် အစီအစဉ်ကို ထားရှိရပါမည်။

အစီအစဉ်ဆိုသည်မှာ လက်တွေ့အကောင်အထည်ဖော်သည့်အချိန်အထိ အောင်မြင်သည် မအောင်မြင်သည်ဟု မပြောနိုင်ပါ။ အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်မှုသည် အစီအစဉ်အဖြစ်ရှိနေခြင်းထက် ပိုရှုပ်အရေးကြီးပါသည်။ အစီအစဉ်ကို စတင်အကောင်အထည်ဖော်ချိန်တွင် အစီအစဉ်ကို ပြန်ပြင်ဆင်ရန်ပိုင်ကြောင်းကို မျှော်လင့်ထားရန် သင်ကြားပေးခံရဖူးပါသည်။ အရေးပေါ်အစီအစဉ် ဆောင်ရွက်မည့်လှုပ်ရှားများကို ဆောင်ထားရန်လည်း သွန်သင်ခံရပါသည်။

ခေါင်းဆောင်ဖြစ်သူသည် အတွေးနှင့်အလုပ်တို့တွင် သွက်လက်ပေါ့ပါးရပါမည်။ အစီအစဉ်တစ်ခုသည် အလုပ်မဖြစ်လျှင် သို့မဟုတ် အခွင့်အလမ်းသစ်များပေါ်လာလျှင် ၄င်းအနေဖြင့် အစီအစဉ်တစ်ခုကို ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် စွန့်ပစ်ရန် အရန်သင့်ဖြစ်ရပါမည်။ ခေါင်းဆောင်သည် အစီအစဉ်အကောင်အထည်ဖော်မှုကို အစမှအဆုံးအားလုံး စောင့်ကြည့်ရမည်ဖြစ်ပြီး ၄င်းအကောင်အထည်ဖော်မှုက ပြောပြည္ဆန်ပြသည်တို့ကို ဆောင်ရွက်ပါ။

■

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၃၅ ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက် ကုလသမဂ္ဂ

"အစုအပြုံလိုက် သေကျေပျက်စီးစေသည့် လက်နက်" (WMD)နှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် ကမ္ဘာသို့ ကျွန်ုပ်က ပြောကြားခဲ့သည်မှာ နှစ်အတော်ကြာ ပြီဖြစ်သော်လည်း ၄င်းမိန့်ခွန်းနှင့်ပတ်သက်၍ ကျွန်ုပ်အား မေးလာသည်များကို နေ့တိုင်း လိုလိုဖတ်ခဲ့ရပါသည်။ ၄င်းမိန့်ခွန်းကိုပြောကြားသည့် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၅) ရက်ကို ကျွန်ုပ်၏မွေးနေ့ကို မှတ်မိသလိုပင် မှတ်မိနေပါသည်။

"သင်၏ မှတ်တမ်းတွင် အမည်းစက်တစ်ခုဖြစ်ပါသလား" ဟု Barbara Walters က မေးပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျွန်ုပ်ထွက်ခွာပြီးနောက်ပိုင်းတွင် ပထမဆုံးပြုလုပ်သည့် ကျွန်ုပ်၏ အဓိကတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထိုသို့ မေးခြင်းဖြစ်ပါသည်။

"ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်ုပ် ဘာမျှမတတ်နိုင်ခဲ့ပါ" ဟု ကျွန်ုပ်က ပြန်ဖြေပါသည်။ ဖြစ်ပြီးသည့်ကိစ္စက ဖြစ်ပြီးပါပြီ။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင် အီရတ်နှင့် စစ်ဖြစ်ရန် နီးကပ်လာပါသည်။ အီရတ်နှင့်ဖြစ်သည့်ကိစ္စကို အများပြည်သူနှင့် နိုင်ငံတကာအသိုက်အဝန်းသို့ တင်ပြရန် လိုအပ်သည်ဟု သမ္မတ Bush က ယူဆပါသည်။ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်တွင် သမ္မတ၏ရုံးခန်း၌ သမ္မတက ကျွန်ုပ်အား အီရတ်နှင့်ကိစ္စကို ကုလသမဂ္ဂသို့ တင်ပြရန်အချိန်ရောက်ပြီဖြစ်ကြောင်း ပြောကြားပါသည်။ ရက်အနည်းငယ်သာလိုတော့သည့်ရက်ဖြစ်သော ဖေဖော်ဝါရီလ(၅)ရက်ကို ထိုသို့တင်ပြမည့်ရက်အဖြစ် ရွေးချယ်လိုက်သည်။

၄င်းမိန့်ခွန်းတွင် Hussein အစိုးရ၏ ကမ်းကုန်အောင်ဆိုးသည့် လူအခွင့်

www.burmeseclassic.com

www.burmeseclassic.com

အရေးမှတ်တမ်း၊ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အီရတ်က ချိုးဖောက်မှုများ၊ အကြမ်းဖက်သမားများအား ထောက်ခံမှုစသည်တို့ ပါဝင်ပါလိမ့်မည်။ သို့သော် ၄င်း မိန့်ခွန်းတွင် အဓိကအာရုံစိုက်သည့်အချက်မှာ WMD ကိစ္စပင်ဖြစ်သည်။ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးတွင် ၄င်းက WMD ကို အသုံးမပြုခဲ့သော်လည်း ၄င်းတွင် ထိုလက်နက်များရှိပါသည်။ Saddam သည် ဓာတုလက်နက်များကို သူ၏ပြည်သူများအပေါ်တွင်လည်းကောင်း၊ ၁၉၈၀-၈၈ အီရန်-အီရတ်စစ်ပွဲတွင် အီရန်ပြည်သူများအပေါ်တွင်လည်းကောင်း အသုံးပြုခဲ့ပါသည်။ ၉/၁၁ တိုက်ခိုက်မှုနောက်ပိုင်း အခြေအနေတွင် ၄င်းလက်နက်များသည် အကြမ်းဖက်သမားများလက်ထဲသို့ ရောက်သွားမည်ကိုလည်း စိုးရိမ်ကြသည်။

အီရတ်၏ WMD နှင့် ပတ်သက်၍ ထောက်လှမ်းရေးအသိုက်အဝန်းတွင် သဘောကွဲမှုများရှိခဲ့သော်လည်း အီရတ်တွင် WPD လက်နက်ရှိသည်၊ နောက်ထပ်ထုတ်လုပ်နေသည်ဆိုသည့်အချက်နှင့် ပတ်သက်၍မူ ၄င်းတို့ဘက်က သေချာပါသည်။ (အဆိုပါကောက်ချက်ဆွဲမှုများအပေါ် ကုလသမဂ္ဂလက်နက်စစ်ဆေးသူများက အမြဲပင် သံသယရှိခဲ့ပါသည်။)

ကျွန်ုပ် မိန့်ခွန်းမပြောမီ သုံးလအလိုတွင် ကွန်ဂရက်လွှတ်တော်၏ မေတ္တာရပ်ခံချက်အရ CIA အကြီးအကဲက "အမျိုးသားထောက်လှမ်းရေးခန့်မှန်းချက်" (NIE) ကို ကွန်ဂရက်သို့တင်သွင်းရာ၌ ထောက်လှမ်းရေးအသိုက်အဝန်း၏ အကဲဖြတ်ချက်တို့ကို ထောက်ခံတင်ပြထားပါသည်။ ၄င်း NIE ကို အခြေခံလျက် ပြဿနာကို ကုလသမဂ္ဂမှတစ်ဆင့် ငြိမ်းချမ်းစွာ မဖြေရှင်းနိုင်လျှင် စစ်ရေးဖြင့် ဖြေရှင်းမည့် အခွင့်အာဏာကို ကွန်ဂရက်က သမ္မတအားပေးသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

NIE သည် အများအားဖြင့် ပတ်ဝန်းကျင်အထောက်အထားနှင့် ဆင့်ပွားဆွဲယူထားသော အထောက်အထားများပါနေသော်လည်း ၄င်းအထောက်အထားများသည် ဆွဲဆောင်မှုရှိသည့် အထောက်အထားများဖြစ်ကြပါသည်။ ၄င်းတင်ပြချက်များကို တပ်မှူးများ၊ ကွန်ဂရက်အမတ်အများစု၊ အမျိုးသားလုံခြုံရေးအဖွဲ့၊ သမ္မတနှင့်ကျွန်ုပ်တို့၏ မိတ်ဆွေနှင့် မဟာမိတ်များက လက်ခံကြပါည်။

ထိုကိစ္စကို နိုင်ငံတကာအသိုက်အဝန်းသို့ တင်ပြနိုင်ရေးအတွက် အမှုတွဲကိုပြင်ဆင်ကြရန် NSC ဝန်ထမ်းအဖွဲ့အား သမ္မတက ညွှန်ကြားခဲ့ပါသည်။

ကျွန်ုပ်က သမ္မတနှင့်တွေ့သည့် ဇန်နဝါရီ (၃၀)ရက်နောင်းပိုင်းအချိန်တွင် NSC ဝန်ထမ်းအဖွဲ့က ပြုစုသည့် WMD အမှုတွဲကို ကျွန်ုပ်၏ဝန်ထမ်းများက လက်ခံရရှိပါသည်။ ၄င်းအစီရင်ခံချက်ကို တွေ့ရသည်မှာ ဘေးဒုက္ခရောက်သလိုပင်ဖြစ်ပါသည်။ ၄င်းတွင် အချက်အလက်များ တစ်ခုနှင့်တစ်ခု မဆက်စပ်မှုများ၊ အထောက်အထားမရှိမှု၊ NIE

bookhouse
www.burmeseclassic.com

www.burmeseclassic.com

နှင့် မဆက်စပ်မှုများ ပါဝင်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်က ဗဟိုထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး (DCI) George Tenet အား ဘာတွေဖြစ်ခဲ့သနည်းဟု မေးပါသည်။ ၄င်းက မိမိသည် NIE နှင့် ကုန်ကြမ်းများကို အမျိုးသား လုံခြုံရေးအကြံပေး Condoleezza Rice ၏ ရုံးအဖွဲ့သို့ပေးခဲ့ကြောင်း နောက်ပိုင်းတွင် မည်သို့ဖြစ်ခဲ့သည်ကို မိမိ မသိကြောင်း ပြောပါသည်။

သုံးရွှေ့မရသည့် ၄င်းတင်ပြချက်ကို ဒုတိယသမ္မတရုံးအဖွဲ့၏ အကြီးအကဲဖြစ်သူ Scooter Libby က ရေးသား ခဲ့ကြောင်း၊ NSC ဝန်ထမ်းအဖွဲ့က ရေးသားခဲ့ခြင်းမဟုတ်ကြောင်း နောက်ပိုင်းတွင် ကျွန်ုပ်က သိရှိခဲ့ရပါသည်။ Libby အား ထိုသို့ဆောင်ရွက်စေရန်အတွေးအခေါ်ကို ဒုတိယသမ္မတထံမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ၄င်းက ထိုသို့ဆောင်ရွက်စေ ရန် သမ္မတအား ဖျောင်းဖျခဲ့သည်ဟု နှစ်အနည်းငယ်အကြာတွင် Rice ထံမှ သိရပါသည်။ ၄င်းကိစ္စကို ထောက်လှမ်းရေး အကဲဖြတ်ချက်တစ်ရပ်အဖြစ်မဟုတ်ဘဲ ရှေ့နေတစ်ဦးက ရှင်းပြသည့်ပုံစံမျိုးဖြင့်ရေးသားရန် ထိုသို့ ကာဝန်ပေးခဲ့ခြင်း ဖြစ်ပါသည်။

Libby ၏ တင်ပြချက်နှင့်ပတ်သက်၍ အကြီးမားဆုံးပြဿနာမှာ အဖြစ်မှန်အချက်များနှင့် ယူဆချက်များကို NIE နှင့် ထောက်လှမ်းရေးသတင်းများနှင့် တိုက်ဆိုင်ခြေရာခံ၍မရခြင်းပင်ဖြစ်သည်။ DCI ကလည်း ၄င်းတင်ပြချက်ကို ထောက်ခံနိုင်သည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်အတွက် ၄င်းတင်ပြချက်သည် တန်ဖိုးရှိသည်မဟုတ်ပါ။

၄င်းကိုပြန်ရေးရန် အကြမ်းအားဖြင့် ကျွန်ုပ်တို့တွင် အချိန်လေးရက်ရှိပါသည်။ "အဆင်ပြေသည်။ ထိုဟာကို ကျွန်ုပ်တို့လုပ်နိုင်သည်" ဟု ကျွန်ုပ်က တွေးလိုက်ပါသည်။ ကျွန်ုပ်တို့သည် ပျက်စီးပုံကြီးမှန်နေ၍ စကြရမည်မဟုတ်ပါ။ ကျွန်ုပ်တို့တွင် NIE နှင့် CIA ထံမှ ကုန်ကြမ်းများကိုရထားပါသည်။ ၁၉၆၂ ခုနှစ် ကျူးဘားခုံးကျော်ည် အကျပ်အတည်း ကာလတွင် Adlai Stevenson က ကုလသမဂ္ဂတွင် မိန့်ခွန်းပြောရသည့် အခြေအနေမျိုးလိုပင်ဖြစ်သည်။ ၄င်းအချိန်က Stevenson သည် ဆိုဗီယက်တို့က ကျူးဘားတွင် နျူကလီးယားခုံးကျော်ည်များကို တပ်ဆင်နေသည်ကို ကမ္ဘာသို့ ပြသနိုင်ခဲ့သည်။

ကျွန်ုပ်၏ ရုံးအဖွဲ့သည် CIA ရုံးသို့သွားရောက်ပြီး လေးရက် လေးညတိုင် အလုပ်လုပ်ခဲ့ကြသည်။ ညတိုင်းတွင် Dr. Rice၊ အခြားသော အိမ်ဖြူတော်အရာရှိများနှင့် ကျွန်ုပ်တို့သည် ၄င်းအဖွဲ့တွင်ပါဝင်ခဲ့ကြသည်။ အသေးစိတ်အချက် များနှင့်ပတ်သက်၍ အချိန်များစွာကုန်ခဲ့သည်။ ဒုတိယသမ္မတထံမှပေးလာသည့် အချို့အကြောင်း အရာများကိုလည်း ဖယ်ခဲ့ရပါသည်။ ဒုတိယသမ္မတက ကျွန်ုပ်တို့၏ တင်ပြချက်တွင် အိရတ်သည် ၉/၁၁ အကြမ်းဖက်မှုနှင့် လည်းကောင်း၊ အခြားသောအကြမ်းဖက်မှုများနှင့်သော်လည်းကောင်း ဆက်စပ်မှုရှိသည်ကို ထည့်သွင်းရန် တိုက်တွန်းထားပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

၄င်းအချက်ကို လွန်ခဲ့သည့်လများက ပယ်ချထားပြီးဖြစ်ပါသည်။ ၄င်းအစီရင်ခံစာအား မတင်ပြမီညတွင် နယူးယောက်မြို့တွင် အပြီးသတ်ရေးသားခဲ့ကြသည်။

နောက်တစ်နေ့နံနက်၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တစ်နာရီနှင့် မိနစ်(၃၀)ကြာအထိ မိန့်ခွန်းပြောခဲ့ရာ ကမ္ဘာအနှံ့ထုတ်လွှင့်ခဲ့ကြသည်။ မိန့်ခွန်းပြောစဉ် သမ္မတ Bush က ကျွန်ုပ်၏ နောက်တည့်တည့်တွင် ထိုင်နေသည်။ ကောင်စွာတင်ပြနိုင်သည်ဟု ကျွန်ုပ်ခံစားရပါသည်။ ဗြိတိန်နှင့်စပိန်နိုင်ငံခြားရေးဝန်ကြီးတို့က ကျွန်ုပ်တို့အား ထောက်ခံပြီး ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဆန့်ကျင်ပါသည်။ ချိန်ခွင်ညီကြည့်လျှင် ကျွန်ုပ်တို့အနေဖြင့် အားကောင်းသည့်အမှုကို တင်ပြနိုင်ခဲ့သည်ဟု ခံစားရပါသည်။

နောက်ထပ် ရက်သတ္တပတ်ကြာသောအခါ စစ်ဖြစ်လာပါသည်။ Baghdad မြို့သည် ဧပြီလ(၉)ရက်တွင် ကျွန်ုပ်တို့တပ်ဖွဲ့လက်တွင်းသို့ ကျရောက်ပါသည်။ WMD များကို မတွေ့ရပါ။ နောက်လာသည့် ရက်သတ္တပတ်များအတွင်း စစ်ဆေးခန့်ရာပေါင်းများစွာက အီရတ်ကို ပိုက်စိပ်တိုက်လှန်လှောရှာဖွေကြပါသည်။ WMD နှင့် ဆက်စပ်မှုရှိသည့် ပစ္စည်းအပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် အဆင့်သင့်သုံးနိုင်သည့် WMD များကို မတွေ့ရပါ။ ကမ္ဘာက သိသလိုပင် WMD ကို မည်သည့်အခါကမျှ မတွေ့ခဲ့ပါ။ တစ်ခုမှပင်ရှိသည်လည်းမဟုတ်ပါ။

ကျွန်ုပ်တို့အနေဖြင့် နောက်တစ်ဖန်ပြန်စမည့် စွမ်းဆောင်နိုင်မှုကို ထိန်းထားနိုင်သော်လည်း Hussein တွင်မူ WMD စွမ်းရည်ရှိသည် မဟုတ်ပါ။ (ပူးပေါင်းလုပ်ကြံမှု သီဝရီအရ Hussein သည် WMD ရရှိထားပြီး မြေမြှုပ်ထားသည် သို့မဟုတ် ဆီးရီးယားသို့ပို့ထားသည်ဟု ဆိုပါသည်။ ၄င်းသီဝရီများမှာ အခြေအမြစ်မရှိပါ။)

သာဓကတစ်ရပ်မှာ CIA က သတင်းပို့ခဲ့သည့် ပိုးမွှားလက်နက်ဇင်ကားဆိုသည်မှာလည်း ကျွန်ုပ်နိုင်ငံခြားရေးဌာန ထောက်လှမ်းရေးအဖွဲ့၏ စိစစ်ချက်အရ ထိုသို့မဟုတ်ခဲ့ဟု ကောက်ချက်ချခဲ့သည်။ ၄င်းအချက်ကို ကျွန်ုပ်က သဘောတူပါသည်။ ၄င်းဓာတ်ပုံများကို ကျွန်ုပ်တို့က ရရှိပြီး တစ်လအကြာတွင် ပိုးမွှားလက်နက်ရှိကြောင်းကို ဖော်ပြလိုသည့် CIA ၏ (၂၈)မျက်နှာပါ လက်ကမ်းစာစောင်ကို CIA က ထုတ်ဝေခဲ့ပါသေးသည်။

နောက်လာသည့် ရက်သတ္တပတ်များအတွင်း CIA မှ သတင်းများကို သမ္မတထံသို့လည်းကောင်း၊ ထို့နောက် ကျွန်ုပ်ထံသို့လည်းကောင်း ရှင်းလင်းကြပါသည်။ ထိုရှင်းလင်းချက်အရ CIA က ခိုင်မာပါသည်ဆိုသည့် သတင်းအရင်းအမြစ်များအပေါ် ယုံကြည်အားထားရမှုကို လုံးဝပျက်စီးသွားစေခဲ့ပါသည်။ ကျွန်ုပ်သည် ဧဝေဧဝါဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်တို့သည် ဤမျှအထိ အဘယ်ကြောင့် လွဲမှားခဲ့ရပါသနည်း။ ကျွန်ုပ်တို့၏ ခိုင်မာသည်ဟုထင်ရသည့်ကိစ္စသည် ထိုမှလာက် အပျက်အစီးများစွာဖြင့် အဘယ်ကြောင့် ရှင်းထုတ်ခံရပါသနည်း။ အီရတ်တွင် ဓာတုလက်နက်တန်ချိန် ရာနှင့်ချီ၍ ရှိသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အများစုကို လွန်ခဲ့သည့်နှစ်က ထပ်ဖြည့်ထားသည်ဆိုသည့် NIE အကဲဖြတ်ချက်သည် မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။

Baghdad ကျရှုံးပြီး လေးလအကြာဖြစ်သည့် ဩဂုတ်လတွင် ၎င်းတို့၏ သတင်းအရင်းအမြစ်များ ပြိုလဲသွားပြီး WMD များကိုလည်းမတွေ့ရသော်လည်း CIA သည် ၎င်းတို့၏ မူလအကဲဖြတ်ချက်အတိုင်းပင် ရပ်တည်နေခဲ့ပါသည်။ သမ္မတ၏စီမံခန့်ခွဲမှုအဓိန့်အရ ဖွဲ့စည်းသည့် ဆီးနိတ်အမတ်ဟောင်း Chuck Robb နှင့် တရားသူကြီး Laurence Silberman တို့ ဦးဆောင်သော "အီရတ်ထောက်လှမ်းရေးကော်မရှင်"၏ တွေ့ရှိချက်တွင် ထောက်လှမ်းရေးအသိုက်အဝန်း၏ လေ့လာမှုပြုရာနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတို့တွင် မအောင်မြင်မှုများကို အသေးစိတ်ဖော်ပြထားပါသည်။ ဤသည်မှာ အမေရိကန်သမိုင်းတွင် အဆိုးဝါးဆုံးသော ထောက်လှမ်းရေးလုပ်ငန်း၏ မှားယွင်းမအောင်မြင်မှုများအနက် တစ်ခုပင် ဖြစ်ပါသည်။

ကုလသမဂ္ဂ၌ ကျွန်ုပ်၏ တင်ပြချက်သည် အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာတစ်ဝန်းတွင် ကြီးမားသည့် သက်ရောက်မှုနှင့် ဩဇာလွှမ်းမိုးမှုကိုဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်တို့သည် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ရှိသည်ဟု ၎င်းတင်ပြချက်က လူအများကို ယုံကြည်စေခဲ့ပါသည်။ သို့သော် တင်ပြသည့်သက်သေအထောက်အထားအများစုမှာ မှားယွင်းနေသည်ကို ကျွန်ုပ်တို့က မသိကြပါ။

WMD များမရှိဟု ကျွန်ုပ်တို့ကသိခဲ့မည်ဆိုပါလျှင် စစ်ဖြစ်ခဲ့လိမ့်မည်မဟုတ်ပါ။

အီရတ်အား ဆန့်ကျင်ရမှုကိစ္စသည် ကျွန်ုပ်မိန့်ခွန်းတွင်ပါသလိုမျိုးဖြစ်သည်ဟု အချို့၏ စိတ်ထဲတွင် စွဲနေခဲ့ရာ ကျွန်ုပ်သည် မကြာခဏအမေးခံရပြီး အင်တာနက်ပေါ်မှနေ၍လည်း အတိုက်ခိုက်ခံရသည့်ကိစ္စ ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့က လိမ်ညာနေသလော။ သက်သေအထောက်အထားများသည်ကို ကျွန်ုပ်တို့က သိပါသလော။

ထိုမေးခွန်းများအတွက် အဖြေမှာ မလိမ်ညာပါ။ မသိပါဟူ၍ပင်ဖြစ်ပါသည်။ အခြားမေးခွန်းများလည်း ရှိပါသေးသည်။ မခိုင်မာသည့် သတင်းအရင်းအမြစ်များကို ဤမျှများပြားသည့် အကြီးတန်းပုဂ္ဂိုလ်များက အာယာသကြောင့် လက်ခံခဲ့ပါသနည်း။ CIA အနေဖြင့် အာယာသကြောင့် ဘယ်နည်းဘယ်ပုံ ဤသို့အကြီးအကျယ် (အလုံးအရင်းဖြင့်) မှားယွင်းခဲ့ရပါသနည်း။ ကျွန်ုပ်တို့က ကြားလိုသည်ဟု ၎င်းတို့က ယူဆသည့်အကြောင်းအရာများကို ပြောပြရန် ခွဲခြမ်းလေ့လာသူများက ဆုံးဖြတ်ခဲ့ပါသလော။ အီရတ်က သတင်းမှားထုတ်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် အလှည့်စားခံရသည်အထိလည်း ဖြစ်နိုင်ပါသည်။ မိမိတွင် WMD များရှိသည်ဟု အီရတ်တို့က ကျွန်ုပ်တို့အား ယုံကြည်စေလိုလျှင် ကျွန်ုပ်တို့က ယုံကြည်ခဲ့မည်သာဖြစ်သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

အဆိုပါမေးခွန်းများအတွက် ကျွန်ုပ်တွင် အဖြေများမရှိပါ။ ကျွန်ုပ်က ကျွန်ုပ်တွင် အဖြေရှိစေချင်ပါသည်။

ထို့နောက် ကျွန်ုပ်၏ မိန့်ခွန်းပါ အထောက်အကူမရှိသည့် ပြောဆိုချက်များကို အထိတ်တလန့်ဖြစ်ရပါသည်ဆိုသော ယခင်က CIA အရာရှိများ၏ ဆောင်းပါးနှင့်စာအုပ်များကို ကျွန်ုပ်ဖတ်ရပါသည်။ လများအတော်ကြာသည်အထိ NIE ကို ရေးသားကြစဉ်က ၎င်းတို့သည် ဘယ်နေရာသို့ရောက်ရှိနေကြပါသနည်း။ သို့မဟုတ် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ အတွက် သမ္မတ၏ "ပြည်ထောင်စုအခြေအနေ" မိန့်ခွန်းတွင် ဤအချက်များကို ထည့်ရေးစဉ်က ၎င်းတို့သည် ဘယ်နေရာသို့ရောက်နေကြပါသနည်း။

မှန်ပါသည်။ ကျွန်ုပ်သည် စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ယခုအထိလည်း စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ဟုတ်ကဲ့မှန်ပါပေသည်။ အဖြေမထုတ်ရသေးသည့် မေးခွန်းများ အများအပြားမရှိပါစေနှင့်ဟု ကျွန်ုပ်ဆန္ဒပြုပါသည်။ ဟုတ်ပါသည်။ သတင်းမှားမှန်းသိလျက် လိမ်လည်သည်ဟု ကျွန်ုပ်အား စွပ်စွဲကြသည်ကို ကျွန်ုပ် စိတ်ဆိုးပါသည်။ ကျွန်ုပ်မလိမ်ခဲ့ပါ။ ဟုတ်ပါသည်။ ဤသည်မှာ အမည်းစက်တစ်စက်၊ မှားယွင်းပျက်ကွက်မှုတစ်ခုအဖြစ် ကျွန်ုပ်နှင့်လည်းကောင်း၊ ကျွန်ုပ်၏ ကုလသမဂ္ဂမိန့်ခွန်းနှင့်လည်းကောင်း အခြေတမ်း တွဲကပ်ထားပါလိမ့်မည်။ ကျွန်ုပ်၏ပင်ကိုအသိစိတ်ကလည်း ကျွန်ုပ်အပေါ် မှားယွင်းစေခဲ့ပါသည်။

သို့သော် ကျွန်ုပ်၏ စိတ်အနှောင့်အယှက်ဖြစ်မှု၊ စိတ်မသက်မသာဖြစ်မှု၊ စိတ်ပျက်မှုတို့ကို ဘေးဖယ်ထားရမည်ကို ကျွန်ုပ်သိပါသည်။ ၎င်းအမည်းစက်နှင့်ပင်နေသွားရမည်ဟု ကျွန်ုပ်သိပါသည်။

ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်ဆဲပင်ဖြစ်ပါသည်။ ဤဝန်ထုပ်ဝန်ပိုးကို ကျွန်ုပ်က ခါချပစ်ရပါမည်။ ကျွန်ုပ်သည် အလုပ်သဘောအရ ဆက်သွားရပါမည်။ အတွေ့အကြုံမှ သင်ခန်းစာယူရပါမည်။ ထောက်လှမ်းရေးသုံးသပ်ချက်နှင့်ပတ်သက်၍ ပို၍အားစိုက်ရမည်ဟု ကျွန်ုပ်သင်ခန်းစာရပါသည်။ အားလုံးကိုသိသည်ဟု ထင်ရသော ကျွမ်းကျင်သူများနှင့်ပတ်သက်၍ ကျွန်ုပ်၏သဘာဝအလျောက်ဖြစ်သော ဒွိဟ (သံသယ)ဖြစ်မှုကို ပို၍ထက်မြက်လာအောင် ပြုရမည်ဟု ကျွန်ုပ်က သင်ခန်းစာရပါသည်။

ကျွန်ုပ်၏ ၂၀၀၃ ခုနှစ် ကုလသမဂ္ဂမိန့်ခွန်းနှင့်ပတ်သက်သည့် အဖြစ်အပျက်များကို ကျွန်ုပ်သည် ယခင်က ဘယ်တော့မှ မရေးသားခဲ့ဖူးပါ။ နောက်ထပ်လည်း ဘယ်တော့မှ မရေးဘဲဖြစ်နေနိုင်ပါသည်။

ဤသည်မှာ ကျွန်ုပ်အတွက် ပထမဆုံးသော မအောင်မြင်မှုတစ်ရပ်ကား မဟုတ်ပါ။ သို့သော် ၎င်းသည် ကျွန်ုပ်၏ သမိုင်းတွင်လောက်အောင် အရေးကြီးသည့် မအောင်မြင်မှုများအနက် တစ်ခုဖြစ်ပါသည်။ အကျယ်ပြန့်သုံးသော သက်ရောက်မှုကိုဖြစ်စေသည့် မအောင်မြင်မှုတစ်ရပ်လည်း ဖြစ်ပါသည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဤသို့ကြိုလာလျှင် ယခုဖော်ပြမည့် လမ်းညွှန်ချက်များကို လိုက်နာပါသည်။ မအောင်မြင်မှုမှ အမြန်ပြေးခြောက်စေရန် ကြိုးစားပါ။ ၄င်းကိစ္စမှ သင်ခန်းစာယူပါ။ ထိုကိစ္စတွင် သင်က မည်သို့ပါဝင်အကျိုးပြုခဲ့သည်ကို လေ့လာပါ။ အကယ်၍ သင်က တာဝန်ရှိသည်ဆိုလျှင် တာဝန်ယူပါ။ သင့်တွင် တာဝန်ရှိသည်ထက် အခြားသူများက ပို၍တာဝန်ရှိသည်ပင်ဖြစ်ပါစေ၊ ထိုသို့ရှိသည်ကို သင့်အတွက် လွတ်ရာလွတ်ကြောင်းအဖြစ် မမြင်ပါနှင့်။ မည်သည့်အရာက အမှားအယွင်းဖြစ်သည်။ သင်က မည်သည်ကို အမှားလုပ်ခဲ့သည်ဆိုသည်ကို သင်က ခွဲခြမ်းစိတ်ဖြာလေ့လာပြီးပြီဆိုလျှင် ၄င်းသင်ခန်းစာများကို နှလုံးသွင်းလျက် ဆက်လက်လှုပ်ရှားပါ။ ခါတိုင်းလိုပင် နောက်ကြည့်မှန်ကိုမကြည့်ဘဲ အရှေ့ဘက်လေကာမှန်ကိုဖြတ်၍ကြည့်ကာ ဘဝကို မောင်းနှင်ပါ။ မိမိတို့၏ ဓော်ကားမှု၊ သစ္စာဖောက်မှု၊ နာကျင်မှု၊ ဒုက္ခရောက်ရမှုများကို မနားတမ်းပြောဆိုသည့် ပြိုဟ်ကောင်တစ်ကောင်မဖြစ်ပါစေနှင့်။ သင်၏စာနာတတ်သည့် သူငယ်ချင်းများနှင့် ပျော်မြူးသာယာ၍နေပါနှင့်။ သင်ခန်းစာယူ၍ ရှေ့သို့ချီတက်ပါ။

Saddam Hussein ကို အာဏာမှဖယ်ရှားသည်ကို ကျွန်ုပ်ဝမ်းသာပါသည်။ ၂၀၀၃ ခုနှစ်၌ ၄င်းသည် အပြစ်ပေးမခံရဘဲ ကုလသမဂ္ဂ၏ဒဏ်ခတ်အရေးယူမှုကိုမှ လွတ်မြောက်နေမည်ဆိုလျှင် ၄င်းအနေဖြင့် အစုအပြုံလိုက် သေကျေစေသည့်လက်နက်ကို ပြန်လည်ထုတ်လုပ်မည်ကို ကျွန်ုပ်သံသယမရှိပါ။ သို့သော် ထိုခြိမ်းခြောက်မှုသည် မရှိတော့ပြီဖြစ်ပါသည်။ တိုက်ပွဲများကို တိုက်ခိုက်ခဲ့ပြီး ယခုအခါ အိမ်ပြန်ရောက်နေကြသည့် ကျွန်ုပ်တို့၏ တပ်ဖွဲ့ဝင်များနှင့် ကျွန်ုပ်တို့၏ ညွှန်ပေါင်းတပ်ဖွဲ့များ၏ စိုက်လိုက်မတ်တတ် စွဲမြဲစွာဆောင်ရွက်ခဲ့မှုများကို ကျွန်ုပ်က ချီးကျူးပါသည်။ စစ်သားတစ်ဦး၏ ဝမ်းနည်းကြေကွဲမှုကိုလည်းကောင်း၊ အမြင့်မားဆုံးသော ကိုယ်ကျိုးစွန့်မှုကိုပြုလုပ်ခဲ့သူများနှင့် ဒဏ်ရာရပြီး ဒဏ်ရာဒဏ်ချက်ဖြင့် ကျွန်ုရစ်သူများအတွက် စာနာမှုကိုလည်းကောင်း ကျွန်ုပ်က မျှဝေပေးပါသည်။ ၄င်းတို့မိသားစုများအတွက်လည်း ထိုသို့မျှဝေပါသည်။

ကျွန်ုပ်တို့သည် ဆက်လက်ချီတက်ရာတွင် ရယူခဲ့သော သင်ခန်းစာများကို မည်သည့်အခါမျှ မေ့မထား လျစ်လျူမရှုရဆိုသည်ကို သေချာစေရပါမည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၃၆ Parsley ကျွန်း

ခေါင်းဆောင်များသည် ပြဿနာဖြေရှင်းသူများ ဖြစ်ရပါမည်။ သင်ဖြေရှင်းနေသော ပြဿနာများသည် သင်နှင့်လည်းကောင်း၊ သင်၏အဖွဲ့အစည်းနှင့်လည်းကောင်း၊ သင်၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့်လည်းကောင်း ဆက်နွယ်ပတ်သက်နိုင်ပါသည်။ သို့သော် ဤသို့အမြဲတစ်းဖြစ်သည်ကား မဟုတ်ပါ။ တစ်ခါတစ်ရံတွင် ပြဿနာသည် ဆိုင်းမဆင့်ဝုံမဆင့် ပေါ်လာပါသည်။ သင်က စိတ်ဝင်စားသည့်ကိစ္စ သင်မသိသည့်ကိစ္စဖြစ်နိုင်ပါသည်။ သို့သော် သင်က ဆက်လက်ဆောင်ရွက်ရပါမည်။

အကယ်၍ သင်၏အဖွဲ့အစည်းသည် အမေရိကန်ပြည်ထောင်စု၏ အစိုးရအဖွဲ့ဖြစ်သည်ဆိုပါလျှင် ဆိုင်းမဆင့်ဝုံမဆင့်ပြဿနာအား ဖြေရှင်းမှုသည် ပို၍ရှုပ်ထွေးတတ်ပါသည်။ ၄င်းအစိုးရသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပြဿနာရှိရာသို့ သွားရောက်ဖြေရှင်းသူ ဖြစ်လာခဲ့ပါသည်။

၂၀၀၂ ခုနှစ်၊ ဧပြီလ၏ ဆိတ်ငြိမ်သောနေ့လယ်ပိုင်းတစ်ချိန်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာန Ana Palacio က ကျွန်ုပ်ထံသို့ တယ်လီဖုန်းဆက်လာပါသည်။ ၄င်းက "မြေထဲပင်လယ်မှာ ကျွန်ုပ်တို့နဲ့ ပတ်သက်ပြီး အကျပ်အတည်းပေါ်နေတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်တစ်ခုခုလုပ်ဖို့လိုတယ်" ဟု စိတ်လှုပ်ရှားစွာဖြင့် ပြောပါသည်။

သူမက မည်သည်ကိုပြောနေသည်ကို ကျွန်ုပ်မသိပါ။ ထို့ကြောင့် အချိန်ရစေရန် "ကျွန်ုပ် နောက်ဆုံးအခြေအနေကိုသိအောင်လုပ်နေတယ်၊ မိနစ်အနည်းငယ်ကြာလျှင် ကျွန်ုပ် ပြန်၍ဆက်ပါရစေ" ဟု ပြန်ပြောပါသည်။

ကျွန်ုပ်သည် တယ်လီဖုန်းကိုချလိုက်ပြီး ကျွန်ုပ်၏ ဝန်ထမ်းများအို အော်

bookhouse

www.burmeseclassic.com

www.burmeseclassic.com

ခေါ်၍ မေးမြန်းစုံစမ်းရာ ဤသို့သိရပါသည်။ မော်ရိုကိုကမ်းရိုးတန်းမှ မီတာ(၂၀၀)မျှ ဝေးသည့်နေရာတွင် မော်ရိုကိုက Perejil ဟုခေါ်ပြီး စပိန်နိုင်ငံက Parsley ဟု ခေါ်သည့် နှစ်ပေါင်း(၄၀၀)ကတည်းက စပိန်က ပိုင်ဆိုင်ခဲ့သည့် ကျွန်းငယ်တစ်ကျွန်းရှိသည်။

မော်ရိုကိုကမ်းရိုးတန်းပေါ်တွင် စပိန်ကပိုင်သည့် Ceuta နှင့် Melilla အမည်ရှိ စပိန်နိုင်ငံသားများ သီးသန့်နေထိုင်သည့်နေရာလည်းရှိသည်။ ၄င်းကျွန်းသည် ဘောလုံးကွင်းတစ်ကွင်းစာလောက်သာကျယ်ပြီး တရုတ်နံနံပင်မှတစ်ပါး အခြားအပင်များ မရှိကြပါ။ တိရစ္ဆာန်အနေဖြင့် တောစိတ်ဝင်သည့် ဆိတ်များရှိကြသည်။ နေစာလှုံသူများ၊ မူးယစ်ဆေးဝါး သမားများက အခါအားလျော်စွာ ညအိပ်၍နေတတ်ကြသည်။

မော်ရိုကိုက ၄င်းကျွန်းကိုသိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ၄င်းတို့ဘုရင်၏ မကြာမီက ပြုလုပ်ခဲ့သည့် ထိမ်းမြားလက်ထပ်ပွဲကို ဆင်ယင်ကျင်းပသည့် အထိမ်းအမှတ်အဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မော်ရိုကို နယ်ခြားစောင့်တပ်ဖွဲ့များက ၄င်းကျွန်းသို့ လှေလှော်သွားပြီး တဲအိမ်တစ်ခုနှင့် မော်ရိုကိုအလံနှစ်ခုတို့ကို စိုက်ထူခဲ့ကြသည်။

ရက်အနည်းငယ်ကြာသောအခါ စပိန်တို့က မိမိတို့ကျွန်းဆုံးရှုံးရပြီဟု သိရှိပြီး စပိန်တွင် နိုင်ငံရေးအကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည်။ စပိန်အစိုးရက NATO နှင့် ဥရောပသမဂ္ဂ (EU) တို့သို့ အကြောင်းကြားခဲ့သည်။ ၄င်းကိစ္စသည် နှစ်နိုင်ငံကြားဖြစ်သည့်ကိစ္စဖြစ်သည်ဟု NATO က လက်ရှောင်ခဲ့သည်။ သို့သော် ထိုသို့ချင်းနှင်းဝင်ရောက်သည်ကို EU က ရွှတ်ချခဲ့သည်။ စပိန်၏ပိုင်နက်နယ်မြေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု EU က ဆိုပါသည်။

အဆိုပါ ပြဿနာကို မော်ရိုကိုက "အစ္စလာမ်ညီလာခံအဖွဲ့" (Organization of the Islamic Conference) သို့ တင်ပြရာ ၄င်းအဖွဲ့၏ထောက်ခံမှုကိုရရှိခဲ့သည်။

ထိုနောက် စပိန်က ရေတပ်ဖွဲ့ဖြင့် တိုက်ခိုက်ပြီး ကျွန်းကို ပြန်သိမ်းခဲ့သည်။ ကျွန်းရှိ မော်ရိုကိုနိုင်ငံသားများကို ၄င်းတို့၏ ကမ်းခြေပေါ်တွင် ပြန်ထားခဲ့သည်။ ယခုအခါ ၄င်းကျွန်းပေါ်တွင် စပိန်တပ်ဖွဲ့ဝင် (၇၅)ဦးရှိနေပါသည်။ ဤသို့ဖြင့် ၄င်းကိစ္စသည် နိုင်ငံတကာပြဿနာတစ်ရပ်ဖြစ်လာသည်။

စပိန်နိုင်ငံခြားရေးဝန်ကြီး Ana ထံသို့ ကျွန်ုပ်က တယ်လီဖုန်းပြန်ဆက်ပြီး ၄င်းအကျပ်အတည်းနှင့် နောက်ဆုံးအဖြစ်အပျက်ကို ကျွန်ုပ်က သိရှိပြီးဖြစ်ကြောင်းပြောပြီး ကျွန်ုပ်က မည်သို့အထူးအညီပေးရမည်နည်းဟု စိတ်မပါတပါဖြင့် မေးပါသည်။ သူမက ၄င်းတို့၏ကျွန်းကို ၄င်းတို့က ပြန်ရပြီဖြစ်ကြောင်း၊ မော်ရိုကိုနိုင်ငံသားများက ကမ်းခြေပေါ်တွင် စောင့်နေကြကြောင်း၊ ၄င်းကျွန်းကို ပြန်သိမ်းရန် ကြိုးပမ်းကောင်း ကြိုးပမ်းနိုင်ကြောင်း၊ OIC က ၄င်းတို့အား ထောက်ခံ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ပြီး EU က မိမိတို့ကိုထောက်ခံကြောင်း၊ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ဖြေရှင်းပေးရန်ဖြစ်ပါကြောင်း ပြောကြားပါသည်။ အဖြေမှာ လွန်ခဲ့သည့် နှစ်ပေါင်း(၄၀၀)ကအတိုင်း ပိုနေမြဲကျားနေမြဲ နေသွားရန်ပင်ဖြစ်သည်။ လုပ်ရမည်မှာလည်း ရိုးရှင်းပါသည်။ နောက်ထပ် (၄၈)နာရီအတွင်း စပိန်နိုင်ငံခြားရေးဝန်ကြီး၊ မော်ရိုကို နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တယ်လီဖုန်းဖြင့် အကြိတ်အနယ်ဆွေးနွေးခဲ့ရာ နောက်ဆုံးတွင် စနေနေ့နံနက်ပိုင်း၌ အပေးအယူတစ်ရပ်ကိုပြုလုပ်နိုင်ခဲ့သည်။ ၎င်းအပေးအယူအရ စပိန်တပ်ဖွဲ့ဝင်များသည် ကျွန်ုပ်၏ နာရီအရ (၁၁း၃၀)နာရီတွင် ကျွန်းမှထွက်ခွာသွားကြမည် ဖြစ်သည်။

သို့သော် ၎င်းတို့က ၎င်းအပေးအယူကို စာဖြင့်ရေးသားထားသည့် သဘောတူချက်အဖြစ် ရရှိလိုသည်ဟု ရှတ်တရက် ဆိုလာကြပါသည်။ ထို့ကြောင့် ၎င်းသဘောတူချက်ကို ရေးကြပါဟု ကျွန်ုပ်ကပြောပါသည်။ ကျွန်ုပ်က ရေးရန်ဆိုလာပါသည်။ မည်သူက လက်မှတ်ရေးထိုးရမည်ကို ကျွန်ုပ်မေးပါသည်။ ကျွန်ုပ်ကပင် လက်မှတ်ရေးထိုးရမည်ဟု ဆိုပါသည်။

စာတစ်မျက်နှာမျှရှိသည့် သဘောတူချက်ကို ကျွန်ုပ်၏ ကွန်ပျူတာတွင် ရေးသားလက်မှတ်ထိုး၍ ၎င်းနိုင်ငံခြားရေးဝန်ကြီးများထံသို့ ဖက်စ်ဖြင့်ပို့ပါသည်။ နောက်ထပ် အငြင်းပွားစရာပေါ်လာပြန်သည်။ ကျွန်း၏ အမည်ကို မည်သို့ခေါ်မည်နည်းဟူ၍ ဖြစ်ပါသည်။ ထိုကြောင့် နိုင်ငံခြားရေးဌာနသို့ ဖုန်းဆက်ပြီး ကျွန်ုပ်တို့၏မြေပုံဆရာကို ၎င်းနေရာ၏တည်နေရာအား လတ္တီတွဒ်၊ လောင်ဂျီတွဒ်တို့ဖြင့် မိနစ်၊ စက္ကန့်အထိ မှန်အောင်ဖော်ပြရည်ညွှန်း၍ ပေးပို့ရန် ပြောကြားခဲ့ပါသည်။

၎င်းအချက်ကို နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့က မငြင်းခုံနိုင်ကြတော့ပါ။ အဆိုပါ အမည်မပါသည့်နေရာကို သဘောတူခဲ့ကြသည်။ စပိန်တို့ဘက်က ဝန်ကြီးချုပ်နှင့် ဘုရင်ထံသို့တင်ပြရာ အဆင်ပြေသော်လည်း မောင်ရိုကိုဘုရင်မှာ မော်တော်ကားဖြင့် သဲကန္တာရတစ်နေရာသို့ ရောက်နေသဖြင့် သဘောတူချက်ကို အတည်ပြုရန် မဖြစ်နိုင်ဘဲဖြစ်နေပါသည်။ ကျွန်းပေါ်မှ စပိန်တပ်ဖွဲ့ထွက်ခွာရန်မှာလည်း အချိန်မိနစ်(၃၀)မျှသာ ကျန်ပါတော့သည်။ "အချိန်ဟာ အနှစ်သာရရှိပါတယ်"ဟု ကျွန်ုပ်က မော်ရိုကိုနိုင်ငံခြားရေးဝန်ကြီးကို ပြောပါသည်။

ငါးမိနစ်ခန့်ကြာသောအခါ ဖုန်းလာပြီး မော်ရိုကိုဘုရင်နှင့်ဖုန်းဖြင့် ကျွန်ုပ်က စကားပြောစဉ် ၎င်းသဘောတူချက်၏ အနှစ်သာရကို ကျွန်ုပ်က ၎င်းအား ရှင်းပြပြီး ၎င်းက အမြန်ဆုံးအတည်ပြုပေးရန် လိုအပ်ကြောင်းကိုပြောပါသည်။ ၎င်းက မလေ့လာရသေးဘဲ ၎င်းက အတည်မပြုနိုင်ကြောင်း မိမိတွင် မိတ္ထူးလည်းမရှိဟု ၎င်းကဆိုလာပါသည်။

ကျွန်ုပ်က တလေးတစားဖြင့်ပင် ထိုသို့ပြုလုပ်ရန် အချိန်မရှိတော့ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် မော်ရိုကိုတို့သည် နှစ်ပေါင်း(၂၀၀)ကျော်မျှ မိတ်ဆွေများဖြစ်လာခဲ့ပါကြောင်း၊ ကျွန်ုပ်အနေဖြင့် သိလျက်နှင့် ၎င်းတို့၏

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အကျိုးစီးပွားကို တစ်စုံတစ်ရာဆန့်ကျင်၍ ပြုလုပ်မည်မဟုတ်ကြောင်း၊ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးနှင့် မဟာမိတ်တစ်ဦးဖြစ်သူ စပိန်အပေါ်တွင်လည်း ထိုသို့လုပ်ဆောင်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကို ယုံကြည်စိတ်ချစေလိုကြောင်း ပြောကြားပါသည်။

ငှင်းက တယ်လီဖုန်းဖြင့်စကားပြောနေမှုကို ခဏမျှငြိမ်ထားလိုက်ပြီးနောက် ငှင်းက "ဝန်ကြီးခင်ဗျား၊ ကျွန်ုပ်အတည်ပြုပါတယ်။ အမေရိကန်ကို ကျွန်ုပ်ယုံကြည်စိတ်ချပါတယ်" ဟု ကြေညာလိုက်ပါသည်။

သူ့ကို ကျွန်ုပ် ကျေးဇူးတင်ပါသည်။ တယ်လီဖုန်းကိုချလိုက်ပြီးနောက် ငှင်းစာရွက်စာတမ်းကို မိတ္တူကူးပြီး လက်မှတ်ထိုးပါသည်။

ထို့နောက် Madrid နှင့် Rabat တို့သို့ ပေးပို့ပါသည်။ မကြာမီမှာပင် စပိန်တပ်ဖွဲ့များသည် ကျွန်းပေါ်မှထွက်ခွာကြသည်။ မော်ရိုကို နိုင်ငံသားများက ကမ်းခြေတွင်ရှိနေကြသည်။ ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ စပိန်နိုင်ငံခြားရေးဝန်ကြီးသည် မော်ရိုကိုနိုင်ငံခြားရေးဝန်ကြီးနှင့် Rabat တွင် တွေ့ဆုံခဲ့ကြရာ ငှင်းအချိန်မှစပြီး အရာရာသည် အဆင်ပြေခဲ့ပါသည်။ အထူးသဖြင့် Parsley ကျွန်းနှင့်ပတ်သက်၍ ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုသည် အလိုရှိအပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် ပြဿနာများ၊ အမှားအယွင်းများ၊ ချွတ်ချော်စွာလုပ်ဆောင်မှုများ ရှိပင်ရှိနေသော်လည်း ပြဿနာသည် ကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ၊ ငှင်းကိစ္စတွင် ကျွန်ုပ်တို့၏ အကျိုးစီးပွားပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊ ငှင်းပြဿနာကို ဖြေရှင်းပေးရန် သို့မဟုတ် ငှင်းပြဿနာတွင် ကူညီပေးရန် ကမ္ဘာက ကျွန်ုပ်တို့ကို ဆက်လက်အားထားလျက်ပင်ရှိပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ကိုးစားခြင်းကို ခံရပါသည်။

ကျူးကျော်မှုကို တိုက်ဖျက်ရန်၊ ဒုက္ခခံစားရမှုကို သက်သာစေရန်၊ လွတ်လပ်မှုကိုလိုချင်ကြသော ပြည်သူများအတွက် ဆော်ဩသူအဖြစ် အလုပ်အကျွေးပြုရန်၊ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့်အတူ ရပ်တည်ရန်၊ လွတ်လပ်စွာ အသက်ရှူရန်၊ တမ်းတနေကြသည့် မောပန်းနေကြသော ဆင်းရဲသော၊ အတားအဆီးကို ကျော်လွှားနေရသော အခြားနိုင်ငံမှလူထုကြီးကို ကြိုဆိုရန် ကျွန်ုပ်တို့သည် ယုံစားခံရပါသည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မည်သူဖြစ်ခဲ့သည်။ မည်သူဖြစ်နေသည်၊ အမြဲပင် မည်သူဖြစ်ရမည်ဆိုသည်ပင် ဖြစ်ပါသည်။

ငှင်း ကျွန်းကိစ္စပြီးစီးပြီးနောက် စပိန်ဝန်ကြီးချုပ်သည် တယ်လီဖုန်းဆက်သွယ်၍ ကျွန်ုပ်အား ကျေးဇူးတင်ကြောင်းကို ပြောပါသည်။ "လာမည့်ရက်သတ္တပတ်ကုန်မှာ မိသားစုနဲ့အတူ ငှင်းကျွန်းပေါ်မှာ အနားယူဖို့ ကျွန်မ စဉ်းစားနေတယ်" ဟု ငှင်းက ပြောပါသည်။

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု၏ ရေတပ်သင်္ဘောများသည် မြေထဲပင်လယ်နောက်ဘက်ပိုင်းတွင် (အခင်းဖြစ်နေရာ အနီးတွင်) ရှိနေဆဲဖြစ်သည်ဟု ၎င်းအား ကျွန်ုပ်က သတိမေ့ပေးလိုက်ပါသည်။ ကျွန်ုပ်တို့ ရယ်မောကြပါသည်။ ရုံးပြန်ဖွင့်သည့် တနလ်ာနေ့တွင်မူ ကျွန်ုပ်၏ရှေ့နေများသည် သာယာလှသည်ကား မဟုတ်ကြပါ။

Ana နှင့် ကျွန်ုပ်တို့သည် အကောင်းဆုံးသော သူငယ်ချင်းများဖြစ်လာခဲ့ကြပါသည်။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၃၇ ပီစာနှင့်နွားနို့

နိုင်ငံအချင်းချင်း ကျောင်းသားများ ဇလုပ်ရေးအစီအစဉ်များသည် အံ့သြဖွယ်ရာကောင်းသည့် အစီအစဉ်များဖြစ်ကြပါသည်။ အမေရိကန်လူငယ်များအား ပင်လယ်ရပ်ခြားသို့ ပို့ပေးခြင်းဖြစ်သည်။ ရက်အနည်းငယ်သာကြာသည်ပင်ဖြစ်စေ ၄င်းတို့အား အတွေ့အကြုံအသစ်သို့ မျက်စိပွင့်စေပြီး အမေရိကန်မဟုတ်သည့် ကမ္ဘာတစ်ခုအား နားလည်စေပါသည်။ ၄င်းနိုင်ငံ၏ နိုင်ငံသားဖြစ်ရသည်မှာ မည်သို့ဖြစ်သည်ကို ပို၍ခံစားစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ နိုင်ငံတွင်းသို့ခေါ်ယူရမည့် ဇလုပ်မှုများသည် အရေးကြီးမှုလျော့နည်းသည့် ဇလုပ်မှုများမဟုတ်ကြပါ။

ကမ္ဘာတစ်ဝန်းလုံးမှ လူငယ်များကို အမေရိကန်သို့ ခေါ်သွင်းလာမှုကြောင့် ၄င်းတို့အား တကယ့် အမေရိကန်နိုင်ငံနှင့် ၄င်းတွင်နေထိုင်ကြသည့် ကြီးမြင့်သည့် ပြည်သူများကို တွေ့ကြုံစေပါသည်။ ဖန်သားပြင်ပေါ်တွင် မတွေ့ရဖူးသည့် အမေရိကန်နိုင်ငံမျိုးကို ၄င်းတို့က တွေ့ကြပါလိမ့်မည်။

ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည့် ဓာတ်ဝိုင်းကာလအတွင်းက ကွယ်လွန်သွားသူ Robin Cook သည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် "အမေရိကန်၏ ကတိကဝတ်" ဟူသော အစီအစဉ်တစ်ခုကို ထူထောင်ခဲ့ပါသည်။ ၄င်းအစီအစဉ်က လိုအပ်နေသောလူငယ်များကို သွန်သင်မှု၊ လုံခြုံသည့် နေထိုင်စရာနေရာနှင့် ပညာပေးရေးတို့တွင် အကူအညီပေးပါသည်။

ဤအစီအစဉ်အရ Robin က တင်ပြလာမှုကြောင့် အမေရိကန်မှ ကျောင်းသားအရွယ်နှစ်ဦးကို လန်ဒန်ရှိ ဗြိတိသျှနိုင်ငံခြားရေးနှင့် ဓနသဟာယနိုင်ငံများဆိုင်ရာ

www.burmeseclassic.com



www.burmeseclassic.com

ဝန်ကြီးဌာနဒွန်လည်းကောင်း၊ ဗြိတိန်မှ အလားတူနှစ်ဦးကို အမေရိကန်နိုင်ငံခြားရေးဌာနတွင်လည်းကောင်း ထားရှိလေ့လာစေရန် ဖြစ်ပါသည်။ ဤသည်မှာ အလုပ်ဖြစ်ပါသည်။ ကျွန်ုပ်၏ ကျယ်ပြန့်ရှုပ်ထွေးလှပြီး ထူးဆန်းသည့်နိုင်ငံခြားရေးဌာန အကြောင်းကို ၄င်းလူငယ်များက မည်သို့လေ့လာမှတ်သားကြသည်ကို စိစစ်ရမည်မှာ ပျော်စရာကောင်းပါသည်။ နောက်ဆုံးရက်များတွင် ထိုလူငယ်ကလေးများအား ကျွန်ုပ်၏ရုံးခန်းထဲသို့ခေါ်ယူ၍ သူတို့၏မိခင်များထံသို့ ဖုန်းဆက်စေပြီး ကျွန်ုပ်ကလည်း ခဏတာမျှ ၄င်းမိဘများနှင့် စကားပြောပါသည်။ ဤသည်က လူတိုင်းကို နှစ်သိမ့်စေပါသည်။

Robin အားဆက်ခံသူ နိုင်ငံခြားရေးဝန်ကြီး Jack Straw လက်ထက်တွင် ၄င်းအစီအစဉ်ကို ဆက်၍ပြုလုပ်ကြရာ သာလွန်စွမ်းဆောင်နိုင်သူနှင့် အသက်မွေးမှုအရ အောင်မြင်သည့်လူငယ်များကိုရွေးရန် ကျွန်ုပ်က အကြံပြုခဲ့ရာ ဆောင်ရွက်ခဲ့ကြပါသည်။ တက္ကသိုလ်တွင် ပညာသင်ရန် ဦးတည်နေသူမဟုတ်သည့် လူငယ်နှစ်ဦး၊ နောက်ကြောင်းတွင် ပြဿနာအမျိုးမျိုးရှိခဲ့သည့် လူငယ်နှစ်ဦးကို Jack က ပို့လိုက်ပါသည်။

ရက်သစ္တာပတ်နှစ်ပတ်မျှ နေစဉ်ကာလအတွင်း ၄င်းတို့သည် အရေးကြီးသည့် ပုဂ္ဂိုလ်များနှင့်တွေ့ခဲ့ပြီး ကျွန်ုပ်တို့၏ အထိမ်းအမှတ်နေရာများသို့ လည်ပတ်ကြသည်။ ၄င်းတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးများ၊ ကွန်ဂရက်လွှတ်တော် ကြားနာမှုများသို့ပင် ကျွန်ုပ်က ခေါ်သွားပါသည်။ ၄င်းတို့က နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအဖြင့် အမှန်တကယ် မည်သို့အလုပ်လုပ်သည်ကို မြင်ကြရသည်။ အတိတ်တွင် ပြဿနာရှိခဲ့သည့် အဆိုပါလူငယ်များကို သမ္မတထံသို့ ခေါ်လာမည်ဖြစ်ကြောင်းကိုသမ္မတ Bush အား ကျွန်ုပ်က ကြိုတင်၍ ဖုန်းဆက်ထားပါသည်။

ဧည့်ကြိုများအား ဖြတ်ကျော်ပြီး ကျွန်ုပ်တို့က သမ္မတရုံးခန်းထဲသို့ တိုက်ရိုက်ဝင်သွားကြရာ သမ္မတသည် ကျွန်ုပ်တို့အား စောင့်ကြိုနေပါသည်။ ထိုလူငယ်များသည် တအံ့တသြဖြစ်ကြပါသည်။ စကားစမြည်ပြောကြရာ၌ သမ္မတက ခပ်တိုတိုနှင့် ပွင့်ပွင့်လင်းလင်းပင် တစ်ခါက ၄င်းအနေဖြင့် အရက်စွဲခဲ့ဖူးကြောင်း၊ ၄င်းကိစ္စကို မည်သို့ဖြတ်ကျော်လွန်မြောက်လာနိုင်ခဲ့ကြောင်း၊ ဘဝသစ်ကို ဖန်တီးရန် ဆက်လျှောက်ခဲ့ကြောင်း၊ နောက်ဆုံးတွင် သမ္မတဖြစ်လာကြောင်းကို ပြောပြပါသည်။ သမ္မတရုံးခန်းမှ ထွက်ခွာရာတွင် စကားမပြောနိုင်ဖြစ်နေကြသည့် လူငယ်နှစ်ဦးကို ကျွန်ုပ်၏ရုံးခန်းသို့ ခေါ်သွားပါသည်။ ၄င်းတို့၏ဘဝမှာ ပြောင်းလဲခဲ့ပါသည်။ ဗြိတိန်သို့ ပြန်ရောက်သောအခါ ၄င်းတို့က ၄င်းတို့၏ အံ့ချီးဖွယ်ရာအတွေ့အကြုံများနှင့် အံ့သြဖွယ်ရာဖြစ်သည့် ကြင်နာရက်ရောသည့် သူတို့တွေ့ခဲ့သည့် ပြည်သူများအကြောင်းတို့ကို သတင်းဖြန့်ကြပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လူငယ်ချင်းဖလှယ်ရေးအစီအစဉ်အချို့ရှိရာ ၄င်းတို့တွင် "လူငယ်သံအမတ်များ" Youth Ambassadors (YA) ဟူသည့် အစီအစဉ်တစ်ခုလည်း ပါဝင်ပါသည်။ ၄င်းအဆိုအစဉ်က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဘရာဇီးလ်နိုင်ငံတွင်စတင်ပြီး ထိုနောက် အာဂျင်တီးနား၊ ချီလီ၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ဂင်းပတ်ဝန်းကျင်ဒေသတစ်ခုလုံးသို့ တိုးချဲ့ခဲ့သည်။ ဂင်းအစီအစဉ်အရ အထက်တန်းကျောင်းသူကျောင်းသားများသည် အမေရိကန်သို့ ရက်သတ္တပတ်အနည်းငယ်ကြာ လာရောက်ကြပြီး အရေးကြီးသည့်ပုဂ္ဂိုလ်များနှင့်တွေ့ကြသည်။ မြင်ကွင်းကောင်းသည့်နေရာများသို့ လည်ပတ်ကြသည်။ ထို့နောက် မိမိတို့စွဲမှတ်ရသည်များကို အိမ်အပြန်တွင် ဆောင်ယူသွားကြသည်။

၂၀၀၂ ခုနှစ် ဆောင်းရာသီတွင် ကျွန်ုပ်၏ရုံးခန်း၌ ဘရာဇီးခရီးလှည့်ပါသည်။ ကျွန်ုပ်တို့၏ အစီအစဉ်က ဂင်းလူငယ်များကို မည်သို့သက်ရောက်မှုရှိသည်ကို သိလိုသဖြင့် ကျွန်ုပ်၏သံအမတ်အား ဂင်းတို့ထိုဒေါ်ယုနိုင်းပြီး ဂင်းတို့နှင့် စကားပြောခဲ့ကြသည်။ သံအမတ်ကြီး၏ နောက်ဖေးဘက်နေရာတွင် ကျွန်ုပ်သည် ဂင်းတို့နှင့်တွေ့ခဲ့ပြီး ဂင်းတို့က ဂင်းတို့၏ ဘဝအကြောင်းနှင့် ဂင်းတို့၏ အနာဂတ်အစီအစဉ်များအကြောင်းကို ပြောပြကြသည်။ ဂင်းတို့သည် အထူးရွေးချယ်ထားသည့် သူများဖြစ်ကြသည့်အားလျော်စွာ ဂင်းတို့တွင် အနာဂတ်၌ အောင်မြင်လိုသည့် မျှော်လင့်ချက်များရှိကြပါသည်။ တုန္ဒတိများကို ပိုင်လိုခြင်းနှင့် သမ္မတဖြစ်လိုခြင်း စသည့် မျှော်လင့်ချက်များဖြစ်ကြပါသည်။

ဂင်းတို့အနေဖြင့် အမေရိကန်တွင် လျှောက်ခဲ့ကြပါသလားဟု မေးခဲ့ပါသည်။ အထူးသဖြင့် ဂင်းတို့အား မျှော်မှန်းစရာ သို့မဟုတ် ဝမ်းနည်းစရာဖြစ်လောက်သည့် အလန့်တကြားကိစ္စများရှိခဲ့လေသလောဟု ကျွန်ုပ်က သိလိုပါသည်။

လူငယ်တစ်ဦးက လက်ကိုထောင်ပြီး "တစ်နေ့တွင် ကျွန်ုပ်တို့ဟာ ကျောင်းမှာ နေလည်စာစားနေကြပါတယ်။ ကျွန်ုပ်က ပီစာစားစရာပေါ်တွင် ခရမ်းချဉ်သီးဆော့ ထည့်စားတာကို အမေရိကန်ကျောင်းသားတစ်ဦးက ရယ်တာကို ကျွန်ုပ် တအံ့တသြဖြစ်ရပါတယ်။ အလွန်ပင် တအံ့တသြဖြစ်မိပါတယ်။" ဟု ပြောပါသည်။ "ပီစာမှာ ခရမ်းချဉ်သီးနှစ်အလုံးအလောက်ပါတယ်လို့ အမေရိကန်အများစုက ယူဆကြပါတယ်" ဟု ကျွန်ုပ်က မပြုံးမိအောင်ထိန်းရင်း ကြင်နာစွာ ပြောပါသည်။

နောက်တစ်ဦးကလည်း "ဂင်းတို့က ကျွန်ုပ်တို့အား နွားနို့နှင့် ပီစာမုန့်တို့ကိုရောင်း ဈေးဆွေးတာကို ကျွန်တော် မယုံနိုင်အောင်ဖြစ်ရတယ်" ဟု ပြောပြန်သဖြင့် မပြုံးမိအောင် ထိန်းထားရပြန်သည်။

ထို့နောက် အဂျီးသမီးငယ်တစ်ဦးက လက်ထောင်ပြီး ချီကာဂိုတွင် ဖြစ်ခဲ့သည်ကို ပြောပါရစေဟု ပြောလာပါသည်။ ဂင်းတို့က စားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်ကြရာမှ ငွေမလောက်ဖြစ်ရသည်ကို စားပွဲထိုးအမျိုးသမီး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

က ခဏနေပါဦးဟုပြောပြီး ထွက်သွားကြောင်း၊ ခဏအကြာတွင် ၄င်းအမျိုးသမီးပြန်ရောက်လာပြီး စိတ်မပူရန် နွေးထွေးသည့်အပြုံးဖြင့်ဆိုလာကြောင်း၊ ကျွန်ုပ်တို့၏ပြဿနာကို ၄င်းအမျိုးသမီးက မန်နေဂျာထံသို့ တင်ပြရာ မန်နေဂျာက ကျွန်ုပ်တို့ထံသို့ သတင်းစကားပါးလိုက်ရာ၌ "ကျွန်ုပ်တို့ စားသောက်ဆိုင်ကို ခင်ဗျားတို့လာရောက်သည်ကို ဝမ်းသာပါသည်။ အစားအသောက်များကို သုံးဆောင်ရန်ကောင်းလိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်ရဲ့မြို့သို့ရောက်နေသည်ကို ဝမ်းမြောက်ပါသည်။ အမေရိကန်တွင်နေရသည်ကို သင့်အနေဖြင့် ပျော်ရွှင်လိမ့်မည်ဟု မျှော်လင့်ပါသည်" ဟု ဖော်ပြထားကြောင်း ၄င်းအမျိုးသမီးငယ်က ပြောပါသည်။

၄င်းတို့သည် မှင်တက်မိသလိုဖြစ်သွားပါသည်။ ဤကဲ့သို့သော ကြင်နာမှုမျိုးကို ၄င်းတို့က ဘယ်တော့မျှ မမျှော်လင့်ထားခဲ့ပါ။ ကျွန်ုပ်တို့က ၄င်းတို့အား ကွန်ဂရက်စ်မတ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အခြားသော ဝုဏ်သရေရှိလူကြီးများနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ သို့သော် ချီကာဂိုရှိ စားသောက်ဆိုင်မန်နေဂျာသည် ၄င်းတို့အတွက် အမှတ်ထင်စေဆုံးဖြစ်ခဲ့ပြီး အမေရိကန်နိုင်ငံအပေါ် ရှုမြင်ကြသည့်အမှတ်ရမှုကိုလည်း ဖြစ်စေခဲ့ပါသည်။

နောက်ထပ်အမျိုးသမီးတစ်ဦးကလည်း လက်ဆောင်ပြပြီး လေယာဉ်ပေါ်မှ အတွေ့အကြုံကိုပြောပြပါသည်။ လေယာဉ်ပေါ်၌ ၄င်းအမျိုးသမီးငယ် ထိုင်နေသည့်ထိုင်ခုံ၏ နံဘေးခုံတွင် အမျိုးသမီးတစ်ဦးဝင်ထိုင်ကြောင်း၊ ခွင့်လွှတ်ပါဟု ကျွန်မအားပြောသဖြင့် ၄င်းက အဘယ်ကြောင့်တောင်းပန်ရပါသလဲဟုမေးရာ ဝင်ထိုင်သူအမျိုးသမီးက ဝင်ထိုင်စဉ်က ၄င်း၏ကိုယ်နှင့် သူမ၏ ကိုယ်ခန္ဓာကို ပွတ်မိသွားသဖြင့် တောင်းပန်ရကြောင်း၊ အနောင့်အယှက်မဖြစ်ပါစေနှင့်ဟု မျှော်လင့်ကြောင်းကို ၄င်းအမျိုးသမီးက ပြောဆိုသည်ကို ယခုအမျိုးသမီးငယ်က ပြန်ပြောပြပါသည်။

ယဉ်ကျေးမှုအရဖြစ်သော ၄င်းပြုမူချက်တစ်ရပ်သည် ၄င်းဘရာဇီးအမျိုးသမီးငယ်ပေါ်တွင် အဘယ်ကြောင့် စွဲကျန်ရစ်သည်ကို ပြောရန်ခက်ပါသည်။ ဤနိုင်ငံတွင် ထိုကဲ့သို့သော ကောင်းသည့်အပြုအမူများကို မမျှော်လင့်ထားသည်လည်း ဖြစ်နိုင်ပါသည်။ ဤကဲ့သို့သော ကြင်နာမှုမျိုးကို ဘရာဇီးလ်တွင် ကြုံလေ့ကြုံထမရှိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ၄င်းအဖြစ်အပျက်သည် သူမနှင့်အတူ စွဲကျန်ရစ်ပါသည်။

၄င်းတို့အနေဖြင့် ဘရာဇီးနိုင်ငံသို့ ပြန်ရောက်လာသောအခါ ၄င်း YAကျောင်းသားအုပ်စုသည် ရပ်ဝန်းတွင်ပေါ်လာပြီး ဘရာဇီးပြည်သူများအတွက် ချစ်ကြည်မှုကို ပွားများစေခဲ့ပါသည်။ ယခုအခါ ဘရာဇီးနိုင်ငံ၏ ပြည်နယ်တိုင်းတွင် ၄င်းကျောင်းသားအဖွဲ့များ ရှိကြပါသည်။ YAကျောင်းသားများထဲမှ တစ်ဦးတစ်ယောက်မျှ ကော်ဖီရေးရှင်း၏ ခေါင်းဆောင်သော်လည်းကောင်း၊ နိုင်ငံ၏သမ္မတသော်လည်းကောင်း ဖြစ်မလာကြသေးပါ။ သို့သော် Casio ကဲ့သို့သော အနည်းငယ်ကျဉ်းဖြစ်သည့် ပုဂ္ဂိုလ်များကား ထွက်ပေါ်လာပါသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

Casio သည် မိမိ၏ မြို့ငယ်ကလေးသို့ ပြန်ရောက်သောအခါ မိမိ၏ အတွေ့အကြုံများကို မျှဝေပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ "ကျွန်ုပ်၏ အောင်မြင်မှု၏လျှို့ဝှက်ချက်သည် အင်္ဂလိပ်စာပိုင်နိုင်မှုဖြစ်သည်ကို ကျွန်ုပ် သိလာရသည်" ဟု ၄င်းကဆိုပါသည်။ သူသည်ကိုယ်ပိုင်ဘာသာစကားသင်တန်းကျောင်းတစ်ခုကို ထူထောင်ပါသည်။ "ကျောပိုးအိတ်" ဟု အမည်ပေးထားပါသည်။ "အမည်တံဆိပ်ပေးရသည်မှာ အရေးကြီးသည်။ လူတွေကမှတ်မိမည့်အမည်ကို ပေးရပါမည်" ဟု ၄င်းကပြောပါသည်။ ၄င်း၏ကျောင်းအကြောင်းကို ၄င်း၏ဝက်ဘ်ဆိုက်တွင် ကြေညာပါသည်။ ၄င်းက မြို့တော်ဝန်ထံသို့သွားရောက်ပြီး စာအုပ်များကို အကူအညီသွားတောင်းပါသည်။ မြို့တော်ဝန်က ၄င်းအား စာအုပ်များကိုပေးပါသည်။ သံအမတ်ကြီး Danilovich ထံ အကူအညီတောင်းသဖြင့် သံရုံးကလည်း အကူအညီပေးပါသည်။

နောက်ပိုင်းတွင် ဘရာဇီးတက္ကသိုလ်သို့ ဝင်ရောက်ကြသည့် YA ကျောင်းသားအရွယ် ကျောင်းသားများသည် Casio ကဖွင့်ထားသည့် ဝင်ခွင့်စာမေးပွဲ ကြိုတင်ပြင်ဆင်မှုအစီအစဉ်သို့ ဝင်ရောက်ခဲ့ကြပါသည်။ သင်တန်းကာလ တစ်ပိုင်းစီအတွက် အမေရိကန်လေးဒေါ်လာခန့်ကို သင်တန်းကြေးအဖြစ် ထုပါသည်။ "အခဲ့သင်တန်းပေးပါက ၄င်းတို့က လေးစားတန်ဖိုးထားကြမည်မဟုတ်" ဟု Casio က ဆိုပါသည်။ ရေးကွက်ရှာရာတွင် Casio တွင် တောက်ပသည့် အနာဂတ်ရှိပါသည်။

YA ကျောင်းသားများ၏ အောင်မြင်မှုသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အောင်မြင်မှုပင်ဖြစ်သည်။ (၄င်းက ချစ်ကြည်မှုများစွာကို ပွားများစေပါသည်။) ထိုမျှမကပါ။ ဤသည်မှာ အမေရိကန်ပြည်သူများ၏ အောင်မြင်မှုလည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပြည်သူများသည် ကျွန်ုပ်တို့၏ အကောင်းဆုံးသော သံအမတ်များနှင့် ဖြစ်မြောက်အောင် ဆောင်ရွက်သူများဖြစ်ကြပါသည်။

လူငယ်များက မည်သည်ကိုတွေးမြင်နေသည်ကို သင်က ဘယ်တော့မျှမတွေးနိုင်ပါ။ သို့သော် ၄င်းတို့က အမြဲပင် တွေးမြင်နေကြပါသည်။ အကဲဖြတ်နေကြပါသည်။ ၄င်းတို့အား အကယ်၍ ကျွန်ုပ်တို့က လုံလောက်သည့် အတွေ့အကြုံများကို ပေးစွမ်းနိုင်မည်ဆိုပါလျှင် ၄င်းတို့က မိမိတို့၏ဘဝနှင့် အခြားသူများ၏ဘဝတို့ကို ကောင်းစေရန် အသုံးပြုမည့်အရာများကို ၄င်းတို့နှင့်အတူ ဆောင်ယူကြပါလိမ့်မည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၃၈ ဒိုင်ဆိုသူ ဝမ်းကွဲအစ်ကို

ကျွန်ုပ်၏ မိဘများသည် ဂုဏ်ယူတတ်သော ဗြိတိသျှလက်အောက်ခံ နိုင်ငံသားများဖြစ်ကြသည်။ ၄င်းတို့သည် အမေရိကန်နိုင်ငံသားများဖြစ်လာကြပြီး ၄င်းတို့၏ နိုင်ငံသစ်ကို နှလုံးသားထဲမှ ချစ်မြတ်နိုးကြသော်လည်း ၄င်းတို့၏ ဂျမေကာမျိုးရိုးနှင့် မူရင်းဗြိတိသျှနိုင်ငံကူးလက်မှတ်တို့က ၄င်းတို့အား ၄င်းတို့၏ အိုးအိမ်နှင့်ပတ်သက်၍ ဘယ်တော့မျှ မမေ့မျောက်စေပါ။ ကျွန်ုပ်သည် နယူးယောက်တွင် မွေးဖွားပါသည်။ သို့သော် အိုးအိမ်(မိသားစု)နှင့်ပတ်သက်သည့် ခံစားမှုကို မိဘများထံမှ အမွေဆက်ခံခဲ့ပြီး ကျွန်ုပ်ကိုယ်ကိုလည်း ဂျမေကာလူမျိုးတစ်ဦးအဖြစ်သာမက အတော်အတန်အားဖြင့် ဗြိတိသျှလူမျိုးတစ်ဦးလည်းဖြစ်သည်ဟု ခံစားရပါသည်။

ကျွန်ုပ်ကို Colin ဟူသည့် ဗြိတိသျှအမည်ကိုပေးထားပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သင်္ဘောတစ်စင်းအား အောင်မြင်စွာတိုက်ခိုက်ရာ၌ ဂျပန်လေယာဉ်က တိုက်ခိုက်သဖြင့် မိမိ၏ B-17 လေယာဉ်ထိမှန်ခံရစဉ် လေယာဉ်ပေါ်တွင် ပါသူ အခြားခြောက်ဦးက လေယာဉ်ထဲမှ ခုန်ထွက်နိုင်သည်အထိ လေယာဉ်ကို ဆက်ထိန်းပြီးနောက် လေယာဉ်ပေါက်ကွဲပြီး သေဆုံးခဲ့သူ လေယာဉ်မှူးဗိုလ်ကြီး Colin ကို အစွဲပြု၍ မှည့်ခေါ်ခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် အမျိုးသားလုံခြုံရေး အကြံပေးဖြစ်လာသည့်အချိန်အထိ ၄င်းအမည်ကို အမှတ်မထင်ရှိခဲ့ကြပါသည်။ ကျွန်ုပ်၏အမည်ကို မည်သို့ အသံထွက်ရမည်ကို စာနယ်ဇင်းများက မေးလာကြသဖြင့် "Coh-lin" ဟု အသံထွက်ရန် ကျွန်ုပ်ကပြောကြားခဲ့သည်။

ဗြိတိသျှမျိုးရိုးနှင့် ပြန်လည်မထိတွေ့မီအထိ နှစ်ပေါင်းအတော်ကြာခဲ့ပါသည်။ ယူနိုက်တက်ကင်းဒမ်းက အရေးကြီးသည့် အခန်းမှပါဝင်ခဲ့သော ပထမပင်လယ်ကွေ့

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

စစ်ပွဲ အပြီးတွင် ဗြိတိသျှဘုရင်မကြီးက ကျွန်ုပ်အား "Knight Commander of the Order of the Bath" ဘွဲ့ကို ပေးအပ်ခဲ့သည်။ ကျွန်ုပ်သည် ဗြိတိသျှနိုင်ငံသားတစ်ဦးမဟုတ်ဘဲ ယခင်က သူပုန်ထခဲ့သည့် ကိုလိုနီနိုင်ငံမှ နိုင်ငံသားတစ်ဦးသာဖြစ်သည့်အတွက် ၎င်းဘွဲ့ကို ဂုဏ်ထူးဆောင်ဘွဲ့အဖြစ်သာပေးအပ်မည်ဖြစ်ပြီး သင့်တင့်ရုံသာဖြစ်သည့် အခမ်းအနားဖြင့်သာ ပေးအပ်ရန်ဖြစ်ပါသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်တွင် Alma နှင့် ကျွန်ုပ်တို့သည် အခမ်းအနားတက်ရောက်ရန် Buckingham နန်းတော်သို့ ရောက်ရှိပါသည်။ ချိန်းဆိုထားသည့်အချိန်တွင် ဒုတိယမြောက် Elizabeth ဘုရင်မ၏ သေးငယ်သော်လည်း သပ်ရပ်သည့်အခန်းထဲသို့ ဖိတ်ခေါ်သဖြင့် ဝင်ကြပါသည်။ ဘုရင်မသည် ကျွန်ုပ်တက်သို့ လျှောက်လှမ်းလာရင်း စားပွဲပေါ်ရှိ ဘွဲ့တံဆိပ်ကိုထည့်ထားသည့် သားရေဘူးတစ်ဘူးကို တောက်ယူထား ကျွန်ုပ်တို့ထံသို့ ချဉ်းကပ်လာပြီး "တွေ့ရတာ ကောင်းလိုက်တာ ဗိုလ်ချုပ်ကြီး Powell နဲ့ ခန်းတို့ရေ၊ ဒီဟာကို ပေးရတာ ဝမ်းမြောက်ပါတယ်" ဟု ပြောပြီး ဘွဲ့တံဆိပ်ဘူးကို ကျွန်ုပ်အား ပေးပါသည်။ ထည်ဝါခမ်းနားမှုမပါ၊ ဝတ်ရုံမပါ၊ ဓာတ်ပုံဆရာ မပါသည့် အခမ်းအနားပင်ဖြစ်သည်။ ထို့နောက် ဘုရင်မက ကျွန်ုပ်တို့အား စကားစမြည်ပြောရန် ဖိတ်ခေါ်ရာ ကျွန်ုပ်တို့သည် (၁၅)မိနစ်ကြာမျှ နှစ်လိုဖွယ် စကားများကို ပြောဆိုခဲ့ကြသည်။ ဘုရင်မက ဤသို့ယဉ်ကျေးပျူငှာစွာ တွေ့ဆုံမှုကို လာရည်နှစ်အတော်ကြာသည်အထိ ခံစားကြည်နူးနေမည်သာဖြစ်ပါသည်။

နန်းတော်မှထွက်လာပြီးနောက် အပြင်ဘက်တွင် ဓာတ်ပုံရိုက်ကြပါသည်။ ကျွန်ုပ်တို့သည် အခြားသော ဧည့်ဝင်မိသားစုများနှင့် တွေ့ဆုံရန်လည်း အခွင့်အရေးပေးခံရပါသည်။ တွေ့ကြရသည်မှာ အမှတ်ရစရာပင်ဖြစ်ပါသည်။ သို့သော် မင်းသမီး Diana နှင့် တွေ့ဆုံရသည်မှာ အမှတ်ရစရာအကောင်းဆုံးဖြစ်ပါသည်။

ကျွန်ုပ်နှင့် Diana တို့သည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် ပထမဆုံးတွေ့ဆုံခဲ့ကြသည်။ ပါရှင်တန်ရှိ ဗြိတိသျှသံရုံးတွင် သူမအားဧည့်ခံသည့် နေ့လယ်စာစားပွဲတစ်ခုတွင် ဖြစ်ပါသည်။ သူမသည် ဓာတ်ပုံထဲတွင် လှသလိုပင် အပြင်တွင်လည်း လှပါသည်။

ထိုအချိန်တွင် လန်ဒန်ထုတ်သတင်းစာတစ်စောင်က ၁၅၀၀ ပြည့်လွန်နှစ်များတွင် နေထိုင်ခဲ့သည့် Earl of Coote အထိ ဆွေစဉ်မျိုးဆက်ကို ဖော်ပြလျက် ကျွန်ုပ်နှင့် Diana တို့ အမျိုးတော်စပ်သည့်သဘောမျိုးရေးသားခဲ့သည်။ ၎င်းသတင်းကို ဤအတိုင်းပင်ထားလိုက်ပါသည်။

၁၉၉၅ ခုနှစ်တွင် ကျွန်ုပ်တို့တွေ့ကြပြန်သည်။ ဦးနောက်ကြောင့် အကြောသေရောဂါဖြစ်မှုကို သုတေသနပြုရေးအတွက် ရန်ပုံငွေ ညနေစာထမင်းစားပွဲကို နယူးယောက်တွင်ပြုလုပ်စဉ်က ဖြစ်ပါသည်။ တစ်နှစ်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

အခြားသော ပထမတန်းစားအလှူပွဲတစ်ခုတွင် ကျွန်ုပ်တို့သည် တကယ့်မိတ်ဆွေများဖြစ်လာခဲ့ကြသည်။ ရင်သားကင်ဆာသုတေသနရန်ပုံငွေအတွက် ညနေစာနှင့် ကပွဲအခမ်းအနားကို ဝါရှင်တန်တွင် ပြုလုပ်စဉ်က ဖြစ်ပါသည်။ ထိုနှစ်စောစောပိုင်းကလည်း ချီကာဂို၌ အလားတူအလှူပွဲတစ်ခုသို့ ဒိုင်ယာနာတက်ရောက်ခဲ့စဉ်က အမှတ်မထင်သူတစ်ဦးက ဒိုင်ယာနာနှင့် ဝင်ရောက်တွဲ၍ကခဲ့သဖြင့် စကော့တလန်ယဒ်လုံခြုံရေးသမားများသည် မပျော်မရွှင်ဖြစ်ခဲ့ကြပါသည်။ နောက်ထပ်ဤသို့ မဖြစ်စေရန် ယခုဝါရှင်တန်တွင်ကရာ၌ ကရန်တန်စီးနေသူများတွင် လူစိမ်းများမပါဝင်စေရန်ဖြစ်သည်။ ဒိုင်ယာနာနှင့် ပထမဆုံးတွဲကရန် ကျွန်ုပ်အားပြောပါသည်။ ထို့နောက် Oscar dela Rental နှင့် နယူးယောက်မြို့မှ ဖက်ရှင်သမားများက တွဲကကြရန်ဖြစ်သည်။

ထိုနေ့က ဗြိတိသျှသံရုံး၌ နေ့လယ်စာသုံးဆောင်ရာတွင် ဒိုင်ယာနာနှင့် ကျွန်ုပ်တို့သည် ကပ်ရှဲထိုင်ကြပါသည်။ ညနေပိုင်းတွင်ကမည့် ကပွဲအကြောင်း ပြောဆိုကြပါသည်။ နေ့လယ်စာစားပြီးနောက် သူမက အနည်းအကျဉ်း အကလေ့ကျင့်ကြရန် ပြောလာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စားသွားမပါဘဲ သံရုံး၏ထမင်းစားခန်းနှင့်ကပ်လျက်ရှိသည့် အခန်းတစ်ခန်းတွင် အကလေ့ကျင့်ကြပါသည်။ ညနေပိုင်းပွဲအတွက် သူမ၏ဝတ်စုံမှာ ကျော့ဘက်တွင် ဟင်းလင်းဖြစ်သည့် ဝတ်စုံဖြစ်သဖြင့် ကနေစဉ် ကျွန်ုပ်၏လက်ကို မည်သည့်နေရာတွင်ထားရမည်ကို ကျွန်ုပ်က ဆုံးဖြတ်ရပါမည်။ ဤသည်ကို ကိုင်တွယ်နိုင်လိမ့်မည်ဟု ကျွန်ုပ်က ယူဆပြီး အပြင်သို့ ကမန်းကတန်းသွား၍ ဖိနပ်အသစ်ကို ဝယ်ပါသည်။ ၄င်းညနေတွင် ကြီးစွာအောင်မြင်ခဲ့ပါသည်။ လူတွေက မနာလိုဖြစ်လာကြသည်အထိပင်ဖြစ်သည်။

နောက်ပိုင်းနှစ်များတွင် ခရစ္စမတ်ကတ်ပြားပေးပို့ခြင်း၊ တစ်ခါတစ်ရံ စာရေးသားခြင်းများ အပြန်အလှန်ပြုလုပ်ခဲ့ရာ ပါရီမြို့၌ အဖြစ်ဆိုးကြုံရပြီး သေပွဲဝင်ရသည့် ညအထိပင်ဖြစ်ပါသည်။

သူမအနေဖြင့် ပြည်သူ့ချစ်မင်းသမီးအဖြစ် ကျော်ကြားလာမှုကပင် သူမအား သေပွဲဝင်စေသည့် အခြေအနေများကို ဖန်တီးခဲ့ပါသည်။ သတင်းကြီးသူ၏နောက်သို့ သတင်းလိုက်သည့် သတင်းထောက်များ၊ လူပြိန်းကြိုက်သတင်းစာများ၊ အင်တာနက်တိုးချဲ့လာမှု၊ လူမှုကွန်ရက်များ ကြီးထွားလာမှုနှင့် တယ်လီဖုန်းတွင် ကင်မရာများ တပ်ဆင်လာမှုတို့ကြောင့် အများပြည်သူတို့၏ဘဝတို့ကို ပို၍ထိခိုက်လွယ်လာစေပါသည်။ မီဒီယာများက ဝင်နောင့်မှုများမှာ တစ်ခါတစ်ရံဖြစ်သည့် ကသိကအောက်ဖြစ်မှုများ မဟုတ်တော့ဘဲ အမြဲဖြစ်နေသည့် ကိစ္စဖြစ်လာသည်။ သတင်းနှင့် အတင်းများသည် အလွန်မြန်ဆန်လှသည်ဖြစ်ရာ သတင်းမှားတစ်ခုသည် ကမ္ဘာအနှံ့သို့ အလင်းရောင်၏အမြန်နှုန်းဖြင့် ရောက်သွားပြီး သန်းပေါင်းများစွာသော နေရာတို့တွင် စူးနစ်ဝင်ရောက်သွားပါသည်။ ၄င်းသတင်းမှားကို ပြုပြင်ထားသည့် အမှန်တရားသည်ကား ဤသို့သောပျံနှံ့မှုမျိုးကို ရခဲပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

လူ(၃၀၀)တက်ရောက်သည့် ညှဉ်ခဲပွဲတစ်ခုသို့ တက်ရောက်ရာတွင် သင့်အနေဖြင့် ကင်မရာ(၃၀၀)နှင့် ထိတွေ့စေနိုင်ပါသည်။ ၎င်းကင်မရာများက ရုပ်နှင့်အသံတို့ကို နေရာအနှံသိုမှီနိုင်ပါသည်။

ဒိုင်ယာနာမင်းသမီးသည် ချစ်စရာကောင်း၍ လူသိများပါသည်။ သူသေသည် ၎င်း၏ကျော်ကြားမှုနှင့် လူမှုအဝေဉ်အတန်းတို့ကို တန်ဖိုးရှိသည့် အရေးကိစ္စတို့ကို လုပ်ဆောင်ရန် အသုံးပြုခဲ့ပါသည်။ သို့သော် ၎င်းကျော်ကြားမှုသည် တုန်လှုပ်ချောက်ချားစရာဖြစ်ခဲ့ပါသည်။

အများပြည်သူရှေ့မှောက်တွင်နေရသည့်ဘဝ၌ စိန်ခေါ်မှုတစ်ရပ်မှာ သင်၏ဟန်ချက်ကို ထိန်းထားရခြင်းဖြစ်သည်။ လူအများအပြားမှာ တည်ကြည်မှုရှိကြပြီး သင့်အား ကြင်နာစွာ ဆက်ဆံလိုကြပါသည်။ သင့်ကို နှစ်လိုခြင်း ဖျင်ဝေးကြသောသူများအပေါ်တွင် နှစ်လိုမှုကိုပြုပါ။ ရောဂါကောင်နှင့် ကပ်ပါးကောင်များကို ဥပေက္ခာပြုပါ။ အများပြည်သူက သင့်အား ကျော်ကြားမှုကို ချီးမြှင့်သည်ဆိုသည်ကို အမြဲသတိရပါ။ ကျော်ကြားမှုကပေးလာသော ဩဇာအာဏာတို့ကို ထိုက်တန်သည့်ရည်ရွယ်ချက်များအတွက် အသုံးပြုပါ။ သင်၏ အတွင်းကြီးထွားလာစေရေးသက်သက်အတွက်သာ အသုံးမပြုပါနှင့်။

အများပြည်သူနှင့်ထိတွေ့ရသော သင့်ဘဝကို သင်၏အချိန်ပြည့် အသက်မွေးမှုအလုပ်အဖြစ် မဖြစ်ပါစေနှင့်။ စိတ်နောက်စရာကောင်းသည့် လူအုပ်ထံမှ မကြာခဏ ပုန်းရှောင်၍နေပါလေ။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၃၉ စကားပြောခြင်းသည် ကျွန်ုပ်၏အလုပ်ဖြစ်သည်

ကျွန်ုပ်သည် ကျွန်ုပ်၏အရွယ်ရောက်သည့်ဘဝတွင် အချိန်အများစုဌ် အများပြည်သူရှေ့မှောက်၌ စကားပြောသည့် ပညာသည်ဖြစ်ခဲ့ပါသည်။

တပ်မတော်အရာရှိအဖြစ် ပထမဆုံးထမ်းဆောင်သည့် တပ်ဖွဲ့တွင် ပထမဆုံးနှစ်ပင် ကျွန်ုပ်သည် တပ်ဖွဲ့ဝင်များကိုစကားပြောရပါသည်။ သင်ပြရပါသည်။ ၄င်းတို့နှင့် မည်သို့ထိတွေ့ရမည်။ သင်ကြားသည့် ဘာသာရပ်ကို စိတ်ဝင်စားအောင် မည်သို့ဖြုလုပ်ရမည်။ ကျွန်ုပ်က ၄င်းတို့အား သင်ကြားနေသည်ကို သင်ယူပါက မည်သို့အကျိုးရှိသည်ဆိုသည်တို့ကို အချိန်အခါအလျောက် ကျွန်ုပ်က သင်ယူခဲ့ပါသည်။ ၄င်းတို့သည် ဦးဆွေ့လာတတ်ရာ ဟာသနောရှုပြောတတ်ရန်လည်း သင်ယူထားရပါသည်။ ယောကျ်ားအရိုင်းကလေးများသာရှိသည့် ခြေလျင်တပ်ရင်းတွင်နေရသည့် ဘဝတွင် ဤသို့ ဟာသပြောရာ၌ မဟုတ်တရုတ် ပြောလေလေ ကောင်းလေလေဖြစ်ပါသည်။

၁၉၆၆ ခုနှစ်တွင် Fort Benning ရှိ ခြေလျင်သင်တန်းကျောင်းတွင် နည်းပြအဖြစ်သင်ရပါသည်။ အခန်းထဲတွင် (၂၀၀)မျှရှိသည့် ကျောင်းသားအရာရှိများကို မသင်ရခင် ရက်သတ္တပတ်အနည်းငယ်ကြာသည့် နည်းပြသင်တန်းကို တက်ရပါသည်။ သင်သည် မျက်စိချင်းဆုံ၍ မည်သို့ကြည့်ရမည်။ ချောင်းမဆိုးမိဖို့၊ ဘောင်းဘီအိတ်ထဲ လက်မနှိက်မိဖို့၊ နှာခေါင်းမကုတ်မိဖို့၊ ယားတာကို မကုတ်မိဖို့တို့ကို သင်ယူရပါသည်။ စာသင်သည့်စင်ပေါ်တွင် လမ်းလျှောက်ပုံ၊ ညွှန်ပြသည့်တုတ်ချောင်း၊ ဓာတ်ပုံဆလိုက်၊ လက်အမူအရာထားရှိပုံတို့ကို သင်ယူရပါသည်။ ထို့အပြင် ကျောင်းသားများနှင့်နီးနေစေရန် (အိပ်မင့်က်စေရန်) အသံကိုမြှင့်လိုက်နှိမ့်လိုက် မည်သို့လုပ်ရမည်ကိုလည်း သင်ယူရပါသည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၄င်းသင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ပြီး စာသင်နိုင်ပြီဖြစ်သော်လည်း ကျွန်ုပ်ကို လွှတ်မထားကြသေးပါ။ ခြေလျင်ခန်းမရှိ ကြီးမားသည့် စာသင်ခန်း၏နောက်ဘက်တွင် မှန်ပြတင်းတစ်ခုရှိပြီး သင်၏အကြီးအကဲက သင်မသိဘဲ သင်၏ သင်ပြဂုံတို့ကို စောင့်ကြည့်နိုင်ပါသည်။ ၄င်းနေရာတွင် စာသင်ရသည်မှာ ခက်ခဲပါသည်။

ကျွန်ုပ် သင်ကြားရာတွင် အားအစိုက်ရဆုံးအတန်းမှာ "တပ်ဖွဲ့အရန်သင့်ဖြစ်ရေးအစီရင်ခံစာ"ကို ဖြည့်သွင်းနည်းသင်တန်းဖြစ်သည်။ (၄င်းအစီရင်ခံစာအရ လေ့ကျင့်မှု၊ ပစ္စည်းကိရိယာ၊ လက်နက်၊ ရိက္ခာ အစရှိသည်တို့ကို ဖြည့်သွင်း၍ သင့်တပ်၏ အရန်သင့်ဖြစ်မှုကို အကဲဖြတ်ရပါသည်။) ထိုထက် ငြီးငွေ့စရာကောင်းသည်ကား မရှိတော့ပါ။ ၄င်းဖြည့်သွင်းပုံကို အရာရှိသင်တန်းပြီးသဖြင့် တာဝန်ပေးခံရမည့်အရာရှိလောင်းများကို သင်ပေးရပါသည်။ အများစုမှာ ဗိယက်နမ်သို့ အပို့ခံကြရပါလိမ့်မည်။

စာသင်ရာ၌ ပထမပိုင်းမိနစ်အနည်းငယ်တွင် အခြေအနေကောင်းပါသည်။ ထို့နောက် ၄င်းတို့သည် ကျဆင်းလာကြပါသည်။ နိုးနေရန် ကြိုးပမ်းကြသည်။ မအိပ်စေရန် တစ်ဦးကိုတစ်ဦး လက်သီးဖြင့်ထိုးကြသည်။ (၁၅)မိနစ်ကြာသောအခါ ဦးခေါင်းနှင့်စားပွဲခုံကို ရိုက်မိသံကြားလျှင် ဟာသပြောရမည့်အချိန်ဖြစ်ပါသည်။ မိနစ်(၂၀)ကြာသည့်အချိန်တွင် အရန်သင့်ဖြစ်မှုပုံစံကို ဖြည့်သွင်းပုံကိုမသိလျှင် ဗိယက်နမ်သို့ရောက်ချိန်တွင် ၄င်းတို့သေဆုံးနိုင်ကြောင်းကို ၄င်းတို့အား ကျွန်ုပ်က အသိပေးပါသည်။

မိနစ်(၃၀) ခန့်အကြာတွင် အိပ်သွားသူများကို နုံချိုကိုမှီပြီး ထရပ်စေပါသည်။ မိနစ်(၄၀)အချိန်တွင် အားလုံးနီးပါးမှာ မဟန်နိုင်ကြတော့ပါ။ ကျွန်ုပ်တွင် တီထွင်ထားသည့် ထွင်လုံးတစ်ခုရှိပါသည်။ ၄င်းမှာ မေးခွန်းတစ်ခုကိုမေးပြီး မည်သူဖြေဆိုလိုက်ကြောင်းမေးရန်ပင် ဖြစ်သည်။ ၄င်းကိစ္စကို မဆောင်ရွက်မီ ကျွန်ုပ်သည် ဟောပြောသည့် စားပွဲခုံအောက်သို့ လက်နှိုက်သွင်းပြီး အသက်ရှိ ကြက်ကလေးနှင့်တူသည့် ရော်ဘာကြက်ကလေးတစ်ကောင်ကို လည်ပင်းကိုကိုင်၍ ဆွဲထုတ်ပြီး လူအုပ်ကြီးထဲသို့ ဝဲပျံစေကာ ပစ်ချလိုက်သည်။ (၂၀၀)သော မျက်စိအစုံတို့သည် ပြူးကျယ်လာကြပါသည်။ ၄င်းကြက်ကလေး ထိမှန်သောသူက မေးခွန်းကိုဖြေရန် ညွှန်ကြားထားပါသည်။

ထိုအခြေအနေက အတန်းသားများအား အကျဉ်းချုပ်ပြောကြားရန်နှင့် နောက်တစ်နေ့တွင် တပ်ဆင်ကြရမည့် ရွှေရောင်ဘားချောင်းများအတွက် ဂုဏ်ပြုခြီးကျူးရန်၊ ပင်လယ်ရပ်ခြားသွားသောအခါ ကံကောင်းပါစေကြောင်း ဆုတောင်းပေးရန် အချိန်ရရှိပါသည်။ ဝမ်းနည်းစွာပင် အများအပြားတို့မှာ အသက်ရှင်လျက် ပြန်မလာကြတော့ပါ။ ယနေ့အထိ စိုလိမ်ချုပ်ကြီးခင်ဗျား၊ အဲဒီကြက်ကလေးကို ကျွန်ုပ် ဘယ်တော့မျှ မေ့မှာမဟုတ်ပါ"ဟု ပြောသူများကို တွေ့နေရပါသေးသည်။

www.burmeseclassic.com

bookhouse

www.burmeseclassic.com

ကျွန်ုပ်သည် အများနှင့်ဆိုင်သည့်ဘဝတွင်နေရစဉ်က သမ္မတများ၊ ဘုရင်များ၊ ကြီးမားသည့်ပရိသတ်များ၊ သေးငယ်သည့် ရင်းနှီးသူအုပ်စုများကို စကားပြောခဲ့ပါသည်။ Republican သမ္မတလောင်းရွေးပွဲနှစ်ခုနှင့် ကွန်ဂရက်လွှတ်တော်ကြားနာပွဲ အများအပြားတို့တွင်လည်း စကားပြောခဲ့ဖူးပါသည်။

၁၉၉၃ ခုနှစ်တွင် အိုးရအစွဲမှ ထွက်ခွာသောအခါ ကျွန်ုပ်သည် အသက်မွေးဝမ်းကျောင်းအရ ဟောပြောသူ တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် လေးနှစ်တာဆောင်ရွက်ခဲ့သည်မှအပ အများပြည်သူနှင့်ဆိုင်သည့် စကားပြောမှုသည် ကျွန်ုပ်၏ အဓိကလုပ်ငန်းနှင့် ဝင်ငွေရသည့်လုပ်ငန်းဖြစ်ခဲ့ပါသည်။ ကျွန်ုပ်၏ ဝင်ငွေခွန်ပုံစံကို ဖြည့်သွင်းရာတွင် ကျွန်ုပ်၏အလုပ်အကိုင်ကို ဟောပြောသူ (Speaker) ဟု ဖော်ပြပြီး နေရာရှိလျှင် "စာရေးဆရာ/ဟောပြောသူ" ဟူ၍ ဖော်ပြပါသည်။

ကျွန်ုပ်တွင် အခြားသော အလုပ်အကိုင်အခွင့်အလမ်းရှိသော်လည်း ကော်ပေါ်ရေးရှင်းများ၏ ဘုတ်အဖွဲ့တွင် လုပ်ကိုင်ခြင်း၊ ကခဏ်ရေးဆိုင်ရာ ကန်ထရိုက်အလုပ်ကိုလုပ်ခြင်း၊ ပညာရပ်အကယ်ဒမီများနှင့် စီးပွားရေးလုပ်ငန်းများတွင် အချိန်ပြည့်အလုပ်လုပ်ခြင်းထက် ဟောပြောသည့်အလုပ် (စကားပြောသည့်အလုပ်)ကို ကျွန်ုပ်ရွေးခဲ့ပါသည်။ ကျွန်ုပ်သည် အချိန်ကုန်သက်သာသည့် စီးပွားရေးလုပ်ငန်း၊ အမြတ်အစွန်းမယူသည့်အလုပ်တို့တွင် လုပ်ကိုင်ရန် အလျော့အတင်းဖြုလုပ်နိုင်ပါသည်။ ကျွန်ုပ်၏ အသက်အရွယ်တွင် နောက်ဆုံးအရာအဖြစ် ကျွန်ုပ် လုံးဝဥဿုံလိုချင်သည့်အရာမှာ အချိန်ပြည့်အလုပ်တစ်ခု၊ နေ့စဉ်နေ့တိုင်း တစ်နေရာတည်းတွင် ကျွန်ုပ်ကိုရှိနေစေမည့်အလုပ်၊ မိုးလင်းမှ မိုးချုပ်အထိ အချိန်မရွေးလုပ်နိုင်သောအလုပ်ပင် ဖြစ်ပါသည်။

၄င်းအလုပ်တစ်ခုသည် စိတ်ပျော်ရွှင်စရာကောင်းသည်၊ ရာထူးသည် မည်မျှအထိအရေးကြီးသည်ဆိုသည်မှာ ကျွန်ုပ်အတွက် မည်သို့မျှ ထူးဆန်းသည့်ကိစ္စမဟုတ်ပါပေ။

စတင်ခါစ လူများအတွက်ဆိုလျှင် စကားပြောရသည်မှာ ပျော်စရာကောင်းပါသည်။ ပို၍အရေးကြီးသည်မှာ ၄င်းက အတွေ့အကြုံသစ်များနှင့် သင်ယူမှုအသစ်များအတွက် လမ်းဖွင့်ပေးပါသည်။ ကျွန်ုပ် မတွေးမိခဲ့သော လောကထဲသို့ ကျွန်ုပ်အား ရောက်ရှိစေပါသည်။ ကျွန်ုပ်၏ ပရိသတ်များမှာ စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှုအသင်းအဖွဲ့၊ တက္ကသိုလ်နှင့် ကြီးမားသည့်စိတ်ဓာတ်လှုပ်ရှားစေသည့် အခမဲ့အနုများမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ ပရိသတ်တစ်များစီသည် တစ်ခုနှင့်တစ်ခုခြားနားပါသည်။ ၄င်းတို့သည် မည်သူများဖြစ်ကြသနည်း။ သူတို့ဘာလုပ်ကြသနည်း။ ၄င်းတို့၏ ရည်ရွယ်ချက်များကား အဘယ်နည်း။ ကျွန်ုပ်ထံမှ ၄င်းတို့က မည်သည့်အရာကို လိုအပ်နေပါသနည်း။ ကျွန်ုပ်၏ မိန့်ခွန်းကို ၄င်းအချက်များနှင့်အညီ ဦးတည်၍ ပြောကြားရပါမည်။ ကျွန်ုပ်သည် နှစ်ပတ်လည်အစီရင်ခံစာများ၊ သုတေသနပြုချက်

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

များကို မနားတမ်း ဖတ်ရှုပါသည်။ ဤသို့ဖြင့် အလုပ်တစ်ခုကို မည်သို့လျှောက်ထားရမည်ဆိုသည်အထိ သိရှိလာပါသည်။ ဖောက်သည်များအား ၄င်းတို့က ကျွန်ုပ်အား လုပ်စေလိုသည်ကို ကျွန်ုပ်က လုပ်နိုင်သည်ဆိုသည်ကို ၄င်းတို့အား သိစေပါသည်။

မိန့်ခွန်းပြောသူတစ်ဦးတွင် တာဝန်တစ်ခုထက်ပို၍ ရှိသည်ဆိုသည်ကိုသိရန် အရေးကြီးပါသည်။ ပထမအချက်အနေဖြင့် ပရိသတ်ကကြားလိုမည့်အချက်များကို ပြောကြားရန်ဖြစ်သည်။ ဟောပြောသူသည် အဖွဲ့အစည်းတစ်ခုခုကို ကိုယ်စားပြုပြောဆိုနေသည်ဆိုပါလျှင် ၄င်းသည် ၄င်းအဖွဲ့အစည်းအတွက် တာဝန်ရှိပါသည်။ မိမိထင်သလိုလုပ်သွားရ၍ မရနိုင်ပါ။ ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်စဉ်က ကျွန်ုပ်သည် အမေရိကန်ပြည်ထောင်စုကိုယ်စား စကားပြောပါသည်။ ကျွန်ုပ်၏ လုပ်ငန်းဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မိန့်ခွန်းအများစုကို ကြိုတင်ရေးသားပြီး အတည်ပြုချက် ရယူခဲ့ပါသည်။ ထို့ကြောင့် ကောင်းချီးပေးခံခဲ့ရပါသည်။ သို့သော် တစ်ခါတလေ လက်တန်းပြောသည်များလည်း ရှိခဲ့ပါသည်။ နောက်ဆုံးအချက်အနေဖြင့် ဟောပြောသူသည် မိမိကိုယ်တိုင်အတွက်လည်း တာဝန်ရှိပါသည်။ ၄င်းပါးစပ်မှ ထွက်လာသမျှကို သူကပိုင်ပါသည်။ ဆိုင်ပါသည်။ မိမိက တာဝန်မခံနိုင်သောစကားကို မပြောမိစေရန်ဖြစ်သည်။ ကျွန်ုပ်သည် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ် ရီပတ်ဘလီကင်အမျိုးသားညီလာခံတွင် စကားပြောစဉ်က ၄င်းမိန့်ခွန်းများကို ကျွန်ုပ်ကိုယ်တိုင် ရေးသားခဲ့ပါသည်။ ကျွန်ုပ်သည် ထိုသို့ရေးရာတွင် RNC ညီလာခံကိုယ်စားလှယ်များနှင့်အတူ ဆောင်ရွက်ခဲ့ပြီး မိန့်ခွန်းမပြောမီတစ်ရက်အလိုတွင် RNC ထံသို့ ပြသခဲ့ပါသည်။ ၄င်းမိန့်ခွန်းတွင်ပြောကြားခဲ့သည့်စကားလုံးများမှာ ကျွန်ုပ်၏ စကားလုံးများဖြစ်ကြသည်။ ၄င်းတို့၏ စကားလုံးများမဟုတ်ကြပါ။

မိန့်ခွန်းတိုင်းတွင် အခြေခံပုံစံတစ်မျိုးစီရှိပါသည်။ စလျှင်စချင်းတွင် ကျွန်ုပ်အကြောင်း ကျွန်ုပ်၏ဘဝတွင် မည်သို့ဖြစ်ပျက်နေသည် စသည်ဖြင့် စတင်ပါသည်။ ကျွန်ုပ်၏ မိန့်ခွန်းပြောသည့်လုပ်ငန်း၏ စောစောပိုင်းကာလများတွင် ရယ်စရာအများအပြားကို ပြောပါသည်။ ယခုအခါ မပြောတော့ပါ။ ထိုသို့ပြောမည့်အစား ကျွန်ုပ်ကိုယ်တိုင်နှင့် ကျွန်ုပ်မိသားစုများအကြောင်းကို ဝေဖန်သည့်စာတ်လမ်းများကို ပြောပါသည်။

ကျွန်ုပ်၏ မိန့်ခွန်းများတွင် ခေါင်းဆောင်မှုနှင့်ပတ်သက်သည့် အပိုင်းတစ်ပိုင်းသည် အမြဲပင်ပါရှိပါသည်။ Fort Benning တွင်ရှိစဉ်က အတွေ့အကြုံများကို ထုတ်နုတ်၍ လုပ်ငန်းတာဝန်၊ ရည်ရွယ်ချက်၊ ခေါင်းဆောင်ပိုင်းနှင့် နောက်လိုက်ပိုင်းတို့အကြား လိုအပ်သည့် ဆက်သွယ်မှုတို့အကြောင်းကို ကျွန်ုပ်က ဟောပြောပါသည်။ ထို့နောက် တပ်ဖွဲ့ဝင်များအပေါ် ဂရုစိုက်မှု၊ အဖွဲ့အစည်း၏ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကိုယ်ကျိုးမဖက်သည့် အာရုံပြုမှုရှိရန် လိုအပ်မှု၊ အခြေခံဂုဏ်သိက္ခာနှင့် ရိုးသားမှုတို့အကြောင်းကို အာရုံပြု၍ ဟောပြောပါသည်။ အကျင့်စာရိတ္တ၊ တည်ကြည်မှု၊

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

ကိုယ်ကျင့်တရားနှင့် ကာယသတ္တိရှိသော ခေါင်းဆောင်များအတွက်ကိုသာ ငယ်သားများက တောင်ကုန်းပေါ်သို့ တက်ကြပါလိမ့်မည်။

ထို့နောက် ကျွန်ုပ်၏တင်ပြမှုကို ကမ္ဘာကြီးသည် မည်သို့တဖြည်းဖြည်းပြောင်းလဲလာကြောင်းနှင့် မည်သည့် အင်အားစုများက အနာဂတ်ကို ပုံဖော်နေကြောင်းတို့ကို ရှင်းပြသည်အထိ ချဲ့ထုတ်လိုက်ပါသည်။ နိဂုံးချုပ်အဆုံးသတ်ရာတွင် အပြောင်းအလဲများ အမြဲပင်ရှိသော်လည်း ကျွန်ုပ်သည် အပြုသဘောနိဂုံးဖြင့် အမြဲပင်အဆုံးသတ်ပါသည်။ ပရိသတ်အနေဖြင့် စိတ်တက်ကြွပြီး အားတက်သည်ကို ကျွန်ုပ်က လိုချင်ပါသည်။

ကျွန်ုပ်၏စကားပြောသည့် အတွေ့အကြုံများထဲရှိ အမှတ်ရစရာအကောင်းဆုံးထဲမှ အချို့ကို ပြောပြပါမည်။ ၂၀၀၇ ခုနှစ် ညနေပိုင်းတစ်ခုတွင် Puerto Rico သို့ လေယာဉ်ဖြင့်သွားရောက်ပြီးနောက် ၄င်းကျွန်း၏ အစွန်းတစ်နေရာရှိ Conquistador ဟိုတယ်သို့ မော်တော်ကားဖြင့် သွားပါသည်။

ကျွန်ုပ်၏ဖောက်သည်မှာ Bradford White အမည်ရှိ ရေအပူပေးစက်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဩစတြေးလျ ဦးပိုင်ကုမ္ပဏီတစ်ခုကပိုင်သည့် ၄င်းစက်ရုံကို ၁၉၉၂ ခုနှစ်တွင် ၄င်းကုမ္ပဏီနှင့် ၄င်းကုမ္ပဏီ၏ မိနီဂန်မြို့ရှိ စက်ရုံကို နိုင်ငံခြားပိုင်ရှင်ထံမှ အလုပ်သမားများက ဝယ်ယူလိုက်ကြရာ သီးခြားလွတ်လပ်သည့်ကုမ္ပဏီဖြစ်လာပါသည်။ အလုပ်သမားများက အရည်အချင်းမြင့်သည့်ပစ္စည်းကို ထုတ်လုပ်ပြီး ယှဉ်ပြိုင်နိုင်ဧည့်ဟုလည်း ဝုဏ်ယူနေကြသည်။

၄င်းကုမ္ပဏီကို Bob Carnevale ဆိုသူက ဦးဆောင်လည်ပတ်နေပါသည်။ ၄င်းနှင့်ကျွန်ုပ်တို့သည် ချက်ချင်းပင် မိတ်ဆွေများဖြစ်လာပါသည်။ ဟောပြောရန် စင်ပေါ်သို့မတက်မီလေးတွင် ကျွန်ုပ်ကို ယခုနေရာအထိ ရုတ်တရက် စကားပြောသူအဖြစ် အာဃာတ်ကြောင့် ချွဲခေါ်ခဲ့ပါသနည်းဟု မေးကြည့်ရာ ၄င်းက "ကျွန်ုပ်၏ အရောင်းသမားများက ဤနေရာသို့လာရောက်ပြီး သင်ပြောတာကို နားထောင်ကာ စိတ်လှုပ်ရှားစေဖို့ မဟုတ်ပါ။ ရေပူပေးစက်များကို ၄င်းတို့က မည်သို့ရောင်းရမည်ကို ကျွန်ုပ်ကပြောကြားရေးအတွက် ၄င်းတို့အား ဤနေရာတွင် စုရုံးစေလိုသောကြောင့်ဖြစ်သည်။ သင်သည် အချို့ပွဲသဘောသာဖြစ်သည်" ဟု ၄င်းကပြန်ပြောပါသည်။

သူ့အနေဖြင့် အဘယ်ကြောင့် အောင်မြင်ရသည်ကို ကျွန်ုပ်က ချက်ချင်းပင် နားလည်လိုက်ပါသည်။

ကျွန်ုပ်၏ ဖောက်သည်များက သူတို့လိုချင်သည့်ကိစ္စမှာ တိကျသည့်လမ်းညွှန်ချက်ပင်ဖြစ်ကြောင်း ပြောပြကြပါသည်။ ၄င်းတို့အနက် ထင်ရှားသည့် ကုမ္ပဏီတစ်ခုမှာ Safelite AutoGlass အမည်ရှိ မော်တော်ကားမှန်များကို ပြုပြင်သည့် ကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Feeney က ဆက်ဆံရေးကောင်းခြင်းဖြင့် ကုမ္ပဏီ၏ ဈေးကွက်တိုးတက်လာရေးကို ပြုလုပ်ရန် သန့်ရှင်းချထားပါသည်။ ရက်သတ္တအတော်ကြာသည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အထိ ၄င်းတို့က ကျွန်ုပ်ထံသို့ ၄င်းနှင့်ဆိုင်သည့် မှတ်စုစာရွက်စာတမ်းများနှင့် စာတိုဆက်သွယ်ရေးကို ပေးပို့ခဲ့ရာ နောက်ဆုံးတွင် တစ်လက်မအထိထူသည့် စာတွဲတစ်ခုဖြစ်လာသည်။ ၄င်းတို့က ကျွန်ုပ်အား "Feed the Fire Leadership Meeting" တွင် ၄င်းတို့၏ ခေါင်းဆောင်မှုမဟာဗျူဟာအကြောင်းကို ဟောပြောကြစေလိုပါသည်။ ကျွန်ုပ်က အမေရိကန်နိုင်ငံရှိ ကုမ္ပဏီတိုင်းအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နိုက်လိုက်မတ်တာတ်ပြုကြစေလိုပါသည်။

၂၀၀၇ ခုနှစ်တွင် ဓားများ၊ ခက်ရင်းများ၊ ပန်းကန်ပြားများ၊ ဇန်ခွက်၊ အိုးနှင့် အခြားသောအိမ်သုံးပစ္စည်းများကို ထုတ်လုပ်သည့် "နိုင်ငံတကာ အိမ်သုံးပစ္စည်းအသင်း" အစည်းအဝေးတစ်ခုတွင် စကားပြောသည့်အချိန်အထိ အိမ်ရာဈေးကွက်တွင် အတက်အကျရှိသည်တို့ကို ကျွန်ုပ် ကောင်းစွာမသိပါ။ ၄င်းအိမ်သုံးပစ္စည်းရောင်းဝယ်မှု အခြေအနေသည် အိမ်ရာဈေးကွက်အတွက် အဓိကအညွှန်းတစ်ရပ်ပင်ဖြစ်သည်ဟု ၄င်းတို့က ရှင်းပြပါသည်။ ၄င်းအိမ်သုံးပစ္စည်းများကို ရောင်းရမှုနည်းပါးလျှင် အိမ်ရာဆောက်လုပ်မှုနည်းသည်ဟူ၍ ဖြစ်ပါသည်။ (လင်မယားကွာရှင်းမှုနှင့် လူပျိုအသစ်များတိုးလာမှုက အဆိုပါကိန်းဂဏန်းတွင် အနည်းငယ်အပြောင်းအလဲဖြစ်စေပါမည်။) အိမ်ရာဆောက်လုပ်ရေးတွင် မည်သို့ဖြစ်နေသည်ကို HUD Fannie Mae, or Freddie Mac တွင် ဟောပြောစဉ်က အိမ်သုံးပစ္စည်း ထုတ်လုပ်သူများက ကျွန်ုပ်အား ပြောပြနိုင်ခဲ့ပါသည်။

Las Vegas တွင် ပြုလုပ်သည့် "၂၀၀၇ ခုနှစ် (၂၁)ရာစု အိမ်ရာမြေညီလာခံ" (2007 Century 21 Real Estate Cunvention) ကို ကျွန်ုပ်သည် မည်သည့်အခါမျှမမေ့ပါ။ နောက်ပိုင်းရှိ စင်မြင့်တွင် စကားပြန်အခန်းငယ်ခြောက်ခန်းအထိရှိပါသည်။ ကုလသမဂ္ဂတွင် ကျွန်ုပ်တွေ့ရသည့် စကားပြန်ဦးရေထက်ပင် များပါသည်။ တရုတ်စကားပြန်ရှိသည် ထိုင်ဝမ်အတွက်လော၊ တရုတ်ပြည်မကြီးအတွက်လောဟု ကျွန်တော်ကမေးမြန်းကြည့်ရာ ကျွန်ုပ်၏ အိမ်ရှင်ဖြစ်သူက နှစ်ခုစလုံးအတွက်ဖြစ်ကြောင်း၊ ပြည်မကြီးအတွက် ပို၍ပြသထားကြောင်း ပြောပါသည်။

၄င်းတရုတ်ပြခန်းတွင် အရောင်း ရုံးခန်းပေါင်း (၁၅၀၀)နှင့် ပစ္စည်းပေါင်း သန်းချီသည့်စာရင်းရှိပါသည်။ ၄င်းက ဆက်လက်၍ "ကျွန်ုပ်တို့၏ ကျော်ကြားသည့် ရွှေရောင်အပေါ်အင်္ကျီ"ကို ဝတ်ဆင်ရန် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များကို အားပေးနေသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုကို အားဖြည့်လိုပါသည်။ ရွှေရောင်အပေါ်အင်္ကျီပုံရိပ်သည် ကျော်ကြားသည့် အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့အားလည်း အသင်းတစ်သင်းအဖြစ် အတူရှိနေစေပါသည်"ဟု ပြောဆိုပါသည်။

ယခုအခါ Century 21, Amway, Estee Lauder နှင့် အခြားသော စားသုံးသူအတွက် ဦးတည်ချက်ရှိသည့် လုပ်ငန်းများသည် တရုတ်နိုင်ငံသို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်ရာ တရုတ်နိုင်ငံသည် ဤအတိုင်းရှိနေမည် မဟုတ်ပါပေ။

ကျွန်ုပ်၏ အဖျော်ရွှင်ဆုံးသော ဟောပြောရပ္ဌများအနက်တစ်ခုမှာ Dallas မြို့တွင် ပြုလုပ်သည့် "Whataburger

www.burmeseclassic.com

www.burmeseclassic.com

မိသားစု စုဝေးပွဲ"တွင် ဖြစ်ပါသည်။ Whataburger မှာ သင့်တင့်ရုံအရွယ်အစားရှိသည့် ဘာဂါမုန့်စားသောက်ဆိုင်လုပ်ငန်းဖြစ်ပြီး ဆိုင်အများစုမှာ တောင်ပိုင်းတွင်ရှိကာ ယခုအခါ Harmon Dobson မိသားစု၏ ဒုတိယမျိုးဆက်များက လုပ်ကိုင်လျက်ရှိသည်။

၄၄းလုပ်ငန်းကို ဆိုင်တစ်ဆိုင်တည်းဖြင့် စတင်ခဲ့ပြီး အကောင်းဆုံးသော ဘာဂါမုန့်ကို ထုတ်လုပ်သွားရန် ဆုံးဖြတ်ထားပါသည်။ တစ်နေ့တွင် စားသုံးသူတစ်ဦးက ၄၄းမုန့်ကိုဝယ်ယူပြီး တစ်ချက်ကိုက်စားလိုက်ပြီးနောက် "တကယ့်ဘာဂါပါလား" (Whataburger) ဟု ရေရွတ်မိရာမှ Whataburger ဟူသည့်အမည်သည် စွဲကျန်ရစ်ခဲ့ပြီး ၄၄းလုပ်ငန်းသည် ဆိုင်ပေါင်း(၇၀၀)ခန့်အထိ တိုးပွားလာခဲ့သည်။

တစ်ချိန်တည်းတွင် ထူထောင်ခဲ့ကြသည့် အခြားသော ဘာဂါဆိုင်များကဲ့သို့ အဘယ်ကြောင့် ဆိုင်ပေါင်း(၁၀၀၀)ကျော်အထိ မဖြစ်လာပါသလဲဟု လက်ရှိပိုင်ရှင်သုံးဦးဖြစ်ကြသည့် Harmon ၏ သားသမီးများကို ကျွန်ုပ်က မေးမြန်းရာ "ကျွန်ုပ်တို့က အလတ်ဆတ်ဆုံးသော ကုန်ကြမ်းများကိုသုံးပါသည်။ ထိုထက်တိုးချဲ့လျှင် အရည်အသွေးကို ထိန်းနိုင်မည်မဟုတ်ပါ။ အခြားဆိုင်များတွင် အပြစ်ရှိသည်ဟု မဆိုလိုပါ။ ထိုကိစ္စမှာ ၄၄းတို့ကိစ္စသာဖြစ်ပါသည်"ဟူ၍ ပြောပါသည်။

အချို့သော ကျွန်ုပ်၏ပရိသတ်များနှင့်ဆိုပါလျှင် ကျွန်ုပ်သည် အရွက်အကြောက်ကင်းမဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် Las Vegas မြို့၌ "အမေရိကန်ထရပ်ကားပို့ဆောင်ရေးအသင်း" ပရိသတ်ကို ဟောပြောပါသည်။ အမေးအဖြေပြုလုပ်ကြစဉ်အတွင်း ကျွန်ုပ်ဘဝ၏ နောက်တစ်ဆင့်တွင် မည်သည့်အလုပ်ကို လုပ်လိုပါသနည်းဟု ကျွန်ုပ်အားမေးလာပါသည်။ ထရပ်ကားမောင်းသမားတစ်ဦးဖြစ်ချင်ပါသည်ဟု ကျွန်ုပ်ကဖြေလိုက်ပါသည်။ Bill England အမည်ရှိ လူကြီးလူကောင်းတစ်ဦးက "ထိုကိစ္စသည် ယနေ့ဖြစ်တော့မည်"ဟု ခုန်ပေါက်အော်ဟစ်လိုက်ပါသည်။ C.R. England ထရပ်ကားပို့ဆောင်ရေးကုမ္ပဏီသည် Utah ဒေသ West Valley တွင် ဌာနချုပ်ဖွင့်၍ ပေါ်ထွက်လာတော့မည် ဖြစ်ပါသည်။

Salt Lake City ရှိ လူငယ်အခမ်းအနားတစ်ခုသို့ တက်ရောက်ရန် အုပ်ချုပ်ရေးမှူး Leavitt နှင့်အတူ လေယာဉ်ဖြင့် ထွက်ခွာပါသည်။ အခမ်းအနားပြီးစီးပြီးနောက် အုပ်ချုပ်ရေးမှူးက ကျွန်ုပ်အား လေဆိပ်သို့လိုက်ပို့ပါသည်။ အနီရောင်မီးသတ်ကားတစ်စင်းက လေဆိပ်တွင်ရှိနေပါသည်။ စိတ်လှုပ်ရှားနေသည့် ယာဉ်မောင်းသူက မီးသတ်ကားကို မောင်းကြည့်ရန် ကျွန်ုပ်အား ဖိတ်ခေါ်ပါသည်။ အုပ်ချုပ်ရေးမှူး Leavitt သည် ယာဉ်မောင်းထိုင်ခုံနောက်ဘက်နေရာသို့ ခုန်တက်လာသည်။ ကြီးမားသည့် မတော်တဆမှုဖြစ်သည်ကို မမြင်ဖူးသောကြောင့် ထိုသို့ခုန်တက်၍ လိုက်ပါဟန်ရှိပါ

bookhouse
www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ်သည် လေယာဉ်ကွင်းတစ်ပတ်မောင်းပြီး စတွက်သည့်နေရာသို့ အထိအခိုက်မရှိ ပြန်ရောက်ခဲ့ရာ ၄င်းယာဉ်မောင်းမှာ စိတ်သက်သာရာရသွားပါသည်။

ကျွန်ုပ်ဘဝ၏ နောက်အဆင့်တစ်ဆင့်တွင် ကျွန်ုပ်သည် ထရပ်ကားမောင်းသမားတစ်ဦး ဖြစ်နိုင်ပါသေးသည်။

ကျွန်ုပ်သည် ဤနိုင်ငံကိုချစ်ပါသည်။ ဤဒေသတွင် ကျွန်ုပ်သွားသည့်နေရာတိုင်းက ကျွန်ုပ်အား အားသစ်ကို ပေးပါသည်။ နေ့စဉ်နေ့တိုင်းတွင် ဖောက်သည်တစ်ဦးစီက အတွေ့အကြုံသစ်နှင့် အမေရိကန်အပေါ် သက်ဝင်ယုံကြည်မှုတို့ကို ဆောင်ယူလာကြပါသည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့တွင် ခုက္ခအခက်အခဲရှိပါသည်။ ကျွန်ုပ်တို့တွင် ဒုက္ခအခက်အခဲအမြဲပင်ရှိပါသည်။ သို့သော် ၄င်းအခက်အခဲများကို ကျွန်ုပ်တို့က အမြဲပင်ကျော်လွှားခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုကို လှည့်လည်သွားလာရာတွင် လူတွေက အလုပ်ကြိုးစားလုပ်ကြသည်ကို တွေ့ပါသည်။ အလုပ်ကို တီထွင်ဆန်းသစ်ခြင်း၊ ဖန်တီးခြင်း၊ အမေရိကန်ပြည်ထောင်စုသည် ဆက်လက်အောင်မြင်လိမ့်မည်ဟု ၄င်းတို့က ယုံကြည်သည့်အတိုင်း မိမိတို့လည်း အောင်မြင်နိုင်သည်ဟု ယုံကြည်ခြင်းတို့ဖြင့် အလုပ်ကြိုးစားနေကြပါသည်။ ၄င်းတို့သည် လူကောင်းသူကောင်းများဖြစ်ကြပါသည်။ ၄င်းတို့က ဆက်လက်၍ အလုပ်လုပ်နေကြသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့၏ အနာဂတ်အတွက် ကျွန်ုပ်သည် စိုးရိမ်ကြောင့်ကြမှု မရှိပါပေ။

■

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၄၀ လမ်းပေါ်မှာ

ကျွန်ုပ်သည် ခရီးသွားရင်းဖြင့် အချိန်အခြောက်အမြားကို ကုန်ဆုံးစေပါသည်။ ပျမ်းမျှအားဖြင့် ကျွန်ုပ်သည် ရက်သတ္တတစ်ပတ်လျှင် (၂/၃)ရက်မျှ လမ်းပေါ်မှာ ရှိပါသည်။ တစ်နှစ်လျှင် မိုင်ပေါင်းထောင်နှင့်ချီ၍ ခရီးသွားပါသည်။ ကျွန်ုပ်သည် အများအားဖြင့် တစ်ဦးတည်းခရီးသွားပါသည်။ ဧနီးသည် Alma သည် ကျွန်ုပ်နှင့်အတူ လိုက်ပါခဲ့ပါသည်။

ကျွန်ုပ်၏ မိန့်ခွန်းအားလုံးကို သူမကကြားသိပြီး ခရီးသွားသည့် အစီအစဉ်ကိုလည်း သိပါသည်။ ၄င်းအစီအစဉ်မှာ ဆိုက်ရောက်၊ မိန့်ခွန်းပြော သို့မဟုတ် အခမ်းအနားတွင် ဆောင်ရွက်ပြု၊ ထို့နောက် ထွက်ခွာဆိုသည့် အစီအစဉ်ပင်ဖြစ်သည်။ ခရီးလှည့်သွားလာခြင်း၊ ဧည့်ဝယ်ထွက်ခြင်း၊ ကိုယ်ပိုင်အနားယူချိန်ဟူ၍ မရှိပါ။ ကျွန်ုပ်သည် အိမ်မှ ခွဲခွာနေရသည့်အချိန်ကို နည်းနိုင်သမျှနည်းစေပါသည်။ သို့သော် ခရီးသွားရသည်ကို အမှုမထားပါ။ ခရီးသွားခြင်းက ကျွန်ုပ်အနေဖြင့် ဝါရှင်တန်တွင် မမြင်ရ၊ မကြားရသည့် အတွေ့အကြုံများအတွက် လမ်းဖွင့်ပေးပါသည်။

လမ်းပေါ်ရှိ ကျွန်ုပ်၏အချိန်အများစုကို အခမ်းအနားကျင်းပသည့် နေရာအပြင်ဘက်တွင် ကုန်ဆုံးစေခဲ့ပါသည်။ လေဆိပ်၊ လေယာဉ်၊ မီးရထား၊ မှန်လုံကားနှင့် ဟိုတယ်တို့တွင် ကုန်ဆုံးခြင်းဖြစ်ပါသည်။

လေဆိပ်ဂိတ်ဝတွင် ဘော့စ်ဘောဦးထုပ်ကို ဆောင်းလျက်လည်းကောင်း၊ နေကာမျက်မှန်တပ်လျက်လည်းကောင်း အမေရိကန်သည် မည်သို့ဖြစ်နေသည်ကို ကြည့်ပါသည်။ ကျွန်ုပ်တို့အများစုသည် အစားအသောက် ဆင်ခြင်ပြီး လေ့ကျင့်ခန်း ပို၍လုပ်ရန် လိုအပ်နေပါသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစား ဝတ်ဆင်မှုစည်းကမ်းသည် များစွာတိုးတက်လာပါသည်။ ပြည်သူတို့သည် ပျော်ရွှင်၍အလုပ်များ ကြဟန်တူပါသည်။ ငယ်ရွယ်သည့် မိခင်များအနေဖြင့် ၄င်းတို့၏ကလေးများနှင့် ၄င်းကလေးများအတွက် လိုအပ်သည့် ပစ္စည်းဖြင့် နပန်းလုံးနေသည်ကို မြင်ရ၍ သဘောကျပါသည်။

အသက်ကြီးသူများအနေဖြင့် စမတ်ဖုန်းနှင့် အိုင်ပက်တို့ကို တိုး၍သုံးတတ်လာသည်ကိုလည်း သဘောကျ ပါသည်။ လေယာဉ်များကိုစောင့်နေသည့် ဘီးတပ်ကုလားထိုင်များ တိုးလာမှုကလည်း ပြည်သူတစ်ရပ်လုံးအနေဖြင့် အိုမင်းလာနေသည်ကို ပြသပါသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုင်နေရုံသက်သက် ထိုင်နေကြသည်ကားမဟုတ်ပါ။ အပျော်တမ်းတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်ကြောင်းပြောရန်နှင့် စစ်သားများနှင့် စကားစမြည်ပြောရန် ကျွန်ုပ်သည် လေဆိပ် USO ခန်းမသို့လည်း မကြာခဏရောက်တတ်ပါသည်။ နေရပ်ရွေ့ပြောင်းလာသည့် လူအများစုပါဝင်သော သန့်ရှင်းရေးအလုပ် သမားများကို စောင့်ကြည့်ရင်းလည်း ချီးကျူးစကားပြောပါသည်။ တစ်ခ်ျိန်က Long Island City ရှိ Pepsi အချိုရည်စက်ရုံတွင် သန့်ရှင်းရေးအလုပ်ကို ကျွန်ုပ်လုပ်ခဲ့သည်ကို ထိုအဖြစ်အပျက်က အမှတ်ရစေပါသည်။

လုံခြုံရေးအတွက် အစစ်ဆေးခံကြရသည်ကို လူတိုင်းက မကြိုက်ကြပါ။ "ပို့ဆောင်မှုလုံခြုံရေး အုပ်ချုပ်မှု အဖွဲ့" ကို ဖွဲ့စည်းစဉ်က ကျွန်ုပ်သည် အစိုးရအဖွဲ့ဝင်အဖြစ် ရှိခဲ့ပါသည်။ ကျွန်ုပ်သည် အခြားသူများကဲ့သို့ပင် တန်းစီ၍ မိမိ၏အလှည့်ကို စောင့်ပါသည်။ တန်းစီသည့်လိုင်းကိုဖောက်ဝင်လျှင် အင်တာနက်ပေါ်တွင် သင်သည် ချက်ချင်းပင် လူကြမ်းကြီးတစ်ဦးဖြစ်လာပါလိမ့်မည်။

တစ်ခါက Reagan နိုင်ငံတကာလေဆိပ်တွင် ကျွန်ုပ်၏လက်များတွင် ပေါက်ကွဲပစ္စည်းရှိသည်ဟု ထောက်လှမ်း တွေ့ရှိသည်ဟု ဆိုပါသည်။ ကျွန်ုပ်သည် ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ဖူးကြောင်းပြောသော်လည်း မရပါ။ နောက်ဆုံး၌ စစ်ဆေးသူများက ထိုသို့အချက်ပေးသံမြည်ရသည်မှာ ကျွန်ုပ်က နံနက်ပိုင်းတွင်သောက်ထားသည့် သွေးတိုးထိန်းသည့်ဆေးပြားကြောင့် ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုပါသည်။

ကျွန်ုပ်သည် နယူးယောက်သို့ Acela အမြန်မီးရထားဖြင့် အသွားအပြန်သွားပါသည်။ ၄င်းရထားသည် မြန်သည်၊ သက်သောင့်သက်သာဖြစ်သည်၊ အားထားရသည်။ ကျွန်ုပ်က ရိုးရိုးတန်းကသွားပြီး ကျွန်ုပ်ဇနီး Alma က အမြဲပင် ပထမတန်းမှစီးပါသည်။

ဝန်ဆောင်မှုကောင်းပြီး အသာညှပ်ပေါင်မုန့်က ကောင်းသောကြောင့် ထိုသို့ ပထမတန်းမှသွားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏သူငယ်ချင်း အများအပြားမှာ လေယာဉ်ဖြင့် လွန်းပြန်သွားနေကြဆဲပင်ဖြစ်ပါသည်။ အရွေ့ကမ်းတွင် ရာသီဥတု ဆိုးဝါးပါက ပိတ်မိနေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေကြီးပေါ်တွင်သွားလျှင် မြန်ဆန်စေရန်နှင့် သက်သောင့်သက်သာဖြစ်စေရန် စီမံခံမှန်လုံကားနှင့် ဆီဒင်ကား များကို ကျွန်ုပ်က တောင်းဆိုပါသည်။

တည်းခိုမည့်ဟိုတယ်နှင့်ပတ်သက်၍ ကျွန်ုပ်သည် စီစာမကြောင်ပါ။ အင်္ဂလန်တည်းခိုခန်းမှသည် Ritz-Carlton ဟိုတယ်ကြီးများအတိုင်းဖြစ်ပါသည်။ ထန်ဆောင်မှုများလွန်းသည့်ဟိုတယ်များကို ကျွန်ုပ်ရှောင်ပါသည်။ ကျွန်ုပ်သည် လက်မှတ် ထိုးရသောအခါ အမည်တစ်မျိုးကိုသုံးပါသည်။ ယခုစာအုပ်ကိုရေးနေသည့်အချိန်အထိ Edward Felson ဟူသော အမည်ကိုသုံးပါသည်။ ကျွန်ုပ်ကြိုက်သည့်ရုပ်ရှင်ကားတစ်ခုထဲမှ အမည်ဖြစ်ပါသည်။

ကျွန်ုပ်၏ အလိုဆန္ဒတို့သည် အများအားဖြင့် ရိုးရှင်းပါသည်။ ကျွန်ုပ်အား ဈေးပေါသည့် နာရီပါသောရေဒီယို ကိုပေးပါ။ အိုင်ပေါ့ကိုဖွင့်သည်အထိမျိုး ရှုပ်ထွေးသည့်ရေဒီယိုမျိုးကို မပေးပါနှင့်။

မည်သို့ပိတ်ရ၊ ဖွင့်ရ၊ ချိန်ဆရမှန်းမသိသည့် လှပအောင်ပြုလုပ်ထားသည့် ရေချိုးသည့်ရေပန်းမျိုးကို မပေးပါ နှင့်။ ရေပန်းခေါင်းတစ်မျိုးတည်းသာပါသည့် ရေပန်းကိုသာပေးပါ။

ရေချိုးခန်းထဲတွင် ရုပ်သံစက်၊ တယ်လီဖုန်းထားရှိရန် အပူတပြင်း မလိုအပ်ပါ။ ပေါင်ချိုးတစ်ခုလည်း မလိုအပ် ပါ။ ဆိုဖာခံထားပြီး အပူပေးထားသည့် ဂျပန်အိမ်သာခုံကို ကျွန်ုပ်သည် အမှန်ပင်ကြောက်လန့်မိပါသည်။ အိမ်သာရှိ ရှုပ်ထွေးသည့်ထိန်းချုပ်ရေးစက်ခလုတ်ခုံက အိမ်သာက အခြားကိစ္စများကို ဆောင်ရွက်နိုင်ကြောင်းကို ပြသပါသည်။ သို့သော် စမ်းကြည့်ရမည်ကို ကြောက်လန့်မိပါသည်။ ထိုသို့စမ်းကြည့်ရန် လိုမလိုဆိုသည်ကိုလည်း သံသယဖြစ်မိပါသည်။

ဤကိစ္စက အရေးကြီးပါသည်။ ခေါင်းလျှော်ရည်နှင့် ဆံပင်ပုံစံသွင်းဆေးရည်များကို စာလုံးကြီးကြီးဖြင့် ရေးထားပါ။

ရိုးရှင်းသည့် ကော်ဖီမျော်စက်ကိုထားပေးပါ။ ကျွန်ုပ်က ကော်ဖီစေ့များကို ကြိတ်ရန်မလိုအပ်ပါ။

ရုပ်သံစက်ကို ရိုးရှင်းအောင်ပြုလုပ်ပါ။ ကျွန်ုပ်သည် ရုပ်သံစက်ကို အင်တာနက်နှင့်ဆက်သွယ်ရန်အတွက်လည်း ကောင်း၊ ဂိမ်းကစားရန်အတွက်လည်းကောင်း မလိုအပ်ပါ။ ခလုတ်နှိပ်မှားလျှင် ပြန်ချိန်ဖို့ အခန်းဝန်ဆောင်မှုကို ခေါ်ယူရ ပြန်ပါသည်။

အိပ်ရာထဲတွင် ခေါင်းအုံးကိုပင် ရှာ၍မတွေ့နိုင်လောက်အောင်များပြားသည့် ကူရှင် စသည့်အပိုပစ္စည်းများကို လျှော့ချပစ်ပါ။ ၄င်းပစ္စည်းများသည် အချို့အချို့သစီးများအတွက် အသုံးဝင်သော်လည်း ယောကျ်ားများအတွက် မလိုပါ။

မီးခလုတ်သည် မီးလုံး၏အောက်ခြေတွင်ရှိသင့်ပါသည်။

နောက်ဆုံးအချက်မှာ ကျွန်ုပ်တို့သည် သတင်းခေတ်တွင်နေထိုင်ကြပါသည်။ အိုင်ဖုန်း၊ လက်ပ်တော့ (ပေါင်တင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာ)၊ အိုင်ပက်၊ အခြားသော အီလက်ထရွန်နစ်ပစ္စည်းများကို ဓာတ်အားသွင်းရန် ခုံအောက်အထိ မီးပလပ်ပေါက်ကိုတွားသွင်း ဝင်ရှာရသည့်အဖြစ်မျိုးကို မဖြစ်ပါစေနှင့်။

ကျွန်ုပ်သည် ခရီးသွားရသည်ကို တစ်နည်းတစ်ဖုံအားဖြင့် ဖျော်ပါသည်။ ကျွန်ုပ်သည် အပြင်ထွက်ရသည်ကို အမြဲပင်ဖျော်ရွှင်ပါသည်။ အပြင်တွင် ကျွန်ုပ်က အချိုးမျိုးသော အမေရိကန်များကို အကဲဖြတ်နိုင်ပါသည်။ ကျွန်ုပ်သည် စကားပြောသူ (ဟောပြောသူ)ဖြစ်ရသည်ကို သဘောကျပါသည်။ သို့မဟုတ် ကျောင်းများ၊ ယောက်ျားကလေးနှင့် မိန်းကလေးများအသင်းများ၊ အလှူပွဲများ၊ ကျွန်ုပ်တို့၏ နိုင်ငံတစ်ဝန်းဖြစ်နေသည့် အားလုံးသော အုံကြွဖွယ်ရာလုပ်ငန်းများနှင့် ကြုံရသည်ကို သဘောကျပါသည်။ ၄င်းတို့က ကျွန်ုပ်တို့အား ရှေ့သို့လျှောက်လှမ်းစေပါသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com

အခန်း-၄၁ အမှတ်တရလက်ဆောင်

တပ်မတော်ထဲတွင် အဆင့်ဆင့်ရာထူးတိုးလာသည့်အလျောက် တပ်ဖွဲ့အမျိုးမျိုးအတွက် အမှတ်တံဆိပ်နှင့်ဆုလက်မှတ်များ၊ ဆုတံဆိပ်များ တိုးရှိတိုးရှိလာပါသည်။ ငှင်းတို့ကို အိမ်နံရံများနှင့် သီးသန့်ခန်းများတွင်ထားရှိတတ်ရာ နံရံပြည့်လာသဖြင့် ငှင်းအခန်းနံရံကို ဆေးသုတ်ရန်ပင် မလိုတော့သည့်အခြေအနေဖြစ်လာတတ်ပါသည်။

ကျွန်ုပ်သည် ဗိုလ်မှူးကြီးဖြစ်လာချိန်တွင် ထိုသို့ စုဆောင်းလာခဲ့သည်မှာ နံရံမဆံ့အောင်ပင်ဖြစ်ခဲ့သည်။ ပင်စင်ယူခါနီးဖြစ်သော စွဲမက်စရာအသက်ကြီးရင့်သူ ဗိုလ်မှူးချုပ်တစ်ဦးအား ငှင်းပင်စင်ယူလျှင် ထိုဆုတံဆိပ်နှင့်လက်မှတ်များကို မည်သို့စီစဉ်မည်နည်းဟုမေးကြည့်ရာ ငှင်းက Shenandoah တောင်တန်းဒေသ၌ အိမ်ကလေးတစ်အိမ်ဆောက်ပြီး အများအားဖြင့် ငှင်းနေရာတွင် နေထိုင်ရင်း သဘာဝအလှအပကို ခံစားမည်။ သကြားနှင့်သံပရာစပ်ထားသည့် ဝီစကီရေနွေးကိုသောက်ရင်း မီးလင်းဖို့ရှေ့တွင်ထိုင်ကာ ငှင်းဆုတံဆိပ်များကို တစ်ခုပြီးတစ်ခု မီးလင်းဖိုထဲသို့ပစ်သွင်းမည်။ ငှင်း၏သားသမီးများကလည်း ငှင်းတို့ကို အလိုရှိမည်မဟုတ်ဟု ပြောကြားပါသည်။

ကျွန်ုပ် စုဆောင်းထားသည့် ငှင်းဆုတံဆိပ်နှင့်လက်မှတ်များကို ဝါရှင်တန်ရှိ အမျိုးသားကာကွယ်ရေးတက္ကသိုလ်ရှိ ကျွန်ုပ်မော်ကွန်းဝင်ပစ္စည်း စုဆောင်းသည့်ဌာနတွင်ထားရှိပါသည်။ ကျွန်ုပ်၏အိမ်တွင်လည်း အလားတူထားရှိပါသည်။

စစ်ဘက်စိန်ခေါ်မှု ဒင်္ဂါးပြားများ (Military Challenge Coins) သည် နောက်တစ်ခုဖြစ်သော လက်ဆောင်ပစ္စည်းဖြစ်ပါသည်။ ငှင်းဒင်္ဂါးပြားတွင် တပ်ဖွဲ့၏တံဆိပ်နှင့်ဆောင်ပုဒ်ကို ရေးထိုးထားလေ့ရှိပါသည်။ တပ်မှူး၏အမည်ကိုလည်း ရေးထိုးတတ်ပါသည်။ ငှင်းဆုတံဆိပ်နှင့်ဆိုင်သည့် အမှတ်(၁၀၁) လေကြောင်းချီတပ်ရင့် တပ်ဖွဲ့

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com

ဝင်တစ်ဦးနှင့်တွေ့ပါက ၄င်းအား ထိုဒဂိါးပြားကို သင်က စိန်ခေါ်သဖြင့် ၄င်းတွင် ထိုဒဂိါးပြားမရှိလျှင် ထိုသူက ကျွေးမွေးရပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အဆိုပါဒဂိါးပြားကို ကျွန်ုပ်၏ လက်ကိုင်ပိုက်ဆံအိတ်ထဲတွင် ဆယ်စုနှစ်နှင့်ချီ၍ ထားရှိပါသည်။ ထိုသို့ အမှတ်တရဒဂိါးပြားလက်ဆောင်ပေးမှုသည် အရပ်သားလောကသို့လည်း ပျံနှံ့ခဲ့ပြီး အစိုးရအဖွဲ့ အရာရှိကြီးများနှင့် အခြားသော အရပ်ဘက်ဝန်ထမ်းများကလည်း ထိုသို့လက်ဆောင်ပေးလာကြပါသည်။

ကျွန်ုပ်တွင် ၄င်းဒဂိါးပြားများ ရာဂဏန်းဖြစ်လာသောအခါ ကျွန်ုပ်က စတင်၍ နောက်ဆုတ်ပါသည်။ ပေးသူ ဘက်က ကိုယ်ကျိုးဆန်သည်ဟု ထင်မြင်ယူဆရပါသည်။ သို့သော် တပ်ဖွဲ့ဝင်များက ၄င်းဒဂိါးကို သဘောကျကြပြီး ရလိုကြသည်ဖြစ်ရာ ၄င်းအလေ့အထသည် ကျယ်ပြန့်လာပါသည်။ ကျွန်ုပ်သည် ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်စဉ်က ၄င်းဒဂိါးပြားကို တပ်ဖွဲ့ဝင်များအားပေးပါသည်။ Walter Reed ဆေးရုံရှိ နာလန်ထတပ်ဖွဲ့ဝင်များထံသို့ ပို့ပေးစဉ်က ၄င်းတို့သည် သဘောကျနှစ်သက်ခဲ့ကြသည်။

ကျွန်ုပ်သည် ရာထူးကြီးမြင့်လာပြီး ကမ္ဘာတွင် ခရီးသွားခဲ့ရာ နိုင်ငံခြားခေါင်းဆောင်များထံမှ အမှတ်တရလက်ဆောင်များဝင်လာပါသည်။ ထို့ကြောင့်ပင် ပြန်လည်တုံ့ပြန်စေရန် တောင်းဆိုလာပါသည်။ ထိုသို့ လက်ဆောင်ပေးရာတွင် တစ်ကြိမ်တွင် ခေါ်လာ (၃၀၀)ထက်မပိုသည့် လက်ဆောင်ကိုသာပေးရန်နှင့် ခေါ်လာ(၃၀၀)ထက်ပိုသည့် လက်ခံရရှိသည့်လက်ဆောင်ကို မိမိထံတွင် မယူထားရန် ကွန်ဂရက်လွှတ်တော်က ကန့်သတ်ထားပါသည်။ အမေရိကန်လုပ်ပစ္စည်းများဖြင့် ထိုကန့်သတ်ချက်ဘောင်အတွင်းမှ လက်ဆောင်ပြန်ပေးမှုတွင် ကျွန်ုပ်၏ သံတမန်ရေးရာရုံးအဖွဲ့သည် တီထွင်ဖန်တီးမှုရှိပါသည်။

ရုရှားဖက်ဒရေးရှင်း၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကျွန်ုပ်၏ ချစ်စွာသော မိတ်ဆွေဖြစ်သူ Igor Ivanov သည် ၄င်း၏ခရီးတစ်ခေါက်တွင် AK-47 တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်ပုံသဏ္ဌာန် ဖြူလုပ်ထားသည့် ဗျော်ဒကာအရက်တစ်ပုလင်းကို ကျွန်ုပ်အားပေးပါသည်။ တစ်ခုတစ်ခုသောနေရာတွင်ရှိသည့် တစ်စုံတစ်ခုသောဌာနမှ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ၄င်းအရက်ပုလင်းသည် ခေါ်လာ(၃၀၀)ထက်ပိုရှိတန်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ၄င်း အရက်ပုလင်းကိုသိမ်းထားရှိလည်း မရသလို သောက်ရှိလည်းမရပါ။ ယခုအခါ ၄င်းပစ္စည်းသည် အစိုးရသိုလှောင်ရုံတစ်ခုခုတွင် ချောင်ထဲသို့ရောက်နေကောင်းရောက်နေပါလိမ့်မည်ဟု မြောရသည်မှာ ဝမ်းနည်းစရာပင်ဖြစ်ပါသည်။

နံရံကပ်နှင့် စားပွဲတင်နာရီ၊ လက်ပတ်နာရီ၊ ရှပ်အင်္ကျီလက်ကြယ်သီးများ၊ ဖောင်တိန်၊ ဘောလ်ပင်များကို ကျွန်ုပ်က သဘောကျသည်ဖြစ်ရာ ယခုအခါ အမြောက်အမြားရှိနေပါသည်။

ကျွန်ုပ်၏ပုံတူကို ဆွဲထားသည့် ပန်းချီပုံများကိုလည်း လက်ဆောင်ရရှိသည်ဖြစ်ရာ ကောင်းသည့်ပုံအချို့တို့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏လေ့ကျင့်ခန်းပြုလုပ်သည့်အခန်းတွင် ထားရှိပါသည်။ တိုသို့ ပုံတူဆွဲကြရာတွင် ပန်းချီဆရာတစ်ဦးသည် ၄င်း၏ ယဉ်ကျေးမှုဟန်ပန်ကို သင်၏ပုံတွင် ထည့်သွင်းမည့်အရေးကို ရောင်နိုင်ကြသည်မဟုတ်ပါ။ ဂျပန်ပန်းချီဆရာက ဆွဲသောအခါ ကျွန်ုပ်၏ရုပ်ပုံသည် ဂျပန်ရေတပ်ဗိုလ်မှူးကြီး Yamamoto နှင့် ခပ်ဆင်ဆင်တူနေပါသည်။ အီဂျစ်ပန်းချီဆရာက ဆွဲသောအခါ Hosni Mubarak နှင့် တူနေပါသည်။ အလားတူပင် ရိုမေးနီးယား၊ အမျှဒါစသဖြင့် နိုင်ငံများမှ ပန်းချီဆရာများက ရေးဆွဲကြရာတွင်လည်း ၄င်းနိုင်ငံများရှိ တစ်ဦးဦးနှင့် အဆင်တူတတ်ပါသည်။

ရုရှားသမ္မတ ပိုဘာချက်ဗ်က ကျွန်ုပ်အား လှပသည့် ပြောင်းတိုသေနတ်တစ်လက်ကို လက်ဆောင်ပေးပါသည်။ ကျွန်ုပ်က ၄င်းသေနတ်ကို လက်ထဲတွင်ထားလိုသဖြင့် အမေရိကန်ပြည်သူများထံမှ ကျွန်ုပ်ဝယ်သည့်အနေဖြင့် ဒေါ်လာ (၁၂၀၀)ကို ကျွန်ုပ်က ကျွန်ုပ်အစိုးရအား ပေးခဲ့ပါသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ကျွန်ုပ်အား သေနတ်၊ လုံစွပ်၊ စိုက်ခိုက်ရေးဓား၊ မှန်ပြောင်းများကို လက်ဆောင်ပေးကြပါသည်။ ၄င်းပစ္စည်းများသည် ဒေါ်လာ (၃၀၀)မက တန်ဖိုးရှိပါသည်။

ပြင်သစ်မှ လုပ်ဖော်ကိုင်ဖက် Dominique de Villepin က ကျွန်ုပ်အား ပြင်သစ်ဝိုင်အရက်အနီများကို ပေးလေ့ရှိပါသည်။ ၄င်းအနီရောင်ဝိုင်မှာ အားဆေးဖြစ်ပြီး အပြာရောင်ကိုမသောက်ရန်လည်း ပြောကြားပါသည်။ တန်ဖိုးကို ဖြတ်ရန် မပေးပို့မီတွင် ထူးဆန်းသည့်အကြောင်းကြောင်းကြောင့် ၄င်းပုလင်းများမှာကွဲ၍နေပါသည်။

အီတလီဝန်ကြီးချုပ် Berlusconi က သူသဘောကျသော စက်ချုပ်သမားကပြုလုပ်သည့် လှပခုံညားသော လည်စည်းများကို အမေရိကန်မှပုဂ္ဂိုလ်များအား ပေးလေ့ရှိပါသည်။ အစွန်းအထင်းများလွန်းသဖြင့် ရာဖြတ်ခံရန်မပေးပို့တော့ပါ။ ၄င်းက လေယာဉ်မှူးများ၏ အရေးပေါ်ဆင်းသက်ရေးကိရိယာပါသည့် နာရီတစ်လုံးကိုလည်း ကျွန်ုပ်အားပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်နှင့်အဆင့်တူ (နိုင်ငံခြားရေးဝန်ကြီး)ဖြစ်သူနှင့် ဂျာမနီ၏ အစိမ်းရောင်ပါတီ ခေါင်းဆောင်ဖြစ်သူ Josehka Fisher က ဂျာမနီဘီယာတစ်သေတ္တာကို ကျွန်ုပ်အားပေးပါသည်။ ၄င်းသည် အစိမ်းရောင်ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သည့်အားလျော်စွာ ၄င်းအား ကျွန်ုပ်က ၄င်းပေးသည့်ဘီယာပုလင်းများ၏ ပုလင်းလွတ်များကို ထိန်းသိမ်းထားရန် ပြန်လည်၍ လက်ဆောင်ပေးပါသည်။ ၄င်းသည် အချက်အပြုတ်ပြုလုပ်သည်ကို သဘောကျသူဖြစ်သဖြင့် ၄င်းအတွက် ဘာဘီကူးပြုလုပ်သည့် ကိရိယာတစ်စုံကိုလည်း ပေးပါသည်။

မြို့တော် Astana တွင်ပြုလုပ်သည့် Kazakhstan သမ္မတ Nazarbayev ၏ နေ့လယ်စာထမင်းဘွဲ့တွင်

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နိုင်ငံ၏ ဂုဏ်သိက္ခာကို ကျွန်ုပ်သည် အောင်မြင်စွာကာကွယ်နိုင်ခဲ့သည်။ ၄င်းသမ္မတသည် မိမိသဘောကျသူကို ၄င်း၏လက်ပတ်နာရီကိုချွတ်၍ လက်ဆောင်ပေးတတ်ကြောင်းကို ကျွန်ုပ်အား တပ်လှန့်ဖွဲ့ဆော်ထားပါသည်။ ထမင်းစားပြီး နောက် အောက်ထပ်သို့ဆင်းကြရာ ထိုနေရာတွင် သမ္မတက ကျွန်ုပ်အား ၄င်း၏နာရီကိုချွတ်၍ လက်ဆောင်ပေးပါသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏နာရီကိုချွတ်၍ သူ့အားပေးခဲ့ပါသည်။

အာရပ်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ပင်လယ်ကွေ့နိုင်ငံများမှ ၄င်းပုဂ္ဂိုလ်များသည် ထူးထူးခြားခြား ရက်ရောကြပါသည်။ ၄င်းတို့၏လက်ဆောင်များသည် ဒေါ်လာ(၃၀၀) ကန့်သတ်ထားမှုထက် များစွာပို၍ တန်ဖိုးရှိပါသည်။ ၄င်းပစ္စည်းများကို သက်ဆိုင်ရာသို့ပေးပို့ပြီး တန်ဖိုးဖြတ်ခံကြရမည်ကိုလည်း ၄င်းတို့ကသိကြပါသည်။ သို့သော် ၄င်းတို့က ထိုထက်လျော့ပြီး မလုပ်နိုင်ကြပါ။ ဤသည်မှာ ၄င်းတို့၏ ချစ်ကြည်မှုနှင့် လေးစားမှုတို့၏ အမှတ်လက္ခဏာ ဖြစ်ပါသည်။ ၄င်းအချက်သည် ၄င်းတို့၏ ယဉ်ကျေးမှုတွင် နက်နဲစွာ စူးနစ်ဝင်ရောက်နေပြီဖြစ်ပါသည်။ ၄င်းတို့ပေးသည့် လက်ဆောင်များကို အထက်ပါစိတ်ဓာတ်အရ လက်ခံပါသည်။ အာရပ်ဓားအများအပြားကိုလည်း လက်ခံရရှိပြီး စုဆောင်းခဲ့ပါသည်။ ကျောက်မျက်ရတနာစီထားသည့် ဓားများကိုမူ တန်ဖိုးဖြတ်သည့်နေရာသို့ ပေးပို့ခဲ့ပါသည်။

၂၀၀၄ ခုနှစ် ညတစ်ည၌ဖြစ်ပါသည်။ အလွန်ရင်းနှီးသည့် အာရပ်မိတ်ဆွေတစ်ဦးက ကျွန်ုပ်ရောင်းလိုက်ပြီဖြစ်သည့် ၁၉၉၅ ခုနှစ် မိုဒယ် Jaguar ကားသည် ကျွန်ုပ်၏ခနီး Alma ၏ အကြိုက်ဆုံးကားဖြစ်ကြောင်း Alma က ပြောသည်ကို ၄င်းက ကြားခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၌ ကျွန်ုပ်အနားယူပြီး မကြာမီတွင် လုံးဝပြုပြင်ထားသည့် ၁၉၉၅ ခုနှစ် မိုဒယ်နှင့် ထပ်တူဖြစ်သည့်ကားတစ်စီးသည် ကျွန်ုပ်၏ အိမ်ရှေ့၌လာရပ်ပါသည်။ ကျွန်ုပ်သည် အစိုးရဝန်ထမ်း မဟုတ်တော့သဖြင့် ကျွန်ုပ်က ဥပဒေအရ လက်ဝယ်ထားရှိခွင့်ရှိပါသည်။ ခေတ္တမျှ ထိုသို့ထားရှိပါသည်။ သို့သော် ဝါရှင်တန်ပို့စ်သတင်းစာက ၄င်းကိစ္စကိုမရေးသားမီကလေးတွင် ပြန်လည်၍ လက်ဆောင်ပေးလိုက်ခဲ့ပါသည်။

နောက်ဆုံးအချက်မှာ ကျွန်ုပ်သည် လွန်ခဲ့သည့်အနှစ်(၂၀)ခန့်က ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌဖြစ်ခဲ့စဉ်တွင် ညစာစားပွဲတစ်ခုသို့ Arnold Schwarzenegger နှင့်ကပ်၍ထိုင်ပါသည်။ "ခန္ဓာကိုယ်ကို ဘယ်လိုထိန်းထားသလဲ"ဟု ၄င်းက မေးပါသည်။ "ရွရွကလေးပြေးပါသည်။ အသက်ကြီးလာတော့လည်း ပို၍ပင်ပန်းလာပါသည်"ဟု ကျွန်ုပ်က ပြောပါသည်။

ရက်အနည်းငယ်ကြာသောအခါ နေရာမရွေးဘဲ လေ့ကျင့်ခန်းအဖြစ်စီးသည့် စက်ဘီးတစ်စီး အိမ်သို့ ရောက်လာပါသည်။ ခေတ်မီမိုဒယ်များပေါ်လာသည်အထိ ကျွန်ုပ်သည် ၄င်းလေ့ကျင့်ခန်းစက်ဘီးကို နှစ်အတော်ကြာသည်အထိ အသုံးပြုပါသည်။ Arnold ပေးထားသည့် မူရင်းစက်ဘီးသည် ကျွန်ုပ်၏ မြေအောက်ခန်းတွင် ရှိနေဆဲဖြစ်ပါသည်။ ၄င်းပစ္စည်းသည်

www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်အဖြစ်ပြန်ပေးချေရသောပစ္စည်း၊ လွယ်လွယ်နှင့်ဈောက်ဖျက်ချရသောပစ္စည်းမဟုတ်သည် ဖြစ်ရာ ကျွန်ုပ် ကွယ်လွန်ချိန်တွင် ၄င်းပစ္စည်း၏ခရီးဆုံးကို ကျွန်ုပ်၏ သားသမီးများကို ဆုံးဖြတ်စေပါသည်။

ကျွန်ုပ်နှစ်အတော်ကြာက လက်ခံရရှိထားသည့် အံ့သြစရာလက်ဆောင်အများအပြားကို ကျွန်ုပ်တို့၏အိမ်တွင် ပြသထားပါသည်။ အချို့မှာ အဖိုးတန်၍ ဈေးကြီးပါသည်။ အများစုမှာ ဈေးမကြီးလှပါ။ ၄င်းပစ္စည်းများက ကျွန်ုပ်တို့အား ပျော်ရွှင်မှုကိုပေးပါသည်။ ကျွန်ုပ်တို့က သွားရောက်လည်ပတ်ရန် အခွင့်ထူးရခဲ့ပြီး သိခွင့်ရခဲ့သောနေရာနှင့် လူများအားလည်း နှစ်လိုဖွယ်အမှတ်ရစေပါသည်။ ကျွန်ုပ်တို့ အမေရိကန်တို့၏စိတ်ဓာတ်နှင့် အစဉ်အလာများကို ဆောင်ကြဉ်းသွားသည့် လက်ဆောင်များအား နိုင်ငံခြားမှမိတ်ဆွေများထံသို့ ပေးပို့သည့်အခွင့်အလမ်းကိုလည်း ၄င်းလက်ဆောင်က ကျွန်ုပ်တို့အားပေးခဲ့ပါသည်။

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၄၂ အကောင်းဆုံးနှင့်အဆိုးဆုံး

ကျွန်ုပ်၏ အကောင်းဆုံးနှင့်အဆိုးဆုံးအလုပ်သည် အဘယ်နည်း။ ကျွန်ုပ် အလုပ်လုပ်ခဲ့သည့် သမ္မတများအနက် မည်သူသည်အကောင်းဆုံးနှင့် အဆိုးဆုံးဖြစ်ပါသနည်း။ သို့မဟုတ် မည်သူသည် ကျွန်ုပ်၏ အရေးကြီးဆုံး ဓါတ်ပုံရိုက်ဖြစ်ပါသနည်း။ ကျွန်ုပ်တွင် တစ်ဦးတည်းဖြစ်သည့် အကောင်းဆုံးဥပမာထိပ်ဆရာ (ဆရာ)ရှိခဲ့ပါသလား။ ကျွန်ုပ်၏ အကြီးမြင့်ဆုံးဖြစ်ပြီး တစ်ခုတည်းဖြစ်သော ရထူးအောင်ခြင်္သေ့သည် အဘယ်နည်း။ ကျွန်ုပ်၏ အကြီးမြင့်ဆုံးဖြစ်ပြီး တစ်ခုတည်းသော ကျွန်ုပ်မှုသည် အဘယ်နည်း။

ထိုအမေးများကို ကျွန်ုပ်က မဖြေလိုပါ။ တစ်ခုတည်းသော အောင်ခြင်္သေ့ သို့မဟုတ် တစ်ခုတည်းသော ပုဂ္ဂိုလ်ကို ရွေးထုတ်ခြင်းသည် ငှင်းတို့ထက် အရေးကြီးမှုမလျော့သော အခြားသောအရာ၊ အခြားသောပုဂ္ဂိုလ်များကို သေးသိမ်သွားအောင်ပြုရာရောက်စေပါသည်။ ဤသို့ရွေးထုတ်မှုကြောင့် အရေးပါသည့်သတင်းတစ်ခုကို အမှန်ပင်ဖြစ်စေပါသည်။

လူတိုင်းလူတိုင်းသည် ကျွန်ုပ်တို့၏ အတွေ့အကြုံအရပ်ရပ်နှင့် အခြားသူများနှင့် ကျွန်ုပ်တို့က အပြန်အလှန်ဆက်သွယ်မှုအရပ်ရပ်တို့မှ ထွက်ပေါ်လာသည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။

ကျွန်ုပ်အတွက် အကောင်းဆုံးဖြစ်ပေါ်ခဲ့သည့် ကောင်းသောမိသားစုတွင် မွေးလာရခြင်းသည် အကောင်းဆုံးသောအရာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ဤသည်မှာ အစမျှသာဖြစ်ပါသည်။ ကျွန်ုပ်၏ မိဘများသည် အံ့ချီးဖွယ်ဖြစ်ပါသည်။ ကျွန်ုပ်၏ ဘုန်းတော်ကြီး၊ ပြီးခြောက်ကြသည့် ကျွန်ုပ်၏ အစ်မ၊ ကျွန်ုပ်၏အဒေါ်များနှင့် ဦးလေးများ၊ ဆရာများ၊ အိမ်နီးချင်းများ၊ လမ်းထဲမှ ကျွန်ုပ်၏ လက်တွဲဖော်များ

www.burmeseclassic.com

www.burmeseclassic.com

သည်လည်း အလားတူပင်ဖြစ်ကြပါသည်။ လမ်းထဲရှိ ကျွန်ုပ်အား အနိုင်ကျင့်သူများ၊ မသိသလိုနေတတ်သည့် ဆရာဆရာမများ၊ ကျွန်ုပ်အား လူမည်းလူငယ်တစ်ဦးအဖြစ်မြင်ကြပြီး ဤအခြေခံတစ်ခုတည်းကြောင့် နိမ့်ကျသူတစ်ဦးအဖြစ် ဆက်ဆံထိုက်သည်ဟု မြင်ကြသူများကလည်း ကျွန်ုပ်ကို ပုံသွင်းကြပါသည်။

ကျွန်ုပ်၏ဘဝတွင် ကျွန်ုပ်အပေါ် သြဇာအလွှမ်းမိုးဆုံးပုဂ္ဂိုလ်ဆိုသည်ကို Google လိပ်စာတွင်ရှာလျှင်လည်း တွေ့နိုင်မည်မဟုတ်ပါ။

ကျွန်ုပ်တွင် ပထမဆုံးသော အကြီးအကဲရှိပါသည်။ ၄င်းမှာ နေရာရွှေ့ပြောင်းလာသူ ရုရှား-ကျူးကပြားဖြစ်သူ ကလေးကစားစရာ စတိုးပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ "Colin ရေ ပညာဆုံးခန်းတိုင်အောင်သင်ပါ။ သင့်ရဲ့အနာဂတ်သည် ကျုပ်ဆိုင်မှာအလုပ်လုပ်ရန်မဟုတ်" ဟု ၄င်းက ကျွန်ုပ်အားပြောခဲ့ပါသည်။

လမ်းထောင့်တွင်ဆိုင်ရှိသည့် ဖိနပ်ပြင်သမား Sammy Fiorino က ကျွန်ုပ်အား ဝိုကာကစားနည်းကို သင်ပေးခဲ့ပြီး အိမ်နီးနားချင်းများနှင့် အလိုက်သင့်အောင်နေရန်၊ Doc ဆိုသူနှင့် ဘယ်တော့မှ ဝိုကာမကစားရန် သွန်သင်ခဲ့ပါသည်။

ဆရာများထဲက တစ်ဦးတည်းသော ကျွန်တော်က နာမည်မှတ်မိသူ အင်္ဂလိပ်စာပြ အထက်တန်းပြဆရာမ Miss Ryan ဆိုသူလည်း ရှိပါသေးသည်။ ကျောင်းတွင် ကျွန်ုပ်ကြိုးစားခဲ့ဖူးသည်ထက် ပို၍ကြိုးစားလာအောင် ဆရာမက ကျွန်တော့်အား ခြိမ်းခြောက်ပြီး တုန်လှုပ်စေခဲ့ပါသည်။ ကျွန်ုပ်အား လေ့ကျင့်ပေးသည့် အင်္ဂလိပ်သင်ခန်းစာများသည် ကျွန်ုပ် လက်ခံရရှိခဲ့သည့် အကြီးမားဆုံးသော လက်ဆောင်များအနက် တစ်ခုဖြစ်ပါသည်။

ဗိုလ်မှူးကြီး Harold C. Brookhart သည် CCNY ၌ စစ်ရေးသိပ္ပံဘာသာရပ်တွင် ကျွန်ုပ်၏ ပါမောက္ခ တစ်ဦးဖြစ်ပါသည်။ West Point သားတစ်ဦးလည်းဖြစ်ပါသည်။ ၄င်းက ကျွန်ုပ်အား စောစောပိုင်းဘဝတွင် ပြုစုပျိုးထောင်လာခဲ့ပါသည်။ အကြီးတန်းတာဝန်ကို ကျွန်ုပ်က ထမ်းဆောင်ရစဉ် West Point သို့ သုံးရက်ကြာ သွားရောက်နေထိုင်စေပါသည်။ ကျွန်ုပ်အား စစ်သားဘဝဓာတ်သွင်းမှု အခြေခံမှုများ၊ စံချိန်များနှင့် ထိတွေ့စေကာ ကျွန်ုပ်၏ခေတ်ပြိုင်သမားများ၏ ခံစားမှုကိုရရှိစေရန်ပင်ဖြစ်သည်။ ၁၉၅၈ ခုနှစ်၌ ကျွန်ုပ်အနေဖြင့် Benning သို့ ထွက်ခွာခါနီးတွင် ၄င်းက ကျွန်ုပ်အား ငယ်ရွယ်သူလူမည်းတစ်ဦးအဖို့ ကျော်ကြီးယာကို နယူးယောက်မြို့လို မမျှော်လင့်ထားဖို့ သတိပေးစကား ပြောကြားခဲ့ပါသည်။

ဂျာမနီတွင် ကျွန်ုပ်၏ ပထမဆုံးသော တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီး Miller လည်း ရှိပါသေးသည်။ ကျွန်ုပ်၏ (.၄၅)ပစ္စတိုသေနတ်သည် ကျဖျောက်ခဲ့သဖြင့် ၄င်းထံသို့ အကြောင်းကြားခဲ့ပါသည်။ စခန်းထွက်ပြီး ကျွန်ုပ်ပြန်လာသော အခါ ၄င်းက အဝင်ဝတွင်စောင့်နေပြီး ပျောက်နေသည့် ပစ္စတိုသေနတ်အား ကျွန်ုပ်ကိုပြန်ပေးပါသည်။ ၄င်းသေနတ်ကို

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဒေသခံကလေးများက တွေ့ရှိခဲ့သဖြင့် သေနတ်တစ်ချက် ဖောက်ကြည့်သည်ကို ကြားရပြီး နောက်တစ်ချက်မဖောက်မီ သွားရောက်သိမ်းဆည်းခဲ့ကြောင်း ပြောပါသည်။ အမှန်မှာ ကျွန်ုပ်၏အိပ်ရာဘေးတွင် သေနတ်အိတ်ထဲမှ ထွက်ကျကျန်ရစ်သဖြင့် တစ်ဦးဦးက ဗိုလ်ကြီးထံသို့ ပေးအပ်ထားခြင်းဖြစ်သည်။ သေနတ်ဖောက်ထားသည်ဆိုမှာလည်း မဟုတ်ကြောင်းတွေ့ရှိရပါသည်။ ဗိုလ်ကြီး Miller က အလားအလာရှိသောလူငယ် ဒုတိယဗိုလ်တစ်ဦးအား မမေ့မျောက်နိုင်သည့် သင်ခန်းစာတစ်ခုကိုသင်ပေးရန် တွေးဆပြီး ထိုသို့ပြုမူခဲ့ခြင်း ဖြစ်ပါသည်။

ယခင်အချိန်များက စစ်တပ်ထဲတွင်ရှိကြသော အကြီးတန်းလူမည်းအရာရှိများကဲ့သို့ဖြစ်ရန် လူငယ်လူမည်းစစ်သားတစ်ဦးက မျှော်မှန်းချက်ကိုရာဖွေပါသည်။ ထို့အပြင် နိုင်ငံအား ဂုဏ်ယူစွာ အမြဲပင် အလုပ်အကျွေးပြုခဲ့သော သမိုင်းတွင်ရှိသည့် စစ်သားများကိုလည်း မျှော်တွေးကြည့်မိပါသည်။ ၄င်းစစ်သားများမှာ နိုင်ငံက ၄င်းတို့အား အလုပ်အကျွေးမပြုသည့်တိုင် နိုင်ငံအား အလုပ်အကျွေးပြုခဲ့ကြသူများဖြစ်ကြသည်။ ကျွန်ုပ်သည် ၄င်းတို့၏ ပခုံးပေါ်တွင် တက်ရပ်၍ ပို၍မြင့်စွာ လက်လှမ်းမီရေးကို ဆောင်ရွက်ရန် ကျွန်ုပ်တွင် တာဝန်ရှိပါသည်။ ကျွန်ုပ်သည် အသားအရောင်မည်းသော်လည်း အမေရိကန်စစ်သားတစ်ဦးဖြစ်ပါသည်။ လူမည်းအမေရိကန်စစ်သားတစ်ဦးမဟုတ်ပါ။ (I was an American soldier who was black, not a black American soldier.)

ဘဝတစ်လျှောက်တွင် ကျွန်ုပ်နှင့်အလိုက်သင့်မဖြစ်သည့် လူများလည်းရှိသည်။ ကျွန်ုပ်၏ စွမ်းရည်နှင့်ဖြစ်လာနိုင်သည့် အစွမ်းအစတို့ကို သံသယရှိကြသည့်လူများလည်း ရှိကြပါသည်။ သူတို့က မှန်သည်ဟုလက်ခံရန် ကျွန်ုပ်က ၄င်းတို့ထံမှ သင်ယူခဲ့ပါသည်။ အကယ်၍ ၄င်းတို့ကမှန်ပါလျှင် ကျွန်ုပ်က ပြုပြင်ပြီး ရှေ့ဆက်သွားပါသည်။

ကျွန်ုပ်သည် ကြီးရင့်လာသည့်အလျောက် ကြီးရင့်သည့်ပုဂ္ဂိုလ်များနှင့်ဆုံရပါသည်။ ၄င်းတို့က ကျွန်ုပ်တွင် ရှိသော အသုံးဝင်သည့်အရာများကို တွေ့ရှိကြပြီး ကျွန်ုပ်အား လမ်းညွှန်ကာ ရှေ့ဆက်သွားစေခဲ့ပါသည်။ မကြာခဏလည်း ကျွန်ုပ်၏အားနည်းချက်များနှင့် ပြဿနာများကို ထောက်ပြခဲ့ကြပါသည်။ ၄င်းတို့အားလုံးက ကျွန်ုပ်အပေါ် လွှမ်းမိုးကြပါသည်။ ၄င်းတို့၏ အမည်များကို ဖော်ပြလျှင် ယခုစာအုပ်သည် ထူလာမည်ဖြစ်ပါသည်။ ထို့ကြောင့် မဖော်ပြလိုတော့ပါ။

ဤနေရာတွင် ကျွန်ုပ်အလေးထားဖော်ပြလိုသည်မှာ လူတစ်ဦး၏ စောစောပိုင်းဘဝတွင် ဩဇာသက်ရောက်မှုကိစ္စဖြစ်ပါသည်။ အကြောင်းမှာ ပုံစံသွင်းသည့်ဖြစ်စဉ်သည် ၄င်းစောစောပိုင်းကာလတွင် စတင်သောကြောင့်ဖြစ်ပါသည်။ ၄င်းကိစ္စသည် ကလေးငယ်ကလေးက ၄င်း၏မိခင်၏အသံကိုကြားပြီး ၄င်းမိခင်၏အသံမှန်း သိရှိသည့်အချိန်တွင် စတင်သည်ဟု ပရိသတ်များအား မကြာခဏပြောကြားပါသည်။ ဤစကားသံသည် ကလေးကပြောလာမည့် စကားသံပင်ဖြစ်

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com

သည်။ ဤပုဂ္ဂိုလ်သည် ကလေးနှင့်မှတ်သားလောက်သည့် မေတ္တာနှောင်ဖွဲ့မှုကိုပြုမည့် ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ဖျိုးထောင်နေသော ဤပုဂ္ဂိုလ်သည် အဆိုပါ ကလေးသူငယ်ထံသို့ ပညာ၊ စာရိတ္တ၊ လူ့တန်ဖိုးများ၊ ယော်ရွှင်မှု၊ ကြင်နာမှုများကို ဖြန့်ဖြူးပေးသူပင်ဖြစ်သည်။ အဆိုပါ စောစောပိုင်းကာလတွင် မိခင်သည် ၄င်းကလေးက သိရှိသည့် အရေးကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ အကယ်၍ မိခင်သည် ဤသို့ရှိမနေဘဲ ထိုအခန်းကဏ္ဍကို လုပ်ဆောင်ခြင်းမရှိပါက ကလေးသည် ပို၍ပြင်းထန်သည့်လမ်းကို လျှောက်ရပါလိမ့်မည်။

ကျွန်ုပ်သည် အကျော်အမော်ဖြစ်ပြီး အထက်တန်းကျသည့် ကျွမ်းကျင်အထက်တန်းကျောင်းတစ်ကျောင်းတွင် ဟော ပြောဖူးပါသည်။ ကျောင်းသားကလေးများသည် အများအားဖြင့် စာတော်ကြပါသည်။ ရွေးချယ်ထားသည့် ကျောင်းသားများက တန်းစီကြပြီး ကတ်ပြားပေါ်တွင် ရေးထားသည့်မေးခွန်းများဖြင့် ကျွန်ုပ်အားမေးသည်ကို ဖြေကြားပါသည်။ ကျွန်ုပ်သည် တန်းစီထားသည့် ကျောင်းသားများကိုရှောင်၍ ကျွန်ုပ်ထိုင်လေ့ရှိသည့်နေရာဖြစ်သော နောက်တန်းဘက်သို့ ကြည့်၍ မေးခွန်းမေးရန် ဖိတ်ခေါ်ပါသည်။

အသက်(၁၃)နှစ်ခန့်ရှိသည့် ကလေးမတစ်ဦးက လက်ထောင်ပြီး "သင်သည် ကြောက်ရွံ့ခဲ့ဖူးပါသလား။ ကျွန်ုပ်သည် နေ့တိုင်းပင် ကြောက်ရွံ့နေပါသည်။ ကျွန်ုပ်သည် ကျွမ်းမည်ကို နေ့စဉ်ကြောက်ပါသည်။ ကျွန်ုပ်ကျွမ်းမည်ကို ကြောက်ရွံ့ပါသည်" ဟု သူမကမေးပါသည်။ ဤသို့အဆင့်ရှိသည့် ကျွမ်းကျင်အထက်တန်းကျောင်းတစ်ကျောင်းတွင် လူအများရှေ့မှောက်၌ ထိုမေးခွန်းကိုမေးလောက်သည်အထိ သူမသည် ရဲရင့်ပါပေသည်။

ကျွန်ုပ်က သူမအား ဟုတ်ကဲ့ဟုဖြေပါသည်။ ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်းပင် တစ်စုံတစ်ခုကို ကြောက်ရွံ့နေပါသည်။ တစ်စုံတစ်ခုတွင်လည်း ကျွန်ုပ်သည် နေ့စဉ်ဆုံးရှုံးနေပါသည်။ ကြောက်ရွံ့မှုနှင့် ကျွမ်းမှုတို့သည် အမြဲပင် ရှိနေပါသည်။ ၄င်းအချက်တို့ကို ဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ်လက်ခံပြီး ၄င်းအဖြစ်မှန်အရာများကို မည်သို့စီမံဆောင်ရွက်ရမည်ကို လေ့လာသင်ယူပါ။

အလန့်တကြားဖြစ်လျှင်လည်း ဖြစ်ပါ။ သို့သော် ဆက်သွားပါ။ အလန့်တကြားဖြစ်မှုသည် ခဏတာ ဧည့်သည်သဘောသာဖြစ်သည်။ ၄င်းသည် ပျောက်ကွယ်လွန်မြောက်သွားပါမည်" အကယ်၍ သင့်တွင် မအောင်မြင်မှုဖြစ်လာလျှင် အကြောင်းရင်းများကို ဖယ်ရှားပြုပြင်ပြီး ဆက်၍သွားပါလေ။

ဟောပြောခန်းတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ ငယ်ရွယ်၍ မြင့်မားသည့် ၄င်းကျောင်းသားတိုင်းသည် မမေးရဲကြသော်လည်း ၄င်းမေးခွန်းသည် ၄င်းတို့၏ခေါင်းထဲတွင်ရှိနေပါသည်။

ကျွမ်းမှုဖြစ်သည့်အခါ အဖော်မပါ အထီးတည်း ဖြစ်တတ်ပါသည်။ အောင်မြင်မှုတွင်မူ ဤသို့မဟုတ်ပါ။

bookhouse
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်တွင် ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်(၈)ခုရပြီး စံချိန်တင်ခဲ့သူ Michael Phelps ကို ကျွန်ုပ် အမှတ်ရဖိုပါသည်။ ၄င်း၏ ကာယစွမ်းအားနှင့် စိတ်ဝိုင်းဖြတ်ထားမှုသည် ရေကူးပြိုင်ပွဲတွင် အကျော်ဇောယူဖြစ်ခဲ့ပါသည်။ သို့သော် ၄င်းက ၄င်း၏မိဘများ၊ နည်းပြများ၊ အဖွဲ့ဝင်များနှင့် သူ့အား ကူညီကြသူများအား ကျေးဇူးတင်ရန် မည်သည့်အခါမျှ မပျက်ကွက်ခဲ့ပါ။

သင့်ထံသို့ အောင်မြင်မှုရောက်ရှိလာသည့်အခါ ထိုသို့ အောင်မြင်ရန် သင်တစ်ဦးတည်းက ဆောင်ရွက်ခဲ့သည် မဟုတ်ကြောင်းကို သတိရပါ။ ကျွန်ုပ်တို့အားလုံးကလည်း ရှိနေကြပါသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com

အခန်း-၄၃ ဟွတ်ဒေါ်

ကျွန်ုပ် အနှစ်သက်ဆုံးအရာများအနက်တစ်ခုမှာ နွေဦးရာသီ သို့မဟုတ် ဆောင်းဦးရာသီ၏ သာယာလှပသည့် နေ့လယ်ဝိုင်းတွင် ကျွန်ုပ်၏ ဌာနေမြို့ဖြစ်သည့် နယူးယောက်မြို့ရှိ Park ရိပ်သာနှင့် ပဋ္ဌမရိပ်သာတို့တစ်လျှောက် လမ်းလျှောက်ခြင်း ပင်ဖြစ်သည်။

၄င်းရှိ ကန္တဝင်မြောက်အဆောက်အအုံကြီးများ၊ ဘုရားကျောင်းများကို မော်ကြည့်ပြီး အကျော်အမော်ဆိုင်ကြီးများကို ငေးကြည့်ရသည်ကိုလည်း သဘောကျပါ သည်။ သွားလာနေကြသည့်လူများကို ကြည့်ရမြင်ရသည်မှာလည်း အလွန်ပင် စိတ်လှုပ် ရှားစရာကောင်းပါသည်။ ဤနေရာသည် ကမ္ဘာကြီးတစ်ခုလုံးကို ကိုယ်စားပြုနေပါသည်။ ကျွန်ုပ်တို့သည် လူမျိုးအများအပြားပါဝင်သည့် တိုင်းပြည်ဖြစ်သည်ကိုလည်း သက်သေ ပြလျက်ရှိပြန်ပါသည်။

အမျိုးမျိုးသောလူများကို တွေ့ရမှုကြောင့် ဂျပန်လုပ်ငန်းရှင်ကြီး ဘီလ်မှာ သူ့ခြေကြီးတစ်ဦးအား ရုပ်ဖြင်လူတွေ့မေးမြန်းသည်ကို သတိရလာစေပါသည်။ ၄င်းအနေ ဖြင့် ကမ္ဘာသို့ ခရီးသွားလာနေသည်ဖြစ်ရာ ကမ္ဘာတွင် မည်သည့်မြို့ကို မိမိအနှစ်သက်ဆုံး ဖြစ်ပါသနည်းဟု တွေ့ဆုံမေးမြန်းသူက မေးကြည့်ရာ ၄င်းက "နယူးယောက်မြို့" ဟု ချက်ချင်းပင် ပြောကြားပါသည်။

ရောမ၊ ပါရီ၊ လန်ဒန်မြို့တို့မဟုတ်ဘဲ အဘယ်ကြောင့် နယူးယောက်ကို ရွေးရပါသနည်းဟု မေးသည်ကို ၄င်းက "ကျွန်ုပ်က လမ်းတွင်လျှောက်သွားသည့်အခါ၊ လူတွေက ကျွန်ုပ်ထံလာပြီး လမ်းညွှန်ပြရန်မေးသည်မှာ ဤမြို့တစ်မြို့တည်းတွင် ရှိသည်" ဟု ဖြေကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကမ္ဘာလုံးမှ လူအမျိုးမျိုးသည် ဤနေရာကို ရောက်နေကြသည်မှာ မှန်ပါသည်။ အခြားသော အမေရိကန် မြို့ကြီးများတွင်လည်း အလားတူပင်ဖြစ်ပါသည်။

ထိုသို့ လမ်းလျှောက်ရာတွင် လမ်းထောင့်တစ်နေရာတွင် နေရပ်ပြောင်းရွှေ့လာသူတစ်ဦးက ဟွတ်ဒေါ့ရောင်းသည့် တွန်းလှည်းတစ်စီးရှိရာတွင် ကျွန်ုပ်သည် အခြေပင်ရပ်လေ့ရှိပါသည်။ ၄င်းဟွတ်ဒေါ့ကို ကျွန်ုပ်ကြိုက်ပါသည်။ ဟွတ်ဒေါ့တစ်ခုကို အမေရိကန်ဒွေ့(၁၀)ဆင့်သာကျသင့်သည့် ကျွန်ုပ်၏ငယ်စဉ်ဘဝကို ၄င်းဟွတ်ဒေါ့က အမှတ်ရစေပါသည်။

ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်စဉ်ကလည်း "Park ရိပ်သာ" နှင့် "ပဒုမရိပ်သာ" တစ်လျှောက် သွားလာပြီး ဟွတ်ဒေါ့ကို ဝယ်စားခဲ့ဖူးပါသည်။

ရောင်းသူက ကျွန်ုပ်ကို မှတ်မိသွားရာ ကျွန်ုပ်က ပိုက်ဆံပေးသည်ကို ၄င်းက ပယူတဲ့ "ပယူပါဘူး ဝိုလ်ချုပ်ကြီးရေ၊ သင်က ကျွန်ုပ်ကို ဘာမှပေးစရာမလိုပါ။ အမေရိကန်နိုင်ငံက ကျွန်ုပ်ကိုပေးထားပြီးဖြစ်သည်။ ကျွန်ုပ် ဘယ်ကလာသည် ဆိုသည်ကို ကျွန်ုပ် ဘယ်တော့မှ မမေ့မည်မဟုတ်ပါ"

"ကျွန်ုပ်သည် ယခုအခါ ဤနေရာသို့ ရောက်နေပါပြီ ကျွန်ုပ်သည် အမေရိကန်တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်ထည် ဘဝသစ်သို့ ရောက်လာပါသည်။ ကျွန်ုပ်၏ ကလေးများကလည်း ဤသို့ရောက်လာခဲ့ပါပြီ။ ကျေးဇူးတင်ပါသည်။ ဟွတ်ဒေါ့ကိုသုံးဆောင်ပါ" ဟု ၄င်းက ပြောပါသည်။

ကျွန်ုပ်က ၄င်းအားကျေးဇူးတင်ပြီး ဆက်၍လျှောက်ပါသည်။ ထိုစဉ်တွင် နွေးထွေးဖွတစ်ခုကို ခံစားရပါသည်။ လွန်ခဲ့သော နှစ်(၉၀)က ရွှေပြောင်းလာသူ ကျွန်ုပ်၏ မိဘနှစ်ပါးအား တံခါးဖွင့်ပေးခဲ့သည့် အမေရိကန်နိုင်ငံဖြစ်သည်ဟူ၍ ခံစားရပါသည်။ ၄င်းသည် ကျွန်ုပ်တို့၏ အတိတ်ဖြစ်သည်ကို ကျွန်ုပ်တို့က မည်သည့်အခါမျှ မမေ့ရပါ။ ၄င်းသည် ကျွန်ုပ်တို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်လည်း အမှန်ပင်ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်တွင် မြို့တော်ဝန် Mike Bloomberg အား နယူးယောက်မြို့တော်ဝန်အဖြစ် တတိယသက်တမ်းအတွက် ကျွန်ုပ်ထောက်ခံခဲ့စဉ်က ၄င်းနှင့်ကျွန်ုပ်တို့ တွဲ၍ဓာတ်ပုံရိုက်ကာကြော်ငြာရန် ဖြစ်လာခဲ့ပါသည်။ စားသောက်ဆိုင်တစ်ခုတွင် နှစ်ဦးသားရှိနေသည့် ဓာတ်ပုံကို ကြော်ငြာထည့်ရန် တင်ပြကြပါသည်။

ကျွန်ုပ်က "လမ်းထောင့်တစ်နေရာတွင် နှစ်ဦးသား ဟွတ်ဒေါ့ဝယ်နေပုံကိုထည့်လျှင် ပို၍ နယူးယောက်မြို့သားဆန်ပြီး မြို့တော်ဝန်အား "ပြည်သူတို့နှင့်အတူဖြစ်သော" ပတ်ဝန်းကျင်တွင် ပို၍နှိမ့်ချသောအနေအထား ရှိစေလိမ့်မည်ဟု ကျွန်ုပ်က အကြံပြုခဲ့ပါသည်။ ၄င်းတို့က ၄င်းအယူအဆကို သဘောကျပြီး ထိုအတိုင်းပင် ဓာတ်ပုံရိုက်ခဲ့ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

နောက်တစ်နေ့နံနက်တွင် နယူးယောက်တိုင်းမ်စ်သတင်းစာ၏ စာမျက်နှာ(၁)အပေါ်ပိုင်းတွင် ၄င်းဓာတ်ပုံပါလာပါသည်။

ကျွန်ုပ်က ဟွတ်ဒေါ့အား ကြိုးကိုင်နှစ်သက်မှုကို သံတမန်လောကဓာတ်၏ အမြင့်ဆုံးအဆင့်အထိ ကျွန်ုပ်က ဆောင်ယူခဲ့ဖူးပါသည်။

၂၀၀၂ ခုနှစ် ဧပြီလတွင် ၄င်းအချိန်က တရုတ်ဒုတိယသမ္မတဖြစ်သူ ဟူချင်တောင်းသည် ဝါရှင်တန်သို့ရောက်ရှိလာခဲ့သည်။ ၄င်းနှင့်ကျွန်ုပ်တို့က စကားပြောကြားကြရာတွင် နှစ်ဖက်အစိုးရ၏ ရပ်တည်ချက်များအတိုင်း သတိထားရှု ပြောဆိုခဲ့ကြသည်။

ကျွန်ုပ်က ၄င်းအား ၄င်းအနေနှင့် နယူးယောက်သို့ အလည်အပတ်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော် နယူးယောက်မြို့ကို လှည့်လည်မကြည့်ရှုရသေးကြောင်း၊ နောက်တစ်ကြိမ်အလည်လာလျှင် ကျွန်ုပ်သည် ၄င်း၏အိမ်ရှင်ဖြစ်လိုပြီး နယူးယောက်အနှံ့ လိုက်ပြလိုကြောင်း၊ အထူးသဖြင့် နေရပ်ပြောင်းရွှေ့လာသူ လက်တွန်းလှည်းအရောင်းသမားထံမှ ဟွတ်ဒေါ့ကိုဝယ်ပေးချင်ကြောင်း ပြောကြားရာ ၄င်းကပြုံးပြီး ကျေးဇူးတင်ကြောင်း ပြောကြားကာ ၄င်းကလည်း ထိုသို့မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဟူချင်တောင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသည်။ ထိုနောက်ပိုင်းနှစ်များအတွင်း ကျွန်ုပ် အငြိမ်းစားယူသည်အထိ ဟူနှင့်ကျွန်ုပ် အကြိမ်ကြိမ်တွေ့ဖူးပါသည်။ ထိုသို့တွေ့ဆုံရာတွင် ၄င်းက ပထမဆုံးပြောသည့်စကားမှာ "ဟွတ်ဒေါ့ကို ကျွန်ုပ်တို့ ဘယ်တော့ဝယ်ယူကြမလဲ" ဟူ၍ ဖြစ်ပါသည်။

ဟွတ်ဒေါ့ သံတမန်ပရိယာယ်သည် ကမ္ဘာကို လှုပ်ရှားတုန်ခါသည့်အရာတစ်ခု ဖြစ်ချင်မှဖြစ်ပါမည်။ သို့သော် ၄င်းဟွတ်ဒေါ့က လူသားနှစ်ဦးအကြား လူသားဆန်သော ဆက်ဆံမှုကိုဖြစ်စေပြီး ၄င်းဆက်ဆံရေးက ဌာနဆိုင်ရာ တရားဝင်ဆက်ဆံရေးကို ထောက်ကူစေပါသည်။ ကျွန်ုပ်တို့နိုင်ငံက တရုတ်နှင့်လမ်းဖွင့်ရာတွင် ပင်ပေါင်းကစားပွဲတစ်ခုဖြင့် စတင်ခဲ့ပါသည်။ ကျွန်ုပ်သည် ဟွတ်ဒေါ့အရာတွင် ပို၍တော်ပါသည်။ ကောင်းပါသည်။

■

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၄၄ အစကောင်းခြင်းတည်းဟူသော လက်ဆောင်

ကျွန်ုပ်သည် ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံခြားမှ အကြီးတန်းစစ်ဘက်ခေါင်းများနှင့် မကြာခဏတွေ့ဆုံကြရာတွင် ၄င်းတို့က "ခင်ဗျား အနေနဲ့ West Point စစ်တက္ကသိုလ်မှ ဘယ်တော့ဘွဲ့ရခဲ့ပါသလဲ"ဟု မေးလာမည်ကို မျှော်လင့်ထားရပါသည်။

West Point မှ ဆင်းသည့်အရာရှိသည်သာလျှင် ထိပ်တန်းသို့ရောက်နိုင်သည်ဟု ၄င်းတို့က ယူဆထားဟန်တူပါသည်။

"West Point သို့ ကျွန်ုပ်မသွားခဲ့ပါဘူး"ဟု ကျွန်ုပ်က ပြန်ဖြေပါသည်။

"ခင်ဗျားအနေနဲ့ Citadel, Virginia Military Institute သို့မဟုတ် Texas A&M တို့ကို တက်ခဲ့ဖူးပါသလား"စသည်ဖြင့် လူသိထင်ရှားသည့် အရာရှိ ထုတ်လုပ်သောဌာနများကို ရည်ညွှန်းမေးခဲ့ကြပါလိမ့်မည်။

"မတက်ဖူးပါ။ ကျွန်ုပ်ကောလိပ်သို့ တက်နေစဉ်က လူမည်းတစ်ဦးသည် ၄င်း ကောလိပ်သို့မတက်ရောက်နိုင်ပါ"ဟု ကျွန်ုပ်ကဖြေပါသည်။

"အို ကောင်းပါပြီ၊ သင်ဘယ်ကျောင်းကိုသွားခဲ့ပါသလဲ" ဟု ကသိက အောက်ဖြစ်ရာကနေပြီး မေးပါသည်။

အဖြေမှာ Harlem ရှိ "နယူးယောက်မြို့တော်ကောလိပ်"ဖြစ်ပါသည်။ ကျွန်ုပ်သည် CCNY ၏ ROTC အစီအစဉ်အရ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရပါသည်။ ကျွန်တော်သည် ပထမဆုံးသော ROTC သင်တန်းဆင်းလက်မှတ်ရသည့် ပထမဆုံးသော လူမည်းတစ်ဦးဖြစ်ပြီး ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌဖြစ်လာသူများအနက် အသက်အငယ်ဆုံးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ချက်ချင်းပင် သိလိုစော ဖြစ်လာကြပါသည်။ ၄င်းတို့သည် CCNY ဆိုသည်ကို မကြားဖူးကြပါ။

"၄င်းသည် လူတိုင်းကိုဝင်ခွင့်ပြုသည့် ကြီးမြင့်သည့်ကျောင်းတစ်ကျောင်းဖြစ်သည်" ဟု ကျွန်ုပ်က ၄င်းတို့အား ပြောပြပါသည်။ CCNY ကို ၁၈၄၇ ခုနှစ်က တည်ထောင်ခဲ့ပြီး ထိုအချိန်က "Free Academy" ဟု ခေါ်ဝေါ်ခဲ့သည်။ ၄င်းသည် အမေရိကန်တွင် ပထမဆုံးသော အပြည့်အဝဖွင့်ပေးသည့် အခမဲ့ကောလိပ်တစ်ခု ဖြစ်ပါသည်။ ၄င်း ခေတ်အချိန်ခါကဆိုလျှင် ၄င်းကောလိပ်များကို ထူထောင်ရသည်မှာ ရဲရင့်သည့် ဆန်းသစ်တီထွင်မှုတစ်ရပ် ဖြစ်ပါသည်။ ၄င်းလုပ်ငန်း၏ဥက္ကဋ္ဌမှာ West Point သားတစ်ဦးဖြစ်သူ Dr. Horace Webster ဖြစ်သည်။

၄င်းက ၁၈၄၉ ခုနှစ် ဖွင့်ပွဲနေ့တွင် "လက်တွေ့စမ်းသပ်မှုကို ဆောင်ရွက်ကြည့်ရပါမည်။ ပြည်သူတို့၏သားသမီးများ၊ ပြည်သူတစ်ရပ်လုံး၏သားသမီးများအနေဖြင့် ပညာသင်နိုင်ပါသလား။ အဖြင့်ဆုံးအဆင့်ရှိသည့် ဌာနအဖွဲ့အစည်းတစ်ခုသည် အခွင့်ထူးခံ လူအနည်းကမဟုတ်ဘဲ ပြည်သူများ၏ဆန္ဒဖြင့် ကြီးကြပ်ဆောင်ရွက်၍ရပါသလားဆိုသည်တို့ကို စမ်းသပ်ကြည့်ရပါမည်" ဟု Webster က မိန့်ကြားခဲ့ပါသည်။

စမ်းသပ်အကောင်အထည်ဖော်မှုသည် အောင်မြင်ခဲ့ပါသည်။ CCNY သည် ပထမတန်းစားကောလိပ်တစ်ခု ဖြစ်လာပါသည်။ ၄င်းသည် အခမဲ့ဖြစ်ပြီး တိုင်းတစ်ပါးမှ နေရာရွှေ့ပြောင်းလာသူများနှင့် ဝင်ငွေနည်းသူများ တက်ရောက်ကြသဖြင့် ၄င်းကို ဆင်းရဲသားတို့၏ ဟားဗတ်တက္ကသိုလ်ဟု လူသိများလာသည်။

၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်ုပ်သည် ထိုကောလိပ်သို့ရောက်ရှိပါသည်။ ကျွန်ုပ် မည်သို့ဝင်ခွင့်ရသည်ကိုပင်မသိလုပါ။ ကျွန်ုပ်သည် ပညာအရာတွင် ကြယ်တစ်ပွင့်မဟုတ်ပါ။ ကျွန်ုပ်၏ အထက်တန်းကျောင်းရှိ ပညာရည်အဆင့်မှာလည်း CCNY ၏ ဝင်ခွင့်စံနှုန်းများထက် နိမ့်ပါသည်။ ကျွန်ုပ်အား အခွင့်ထူးတစ်ရပ်ကို ပေးခဲ့ကြလေသလား။ ကျွန်ုပ်မသိပါ။ စောစောပိုင်းတွင် ကျွန်ုပ်အနေဖြင့် နယူးယောက်မြို့လူငယ်အများစုလိုပင် ဆယ်ကျော်သက်အထက်တန်းကျောင်းသားဘဝက ထိုအချိန်က နယူးယောက်မြို့တွင် ဝုဏ်သရေအရှိဆုံး ကျောင်းတစ်ကျောင်းဖြစ်သည့် Bronx သိပ္ပံအထက်တန်းကျောင်းသို့ တက်ရောက်ခွင့်ရရန် အိပ်မက်ကိုမက်ခဲ့ဖူးပါသည်။ (Bronx သိပ္ပံအထက်တန်းကျောင်းက ပြင်သစ်နိုင်ငံထက် နိုဘယ်ဆုရှင်များကို ပို၍မွေးထုတ်ခဲ့သည်ဟု အဆိုရှိပါသည်။)

၄င်းအချိန်နောက်ပိုင်း အနှစ်(၄၀)ကြာလာသောအခါ ကျွန်ုပ်၏ အထက်တန်းကျောင်းသားဘဝက ကျွန်ုပ်၏ လမ်းညွှန်အကြံပေးဖြစ်ခဲ့သူတစ်ဦးထံမှ စိတ်ထိခိုက်ဖွယ်မှတ်ချက်စာရွက်တစ်ခုကို ရလိုက်ပါသည်။ "ငယ်ရွယ်သူ Powell သည် Bronx သိပ္ပံအထက်တန်းကျောင်းသို့ တက်ရောက်လိုပါသည်။ ၄င်းအချက်ကိုဆန့်ကျင်၍ ကျွန်ုပ်တို့က ဟင်ပြသည်" ဟူ၍ ဖြစ်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်သည် Morris High School သို့ ရောက်ခဲ့ရာ ဝင်ခွင့်ရပါသည်။ ၄င်းကျောင်းတွင် ကျွန်ုပ်သည် ဆိုးလှသည့်ကျောင်းသားတစ်ဦး မဟုတ်သလို ကောင်းလှသည့်ကျောင်းသားတစ်ဦးလည်း မဟုတ်ပါပေ။ သို့သော် ကျွန်ုပ်သည် ၄င်းကျောင်းမှအောင်မြင်ပြီး CCNY အစီအစဉ်သို့ သွားရောက်ခဲ့ပါသည်။

အဆိုပါ CCNY တွင် ကျွန်ုပ်သည် အစဝေထမ္ဘ အင်ဂျင်နီယာအဓိကကျောင်းသားတစ်ဦးဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် ၄င်းဘာသာရပ်ကို အမြန်ပင်လက်လွှတ်ခဲ့ရပါသည်။ ထို့နောက် ဘူမိဗေဒကိုယူပါသည်။ သို့ရာတွင် ထိုအချိန်တွင် ကျွန်ုပ်သည် ROTC ကို တွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်သည် ROTC နှင့် "ချစ်ကြိုက်မိသွားပါသည်"၊ မြတ်နိုးစုံမက်မိသွားပါသည်။ တပ်မတော်ကိုလည်း အလားတူစုံမက်မိသွားခဲ့ပါသည်။

လေးနှစ်ခွဲကြာမျှဖြစ်သော ကုန်ကျစရိတ်မရှိသည့် ထူးချွန်မှုလည်းမရှိသည့် ပညာသင်နှစ်များအပြီးတွင် CCNY အုပ်ချုပ်ရေးအဖွဲ့က ကျွန်ုပ်အား သနားလာပြီး ကျွန်ုပ်၏ ROTC A အဆင့်များကို ကျွန်ုပ်၏ အရပ်ရပ် ပျမ်းမျှအမှတ်အဖြစ် ထားရှိပေးလိုက်ရာ စာမေးပွဲအောင်မြင်ရန်လိုအပ်သည်ထက် အမှတ်ကျော်လွန်သွားပါသည်။ ထို့နောက် ကျွန်ုပ်၏ ကျောင်းဌာနအား ကြီးစွာစိတ်သက်သာရာရစေသောအားဖြင့် ကျွန်ုပ်အား ကြည်းတပ်သို့ ပို့ပေးလိုက်ပါသည်။

နောက်ထပ် နှစ်ပေါင်း(၆၀)ကြာသောအခါ ကျွန်ုပ်သည် CCNY ၏ ကြီးမြင့်သည့်သားကောင်းများအနက် တစ်ဦးအဖြစ် သတ်မှတ်ခံရပါသည်။ ကျွန်ုပ်သည် ကျောင်းမှချီးမြှင့်နိုင်သည့် ဆုတံဆိပ်အားလုံးနီးပါးကို လက်ခံရရှိပါသည်။ CCNY ရှိ ဌာနတစ်ခုကိုလည်း ကျွန်ုပ်၏အမည်ဖြင့် မှည့်ခေါ်ပေးခဲ့သည်။ "Colin L.Powell ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုဌာန" ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်အား တည်ထောင်သူတစ်ဦးနှင့် ဂုဏ်ထူးဆောင်ဧည့်ပါမောက္ခတစ်ဦး အဖြစ်လည်း ဘွဲ့နာမကို ချီးမြှင့်ခဲ့ပါသည်။

ကျွန်ုပ်ကဲ့သို့သော လူငယ်များသည် ထိပ်တန်းသို့ရောက်ထိုက်သည်ဟု ကျွန်ုပ်တို့၏မြို့က ယုံကြည်ပါသည်။ နယူးယောက်မြို့သားများသည် ပြည်သူတစ်ရပ်လုံး (လူတိုင်း)ကို ပညာသင်ပေးရန် အကုန်အကျခံလိုကြပါသည်။ လူတိုင်းဆိုရာတွင် ကျွန်ုပ်ကဲ့သို့ ဆင်းရဲပြီး တိုင်းတစ်ပါးမှလာရောက်အခြေချသူ မိဘများရှိကြသည့် လူငယ်များ၊ ဂျူးလူမျိုးဖြစ်ရသည့်အတွက် အခြားသော ကျောင်းများသို့ ဝင်ခွင့်မရသူများ၊ အလုပ်လုပ်ရင်း ညကျောင်းတက်သူများ (သင်တန်းပြီးရန် ၇ နှစ်အထိကြာနိုင်သည်။) အိမ်မှနေ၍ မြေအောက်မီးရထား သို့မဟုတ် ဘတ်စ်ကားဖြင့်ကျောင်းတက်ကြရသူများ ပါဝင်ကြပါသည်။ CCNY တွင် ကျွန်ုပ်ရရှိခဲ့သည့် ပညာရေးသည် မောပန်းဆင်းရဲပြီး ကျော်လွှားနေကြရသည့် လွတ်လပ်စွာ အသက်ရှူလိုကြသော လူထုကြီးကို အမေရိကန်၏ လူမှုရေးနှင့် စီးပွားရေးဘဝထဲသို့ ပေါင်းသွင်းပေးသည့် ပညာရေးပင်ဖြစ်ပါသည်။ ပညာရေးသည် "ရွှေရောင်တံခါး" အဖြစ် ဖြစ်ပြီးဖြစ်ဆဲပင်ဖြစ်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၄င်းကောလိပ်မှ ဒီပလိုမာကို သီသီကလေးဖြင့် ရရှိသည်မှန်သော်လည်း အံ့သြဖွယ်ရာဖြစ်သည့် ဘက်စုံဗဟုသုတရစေသော ပညာရေးကိုရရှိပြီး ၄င်းကောလိပ်မှထွက်ခဲ့သည်ကား အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် West Point, Citadel, VMI နှင့် A&M တို့မှ လက်တွဲဖော်များနှင့်လည်းကောင်း၊ တစ်နိုင်ငံလုံးရှိ အခြားသော ကောလိပ်နှင့်တက္ကသိုလ်များမှ လက်တွဲဖော်များနှင့်လည်းကောင်း ကျွန်ုပ်အနေဖြင့် တန်းတူဆောင်ရွက်နိုင်သည်ကို လာမည့် နှစ်များအတွင်း ကျွန်ုပ်တွေ့ရှိခဲ့ရပါသည်။ ကျွန်ုပ်တို့အားလုံးသည် ညီအစ်ကိုများ၏ အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်၊ ဧန်နဝါရီလတွင် ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထွက်ခွာလာသောအခါ CCNY သို့ သွားရောက်ရန်အချိန်ရရှိခဲ့ပြီး လွန်ခဲ့သည့် ရှစ်နှစ်က တည်ထောင်ခဲ့သည့် Powell ဌာနသည် မည်သည်တို့ကိုလုပ်ဆောင်နေသည်ကို ကြည့်ရှုနိုင်ခဲ့ပါသည်။

၄င်းကောလိပ်ရှိ ဥက္ကဋ္ဌ၏အစည်းအဝေးခန်းမတွင်ထိုင်လျက် ကျွန်ုပ်သည် Powell ဌာန၏ အဖွဲ့ဝင်တစ်ဒါဇင်ခန့်က ၄င်းတို့အကြောင်း၊ ၄င်းတို့က မည်သည်တို့ကို လေ့လာနေသည့်အကြောင်းနှင့် ၄င်းတို့ ဘဝတစ်လျှောက်တွင် မည်သည်တို့ကို ဆောင်ရွက်လိုကြောင်းတို့ကိုပြောသည်ကို နားထောင်ပါသည်။ ၄င်းတို့သည် အများအားဖြင့် လူနည်းစု ဖြစ်သော လူမျိုးစု၊ တိုင်းတစ်ပါးမှလာသူ၊ ၄င်းတို့၏မိသားစုတွင် ပထမဆုံးတက္ကသိုလ်သို့ ရောက်ရှိကြသူနှင့် ဝင်ငွေနည်းသည့် မိသားစုတို့မှ ဖြစ်ကြပါသည်။ ၄င်းတို့အနက် အများစုမှာ အလုပ်ဖြစ်ကြပါသည်။

သို့သော် ၄င်းတို့၏မျက်လုံးများမှာ စူးရှကြပါသည်။ ၄င်းတို့သည် စိတ်လှုပ်ရှားနေကြပါသည်။ ကောင်းစွာ လုပ်ကိုင်ရန် ဆာလောင်ငတ်သိပ်နေကြ၊ လိုလားကြပါသည်။ ၄င်းတို့တွင် ကြီးမားသည့်ရည်ရွယ်ချက်များ၊ စိတ်ကူး အိပ်မက်များ ရှိခဲ့ကြပြီး အောင်မြင်ရေးအတွက် ကြိုးပမ်းနေကြပါသည်။

သူတို့၏စကားများက ကျွန်ုပ်အား နက်နဲစွာပင် စိတ်လှုပ်ရှားစေပါသည်။ သူတို့သည် လွန်ခဲ့သော အနှစ်(၅၀) ကျော်က ကျွန်ုပ်၏ဘဝနှင့်တူကြပါသည်။ CCNY သည် လူထုကျောင်းသို့ ဝင်ခွင့်ရသူ နောက်လာမည့်မျိုးဆက်သစ် တစ်ခုအတွက် အရန်သင့်ဖြစ်အောင် ပြင်ဆင်လျက်ရှိသည့် "Harlem Harvard တက္ကသိုလ်" အဖြစ် ရှိခဲ့ပင်ဖြစ်ပါသည်။ ကျွန်ုပ်က သူတို့အား ၄င်းတို့က ကျွန်ုပ်အား ဝုဏ်ယူစရာဖြစ်စေခဲ့သည်။ ထိုဌာနတွင် ကျွန်ုပ်ကလည်း အချိန်မည်မျှ ပေးသွားမည်ဟု ပြောကြားပါသည်။

ထိုသို့ တွေ့ဆုံပြီးနောက်ပိုင်းနှစ်များအတွင်း ကျွန်ုပ်တို့၏ အစီအစဉ်များသည် အကြီးအကျယ် ကြီးထွားလာခဲ့သည်။ အနာဂတ်၏ခေါင်းဆောင်များအတွက် သင်တန်းပေးမှုနှင့် မိမိတို့၏ ပညာရပ်ဆိုင်ရာလုပ်ငန်းကို ပြည်သူတို့အတွက် အကျိုးရှိစေရန် ဆောင်ရွက်မှုတို့အပေါ် အာရုံစိုက်၍ ကြီးထွားလာပါသည်။ ၄င်းဌာန၏အမည်ကိုလည်း "ပေါ်လစီလေ့လာ

bookhouse
www.burmeseclassic.com

www.burmeseclassic.com

ရေးဌာန"မှနေ၍ "ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုဌာန"အဖြစ် ပြောင်းခဲ့ပါသည်။ မကြာမီတွင် "Powell ဌာန" အတွက် အဆောက်အအုံကြီးတစ်ခု ပေါ်လာလိမ့်မည်ဟု ကျွန်ုပ်က မျှော်လင့်ပါသည်။

၄င်းဌာနအား ကျွန်ုပ်၏အမည်ဖြင့် မှည့်ခေါ်သည့်အတွက် ကျွန်ုပ်ဂုဏ်ယူမိပါသည်။ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း ခုနစ်ကျောင်းကို ကျွန်ုပ်၏အမည်ဖြင့် အမည်ပေးလိုက်သည့်အတွက်လည်း လျှော့၍ဂုဏ်ယူသည်ကား မဟုတ်ပါ။ ကျွန်ုပ်သည်ဝါရှင်တန်ဒီစီရှိ ကျောင်းတစ်ကျောင်းကို ဆက်ခံလိုက်ပြီး ဗာဂိုနီးယားရှိ ဆင်ခြေဖုံးနေရာမှ ဘုရားကျောင်းရှိ ဝတ်ပြုသူများနှင့် တွဲဖက်လုပ်ဆောင်ပါသည်။ ၄င်းအရာများသည် ကျွန်ုပ်ရရှိသည့် ဆုတံဆိပ်များထက် ကျွန်ုပ်အတွက် ပို၍အဓိပ္ပာယ်ရှိပါသည်။

ထို့အပြင် လူငယ်ဖွံ့ဖြိုးရေးအတွက် စိတ်ပြင်းပြမှုတစ်စိတ်တစ်ပိုင်းအဖြစ် Howard တက္ကသိုလ်၊ "ညီညွတ်သော နိုးကျိုးကောလိပ်ရန်ပုံငွေအဖွဲ့"နှင့် "အမေရိကန်အမျိုးသားလူငယ်များနှင့် အမျိုးသမီးငယ်များအဆင့်"တို့၏ အုပ်ချုပ်ရေးအဖွဲ့များတွင်လည်း အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပါသည်။

လူငယ်အတွက် အစီအစဉ်များနှင့် ပညာရေးတို့သည် ကျွန်ုပ်၏ဘဝတွင် အဘယ်ကြောင့် ဦးစားပေးတစ်ရပ်ဖြစ်လာခဲ့ရသနည်းဟု ကျွန်ုပ်အား မကြာခဏမေးကြပါသည်။ ကျွန်ုပ်၏အဖြေမှာ ရိုးရှင်းပါသည်။ ၄င်းအဖြေမှာ "ကျွန်ုပ်ရရှိခဲ့သော အခွင့်အလမ်းများကို လူငယ်တိုင်းရရှိစေလိုသောကြောင့်ပင်ဖြစ်သည်"ဟူ၍ ဖြစ်ပါသည်။ West Point အဆင့်အတိုင်းဖြစ်ရန်ကား မဟုတ်ပါ။ သို့သော် ၄င်း West Point က ကျွန်ုပ်ရရှိလိုသည့်စံနှုန်းကို ပြသပါသည်။ Morris အထက်တန်းကျောင်းနှင့် CCNY က ထိုစံနှုန်းသို့ရောက်နိုင်မည့်နည်းလမ်းများကို ကျွန်ုပ်အားပေးပါသည်။

ကျွန်ုပ်၏ ကိုယ်တွေ့ပညာရေးအတွေ့အကြုံမှနေ၍ အမှန်တရားတစ်ရပ်ကို လေ့လာသင်ယူခဲ့ပါသည်။ ၄င်းအမှန်တရားမှာ ကျွန်ုပ်ရရှိခဲ့သည့် အများနှင့်ဆိုင်သည့် ပညာရေးမျိုးကို အမေရိကန်ရှိ လူငယ်တိုင်းက လက်လှမ်းမီစေရန် ဟူသည့်အချက်ပင်ဖြစ်သည်။ အများနှင့်ဆိုင်သည့် ပညာရေးကို ထိပ်တန်းဦးစားပေးအဖြစ်လည်းကောင်း၊ ကျွန်ုပ်တို့အမျိုးသားရေးဘဝ၏ ဗဟိုချက်မတွင်လည်းကောင်း ကျွန်ုပ်တို့ကထားရှိရန် လိုအပ်ပါသည်။

ပညာရေးသည် ကျွန်ုပ်၏ မိသားစုအတွက် ကြီးမြင့်သည်ကောင်းမွန်စွာရပ်တစ်ခုပင် ဖြစ်ပါသည်။ သမ္မတ ကလင်တန်နှင့် အသက်ရှင်လျက်ရှိကြသည့် သမ္မတဟောင်းများ၏ မေတ္တာရပ်ခံချက်အရ "အမေရိကန်ကတိပြု မဟာမိတ်အဖွဲ့ (America's Promise Alliance) ကို ၁၉၉၇ ခုနှစ်တွင် ကျွန်ုပ်က ထူထောင်ခဲ့ပါသည်။ ကျောင်းနှင့်ဘဝတွင် အောင်မြင်ရန်လိုအပ်သော ကျွမ်းကျင်မှုနှင့် အထောက်အကူတို့ကို ကျွန်ုပ်တို့၏လူငယ်တိုင်းသို့ ပေးရေးအတွက် နိုင်ငံအား စည်းရုံးလှုံ့ဆော်ရန် ယင်းသို့ထူထောင်ခဲ့ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

Alma သည် ယခုအခါ အဆိုပါမဟာမိတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ် ပါသည်။ ကျွန်ုပ်၏သားဖြစ်သူ Michael မှာ ၄င်းအဖွဲ့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

"အမေရိကန် ကတိပြုမဟာမိတ်အဖွဲ့" သည် ကျွန်ုပ်တို့၏ သားသမီးများထံသို့ ပေးရမည့် ကတိကဝတ် (၅)ရပ်ကို အာရုံစိုက်ပါသည်။ ၄င်းတို့အား လမ်းမှန်သို့ရောက်စေပြီး ၄င်းတို့၏ဘဝတွင် တာဝန်ရှိသော၊ ဂရုစိုက် တတ်သော၊ ချစ်ကြည်ရွှာသော လူကြီးများဖြစ်လာစေရန် ကတိထားရှိပါသည်။ မိသားစုတစ်ခုခုသည် ဤသို့ မဆောင်ရွက် နိုင်ဖြစ်ပါလျှင် ၄င်းတို့အား သွန်သင်ပြမည့်ဆရာများကို လိုအပ်ပါသည်။ ၄င်းတို့အား ကျွန်ုပ်တို့က လုံခြုံစောင်းကင်းသည့် နေထိုင်ရာနေရာကို ကတိပေးပါသည်။ ၄င်းနေရာတွင် ကျွန်ုပ်တို့ အသိုက်အဝန်းများတွင် တွေ့ရတတ်သည့်အနှတ်လက္ခဏာ ဩဇာသက်ရောက်မှုများမှ အကာအကွယ်ရလျက် သင်ကြားလေ့လာ၍ ကြီးထွားလာကြရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူငယ်တိုင်းအား ကျန်းမာသည့်ဘဝအစဖြင့် စတင်စေပြီး ကျန်းမာရေးဂရုစိုက်မှုကို ဆက်လက်၍ လက်လှမ်းမီစေရေးအတွက် ကတိထားရှိရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သားသမီးများအတွက် ရောင်းပန်းလှသော ကျွမ်းကျင်မှုများရှိသည့် ပညာရေးကောင်းတစ်ရပ်ဖြစ်စေရန် ကျွန်ုပ်တို့က ကတိပေးပါသည်။ နောက်ဆုံးအားဖြင့် ကျွန်ုပ်တို့ကလေးများအတွက် အခြားသူများအား အလုပ်အကျွေးပြုသည့် အခွင့်အလမ်းတစ်ရပ်ရှိစေရေးကို ကတိပေးပါသည်။ ဤသို့ဖြင့် ၄င်းတို့သည် ၄င်းတို့၏ အသည်းနှလုံးထဲတွင် အလုပ်အကျွေးပြုသည့် ပါရမီတစ်ရပ် စွဲနစ်ဝင်ရောက်လျက် ကြီးပြင်းလာကြစေရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကျောင်းများ အမြတ်အစွန်းမယူသည့် လူငယ်အဖွဲ့အစည်းများ၊ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့်အတူ အင်အားကောင်းသော မဟာမိတ်တစ်ရပ်ကို ဖွဲ့စည်းပြီးဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ကောလိပ်၊ တက္ကသိုလ် ကျောင်းမပြီးဘဲ ထွက်သွားရသည့် နိုင်ငံသားများ၏ နိုင်ငံတစ်နိုင်ငံ မဟုတ်ဘဲ ဘွဲ့ရသူများ၏ နိုင်ငံတစ်နိုင်ငံအဖြစ် တစ်ဖန်ဖြစ်လာစေရေးအတွက် ထိုသို့ထူထောင်ခဲ့ပါသည်။ လူငယ်ကလေးများ အတွက်လည်းကောင်း၊ ကျွန်ုပ်တို့အားလုံးက ချစ်မြတ်နိုးကြသည့် ကျွန်ုပ်တို့နိုင်ငံ၏ အနာဂတ်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏ အမြင့်မြတ်ဆုံးသော စံနှုန်းများ အတွက်လည်းကောင်း ကျွန်ုပ်တို့က ဤသို့လုပ်ဆောင်ရန် လိုအပ်ပါသည်။

ခလုတ်ကန်သင်းတို့ဖြင့်ကြမ်းတမ်းသော ကျွန်ုပ်၏ပညာရေးအကြောင်းကို လူငယ်များအားပြောပြရသည်ကို သဘောကျပါသည်။ ကျွန်ုပ်က တင်ပြလိုသည်မှာ ဘဝတွင်အရေးကြီးသည်မှာ ဘဝအစမဟုတ်ဘဲ ဘဝအဆုံးပင်ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ ထိုကြောင့် သင့်ကိုယ်ကို သင်ယုံကြည်ပါ။ အလုပ်ကြိုးစားပါ။ ကြိုးစား၍သင်ယူပါ။ ကိုယ့်ကိုယ်ကိုယ် သင်၏စံအဖြစ်ထားပါ။ ထိုကြောင့် တစ်စုံတစ်ခုသည် ဖြစ်နိုင်သည်ဆိုသည်ကို ယုံကြည်ပါ။ သင့်အနေဖြင့်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးကို အမြဲပင်ပြုလုပ်ပါ။ သင်၏အတိတ်သည် သင်၏အနာဂတ်အဖြစ် မရှိမဖြစ်ဖြစ်ရသည် မဟုတ်ဆိုသည်ကို သတိရပါ။

၁၉၉၃ ခုနှစ်တွင် ကျွန်ုပ်သည် စစ်တပ်မှအနားယူပြီးနောက် မကြာမီအချိန်၌ ဖလော်ရီဒါပြည်နယ် West Palm Beach ရှိ Kravis Center တွင်၊ Palm Beach ခရိုင်လူငယ်အသင်းအတွက် ရန်ပုံငွေရှာသည့်ပွဲတစ်ခုတွင် ပြည်သူ့ (အရပ်ဘက်) ခေါင်းဆောင်များအား ကျွန်ုပ်က မိန့်ခွန်းပြောပါသည်။ ၄င်းအခမ်းအနားမကျင်းပမီတွင် ကျွန်ုပ်သည် ၄င်း West Palm Beach ရှိ Delray လူငယ်များအသင်းတစ်ခုသို့ သွားရောက်လည်ပတ်ခဲ့သည်။ West Palm Beach မြို့သည် နေထိုင်ကြသည့် အလျှံပင်ကြွယ်ဝသူများအား အလျှံပယ်ကြွယ်ဝမှုနည်းပါးသူများနှင့် အလုပ်သမားများက အလုပ်အကျွေးပြုသည့်နေရာတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်၏ ရှေ့မှောက်တွင် ကြမ်းပြင်တွင်ထိုင်နေကြသည့် အသက်(၁၀)နှင့် (၁၈)နှစ်အကြားရှိကြသည့် လူငယ်များသည် ဦးရေ(၁၀၀)ခန့်ရှိပါသည်။ ကျွန်ုပ်က Harlem နှင့် Bronx တို့တွင် ကြီးပြင်းလာခဲ့ပုံ၊ ကျွန်ုပ်၏မိသားစုနှင့် ကျောင်းအတွေ့အကြုံများကို ပြောပြပါသည်။ ကျွန်ုပ်သည် စကားပြောပြီးနောက် မေးခွန်းများကိုမေးရန် ၄င်းတို့အားပြောပါသည်။ ကလေးငယ်များက ကလေးငယ်တို့၏မေးခွန်းကိုမေးပါသည်။ သင်၏ကိုယ်အလေးချိန် ဘယ်လောက်ရှိပါသလဲ၊ သင်သည် တစ်ဦးဦးကို ပစ်ခတ်ဖူးပါသလား၊ သင်သည် မည်သည့်အရောင်ကို အကြိုက်ဆုံးဖြစ်ပါသလဲဆိုသည့် မေးခွန်းမျိုးများကိုမေးကြပါသည်။ ဆယ်ကျော်သက်များက ကျွန်ုပ်အနေဖြင့် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ဝင်အရွေးခံရေးအတွက် မည်သို့ချော်မှန်းသနည်းဟူ၍လည်း မေးကြပါသည်။

"အကယ်၍ သင်၏မိဘများက သင် ရှင်သည်၊ သေသည်ကို ဂရုမစိုက်ပါက သင် ယနေ့ရောက်ရှိနေသည့် နေရာတွင် သင်ရှိနေလိမ့်မည်ဟု သင်ထင်ပါသလားဆိုသည်ကို ကျွန်ုပ်သိလိုပါသည်"ဟု (၁၀)နှစ်ခန့်အရွယ်လူငယ်တစ်ဦးကမေးပါသည်။ သူသည် သူ့အကြောင်းကို ပြောနေခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်၏ ကနဦးတုံ့ပြန်ချက်မှာ "ကျွန်ုပ်မသိပါ"ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်သည် စက္ကန့်အနည်းငယ်ကြာ စဉ်းစားပြီးနောက် ကျွန်ုပ်က "အကယ်၍ သင်၏မိဘများသည် ထိုနေရာတွင် မရှိဟုဆိုခြင်းကြောင့် ထိုနေရာတွင် သင့်အတွက်အဖြေများမရှိဟု ဆိုလိုရာမရောက်ပါ။ ၄င်းအဖြေများသည် ယခု လူငယ်အသင်း သင်၏ဘုရားကျောင်း၊ သင်၏ကျောင်းတို့တွင်ရှိနေပါသည်။ သင်သည် ၄င်းအသင်းသို့ နေ့တိုင်းလာပါသည်။ ဤနေရာတွင် သင့်ကိုကူညီရန် သင်ကြားပေးရန် သင့်ကို ပျော်ရွှင်စေရန် လူတွေက စောင့်နေကြပါသည်။ သင့်ကို သူတို့က ယုံကြည်သလို သင်က သင့်ကိုယ်ကိုယုံကြည်ပါလျှင် အလုပ်ဖြစ်နိုင်ပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ဤကိစ္စသည် လွယ်ကူလိမ့်မည်ဟု ပြောဆိုနေသည်မဟုတ်ပါ။ သို့သော် အဖြေများသည် ထိုနေရာတွင်ရှိပါသည်။ ၄င်းအဖြေများကို သင်က ရှာဖွေရပါမည်"ဟု ပြောကြားပါသည်။ ကျွန်ုပ်က ၄င်းတို့အား သဘောပေါက်စေခြင်း ရှိမရှိကို ကျွန်ုပ် မသိပါ။ ထိုလူငယ်နှင့် ၄င်းကဲ့သို့သော အခြားလူငယ်များကို ကူညီရန် ကျွန်ုပ်တတ်နိုင်သမျှကို ပြုလုပ်ရမည် ဆိုသည်ကို ကျွန်ုပ်သိပါသည်။

ကောင်းသည့်ကျော်ဇောမှတစ်ရပ်ကို သင်က ချန်ရစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့က ချန်ရစ်သည့် အလွန် တန်ဖိုးရှိသည့် တစ်ခုတည်းသောအရာမှာ နောက်ထပ်မျိုးဆက်တစ်ရပ်ဖြစ်သော ကျွန်ုပ်တို့၏ ကလေးများပင်ဖြစ်သည်။ အားလုံးသော ကျွန်ုပ်တို့၏ ကလေးများပင်ဖြစ်ပါသည်။ ၄င်းတို့အား ဘဝတွင် အစကောင်းခြင်းတည်းဟူသော လက်ဆောင် ကိုပေးကြရန် ကျွန်ုပ်တို့သည် အတူတကွလုပ်ဆောင်ကြရန် လိုအပ်ပါသည်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

ကျမ်းဆုံးစကား
လူတွေ့အကြောင်း

လွန်ခဲ့သည့်နှစ်များအတွင်းက ကျွန်ုပ်သည် စာတော်လမ်းများ၊ ပုံပြင်အတိုအထွာများ၊ ကျွန်ုပ်မှတ်ဉာဏ်တွင် ခိုင်ခြေမြှောစွဲ၍ကျန်ရစ်ပြီး ကျွန်ုပ်က နှစ်သက်စွဲလမ်းရသည့် အတွေ့အကြုံများကို စာတင်ရေးမှတ်ခဲ့ပါသည်။ ၄င်းအကြောင်းအရာအားလုံးသည် လေးနက်ခြင်းမရှိကြပါ။ ၄င်းတို့သည် ယနေ့ရှိ အဓိကပြဿနာများ သို့မဟုတ် ခံ့ညားသည့် မဟာဗျူဟာများနှင့်ပတ်သက်၍ နက်နဲသောအတွေးအခေါ်များကိုလည်း မပေးစွမ်းပါ။

BURMESE CLASSIC

၄င်းစာတော်လမ်းများသည် အများအားဖြင့် လူသားတို့ စိတ်ဝင်စားကြသော မိန်းခွန်းပြောရာနှင့် အများပြည်သူရေမောက်သို့ထွက်ရာတွင် ကျွန်ုပ်က အသုံးပြုနိုင်သည်ဟု ကျွန်ုပ်က ယူဆသော စာတော်လမ်းများဖြစ်ကြပါသည်။ သမ္မတ Reagan သည် ဟာသ ပုံပြင်များကို ဖိုင်တွဲ၍ထားရှိပါသည်။ ကျွန်ုပ်တွင် ၄င်းနှင့်အလားတူသည်များကို ကျွန်ုပ် ခေါင်းထဲတွင်ထားရှိပါသည်။

ကျွန်ုပ်၏ စာတော်လမ်းအများစုက ကျွန်ုပ်ကို ပြုံးစေပါသည်။ သာဓကအဖြစ် ဆိုရလျှင် တစ်ညတွင် Alma နှင့် ကျွန်ုပ်တို့သည် ရုပ်ကွက်တင်းရုပ်ရှင်ရုံ၌ ရုပ်ရှင်ကြည့်ကြပါသည်။ ကျွန်ုပ်၏ကားရှိရာသို့ အပြန်တွင် ကျွန်ုပ်တို့ကားနှင့်ကပ်၍ ရပ်ထားသည့် ကားမှ အမျိုးသမီးတစ်ဦးက ကျွန်ုပ်ကို မှတ်မိသည်ဆိုသော်လည်း ကျွန်ုပ်အမည်ကို မေ့နေပါသည်။ ကျွန်ုပ်က ကျွန်ုပ်အမည်ကိုပြောလိုက်သောအခါ သူမ ထင်မိသူမှာ ကျွန်ုပ် မဟုတ်ကြောင်းကိုပြောပြီး ကားထဲဝင်၍ ထွက်ခွာသွားပါသည်။

ကျွန်ုပ်သည် မှတ်မိသင့်သူတစ်ဦးအဖြစ် မကြာခဏလည်း မှတ်မိခံရဖူးပါသည်။ သို့သော် တစ်ခါတစ်ရံလည်း လူမှားခံရဖူးပါသည်။ တစ်နေ့တွင် Atlanta

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

လေဆိပ်၌ ဂျာမန် ကမ္ဘာလှည့်ခရီးသွားတစ်ဦးက သူ့ဇနီးအား ကျွန်ုပ်ကို ညွှန်ပြဖူးပါသည်။ "ဒါဟာ ဗိုလ်ချုပ်ကြီး Schwarzkopf ပဲ" ဟု သူက ဇနီးသည်အား ပြောပါသည်။

အချိန်ကြာလာသောအခါ ဓာတ်လမ်းများသည် စုပုံလာပါသည်။ ၄င်းဓာတ်လမ်းများသည် စာအုပ်တစ်အုပ်ရေးရန် ဖြစ်နိုင်သလောဟု ကျွန်ုပ်က စတင်တွေးမိပါသည်။ ဓာတ်လမ်းအများစုသည် "ကျွန်ုပ်၏ အမေရိကန်ခရီး" ဆိုသည့်စာအုပ်၏ ပထမဝိုင်းတွင် ပါရှိသည့် ဓာတ်လမ်းများနှင့် အလားတူပါသည်။

၄င်းစာအုပ်တွင် ကျွန်ုပ် မည်သို့ကြီးပြင်းလာပုံ၊ အတွေ့အကြုံ အကောင်းအဆိုးများထဲမှ သင်ခန်းစာရရှိခဲ့ပုံများ၊ တပ်မတော်အရာရှိတစ်ဦးဖြစ်လာပုံ စသည့် ကိုယ်ရေးဆိုင်ရာဓာတ်လမ်းများကို ဖော်ပြထားပါသည်။ ၄င်းစာအုပ်၏ ဒုတိယဝိုင်းတွင်ဖော်ပြထားသည့် ၁၉၈၀ ပြည့် လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များမှ နက်နဲသောအဖြစ်အပျက်များထက် ၄င်းဓာတ်လမ်းများကို လူတွေက ပို၍ မှတ်မိကြပါသည်။

၄င်းလေးနက်သည့် အဖြစ်အပျက်များမှာ စစ်အေးစစ်ပြီးဆုံးမှု၊ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး၊ လက်နက်ကိုင်တပ်ဖွဲ့များအား ပြန်လည်ဖွဲ့စည်းမှု၊ ဂျာမနီပြန်လည်ပေါင်းစည်းမှုနှင့် နောက်ထပ်များစွာသောကိစ္စရပ်များ ဖြစ်ကြပါသည်။ ၄င်းလေးနက်သည့် စာမျက်နှာများကို သမိုင်းပညာရှင်များက စိတ်ဝင်စားကောင်း စိတ်ဝင်စားကြပါလိမ့်မည်။

သို့သော် "ကျွန်ုပ်၏ အမေရိကန်ခရီး" စာအုပ်ကို ပထမအကြိမ် ထုတ်ဝေပြီးနောက်ပိုင်း (၁၇)နှစ်ကြာသည့် အချိန်အထိ လူပုဂ္ဂိုလ်ရေးဆိုင်ရာ ဓာတ်လမ်းများအကြောင်း၊ သာမန်လူများနှင့်သက်ဆိုင်သည့် ဓာတ်လမ်းများအကြောင်းကို ကျွန်ုပ်အား မေးနေကြဆဲပင်ဖြစ်ပါသည်။ ၄င်းဓာတ်လမ်းများအနက် အများအပြားကို ယခုစာအုပ်အတွက် ဘီလျော်အောင်အသုံးပြုထားပါသည်။

BURMESE CLASSIC

၄င်းဓာတ်လမ်းများသည် တစ်ပုံတစ်ခေါင်းကြီးဖြစ်လာသောအခါ ၄င်းဓာတ်လမ်းများကို ကျွန်ုပ်၏ မိတ်ဆွေအနည်းအကျဉ်းနှင့် ယုံကြည်ရသည့် ကိုယ်စားလှယ်ဌာနမှပုဂ္ဂိုလ်များအား ပြသခဲ့ရာ တို့ပြန်မှုမှာ အားတက်ဖွယ်ရာဖြစ်ပါသည်။

"၄င်းဓာတ်လမ်းများသည် ဖော်ကောင်းရုံသာမဟုတ်ဘဲ ဘဝနှင့်ခေါင်းဆောင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အရေးကြီးသည်တို့ကို သင်ခန်းစာရယူရန် ပြသခဲ့သည်။ အခြားလူများကလည်း ၄င်းဓာတ်လမ်းများမှ သင်ခန်းစာယူနိုင်ကြပါသည်။ ၄င်းဓာတ်လမ်းတို့ကို ကျွန်ုပ်က အာယာဒ်ကြောင့် စာအုပ်အဖြစ်မပြောင်းလဲခဲ့သနည်း" ဟု ပြောဆိုကြပါသည်။

၄င်းစာအုပ်ပါအခန်းများ၏ အများစုသည် ကျွန်ုပ်၏ဘဝတွင် ကြုံတွေ့ရသော လူများအကြောင်းကို အနားသား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ထားပါသည်။ ၄င်းတို့မှာ မိသားစု၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အကြီးအကဲများ၊ နောက်လိုက်ငယ်သားများ၊ ပြိုင်ဘက်များ၊ ရန်သူတစ်ဦးနှစ်ဦး၊ ချမ်းသာသူများ၊ ဆင်းရဲသူများ၊ မြင့်မားသူများ၊ အားကြီးသူများ၊ မမြင့်မားသူများနှင့် အားမကြီးသူများဖြစ်ကြသည်။

ကျွန်ုပ်တွေ့ဖူးသူ လူအများစုထဲမှ လေ့လာသင်ယူခဲ့ပါသည်။ ကျွန်ုပ်က ဦးဆောင်ခဲ့သောပုဂ္ဂိုလ်များအနေဖြင့် နိုးထမှုရှိစေရန် ကြိုးပမ်းခဲ့ပါသည်။ ဘဝနှင့်ခေါင်းဆောင်မှုသည် ကျွန်ုပ်နှင့်သာဆိုင်သည့်ကိစ္စရပ် မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့အားလုံးနှင့်ဆိုင်ရပါမည်။ လူတွေနှင့်ဆိုင်ရပါမည်။ ၁၉၇၀ ပြည့်လွန်နှစ်များက ရာထူးတိုးပေးသည့် အခမ်းအနားငယ်တစ်ခုကို ဝါရှင်တန်၌တက်ရောက်ခဲ့ဖူးသည်ကို သတိရမိပါသည်။ မည်သူက အဆင့်တိုးခြင်းခံရပြီး မည်သည့်နေရာတွင် ကျင်းပခဲ့သည်ကို ကျွန်ုပ်က မမှတ်မိတော့ပါ။ သို့သော် နျူကလီးယားစွမ်းအင်သုံး ရေတပ်၏ဖခင်ဖြစ်သူ ရေတပ်ဗိုလ်ချုပ်ကြီး Hyman G. Rickover က ၄င်းအခမ်းအနားတွင် စကားပြောခဲ့သည်ကိုမူ ပြက်ပြက်ထင်ထင် သတိရပါသည်။

၄င်းသည် လူတွေအ တွေ့ဖူးသလိုပင် စိတ်ဆတ်၍ အားသွန်ခွန်စိုက်လုပ်တတ်သူ၊ အိမ်ဖြူတော်ရှိရာ Capitol Hill ပေါ်တွင် များစွာသြဇာရှိသူတစ်ဦး ဖြစ်သည်။

အဆင့်တိုးမြှင့်ပေးမှုအကြောင်းကို ပြောဆိုကြပြီးနောက် ၄င်းအနေနှင့် စကားပြောရန် တိုက်တွန်းခံရပါသည်။ သူ၏စကားလုံးများသည် ကျွန်ုပ်တွင် စွဲကျန်ရစ်ခဲ့ပါသည်။ "အဖွဲ့အစည်းများက အရာကိစ္စတို့ကို ပြီးမြောက်စေသည် မဟုတ်ပါ။ စီမံကိန်းများနှင့် အစီအစဉ်များက အရာကိစ္စတို့ကို ပြီးမြောက်စေသည် မဟုတ်ပါ။ လူတွေကသာလျှင် အရာကိစ္စတို့ကို ပြီးမြောက်စေပါသည်။ အဖွဲ့အစည်းများ၊ စီမံကိန်းများနှင့် အစီအစဉ်များသည် လူတွေကို အကူအညီ ရစေပါသည်။ သို့မဟုတ် ဟန့်တားကြပါသည်" ဟု ၄င်းက ပြောကြားခဲ့ပါသည်။

သူ့စကားများ၏ အမြော်အမြင်ရှိမှုက ကျွန်ုပ်၏ဘဝကို ပုံသွင်းခဲ့ပါသည်။

၁၉၇၂ ခုနှစ်၌ ကျွန်ုပ်သည် "အိမ်ဖြူတော်အဖွဲ့ဝင်" (White House Fellow) တစ်ဦးဖြစ်ခဲ့ပါသည်။ ၄င်း အချိန်မှစ၍ ကျွန်ုပ်သည် ၄င်းအဖွဲ့ဝင်များနှင့် တရင်းတနှီးရှိသည်ဟု ခံစားရပါသည်။ နှစ်စဉ်နှစ်တိုင်းတွင် ယခုဝင်လာသည့် (စတင်သည့်) အတန်းကို မိန့်ခွန်းပြောပါသည်။ နှစ်တိုင်းတွင်ပင် ဤအချက်ကို ၄င်းတို့အားပြောကြားခဲ့ပါသည်။ ၄င်းပြောကြားချက်မှာ အယူအဆကောင်းတစ်ရပ်သည် အယူအဆကောင်းဖြစ်ရုံသက်သက်ကြောင့် မအောင်မြင်ပါ။ အယူအဆကောင်းတို့တွင် ထောက်ခံအားပေး အကောင်အထည်ဖော်သူများရှိမည်ဖြစ်ပြီး အောင်မြင်သည်အထိ ဖိဖိစီးစီး ဆောင်ရွက်သူများရှိရပါမည်ဟူ၍ ဖြစ်ပါသည်။ ထိုနောက် ဆက်စပ်အမှုန်တရားကို ၄င်းတို့အား တင်ပြပါသည်။ ၄င်းအချက်မှာ မကောင်းသည့် အယူအဆများသည် ၄င်းတို့သည် ပင်ကိုအားဖြင့် မကောင်းရုံသက်သက်ကြောင့် သေဆုံးကွယ်ပျောက်

www.burmeseclassic.com

www.burmeseclassic.com

မသွားပါဟူ၍ဖြစ်ပါသည်။ ၄င်းမကောင်းသည့် အယူအဆများကို မတ်မတ်ရပ်၍ တိုက်ခိုက်မည့်သူများ၊ အရွဲ့နှိုးသူများကို ကျွန်ုပ်တို့က လိုအပ်ပါသည်။

ဘဝတစ်ခုဆိုသည်မှာ ၄င်းဘဝတစ်ခု၏ အဖြစ်အပျက်များအကြောင်းပင်ဖြစ်ပါသည်။ တွေ့ကြုံကျော်လွှားခဲ့ရသည့် စိန်ခေါ်မှုများအကြောင်းပင် ဖြစ်ပါသည်။ အောင်မြင်မှုနှင့်ကျရှုံးမှုများအကြောင်းပင် ဖြစ်ပါသည်။ သို့ရာတွင် ၄င်းတို့အားလုံးကို ပေါင်းလိုက်သည်ထက်ပင် ပိုသည့်အချက်မှာ ကျွန်ုပ်တို့ကတွေ့ရသည့် လူများကို ကျွန်ုပ်တို့က မည်သို့ထိတွေ့သည်။ ၄င်းလူများက ကျွန်ုပ်တို့အား မည်သို့ထိတွေ့ဆက်ဆံသည်ဆိုသည့်အကြောင်းများပင် ဖြစ်ပါသည်။

၄င်းကိစ္စအားလုံးမှာ လူတွေ့အကြောင်းပင်ဖြစ်ပါသည်။ ယခုပင် သင်ဖတ်ရှုခဲ့သည့် စာမျက်နှာများတွင် ၄င်းအချက်များအနေဖြင့် ရှင်းလင်းစွာထွက်ပေါ်လာသည်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။

ကျွန်ုပ် ယခုဖြစ်နေသည့်အဖြစ်မျိုးကိုဖြစ်စေရန် ကျွန်ုပ်၏ဘဝတွင်ရှိသည့် လူများက ဆောင်ရွက်ခဲ့ကြပါသည်။

■

BURMESE CLASSIC .com

the bookhouse being your future

www.burmeseclassic.com